

ကျော်အောင်စံထားဆရာတော်
ရှင်ဝါယာမာဘိဝံသ
၏
ပုတီးစိပ် ကိုယ်တွေ့ မှတ်တမ်း
သိဒ္ဓိ - မဟာသိဒ္ဓိ
မန္တာန်ဝိဇ္ဇာထွက်လမ်း
ကျမ်းကြီးတော်မဟာ
အတွဲ (၁)

ယခုနေသွေးရည် စိုပြေကြည်နေသော ၁၃၀၃ - ခု အသက် ၁၆နှစ်အရွယ် ကိုရင်ဝါ ၄ - ဝါအရတွင် တိုင်းပြည်မငြိမ်မသက် ဖြစ်စပြုလာသည်။

ဆရာတော်ဘုရားက ဦးပဥ္စင်းများ၊ ကိုရင်များ၊ ကျောင်းသားများ ၁၀၀ ကျော်လောက် အထဲတွင် "ဟဲ့ ဝါယမ - ခမ္မစကြာ ငါ့ဆီလာတက်ပြီး ပုတီးစိတ်ရမယ်၊ ရှေ့ဒီစာလေးကိုကြည့်ပြီး နင်မသိသောနေရာကို မှတ်ထားပြီး ငါ့လာမေး" ဟု အမိန့်ရှိပြီး ၆ ကြောင်းရေး ပေစာတိုကလေးကို ပစ်ပေးလိုက်၏။ ထိုပေစာ ထုပ်ကလေးကို ယူထားပြီး ခမ္မစကြာ စာအုပ်ကလေးကို သွားယူကာ ဆရာတော်ဘုရားထံ သင်ကြား လေသည်။ ရက်တပါတ်အတွင်း ခမ္မစကြာရ၍ ဆရာတော်ဘုရားက ပရိတ်ကြီး ၁၁သုတ်နှင့် ခမ္မစကြာနေ့စဉ် ငါ့ဆီလာပြီး ရွတ်ရမယ်ဟု အမိန့်ချ၍ ထိုနေ့မှစပြီး ညတိုင်း ဆရာတော်ရှေ့မှောက်တွင် ရွတ်ဖတ် သရဇ္ဈာယ်ရလေသည်။ အထက်ပါ ပေစာတိုကလေးအကြောင်း ကိုလည်း မသိတာလျှောက်ထား၍ သင်ကြားရလေသည်။

ထိုအရွယ်တွင်ပရိတ်ကြီး-၁၁ သုတ်၊ လောကနီတိ၊ နမက္ကာရ၊ အတွင်းအောင်ခြင်း၊ အပြင် အောင်ခြင်း၊ ရတနာရွှေချိုင့်၊ မင်္ဂလသုတ်များ ညက်ညက်ကြေအောင် ပြန်ဆိုနိုင်သည့်အပြင် သဒ္ဒါရှစ်စောင်၊ သင်္ဂြိုလ် ၉ ပိုင်း၊ ရုပ်၊ သရုပ်သဘောများ ဒိုးလိုမွှေနိုင်၍ ဆန်းအဘိဓာန်၊ အလင်္ကာ ကျက်စပြုနေပေသည်။ ဆန်းကုန်သွား၍ အလင်္ကာမနက်စာ၊ အဘိဓာန် ညနေစာအဖြစ် ကျက်နေရပေသည်။ သင်ထားသော စာများကို မမေ့ရလေအောင် သူ့ရက် နှင့်သူ လှည့်ပြန်ရလေသည်။ စာပြန်ပြီးသောအခါ ဆရာတော် ဝတ်ဖြည့်ပေးရလေသည်။ ထိုအခါ ဆရာတော်ဘုရားက ပုတီးစိတ်နည်း အကျိုးအာနိသင်များကို ပြောဟော လေသည်။ ၎င်းနောက် ဆရာတော်ပေးခဲ့သော ပေစာလေး အကြောင်းကို ရှင်းပြပြီး သဘောတရားများကို ပြောပြလေသည်။

ကျွန်ုပ်သည် ထိုပြောဟောချက်များကို နေ့စဉ်မှတ်သားနာယူပြီး ပုတီးစိတ်ရန် အားတက်လာ၍ ၁၃၀၃ ခု တပို့တွဲလဆန်း ၁ ရက် ၁၆ နှစ်ပြည့်၍ ၁၇ နှစ်ကူးချိန် မွေးနေ့တွင် အောင်မြေမှန်ကင်းဘုရား အစထား၍ စေတီ ၅ ဆူနှင့်သိမ်ဘုရားကို ပန်း၊ ရေချမ်းကပ်၊ အမွှေးတိုင်လှူ၍၊ မြက်ရှင်း၍ ပုတီးစိတ်ရန် အဓိဋ္ဌာန်ပြုလေသည်။ ထိုအချိန်က ကျွန်ုပ်၏ အဓိဋ္ဌာန်မှာ "ဘုရားတပည့်တော်သည် အသက် ၄၀ တိုင်အောင် လူမထွက်ပါ၊ ပရိယတ်ကို ဆုံးခန်းတိုင်အောင်သင်ယူပြီး ပဋိပတ်တည်းဟူသော ဗုဒ္ဓါနုဿတိ တမ္မဋ္ဌာန်းကို တနေ့တွင်ပုတီး ၉ ပတ်ကျ မွေးနေ့များတွင် ၁၈ ပတ်ကျစိတ်ပါမည်။ ဘုရားတပည့်တော်သည် ငယ်ရွယ်သူဖြစ်၍ အာရုံများပြီး ပျက်ဖို့ရန် များပါသည်။ သို့အတွက် ကြောင့် ဘုရားတပည့်တော်၏ သဒ္ဓါကိုမယုံကြည်ရပါသဖြင့် ပုတီးနေ့စဉ် စိပ်ဖြစ်နိုင်ရန် အထူး အဓိဋ္ဌာန်ပြုပါမည်။ ဘုရားတပည့်တော်သည် နေ့စဉ်ပုတီး ၉ ပတ်မစိတ်ဖြစ်ခဲ့သော်၎င်း၊ အသက် ၄၀ အတွင်း လူထွက်ခဲ့သော်၎င်း ဘုရား တပည့်တော် အလိုမပြည့်ဘဲ ဘေးရန်များနှင့် ကြုံတွေ့ပါစေသတည်း။ စိပ်ဖြစ်ပါက သာသနာ့ဘောင် တည်ရှိနေပါက အလိုဆန္ဒအားလုံး ပြည့်ဝ၍ ဘုရားသာသနာတော်ကို ပြုစုနိုင်သည့်ကိုယ် ဖြစ်ရပါလို၏ အရှင်မြတ်ဘုရား" ဟု ၎င်းစေတီ ၅ ဆူနှင့် သိမ်ဘုရား သစ္စာပြုထားလိုက်လေသည်။ ထိုအချိန်အခါကစ၍ ပုတီးစပြီး

စိတ်လာလေသည်။ ထိုသစ္စာအဓိဋ္ဌာန်ချက်အတိုင်း စိတ်ပါပါ၊ မပါပါ စိတ်ရပါတော့သည်။ အကယ်၍ မစိပ်မိက မိမိ သစ္စာကိုမိမိ ဖူးမည်ကြောက်သောကြောင့် ဖြစ်လေသည်။

ဆရာတော်ဘုရားကလည်း နေ့စဉ်နှင့်အမျှ ခေတ်ကြီးကမကောင်းတဲ့အကြောင်း၊ ဒုတိယစစ်မီးလျှံ စလာတဲ့အကြောင်း မကြာမှီမြန်မာပြည် ရောက်လာမည့်အကြောင်း သို့အတွက် ပုတီးစိတ်ကြရမည့် အကြောင်း သို့မဟုတ် အာဏာပါဒကို အားထုတ်ရမည့်အကြောင်းများ ဟောပြောပြီး အကျိုးအာနိသင် များကိုလည်း ဟောကြားလေသည်။ ပုတီးမစိတ်ချင် စိတ်ချင်အောင်၊ တရားအားမထုတ်ချင် အားထုတ် ချင်အောင် အကျိုးအာနိသင်များကို ကျယ်ကျယ်ပြန့်ပြန့် မထပ်ရအောင် ဟောကြားတော်မူသဖြင့် ကြားရဖန် များတော့ မှတ်သားစွဲမြဲလာခဲ့ရပေသည်။

ထိုအချိန်အခါတွင် မန္တလေး၊ ရန်ကုန်စသော မြို့များကို ဂျပန်ကဗုံးချနေကြောင်း သတင်းများကြား ရလေသည်။ လေယာဉ်သံကလည်း ၄ ရက်ခြား ၅ ရက်ခြားလောက်ဆိုလျှင် ကြားရလေသည်။ လေယာဉ်ပျံ သံကြားရလျှင် ကာကွယ်ရေးတွင်းထဲ ဝင်အောင်းရလေသည်။ ထိုတွင်းထဲတွင် လူများက ဂုဏ်တော်၊ သံဗုဒ္ဓေ၊ ကွန်ချာ၊ ပရိတ်စသည်တို့ကို ပါးစပ်ဖျားမှအသီးသီး တတွတ်တွတ်နှင့် ရွတ်နေကြလေသည်။ ကျွန်ုပ်လည်း ကိုယ့်ပုတီးစိတ်ကိုသာ အားကိုးရာပြုလုပ်ပြီး စိတ်ချယုံကြည်စွာ ပုတီးစိတ်နေလေသည်။ တခါတခါ ပုတီးအပတ် ၄၀-၅၀လောက် ရတာတောင် လေယာဉ်ပျံက ဝဲနေတုံးရှိနေပေသေးသည်။ တခါတခါမှာတော့ အပတ် ၂၀ လောက် အရတွင် ဗုံးချသံကြားလိုက်ပြီး ပျောက်သွားလေတော့သည်။ လေယာဉ်ပျံလာသောနေ့မှာ ပုတီးစိတ် တွင်ကျယ်လေသည်။ ၁၃၀၄ ခု ကဆုန်လဆန်း ၁၀ ရက်နေ့တွင် ဂျပန်ကကျွန်ုပ်ပါနေသော ကျောင်းတို့ကို ဗုံးကြဲလိုက်လေသည်။ ဗုံးကြဲသောအချိန်သည် နံနက် ၁၀ နာရီခွဲလောက်ဖြစ်၍ ကျွန်ုပ်တို့လည်း ကြေးစည် ခေါင်းလောင်းထိုးရန် စောင့်နေရင်း အိပ်ပျော်သွားခိုက်ဖြစ်၍ ဗုံးချသံကြောင့် အလန့်တကြားနိုးလာပြီး မိုးကြိုးပစ်တာမှတ်၍ မိုးကြိုးပစ်သည်၊ မိုးကြိုးပစ်သည်ဟု အော်ပြီးထိုင်လိုက်လေသည်။ ပတ်ဝန်းကျင်ကို ကြည့်သောအခါ မီးခိုးများလုံးနေ၍ မည်သည့်အရာဝတ္ထုကိုမျှ မမြင်ရတော့ပါ။

မီးခိုးများ တဖြည်းဖြည်း ပျယ်သွားတော့မှ ပတ်ဝန်းကျင်ကို ကြည့်သောအခါ ပြေးသူပြေး လဲ၍အော်သူအော် ခေါ်သံတွေကလည်းဆူညံလို့ ဆူညံသောအသံများကြားရလေသည်။ လေယာဉ်ပျံသံ ကလည်း အပေါ်ကကြားရတုံးဖြစ်လေသည်။ ဒက်- ဒက်- ဒက်- ဒက် နှင့် လေယာဉ်ပျံပေါ် က စက်သေနတ် သံကြားရ၍ သစ်ပင်ကပ်ဘို့ လှမ်းအော်သူကအော်၊ ဘုရားထဲဝင်နေကြဘို့ လှမ်းပြော နေကြသူကပြောနှင့် ကမ္ဘာပျက်သလို ဆူပွက်နေပါတော့သည်။ ထိုအထဲကတယောက်ပြေးလာ၍ ပြည်ဘုန်းကြီးဦးစက္ကိတို့ ဗုံးမှန်ပြီးပျံတော်မူကြပြီ၊ ကျောင်းလည်း မီးလောင်နေပြီဟု လာပြောသဖြင့် ကျွန်ုပ်တို့ ထိုကျောင်းဘက်သို့ ဦးတည်ပြီးထွက်လာကြရာ မီးမငြိမ်းနိုင်သော အခြေအနေသို့ ရောက်ရှိ နေပေသည်။

ပြည်ဘုန်းကြီးလည်း တုံးတိုင်းဘုရား မြောက်ဘက်နား ပက်လက်နှင့် ဧကသီမပါဘဲ ပွနေသော ဗုံးဒဏ်ရာများဖြင့် ပျံတော်မူ နေသည်။ တပည့်ဖြစ်သူ ဦးစက္ကိလည်း တောင်ဘက်မုခ် ညောင်ပင်ကြီး အောက်တွင် ခေါင်း၊ ခြေထောက်မှာ မှန်သောဒဏ်ရာတို့ဖြင့် ပျံတော်မူနေတာ တွေ့ရပေသည်။ ပိဋကတ် တိုက်နား ကျောင်းလည်းဗုံးဒဏ်ကြောင့် ပျက်စီးနေတာ တွေ့ရလေသည်။ ထိုအထဲတွင် အဖြစ်ဆိုးနှင့်

ခေါင်းပြတ်ပြီးသေနေသော ၁၆ နှစ်လောက် မိန်ခလေးတယောက်နှင့် ၆၀ ကျော်အဖွားကြီးတယောက် သေနေတာ တွေ့ရလေသည်။ ဘုန်ကြီးဦးသူရိယလည်း ခြေမျက်စိနှစ်ဘက်လုံးမှန်ထား၍ လမ်းမသွားနိုင်ဘဲ လဲနေတာတွေ့ရလေသည်။

ကျွန်ုပ်လည်း ထိုရှုခင်းများကို စိတ်မသက်သာစွာကြည့်ပြီး ကျောင်းပြန်လာရာ ကျောင်းရှေ့ ခရေပင်လေးအောက်တွင် မိန်းမတယောက် ၂၅-၃၀ အရွယ် ပေါင်သားများပြတ်ထွက်ပြီး လဲနေတာ မြင်ရပြန်၍ သွေးရဲရဲ သံရဲရဲနှင့် လူးလိမ့်နေသော ထိုမိန်းမကြီးကို အဝတ်ဖြင့်အုပ်ပေးထားပြီး သစ်ပင်ရင်း၌ ကပ်ရွှေ့ထားခဲ့လေသည်။ တဖန် ဦးပိုက်ထွေးကျောင်းဘက် ရောက်သွားပြန်တော့ ကျောင်းကြီးမြို့ကျနေတာနှင့် ရေတွင်းများ ပျက်နေတာ ကျောင်းပေါ်မှာ ကျောင်းသားတယောက်နှင့် ဒကာကြီးတယောက် ရင်ပွင့်သွားပြီး စောင်းလျက်ကလေး ခါးပန်းကပ်သေနေတာ တွေ့ရပြန်လေသည်။ လေယာဉ်ပျံသံလည်း ငြိမ်သွားပြီဖြစ်၍ ထိုအချင်းအရာတို့ကို ဆရာတော်လျှောက်ထားသောအခါ "ငါ - မဆွက တင်ကြိုပြောရက်သားနဲ့ ဒင်းတို့ ပေါ့လျော့ကြတာကိုး" ဆိုပြီး သက်ပြင်းကြီး ရှုချလိုက် ပါတော့သည်။ ဒီလိုအဖြစ်ဆိုးငါတသက် ဒါဘဲနောက်ဆုံးဖြစ်ပါစေဟု ဆရာတော်ငြီးတွားရင်း ပြောလေသည်။ ထို့နောက်မှ ဆရာတော်က ဒီလူသေတို့ကို ဝါယမနှင့် နေပုညတို့က လှည်းနှင့်တိုက်ပြီးသုသာန်သွား၍ သဂြိုလ်လိုက်ကြဟု အမိန့်ပေးသဖြင့် ကျွန်ုပ်တို့ ကိုရင်နှစ်ပါးလည်း လှည်းရှာ၍ ထိုလူသေများကို သုသာန်သို့ ပို့ရလေသည်။ ပုတီးကို လက်မလွှတ်တမ်းစိပ်ခါ ကြောက်ကြောက်နှင့် ထိုလူသေများကို သုသာန်သို့ ပို့ရလေသည်။

ဆိုအချိန်မှာ ကိုရင်များ ကိုယ့်အိမ်ကို ပြန်ပြေးသွားကြသဖြင့် ကျောင်းမှာကျွန်ုပ်တို့ နှစ်ပါးသာ ရှိနေပေတော့သည်၊ လူသေများပို့ပြီး ညနေ ၄ နာရီလောက် ပြန်လာကြရာတွင် ဆရာတော်က ထပ်မံ၍ "မင်းတို့ကျောင်းကိုသော့ခပ်၊ အရေးကြီးသော ပစ္စည်းလောက်သာယူပြီး လှည်းပေါ်တင်၊ တို့ယနေ့ ကျောင်းအမကြီး အိမ်ကိုပြောင်းနေရမယ်" ဟု အမိန့်ပေး၍ ပစ္စည်းများတင်ပြီး ကျောင်းအမကြီး အိမ်ပြောင်းကြရလေသည်။ ဆရာတော်၏ တပည့်များသည် ကြက်ပျောက်၊ ငှက်ပျောက် - ပျောက်သွားကြ၍ ဦးပဉ္စင်းနှစ်ပါးနှင့် ကျွန်ုပ်တို့ ကိုရင်နှစ်ပါးသာ ကျန်ရစ်ခဲ့လေသည်။ ကျောင်းတိုက်ဝန်းကျင် ၃၀ ကျော်သေ၏။ ဂျပန်သည် ကျွန်ုပ်တို့ကျောင်း တိုက်ကို ဗုံးချပြီးသောနေ့မှာပင် မြို့ကိုဝင်လာလေသည်။ ၁၃၀၄ ကဆုန်လဆုပ် ၃ ရက် သောကြာနေ့ ဖြစ်သည်။ ကျွန်ုပ်သည် ထိုပြောင်းရွှေ့နေရသော အိမ်မှာပင် ညပုတီးစိတ်သောအခါ နေ့ကအဖြစ်အပျက်များကိုသာ လာ လာမြင်နေ၍ ကြောက်စိတ်များ ဖြစ်လာလေသည်။ ပုတီးပတ်စေ့အောင် အတော်ပင် စိတ်ယူရလေသည်။ ကျောင်းပြန်ပြောင်းလာတော့လည်း ထိုနည်း ဖြစ်နေ၍ ညမစိတ်ရဲတော့ဘဲ နေ့သာ အားလပ်ချိန်စိတ်ရလေသည်။ ထိုချိန်ခါက စိတ်နေသော ပုတီးမှာ သရဏဂုံ ၃၀ ပထမ အဆင့်မျှ ရှိသေးသည်။

သရဏဂုံ ၃၀ ပထမအဆင့်မှာ "ဇာ-တော-ဇီ-ယာ-မ-မ-အ-အ-နိ-နိ ဆယ်ပါးရှိ မှတ်ဘိသရဂုံ ၃၀ တည်း" ဆိုသော အလင်္ကာအရ အစိပ္ပါယ်ကား

၁။ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ၊ ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ ၊ ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ ၂။ ဘောဂပရိယန္တံ ဗုဒ္ဓံ သရဏံဂစ္ဆာမိ ၊ ဘောဂပရိယန္တံ ဓမ္မံသရဏံဂစ္ဆာမိ၊ ဘောဂပရိယန္တံ သံဃံသရဏံဂစ္ဆာမိ ၃။ ဇီဝိတပရိယန္တံ ဗုဒ္ဓံသရဏံဂစ္ဆာမိ ၊ ဇီဝိတပရိယန္တံ ဓမ္မံသရဏံဂစ္ဆာမိ ၊ ဇီဝိတပရိယန္တံ

သံဃသရဏဂစ္ဆာမိ ၄။ ယာဝဇီဝပရိယန္တံ ဗုဒ္ဓံသရဏံဂစ္ဆာမိ ၊ ယာဝဇီဝပရိယန္တံ ဓမ္မံသရဏံဂစ္ဆာမိ ၊ ယာဝဇီဝပရိယန္တံ သံဃံသရဏံဂစ္ဆာမိ ၅။ မရဏကာလံဗုဒ္ဓံသရဏံဂစ္ဆာမိ ၊ မရဏ ကာလံ ဓမ္မံ သရဏံဂစ္ဆာမိ ၊ မရဏကာလံ သံဃံသရဏံဂစ္ဆာမိ ၆။ မရဏကာလပရိယန္တံ ဗုဒ္ဓံသရဏံဂစ္ဆာမိ ၊ မရဏကာလ ပရိယန္တံ ဓမ္မံသရဏံဂစ္ဆာမိ ၊ မရဏကာလပရိယန္တံ သံဃံသရဏံဂစ္ဆာမိ ၇။ အရဟတ္တကာလံ ဗုဒ္ဓံသရဏံဂစ္ဆာမိ ၊ အရဟတ္တ ကာလံ ဓမ္မံသရဏံဂစ္ဆာမိ ၊ အရဟတ္တကာလံ သံဃံသရဏံဂစ္ဆာမိ ၈။ အရဟတ္တကာလပရိယန္တံ ဗုဒ္ဓံသရဏံဂစ္ဆာမိ ၊ အရဟတ္တကာလပရိယန္တံ ဓမ္မံသရဏံဂစ္ဆာမိ ၊ အရဟတ္တ ကာလပရိယန္တံ သံဃံသ ရဏံဂစ္ဆာမိ ၉။ နိဗ္ဗာနကာလံ ဗုဒ္ဓံသရဏံဂစ္ဆာမိ ၊ နိဗ္ဗာနကာလံ ဓမ္မံသရဏံဂစ္ဆာမိ၊ နိဗ္ဗာနကာလံ သံဃံသရဏံဂစ္ဆာမ ၁၀။ နိဗ္ဗာနကာလပရိယန္တံဗုဒ္ဓံသရဏံဂစ္ဆာမိ ၊ နိဗ္ဗာနကာလပရိယန္တံဓမ္မံသရဏံဂစ္ဆာမိ နိဗ္ဗာနကာလပရိယန္တံ သံဃံသရဏံဂစ္ဆာမိ။ ဤကဲ့သို့ရိုးရိုး ၃၀ စိတ်ရပါသည်။ ထို့နောက် ဒုတိယံပိနှင့်တွဲ၍ ၃၀။ တတိယံပိနှင့်တွဲ၍ ၃၀ ပေါင်းသရဏဂုံ ၉၀ ကိုတထိုင်ထဲနှင့် ၁၀ စီပြီးအောင် စိတ်ရပါသည်။

## ပဉ္စမ အိပ်မက်

ဒုတိယအဆင့် စိတ်နေသောအတွင်း တနေ့သော် ဆုတောင်းပြည့်တဝဂ္ဂဘုရားရှေ့က အာရုံခံ တန်ဆောင်းထဲတွင် ကိုရင်ကြီးများ၊ ကျောင်းသားကြီးများနှင့် စကားပြောရင်း အိပ်ပျော်သွားခဲ့လေသည်။ နံနက်အာရုံပိုင်း ထနေကျအချိန် သတိရသလို၊ မရသလို ဖြစ်နေခိုက် လက်ဝါးကြီးတခုက မျက်နှာပေါ် လာအုပ်ထားလေသည်။ မျက်နှာတခုလုံး အုပ်မိသည်ဟု ထင်ရပါသည်။ ကျွန်ုပ်လည်းကြောက်လန့်ပြီး မလှုပ်ရဲတော့ပါ။ အုပ်ထားသူကို မျက်လုံးအနည်းငယ်ဖွင့်ပြီးကြည့်ရာ အဝတ်ဖြူနှင့်လူကြီးတယောက်က အုပ်ထားကြောင်း သိရလေသည်။ ထိုလူကြီးက ပြောကြားသည်မှာ "ကိုရင်- ကိုရင်ဟာ ဘုန်းကြီးပြီး သာသနာပြုရမယ့် ကိုရင်ဖြစ်ပါတယ်၊ ကိုရင်သစ်ပင်များကို လှဲခြင်း၊ ခုတ်ခြင်းမပြုပါနှင့် သူများလုပ် လျှင်လည်း တတ်နိုင်သလောက်တားပါ၊ ကျွန်ုပ်တို့ကလည်း အမြဲစောင့်ရှောက်ပါ့မယ်" ဟုပြောသွား ပြီး ထိုလူကြီးမရှိတော့ပါ။ ကျွန်ုပ်လည်း အလန့်တကြားနှင့် ထပြေးပြီး ကျောင်းဘက်သွားရာ ဆရာဘုန်းကြီး ကုဋိသွားသံကြားရ၍၊ ထိုဘက်အပေါက်ဝမှဝင်ပြီး ကျောင်းထဲအိပ်လိုက်ပါတော့သည်။ ကြောက်လန့်ခြင်း ပြင်းပြနေသဖြင့် အိပ်မရတော့ပါ။ တအောင့်လောက်ကြာသော် တုံးကြီးထိုးသံကြား၍ ဆရာတော် ဘုရားကန်တော့မှ ထကြပြီး မျက်နှာသစ်ခါ ဝတ်တက်ကြပါတော့သည်။

ကျွန်ုပ်သည် ထိုနေ့က လဘက်ရည်ကြိုအလှည့်ဖြစ်၍ ဝတ်မတတ်ရပါ။ ညပိုင်းကဖြစ်ကြောင်း ကုန်စင်ကို သူငယ်ချင်းကိုရင်များအား ပြောကြားနေလေသည်။ ဝတ်တတ်ကြပြီးလျှင် ဆရာဘုန်းကြီးထံ လဘက်ရည်ကပ်ပြီး မနီးမဝေးသောနေရာမှ ဒူးတုပ်ထိုင်နေရလေသည်။ ဆရာဘုန်းကြီးနှင့် ဦးပဉ္စင်းများ သောက်ပြီး၍ လဘက်ရည်ပွဲကိုစွန့်လိုက်တော့မှ ကျွန်ုပ်တို့သောက်ကြရပါသည်။ ကျွန်ုပ်တို့ လဘက်ရည် သောက်ပြီး နောက် ဆရာဘုန်းကြီးအိပ်ရာများရုပ်ပြီး ခေါက်ထားရပါသည်။ ထိုကိစ္စပြီးလျှင် ဆရာဘုန်းကြီးထံ ဩဝါဒခံကြရပါသည်။ ဩဝါဒဆိုသည်မှာ ဖြစ်ရပ်အခြေအနေပေါ် မူတည်ပြီး ဇါတ်နိပါတ်နှင့်ညှပ်၍ ဆုံးမစကား ပြောဆိုမိန့်ကြားခြင်း ဖြစ်ပါသည်။

ဦးပဋ္ဌင်း၊ ကိုရင်၊ ကျောင်းသားများ ဒူးပဆစ်တုတ်၍ အစဉ်အတိုင်း နေကြသောအထဲ တွင် ဆရာဘုန်းကြီးက ကျွန်ုပ်ကို ရုတ်တရက်လှမ်းမေးလိုက်သည်မှာ မနေ့ညက ဝါယမ ဘယ်သွားအိပ်သလဲ၊ မှန်မှန်ပြောဟု မေးလိုက်ရာ ကျွန်ုပ်သည် အလွန်အံ့အားသင့်စွာနှင့် ပြန်မလျှောက်နိုင်ဘဲ ငုံ့နေရလေသည်။ ထိုအခါ ဟဲ့ဝါယမ- မေးနေတာမကြားဘူးလားဟု ထပ်ပြီးမေးတော့မှ မနေ့ညက ဖြစ်ကြောင်း ကုန်စင် လျှောက်ထားမိပါတော့သည်။ ထိုအခါဆရာဘုန်းကြီးကကြားကြရဲ့လား မောင်ဦးပဋ္ဌင်းများ- မောင်ရင်တို့ ကော ကြားကြောင်းပါဘုရားဟု ပြိုင်တူလျှောက်ကြသောအသံသည် ပဲ့တင်ထပ်သွားသည်ဟု ထင်ကြရပါ သည်။ ယနေ့ကစ ငါအမိန့်ရှိမယ်- မောင်ကုဏ္ဍလနှင့်ဦးပဋ္ဌင်းတပါးက ၁၀နာရီခွဲလျှင် ကိုရင် ကျောင်းသား များ အမှတ်တမဲ့ အိပ်ပျော်နေသောနေရာမှ သူတို့အိပ်သော အဆောင် သို့ နှိုးပြီးရောက် အောင် ပို့ရမယ်။ ယခုကဲ့သို့ ဖြစ်ရပ်မျိုးကြုံခဲ့ရင် နောင် ယခုတာဝန်ပေးသော ဦးပဋ္ဌင်းနှစ်ပါးတာဝန်ဘဲ။ မှန်လှပါဘုရား ပြိုင်တူထူးကြလေသည်။ ထိုနေ့ကစ၍ ဦးပဋ္ဌင်းနှစ်ပါး တာဝန်ကျေပြွန်အောင် ဦးလည်မသုံထမ်းဆောင် ကြလေသည်။

၁၃၀၅- ခု၊ ဝါခေါင်လဆန်း ၈ ရက်နေ့တွင် ကျောင်းတွင် ဦးခန္တီလဲ၍ ဒူးနာကိုက်နေ သဖြင့် ကျွန်ုပ်ကတ္တီပါရွာသွား၍ ဆီမန်းသွားယူပေးလေသည်။ အသွားတွင် ဗုံးအိုးရွာထဲရေဝင်နေသဖြင့် လှေနှင့်စီးသွားလေသည်။ ရေလယ်ရောက်သော် လေယာဉ်နှစ်စင်းလာ၍ (အထက်ဝါး ၇ ပြန်ဟုမှန်းရ ပါသည် ) စက်သေနတ်နှင့်ဝဲယာယမ်းပါတော့သည်။ ရေပြင်တွင်လှေများပေါ်ရှိလူများ ရေထဲခုန်ချ၍ လှေဘေးကပ်နေကြပါသည်။ ကျွန်ုပ်ကတော့ ခုန်မချနိုင်၍လှေပေါ်တွင်ဝပ်ခါ ပုတီးကိုသာ အားကိုးပြု၍ စိတ်နေရပါတော့သည်၊ နာရီဝက်လောက်ကြာတော့ ပြန်သွားပါသည်။ မည်သူမျှမခိုက်ဘူး ဟုအောက်မေ့ သော်လည်း လှေနှစ်စင်းကွဲနစ်၍ လူ ၄-၅ ယောက် သေကြောင်းသိရပါသည်၊ လေယာဉ်ပျံ ပြန်သွားတော့ လှေဆရာလည်းလှေပေါ်ပြန်တက်၍ သူ့လှေကိုစီးလာကြသောလူများကိုလည်း ပြန်တက်ခိုင်းပြီး လှေထွက်ခဲ့ကြပါသည်၊ နာရီပြန် ၂ ချက်ကတ္တီပါရွာကိုရောက်ရှိ၍ ဆီမန်းယူပြီး ၃နာရီပြန်လာရာ ကျောင်းသို့ ၆ နာရီရောက်ပါတော့သည်။ ကျောင်းကလူများကတော့ ထိုသတင်းကြားရ၍ သေပြီဟုယူဆ နေကြပါသည်။

အင်္ဂလိပ်က မန္တလေး၊ စစ်ကိုင်း၊ အမရပူရ၊ မြစ်ငယ်တို့ကို ဂျပန်တခေတ်လုံး ခဏခဏ ဗုံးများလာချ လေသည်။ ကျွန်ုပ်ထိုစစ်အတွင်းမှာ စာသင်ခြင်းလဲမပျက်ပါ။ ပုတီးစိတ်လဲမပျက်ပါ။ နောက်ဆုံးအချိန် ဖြစ်သော ၁၃၀၆ - ခု နတ်တော်လဆန်း ၁၀ ရက်နေ့တွင်ရွှေကြက်ယက် တံတားဖျူမှ အမရပူရမြို့ မြောက်ဘက်အထွက် ဝါးလုံးတံခါးအထိ ၃ မိုင်ဧရိယာအတွင်း ဘီ၂၉-ခေါင်း ၅ လုံး လေယာဉ်ပျံကြီးများ ၅ ကြိမ်တိတိ အလုံးပေါင်း ၇၀၀ ကျော် ၈၀၀ ကျော်လောက် အမရပူရမြို့ ကျဲချလေသည်။ ထိုအခါ ကျွန်ုပ်သည် ၂ ကြိမ်ကျဲချပြီးသောအခါ စိတ်ပုတီးကိုသာယူပြီး ခါးကအဝတ်ဖြင့် မိဘတို့ခိုအောင်းရာ ကျောက်တော်ကြီးဘုရားသို့ ပုတီးစိတ်ရင်း ဒုန်းပြေးလာလေသည်။ ကျောင်းမှ ကံမကြီးချောင်းရောက် သောအခါ တသုတ်လာချပြန်၍ ကံမကြီးထိပ် မယ်ဇယ်ပင်မှာ ခိုကပ်ရင်း ပုတီးကိုသာ အားကိုးရာပြု၍ တုံ့တုံ့ရင်ရင်နှင့် စိတ်နေရတော့သည်။ လေယာဉ်ပျံသံစဲမှ ထိုမှတဆင့် ဒုန်းဆိုင်းပြေးပြန်ရာ ဦးပိန်တံတား အလယ်ဇရပ်ရောက်လျှင် လေယာဉ်ပျံတသုတ်လာပြန်၍ အလယ် ဇရပ်အရှေ့ဘက်နားက မယ်ဇယ်ပင်တို

နိုကပ်နေရပြန်လေသည်၊ မြို့ပေါ်ကျဲချသောဗုံးသံများသည် ကမ္ဘာပျက်လုမခန်း ကြောက်ဖွယ်ဖြစ်တော့သည်။ တံတားကြီးနှင့်ဇရပ်တို့မှာ တုန်လာပြီးအသံများ မြည်ဟီးနေတော့သည်။ ကျွန်ုပ်လည်းပုတီးကိုသာ အထူးအားကိုးပြီးစိပ်ခါ မြို့ဘက်ဆီကြည့်နေရာ မီးခိုးလုံး ကြီးများအကြားမှ မီးညွှန့်များထိုးထိုးထွက်လာရာ အလွန်တုန်လှုပ်ချောက်ချားသောစိတ်များ ဖြစ်ပေါ် လာပြီး ပြင်းစွာကြောက်လာလေသည်။ ပုတီးတိုလည်း အထူးအားကိုးရတော့သည်။ လေယာဉ်ပျံသံစဲလျှင် ပြေးရပြန်သည်။ ကျောက်တော်ကြီးဘုရား ထဲဝင်လိုက်ရော လေယာဉ်ပျံသံ တသုတ်လာသံ ကြားရပြန် လေသည်။ မိဘတို့နှင့်ခိုအောင်းနေကြသောလူများက မြို့ဘက်အခြေအနေ မေးမြန်းကြလေသည်။ လူတွေပြေးလွှားနေတာသာမြင်ရကြောင်း ဘယ်သူဘာဖြစ်တယ်လို့ မသိခဲ့ရကြောင်း ပြောပြပြီး ဘုရားထဲ ခိုအောင်းနေရလေသည်။ လေယာဉ်ပျံစဲတော့ မြောက်ဘက်မုဒ်တွင် ခင်းထားသောကုတင်ပေါ် မောမော နှင့် အိပ်ချလိုက်ပါတော့သည်။ ကျွန်ုပ်အိပ်သောအချိန်မှာ နေ့တစ်ချက်ခွဲလောက်ဟု ခန့်မှန်းရပါသည်။ ဘာကြောင့်ဆိုသော် ပထမလေယာဉ်ပျံများ စလာသောအချိန်မှာ ၁၁ နာရီခွဲ သာသာလောက် ဖြစ်ပါ သည်။

## ဒုတိယအိပ်မက်

ထိုနေ့လည်အိပ်ပျော်နေခိုက် ထူးဆန်းသောအိပ်မက်တခုမက်သည်မှာ -အဘိုးကြီးတယောက် ခါးကုန်းကုန်းနှင့် တောင်ဝှေးထောက်ပြီး စိတ်ပုတီးကြီးလက်ကကိုင်ထားလျက် ကျွန်ုပ်ပြေးနေသော နောက်က လိုက်နေပါသည်။ လေယာဉ်ပျံတွေ ဗုံးချနေသံကလည်း ကြားနေရပါသည်။ ကျွန်ုပ် ဘယ်လောက်ပင် လျှင်မြန်စွာပြေးနေပါသော်လည်း အဘိုးကြီးကနောက်က ကပ်လျှက်ပါနေပါသည်။ အဘိုးကြီးက ပြောသည်မှာ ငါ့မြေး မကြောက်နှင့်၊ အဘိုးစောင့်ရှောက်လျက်ရှိပါသည်။ ငါမြေးတို့လို ပုဂ္ဂိုလ်ဟာ ဘာလက်နက်နှင့်မှ မသေစေရပါဘူး။ ပုတီးသာကြိုးစားစိတ် ငါ့မြေး၊ ပုတီးကိုသာကြိုးစားစိပ်ဟု တတွတ်တွတ်ပြောနေပါသည်။ ထိုနောက် ကျွန်ုပ်သည် ကျောက်တော်ကြီးဘုရားရောက်၍ အိပ်ယာထဲ လှဲလိုက်ပါသည်။ အဘိုးကြီးက ငါ့မြေးကသိပ်ကြောက်တာကိုး ကဲ ကဲ ဒီလိုဆိုလျှင် အဘိုးဆေးတိုက်ရတာပေါ့ဆိုပြီး ညာဘက်ကတောင်ဝှေး၊ ဘယ်ဘက်က စိတ်ပုတီးကိုင်ထားလျက်ရှိသော အဘိုးကြီး၏ညာဘက်လက်ထဲတွင် ရွှေဖလားနှင့်ရေအပြည့် ရောက်လာပါတော့သည်။ တောင်ဝှေးလည်း ဘယ်လက်သို့ရောက်ရှိသွားပေသည်။ ထိုအချင်းအရာတို့ကို အံ့အားသင့်စွာ ကြည့်နေမိလေသည်။

ထိုနောက်အဘိုးကြီးက ငါ့မြေး သောက်လိုက်- သောက်လိုက်ဟု ပေးသဖြင့် ကျွန်ုပ်သည်ဖလားကို ယူပြီးကြည့်လိုက်ပါသည်။ ရေသာလျှင်ပါပါသည်။ ဘာမှုမတွေ့ရပါ။ ထိုအချင်းအရာကို အဘိုးက ရိပ်စားမိသဖြင့် ပြောပြန်သည်မှာ ငါ့မြေး အဲဒီရေဟာ အဘိုးမန်းထားတဲ့ရေ သောက်လိုက်- သောက်လိုက်ဟုပြောပြန်သဖြင့် ကျွန်ုပ်လည်း ထိုအခါကြမှ သောက်ချလိုက်ပါသည်။ ပါးစပ်ထဲမှာ အမွှေးနံ့နှင့် အချိုအဆိမ့် အရသာမျိုးကို ခံစားလိုက်ရ ပေသည်။ ထိုရေကိုသောက်ပြီးနောက် ဖလားကိုပြန်ပေးလိုက်သောအခါ အဘိုးကပြောပြန်သည်မှာ - ကိုရင် လူရယ်လို့ဖြစ်လာတဲ့ဘဝဟာလည်း ရခဲတယ်၊ ကိုရင်စိပ်သော ပုတီး လမ်းစဉ်က မှန်ကန်ပေတယ်။ “ပုတီးအစ သရဏဂုံက ဆိုတာ မှတ်ထား” သရဏဂုံစိပ်ပြီးလျှင် ဂုဏ်တော်ကိုစိပ်နော်၊ ကိုရင်ရရှိ ထားတဲ့ပေစာဟာ ဆွေးနေတယ်၊ ကူးယူထားလိုက်၊ အဲဒီပုတီးစိပ်က

ပင်မနည်းဘဲ၊ သူထက်ပင်မကျတာ မရှိတော့ဘူး။ ဒါပေမဲ့ကိုရင် သူ၏မယားနှင့် အရက်သေစာကို မသောက်စားမိအောင် ရှောင်နေ၊ ဒီနှစ်ချက်ဟာ ဒီလမ်းစဉ်စိပ်တဲ့သူအပေါ် အရေးကြီးဆုံးဘဲ။ ကိုင်း- ကိုင်း ငါ့မြေး အဘိုးသွားလိုက်အုံးမယ်၊ ပုတီးကိုသာ ကြိုးစားစိပ်နေ၊ ငါ့မြေး ပါရမီရှင်တယောက် ဖြစ်တယ်ဆိုပြီး အဘိုးကြီးကျောက်တော်ကြီး ဘုရားမြောက်ပေါက် တံတိုင်းဝဆီသို့ ထွက်သွားလေ၏။ ကျွန်ုပ်လည်းနိုးလာလေသည်။ နာရီသံလည်း ဒင်ဆိုပြီး တချက်သာကြားလိုက်ရ၍ နာရီရှိရာသို့ကြည့်လိုက်သောအခါ ၄ နာရီခွဲနေလေသည်။ ကျွန်ုပ်စိတ်ထဲမှာ အိပ်မက်လိုလို အဟုတ်လိုလို သံသယဖြစ်နေလေသည်။ ထိုနောက် မှတ်တမ်းကို ရေးလိုက်သည်။

ညနေဖြစ်၍ မြို့ဘက်ကလူများ တသုတ်ပြီးတသုတ် ရောက်လာကြလေသည်။ ကျောက်တော်ကြီးဘုရား အာရုံခံထဲတွင် ပြည့်သွားပါတော့သည်။ အိမ်ထောင်ပေါင်း ၂၀၀၀ ကျော် လောက်ရှိမည်ဟု မှန်းရပါသည်။ တံတိုင်းဘေးက ရဟန္တာများ နေရာတွေမှာလည်း လူများရောက်နေ ကြပေပြီ။ ညနေ ၆ နာရီလောက် လူကြီး၊ လူလတ်၊ လူငယ်၊ ကျား-မမရွေး ဘုရားရှေ့တော်မှာ ဝတ်တက် နေကြလေသည်။ မိန်းကလေးများ ဝတ်တက်သော အသင်းလဲရှိနေပေသည်။ ကျွန်ုပ်လည်း ဘုရား ဂန္ဓကုဋီတိုက်ကြီးအတွင်း အားလုံးဝတ်ပြီးစီးကြသောအခါ မိဘများက အိပ်ရာပြင်ဆင်ပေးထားသဖြင့် အိပ်ရန်သွားလေသည်။ မအိပ်ခင်တနာရီလောက် ဝတ်တက်ပြီး ပုတီးစိပ်ခါ မေတ္တာပို့အမျှဝေ၍ အိပ်ရာထဲဝင်လိုက်ပါတော့သည်။ သို့သော် နေ့ကအဖြစ်အပျက်များကိုသာ သတိရလာပြန်ပါသည်။ ပုတီးစိပ်ပြီးဖျောက်၍ နေရပါတော့သည်။ ပုတီးစိပ်ရင်း နေ့ကအိပ်မက်ကို အာရုံရောက်သွားပြန်ပါ တော့သည်။ မနက်ကြလျှင် ထိုအဖြစ်အပျက် အိပ်မက်ကို ဆရာတော်ဘုန်းကြီးလျှောက်ရန် ဆုံးဖြတ် လိုက်၏။

အကြောင်းသော်ကား ဤကျောက်တော်ကြီးဘုရားထဲတွင် ဆရာဘုန်းကြီးနှင့်တကွ ကျောင်းရှိ သံဃာအားလုံး တကာကြီး၊ တကာမကြီးတို့က နေ့စဉ်နှင့်အမျှ ဆွမ်းစားကြွရန် လျှောက်ထားသော ကြောင့်ဖြစ်ပေသည်။ ထိုစဉ် ကျွန်ုပ်အိပ်ရာနဘေးနားက လူကြီးစကားပိုင်းအသံများ ကြားနေရလေသည်။ ဗိုလ်မြို့တော့ ဒီတခါတော့ ကုန်တာပါဘဲကွာ။ အိမ်တွေအားလုံးမီးလောင်၊ တိုက်တွေလည်းပြိုကျ၊ ကျောင်းတိုက်များလည်း မီးလောင်ပြာကျကုန်ပြီ။ ဘယ်အရပ်ကသူတွေလည်း ဗုံးထဲပါသွားကြပြီ။ ဘယ်သူတွေလဲ ကာကွယ်ရေးကျင်းပေါ် တည့်တည့်ကျလို့ တအိမ်သားလုံးသေကုန်ပြီ စသည်ဖြင့် ရင်နှင့်ဘွယ်သောအသံများကို ကြားနေရပါတော့သည်။

## တတိယအိပ်မက်

ထိုကဲ့သို့ ပြောဆိုသံများကြားထဲတွင် ကျွန်ုပ်လည်းအိပ်ပျော်သွားခဲ့လေသည်။ ပဌာန်းရွတ်သံများ မသဲမကွဲသောစာရွတ်သံများ ကြားနေရလေသည်။ ဘယ်နေရာကရွတ်နေကြသလဲဟု ဘုရားထဲရှာကြည့် နေမိတော့သည်။ ကျောက်တော်ကြီးဘုရားရှေ့မှ ရွတ်နေကြသောလူများဖြစ်နေကြသည်။ ရှေ့ဆုံးက အဘိုးကြီးတယောက်၊ ၎င်းနောက် အပြာထမီဝတ် မိန်းကလေး ၁၀ ယောက်၊ ထိုနောက် ပန်းနုနှင့် အစိမ်းနု ရောင်ဝတ် မိန်းခလေး ၁၀ ယောက်၊ ခေါင်းမှာပန်ထားကြသော ပန်းများမှာလည်း လုံချည်အလိုက် ပန်ထား ကြလေသည်။ လက်ဝတ်လက်စားများမှာလည်း ထိုနည်းအတူ ဖြစ်လေသည်။ မိန်းကလေးများလည်း

အရုပ်ဆိုးတာမတွေ့ရပေ။ ကြည့်လို့မငြီးနိုင်အောင်ဖြစ်ပြီး အသံများလည်း နားထောင်ရသူများမှာ ပီတိလှိုင်းထနေပေသည်။ အဘိုးကြီးအသံမှာလည်း ကြည်လင်ပြတ်သားလှပေသည်။

ကျွန်ုပ်သည် အဘိုးကြီးကို သေသေချာချာ စူးစိုက်ကြည့်တော့ နေ့ကအိပ်မက်ထဲမှာတွေ့သော အဘိုးကြီးပါလားဟု အကဲခတ်မိလေ သည်။ သူတို့ဘုရားရှိခိုးနေသော အထက်မျက်နှာကျက်က စိမ်း-နီ-ပြာ-ဝါ-ဖြူ ၅ပါးသောရောင်တို့ဖြင့် ထိန်ပြောင်နေသော ခါတ်မီးထက်မက လင်းနေသော ရတနာကျောက်များဟု ထင်ရပေသည်။ တိုင်များ၊ အကာများ၊ အမိုးများကလည်း ရောင်ယှက်ဖြာလင်းနေကြလေသည်။ ကျွန်ုပ်၏စိတ်ထဲ သံသယဖြစ်လာသည်။ ကျောက်တော်ကြီးဘုရားမှ ဟုတ်ရဲ့လားဟု သေသေချာချာ လှေ့လာကြည့်လိုက်သည်။ ဘုရားကိုသေသေချာချာဖူးလိုက်သည်။ ဘုရားက မျက်လုံးလှုပ်ရှားသည်။ မျက်တောင်ခတ်သည်။ ပါးစပ်တော်က ပြုံးနေသည်။ ဘုရားကလည်းတမျိုး၊ ကျောင်းတော်ကလည်းတမျိုး ဖြစ်နေ၍ ကျောက်တော်ကြီးဘုရားမဟုတ်မှန်း သိရတော့သည်။ ငါဘယ်ဆီများရောက်လာပါလိမ့်ဟုထင်မိပြီး ကြောက်သလိုလို၊ ရွံ့သလိုလို ဖြစ်လာတော့သည်။ အဘိုးကြီးက နောက်ကရောက်လာသည်။ ငါ့မြေး ဒါဟာ ပိသနိုးနတ်မင်းကြီးခေါ် မဟေသရနတ်မင်းကြီး ကိုးကွယ်တော်မူတဲ့ ဟိမဝန္တာတောင်ထိပ်က ဘုရားဖြစ်တယ်။ ငါ့မြေးဖူးထိုက်လို့ ရောက်လာတာ၊ ဝအောင်ဖူးပြီး သရဏဂုံပုတီးအပတ် ၉၀ လောက်စိပ်သွားဟု ညွှန်ကြားသဖြင့် ကျွန်ုပ်လည်း အားရအောင်ဖူး၍ ပုတီးစိပ်နေပါတော့သည်။

ဘုရားရှိခိုးနေကြသော မိန်းမပျိုများက တယောက်ပြီးတယောက် ဘေးနားကထိုင်လာကြပါသည်။ နံ့သာနံ့များက အာရုံခါတ်ကိုဆွဲဆောင် စွမ်းအားအပြည့်အဝ ပါရှိသည်လည်းတကြောင်း၊ ရူပါရုံညှို့ခါတ်အားကလည်း ထက်မြက်လေတော့ ပုတီးစိပ်ချက် သွက်သွက်လည် ပါတော့သည်။ အဘိုးကြီးက သတိပေးလာ ပြန်ပါသည်။ ကိုရင်ပုတီးထဲသာ အာရုံပြုစိပ်ပါ။ ရောက်နိုင်ခဲတဲ့ ဘုရားဖြစ်တယ်။ ဒီသတ္တဝါမတွေက ကိုရင်လေးနား သွားမနှောက်ယှက်ကြနဲ့ သွားကြ သွားကြ။ ထိုစဉ်ကျွန်ုပ် အိပ်ရာမှ သတိရလာပါတော့သည်။ အဟုတ်လေလား- အိပ်မက်လေလား သံသယများ ဖြစ်နေမိသည်။ ထိုကဲ့သို့ စိတ်ကူးယဉ်နေခိုက် ကိုရင် ၆ နာရီထိုးပြီ ထ-ထ ၊ သူများတွေ ဘုရားဆွမ်းတော် တောင်တင်ကုန်ကြပြီဟု တကာကြီးကပြောတော့မှ အိပ်ရာမှထကာ မျက်နှာသစ်ပြီး ယာဂုသောက်ပြီး နောက် လက်ဖက်ရည်သောက်ကာ ညကအိပ်မက်ကို မှတ်တမ်းတင်လိုက်ပါတော့သည်။

ထို့နောက် ကျောက်တော်ကြီးဘုရား ရှေ့တော်သွားပြီး ရှိခိုးဝတ်တက် ပရိကံပြုကာ ပုတီးအပတ် ၃၀ စိပ်ပါသည်။ ၉ နာရီမှာ ဆရာဘုန်းကြီးနှင့်တပည့် ဦးပဥ္စင်း ၃ ပါးကြွလာကြ၍ တကာကြီးတို့က ဆွမ်းကပ်ကြပါသည်။ ကျွန်ုပ်တို့ကိုရင် ၂ ပါးလည်း ကပ်ပါသည်။ ၁၀ နာရီခွဲလောက်မှာ ဆွမ်းကိစ္စပြီးကြ၍ စပ်မိစပ်ရာ အလ္လာပ သလ္လာပ စကားများလျှောက်ထား ပြောဆိုနေကြပါသည်။ ကျွန်ုပ်လည်း နေ့လည်ကမက်သောအိပ်မက်၊ ညကမက်သောအိပ်မက်များကို ဆရာတော်ကို လျှောက်ထားပါသည်။ ဆရာတော်သည် တအောင့်ဆိုင်းငံ့ တော်မူပြီး မိန့်တော်မူသည်မှာ- ကိုရင် သရဏဂုံ ဘယ်အဆင့်ရောက်ပြီလဲ၊ တတိယအဆင့်ပြီးခါနီးပါ ပြီဘုရား၊ အေး အေး ကောင်းတယ် ကောင်းတယ် ကိုရင်မာတုဂါမကို အထူးသတိထားရမယ်။ အကျွမ်း တဝင် မပြုနှင့်။ မှန်လှပါဘုရား။ ဆွမ်းစား၊ လက်ဖက်ရည်သောက်ပြီး

ငါတို့နှင့်အတူ ကျောင်းလိုက်ခဲ့ရမယ်။ ညနေကြမှ ဒီကိုပြန်တာပေါ့၊ မှန်လှပါဘုရား။ ဆရာတော်နှင့် ပြန်လိုက်သွားသောအခါ ဦးပိန်တံတားဝဲ-ယာမှာ တဲကလေးများထိုးပြီး ဖြစ်သလိုနေထိုင်ရှာကြသော အမရပူရမြို့သူ၊ မြို့သားများကိုမြင်ရတော့ စိတ်ထဲအတော်ထိခိုက်မိပါသည်။

တောင်မင်းကြီးဘုရားဝင်ပြီး ဖူးပြန်တော့လည်း လူများဘုရားထဲ ပြည့်နေလေသည်။ ရှစ်ကျိပ်ရှစ်ဆူ၊ နှစ်ကျိပ်ရှစ်ဆူ၊ သမ္ဗုဒ္ဓေစသော ဘုရားထဲမှာ လူများနေကြတာ တွေ့ရပါသည်။ ကျောင်းတွေထဲမှာလည်း လူများနေကြတာတွေ့ရ၍ ကျွန်ုပ်မှာ စိတ်မချမ်းမွေ့ဖွယ်ရာဖြစ်ပြီး စစ်ကိုမုန်းတီးစိတ် ပေါ်ကလာပါသည်။ မြို့ထဲလှည့်ပတ်ကြည့် တော့လည်း ကျောက်လမ်းပေါ်တို သစ်ပင်ကြီးများ အစီအရီ လဲနေကြပြီး အိမ်များတိုက်များ မီးလောင်ကျွမ်း နေတာကလောင်၊ မြို့ပျက်နေတာ ကပြိုပျက်၊ နွား၊ ကြက်၊ ခွေး ဆိတ်၊ လူအသေများလည်း တုံ့လှုပ် ချောက်ချားစရာ တွေ့မြင်ခံစားရပါ တော့သည်။ ကျောင်းတိုက်တာများ စေတီပုထိုးများလည်း မြေခပျက်စီးနေပါသည်။ အချို့မီးလောင် ပျက်စီးနေတာမြင်ရ၍ ရင်သတ်ရှူမောပြီး သက်ပြင်းများချမိကာ ဘာကိုဒေါသထွက်မိမှန်းမသိ ဒေါသထွက်နေမိပါသည်။ ပုတီးကိုတောင် သတိမရ တော့ပါ။

ဆရာဘုန်းကြီးက ဝါယမ မြို့ကြီးပျက်နေတာ တွေ့ရဲ့လား။ စိတ်မကောင်းစရာ၊ ဒေါသထွက်စရာ များ မဖြစ်နဲ့နော်။ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတရားများကိုသာ အောက်မေ့ပြီး တရားနှင့်ဖြေနော်၊ ပုတီးစိပ်တာကိုလည်း လက်မလွှတ်နှင့်၊ သတိနှင့်ပုတီးစိပ်ပြီး နောက်ကလိုက်ခဲ့ကွဲ့။ "မှန်လှပါဘုရား" ထိုအခါကြမှ ပုတီးစိပ်ပြီး ဆရာဘုန်းကြီးနောက်က လိုက်သွားပါတော့သည်။ ကျောင်းရောက်တော့ ဆရာဘုန်းကြီးရေချိုးရန် ရေငင်ပေးပြီး ဘုရားများရေတော်၊ ပန်းတော်လဲခါ ဆုတောင်းပြည့် တဝဂ္ဂဘုရားမှာ ပုတီးအပတ် ၉၀ စိပ်နေပါတော့သည်။ ပုတီးကိုစိပ်နေသော်လည်း မြို့ပျက်မြင်ကွင်းများဆီသို့ အာရုံရောက် ရောက်သွား၍ တော်တော်ထိမ်းသိမ်းပြီး စိပ်နေရသဖြင့် နေ့တချက်တီးကစိပ်တာ ညနေ ၄ နာရီမှ ပြီးပါတော့သည်။ **သြ- သံသရာ ကြောက်စရာကောင်းလှပေစွတကား။**

သရဏဂုံ ဒုတိယအဆင့်နှင့် တတိယအဆင့်တို့ကို စာဖတ်သူများနားလည်အောင် ညွှန်းပြပါဦးမည်။ သရဏဂုံပထမအဆင့်က **"ဇာ- ဘော- ဇီ- ယာ- မ- မ- အ- အ-နိ- နိ"** တို့ကို ဒုတိယံပိ၊ တတိယံပိ မထည့်ဘဲနှင့် ရိုးရိုး နံနက်၊ ည ၁၀ ပတ်စီပေါင်းရက် ၃၀၊ ပုတီးပတ်ပေါင်း၉၀၀၊ ဒုတိယံပိနှင့်တွဲ ရက် ၃၀ အပတ် ၉၀၀၊ တတိယံပိနှင့်တွဲ ရက် ၃၀ အပတ် ၉၀၀၊ အားလုံးပေါင်း ရက် ၉၀၊ ပုတီးအပတ်ပေါင်း ၂၇၀၀ စိပ်ပြီးလျှင် သရဏဂုံ ပထမအဆင့် ပြီးပါ၏။ ဒုတိယအဆင့် အနေနှင့် သရဏဂုံ ၃၀ ကို ဒု-တ ခံ၍ စိပ်သော် သရဏဂုံ ၉၀ ရ၏။ ထို ၉၀ ကို တကြိမ်ထဲနှင့်ပြီးအောင် စိပ်ရပါသည်။ သို့ဖြစ်၍ နံနက် ၉၀၊ နေ့ ၉၀၊ ည ၉၀ ပေါင်း ပုတီးပတ် (၂၇၀) တနေ့တွက် ပုတီးပတ်ဖြစ်ပါသည်။ ရက်ပေါင်း ၉၀ တိုင်တိုင် စိပ်ရပါသည်။ ရက်ပေါင်း ၉၀ စိပ်ပြီးပါလျှင် ပုတီးပတ်ပေါင်း (၂၄၃၀၀) ရပါသည်။ ဤကဲ့သို့စိပ်ပါလျှင် သရဏဂုံ ဒုတိယအဆင့်ကြီး ပြီးပါတော့သည်။

သရဏဂုံတတိယအဆင့်မှာ- ပါဏိပါတသရဏဂုံ ၂ မျိုး- ၂ ပတ်။ တပ္ပရာယနသရဏဂုံ ၃ မျိုး- ၃ပတ်။ အတ္တနိယျာတနသရဏဂုံ ၁၂ မျိုး-၁၂ ပတ်။သိဿဘာဝုပဂမနသရဏဂုံ ၁၀မျိုး- ၁၀ပတ်ပေါင်း ပုတီးပါတ် ၂၇ ပတ်။တစ်ကြိမ်ထဲနှင့်ပြီးအောင်စိတ်ရပါသည်။အချိန်ပေါင်းလည်း အာရုံတစ်ကြိမ်၊ နံနက်

၉ နာရီတစ်ကြိမ်၊ ညနေ ၅ နာရီအတွင်းတစ်ကြိမ်၊ ည ၁၂နာရီအတွင်း တစ်ကြိမ် ပေါင်းတစ်နေ့ ၄ ကြိမ်ထိုင်ပြီးလျှင် ပုတီးပါတ် ၁ဝ၈ ပါတ်ရပါတော့သည်။ ရက်ပေါင်း ၁ဝ၈ ရက်ပြည့်လျှင် ပုတီးပတ်ပေါင်းမှာ (၁၁၆၆၄) ပတ်ရရှိလျှင် တတိယအဆင့်သရဏဂုံကြီးကို ပြီးစီးအောင်မြင်ပါတော့သည်။ သရဏဂုံ ၃ ဆင့်အားလုံးပေါင်းလိုက်သော်-

| | | | |
|---|---|---|---|
| (ပ) အဆင့် | = ရက် ၉၀ = ပုတီးပတ် | = | ၂၇၀၀ |
| (ဒု) အဆင့် | = ရက် ၉၀ = ပုတီးပတ် | = | ၂၄၃၀၀ |
| (တ) အဆင့် | = ရက် ၉၀ = ပုတီးပတ် | = | ၁၁၆၆၄ |
| ရက်ပေါင်း | ၂၈၈ = ၁၈ = ၉ | | ၃၈၆၆၄ = ၂၇ = ၉ |

၁၃၀၆- ခုတန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့တွင် ဂျပန်ပြေး၍ အင်္ဂလိပ်ပြန်ဝင်လာချိန်ဖြစ်သည်။ ၎င်းနေ့သည် မန္တလေး၊ အမရပူရမြို့များကို အင်္ဂလိပ်ပြန်သိမ်းပိုက်နိုင်သောနေ့ဖြစ်လေသည်။ ၁၃၀၆- ခု၊ ကဆုန်လဆန်း ၃ ရက်နေ့တွင် သင်္ကြန်အတာတက်လေသည်။ ၆ ရက်နေ့သည် ၁၃၀၆- ခု၊ ကဆုန်လဆန်း ၆ ရက် မြန်မာနှစ်ဆန်းတစ်ရက်ဖြစ်လေသည်။

မြန်မာနှစ်ဆန်းတစ်ရက်ဖြစ်သော ထိုနေ့နံနက်တွင် ဆရာဘုန်းကြီးက "ဝါယမ- ယနေ့နှစ်ဆန်း တစ်ရက်နေ့ဖြစ်တယ်၊ ပုတီးစိတ်တဲ့သူများမှာ နှစ်ဆန်းတစ်ရက်နေ့ဟာ မင်္ဂလာဦးဖြစ်တဲ့အတွက် ဘုရားဟော တော်မူသော မင်္ဂလသုတ်တော်ကို အနည်းဆုံး ၉ ပတ်စိတ်ပေးရတယ်။ ဒါထက်ပိုပြီး စိတ်မယ်ဆိုရင် ၂၇ ပတ်မှ ၁၀၈ ပတ်အထိ စိတ်နိုင်ရင်ပိုပြီး သိဒ္ဓိတန်ခိုးတိုးတက်လာတယ်။ ပုတီး မစိတ်ခင် ရှေးဦးစွာ တတ်နိုင်သ၍ ပန်း၊ ရေချမ်း၊ မီး စသည်များနှင့် ပူဇော်သကာရပြုရတယ်။ ဒါထက် တတ်နိုင်လျှင်လည်း မင်္ဂလာအခါတော်နေ့ ကျင်းပပြုလုပ်ပြီး ကျွေးမွေးလှူဒါန်း မင်္ဂလာတရားဟော ရွတ်ဖတ်ပြုလုပ် ဒါမှသိဒ္ဓိတန်ခိုး အထူးတိုးတတ်လာတယ်"ဟု အမိန့်တော်ရှိသဖြင့် ကျွန်ုပ်ကဤနှစ်ဆန်း တရက်နေ့မှ အစပြု၍ အခါတော် နေ့တိုင်း ပွဲကြီးမကျင်းပနိုင်းသော်လည်း အခါတော်နေ့အထိမ်းအမှတ် အဖြစ် ဘုရားဟောတော်မူသော အခါတော်နေ့သုတ်တော်များကို ပုတီးအပတ် ဘုရားဝါတော်အရ ၄၅ ဝါ၊ ၄၅ ပတ်စိတ်ရန် ကျွန်ုပ်၏ ကျောင်းတိုက်သိမ်အတွင်းမှ သိမ်တော်မြတ်ဘုရားရှေ့တွင် အဓိဋ္ဌာန်ဂတိသစ္စာပြု၍ ဆောက်တည် လိုက်ပါ တော့သည်။

အဓိဋ္ဌာန်ပြုသည့်အတိုင်း ထိုနှစ်ဆန်းတစ်ရက်တွင် မင်္ဂလသုတ် တသုတ်လုံးရွတ်ပြီးလျှင် ပုတီးတလုံး ချကာ ပုတီးပတ် ၄၅ ပတ်ပြီးအောင်စိတ်ပြီး အောင်ဆုကိုတောင်းလိုက်ပါတော့သည်။ ထိုနေ့ကအစပြု၍ ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင်လည်း ဘုရားအနေကဇာတင် ဂါထာများကို ပုတီး ၄၅ ပတ် ဗုဒ္ဓအခါတော်နေ့အထိမ်းအမှတ်အနေဖြင့် စိတ်လိုက်ပါတော့သည်။ ရေတော် ၄၅ ခွက်၊ ရသမျှ သပြေ၊ အုန်း၊ ခရေ၊ ကျည်းသီး စသော ပန်းညွန့်တို့ကိုလည်း ၄၅ ညွန့်စီ ရေချမ်းအိုးထဲတွင် ထိုးစိုက်လှူဒါန်းပြီး ပုတီးစိတ်ပါတော့သည်။

၁၃၀၇-ခု၊ နယုန်လပြည့်နေ့ရောက်ခဲ့ပေပြီ။ ထိုနေ့သည်သရဏဂုံ ၃ ဆင့်လုံး ပြီးစီးအောင်မြင် သောနေ့မြတ်ဖြစ်၍ အထူးဝမ်းမြောက်လှသဖြင့် ကျောင်းတိုက်အတွင်းမှ ဘုရားစေတီများ အမှိုက်ရှင်း၊

ရေသပ္ပါယ်၊ ပန်းကပ်၊ သောက်တော်ရေများကပ်ခါ မဟာသမယအခါတော်နေ့ အထိမ်းအမှတ်အဖြစ် မဟာသမယသုတ်တော်ပုတီး ၃ ပတ်စိတ်ပါသည်။ လေးပါးသော အရိယာပုဒ်နှင့်စိတ်တာတောင် နာရီ ၅ ပတ်စိတ်ရပါသည်။ကျွန်ုပ်ကိုရဟန်းခံရန် မိဘများကစီစဉ်ကြလေသည်။ ရှင်ဒါယကာမ အရီးမိကို ပန်ကြားပြီး ရှင်အမ အရီးမိကလည်း ခွင့်ပြုချက်ပေး၍ မိဘများက စီစဉ်ခြင်းဖြစ်လေသည်။ ရှင်အမကလည်း ပါဝင်လှူဒါန်းပါ သေးသည်။ ကျွန်ုပ်သည်ရဟန်းခံပြီးမှ ဂုဏ်တော်ကိုတက်စိတ်ရန် ဆုံးဖြတ်ထားလေသည်။ သို့ဖြစ်၍သင်စာ များကိုသာ ကျက်မှတ်နေပါတော့သည်။

၁၃၀၇ - ခု၊ ဒုတိယဝါဆိုလဆန်း ၁၃ရက်တနင်္ဂနွေနေ့ ရောက်ရှိလာပေပြီ။ ထိုနေ့သည် ကျွန်ုပ်ရဟန်းခံ မည့်နေ့ရက်ဖြစ်၍ အလွန်ဝမ်းမြောက်လေသည်။ ရဟန်းခံပင့်ထားသော ဆရာတော်၊ သံဃာတော်များမှာ-

၁။ အောင်ခြင်းရှစ်ပါး ဆရာတော်ဦးနာဂဝံသ
၂။ မြစ်ငယ်ရွှေရန်လင်မင်းကျောင်း ဆရာတော်ဦးနာရဒ
၃။ တောင်သမန် မေခဝတီ ဆရာတော်ဦးနန္ဒဝံသ
၄။ တူမောင်း ဆရာတော်ဦးနန္ဒိယ
၅။ မဟာဂန္ဓရုံ ဆရာတော်ဦးအတိသုခ
၆။ ငုင်းတိုက် ဆရာတော်ဦးဇနက္က
၇။ တောင်လေးလုံးတိုက် ဆရာတော်ဦးဇာဂရ
၈။ မုံတော် ဆရာတော်ဦးတေဇဝန္တ (ကျွန်ုပ်၏ဘထွေး)
၉။ ကျော်အောင်စံထား ဆဌမဆရာတော်ဦးအဂ္ဂဝံသ (ကျွန်ုပ်၏ဆရာ)
၁၀။ ကျော်အောင်စံထား ဦးဝိမလ (ခေါ်) ဦးပိုက်ထွေး
၁၁။ မင်္ဂလာ ဆရာတော်ဦးဝိမလ (နောက်မိုးကုတ်ဆရာတော်တွင်သည်)
၁၂။ ကျော်အောင်စံထား ဦးနိမလ
၁၃။ ကျော်အောင်စံထား ဦးခန္တီ
၁၄။ ကျော်အောင်စံထား ဦးသူရိယ
၁၅။ ကျော်အောင်စံထား ဦးကုက္ကနာစာရ
၁၆။ ကျော်အောင်စံထား ဦးပညာဗလ
၁၇။ အောင်မြေရွှေဘုံ ဆရာတော်ဦးသီဟ
၁၈။ မင်္ဂလာတိုက်သစ် ဆရာတော်ဥက္ကံသ
၁၉။ မင်္ဂလာတိုက်သစ် ဆရာတော်ဦးကေတု
၂၀။ နဂါးရုံ ဆရာတော်ဦးသာဂရ (ခေါ်) ဦးသံတိုင်

နံနက် ၇ နာရီတွင်သိမ်ဝင်၍ ၉ နာရီတွင် ရဟန်းအဖြစ်သို့ ရောက်ခဲ့လေသည်။ ကရဏိယ၊ အကရဏိယအခန်းပြီး၍ ဆရာတော်သံဃာတော်များ ပန်ကြားပြီးသောအခါ၊ ဤနေ့မှအစပြု၍ ဗုဒ္ဓ၏ သုဂတဂုဏ်တော်ကို စ၍စိတ်ပါမည်ဟု သိမ်ထဲတွင် ရဟန်းခံပြီးလျှင်ပြီးခြင်း အဓိဋ္ဌာန်ပြုခဲ့လေသည်။

မှတ်ချက်။ ။သရဏဂုဏ်အဆင့်မှာ ဘုမ္မစိုးနတ်ဖြစ်သော မဟာသရနတ်မင်းကြီး ကိုးကွယ်သော မြဲဆင်းတုကိုဖူးမျှော်ရခြင်း။ ဘိုးတော်များက အစဉ်စောင့်ရှောက်ခြင်း။ အန္တရာယ်များကင်းခြင်း။ လိုတရခြင်း အစရှိသောအကျိုးတို့ကို လက်တွေ့ခံစားရပေသည်။ ၁၃၀၇-ခု၊ ဒုတိယဝါဆို လပြည့် ဓမ္မစကြာအခါတော်နေ့တွင် ပန်း၊ ရေချမ်း မီးများ ၄၅ ခိုင်၊ ၄၅ တိုင်စီလှူ၍ ဓမ္မစကြာသုတ်တော်ကို ပုတီး ၁၀၈ လုံးရှိသောပုတီးဖြင့် ၃၆ ပတ်စိတ်၍ ပူဇော်ခဲ့လေသည်။ ထိုနေ့ကစ၍ ဝါတွင်းလုံး- တိစီဝရိတ်၊ ကေသနိပ်၊ ပတ္တပိုင်၊ ပိဏ္ဍပတ်၊ သပဒါန၊ ဤငါးပါးသောဓုတင်တို့ကို ဆောက်တည်ရန် အဓိဋ္ဌာန် ပြုလိုက်ပါတော့သည်။

ငါ၏ရဟန်းခံ ကံဆောင်သံဃာ ၂၀ တို့ကိုသင်္ကန်းတစ်စုံစီ၊ ဝတ္ထုငွေ ၂၅ကျပ်-စီ၊ သတိထား စာအုပ်တစ်အုပ်စီ၊ ကြွရောက်လာသောပရိသတ်ကိုလည်း မီးခြစ်တစ်ထုပ်စီ၊ ဖယောင်းတိုင်း ၃ ထုပ်စီ၊ မျက်နှာသုတ်ပုဝါ အကြီးအသေးတစ်ထည်စီ၊ အမွှေးဆပ်ပြာခဲ ၃ ခဲစီ၊ အကြမ်းဆပ်ပြာခဲ ၃ တောင့်စီ၊ လဖက်ခြောက် ၅ ထုပ်စီ၊ နို့ဆီဘူး ၂ ဘူးစီ၊ ငါးသေတ္တာတစ်ဘူးစီ၊ ဘိနပ်တစ်ရံစီ လှူဒါန်းကြလေသည်။ ထူးဆန်းသောအချက်မှာ- ရဟန်းခပြီးလျှင် အနောက်မျက်နှာမှာ သိမ်တော်ကနေပြီး မြွေကြီး ၂ ကောင်ဆင်းလာပြီး ပြေးသွားကြခြင်းမှာ အလွန်ထူးဆန်းသော နမိတ်လက္ခဏာဖြစ်လေသည်။

စာကျက်၊ စာအံ၊ စာသင်ရင်းနှင့် ပုတီးစိတ်လာကာ ရဟန်းတဝါရရှိခဲ့လေပြီ။ ၁၃၀၇-ခု၊ တပိုတွဲလဆန်း ၁ ရက်နေ့တွင် မွေးနေ့ဖြစ်၍ ထိုနေ့သည်စနေနေ့ဖြစ်၍ မွေးနေ့နှင့်မဆုံ၊ မွေးရက်မွေးလသာဖြစ်လေသည်။ ထိုမွေးနေ့မှအစပြု၍ မပြီးစီးသေးသော မဟာသကျသာမိ ဘုရားကြီးကိုဆက်လက်ပြီး၊ ပြီးစီးအောင်ဆောင်ရွက်လိုသောစိတ်ဖြစ်၍ ဆရာတော်ထံလျှောက်ရာ ဆရာတော်ကခွင့်ပြုလေသည်။ ဆရာတော်ခွင့်ပြုချက်အရ ကျွန်ုပ်သည်ထိုနေ့မှအစပြု၍ မဟာသကျသာမိ ခေါ်ကျေးလက်ဆက်ဘုရားကြီးကို ပြင်ဆင်ခဲ့ပေသည်။

၁၃၀၈ - ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်နေ့တွင် ကျွန်ုပ်နှင့်အဖော်ဦးပဥ္စင်းနှစ်ပါးတို့ဖြင့် အမရပူရမြို့တွင်း မိုးအေးအေးနှင့်လျှောက်လည်ရာ ကျောက်နီ တလုံးတောက်ရ၍ နားလည်သူအားပြကြည့်ရာ သိန်းလောက်တန်ကြောင်းပြော၍ဘုရားပြင်ရန် ရည်စူးပြီး ငါပြင်တဲ့ဘုရားကြီးတော့ အောင်တော့မှာဆိုပြီး ဝမ်းသာအားရနှင့် ဆရာတော်ကို ထိုအကြောင်းအရာ လျှောက်ထားရာ ဆရာတော်က သိမ်းထားခိုင်း၍ သိမ်းထားရာ ၃ ရက်လောက်နေတော့ ဝယ်မည့် သူများလိုက်လာကြတော့၊ သိမ်းဆည်းထားသော သေတ္တာထဲဖွင့်ကြည့်ရာတွင် မတွေ့တော့ပါ။ ဆရာတော် ကလည်း ကိုရင်များစစ်တော့ မပေါ်တော့ပါ။ နေရာအနှံ့အပြား ကျောက်လာဝယ်သောလူများနှင့် ဦးပဥ္စင်း၊ ကိုရင်များ လိုက်ရှာကြရာ ရှာလို့မတွေ့တော့ပါ။ ကျွန်ုပ်စိတ်မှာလည်း အလွန်ထိခိုက်သွားပါတော့သည်။

ကျောက်ဝယ်သူများက ငွေသိန်းနှစ်သောင်းပေးရန် ငွေယူလာကြကြောင်းကို ဘုန်းကြီးရှေ့မှောက်တွင် လက်ဆွဲဂျုံအိတ်များထဲမှ ငွေများကို ထုတ်ပြကြပါတော့သည်။ သူတို့လည်းတောက် တခေါက်ခေါက်နှင့် ဖြစ်နေပါတော့သည်။ ကျွန်ုပ်ဆိုတာလည်း မပြောနှင့်တော့။ အတော်စိတ်ထိခိုက် သွားပါတော့သည်။ ဆရာဘုန်းကြီးကလည်း ကျွန်ုပ်အတွက် အတော်စိတ်မကောင်းပါ။ ကျောက်ဝယ်သူများပြန်သွားကြလေပြီ။ ဆရာဘုန်းကြီးက ဦးပဥ္စင်းကိုရင်များကို ထပ်ခေါ်ပြီး စစ်မေးပြန်လေသည်။ ထိုအခါကြမှ ကိုရင်တပါးက ကျောက်နီကလေးလှတာနှင့် ကစားဖို့ဦးပဥ္စင်းလေး သေတ္တာထဲကယူပြီး ကုဋီတံတားပေါ်မှာ

ကစားကြရာတံတားအောက် ကျပျောက်သွားကြောင်း။ ကိုရင်များဝိုင်းရှာလည်း မတွေ့တော့ကြောင်း လျှောက်တော့မှ ဘုန်းကြီးကပျောက်သောနေရာအားပြခိုင်းပြီး ရှင်းလင်းတူး ဆွ၍ရှာပါသော်လည်း မတွေ့တော့ပေ။

ညကြတော့ ဆရာဘုန်းကြီးကခေါ်ပြီး တရားဟောပါတော့သည်။ တရားဟောပြီးနောက် မင်း ပုတီးစိပ်နေတာ ဘယ်ရောက်သွားပြီလည်းဟုမေးရာ ဘုရားတပည့်တော်မမွေခန္ဓာ ရှစ်သောင်းလေးထောင် ပြီး၍ မြေခါတ်ရောက်နေပါပြီဘုရား၊ မြေခါတ်မှာပုတီးပတ် ၇၀ လောက်ဘဲလိုပါတော့တယ်ဘုရား။ အေး-အေး ပေါက်မြောက်အောင်စိတ်ကွယ်၊ ဖြစ်ပြီးသားထားလိုက်တော့၊ ကိုယ်နှင့်မထိုက်လို့ထွက်သွား တာဘဲ၊ သွားပစေပေါ့နော်၊ ကံမလိုက်သေးလို့ဟုမှတ်ပေ့။ ကံလိုက်လာအောင်ပုတီးသာကြိုးစားစိတ်၊ ပညာသင်တာ လည်း မလျှော့နဲ့ကွယ့်၊ မှန်ပါ့ဘုရား။ ဤသို့ဖြင့်အိပ်ရာဝင်ခဲ့လေပြီ။ ကျောက်ထဲကိုသာ စိတ်ရောက်နေပြီး စိတ်တော်တော်ထိခိုက်၍ တော်တော်နှင့်အိပ်မရတော့ပါ။ ၁၂ နာရီလောက်မှ အိပ်ပျော်မှန်းမသိ အိပ်ပျော်သွားလေတော့သည်။

## စတုတ္ထအိပ်မက်

ကျွန်ုပ်ကိုအဖွားကြီးတယောက်က ကိုယ်တော်လေး လာ လာ ဖွားဖွားနှင့်လိုက်ခဲ့ဟုခေါ်သဖြင့် လိုက်သွားပါတော့သည်။ အလွန်နက်သော တောကြီးတတောထဲရောက်နေပါတော့သည်။ ပတ်ဝန်းကျင် ကို လျှောက်ပြီးမျက်စိကစားကြည့်တော့ ပုဆိုးတပတ်လောက်သစ်ပင်ကြီးများ အထပ်ထပ်၊အစီအရီ ပေါက်နေပါသည်။ အမွှေးနံ့များကလည်းတသင်းသင်း အပွင့်များကလည်းစုံလှသည်။ မတွေ့ဘူးသော အပွင့်အရွက်များသာတွေ့ရသည်။ အချို့သောအပင်ကြီးများကြားမှာ ရေကန်ကြီးများတွေ့ရသည်။ ကျား၊ ဆင်၊ ဒေါင်း၊ ခြသေ့၊ မြွေသတ္တဝါများတို့ ရေသောက်နေကြ၏။ အမျိုးအမည်မသိသော ကျေးငှက် သတ္တဝါများလည်း ဝဲကာ၊ ပျံကာ၊ နားကာနှင့်တောရှုခင်းကို ဝေးမောနေမိပါတော့သည်။

ထိုအခိုက် ကိုယ်တော်လေး - ကိုယ်တော်လေးဟု နှစ်ခွန်းခေါ်လိုက်သော အသံလာရာဆီသို့ လှည့်ကြည့်လိုက်တော့ ရင်ထိတ်သွားမိပါတော့သည်။ ဖွားဖွားကို မျက်ကလဲဆံပြာအဝေးအနီးကြည့်၍ မျက်စိဖြင့်ရှာရာ မတွေ့ပါတော့ချေ။ ကျွန်ုပ်ကိုခေါ်သော လုံမပျိုကလေးသာ ကျွန်ုပ်နှင့် နီးနီးလာချေ တော့သည်။ ဟော- မြောက်ကတယောက်၊ ဟော- အရှေ့ကတယောက်၊ ဟော- အနောက်က တယောက်၊ ကျောနောက်က ကပ်လျှက်တယောက်၊ ဝဲကတယောက်၊ ယာကတယောက် မိန်းခလေး များက၊ ကျွန်ုပ်ကို ဝိုင်းမိရပ်သားဖြစ်နေပေပြီ။ ကျွန်ုပ်လည်းမကြံသာ။ အခြေအနေကိုသာ စောင့်ကြည့်နေရ ပါတော့သည်။

ထိုခဏတွင်ခေါ်သော မိန်းခလေး က ကျွန်ုပ်၏ယာဘက်မှရပ်လိုက်ပြီး ကိုယ်တော်လေး ဘာဖြစ်နေ တာလဲ။ ဖွားဖွားပျောက်နေ လို့လား။ ဖွားဖွားတွေချင်ရင် နှမတော်တို့နှင့်လိုက်ခဲ့ပါ။ ကျွန်ုပ်သည်သူငယ်မ ပြောတာကို ဂရုမစိုက်ဘဲ သူတို့၏ရုပ်ရည်နှင့် ကိုယ်ကာယများကိုသာ ကြည့်ရှုသုံးသပ်နေမိတော့သည်။ ထူးသည်၊ လှသည်၊ စာဖွဲ့လို့မရအောင်လှသည်။ ကျွန်ုပ်အဖို့ဆန်းနေသည်။ မပြောတတ်လောက်အောင် ဆန်းနေသည်။ ကိုယ်တော်လေး ဖွားဖွားတွေ့ချင်ရင် နှမတော်လေးတို့နှင့်လိုက်ခဲ့ပါ လာပါ။ ချီတော်မူကြပါစို့၊

ပြောပြောဆိုဆိုနှင့် ဘယ်လက်ကိုကိုင်ဆွဲပြီး ခေါ်သွားပါတော့သည်။ ပါသွားလေပြီ။ လက်ကိုင်ဆွဲခေါ်သွားသော ၂၀ ရွယ်လောက်မိန်ခလေးက ဖြူစွတ်နေသောအဝတ်အစားများ ဝတ်ထားသည်။ ခေါင်းပေါ်မှာဆောင်းထားသော ဧးပုံမှစ၍ ခြေမှာဝတ်ထားသော ဟင်္သာခြေနင်းတိုင်အောင် ဆွဲကြိုး၊ ပုတီး၊ လက်ကောက်အားလုံး အဖြူရောင် ဝိုးဝိုးဝင်းဝင်း၊ ဖျိုးဖျိုးဖျက်ဖျက်နှင့် တောက်ပ၍ရှုမငြီးအောင် ဖြစ်နေ ပေသည်။

နောက်ပါ ၆ ယောက်သောမိန်ခလေးများက အစိမ်းနုရောင်ဆင်ယဉ် ထားကြသည်။ ဝတ်ဆင်ပုံမှာ အငြိမ့်မင်းသမီးများနှင့်တူပါသည်။ ရောက်သွားပြီ တောင်ကြီးတစ်တောင်ပေါ်။ ထိုတောင်ပေါ်တွင် အမျိုးမျိုးသော ရတနာကျောက်များပြည့်နေသည်။ ဒီလောက်များပြားတော့ ဘယ်ကျောက်ကို ကောက်ရမည်မသိပါ။ ကိုယ်တော်လေး ပျောက်သွားသော ပတ္တမြားကျောက်က ဒါမျိုးမဟုတ်လားဟု အဖြူရောင်မိန်းခလေးက ကောက်ပြပါသည်။ ဟုတ်သည်၊ မှန်သည်၊ ကျွန်ုပ်ရသောကျောက်သည် လက်စွပ်ကဲ့သို့ ရွှေကွပ်ထားသည်။ ယခုပျောက်သော ကျောက်လည်းထပ်တူ ဖြစ်နေသည်။ ကျွန်ုပ်သည် ဝမ်းသာသွားသည်။ ကိုယ်တော်လေး ဒါမျိုးတွေဒီမှာပြည့်လို့ မြင်တော်မူတယ် မဟုတ်လား။ ကိုယ်တော်လေး ကိုင်ထားသောပုတီးလောက် အဖိုးမတန်ပါဘူး။ အဖိုးတန်တယ်ထင်ရင် ကိုယ်တော်လေးပုတီးနှင့် လဲမလား။ အင်း-စဉ်းစားရပြီလေ။ ကျောက်တော့ လိုချင်သည်၊ သိပ်လိုချင်သည်။ ဒါပေမဲ့ ပုတီးနှင့်ငါမလဲနိုင်ပါ။ မဖြူကကျောက်ပေး၍ပုတီးကို ဖွတ်တောင်းနေပေပြီ။ ထိုအခါကြမှ နှမြောရမှန်းသိလာပြီး ဤကျောက်မျိုး သည်ဤတောင်ပေါ် အမှိုက်ကဲ့သို့ ဖြစ်နေသည်။

ကျွန်ုပ်၏ပုတီးကဲ့သို့သောပုတီးများ ဤတောင်ပေါ်တွင် မတွေ့ရပါ။ ထို့ကြောင့်နှမြောသည်၊ အလွန်နှမြောသည်။ ပုတီးကို မြဲမြဲဆုပ်ကိုင်၍ ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ ငါ့ပုတီးနှင့် မလဲနိုင်ဘူး- နင်တို့ကျောက်တွေက ဘာအဖိုးတန်လို့လဲ။ ငါ့ပုတီးမရှိလျှင် ရှေ့ရက်၊ လ၊ နှစ်တွေ မစိတ်ရဘဲမိဋ္ဌာန်ပျက်လိမ့်မယ်။ ငါ့မှာလည်းဒုက္ခရောက်လိမ့်မယ်။ မပေးဘူး၊ မလဲဘူး။ ထိုတောင်ပေါ်တွင် ခလေးမများက ကျွန်ုပ်ကိုဝိုင်း၍ လက်အုပ်ချီ ကြသည်။ ကိုယ်တော်လေး နှမတော်တို့ဟာလူ သားများမဟုတ်ကြပါ။ နတ်ဒေဝီများဖြစ်ပါသည်။ နှမတော်ကတော့ ပိဋကမြမယ်တော်လို့လဲခေါ်ပါသည်။ သူရဿတီမယ်တော်ကြီး လို့လည်းခေါ်ပါတယ်။ ဒါတွေကတော့ ညီမတော် ၆ ယောက်ပါ။ နှစ်ယောက်ကျန်ပါသေးသည်။ ကိစ္စရှိလို့အခြားသွားနေပါသေးတယ်။ နေ့စဉ်နှင့်အမျှ တပည့်တော် တို့ကို အမျှဝေမေတ္တာပို့ပါဘုရား။ ကောင်းပါပြီ နှမတော် တို့ကို နေ့စဉ်အမျှ မေတ္တာပို့ဝေပါ့မယ် ဂတိပြုပါ တယ်။ သာဓုပါဘုရား သာဓုပါ သာဓုပါ။ ကဲ ကိုယ်တော်လေး ကြွတော်မူပါ၊ ပြောပြောဆိုဆိုနှင့် တောင်ခြေမှရေပြင်ကို ရောက်လာပါသည်။

ဟိုဘက်ကမ်းကူးရအောင် နှမတော်တို့လိုက်ပို့ပါမည်။ နှစ်လှမ်းသုံးလှမ်းသွားလိုက်တော့ လှေလိုလိုကရဝိတ် ဖောင်လိုလို အပေါ်ရောက်သွားပါသည်။ တောင်သမန် အင်းဆိပ် ကျွန်ုပ်ကျောင်း ထိပ်နားဖြစ်နေသည်။ ကျွန်ုပ်လည်းတက်လာပါတော့သည်။ သူတို့လည်းပျောက်သွားပါတော့သည်။ ဘုန်းကြီးအသံကြားလာရ ပါသည်။ ဝါယမလည်း စိတ်ထိခိုက်ပြီး ညဉ့်နက်မှအိပ်တယ်ထင်တယ်။ အခုတောင် မနိုးသေးဘူး၊ နှိုးလိုက်ကြ ဟ။ ဘုရားဝတ်တက်ရအောင်။ ထိုအသံကြားမှ အိပ်ရာကထပြီး မျက်နှာသစ် ဘုရားဝတ်တက်သွားပါတော့ သည်။ ဝတ်တက်ကိစ္စ၊ အဟာရကိစ္စများပြီးလျှင် ညကမက်ခဲ့သော အိပ်မက်အကြောင်းကို လျှောက်ထားပါသည်။

ဆရာတော်ဘုရားက အမိန့်ရှိသည်မှာ ဝါယမရောက်သွားတာ ဟိမဝန္တာတောင်ဖြစ်တယ်။ အဲဒီမှာ ဝေပုလ္လတောင် ရှိတယ်။ရတနာများပေါ်တယ်၊ ၄ပင်းအပြင် ရဟန္တာများ သီတင်းသုံးတဲ့ နန္ဒမူလိုင်ဂူနှင့် ဂန္ဓမာဒန တောင်လည်းရှိတယ်။ ရဟန္တာသီတင်းသုံးတဲ့ နန္ဒမူလိုင်ဂူဟာ အဲဒီဟိမဝန္တာမှာရှိတယ်။ နန္ဒမူလိုင်ဂူ သီတင်းသုံးတော်မူကြတဲ့ ရဟန္တာများကို သူရဿတီအစရှိသော ဒေဝီကိုးပါးက ဝတ်ကြီးဝတ်ငယ် ပြုစု နေကြတဲ့အကြောင်း စာမှာတွေ့တယ်။ အချို့အာနန္ဒာသမိုင်းမှာလဲဖတ်ရတယ်။အင်းဝခေတ်က ဗားလေးပါး တို့ရေးတဲ့ သဒ္ဓမ္မတုယနပကာသနီ ကျမ်းထဲမှာလည်း စတုတ္ထပေထက် အက္ခရာတင်တော် မူကြသော အရှင်ဓမ္မရက္ခိတ အမှူးရှိသော ရဟန္တာ ၅၀၀ တို့သည် အကြိမ် ၁၀၀ တိုင်တိုင် ပိဋကသုံးပုံကို စီစစ်သုတ်သင်ပြီး တနှစ်ကြာမျှ သံဃာယနာတင်တော်မူကြပြီးနောက် ထိုသုတ်သင်ပြီးသော ပိဋက သုံးပုံကို စောင့်ရှောက် နိုင်ရန် နတ်သမီးရွေးချယ်သောအခါ ရာဇဂြိုလ်ပြည်သူ စိဝရဒါယကာမနတ်သမီး ကိုတွေ့ကြတယ်၊ ထိုနတ်သမီး၏ သတ္တိဂုဏ်က (၁) ရဲရင့်သောသတ္တိနှင့် ပြည့်စုံခြင်း၊ (၂) မကောင်းမှုကို မပြုလုပ်ခြင်း၊ (၃) သစ္စာဂတိရှိခြင်း၊ (၄) ပြောတဲ့အတိုင်းလုပ်၊ လုပ်တဲ့အတိုင်းပြောခြင်း၊ (၅) ရတနာသုံးပါးကို အလွန် ယုံကြည်၍ သောတာပန်တည်သော နတ်သမီးဖြစ်ခြင်း၊ ဤငါးပါးသောဂုဏ်တို့နှင့် ပြည့်စုံသောကြောင့် **ထိုနတ်သမီးကို သူရဿတီနတ်သမီးဟု ဘွဲ့ထူးပေးကာ ပိဋကသုံးပုံကို အပ်နှင်းလိုက်ကြခြင်း ဖြစ်တယ်။**

**"သူရဿတီရဲ့အဓိပ္ပါယ်ကတော့ သူရ - ရဲရင့်တည်ကြည်သော၊ သတိ- သတိရှိသောဒေဝီ နတ်သမီး၊ သူရဿတီ - ရဲရင့်တည်ကြည်သော သတိရှိသောနတ်သမီးလို့ အဓိပ္ပါယ်ရတယ်"** အဲဒီသာသနာ နှစ် ၄၅၀ မှာ ပေထက်အက္ခရာတင်တော်မူကြတဲ့ အရှင်ဓမ္မရက္ခိတ အမှူးရှိတဲ့ ရဟန္တာမြတ် ၅၀၀တို့က ပိဋကသုံးပုံ အပ်နှင်းပြီး **"သူရဿတီ ဒေဝီ"** ဘွဲ့ထူးပေးလိုက်ကတဲက စာပေတွေမှာ ထင်ပေါ်လာခဲ့တာဘဲ ဝါယမရဲ့ ၊မဟာကုရုန္ဒီအဋ္ဌကထာ၊ မဟာပစ္စရိတ် အဋ္ဌကထာများမှာပါတဲ့အကြောင်း ရေးထား တယ်၊ အလင်္ကာကျမ်းဦးဂါထာမှာလည်း ပိဋကတယ သံပုဏ္ဏံ၊ သဗ္ဗသိဒ္ဓိသုခံဝဟံ ဇိဝှဂ္ဂေမေနိ သိဒ္ဓိသ္သာ၊ မံဒါရေသု တုသူရဿတီ လို့ ဖွဲ့ဆိုသီကုံးထားတာ တွေ့ရတယ်။ ထိုနောက် သာသနာ့ဒါယကာ ဝဋ္ဋဂါမဏိ မင်းကြီးကလည်း ရဟန္တာအရှင်မြတ်များက ပိဋကသုံးပုံကို အပ်နှင်းခံရသော သူရဿတီဒေဝီကို သူ့တိုင်းသူပြည်သားများအား "ပိဋက မြမယ်တော်" ဟုခေါ်တွင်စေ၍ စတုတ္ထသံဃာယနာ စတင်သော နယုန်လပြည့်နေ့တွင် ပိဋကသုံးပုံ ပူဇော်ပွဲ (သူရဿတီပူဇော်ပွဲ) ကို ကြီးကျယ်ခန်းနားစွာ ပြုလုပ်ခဲ့ပေတယ်။

အကြောင်းသော်ကား စတင်သောနေ့သည်လည်း နယုန်လပြည့် ပြီးဆုံးသောနေ့သည်လည်း နယုန်လပြည့်၊ ပိဋကသုံးပုံအပ်နှင်းသောနေ့လည်း နယုန်လပြည့်ဖြစ်၍ ဤနေ့တွင် သူရဿတီ ပူဇော်ပွဲကြီးကို ကြီးကျယ်ခန်းနားစွာလုပ်သည်ဟု ဆရာတော်ဘုရားက အမိန့်ရှိလေသည်။ ထိုနောက် "ဝါယမ မင်းပါရမီ ရှိတယ်၊ အားထုတ်ပါကွယ် နောင်လာနောက်သားများလည်း မှတ်သားရအောင် မှတ်တမ်းများနှင့် သတိရှိရှိရေးမှတ်ကာ အားထုတ်ပါကွယ်။ မန္တာန်ဘက်က လက်တွေ့နည်း မရှိသေးဘူးကွဲ့၊ ဓါတ်ဘက် ကတော့ စာအုပ်များများရှိတယ်။ ဒါကြောင့် မင်းအားထုတ်တဲ့အချိန်အခါမှာ မှတ်တမ်း အတွေ့အကြုံ များရေးပြီး ပြီးစီးသောအခါ စာအုပ်အနေနှင့် ဖြစ်လာအောင် ရေးခဲ့ပါကွယ်။ ထိုက်သူစားလိမ့်မပေါ့၊ မိုက်သူသွားလိမ့်မပေါ့" မှန်လှပါဘုရား၊ ဘုရားတပည့်တော် ပြုလုပ်ပါမည်ဟု ဆရာတော်ဘုရားထံ အာမ

ဘာအ္တွေ ခံခဲ့ပါတော့သည်။ သို့နှင့်ပင် ဆန်း၊ အလင်္ကာ၊ အဘိဓာန်၊ သဒ္ဒါကျမ်းကုန်၍ သင်ရိုး ကျွတ်အောင် သင်နေရသည်မှာ သုံးပုံနှစ်ပုံလောက် ကျိုးသွားပေပြီ။ တူမောင်းဆရာတော်ထံ ညအခါ သွားနေလိုက်သည်။

ဂျပန်ခေတ် စစ်အတွင်းကလည်း မင်္ဂလာတိုက် ဓမ္မာရုံကျောင်းကလေး ဆရာတော် ဦးပဒုမထံ ရှုပသိဒ္ဓိနှင့် ဋီကာကျော်လိုက်၍ သင်ပြီးခဲ့ပါသည်။ ယခုဆရာတော် ဦးပဒုမသည် ဘုရားကြီးတိုက် အာနန္ဒာဘုရား စနေထောင့်၊ အရှင်မြတ်၏ဆရာကျောင်းတွင် သီတင်းသုံး၍ စာချနေပါသည်။ ထိုဆရာတော်သည် ကျမ်းဂန်နှံ့စပ်သည်၊ စာတတ်သည်၊ အဓိပ္ပါယ်ကောင်းမြတ်သည်။ အသံတော်မှာ ပြာလဲ့လဲ့ကလေးဖြစ်သဖြင့် စာလိုက်သံဃာ ၄၀၀- ၅၀၀ လောက်မှာ နောက်ဆုံးက သံဃာမကြားရပေ။ မန္တလေးဘုရားကြီးတိုက်ဆရာတော် ဦးနာဒရထံ ပါရာဇိကံအဋ္ဌကထာ၊ အဋ္ဌသာ လိနီကျမ်းများ ကုန်ခဲ့ရပေသည်။ ဆရာတော်ဦးခန္တီကြီးထံ အလင်္ကာကျမ်းများ လိုက်နေတုံး ဖြစ်ပေသည်။ ရဟန်းနှစ်ဝါရပြီးနောက် အဘိဓမ္မာညဝါကုန်ခဲ့ပြီ၊ သင်ရိုးလည်းကျွတ်ခဲ့ပေပြီ။ လူမှာလည်း သွေးဒူလာ စွဲကပ်လာ၍ ၆ လ လောက် ဆေးကုရပေသည်။ ဝေဒနာပျောက်ကင်းသွားသောအခါ ကိုရင်တုံးက လက်စဖြစ်သော အင်္ဂလိပ်စာကို ဆက်လက်သင်ကြားပြန်လေသည်။

ပုတီးအဆင့်မှာလည်း သုဂတော ၅ ချက်၊ ဓမ္မာခန္တာ၊ မြေ၊ ရေ၊ လေ၊ မီး ဓါတ်ကြီးလေးပါး စိပ်ပြီးသွား၍ သိဒ္ဓိစခန်း ရောက်နေပေပြီ။ ည ပုတီးစိပ်တိုင်း စိပ်တိုင်း လူမြောက်မြောက်ပါသွားလေသည်။ ကြမ်းနှင့်လူ မထိသလို ဖြစ်သွားလေသည်။ တခါ တခါ ကိုယ့်ရုပ်ပုံ နှစ်ပုံပေါ်နေသည်။ ဘာသဘောတွေလဲဟု စဉ်းစားသည်။ ဝေဖန်သည်။ မရပါ။ ဆရာတော်ကို လျှောက်ရပြန်ပါသည်။ ဆရာတော်က အဲဒါတွေ မသာယာနဲ့ ၊ ကိုယ်လုပ်ငန်းကိုသာ မပျက်အောင်လုပ်ပါ၊ ပီတိရဲ့တန်ခိုး၊ သမာဓိရဲ့တန်ခိုးတွေဘဲ ဖြစ်တယ်။ ဘယ်ကြည့်လိုက် ကြည့်လိုက် ဘုရားပုံများ ပေါ်နေတာဘဲဘုရား၊ ဘုရားတပည့်တော်ကထိုင်လျှက် ပုတီးစိပ်လျှင် ထိုင်လျှက်ဘုရားပုံ ပေါ်နေပါတယ်။ လျောင်းလျက်စိပ်လျှင်လည်း လျောင်းလျက်ဘုရားပုံ၊ ထလျက်ပုတီးစိပ်လျှင်လည်း ထလျက်ဘုရားပုံ ပေါ်ပေါ်နေပါတယ်ဘုရား။ အေး အေး ကောင်းတယ် ကောင်းတယ် ၊ အဲဒါတွေ မှတ်ပြီးထား၊ နောင်ကျမှ ငါပြောမယ် ရှေ့ကိုသာဆက်ပြီးစိပ်ပါ။ မှန်လှပါဘုရား- တပည့်တော် ဖြစ်ရပ်ကိုသာ လျှောက်တာပါဘုရား။ အေး ကောင်းပေတယ်၊ ကောင်းပေတယ် ဝါယမ၊ ရှေ့ကိုသာဆက်လက် ကြိုးစားကွယ်။

ဤအမိန့်အတိုင်း ဆက်လက်စိပ်လာရာ တပေါင်းလပြည့်နေ့တွင် အရဟံဂုဏ်တော် အဓိဋ္ဌာန် တက်ခဲ့လေသည်။ ဤအဆင့်ထဲတွင် "မ" ဝင် ဝင်လာသည်။ မနည်းကြိုးစားပြီး ချုပ်တည်းထားရလေသည်။ တခါ- တခါ မန္တလေးတောင်ဘက်၊ မင်းကွန်း၊ စစ်ကိုင်းဘက်သို့ ရှောင်ထွက် သွားရလေသည်။ ဘုရားများ ရောက်တိုင်း အဓိဋ္ဌာန်ပြု၍ ပုတီးစိပ်ခဲ့ပေသည်။ ဤကဲ့သို့ ဘုရားများထွက်၍ ပုတီးစိပ်ခြင်းကို စိတ်ထဲတွင် ခံစားမှုတမျိုး ဖြစ်ဖြစ်လာ၍ ထိုခံစားမှုကို လက်ဆုပ်လက်ကိုင် မိမိရရခံစားလိုပေသည်။ သို့ဖြစ်၍ ရဟန်းတစ်ဝါရစက ပြတ်တောင်းပြတ်တောင်းဖြစ်နေသော ဘုရားဖူးခြင်းလက်စကို နေ့စဉ်နှင့်အမျှ ဘုရားနှစ်ဆူ ဖူးမျှော်ရန် အဓိဋ္ဌာန်လိုက်လေသည်။

## လက်တွေ့ကိုယ်တွေ့ အဖြစ်အပျက်

ထိုကဲ့သို့ အဓိဋ္ဌာန်ပြီး နေ့စဉ်ဖူးပြီး ပုတီးစိပ်ခဲ့ရာ ၃ ဝါရပြီး **"လေဓါတ်အရဟံဂုဏ်တော်"** စိပ်နေချိန် သီတင်းကျွတ်လပြည့်နေ့ ညနေ ၇ နာရီလောက်တွင် အောင်မြေရွှေဘုံဘုရား ပုတီးစိပ်နေရာ ပုတီးစိပ်လို့ ငါးပတ်လောက်အရတွင် မိန်းကလေးတယောက် နောက်နားကပ်ပြီး ဘုရားထိုင်ရှိခိုးနေပေသည်။ ကျွန်ုပ်လည်း အမွှေးနံ့သာလာရာဆီသို့ လှည့်ကြည့်လိုက်တော့ မိန်းကလေးကို တွေ့ရပါသည်။ ကျွန်ုပ်လည်း ကြောက်စိတ်တွေဖြစ်သော်လည်း အဓိဋ္ဌာန်ပျက်မည်ကို စိုးသောကြောင့် ငွတ်မှိတ်၍အဓိဋ္ဌာန် ပုတီးပတ်ပြည့်အောင် စိပ်နေပါတော့သည်။ အဓိဋ္ဌာန်ပြည့်မှာ တပတ်လောက် အလိုတွင် **"ကိုယ်တော်လေး ၄ ဝါရသောအခါ ဤလထဲတွင် ကိုယ်တော်လေးကျောင်းထိုင်ရလိမ့်မည်"** ဟု မိန်းကလေးကပြောပြီး ထသွားလေသည်။ ကျွန်ုပ်လည်း ပုတီးပြီးတော့ ထိုမိန်းကလေးထိုင်သောနေရာ အခြေအနေ လှေ့လာ၍ကြည့်တော့ သရဖီပန်းကုံးတကုံး တွေ့ရပါသည်။ လတ်လတ်ဆတ်ဆတ်ကြီး ဖြစ်နေပါသည်။ ထိုအကြောင်းအရာများကို ဆရာတော်လျှောက်သောအခါ ဒါ လူမဟုတ်နိုင်ဘူး၊ ဥစ္စာစောင့်နှင့်ဒေဝီ တယောက်ယောက်ဘဲဝါယမ ညတို့ အာရုံတို့ ဘုရားများသွားမဖူးဘဲ မနက်ပိုင်း၊ ညနေပိုင်း မိုးမချုပ်ခင် သွားဖူးပေါ့၊ ကိုယ့်ဖို့ကားယားတွေ့လို့ လန့်ဖြန့်ပြီး ရူးလာလျှင် ခက်လိမ့်မယ်ဟု ဆရာတော်က သတိပေးပါသည်။

ကျွန်ုပ်လည်း အချိန်ကျလျှင် သွားချင်လာသည်။ အဓိဋ္ဌာန်ကလည်းရှိ ထားပေသည်။ သို့နှင့်ပင် ဘုရားဖူးရင်း၊ ပုတီးစိပ်ရင်းနှင့် ရက်၊ လများကုန်ဆုံးခဲ့ရာ တပို့တွဲလထဲရောက်ခဲ့ပေပြီ။ တပို့တွဲလဆန်း ၁ ရက်၊ မွေးနေ့တွင် ပန်းတစ်ထောင်၊ ရေတစ်ထောင် လှူ၍ ပုတီး ၁၀၈ ပတ်စိပ်လိုက်ပါသည်။ ကျွန်ုပ်၏ ဆရာတော်ဘုရား ကလည်း လူကြီးရောဂါနှင့် တရှောင်ရှောင် ဖျားလာလေသည်။ အိပ်ရာထဲတော့ မလဲသေးပါ။ အခြေအနေ တော်တော်ကောင်းနေသောအချိန်ဖြစ်၍ ကျွန်ုပ်လည်း စာသင်ရာပြန်မှ ဆရာဝတ်ပြုပါတော့သည်။ ကိုရင်၊ ကျောင်းသား၊ ရဟန်းများ၊ လူဒကာ ဒကာမများကလည်း အဘက်ဘက်က မလိုရအောင် ပြုစုစောင့်ရှောက် ကြလေသည်။ တစ်ဆေးမကောင်း တစ်ဆေးနှင့်ကုလာရာ ဝါဆိုလပြည့်ရန် နီးလာပါသည်။ ဆရာတော် ဝေဒနာကလည်း တိုးလာ၍ ကျွန်ုပ်လည်း ကျောင်းကထွက်၍ စာသင်တာရပ်ပြီး ဆရာတော်ကိုသာ အထူးသဖြင့် ပြုစုစောင့်ရှောက် နေရပါသည်။

ညတညတွင် အနောက်ဆောင်ထဲ ပုတီးစိပ်နေစဉ် **"ကိုယ်တော်၏ ဆရာတော်ရမှာမဟုတ်၊ ဝါကျွတ်လောက်ဘဲခံမယ်"** ဟု ပြောသောအသံ ကြားလိုက်ရပါသည်။ အသံလာရာလျှောက်ရှာကြည့်လိုက်ပါသည်။ ဘာကိုမျှမတွေ့ရပါ။ ကျွန်ုပ်လည်း ဤအသံ ကတော့ အလွန်အတိတ်၊ နမိတ်ဆိုးတဲ့ မင်္ဂလာမရှိစကားသံဘဲ။ မနှစ်က သီတင်းကျွတ်လောက်တုံးကလဲ ၄ ဝါရလျှင် ကျောင်းထိုင်ရမည်လို့ ပြောသွားပြန်တယ်။ ဘာတွေလာပြီး ငါပုတီးစိပ်တာကို အနှောက်အယှက်ဖြစ်အောင် လာလာပြောကြတယ် မသိဘူး။ "လောကကြီးကလည်း ကောင်းတာလုပ်ပြန် တော့လည်း အနှောက်အယှက် ပေါ်တာဘဲ၊ လွတ်လပ်တဲ့ လောကကြီးမဟုတ်ပါလား"ဟု တယောက်ထဲ တွေးမိပါတော့သည်။ သို့နှင့်ပင် ဆရာတော် ရောဂါဝေဒနာမှာ သက်သာတယ်မရှိဘဲ တိုးတိုးလာလေသည်။

သီတင်းကျွတ်လဆန်း ၁၂ ရက် တနင်္လာနေ့ အာရုံတက်ချိန်တွင် ဆရာတော်ဘုရားက တပည့်ဒါယကာအားလုံးခေါ်ပြီး မိန့်ခွန်းပြောသည်မှာ - "ငါ့တပည့်များ ငါမရှိသည့်နောက်တွင် ကျောင်းတိုက်ကြီး

ကို အစဉ်အဆက် ထိမ်းသိမ်းစောင့် ရှောက်ရစ်ကြ၊ သာသနာ့ပစ္စည်းဆိုတာ စောင့်ရှောက်သော ပုဂ္ဂိုလ်များသည် မြင့်မြတ်သောအကျိုးကို ဧကံရရှိတယ်ကွဲ့၊ ကိုယ်စောင့်ရှောက်လို့၊ ဤကျောင်းတိုက်ကြီး တည်တံ့နေသမျှ ကာလပတ်လုံး ကိုယ့်ကုသိုလ်ကြီးဘဲကွယ်၊ စေတနာနှင့် စောင့်ရှောက်ကြ။ မတိုးတက်တာတောနေပေစေပေါ့၊ လက်ရှိ အခြေအနေထက် မဆုတ်ယုတ်အောင်တော့ စောင့်ရှောက်ထား ကြရမယ်ကွယ်။ ဝါယမကတော့ ငါ အထူးမှာချင်တာက ပုတီးကို မပျက်အောင်စိပ်ပြီး မဟာသကျသာမိ ဘုရားကြီးကို ပြီးစီးအောင်ပြင်ပေါ့ကွယ်။ ကဲ ကဲ အားလုံးကန်တော့ကြ ကန်တော့ကြ လိုက်ဆိုကြကွဲ့ ဘုရားတပည့်တော်တို့သည် သံသရာအဆက်ဆက်မှစ၍ ယနေ့တိုင်အောင် ဆရာတော်ဘုရားအပေါ် ကာယကံမှု အပြစ်ကြီးငယ်၊ မနောကံမှု အပြစ်ကြီးငယ်၊ ဝစီကံမှု အပြစ်ကြီးငယ် တို့ကို ကျူးလွန်မိသည်ရှိသော် ကျေနပ်ခွင့်လွှတ်တော်မူပါ အရှင်ဘုရား၊ ငါကလည်း ထိုနည်းတူ ငါ့တပည့် ဒါယကာများအပေါ် ပြစ်မှားလွန်ကျူး မိသည်ရှိသော် ခွင့်လွှတ်ကြပေါ့" မှန်လှပါဘုရား အားလုံးဆိုပြီး ဝတ်ချပြီး မျက်နှာမသာမယာနှင့် နေကြလေသည်။ အချို့က ဝမ်းနည်းပြီး မျက်ရည်ကျကြလေသည်။ ကျွန်ုပ်တို့အတူပင် ရှိတော့သည်။ ကဲ သွားကြ သွားကြ အစောင့်နှစ်ယောက်လောက်ဘဲ နေရစ်ခဲ့ကြဆိုပြီး ဘုရားခန်းဘက်စောင်းလျှက်လှဲပြီး နေလေသည်။ အသက်ငြင်ငြင်သာသာ ရှူနေလေသည်။

မည်သူမျှ ဆွမ်းခံမထွက်ဘဲ၊ အရိပ်အခြေကိုသာ စောင့်ကြည့်လေသည်။ နံနက်၁၀နာရီ လောက်ဘွင် ငြိမ်သွားလေသည်။ ထိုအခါ တပည့်ကြီးများက အနားကပ်ကြည့်ပြီး နှာခေါင်းကို ဂွမ်းနှင့်ကပ် ကြည့်လေသည်။ အသက်မရှိတော့ကြောင်းသိ၍ အားလုံးခေါ် လေသည်။ ကျွန်ုပ်သည် အနောက်ဆောင် ထဲ ပုတီးစိပ်ပြီးနေလေသည်။ ကြေးမောင်း၊ တုံးများထိုးတော့မှ ဆရာတော်ပျံတော်မူကြောင်းသိရ၍ ကိစ္စများကို ဆောင်ရွက်ရလေတော့သည်။ ထိုညတွင်အရပ်ထဲ ဒကာ၊ ဒကာမများထံသွား၍ ပြောစရာ တိုင်ပင်စရာများ ပြောပြီး ကျောင်းပြန်လာရာ မဟာသကျသာမိဘုရား ရှေ့တွင် ပုတီးစိပ်ချင်စိတ်ပေါက်လာ၍ဝင်ပြီး ၉ ပတ်စိပ်နေပါသည်။ ထိုအတွင်း ခြေသံကြားပြီး လူထိုင်သံလိုလို ကြားလိုက်ပါသည်။

ည ၉ နာရီ လောက်ရှိနေ၍ ပါလာသော ဖယောင်းတိုင် မီးထွန်းထားသော အရောင်မှတပါး ဘေးမီးရောင်များ မရှိပါ။ သို့နှင့်ပင် ပုတီးပြီးသောအခါ နောက်လှည့်ကြည့်လိုက်ပါသည်။ ပိတ်ဖြူ လုံချည် အင်္ကျီဝတ်ထားသော စိတ်ပုတီး ကိုင်ထားသော လူကြီးတယောက် တွေ့ရပါတော့သည်။ ရုတ်ခနဲ လန့်သွားပါတော့သည်။ သတိပြုပြီး အခြေအနေကြည့်ခါ မေးမြန်းပါတော့သည်။ ဒကာကြီးက ဘယ်ကလာပြီး ပုတီးစိပ်တာလဲ။ ပုတီးစိပ်တာ တော်တော်ဝါရင့်ပြီလား ဟု စကားစလိုက်ပါသည်။ ဦးပဉ္စင်းက တပည့်တော်ကိုမမှတ်မိဘူးလား၊ မမှတ်မိပါဘူးတကာကြီး။ မျက်နှာကို သေသေချာချာ ကြည့်ပါဦး။ ထိုအခါ ကျွန်ုပ်ကမျက်နှာကို သေသေချာချာကြည့်တော့ ဆရာတော် မျက်နှာဖြစ်နေလေသည်။ ဩ- ဆရာတော်ဘုရားပါလား မနက်ကဘဲ ပျံတော်မူ သွားတာဘဲ။ ဟုတ်ပါတယ် ယခုတပည့်တော် ရုက္ခစိုးဖြစ်နေပါတယ်။ ဒီနားဆီက မကျည်းပင်မှာ နေပါတယ်။ ဩ- ဩ- ဩ- ဟု အံ့အားသင့်စွာ ကြည့်နေပြီး ဦးပဉ္စင်း ဒီဘုရားကြီး ပြီးဖို့နှင့် ပုတီးစိပ်ဖို့ မမေ့နဲ့နော်၊ ကောင်းပါပြီ။ ကိုင်း ကိုင်း သွားလိုက်အုံးမယ်၊ နောင်အခန့်သင့်တဲ့အခါ တွေ့ကြသေးတာပေါ့ ဆိုပြီး သွားပါတော့သည်။ ကျွန်ုပ်လည်း စိတ်ချောက်ချား၍ ကြောက်ကြောက်နှင့် ကျောင်းပြန်လာပါတော့သည်။ ဦးပဉ္စင်းများ၊ ကျောင်းသားကြီးများက ဆူညံဆူညံနှင့် စကားပြောနေ

ကြလေသည်။ ကျွန်ုပ်က ပြင်ထားသော ဆရာတော် ဘုရားကြီး အလောင်းကို သေသေချာချာကြည့်ပြီး အင်း ဒီရုပ်ဘဲဟု စိတ်ထဲက ရေရွတ်ပြီး မည်သူ့ကိုမျှ မပြောဘဲနေလိုက်ပါတော့သည်။

သို့နှင့် ဘုန်းကြီးပျံကိစ္စပြီး၍ အကြီးဆုံးဖြစ်သော ဦးနိမလကို ကျောင်းတင်လိုက်လေသည်။ ကျွန်ုပ်သင်လက်စ စာကိုဆက်သင်လေသည်။ ဦးနိမလ တဝါနေပြီး မိတ္ထီလာသွားအုံးမည်ဆို၍ ကျွန်ုပ်က ကျောင်းစောင့်နေရလေသည်။ တလလောက်ကြာတော့မှ မလာ၍လိုက်တော့ လူထွက်နေကြောင်း သိရပါတော့သည်။ ကျွန်ုပ်လည်း ကျောင်းပြန်လာ၍ မည်သူမျှမရှိလျှင် ငါ့တာဝန်ဘဲဆိုပြီး ကျောင်းထိုင်အဖြစ် မရည်ရွယ်ဘဲ ရောက်သွားတော့ သင်လက်စ စာများကိုလည်း ရပ်နားလိုက်တော့၏။ သို့နှင့် ဂုဏ်တော် သုံးဆင့်ပြီး၍ လေးဆင့်စိပ်နေပါတော့သည်။ ကြေးလက်ဆက်ဘုရားကြီးမှာလည်း ဂန္ဓကုဋိတိုက်ကြီး လေးဘက်ညီသွားပြီး အလည်မဏ္ဍိုင် တက်နေပေပြီ။

နောက်တနေ့တွင် ပုတီးစိပ်ရင်း ကြေးဘုရားကြီး ဂန္ဓကုဋိတိုက်တွင် မှေးကနဲဖြစ်သွားခိုက် အဆင့်ဆင့် တက်ပြီး ပြီးမြောက်သွားသည်ဟု ထင်ရလေသည်။ အဆင့်ဆင့်ဖြစ်ပုံမှာ မူလပကတိအရွယ်ကနေ ဝါဝင်းစိုပြည်သော အသားများဖြစ်လာပြီး တောက်ပသော အဝတ်များ ဝတ်ထားရာမှ ထိုင်ရင်းနှင့်တဖြေးဖြေး ကောင်းကင်ထက်ကြွသွား၏။ ကောင်းကင်ရောက် တော့ တောက်ပသော နီညိုပတ္တမြားရောင်ရှင် သင်္ကန်းကိုဝတ်ရုံထားပြီး ကောင်းကင်သွားလာနေ၏။ ထိုနောက် ၃၀ ရွယ်ခန့်မှ ၄၀ ရွယ်ခန့် ဖြစ်သွား၏။ သင်္ကန်းရောင်မှာလည်း ပတ္တမြားသွေးလို တောက်ပ သော အနီရောင် ဖြစ်နေ၏။ အသားအရေများလည်း ဝါဝင်းနေ၏။ ကိုယ်အင်္ဂါအစိတ်အပိုင်းများက တဖျတ်ဖျတ်နှင့် အရောင်ထွက်နေ၏။ ထိုကဲ့သို့ဖြစ်နေခိုက် ဘော်သခွါးရောင်ကဲ့သို့ တောက်ပသော၊ ဖြူဆွတ်တောင်ပသော အဝတ်ကိုဝတ်ထားပြီးသား ဖြစ်နေပြန်၏။ ပတ်ဝန်းကျင်က အရွယ်အမျိုးမျိုး အစားစား လှပသောမိန်းကလေးများ ဝိုင်းရံပြီး တီးသူတီး၊ ဆိုသူဆို၊ ကသူကနှင့် ကျွန်ုပ်အားဝိုင်း၍ ကောင်းချီးပေးနေကြ၏။ ထိုအခိုက် နိုးလာပါသည်။

ထိုနေ့ညမှာပင် ပုတီးစိပ်ပြီးအိပ်ရာ အိပ်မက်မက်ပြန်တော့သည်။ ကျွန်ုပ်ကျောင်းတိုက် အနောက် မျက်နှာ မြောက်ပေါက်ကြီးအထွက် လမ်းမမှာ မဟာသကျသာမိခေါ် ကြေးဘုရားကြီးက မတ်တတ်ရပ် တော်မူနေ၏။ ၁၂ တောင်လောက် ရှိမည်ထင်၏။ ကျွန်ုပ်လည်း အနောက်ဖက်လမ်းမကြီးမှ ကုလားမ ခြေထောက် ဝါးလုံးကြီးနှစ်လုံးကို ခြေနင်းစရာ ခြောက်လက်မလောက် ဒုတ်ချောင်းများ ဖေါက်သွင်း၍ ထိုဝါးလုံးကြီးနှစ်လုံးကို အဖျားကကိုင်ကာ ဒုတ်များကိုနင်း၍ ကုလားမခြေထောက်လာ၏။ ရပ်တော်မူ နေသော ဘုရားနားရောက်တော့ ကျွန်ုပ်က ဘုရားထက်မြင့်၏။ ကြေးဘုရားကြီးကလည်း "သွားပါ၊ သွားပါ ငရဲမကြီးပါဘူး ထူးလို့ဖြစ်တာဘဲ" ကျွန်ုပ်လည်း ခပ်ရှိုရှိုနှင့် ဘုရားနားကလာခဲ့၏။ ထိုစဉ်နိုးလာ၍ မှတ်တမ်း ရေးလိုက်ပါသည်။

စတုတ္ထအဆင့် မြေခါတ်ပြီး၍ လေခါတ်တက်နေသော အတွင်းမှာတခါ မက်ပြန်သည်မှာ မဟာသကျသာမိ ခေါ် ကြေးဘုရားကြီး လက်တော်အတွင်းမှ ကျွန်ုပ်က ဖောက်ထွက်၍ ဘုရားမဏိတော် ထိပ်ကိုရှိခိုး၏။ သုံးကြိမ်တိတိ ရှိခိုး၏။ ထို့နောက် ရင်ဘတ်တော်မှ ဖေါက်ထွက်၍ မဏိတော်ကို သုံးကြိမ် တိတိရှိခိုးရ၏။ ထိုအိပ်မက်အရ ဘုရားကြီးတော့ ဇော်အမှန် ပြီးစီးအောင်မြင် မည်ဟု နမိတ်ကောက်ယူ လိုက်ပါ၏။ ၁၃၁၅ ခုနှစ်အတွင်း အချောပြီးခဲ့၏။ ၁၃၁၆ ခုနှစ်တွင် အားလုံးပြီးစီး၏။

## သူရသသတိအကြောင်း သိကောင်းစရာ

ကျွန်ုပ် လေဓါတ်အတွင်းမှာပင် မှတ်မှတ်ရရဆိုလျှင် ၁၃၁၆ ခု တန်ဆောင်းမုန်းလပြည့်နေ့ပင် ဖြစ်သည်။ ညသန်းခေါင်ယံတွင် အိပ်ရာမှနိုး၍ ပုတီးစိပ်ပြီး ဝါဆိုဖယောင်းတိုင် ၃ တိုင် ဘုရားကို ထွန်းညှိပူဇော်ထားပါသည်။ ထိုနောက် ပုတီးစိတ်ရင်း အိပ်ပျော်သွားပါသည်။ အောင်ခြင်းရှစ်ပါးတိုက် တုံးကြီးထိုးသံကြား၍ထပြီး ကျွန်ုပ် ၂၄ ပစ္စည်း ၂၄ ချက် နေ့စဉ်ဝတ္တရားအရ တုံးထိုးပါသည်။ ပြီးလျှင် မျက်နှာသစ်၍ ဘုရားဝတ်ပြုပြီး ပက်လက်ကုလားထိုင်ပေါ် ပုတီးစိပ်ရင်း မှေးကနဲဖြစ်သွားခိုက် ကျွန်ုပ်နှာ ခေါင်းထဲ အမွှေးရနံ့ဝင်လာ၍ သတိရလာပြီး အမွှေးရနံ့ လာရာဘက်ကိုကြည့်မိပါသည်။ ကျွန်ုပ်ထိုင်သော ရှေ့တည့်တည့် သုံးတောင်လောက်အကွာတွင် ဖက်ဖူးစိမ်းအရောင်တကိုယ်လုံး ဝတ်ဆင်ထားသော မိန်းကလေးတယောက်ကို တွေ့မြင်ရ၍ အလွန်အံ့ဩ ထိပ်လန့်သွားပါသည်။

ကျွန်ုပ်စဉ်းစားပြန်သည်မှာ ငါတံခါးကြီးလည်းပိတ်ခဲ့ပါတယ် ဒီကလေးမ ဘယ်ကနေပြီး တယောက်ထဲ ဝင်လာပြန်တာလဲ၊ ဝတ်ပုံစားပုံကလည်း အငြိမ့်မင်းသမီးလိုပါဘဲ လှလိုက်တာကလည်း လူ့ပြည်မှာ ဒီလိုမိန်းကလေးမျိုး ရှိမှာမဟုတ်ဘူး သူ့လက်ထဲမှာလည်း ကြာခိုင်ဖူးပွင့်စုံ ကိုင်ထားလို့ပါလားဟု တယောက်ထဲစဉ်းစားပြီး သူ့ကိုစိုက်ကြည့်နေပါသည်။ ကြည့်လို့မဝ ဖြစ်နေပါတော့သည်။ သူ့ကိုကြည့် နေတာ ၁၀ မိနစ်လောက် ကြာမည်ထင်ပါသည်။ ထိုအခိုက် နောက်ကဝတ်ဖြူစင်ကြယ်နှင့် လူကြီး တယောက် ပခုံးကိုပုတ်ပြီး ဘာငေးမောနေတာလဲ၊ ကိုယ့်ပုတီးကိုစိပ်ပြီး သတိကပ်ထားပါလားဟု ပြောတော့မှ သတိရလာပြီး ထိုမိန်းကလေး မေးမြန်းရပါတော့သည်။ ကလေးမ ဘယ်ကလာတာလဲ အဲဒီကြာပန်းကြီး တွေက ဘုရားကိုလှူမှာဖြင့် သွားလှူပါ၊ ငါ့ကို လှူမှာဖြင့် တိုင်နားချထားခဲ့ဟု ပြောလိုက်ပါသည်။

ကျွန်ုပ်ပြောသံကြောင့် တည့်မတ်စွာ ငြိမ်ငြိမ်လေး၊ ပြုံးပြုံးလေးနှင့်ရပ်နေသော အသက်၂၀ အရွယ် လောက်ရှိသော မိန်းကလေးက လှုပ်ရှားလာပါသည်။ ရှေ့တလှမ်းတိုးလိုက်ပါသည်။ ကျွန်ုပ်နှင့် ၂ တောင် လောက်သာ လိုမည်ထင်ပါသည်။ ကျွန်ုပ်လည်း နောက်ရှိသွားပါသည်။ သူကလေးက လက်ထဲမှာကိုင်ထား သော ကြာငါးခိုင် အရိုးများအောက်ချလိုက်ပါသည်။ ကြာရိုးမှာ တလက်မလောက် တုတ်မည်ထင်သည်။ အရှည်မှာ ၄ တောင်ခန့်လောက်ဟု မှန်းရပါသည်။ အပွင့်၏အဝမှာ တပေသာသာ ရှိမည်ဟုထင်ရသည်။ သူကလေးက ဘာမျှမပြောသေးဘဲ ပြုံးပြုံးလေးရပ်နေပြန်၍ မေးမြန်းရပြန်ပါသည်။ ကလေးမက ဘယ်အမျိုး၊ ဘယ်အနွယ်ကလဲ၊ နာမည် ဘယ်လိုခေါ်သလဲ၊ ဘာကိစ္စနှင့် ဒီကိုလာပါသလဲ ကြာပန်းများက ဘုရားလှူမှာ ဖြင့်သွားလှူပါ။ ထိုအခိုက် အာရုဏ်တုံးလေး ခေါက်သံ ကြားရပါသည်။ ခွေးများလည်း အူတက်လာပါသည်။ ကျွန်ုပ်လည်း ကိုရင်၊ ကျောင်းသားများ နှိုးရမည့်အချိန်ဖြစ်သဖြင့် ကလေးမကို ထပ်မေးရပြန်သည်။ ကလေးမ အချိန်က လင်းပိုင်းရောက်လာပြီ ကလေးမနှင့်ငါ ဒီပုံအတိုင်း လူများတက်လာလို့ တွေ့သွားရင် အမြင်မတော် ပါဘူး၊ ကိစ္စရှိလျှင်လည်း ရှိတာကိုလျှောက်ပြီးပြန်ပါ ကြာပန်းက ဘုရားလှူမှာဖြင့်လှူပါ၊ ငါ့ လှူမှာဖြင့်လှူပါ၊ အခြားကိုယူသွားမှာဖြင့်လည်း ယူသွားပါ။ ကလေးမသည် မျက်ဝန်းကလေးကို ကစားလိုက်ပြီး ပါးစပ်ကလေး ဖြင့်လိုက်ပါသည်။

ကိုယ်တော်လေး ဘုရားတပည့်တော်ကို မကြောက်ပါနှင့်၊ တပည့်တော်က သူရသတီမယ်တော်လို့လဲ ခေါ်ပါတယ်။ ပိဋကမြမယ်တော်လို့လဲ ခေါ်ပါတယ်။ တစ်ချိန်ကလဲ ကိုယ်တော်လေးနဲ့ တွေ့ဖူးပါတယ်။ အဝတ်အစားက ကွဲနေလို့ ကိုယ်တော်လေးမမှတ်မိတာပါ တချိန်ခါတွေ့စဉ်က အဝတ်အစား အဖြူရောင်ဝတ်ထားပါတယ်၊ အခုတော့ အစိမ်းနုရောင်ဆိုတော့ ကိုယ်တော်လေးမမှတ်မိဘူးပေါ့၊ ထိုစဉ် တစ်ချိန်ကဟာ သတိရလာပါသည်။ ဩ ဟုတ်သားဘဲ ကျုပ်ကမမှတ်မိလို့ပါ၊ ရုပ်ကတော့တူသားဘဲ အဝတ်သာကွဲတာကိုး။ ကိုယ်တော်လေးမှာ တချိန်တခါတွင် ကိစ္စနှင့်ရင်ဆိုင်ရပါလိမ့်မည်၊ သို့သော် မပူပါနှင့် တပည့်တော်တို့ စောင့်ရှောက်ထားပါမည်။ ဒီကြာခိုင် ဖူးပွင့်များက ကိုယ်တော်လေးလှူမလို့ ယူလာတာပါ အရေးရှိလျှင် တပည့်တော်မတို့ကို တိုင်တည်လိုက်ပါ၊ သုဂတော ၅ ချက်ဂါထာကိုလည်း နေ့စဉ်ပုတီး တပတ်ရအောင်စိပ်ပြီးမှ အဆင့်အတိုင်းဂုဏ်တော်ပွားပါ၊ ကောင်းပါပြီ မြမယ်တော်၊ ထိုကဲ့သို့ ပြောဆိုပြီး ကျွန်ုပ်၏ ခြေဖမိုးနား ကြာငါးခိုင်လာချ၍ ဝတ်ချပြီး တပည့်တော်မ သွားခွင့်ပြုပါဦးဘုရား၊ ကောင်းပါပြီ ကောင်းပါပြီ။ တကျောင်းလုံး မွှေးကျန်ရစ်ခဲ့ပါသည်။ ကျွန်ုပ်သည် အတွေးသံသရာမှာ နစ်နေရစ်ခဲ့ပါသည်။ ထိုကြာပန်း ငါးခိုင်ကို ဘုရားလှူထားလိုက်ပါသည်။ တလလောက်ကြာအောင် မညှိုးပါ၊ နောက်တော့ လူတယောက်က ထိုကြာပန်းများကို ခိုးသွားပါသည်။

ပြာသိုလပြည့်ကျော် ၈ ရက်နေ့မှာ မိန်းကလေးတယောက်က မဖွယ်မရာ ပြောသဖြင့်ပါးကို ၃ ချက် ရိုက်မိခဲ့ပြန်လေသည်။ ထိုကြောင့် တူမောင်းဆရာတော်က လာခေါ်သွားပြီး ဆရာတော်ထံ ၉ နှစ်လောက် နေခဲ့ပေသည်။ ကျောင်းကို ဦးပဥ္စင်းကြီးတပါး အစောင့် ထားခဲ့၏။ ဤကိစ္စမဖြစ်မီ ကျွန်ုပ်၏မိခင်၊ ဘခင် များတည်သော ခြေတော်ရာတိုက်ကလေး အနောက် ဘက်ဘေး မြေမာပေါ်တွင် ကျွန်ုပ်နင်းလိုက်လျှက် ကျွံသွားပြီး ပေါင်ရင်းလောက်ထိ နစ်ဝင်သွား၍ နုတ်ယူလိုက်တော့ ဗွက်ကလေးတမတ်သားလောက် ကပ်ပါလာတာ တွေ့ရကြောင်း အိပ်မက်မြင်မက်ပြီး နောက်တနေ့ ဤအိပ်မက်မက်ခြင်းဖြစ်သည်။ နမိတ်ပြလျှက်နှင့် အတွေ့ဒေါသကို မထိန်း နိုင်၍ ဖြစ်ခဲ့ရပေသည်။ ထိုမှုခင်းအတွက် ပတ်ဝန်းကျင် လောကသားများ၏ သဘာဝကို လက်တွေ့သိရှိခဲ့ရပေသည်။ အမှားအမှန် ဝေဖန်မှုမရှိကြောင်း ဘက်လိုက်တတ်ကြောင်း မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ သွေးသား ဘက်ကိုသာ သို့မဟုတ် ဂုဏ်ဘက်ကိုသာ အလေးပေးကြကြောင်း လက်တွေ့သင်ခန်းစာ ရခဲ့ပေ၏။

ကျွန်ုပ်သည် ထိုအချိန်ကစ၍ ကွဲပြီးသော ကျောက်ဖြာ ပြန်ဆက်က အကြောင်းထင်မည့် သဘောတရား ကြောင့်ဖြစ်ပြီး အရေးအခင်းများကို တအုံနွေးနွေး မဖြစ်လာအောင် ယတိပြတ်ဖြတ်တောက်၍ ပါးစပ်ထဲတောင် ထည့်မပြောမိအောင် ရှောင်ကြဉ်နေခဲ့ပေ၏၊ ငါဤကဲ့သို့ ဘာလို့ဖြစ်ပါလိမ့်မည်ဟု ကိုယ်လုံပ်ငန်းကို စစ်ပြန်ရာ ဂဏန်းအရေ အတွက်များ၍ လေဓါတ်လို့မှတ်ထားသော်လဲ သေသေချာချာ တွက်ကြည့်တော့ မီးဓါတ်ဖြစ်နေကြောင်း သိရတော့မှ ဩ ဒီလိုကိုး၊ ငါ သတိမပြုမိတာဘဲဟု၊ ငါ မှားတာဘဲ ဟု အသိဖြစ်ပြီး ရှေ့ဆက်လက်မဖြစ်ရန် အထူးရှောင်ကြဉ်နေတော့ အမျိုးမျိုးသောတိုက်ခိုက်မှုများကို ရှောင်ကြဉ်နိုင်ခဲ့ပေ၏။ ခန္တီပါရမီပြည့်ခဲ့၍ ဤပုတီးစိပ်နည်းက လက်တွေ့ခန္တီပါရမီရှိ-မရှိ ကိုယ့်ကိုယ်ကိုဆုံးဖြတ်ချက် ပေးစွမ်းနိုင်ကြောင်းဖြစ်၏ ဟု မှတ်ချက်ချလိုက်ပါတော့၏။ အထူးသတိပြုဖွယ်လည်း ကောင်းလှပေ၏။ ၃ လလောက်သာ ဆရာတော် တိုက်ကြီးပေါ်မှာ အတူနေပြီးနောက် ဓမ္မဝါစက

ဆွမ်းစားကျောင်းသို့ ပြောင်းရွှေ့နေလေသည်။ ၂ လ ဓမ္မဝါစက ကျောင်းမှာနေပြီး စွန်းလွန်းရိပ်သာ နေ့-ညကမ္မဋ္ဌာန်းသွားထိုင်ရန် ဆရာတော်ဦးဝိလာသက ခေါ်၍ တရားထိုင်ပါသည်။

၄င်းနောက် ကမ္မဋ္ဌာန်း ဘုန်းကြီး ညအဖော် မရှိ၍ အဖော်အဖြစ် ကမ္မဋ္ဌာန်းဓမ္မာရုံကို ပြောင်းရွှေ့နေရပါသည်။ ထိုစွန်းလွန်းဓမ္မာရုံတွင် တရားအားထုတ်၊ တရားဟော၊ တရားပြ တူမောင်းတိုက်ထဲတွင်လည်း ဘေဒစိန္တာ၊ သဒ္ဒါကြီး၊ ပါဠိကဏ် အထကဋ္ဌာမှ သဂြိုလ်၊ ဋီကာကျော် ကျမ်းများကိုလည်း လျှောက်ထားကြသော ဦးပဉ္စင်းများကို ချပေးပါသည်။ ကိုယ့်အလုပ်ဖြစ်သော ကမ္မဋ္ဌာန်းလုပ်ငန်း၊ ပုတီးလုပ်ငန်းများလည်း မပျက်ပါ၊ တူမောင်းတိုက်သံဃာများကိုလည်း ဥပုဒ်အတွက်နေ့တိုင်း နွားနို့၊ အုန်းသီးနှင့်ကြိုသော ဆန်ပြုတ်များ လစဉ်ဒါနပြုပါသေးသည်။ တိုက်သံဃာကိုလည်း မွေးနေ့တွင် မုန့်ဟင်းခါး၊ အကျော်၊ ထမနဲစသည်များကို နှစ်တိုင်းဒါနပြုပါသေးသည်။ ပန်းတထောင်၊ မီးတထောင်တို့ကိုလည်း ရဟန်းခံသောမွေးနေ့တိုင်း နှစ်စဉ်လှူဒါန်းပါသေးသည်။ လုပ်ငန်းစဉ်ကိုသိရအောင် ဖော်ပြခြင်းသာဖြစ်သည်။

မိခင်မှာလည်း ၁၃၁၆ ခု သီတင်းကျွတ်လဆန်း ၆ ရက်နေ့က အနိစ္စရောက်ခဲ့ပေသည်။ ၄င်းနေ့သည် တနင်္ဂနွေနေ့ဖြစ်ပါသည်။ မိခင်ကံကုန်သောနေ့တိုင်း နှစ်စဉ်မီး ၁၀၈၊ ရေ ၁၀၈၊ ပန်း၁၀၈တို့ကို လှူဒါန်းပါသည်။ မီးခွက်ပုတီးအပတ် ၁၀၀၀ ပြည့်၍ မီးတထောင် အင်းဝဘက်ကဘုရားများ၊ ပင်းယ ဘက်က ဘုရားများကို ညနေ ၄ နာရီလောက်က အဖော် နှစ်ပါးနှင့်သွား၏။ မယ်နုအုတ်ကျောင်းကြီးပေါ် အစောင့် ဦးပဉ္စင်းကြီးထံ ပန်ကြား၍ တညအိပ်ကြလေသည်။ ညနေ ၆ နာရီလောက်တွင် မြည်းလှည်း တစီး ၅ကျပ် ပေးငှားကာ ဘုရားများမီးပူဇော်ရန် သွားကြလေသည်။

မီးပူဇော်သောဘုရားများမှာ စနေမင်းဘုရား၊ တနင်္ဂနွေမင်းဘုရား၊ စရီးပင်နှင့်ရဟန္တာ ရှစ်ကျိပ်-ရှစ်ဆူ၊ လောကသရဖူဘုရား၊ နဂါးရုံဘုရား၊ သစ္စာတိုက် ဘုရား၊ လောကမာရ်အောင်ဘုရား၊ ဇိနမာရ်အောင်၊ သုသမာရ်အောင်၊ ရတနာမာရ်အောင်၊ မဟာစေတီ၊ လျှောင်းတော်မူကြီး၊ ပင်းယရွှေစည်းခုံ၊ မဟာမြတ်မုနိဘုရား၊ မုဋ္ဌောဘုရား၊ ဗားကရာကျောင်းကြီး၊ မဟာဗောဓိပင်၊ ရွှေဟင်္သာဘုရား၊ တန်ခိုးကြီး ဘုရား ၁၈ ဆူကို မီးပူဇော်ပြီး နန်းမတော်မိဖုရားကြီး မယ်နုအုတ်ကျောင်းသို့ပြန်၍ အိပ်ကြလေသည်။ မြင်းလှည်းသမားကလည်း ၂ ကျပ်ပြန်လှူ၍ သူ့ကုသိုလ် ပါဝင်လေသည်။ ည ၁၀ နာရီ လောက်မှပြန်ရောက်ကြလေသည်။

## အင်း ဝ အ တွေ့ အ ကြုံ

ကျွန်ုပ်မှာနေ့စဉ်ညတိုင်း ပရိတ်ကြီး ၁၁ သုတ်၊ ဓမ္မစကြာ၊ ဓါရဏာသုတ်များကို ဝတ်ထား၍ ရွတ်သဖြင့် အုတ်ကျောင်းကြီးသို့ပြန်လာပြီးနောက် အိပ်ရာခင်းကြပြီး၊ ဦးပဉ္စင်းနှစ်ပါး ကျိန်းသွားကြလေသည်။ ကျွန်ုပ်ကတော့ ပရိတ်နှင့်ဂါထာမန္တန်များ သရဇ္ဈာယ် နေတုံးဖြစ်ပေသည်။ ၁၀နာရီခွဲ လောက်ကြတော့ သရဇ္ဈာယ်ပြီး၍ မေတ္တာပို့အမျှဝေလေသည်။ ထိုအခါ အပြင်ဘက်က သာဓုခေါ်သံကြားရလေသည်။ ညအခါလည်းဖြစ် ၁၃၁၇- ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်လည်းဖြစ်၍ ညလသာခါစဖြစ်သောကြောင့် သာဓုခေါ်တာ ယောကျ်ားသံလား၊ မိန်းမသံလား သို့မဟုတ် ဘယ်မျိုး ဘယ်နွယ်က အသံလည်းဟု သံသယများစွာနှင့် ဖြစ်နေသည့်အခိုက်တွင် တောင်ဘက်တံခါးပုတ်သံ ကြားရ၍ ဘယ်သူလဲဟု ကျွန်ုပ်က

မေးလိုက်ရာ၊ တပည့်တော်မပါဘုရားဟု မိန်းကလေးတယောက်အသံ ပေါ် ထွက်လာလေသည်။ စဉ်းစား ရပေပြီ၊ ကြက်သီးများလည်း ထနေပေသည်။ သူငယ်ချင်းများ နှိုးရကောင်းမလား၊ မနှိုးရ ကောင်းမလား။

ကိုယ်တော်လေး ဘုရားတပည့်တော်မပါဘုရား၊ တံခါးဖွင့်ပေးတော်မူပါ။ ကျက်စား မိသော အသံ ဟူ၍ ထဖွင့်ပေးလိုက်ရာ အထင်တမျိုး၊ အမြင်တမျိုးဖြစ်သွားလေတော့သည်။ နောက်သို့ တွံ့ကနဲ ဆုတ်လိုက်လေသည်။ ကိုယ်တော်ဘုရား ကြောက်တော်မမူပါနဲ့ တပည့်တော်မ စောမြတ်မွန်ပါ၊ ဤနာမည် ကြားရတာနှင့် ပိုပြီးစဉ်းစားရပြန်သည်။ ဥစ္စာစောင့်နာမည်မျိုးနှင့်တူတယ်၊ ငါဒီနာမည်မျိုး တခါမှ မကြားဘူးပါဘူး၊ ငါတော့ခက်တာဘဲ၊ နောက်ဆုတ်ပြီး သူငယ်ချင်တွေနှိုးမှ ထင်တယ်ဟု စဉ်းစားနေတုံး၊ သူကရှေ့တိုးလာပြီး ကိုယ်တော်လေးဘုရား အဖော်ဦးပဥ္စင်းများကို မနှိုးပါနဲ့၊ တပည့်တော် စောမြတ်မွန် နောက်က လိုက်ခဲ့တော်မူပါဘုရား၊ဘာမျှစိုးရိမ်ကြောင့်ကြတော်မမူပါနဲ့ ဘုရား၊ အရှင်ဘုရားကို တပည့်တော်မတို့ရဲ့ ဖြစ်ကြောင်းကုန်စင် လျှောက်ထားခြင်လို့ပါဘုရား။ ကြွတော်မူပါဘုရား၊ တပည့်တော်မ လမ်းပြတော်မူပါမယ်ဘုရား။

အားတင်း၍ ပုတီးကိုအားကိုး၍ သူခေါ် ရာနောက်သို့ လိုက်သွားပါတော့သည်။ အိုးထုတ်တန်း ထိပ်နှင့် ကိုက် ၅၀၀ လောက်အကွာ၊ ဒုဋ္ဌဝတီမြစ်ငယ်မြစ် အနောက်ဘက်စေတီ ငုတ်တိုကြီးနား ရောက်ရှိ နေကြပေပြီ။ နာရီကလည်း ၁၂ နာရီ မောင်းခေါက်သံကြားရပြီး သန်းခေါင်ကြက်များ တွန်နေကြပေပြီ။ ကျွန်ုပ်သည် အိပ်ချင်စိတ်များပျောက်၍ တထိတ်ထိတ်ဖြစ်သောစိတ်နှင့် ရှေ့တွေ့ရမည့် ဖြစ်ရပ်များကို အာရုံစောလျှက်နေပေသည်။ ပုတီးကလည်း လက်ထဲတတွင်တွင် စိတ်နေရပေသည်။ စေတီငုတ်တိုကြီး ပတ်ဝန်းကျင်ကိုကြည့်လိုက်လျှင် ထန်းပင်ကြီးတပင်ရှိနေကြောင်း တွေ့ရပေသည်။

ထိုကဲ့သို့နေရာ မှတ်သားနေခိုက် ကိုယ်တော်လေးဘုရား နေရာကခဏရပ်တော်မူပါအုံး ဘုရားဆိုပြီး၊ သူကလေးက ရှေ့ ၁၀ လှမ်းလောက်တိုးသွားရာ၊ ကျွန်ုပ်အသဲဖိုသွားရပေပြီ မျက်စိအာရုံတွင် ကြောက်မက်ဖွယ်ရာ ကြီးမြင်တွေ့နေရပေပြီ၊ ကိုယ်တော်လေးကြောက်တော်မူပါသလားဘုရား၊ မကြောက်ပါဘူးစောမြတ်မွန်- ရုတ်ချည်းဆိုတော့ နဲနဲတော့တုံသွားတာပေါ့။ မကြောက်ပါနှင့်ဘုရား၊ တပည့်တော်မတို့ရဲ့ အစောင့်ရဲခေါင်ကြီးပါဘုရား။ နာမည်ကတော့ ရဲခေါင်၊သူ့ကြည့်ရတော့ အရပ်က ၁၄ - ၅ တောင်၊ အမွေးအမျှင်တွေ တကိုယ်လုံးဗလပွနှင့်၊ မျက်လုံးကြီးနှစ်ဘက်ကလဲ တောက်လက်လို့၊ ပါးစပ်ပြဲပြဲ သွားခေါ်ခေါ်နှင့် လက်ထဲကလဲ ၁၅- တောင်လောက် ထန်းလုံးလောက်ရှိသော တင်းပုတ်ကြီးကို ကိုင်လို့၊ စောမြတ်မွန်သာမပါလျှင် ကျွန်ုပ်ဤကဲ့သို့နေနိုင်ဘို့ရာ မလွယ်ဟုထင်မိပါသည်။

ဟဲ့ရဲခေါင်ကြီး ကောင်းကောင်းစောင့်နေနော်၊ သခင်မတို့သိုက်တွင်းထဲသွားမလို့၊ ရဲခေါင်ကြီး ဦးညွှတ်အရိုအသေပေး၍ လက်ဝဲဘေးကပ်ပေးလိုက်ပါသည်။ ထိုအခါ စောမြတ်မွန်သည် လက်နှစ်ဘက်ကို ရှေ့သို့ တန်းလိုက်ပြီး၊ ပူးထားသောလက်နှစ်ဘက်ကို ခွာပစ်လိုက်လေသည်။ တမဟုတ်ချင်း တွင်းကြီး ဖြစ်သွား ၍ လှေခါးထစ်များ ပေါ် လာပါတော့သည်။ ကျွန်ုပ်သည်အံ့အားသင့်စွာငေး၍ ကြည့်နေမိပါတော့ သည်။ အနားတွင်ရှိသော ရဲခေါင်ကြီးကို သတိမရတော့ပါ။ ထိုအခါ စောမြတ်မွန်ကသက်နီးစဆွဲ၍ ကိုယ်တော်လေး ကြွပါဘုရား၊ တပည့်တော်မနောက် ထပ်ချပ်မကွာလိုက်ခဲ့တော်မူပါဘုရား။

အနည်းငယ်လင်းသော အလင်ရောင်ထဲတွင် တန်းတန်းကြီးပေါ် နေသော လှေခါးထစ်များ ပေါ် သို့ တထစ်ပြီးတထစ်ဆင်းခဲ့ကြရာ လှေခါးထစ်ပေါင်း ၁၉ ထစ်လောက်အရောက်တွင်၊ ကျယ်ပြန့် သောနေရာ ပြင်ကြီးတွေ့ရပါသည်။ အလင်းရောင်အားကောင်းသဖြင့် အချင်းအရာအားလုံး ပြတ်ပြတ် သားသားပေါ် နေပေသည်။ အလျား ၄ တောင်လောက်ရှိသော မှန်စီရွှေချသေတ္တာကြီးများအချို့ ဘီးနှင့်အချို့မပါ။ ရွှေရောင်ဝင်းနေသော သလွန်များ၊ ခန်းပေါက်ကတ္တီပါအနီအခင်းကြီးများ၊ ကောင်းကင် ဆွဲထားသော ဖန်မီးပဒေသာများ၊ ဖန်မီးပဒိုင်းများ၊ မောက်တိုမောက်ရှည် တာလီကွေး စစ်သူကြီးများ၊ ထိပ်ချွန်ရွှေခြေနင်းများ၊ ကတ္တီပါပုံတော်ဘိနပ်များ၊ ရုပ်စုံကန့်လန့်ကာများ ဆန်းပြားစွာ မြင်တွေ့နေရ ပါသည်။ ထိုမြင်ကွင်းတွင် စိတ်ဝင်စားနေ၍ လက်ကပုတီးလွတ်ကျမိပါတော့သည်။ ထိုအခါ စောမြတ်မွန်က ပုတီးကိုကောက်ပေးပြီး ရှေ့ဆက်လက် ထောင့်ချိုးအခန်းဆီသို့ ခေါ် သွားပါသည်။

ဟိုဘက်ခန်းကမြင်ခဲ့တာတွေ ခမည်းတော်နှင့်မောင်တော်တို့ရဲ့ အသုံးအဆောင်တွေပါဘုရား။ ဒီအခန်းကတော့ တပည့်တော်မတို့ရဲ့ အသုံးအဆောင်ပေါ့ဘုရား။ အလုံး ၂၀ လောက် ရွှေပိန်းချထားသော သေတ္တာကြီးများဖွင့်ပြပါတော့သည်။ ဒါကဒါလီကုန်းဘုရား၊ ဒါကတော့မှန်ပုတီးဘုရား၊ ဒါကနော်ဇာ ကုန်းဘုရား၊ ဒါကမြခါးစည်း၊ ဒါကမြတဘက်၊ ဒါကရင်ကပ်၊ ဒါကရွှေခြေခြင်း၊ ဒါက ပတ္တမြားလက်စွပ်၊ လက်ကျပ်၊ ဖက်လိပ်နားဋောင်း၊ ပုလဲနားကပ်၊ မြဆံထိုး၊ စိန်ဆံထိုး၊ ရွှေနဖူးတန်ဆာ၊ လည်တုံ၊ မြခါးပတ်ခံ စသည်စုံလို့ စောမြတ်မွန်ကလိုက်ပြပါတော့သည်။ ခမည်းတော်ဝတ်လဲ၊ မောင်တော် ဝတ်လဲများလည်း စုံနေအောင်ပြပါသည်။ ကြည့်ရသူမှာ ရှုမငြီးအောင်ဖြစ်ရပါတော့သည်။

ကျောက်သံ ပတ္တမြားထည့်ထားသော သေတ္တာကြီး ၁၀ လုံး၊ လက်ဝတ်ရတနာထည့်ထားသော သေတ္တာကြီး ၅ လုံး၊ ရွှေငွေထည့်ထားသော သေတ္တာကြီးများက ၂၀ - ၃၀ ထက်မနည်းရှိနေပါသည်။ သေတ္တာတလုံးတလုံးမှာ လူတယောက်ကောင်းကောင်းအိပ်နိုင်ပါသည်။ ၎င်းအပြင် အဲမောင်းကြီးများ၊ လှံကြီးများ၊ ၄က်ကြီးတောင် ဓါးကြီးများ၊ ဒါးလွှဲကြီးများ၊ ရှေးသေနတ်များ၊ ခေတ်သေနတ်များလည်း ထူးဆန်းစွာမြင်တွေ့ရပါသည်။ ထိုကဲ့သို့ လိုက်လံပြသပြီးနောက်၊ ခန်းမကျယ်ကြီးတခန်းဆီသို့ ခေါ် သွား ပါသည်။ ထိုအခန်းကအတောင် ၅၀ လောက်ရှိမည်ထင်သည်။ အခန်းထိပ်မှာဘုရားစင် ရှိနေပေသည်။ ရွှေဘုရား၊ မြဘုရား၊ ငွေဘုရား၊ ကြေးဘုရား၊ ဘုရားပေါင်း ၄- ၅၀ ဆယ်ထက်မနည်းပါ။ ပန်းနုတိုဖြင့် ခြယ်မှုန်းထားသော ရွှေသားပလ္လင်ကြီး ပေါ် တွင် အစီအရီကိုးကွယ်ထားတာတွေ့ရပါသည်။ တင်ထား သောပန်းများလည်း အမျိုးစုံလှပေသည်။ လတ်ဆတ်ဝေဆာနေပေသည်၊ ဖန်- ရွှေ- ငွေ အမျိုးမျိုးသော ပန်းအိုးပုံစံများကိုလည်းတွေ့ရပေသည်။ ပန်းအိုးအလုံး ၅၀ ထက်နည်းမည်မထင်ပါ။ ဝါဆို ဖယောင်းတိုင်ကြီး များ ထွန်းညှိပူဇော်ထားပေသည်။ အမွှေးတိုင်များလည်းပူဇော်ထားပေသည်။ တခန်းလုံး သင်းပျံ့သော ရနံ့များကြိုင်နေပေသည်။

ကျွန်ုပ်သည် ထိုဘုရားများကို ရှိခိုးအမျှဝေပေးလေသည်။ ဆုတောင်းပတ္တနာလည်းပြုပေသည်။ မိနစ် ၂၀လောက်တော့ ကြာလိမ့်မည်ထင်သည်။ ပြီးလျှင် စောမြတ်မွန်က ကိုယ်တော်လေးဘုရား- လက်ျာ ဘက်က ရွှေသလွန်တော်ပေါ် ကြွတော်မူပါဘုရားဟု လက်အုပ်ချီပြီးလျှောက်သဖြင့် လက်ျာဘက်သို့ လှည့်ကြည့်လိုက်ရာ အဆင့် ၃ ဆင့်ပေါ် မှာတင်ထား သော ပန်းနုတိုဖြင့်ချယ်မှုန်းထားသော ရွှေသလွန်ကြီးကို

တွေ့ရပေသည်။ သလွန်ထက်မှာ ထီးဖြူကြီး အုပ်မိုးထားလေသည်။ ထီးဖြူကြီးရှေ့တည့်တည့် ၅ တောင်ကွာ လောက်မှာ ဖလ်မီးပဒေသာများ ဆွဲထွန်းထားလေသည်။ သလွန်ခြေထောက်အောက်မှာ ကတ္တီပါအခင်း ကလနား ရွှေကွပ်ကြီးနှင့် ခင်းထားလေသည်။ သလွန်ပေါ်တွင် နူးညံ့သောဖုံကြီးပေါ် ဖြူဆွတ်သော ကတ္တီပါ အခင်းကြီးခင်းထားလေသည်။ ကျွန်ုပ်သည် ထိုသလွန်ပေါ် တက်ရမည်မှာ အမ်းတမ်းတမ်းဖြစ်နေပေသည်။ စောမြတ်မွန်သည် လက်အုပ် ချီလျှက် သလွန်ပေါ်ကြွရန်မှာကြားလေသည်။ ကျွန်ုပ်သည် သလွန်ပေါ်ကြွ၍ ဣန္ဒြေရရထိုင်နေလိုက် လေသည်။ မှိဖုံးကြီးများ၊ လက်တင်ကြီးများကလည်း ကတ္တီပါအစိမ်းရောင်တို့ဖြင့် တောက်ပနေပေသည်။

ကျွန်ုပ်သလွန်ပေါ် ရောက်၍ ထိုင်နေသောအခါ စောမြတ်မွန်သည် သူတို့ဘဝကုန်စင်အောင် လျှောက်ပါလေသည်။ ၈၈၈-ခုနှစ်ဦးလောက်က သိုဟန်ဘွားသည် တရုပ်နှင့်ပေါင်းပြီး အင်းဝကို လုပ်ကြံသဖြင့် အင်းဝပြည်ကြီးပျက်ဆီးခဲ့လေသည်။ မဏိမဉ္ဇူကျမ်းပြု ဆရာတော်အရိယာဝံသမှစ၍ ဆရာတော် သံဃာတော်များ ၅၀ ကျော်လောက် မီးသွေးတိုက်ထဲတွင် မီးရှို့အသတ်ခံရလေသည်။ ၉၅၀ လောက်က ဘေးကအကူအညီဖြင့် လွတ်မြောက်တော်မူကြလေသည်။ ထိုပြည်ပျက်ထဲတွင် မိန်းမပျိုလေး များ ရှမ်းနှင့်တရုပ်စစ်သားများ၏ ရမ်းကားဖျက်ဆီးမှုခံကြရလေသည်။ စောမြတ်မွန်၏ လင်တော်မောင် ဗိုလ်မှာလည်း စစ်ပွဲတွင်ကျဆုံးရလေသည်။

စောမြတ်မွန်ဖခင်ကြီး သုဘောဂသူဌေးကြီးနှင့် သူဌေး ကတော်ကေသီခိုင်တို့လည်း ပစ္စည်းသိမ်း၍ လူပါကွပ်မျက်ခြင်းခံရလေသည်။ စောမြတ်မွန်တို့ ညီအမ၊ မိဘအခြွေအရံများတို့လည်း မရှုမလှသေဆုံး ရသဖြင့် မဖြောင့်နိုင်သောအယူကြောင့် ဥစ္စာစောင့်ဘဝသို့ရောက်ခဲ့ကြရပေသည်။ ဤဥစ္စာစောင့်ဘဝနှင့်ပင် ရှမ်းသိုဟံဘွား၏ ဆွေတော်မျိုးတော် ဗိုလ်မှူး၊ တပ်မှူးမောင်းမမိဿ ခြွေရံသင်းပင်းတို့ကို အခွင့်ရတိုင်း လက်စားချေကြလေသည်။ ၁၅ နှစ်အတွင်း ၄ - ၅၀ ဆယ်ထက်မနည်း လက်စားချေနိုင်ခဲ့ကြလေသည်။ သိုဟံဘွားအုပ်စိုး၍ ၁၅ နှစ်အရောက်တွင် နတ်များကြောင့် လူများကနိုးကြားပြီး နန်းတော်ကြီး၏ ဥယျာဉ်ထဲတွင်အကြံဖြင့် မြှုပ်ထားသောဓါးများကို ကိုယ်စီဆွဲကိုင်ပြီး တော်လှန်လိုက်ကြသဖြင့် ရှမ်းသိုဟံဘွား ခေါင်းမြေကျ၍ အနိုင်ရရှိကြပေသည်။ထိုအချိန်မှစ၍ အင်းဝမင်းမျိုးအနွယ်အဆက် ထပ်မံ၍ မင်းလုပ်နိုင် လာပေသည်။

စောမြတ်မွန်တို့မှာတော့ ယခုထက်တိုင် မကျွတ်နိုင်ရှာကြသေးပေ။ သူတို့စောင့်နေရသော ပစ္စည်းများသည် အရိမေတ္တေယျ မြတ်စွာဘုရား ကျောင်းတော်ဆောက်ရန်အတွက် ဖြစ်ကြောင်းသိရပေ သည်။ စောမြတ်မွန်သည် အတိတ်ဇာတ်ကြောင်းများကို လျှောက်ထားပြီးနောက် တုံးကြီးထိုးသံ ကြားရ လာပေသည်။ ကျွန်ုပ်က တုံးကြီးတောင်ခေါက်ပါပကောဟု ပြောလိုက်လျှင် ကိုယ်တော်လေး မျက်နှာတော် သစ်တော်မူရန်၊ နှုတ်ခမ်းတော် သန့်ရှင်းရန် ယူခဲ့ကြပါဟု လှမ်းပြောလိုက်သောအခါ ၁၈ နှစ်အရွယ်လောက် မိန်းကလေး ၃ ယောက် ရွှေတံခေါင်းများ၊ ရွှေဖလားများ၊ ရွှေကလပ်များနှင့် ဆားထည့်ထားသော ငွေခွက် ကလေးများ သွားတိုက်တံများ ယူလာကြပြီး ခန်းမကြီး၏ ယာထက် အပေါက်နား သဉ္ဇာလီကလေးပေါ် တွင် တင်ထားခဲ့ကြလေသည်။ ထိုအခါ စောမြတ်မွန်က ကိုယ်တော်လေးဘုရား ဤနေရာကြွတော်မူ၍ မျက်နှာ သစ်တော်မူပါဟု လျှောက်သဖြင့် ပြင်ထားသော နေရာတွင် မျက်နှာသစ်ပြီး လှည့်ကြည့်လိုက်သောအခါ

ဖြူဝင်းလက်နေသော မျက်နှာသုတ်ပုဝါကြီးကို စောမြတ်မွန်က ဒူးတုပ်ပြီးပေးနေပေသည်။ လှမ်းယူပြီး မျက်နှာသုတ်ခါ သလွန်ပေါ်သို့ တက်ထိုင်နေလေသည်။

ကိုယ်တော်လေးဘုရား - ကိုယ်တော်လေး အညောင်းဆန့်တော်မူပါအုံး၊ အာရုဏ်လာခါနီးပါပြီ၊ အာရုဏ်ဆွမ်းဘုန်းပေးပြီးမှ ကြွတော်မူပါဘုရား ဟု လျှောက်သဖြင့် ကိုယ်ကိုဆန့်၍ အာရုဏ်ကိုငံ့လင့်ပေသည်။ ထိုအခိုက် ရွှေဆွမ်းအုပ်ကြီးနှင့် ၆၀ အရွယ် အင်္ကျီအဖြူ ပုဆိုးတောင်ရှည်အဖြူနှင့် စိတ်ပုတီး လည်ပင်းဆွဲထားသော တောင်ဝှေးကြီးနှင့် ဒကာကြီး တယောက် တဖက်အခန်းမှထွက်လာ၍ ပွေ့လာသော ရွှေဆွမ်းအုပ်ကို ဘေးချထားပြီး ကျွန်ုပ်ကို ဝတ်ပြုကာ ဘုရားတပည့်တော် ပတ္တမြားစေတီဘုရားသို့ ဆွမ်းတော်များ တင်ပါအုံးမည်ဘုရား။ တပည့်တော်သမီး စောမြတ်မွန်က ဆွမ်းကပ်ပြီးမှ အရှင်ဘုရားကို လိုက်ပို့ပါလိမ့်မည်ဘုရား၊ သမီးတော်ကလေး ကိုယ်တော်လေးကို ဘာမှမလိုရအောင် ဝတ်ပြုပါကွယ်။ မှန်လှပါ၊ ခမည်းတော် စိတ်သာချပါ။ အေး အေး ကောင်းပြီ ကောင်းပြီ ဖေဖေသွားလိုက်အုံးမယ်ဆိုပြီး ရွှေဆွမ်းအုပ်ကြီးပွေ့ကာ ထွက်သွားပါတော့သည်။

ကျွန်ုပ်သည် အိပ်ချင်သောစိတ် နည်းနည်းမှမပေါ်လာပေ။ ရှေ့ဘာတွေများ ဆက်တွေ့ရအုံးမှာလဲဟု ဝဲ့စားရင်း အခြေ အနေကိုစောင့်ကြည့်နေရပေသည်။ စောမြတ်မွန်သည် မိန်းကလေးများကို အချက်ပြလိုက်ရာ ရွှေသုံးချောင်း ထောက်ကြီး ယူလာသူက ယူလာ၊ ရွှေဖလားကြီး၊ ရွှေဖလားလေး၊ ရွှေရေသခေါင်း ယူလာသူကယူလာကြပြီး စောမြတ်မွန်နား ချထားကြပါသည်။သုံးချောင်းထောက် ရွှေအုပ်ကြီး ဖွင့်လိုက်သောအခါ ထမင်း၊ ဟင်း အငွေများ ထောင်းထောင်းထနေပါသည်။ထိုင်ဖုံကြီးယူလာကြပြီး နေရာပြင်ကြပါသည်။ စောမြတ်မွန် ပင့်လျှောက်၍ ထိုင်ဖုံပေါ်သို့ ထိုင်လိုက်ပါသည်။ ကျန်မိန်းကလေးများက ရေဖလား၊ ထွေးခံများ၊ ရေခွက်များ ကပ်လာကြပါသည်။ စောမြတ်မွန်က လက်ျာဘက်က ဒူးပဆစ်တုပ်ကာ လက်အုပ်ချီပြီး ဆွမ်းဟင်းများ၏ အမျိုးအမည်များကို လျှောက်ထားနေပါသည်။

မိန်းကလေး ၇ ယောက်လောက်ကလဲ ဝဲ-ယာက လေယပ် များ၊ ပန်းစီးများကိုင်၍ နေကြပါသည်။ စောမြတ်မွန်၏ နောက်နားက မိန်းကလေးကတော့ ခရမ်းရောင်နှင့် အစိမ်းရောင်ချိတ် ဗျန့်ထမိကြီး ဝတ်ထားပါသည်။ ကျန်မိန်းကလေးများ စိမ်းနုရောင်ချိတ် ဗျန့်ထမီများ ဝတ်ထားကြပါသည်။ အားလုံး ဝတ်ထားကြပုံမှာ အငြိမ့်မင်းသမီးကဲ့သို့ ဖြစ်နေပါသည်။ ဆွမ်းစားပြီးနောက် လဘက်ရည်ချိုချဉ်ပွဲ ထပ်၍ ကပ်ပါသည်။ အိပ်ထဲကနာရီကို ထုတ်ကြည့်သော အခါ ၄ နာရီခွဲနေပေပြီ။ ထိုအခါ စောမြတ်မွန်က အဖေါ်ဦးပဥ္စင်းများအတွက် ဘုဉ်းပေးရန်လဲ လျှုလိုက် ပါဦးမယ်ဘုရား။ အဖေါ်ဦးပဥ္စင်းများက အိပ်ရာက မနိုးသေးပါဘူးဘုရား၊ ကြောင့်ကြတော်မမူပါနဲ့ဘုရား၊ ဘုရားတပည့်တော်မနောက်က ညီမတော် စောမွန်လှပါဘုရား။ ခုနက ဆွမ်းအုပ်ပိုက် ထွက်သွားတာ ခမည်းတော်သုဘောဂ သူဌေးကြီးပါဘုရား။ ဘုရားတပည့်တော်မတို့ကိုလည်း နေ့စဉ်နှင့်အမျှ ကိုယ်တော် လေးပုတီးစိပ်သော ကုသိုလ်အဖို့ကို အမျှဝေ ပါဘုရား။ မောင်ရင်းနှမ အရင်းအခြာကဲ့သို့၎င်း၊ တပည့်များကဲ့သို့၎င်း မှတ်တော်မူပါဘုရား။ ကောင်းပါပြီ စောမြတ်မွန် ဦးပဥ္စင်းက နေ့စဉ်အမျှ မေတ္တာပို့ဝေပါမယ်။ မောင်ရင်းကဲ့သို့ စောင့်ရှောက်ကြပါ။ မှန်လှပါဘုရား ဝမ်းမြောက်လှပါတယ်ဘုရား။

အရှင်မြတ်တို့လို ပုဂ္ဂိုလ်ထူးကိုဖူးတွေ့ရန် အလွန်ခဲယဉ်းပါတယ်ဘုရား။ ယခုတောင် ဟောဒီ ညီမတော်စောလှမွန် မဟာစေတီမှာ အရှင်မြတ်မီးပူဇော်နေတာ တွေ့ခဲ့တဲ့အကြောင်း ပြောပြ၍ ဖူးခွင့်ကြုံရတာပါဘုရား။ ကိုယ်တော်လေး အချိန်သိတော်မူပါဘုရား ဟုလျှောက်သဖြင့် ထိုင်ဖုံပေါ်မှထပြီး အိပ်ထဲက နာရီ ယူကြည့်ရာ ၅ နာရီထိုးနေပေပြီ။ စောမြတ်မွန်နှင့်စောလှမွန် ညီအမနှစ်ယောက်တို့ လိုက်ပို့ကြလေသည်။ အဝင်တုံးကအကောင်ကြီး အစောင့်ရဲခေါင်ကြီးလည်း မတွေ့ရတော့ပါ။ ၁၅ မိနစ်လောက် လျှောက်လိုက် သောအခါ မယ်နုအုဌ်ကျောင်းတံတိုင်းပေါက် ရောက်လာကြလေသည်။ အုဌ်ကျောင်းကြီး ပေါ်တက်ပြီး စေ့ထားခဲ့သောတံခါး ဖွင့်လိုက်သောအခါ ဖယောင်းတိုင်ထွန်းပြီးသား တွေ့ရလေသည်။ ဦးပဥ္စင်းများကတော့ မနိုးသေးပါ။ စောမြတ်မွန်တို့လည်း ကျောင်းထဲအထိ လိုက်လာကြပြီး ဝတ်ချကာ ဘုရားတပည့် တော်မတို့ သွားခွင့်ပြုပါအုံးဟု ညီအမနှစ်ယောက် ပြိုင်တူလျှောက်ကြပြီး လက်အုပ်ချီ နောက်ဆုတ်ခါ ထွက်သွားကြပါတော့သည်။

ကျွန်ုပ်လည်း ပါလာသောဖယောင်းတိုင်များကို အုဌ်ကျောင်း ကြီးအတွင်း ခန်းပါတ်လည်မီးထွန်းပြီး ဘုရားရှိုး ပုတီးစိပ်နေလေသည်။ ၆ နာရီထိုးလောက်ကြတော့ ကိုယ်တော်နှစ်ပါး ကိုနှိုးပြီးမုံများ ကျွေးလေသည်။ ကိုယ်တော်နှစ်ပါးက မုန့်ဘယ်သူတွေက လာလှူသွားတာလဲ၊ စောစောစီးစီး ဟုပြောသောအခါ ဟိုနားက ဒကာမလေးနှစ်ယောက် လာလှူသွားတာပါဟု အဖြေပေးပြီး အစားခိုင်းလေသည်။ ကျွန်ုပ်လည်း အနည်းငယ် ရောစားလေသည်။ မနက်ထိန်ထိန်လင်းတော့ မော်တော်ဆိပ်ကို ပြန်လာကြလေသည်။ ကျောင်းသို့ ၈ နာရီလောက် ရောက်ကြလေသည်။ ကျွန်ုပ်သည် ထူးဆန်းသော အဖြစ်ရပ်ကို မှတ်တမ်းတင်ထားလိုက်လေသည်။

## ပုထိုးတော်ကြီး အတွေ့အကြုံ

ထိုနှစ် ဝါဆိုလပြည့်မှစ၍ ဝါကျွတ်အထိ ပုထိုးတော်ကြီး မြတ်စွာဘုရားကို တညလျှင် အဓိဋ္ဌာန် ပုတီး ၄၅ ပတ်စိပ်ရန် အဓိဋ္ဌာန်သစ္စာပြုပြီး စိပ်ပါတော့သည်။ တူမောင်းစွန်းလွန်း ဓမ္မာရုံမှာ ည ၇ နာရီမှစ၍ ၉ နာရီထိ သီလပေး၊ တရားဟော၊ တရားထိုင်အချိန်ဖြစ်၍ ဆရာတော်ဦးတိကက နေ့စဉ်အချိန်မှန် ပြသနေရာ ကျွန်ုပ်အဖို့ ပုတီးစိပ်ခွင့်ရပါတော့သည်။ တရားအားထုတ်သော ယောဂီများ အပြန်နှင့် ကျွန်ုပ်ပုတီးစိပ် ပြန်သောအချိန်သည် အံကိုက်ဖြစ်နေပါသည်။ သို့နှင့် ပုတီးစိပ်လာရာ ဝါဆိုလကွယ်နေ့ ရောက်ရှိလာခဲ့ပေသည်။ ကျွန်ုပ်သည် ပုထိုးတော်ကြီးဘုရား ပစ္စယာအထက်ဆင့် တနင်္ဂနွေထောင့်ဘက်က ကျွန်ုပ်၏ တေဇအရပ်ဖြစ်၍ ထိုနေရာကချည်းစိပ်ပါသည်။

ထိုညတွင် ပုတီးစိပ် နေသောနောက်က ခြေသံလိုလိုကြားပြီး ပျောက်သွားလေသည်။ ပုတီးပတ် ၂၀ လောက်ရောက်တော့ ကျွန်ုပ်၏တင်ပလ္လင်ခွေပေါ် မြွေတက်လာရာ အလွန်ထိပ်လန့်သွားလေသည်။ သို့သော် အဓိဋ္ဌာန်ပျက် မည်စိုး၍ သေခြင်လည်းသေဆိုပြီး ပုတီးပတ် ပြည့်အောင် စိပ်နေပါတော့သည်။ မြွေသည် ပေါင်ပေါ်တက်လာပြီး တင်ပလ္လင်ခွေထဲဝင်၍ ခွေနေလေသည်။ ယားကျိ၊ ယားကျိနှင့် အလွန်အခံရခက်လေသည်။ ထပြေးချင်လောက်အောင် ဖြစ်လေသည်။ ပုတီးထဲ အာရုံရောက်အောင်

မနည်းသတိထား နေရပေသည်။ ပုတီးပတ် ၄၀ စိပ်ပြီးသောအခါ မြွေသည် ခေါင်းထောင်လာပြီး ရှေ့ဘက်တည့်တည့် ဆင်းပြေးသွား လေသည်။ ကျွန်ုပ်မှာ သေတွင်းကထွက်သွား၍ အတိုင်းထက်အလွန် ဝမ်းသာပြီးပုတီးပြည့်အောင် စိပ်ပါတော့သည်။ ထိုအခါကျမှ ကောင်းကောင်း အာရုံပြုနိုင်ပါတော့သည်။ ပုတီး ၄၅ ပတ်ပြည့်သောအခါ ထိုကိစ္စအဖြစ်မျိုး နောင်မဖြစ်ရန် ဘုရားကို သစ္စာအဓိဋ္ဌာန် ပြုလိုက်ပါတော့သည်။

ဝါခေါင်လပြည့်နေ့တွင် မိုးရွာနေ၍ ဘုရားအထက် ပစ္စယာမစိပ်နိုင်၍ တနင်္ဂနွေထောင့်က ကျောက်ဂူထဲဝင်၍ စိပ်ပါတော့သည်။ ပရိက်ပြုပြီး ပုတီးထိုင်လို့ တပတ်လောက် အရကစ၍ မွေးကြိုင်နေပေသည်။ အပတ် ၃၀ လောက်ရတော့ ကျွန်ုပ်၏ ရှေ့လက်ဝဲဘက်က အစိမ်း ရောင်နုပျနို့ထမီ၊ အကျီအဖြူရောင်၊ ဂုတ်ပေါ် ကဆွဲထားသော တဘက်အစိမ်းနုရောင်၊ လက်ပြောင်နေသော တန်ဆာများနှင့်ရပ်၍ ကျွန်ုပ်ကိုကြည့်နေပါတော့သည်။ ပိဋကမြမယ်တော် ရောက်လာပြန်ပြီ၊ ဘာကိစ္စများ ရှိပြန်ပြီလဲဟု အောက်မေ့ပြီး သူ့ကိုစကားမပြောဘဲ ပုတီးကိုသာပြီးအောင် စိပ်နေပါတော့သည်။ မျက်စိမှိတ်၍ ပုတီး အာရုံပြုလိုက် သူ့ရုပ်ပုံကို မပွင့်တပွင့် ကြည့်လိုက်နှင့် ပုတီးပတ်မမှားရအောင် အတော်ဂရုစိုက် စိပ်နေရပါသည်။ ပုတီးစိပ်ရင်း အခြေအနေ အကဲခတ်ရင်းနှင့် စဉ်းစားခန်း ဝင်လာပါသည်။ သူ့ရဿတီနေပုံ နှင့် သူ့နေပုံမတူကြောင်း ကွဲပြားခြားနား၍ သဘောပေါက်လာပါသည်။ သူ့မကလေးက လက်နှစ်ဘက် ဒူးအထက်ချထားပြီး လက်ဖမိုးချင်းထပ်ခါ ပြုံးပြုံးလေးကြည့်နေဟန် အနားလာလိုက် ရှေ့တိုးလျှောက် သွားလိုက်နှင့် ငြိမ်သက်မှုမရှိကြောင်း သတိပြုမိပါတော့သည်။ ကျွန်ုပ်ပုတီးစေ့၍ ဝတ်ချပြီး အမျှပေးဝေ လိုက်သောအခါ သူ့မကလေးက သာဓုခေါ်ပါတော့သည်။

ကျွန်ုပ်ကျောက်ဂူအတွင်းကထပြီး သိမ်ပေါ် တက်လာတော့ သူ့မကလေးက လိုက်လာပြီး ကိုယ်တော်လေးဘုရား ခဏရပ်တော်မူပါအုံးဘုရား။ ရပ်နေ လိုက်ပါသည်။ သူ့မကလေးက ဆက်လက် လျှောက်ပြန်သည်မှာ ကိုယ်တော်အကြောင်းကို စောမြတ်မွန်ထံမှ ကြားရကထဲက ကိုယ်တော်လေးကို ဖူးတွေ့ဖို့ရန် အခွင့်အရေးစောင့်ကြည့်နေတာ ဤပုထိုးတော်ကြီးဘုရားမှာ ဝါတွင်း၃လ အဓိဋ္ဌာန် ဝင်နေကြောင်းသိရ၍ ယခုလာပြီး ဖူးတွေ့တာပါဘုရား၊ ကိုယ်တော်လေး ပုတီးစိပ်တာ မပြီးသေးတာနဲ့ စောင့်ကြည့်နေကြတာ၊ ညီမငယ်များလည်း ပါပါသေးတယ်ဘုရား။ ပြောပြော ဆိုဆိုနှင့် ဟောတယောက် ဟော တယောက်နှင့် ၇ ယောက်ဖြစ်လာလေသည်။

ကျွန်ုပ်သည် အံ့အားသင့်စွာ ကြည့်နေရပါတော့သည်။ ကိုယ်တော်လေးဘုရား တပည့်တော်မက 'မြကေသီ' ခေါ်ပါတယ်။ အမရပူရ၊ မန္တလေး၊ အင်းဝ၊ ပင်းယ၊ စစ်ကိုင်း မြို့တို့မှာတော့ တပည့်တော်မက အချုပ်အခြာဖြစ်ပါတယ်ဘုရား။ အင်း သူတို့လည်း ဂိုဏ်းချုပ်တွေ ဘာတွေနဲ့ကိုဟု မှတ်ချက်ချလိုက်ပါတော့သည်။ တပည့်တော်မက 'မြကေသီ' ခေါ်ပါတယ်ဘုရား၊ ညီမလေးကတော့ 'မြကေခိုင်' ခေါ်ပါ တယ်ဘုရား။ ကျန်တဲ့ ဒီကလေးများကတော့ အခြွေအရံများဖြစ်ကြပါတယ်။ တပည့်တော်မတို့အားလုံး မန်ကျည်းတောမှာ နေကြပါတယ်ဘုရား။ ဒီပုထိုးတော်ကြီးဘုရားမှာလည်း "နန်းကေခိုင်" တို့ညီအမ ၃ ယောက်နဲ့ "လှကေခိုင်" တို့ ညီအမ ၅ ယောက် ရှိကြပါသေးတယ်ဘုရား။ သူတို့ကိစ္စနှင့် ခရီးထွက်နေကြ သေးလို့ ကိုယ်တော်လေးနှင့် မတွေ့ကြသေးတာ ဖြစ်ပါတယ်ဘုရား။ သူတို့ကလည်း ကိုယ်တော်လေးကို

ဖူးမြင်ချင်ကြကြောင်း ခဏခဏ စကားစပ်မိတိုင်း တပည့်တော်မကို ပြောပြပါတယ် ဘုရား။ အင်း လာချည် သေးလို့ စိတ်ထဲမှာ မှတ်ချက်ချလိုက်ပါသည်။

မြကေသီသည် အရပ်ရှည်သည့်ဘက် ပါသော်လည်း သူ့အရပ်နှင့်သူ အလုံးအပေါက် ကိုက်ညီ၍ ရှုမငြီးအောင်လှပါသည်။ မြကေခိုင် ကတော့ ၁၆ နှစ်အရွယ်လောက် ရှိပါသည်။ အရပ်မှာ မနိမ့်မမြင့်ဖြစ်၍ မိန်းမအင်္ဂါနှင့် ပြည့်ဝပါသည်။ လှမျိုးကွဲသူလေးများဖြစ်ကြောင်း မှတ်တမ်းတင်လိုက်ပါသည်။ ဖန်ဆင်းရုပ် မို့လားဟုလည်း တွေးတောမိပါသည်။ သူတို့ညီအမ နှစ်ယောက်က ပုတီးနှစ်ကုံးလှူကြ၍ အလှူခံပြီး ဆုပေးခဲ့ပေသည်။ သွားခွင့်ပြုပါအုံးဘုရား။ ကျွန်ုပ်လည်း သိမ်ထဲမှထွက်လာ ပြီး ပြန်လာပါတော့သည်။ ညအိပ်တော့ အိပ်မက်ထဲတွင် ဘုန်းကြီးတပါးနှင့် တွေ့၏။ မောင်ပဥ္စင်း "မ" ကပ်နေတယ်။ အထူးသတိထား ရမယ်။ ကိုယ်အလုပ်ကို ကြိုးစားနော်၊ အောင်မြင်မှုနီးကပ်နေပြီ ဟုဆိုပြီး တောင်ပေါ်တက်သွားပါတော သည်။ ကျွန်ုပ်သည် အိပ်ယာမှနိုး၍ နာရီကြည့်လိုက်တော့ ၃ နာရီထိုးလို့ ၅ မိနစ်ရှိနေပြီ။ ကျွန်ုပ်သည် မျက်နှာသစ်၍ ပုတီးစိပ်နေပါတော့သည်။

မနက်တိုင်းအောင်မြေနှင့် နဂါးရုံဘုရားများဖူးသော ဝတ္တရားရှိသည့်အတိုင်း ဝါခေါင်လကွယ်နေ့က နဂါးရုံဘုရား သွားဖူးရာ နံနက် ဝေလီဝေလင်းတွင် ကောင်မလေးနှစ်ယောက် တွေ့ရပေသည်။ ကျွန်ုပ်က အင်္ဂါထောင့်ဇရပ်က ဖူးနေ လေသည်။ သူတို့နှစ်ယောက် တက်လာ၍ နောက်နားက ထိုင်နေပေသည်။ ကျွန်ုပ်ပုတီး ၉ ပတ်စိပ်၍ ပြီးသောအခါ သူတို့က ကျွန်ုပ်ကိုဝတ်ချ၍ သစ္စာပန်းစီး ၂ စီးလှူကြပါသည်။ ဘုရားတပည့်တော်မ နာမည် ကတော့ "နန်းစော" ခေါ်ပါတယ်ဘုရား။ ညီမကတော့ "နန်းဝေ" ခေါ်ပါ တယ်ဘုရား။ ခင်ဗျားတို့က ရှမ်းမျိုးတွေလား။ ဟုတ်ပါတယ်ဘုရား။ သီပေါစော်ဘွားကြီးရဲ့ သမီးတော်များပါ ဘုရား။ ဘာကြောင့် ဒီကို ရောက်နေကြတာလဲ။ ခမည်းတော်ဘုရားက ဘုရားတပည့်တော်မတို့ ညီအမ နှစ်ယောက်ကို ဘိုးတော်မင်း တရားကြီးအား ဆက်သလိုက်သဖြင့် ဒီရောက်လာခြင်း ဖြစ်ပါတယ် ဘုရား။ ဒေဝီနွယ်ဘက်က ရသလား။ မဟေသီဘက်ကရသလား။ အနောက်နန်းမတော် မိဖုရားများ ဖြစ်ကြပါတယ် ဘုရား။ အော် အော် ကျွန်ုပ်ပြုလုပ်သော ကုသိုလ်အဖို့ကို အမျှပေးဝေပါ၏။ အမျှ အမျှ အမျှ၊ သာဓုပါ ဘုရား သာဓုပါ။

ကျွန်ုပ်သည် နဂါးရုံဘုရားမှ ပြန်လာပြီး အောင်မြေဘုရားသွား၍ဖူးပြီး ပုတီးစိပ်ပြန်ပါသည်၊ ထိုအပြီးမှ ကျောင်းပြန်ပါတော့သည်။ မနန်းစောတို့၊ မနန်းဝေတို့မှာ ရှမ်းမလေးများ ဖြစ်ကြသော်လည်း ထမိမှာ အနက်ရောင်နှင့်အနီပတ်လည်၊ အဖြူပတ်လည်စင်းများဝတ်ထားပြီး ခါးမှာငွေခါးပတ် ပတ်ထားခြင်းသာ ထူးသည်။ ကျန်ဆင်ယဉ်ထုံးဖွဲ့မှုမှာ အငြိမ့်မင်းသမီးများကဲ့သို့ ဝတ်ဆင်ထားလေသည်။ အသားမှာ အဖြူရောင်ထဲမှာ အနီရောင်ကလေး လွှမ်းနေ၍ ကြည့်လို့တမျိုး လှနေလေသည်။

## အောင်မြေအတွေ့အကြုံ

ဤကဲ့သို့ အဖြစ်အပျက်များ တွေ့ကြပြီးနောက် အောင်မြေဗွေဘုရားတွင် ၉ ရက် အဓိဋ္ဌာန်ပုတီး စိပ်ပါသည်။ နံနက်အာရုဏ်တိုင်း သွားရောက်စိပ်ပါသည်။ ပုတီးစိပ်လို့ ၅ ရက်အရလောက်တွင် ဘုန်းကြီး တပါးအနားလာပြီး ရပ်နေတာတွေပါသည်။ ပုတီးစိပ်နေသဖြင့် လှုပ်ပန်းမကွဲပါ။ နောက်တရက်လည်း

တွေ့မြင်ပါသည်။ ထိုအခါ ကျွန်ုပ်စိပ်ထဲကနေ သစ္စာပြုလိုက်ပါသည်။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဖြစ်လျှင် လွပ်လပ်စွာ သွားနိုင်ပါစေသတည်း။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် မဟုတ်ပါလျှင် ကျွန်ုပ်ပုတီးစိပ်လို့ ပြီးဆုံး သွားသည့်တိုင်အောင် မသွားနိုင်ပါစေသတည်းဟု သစ္စာအဓိဋ္ဌာန်ပြုလိုက်ပါတော့သည်။ ကျွန်ုပ်ပုတီး စိပ်ပြီးခါနီးလေပြီ တပတ်လောက် လိုပါတော့သည်။ သူလှုပ်ရှားနေလေပြီ။ သို့သော် လှုပ်ရှားရုံသာ တတ်နိုင်ပြီးမသွားနိုင်တော့ပါ။ ကျွန်ုပ်ပုတီးစိပ်ပြီး၍ သူနှင့်မျက်နှာချင်းဆိုင်ရပ်ပြီး ကြည့်လိုက်ပါသည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်လောက်က ပျံလွန်တော်မူသော ဆေး၊ ဗေဒင်နှင့်အင်္ဂရတိုးသော ဤဘုရားမြောက်ဘက်နေသော ဘုန်းကြီးဦးဥတ္တမကြီး ဖြစ်နေလေသည်။ ကျွန်ုပ်ဖြစ်ကြောင်းကုန်စင် မေးမြန်း လိုက်ပါသည်။ အကျဉ်းချုပ်တော့ အင်္ဂရမအောင်၍ ဤလိုဖြစ်နေရပြီး အမျှမေတ္တာများ လိုချင်ကြောင်း ပြောသဖြင့် အထူးမေတ္တာပို့၍ အမျှပေးခဲ့ပါသည်။ အလိုရှိရာသွားပါ တော့ဆိုမှ သူခမြာသွားနိုင် ပါတော့သည်။ အော် အံ့စရာပါလား။ အဓိဋ္ဌာန် ၉ ရက်ပြည့် သောနေ့တွင် မိန်းကလေးနှစ်ယောက်နှင့် ခွေးနက်ကြီးတကောင် တွေ့ပါသည်။ ပုတီးထိုင်ကာစတွင် ခွေးနက်ကြီး ဝဲဘက်ကထိုင်နေပါသည်။ ပြီးခါနီး တွင် ခွေးနက်ကြီးရှေ့က မိန်းကလေးနှစ်ယောက် ရပ်နေပါသည်။ ပုတီးစိပ်ပြီးတောင် ရှိနေသေး၍ သူတို့ကို မေးကြည့်ပါသည်။ သူတို့သည် ဥစ္စာစောင့် ဖြစ်ကြောင်း ဤအင်္ဂါထောင့်သိမ် အရှေ့တောင်ယွန်းယွန်းတွင် နေကြောင်း နာမည်များက ရွှေညို၊ ရွှေထွေး ခေါ်ကြောင်းလျှောက်ပြီး ဝတ်ချ၍ ခွေးနက်ကြီးနှင့်အတူ ဘုရားတောင်ဘက် သွားကြလေသည်။ ကျွန်ုပ်သည် စဉ်းစားပြီး အော် ဒီဥစ္စာစောင့်တွေနှင့် ဘာကြောင့် ခဏခဏ တွေ့တာပါလိမ့် ဟုတွေးတောမိပြီး ပုတီးစိပ်သွားရမှာပင် လန့်တွန့်တန့်ဖြစ်လာပါသည်။

## စတောင်မင်းကြီးအတွေ့အကြုံ

၁၃၁၇ ခုနှစ်ကုန် ၁၈ ခုနှစ်ဆန်းလာပေပြီ။ ထိုနှစ်တွင် တောင်မင်းကြီးဘုရား ဝါတွင်း ၃ လ အဓိဋ္ဌာန်လိုက်ပါသည်။ ထို ၃ လအတွင်းတွင် အထူးခြားဆုံး အတွေ့အကြုံမှာ စိတ်ပုတီးလည်ပင်းဆွဲပြီး ကတုံးနှင့်တောင်ဝှေးကိုင်ထားသော ဖိုးသူတော်ကြီး ဖြစ်ပါသည်။ ၇ ရက်တပါတ် တခါ နှစ်ခါတွေ့ပါသည်။ အကြောင်းစုံ ကျွန်ုပ်သိလိုသည်။ သို့သော် ပုတီးထိုင်ပြီးလျှင် သူမရှိသောကြောင့် မေးမြန်းဘို့ အခွင့်မရပေ။ သို့နှင့် ဝါကျွတ်ရန် နီးလာပါတော့သည်။ ၃ ရက်လောက်လိုတော့၏။ သူမပေါ်လာချေ။ မပေါ်လာတာ ၂၅ ရက်လောက် ရှိနေပေပြီ။ ပြီခါနီး နောက်ဆုံးရက်တွင် ကျွန်ုပ်၏ဝဲဘက်က ဖိုးသူတော်ကြီး ပုတီးစိပ်နေ လေပြီ။ ည ၈ နာရီလောက်ဖြစ်၍ သူ့ပုတီးစိပ်သံကြီးက ပြင်းလှပေသည်။ ကိုယ့်အာရုံကိုယ် တော်တော်ယူ စိပ်ရတော့သည်။ အဓိဋ္ဌာန်ပုတီးပတ် ၉၀ ပြည့်သွားပေပြီ။ သူ မပြီးသေးပါ။

ကျွန်ုပ်လည်း အခြေအနေစောင့်ကြည့်နေပေသည်။ ကျွန်ုပ်ဆုတောင်း အမျှမေတ္တာဝေပြီးမှ သူပြီး ပါတော့သည်။ ကျွန်ုပ်ကိုထိုင်၍ ဝတ်ချလေသည်။ ကျွန်ုပ်က သူကိုမေးမြန်းရလေသည်။ ဦးသူတော်ကြီး ဘယ်မှာနေတာလဲ၊ ဒီမှာနေတာပါ ဘုရား။ ဘယ်လောက်ကြာပြီလဲ၊ အနှစ် ၁၅၀ လောက်ရှိပါပြီဘုရား။ အရင်က ဘယ်မှာနေပါသေးသလဲ၊ ဆရာတော်ဦးဇေယျတ္ထထံမှာ နေပါတယ်။ အော် အော် မောင်ကံကွပ်မျက် ခံရတာ သိပါရဲ့လား၊ သူကြောင့်မို့ တပည့်တော် ဒီလာဖြစ်နေတာပေါ့။ ဌာပနာပိတ်သတ်တယ်ဆိုတာကော

ဟုတ်ရဲ့လား၊ ဟုတ်ပါတယ် ဘုရား။ တော်တော် ရက်စက်တယ်နော်၊ အလကား ခွေးရှင်ဘုရင်၊ ဝက်ရှင်ဘုရင်ပါ တိုင်းသူပြည်သား မြေယာတွေသိမ်း၊ ပစ္စည်းတွေသိမ်းနှင့် လူဆန်တဲ့ ရှင်ဘုရင် မဟုတ်ပါဘူး။ ဦးသူတော်ကြီး စိတ်ဆိုးလာ၍ စကားလွှဲ မေးလိုက်ပါသည်။

ဦးသူတော် နွားနို့တော်စုက ဦးနာဂသေန ထွက်ရပ်ပေါက်သွားတယ်ဆိုတာ သိပါသလား။ ဦးနာဂသေန မဟုတ်ပါဘုရား၊ ဦးနာဂိဿရပါဘုရား။ ဘိုးဘိုးအောင်ထက် ဦးသလား၊ မောင်အောင် အရင်ကျပါတယ်။ ၁၀ နှစ်လောက်စောပါတယ်။ ငပိုင်းတရားဖျက်တာနဲ့ မောင်အောင်က သူ့ကို မစောင့်ရှောက်တော့တာပါ။ တော်တော်ကို ရှင်ဘုရင်ပါးမဝတဲ့ ငပိုင်းပါကိုယ်တော်ရာ။ ကိုယ်တော်လည်း မန္တာန်ဘက်က ပေါက်နေပါပကော။ ဦးသူတော်ကသာ ပေါက်တယ်ပြောတာ ကျုပ်ကတော့ ဘာမှထူးခြားချက် မရှိသေးဘူး။ ပေါက်တယ်ဆိုတာ ဒီလိုကိုယ်တော် သမာဓိနှင့်အဓိဋ္ဌာန်လျှင် ဖြစ်လာတယ်၊ ကြိုတင်သိလာတယ်၊ အကုသိုလ်ပွားမှာ မလုပ်တော့ဘူး၊ တမလွန်ဘဝကူးရန် ဝန်မလေးတော့ဘူး ဒီအကျိုးထူးဟာ ပေါက်တဲ့သတ္တိပါဘုရား။

အော် အော် သာဓုပါ ဦးသူတော် သာဓုပါ။ ကိုယ်တော်ပေါက်လို့သာ တပည့်တော်တို့နှင့်တွေ့ရ တာ။ ရှေ့ဒါထက် ပိုတွေ့ရအုံးမယ်။ အမှန်သမားမဟုတ်ဘဲနဲ့ ဟန်သမား၊ အဆန်သမားဆိုရင် တပည့်တော် တို့နှင့် တွေ့ဘို့ရာ အခဲယဉ်းကြီးဘဲ၊ ခက်ကြီးဘဲ။ ကာလက လူများက ပေါ်ပင်လုပ်စား၊ လမ်းတွင် ဟန်ရေး၊ ဝါရေးနဲ့ တနှစ်-နှစ်နှစ်လောက် ပုတီးစိပ်ပေမဲ့ စိပ်တဲ့အပတ်အရေအတွက်ကြည့်တော့ ကိုယ်တော်တလ စိပ်တာလောက် မရှိဘူးကိုယ်တော်။ ကိုင်း ကိုင်း တပည့်တော် သွားခွင့်ပြုပါအုံး။ ကျွန်ုပ်အထက်ပါ ဦးသူတော် ပြောသောစကားများ ဝေဖန်၊ ကျောင်းသို့ပြန်လာရာ ရောက်မှန်းမသိ ရောက်လာပေသည်။ ထို ၁၃၁၈ ခုထဲတွင် ပုထိုးတော်ကြီးထီးတော် မြေခ၍ ထီးတင်ရန် ဆောင်ရွက်ပြီး ပုတီးကိုမပျက်အောင် အထူးကြိုးစား ဂရုစိုက်စိပ်ရပေသည်။

တောင်မင်းကြီးဘုရား အဓိဋ္ဌာန်ပြီးနောက် ပုထိုးတော်ကြီးဘုရားမှာလဲ နေ့စဉ်သွား၍ ပန်ရံသမားများ၊ အလုပ်သမားများ ကြီးကြပ်နေရသည့်အတူ မထူးပါဘူးဆိုပြီး ဆောင်းတွင်းသုံးလ အဓိဋ္ဌာန်ပြုလိုက်ပါသည်။ တန်ဆောင်မုန်းလဆန်း ၁ ရက်မှ ပြာသိုလကွယ်နေ့တိုင်အောင် ၃ လ အဓိဋ္ဌာန်ပြီး ၁၀၈ ပတ် အဓိဋ္ဌာန်ဝင်နေလေသည်။ အဓိဋ္ဌာန်ပုတီးစိပ်ပြီး ပန်းရံများလုပ်ချက်ကြည့်ပြီး မနက်ဖြန်လုပ်ရန် ညွှန်ကြား၍ ပြန်လာခဲ့လေသည်။ ဤသုံးလအတွင်း ည ၆ နာရီခွဲမှ ၈ နာရီတိုင်အောင် ပုတီးစိပ်သောအချိန်ဟု သတ်မှတ်ထားပြီး စိပ်လေသည်။ ထိုအတွင်း ပိတုံးများ ပျံဝဲလာကြခြင်း၊ ခွေးများ၊ မြွေများ ရှေ့ကနေလာကြည့်နေကြခြင်းသာ တွေ့ရ၏။

ပြာသိုလကွယ်နေ့ စိပ်သောအခါ ထူးသောအသံတသံ ထွက်ပေါ်လာပေသည်။ ထိုအသံကား "တပို့တွဲလပြည့် ဌာပနာပိတ်၊ ဌာပနာတိုက် သတ္တဋ္ဌာန ရှင်ဥပဂုတ် ဘုရားအနေကဇာ" ဟု ၃ ကြိမ်တိုင်တိုင် အသံအောင်ကြီးနှင့် ပြောလာ၍ ထိုရက်တွင် စီစဉ်ရလေသည်။ တူမောင်းဆရာတော်မှာ ရန်ကုန်ကြွသွား၍ ကျွန်ုပ်သည် ငွေကုန်စရိတ် အနည်းငယ်နှင့် သိုက်မြိုက်အောင် စီစဉ်ရလေသည်။ ဌာပနာပန်းပေါင်းဘုရား ၂၇၀၊ ကြေးရုပ်ပွားတော်၊ ဦးကြီးတို့လှူသော ငွေ ရှင်ဥပဂုတ် ၄ ဆူ၊ ပန်းပေါင်းရှင်ဥပဂုတ် ၄ဆူ၊ မာရ်အောင်ဘုရား တဆူ၊ ပြည်သူအများကုသိုလ်ဖြင့် ၁၃၁၈ ခု တပို့တွဲလပြည့် အနီး

ဘိတ်ရက်မှစ၍ လပြည့်ကျော် ၁ ရက်နေ့တိုင်အောင် ဌာပနာပိတ်ပွဲ ကျင်းပခဲ့လေသည်။ မြို့နယ်ရှိ ဆရာတော်၊ သံဃာတော်များ စုံညီစွာ ကြွရောက်တော်မူကြပေသည်။ ထိုဌာပနာပွဲ အခန်းအနားကို ဓါတ်ပုံရိုက်ထား လေသည်။ ဌာပနာတင်သောအခါ သာယာငြိမ့်ညောင်းစွာ တီးမှုတ်ရန် ဗေဒါတော်ဆိုင်းကို ငှား၍ တင်ခဲ့ပေသည်။ အချို့သူများ၏ ကဲ့ရဲ့သံ၊ အခြားသောသူများ၏ ချီးမွမ်းသံများ ကြားရပေသည်။ ချီးမွမ်းသံကို ပီတိဖြစ်သလောက် ကဲ့ရဲ့သံကို ခံပြင်းလာပါသည်။ ထိုအာရုံများကြောင့် ညအိပ်ရာဝင်မှာအိပ်၍ တော်တော် နှင့် မပျော်နိုင်ပေ။ အိပ်မပျော်တိုင်း ပုတီးချည်း စိပ်မိပါတော့သည်။ တပို့တွဲလပြည့်ကျော် ၉ ရက်နေ့ သန်ခေါင်ယံကျော်သွားလျှင် ခေတ္တအိပ်ပျော်သွားသလို ရှိသွားပါသည်။ အဘိုးကြီးနှင့်တွေ့ရပါသည်။ "ကိုယ်တော်လေး လောကသားများက ဘာဘဲပြောပြော စေတနာကောင်းထားပါ။ သီးခံပါ၊ မေတ္တာပို့ပါ ဒါဘဲအဘိုးမှာချင်တယ်" ဟုဆိုပြီး တောင်ပေါ် တက်သွားပါတော့သည်။ ကျွန်ုပ်လည်း ဆန်းလှချေတကား ဆိုပြီး မှတ်တမ်းရေးလိုက်ပါတော့သည်။

၁၃၁၈ ခုကုန် ၁၃၁၉ ခု သင်္ကြန်အပြီး ဝါဆိုလပြည့်နေ့က ထီးတင်ရန်အတွက် စည်းဝေးရာ တော်သလင်းလဆန်း ၁၃ ရက်နေ့မှ လပြည့်ကျော် ၈ ရက်နေ့အထိ ရက်သတ်မှတ်လိုက်ပါတော့သည်။ ဤဝါတွင်းတွင် ပုတီးအဓိဋ္ဌာန် ပုထိုးတော်ကြီးဘုရား ၂၇ ပတ် အဓိဋ္ဌာန် ဝင်လိုက်ပါသည်။ ထိုဝါတွင်းမှာ ပုထိုးတော်ကြီးဘုရား ရာဟုထောင့်ညောင်ပင်ကြီး (မယ်ဒက်ဆရာတော် စိုက်သော အရှေ့ဘက် အပေါက် နားက မဟာဗောဓိညောင်ပင်ကြီး) က ရုက္ခစိုးကြီးများ ၃-၄ ခါ တွေ့မြင်ရလေသည်။ ပုတီးထိုင်နေတုံးမှာပင် ရေသောက်ရန် ပေးလာကြလေသည်။ ကျွန်ုပ်လည်း သောက်ချလိုက် ပါသည်။ တခါ တခါ ကွမ်းယာပါ ပါလာပါသည်။ ကျွန်ုပ်လည်း စားလိုက်ပါသည်။ ရေ၏အရသာ၊ ကွမ်း၏အရသာ တမျိုးချည်း ဖြစ်နေသည်။ ချိုမွှေး ဆိမ့်သလိုလို ထင်ရသည်။ ရေသောက်ပြီးတိုင်း၊ ကွမ်းစားပြီး တိုင်း အသားများ တဆတ်ဆတ်နှင့် တုံလှုပ်နေပါသည်။ ထိုနေ့မှာဖြင့် တညလုံးလိုလို တုံနေသည်ဟု မှတ်ထင်မိပါတော့သည်။ ဘာသဘော တွေလဲဟု မပြောတတ်တော့ပါ။ ဤနှစ်မှာ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် တက်စိပ်နေတာ မြေခါတ်ရောက်နေ သောအပိုင်းဖြစ်၏။

၁၃၁၉ ခု၊ ဝါဆိုလပြည့်နေ့လောက်ကစ၍ ပုထိုးတော်ကြီးထီးတင်ရန် ရက်သတ်မှတ်ပြီးကြောင်း ကြေငြာလိုက်၍ ဘုရားထဲတွင်လူများ နေ့ရောညပါဆိုတာလို စည်စည်ကားကား ဖြစ်နေပေသည်။ စောင့်ရှောက်သံဃာအဖွဲ့ လူအဖွဲ့၊ ဆောင်ရွက်ရေး သံဃာအဖွဲ့ လူအဖွဲ့များ ဖွဲ့စည်းပေးပြီး ဆောင်ရွက်ကြ ပါသည်။ ဒီအထဲတွင် နိုင်ငံရေးဝင်လာ၍ အရေးအခင်းများ ရှုပ်ထွေးလာလေသည်။ ဘုရားကိုခုတုံးလုပ်ပြီး နိုင်ငံရေးစည်းရုံးမှုတွေ လုပ်နေတာတွေ့ရလေသည်။ ကျွန်ုပ်သည် တော်တော်သတိထား၍ လုပ်နေရသည်။ သံဃာအဖွဲ့ လူအဖွဲ့ နှစ်ဖွဲ့ကွဲသလို ဖြစ်လာ၍ တော်တော်လေး ထိမ်းသိမ်းရပေသည်။ ဘာဘဲဖြစ်ဖြစ် ကျွန်ုပ်သည် ဖွဲ့နှင့်သီးခံပြီး ထီးတော်ကြီးတင်ပြီးအောင်သာ အထူးကြိုးစား၍ လုပ်နေရပေသည်။ ပုတီးကိုသာ အားကိုးပြု၍ မေတ္တာကိုသာ ပို့နေရပေသည်။ တော်သတင်းလဆန်း ၁၄ ရက်နေ့မှာ ပွဲဝင်နေ့ ဖြစ်နေပေ သည်။ အားလုံးအစီအစဉ်ပြီးသလောက် ဖြစ်နေပေသည်။ ကျန်တာက နတ်လမ်းမကြီး မပြီးခြင်းဖြစ်၍ လပြည့်ကျော် ၁ ရက်နေ့မှ ပြီးသွားပေသည်။

လပြည့်နေ့တွင် အဖွဲ့ပေါင်းစုံ အခမ်းအနားများ ကိုင်ဆောင်ကာ ပုထိုးတော်ကြီးကို လက်ျာရစ် ၂၇ ပတ်လှည့်၍ ပူဇော်ကြရန် ကျွန်ုပ်ကညွှန်ကြားပြီး ထီးတော်ကြီးအဆောင်ကိုင် မိန်းကလေးများ၊ လှူဘွယ်ဝတ္ထုပစ္စည်းများကိုင် မိန်းကလေးများ၊ ဆိုင်းအဖွဲ့များ၊ ထီးတော် ကြီးထားသော ဗဟိုမဏ္ဍပ်ကြီးက စိန်ကျော်တင့်ဆိုင်းအဖွဲ့သားများ၊ ဆွမ်းတော်ကြီး ဆိုင်းအဖွဲ့သားများ အားလုံး ဆိုင်းအဖွဲ့ ၁၉ ဖွဲ့၊ ဝင်းအဖွဲ့ ၂ ဖွဲ့၊ မိန်းကလေးအဖွဲ့ ၂၀ ဖွဲ့၊ ယောက်ျားလေးအဖွဲ့ ၁၅ ဖွဲ့ ထိုအဖွဲ့များကို သံဃာတော်များက အုပ်ချုပ်၍ နေရပေသည်။ ကျွန်ုပ်က ကိစ္စအရပ်ရပ် ဆောင်ရွက်နေရ ပေသည်။ ထီးတော်အခမ်းအနားလှည့်စဉ်က ကျွန်ုပ်တသက်၌ ဤလောက်ကြီးကျယ်သောပွဲ မတွေ့ဘူး ကြောင်း မှတ်တမ်းတင်ထားလိုက်သည်။

လူထုတသိန်းကျော်မည် ထင်ရသည်။ ဝန်ကြီး၊ ဝန်ကလေးအဖွဲ့များလည်း ကြွရောက်၍ ရှေ့ဦးစွာ နဝမဘုံကို တင်ကြပေသည်။ တော်သလင်းလပြည့်နေ့မှ လပြည့်ကျော် ၁၂ ရက်နေ့အထိ ရွှေမန်းသဘင် အစထား၍ ကြည့်ချင်ပွဲ၊ ရုံပွဲတို့ဖြင့် ခြိမ့်ခြိမ့်သဲအောင် ကျင်းပနိုင်ခဲ့၍လည်းတကြောင်း၊ ဆူပူမှုမရှိသဖြင့် တကြောင်း၊ အစစအရာရာ အဆင်ပြေမှုရ၍လည်းတကြောင်း ဤအကြောင်းများကြောင့် အလွန်ပီတိ ဖြစ်ရပေသည်။ ကျွန်ုပ်မှာ ထီးအလုပ်သမားများနှင့်အတူ နေ့က တင်ထားသော ထီးဘုံများကို ည ၁၂ နာရီ တချက်တိုင်အောင် ဆင်ရပေသည်။ သို့ဖြင့် ၁၁ ရက်နေ့ ပြီးစီးအောင်မြင်လေသည်။ တော်သလင်း လဆန်း ၁၂ ရက်နေ့တွင် အောင်ပွဲခံပြီး သိမ်းလိုက်ပေသည်။

## ကြွက်နဖားတောင် ပေါက်ဂူအတွေ့အကြုံ

အားလုံးကိစ္စအဝဝများပြီးတော့ ကျွန်ုပ်သည် ကြွက်နဖားတောင် ပေါက်ဂူကိုပုတီးစိပ်ရန် တပို့တွဲ လဆန်း ၁၃ ရက်နေ့ ထွက်လာခဲ့ပေသည်။မန္တလေးမှကားဖြင့်လာ၍ ရွှေစာရံသွား ၄င်းမှတဖက်ကမ်းကူးပြီး ကြွက်နဖားဘက် သွားခဲ့လေသည်။ ရပ်ရွာများဝင်ပြီး ငြိမ်ဆိတ်မှု အခြေအနေများ လေ့လာမေးမြန်းပြီး လာခဲ့ပါသည်။ ထိုအချိန်က ရဲဘော်တို့ ကွန်မြူနစ်တို့ ခိုအောင်းနေသောဒေသဖြစ်၍ စူးစမ်းရခြင်း ဖြစ်သည်။ ထိုအနီးရှိလူများက ဤဂူကဆိုးကြောင်း၊ ထိုဂူထဲ ပုတီးစိပ်သော ပုဂ္ဂိုလ်များ သေနေတာတွေ့ရကြောင်း လျှောက်ကြပြီး မသွားရန်တားကြ၏။ ကျွန်ုပ်သည် ဆုံးဖြတ်ချက်ချထား၍ လူများကတားသော်လည်း လူများကို ဖြောင့်ဖျပြောဆိုပြီး ထိုဂူရှိရာ လာခဲ့ပေသည်။

ရွာကလူများက ကျောက်ဖယောင်းတိုင်ကြီးများ လှူလိုက်ကြပေသည်။ ၅ တိုင်လောက် ရခဲ့ပေသည်။ မနက်တော့ ထိုရွာမှလူများက ဆွမ်းအိုးလာပို့မည့်အကြောင်း လျှောက်ထားလေသည်။ ထိုအနီးရှိ ရွာကလေးမှ ပေါက်ဂူသို့ နာရီဝက်လောက် သွားရပေသည်။ ပေါက်ဂူရောက်တော့ ၆ နာရီထိုးနေပေသည်။ ဆောင်းတွင်းဖြစ်၍ တော်တော်မှောင်နေပေပြီ။ ဂူရဲ့အခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေအားလုံး ပါလာသောဓါတ်မီးဖြင့် ထိုးကြည့်ပြီး မှတ်သားထားလိုက်ပေသည်။ ဂူအတွင်းထဲဝင်ပြီး ကြည့်သောအခါ အရှေ့ဘက်နံရံမှီ၍ တတောင်လောက် ကျောက်ဆင်းတု ဘုရားတဆူ လှိုင်ပေါက်ကလေးထဲ သီတင်းသုံးနေတော်မူသည်။ ထိုဘုရားရှေ့တော် ကျောက် ဖယောင်းတိုင်ကြီး ၃ တိုင်ပူဇော်ပြီး ကျန် ၂ တိုင်ကို တောင်ဘက်ဂူနံရံများနေရာက ထွန်းညှိပြီး ဘုရား ပူဇော်ထားပေသည်။

ဘုရားရှေ့တော်တည့်တည့်မှာ ၄တောင်၂တောင်လောက် ကျောက်ဖြာကြီးတချပ် ရှိလေသည်။ တပေလောက် ကျောက်ခဲခေါင်းအုံးတလုံး ရှိလေသည်။ ဂူအကျယ်အဝန်းမှာ ၁၅တောင် ၂၀လောက်ရှိမည်ဟု ခန့်မှန်းရလေသည်။ ကျောက်ဂူအပေါ်မှာ ကျောက်တက်အချွန်ကလေးများ ၂ တောင်လောက်၊ တတောင်လောက် ပန်းဆိုင်းဆွဲသကဲ့သို့ တည်ရှိနေပေသည်။ တချို့ကျောက်တက်မှ ကျောက်စက် ရေများကျနေပေသည်။ ကျွန်ုပ်သည် ဂူအတွင်း အခြေအနေအရပ်ရပ် လေ့လာပြီး ရှင်းလင်းထားပြီးနောက် ၇ နာရီတိတိမှာ ဘုရားရှိခိုး ဝတ်တက်လေသည်။ ထိုနောက် ဤဂူစောင့်သော နတ်မှစ၍ ၃၁ ဘုံ ပုဂ္ဂိုလ် သတ္တဝါများ အမျှပေးဝေလေသည်။ ၉နာရီမတ်တင်းလောက်မှ ပြီးပါသည်။

ထိုနောက် ပါလာသော လွယ်အိပ်ထဲမှ မောင်းပုံခါးလေးတလက်၊ ဗုတ်မီးတချောင်း၊ အသားမီးခြစ်တလုံး၊ ဓါတ်မီးခြစ်တလုံး၊ စာအုပ်၊ ခဲတန်၊ ဖေါင်တိန်၊ မှန်ဘီလူးကလေး၊ ဆားထုပ်၊ မျက်နှာသုတ်ပုဝါ၊ ဂိုင်းရေခွက်ကလေးတလုံး တို့ကို လွယ်အိပ်ထဲကထုတ်ပြီး အမှတ်တရ စိစစ်ကြည့်၍ လွယ်လင့်တကူရစေရန် အဆင်သင့် ထားလေသည်။ ထိုနောက် ၉ နာရီတိတိအချိန်မှာ ပရိကံပြု၍ 'သမ္ဗာသဗုဒ္ဓ' ဂုဏ်တော် ဂါထာ ၂၇ ပတ်စိပ်ရန်နှင့် 'သမ္ဗာသဗုဒ္ဓေါသိဒ္ဓိ' ရှိုးရှိုး ၂၁၆ ပတ် ဤညတွင်စိပ်ရန် အဓိဋ္ဌာန်ပြုပြီး အလုပ်ခွင် စပါတော့သည်။ ခါးပန်းကြိုးတပ်လျှက်ရှိသော ခါးပိုက်ဆောင်နာရီကလေးကို ကြည့်လိုက်တော့ ၉ နာရီ ၁၅ မိနစ်ရှိသွား၍ ပုတီးစစိပ်ပါတော့သည်။

ဂါထာ ၉ ပတ်လောက်ရတော့ နောက်ကခြေသံလိုလို ကြားလိုက်ရပါသည်။ ထို့နောက် ရှဲ ရှဲ၊ ရှဲ ရှဲ အသံများကြားရပါသည်။ သို့နှင့် ၁၁ နာရီသံချောင်းခေါက်သံ အနောက်ဖက်အရပ် တောင်ဖက်ရွာများဆီမှ ကြားပါသည်။ ၁၀ ပတ်လောက်အရမှာ လေကြီးမိုးကြီးကျလာသော အသံများကြားရတော့၏။ ကျွန်ုပ်သည် ထိုအသံများဆီသို့ အာရုံမရောက်မိအောင် ပုတီးကိုသာ ကြိုးစားစိပ်ရပါသည်။ ပုတီးထဲစိတ်ရောက်နေတုံး တောင်ကြီးပြိုသံ ကြားရပါတော့သည်။ သတိထား၍ ပုတီးကိုသာ အထူးဂရုစိုက်၍ စိပ်နေပေသည်။ ထိုနောက် ဝေါ ဝေါ ဝေါ ဝေါနှင့် ပြင်းထန်သောအသံကြီး ဂူကြီးပတ်နေသလို ကြားရပါသည်။ ဂါထာပုတီးပတ် ၁၇ ပတ် ရသွားပေပြီ။ တဖန် ဂူအပြင်ဖက်က အသံကြီးပျောက်သွား၍ တအောင့်လောက် ကြာသောအခါ ဂူအတွင်းမှ ကြားလာရပါသည်။ ကျွန်ုပ်သည် ကြက်သီးများထလာပါသည်။ ကြောက်စိတ်တွေဝင်လာသည်။

ထိုအခါ "မင်းဘုရားလှူထားတဲ့ကိုယ်ဘဲ၊ သူတို့ပြုလုပ်ချင်တာ ပြုလုပ်ပေစေ။ မင်းနှင့် မဆိုင်တော့ ဘူး။ ဘုရားခန္ဓာကိုယ်၊ ဘုရားပစ္စည်း ဖြစ်၍နေပြီ သတိထားပေါ့" ဟု ကိုယ့်ကိုယ်ကို ကိုယ့်ဘာသာ အားပေးပြီး စိတ်တင်းထားကာ ပုတီးကိုသာ စိပ်နေပါတော့သည်။ မျက်စိကို ဖွင့်မကြည့်ဘဲ ပုတီးကိုသာ တွင်တွင်စိပ်နေပေသည်။ တဖြေးဖြေး ကျွန်ုပ်ကိုယ်ကြီး ရစ်ပတ်သလို ခံစားရပါသည်။ မျက်စိကို ဖွင့်မကြည့်ဝံ့ဘဲ သူလုပ်တာ ငုံ့ခံပြီး ပုတီးကိုသာ အထူးအာရုံစိုက်၍ စိပ်ပါတော့သည်။ တင်ပလ္လင်ခွေကို သိမ်းကြုံးပတ်မိပြီး ပခုံးပေါ် အပတ် အခွေကြီးများ ရောက်လာ၍ လက်ကပုတီး စိပ်လို့မရသော အခြေအနေသို့ ရောက်ရှိသွားပေပြီ။ စိတ်ကသာ စိပ်ရပါတော့သည်။ တဖြေးဖြေးနှင့် လည်ပင်းအစ်သလို ဖြစ်လာ၏။ "သေတနေ့ မွေးတနေ့ဘဲကွာ၊ ဒီဘဝ ဒီခန္ဓာဟာ ဒီလိုတရားအားထုတ်ရင်း သေရတဲ့ အသေမျိုးဟာ အမြပ်ဆုံးဘဲ၊ ဘဝ ဘဝက မယားကျွေးမှု၊ သားကျွေးမှုနဲ့ သေရတာများလှပါပြီ၊ ဒီလိုအသေမျိုးနဲ့

သေရတာအမြတ်ဆုံးဘဲ မင်းသီးသာခံဆိုပြီး" သတိပေးကာ ပုတီးသာစိတ်ထဲက အာရုံပြုပြီး စိပ်ရပါတော့သည်။ သို့နှင့် ၃ နာရီ သံချောင်းခေါက်သံ ကြားရပါတော့သည်။ လက်ကမစိပ်နိုင်သော်လည်း စိပ်နိုင်စဉ်အခါတုံးက နာရီနှင့်ကိုက်စိပ်ထားရာ တနာရီ ဂါထာ ၆ ပတ် ရပါသည်။ ရိုးရိုးမှာ ၁၀ မိနစ်ကို ၁၀ ပတ်ရပါသည်။ တနာရီကို အပတ် ၆၀ ရပါသည်။ ထိုချိန်ကိုက်အတိုင်းဆိုလျှင် ၅ နာရီခွဲလျှင် အာရုဏ်ဦးအချိန်မှာ ပြီးစီးရန်ဖြစ်ပါသည်။

သို့သော် မေတ္တာပို့လိုက်၊ သက်ဆိုင်ရာများတလိုက်၊ ပုတီးစိပ်လိုက် ဆိုတော့ အချိန်နောက်ကြရမည် အမှန်ဖြစ်သည်။ ပတ်ထားသောအရာဝတ္ထုက တိုးလည်းမတိုး၊ လျော့လည်းမလျော့ ဖြစ်နေပေသည်။ တုံးကြီးခေါက်သံ ကြားလာရပါသည်။ ထိုအခါကြမှ မျက်စိလေး ခတ်မှေးမှေး ဖွင့်ကြည့်လိုက်ရာ မြွေပါးပြင်းကြီး ခေါင်းပေါ်ကမိုးနေကြောင်း တွေ့ရပေသည်။ "အင်း သူကိုး လို့" အမှတ်ပြု လိုက်ပြီး ပုတီးကိုသာ အာရုံစိုက်၍ စိတ်ထဲကစိပ်နေပါတော့သည်။ တဖြေးဖြေးနှင့် လျော့စပြုလာပါသည်။ နောက်ဆုံး လျှော့ဆို အားလုံး ပြေသွားပြီး ရှီ ဆိုသောအသံကြီး ၅ မိနစ်လောက် ကြာကြာမြည်ပြီး ပျောက်သွားပါတော့သည်။ တအောင့်လောက်ကြာတော့ အာရုဏ်တုံးကလေး ခေါက်လာပါတော့သည်။ နာရီကိုကြည့်တော့ ၄နာရီခွဲနေပေပြီ။ လက်မောင်းများ ပေါင်များ ကိုယ်များလည်း စပ်ဖျင်းဖျင်းကြီး ဖြစ်နေ ပါသည်။ ပုတီးပြီး၍ အမျှအတန်းပေးပြီး ထိုသတ္တဝါကြီး နောက်နောင် လာရောက်အားထုတ်ကြတဲ့ ပုဂ္ဂိုလ်များ အနှောက်အယှက် မပေးလာနိုင်အောင် စည်းချ၊ သစ္စာအဓိဋ္ဌာန်ပြု၍ တညလုံး မအိပ်ရ၍ အိပ်လိုက်ပါတော့သည်။

၅ နာရီခွဲလောက် မှေးကနဲပျော်သွားလိုက် ဂူအပြင်ဖက်က လူသံများကြား၍ နိုးလာပြီး လူသံကြားရာ ဂူဝတက်သို့ လှည့်ကြည့်လိုက်ရာ လူများလန့်၍ နောက်ဆုတ်ရှဲသွားသည်ကို မြင်လိုက်ရပေသည်။ ထိုနောက် ကျွန်ုပ်သည် အသာထထိုင်ပြီး "တကာတို့ ဝင်ခဲ့ကြ၊ ဝင်ခဲ့ကြ ငါ မသေပါဘူး တကာတို့ရ" ဟုပြောတော့မှ ဝင်လာလေသည်။ လူများက စေ့စေ့စပ်စပ် သေသေချာချာ ကျွန်ုပ်ကို ကြည့်ကြလေသည်။ ဂူထဲဝင်လာကြသော တကာများမှာ ငါးဆယ်လောက်ရှိမည်ဟု ခန့်မှန်းပါသည်။ တကာများကို တန်တော့ခိုင်းပြီး ငါးပါးသီလပေး၍ အထက်ပါဖြစ်ကြောင်းကုန်စင်ကို ပြောပြပါတော့သည်။ ထိုအခါ တကာတယောက်က "ဩ ဒီလိုကိုး" ဟုအသံထွက်လာပါတော့သည်။ "တကာကြီးတို့ရှေ့က ဖြစ်ဖူးခဲ့တဲ့ အတွေ့အကြုံ လျှောက်ထားကြစမ်းပါဟု ပြောလိုက်ရာ သူကြီးဆိုသူလျှောက်သည်မှာ 'ရှေးက ဘုန်းကြီး ၃ ပါးလောက်၊ ရသေ့ ၅ ပါးလောက်၊ လူ ၂ ယောက်လောက် ဤဂူထဲတွင် သေကြပါသည်။ တပည့်တော်တို့ သင်္ဂြိုလ်ပစ်ရပါသည်။ ဖြစ်ပုံက ဒီလိုပါဘုရား။ ပထမဝေါ- ဝေါမည်သောအသံကြီး ကြားရပြီး ငြိမ်ကြသွားပါသည်။ နံနက်လင်းတော့ သွားကြည့်ကြတော့ ထိုဂူထဲတွင် ဘုန်းကြီးတစ်ပါး ပျံတော်မူလျှက် တွေ့ရပါသည်။

ဒုတိယတစ်ပါးကတော့ ဝေါ- ဝေါမည်သော အသံကြားပြီးနောက် တောင်ဟီးသံကြားပြီး ငြိမ်သွားပါသည်။ နံနက်သွားကြည့်ပြန်တော့ ဘုန်းကြီးတစ်ပါး ပျံတော်မူလျှက် တွေ့ရပြီး သင်္ဂြိုလ်ရပြန်ပါသည်။ တတိယမှာတော့ တောင်ဟီးသံ ဝေါ- ဝေါမည်သံများကြားပြီးနောက် ရွှီဆိုသောအသံကြီး ကြားရပြီး ငြိမ်သွားပါသည်။ နံနက်လင်းတော့ လာကြည့်ကြတော့ ဘုန်းကြီးတစ်ပါး ပျံတော်မူနေတာ တွေ့ရပါသည်။ ထိုကဲ့သို့ အတွေ့အကြုံများ၍ ဂူတွင်တရားအားထုတ် လာကြတဲ့ပုဂ္ဂိုလ်တိုင်း ဤအကြောင်းများကို

လျှောက်ထားပြီး တားရပါတော့သည်ဘုရား။ တားလို့မရတာနဲ့ ဆယ်ယောက်လောက် သေခဲ့ပါတယ်။ အရှင်ဘုရားလည်း တပည့်တော်တို့တားရာ မရသဖြင့် နံနက်ကြမှ သင်္ဂြိုလ်ရအုံးမှာပေါ့လို့ အောက်မေ့ပြီး ယခုလာကြရာ အရှင်ဘုရား မပျံတော်မူဘဲ ယခုကဲ့သို့ ဖြစ်ရပ်အမှန် တပည့်တော်တို့ကို မိန့်တော်မူသဖြင့် သိကြရပါ၍ အလွန်အံ့ဩမိပါသည်။

တပည့်တော်တို့ ကျောင်းဆောက်ပေးပါမည်၊ ဒီရွာမှာ တစ်ဝါတစ်ချိ ဆိုတော်မူပါဦးဘုရားဟု လျှောက်ထားကြလေသည်။ ကျွန်ုပ်က ကတိမပေးဘဲ ဆက်လက်၍ သွားစရာရှိသေးကြောင်း ပြောကြားပြီး တကာများကပ်သော ဆွမ်းကိုဘုဉ်းပေး၍ နောက်နှစ်ညဂူထဲ အဓိဋ္ဌာန်ပြုပြီး ပြန်လာပါတော့သည်။ ကျွန်ုပ်နေသော နောက်နှစ်ရက်အတွင်းမှာ တကာ၊ တကာမများ တော်တော်များများလာ၍ ဖူးကြပါသည်။ နေ့မှာ ၂ နာရီ ၃ နာရီလောက်အိပ်၍ ညလုံးပေါက် အားထုတ်ပါတော့သည်။ နောက်နှစ်ညမှာ ဘာသံမျှ မကြားရပါ။ ချွတ်ချွတ်အသံကလေးတောင် မကြားရတော့ပါ။သို့နှင့်ပင် တပိုတွဲလပြည့်နေ့ ၁၀ နာရီလောက် ထိုဂူမှပြန်လာခဲ့ပေသည်။ တကာ၊တကာမတို့ လှူလိုက်ကြတာများကို တကာသုံးယောက် သယ်ခိုင်းပြီး ရွှေစာရံဘက်ကူးပြီး လမ်းတွင်တွေ့သော သံဃာ၊ ဘုန်းကြီးကျောင်းများ လှူဒါန်းခဲ့ပါသည်။ ရွှေစာရံဘုရား ခရောက်၍ ဖယောင်းတိုင်များ၊ ပန်းများပူဇော် ပုတီး ၉ ပတ်စိတ်ပြီး ကားလမ်းကို လာခဲ့ပါတော့သည်။ တကာများကို ဘုရားမှပြန်လွှတ်လိုက်ပါတော့သည်။ ကားလမ်းသို့ ၄ နာရီခွဲလောက်ရောက်၍ ကျောက်ကားကြီးတစ်စင်းပေါ် တက်ပြီး မန္တလေးပြန်လာရာ ၆နာရီထိုးလောက် မန္တလေးရောက်ပါသည်။ တောင်မြို့သို့ ၇ နာရီခွဲလောက် ပြန်ရောက်ပါတော့သည်။ မြို့ရောက်သောအခါ မိမိ၏ကျင့်ဝတ်အတိုင်း ပုထိုးတော်ကြီး၊ တောင်မင်း၊ အောင်မြေ၊ နဂါးရုံ မဟာသက္ကျာသာမိ၊ ရွှေဂူကြီး၊ ကျောက်တော်ကြီးဘုရားများကို အလှည့်ကျ တနေ့သုံးဆူစီဖူးပြီး အဓိဋ္ဌာန်ပုတီး စိတ်နေပါတော့သည်။

သို့နှင့်ပင် နှစ်သစ်ကူး၍ ဝါဆိုလတိုင် ရောက်ခဲ့ပြန်လေသည်။ ၁၃၂၀- ခုနှစ် ဝါဆိုရက် နီးကပ်လာလေသည်။ ထိုလအတွင်းများတွင် ဥစ္စာစောင့်ငယ်၊ လတ်၊ ကြီးအတော်များများ တွေ့ရပါသည်။ ရုက္ခစိုးများလည်း တော်တော်များများလည်း တွေ့ရပါသည်။ ပုတီးစိပ်နေရင်း ထိုဘုရားများမှ လာကြပြီး ဝတ်ချပြီးပြန်သွားကြ၍ စကားမပြောရပါ။ ကုပ်ကုပ်ကလေးထိုင်နေသော နာနာဘာဝတို့က မနည်းလှကြချေ။ ဩ- သူတို့မခြောက်လှန့်ကြတော့ဘဲကိုးဟု အောက်မေ့မိပါတော့သည်။ ၁၃၁၉- ခု နှောင်းတန်ခူး လဆုပ် ၂ ရက်ညတွင် ပုတီးစိပ်ပြီး အိပ်ပျော်သွားလေရာ အောက်ပါအိပ်မက်ကို မက်လေသည်။

ပုထိုးတော်ကြီးဘုရား တောင်ဘက်မုခ်အပြင်ဘက်တွင် အငြိမ့်ကနေသည်။ အငြိမ့်မင်းသမီးသည် တစ်ယောက်တည်း ကနေရာမှ နှစ်ယောက်ဖြစ်သွားလိုက် သုံးယောက်ဖြစ်သွားလိုက်နှင့် အမျိုးမျိုးကိုယ်ခွဲ၍ ကပြနေလေသည်။ ပရိသတ်ကတော့ မရှိပါ။ ကျွန်ုပ်တစ်ယောက်ထဲ ထိုင်ကြည့်နေ၏။ ဆိုင်းနှင့်အက ကလည်း အလွန်ပဏာရလှ၏၊ ထိုကဲ့သို့ ကြည့်နေခိုက် လက်ျာဘက်ဘေးက မိန်းမပျို ၅ ယောက်၊ လက်ဝဲဘက်ဘေးက မိန်းမပျို ၅ ယောက်လာထိုင်၍ လာကြည့်နေကြပေသည်။ ကျွန်ုပ်က မိန်းမများနှင့် ငါနှင့်မသင့်တော်သဖြင့် ထသွားမည်ပြု၏။ ထိုအခါ ယာဘက်အနီးရှိ မိန်းမပျိုက ကိုယ်တော်ကလေး မသွားပါနှင့်ဘုရား။ သူတို့ကကွက်တွေ ကိုယ်တော်ကလေး မသိတာ၊ တပည့်တော်တို့က ပြောပြပါမယ်။ ရှေ့ထူးဆန်းတာတွေ အများကြီး ကပြကြအုံးမှာ ဘုရားဟုပြောနေ၏။ ထို့ကြောင့် ကျွန်ုပ်မသွားဘဲ ထိုင်ကြည့်

နေ၏။ ထို့နောက် အငြိမ့်ကတီးလုံး ချလိုက်၍ ကားလိပ်လည်းပိတ်သွား၏။ စည်တော်ရွှမ်းသံ ကြားလာရ၏၊ ကားလိပ်ဖွင့်လိုက်ပြီး နတ်သမီးအဝတ်အစားများနှင့် ပရိသတ်ကန်တော့ပြီး ကကြ၏။ ၃၀ လောက်ရှိမည်ထင်၏။ ဆိုင်းရော၊ အကပါရပ်ပြီး နားနေ၏။ ဝဲဘက်၊ ယာဘက်များမှာ အငြိမ့်မင်းသမီးပုံ ဝတ်ဆင်ထားသော လုံမပျို ၁၂ ယောက်စီတို့သည် ရွှေအုပ်များ ပွေ့ပိုက်လာကြပြီး အငြိမ့်ခုံပေါ် ရှိသော နတ်သမီးများကို သစ်သီးများ ဝေငှပေးကြ၏။ ထိုနောက် အငြိမ့်ခုံမှ ဆင်းလာပြီး ကျွန်ုပ်ကို သစ်သီးများပေး၏။ စားပါ ကိုယ်တော်လေး စားပါဟုပြော၏။ ကျွန်ုပ်က ညမစားကောင်းဘူးဗျဟု ပြော၏။ ဩော်- ကိုယ်တော်ကလေး ကလည်း လင်းရောင်ခြည်လာပြီဘုရား။

ကျွန်ုပ်လည်း ဩဇာသီးကို အရင်စားလိုက်၏။ နောက်ဆက်ပြီး ဌက်ပျောသီး၊ လိမ္မော်သီး၊ သလဲသီး များကို စားလိုက်၏။ ယာ- ဝဲဘက်တွင်ရှိနေကြသော မိန်းမပျိုများကလည်း စားနေကြ၏။ အငြိမ့် ဆိုင်းသံသည် မြိုင်၍ထွက်လာပြန်၏။ ကားလိပ်ဖွင့်လိုက်၏။ မှန်သေတ္တာကြီးကို စိမ်း၊ ပြာ၊ နီ၊ ဝါ ထိုးထား၏။ အရောင်များယှက်ဖြာနေ၏၊ အပြာရောင်က အလွန်အားကောင်းစွာ ထိုးထား၏။ ကြည့်လို့မငြီးပါ။ နောက်ခံကားဘေး ဝဲ၊ ယာမှ မောင့်ကြက်သရေခေါင်းပေါင်း၊ ချိတ်လုံချည်များ ဝတ်ဆင်ထားသော ထိုင်မသိမ်းအင်္ကျီနှင့် ယောကျ်ားတဘက် ၉ ယောက်ဆီ ထွက်လာကြ၏။ မှန်သေတ္တာကြီးကို ဖွင့်ကြပြီး အထဲမှ စိန်ဖူးတော်ကြီးကို ယူလိုက်ကြ၏။

ထိုအခါကျွန်ုပ်က ဘယ့်နှယ်လဲ ငါတင်ထားသော ပုထိုးတော်ကြီးက စိန်ဖူးတော်ကြီးက ဘာပြုလို့ သူတို့ဆီရောက်ရတာလဲဟု စိတ်ထဲတွင် ပြောဆိုနေမိ၏။ ၎င်းနောက် ထိုလူကြီးများသည် စိန်ဖူးတော်ကြီးကို ယူလာကြ၍ ကျွန်ုပ်ကိုလာအပ်ကြ၏။ ကျွန်ုပ်ကလက်မခံ။ ကျွန်ုပ်၏ဘခင် တကာကြီးက လက်ခံ၏။ မိုးလင်းသွား၍ အငြိမ့်ပြီးသွားသောကြောင့် ကျွန်ုပ်ထပြန်မည်ပြုရာ ဝဲယာက မိန်းမပျိုများက၊ တပည့်တော်တို့ဆီ ဆွမ်းစားကြွပါအုံး ဘုရားဟုဆိုသဖြင့် လိုက်သွား၏။ ပွဲခင်း ဆုံးလျှင် ရေဆိပ်ရောက်၏၊ အခန့်သင့်ဆိုက်ထားသော ရွှေလှေပေါ် တက်ရန် လျှောက်ထား၍တက်ပြီး လှေဝမ်းတွင်း အခင်းပေါ် ထိုင်လိုက်၏။

ညကအိပ်ပျက်၍ အိပ်ပျော်သွားပြန်၏။ နိုးလာတော့ ခမ်းနားသော အဆောက်အဦကြီးထဲ ရောက်၏။ ပင့်လာသော မိန်းမပျိုများက ကိုယ်တော်လေးအနိုး စောင့်နေကြတာ နေတောင်တော်တော် မြင့်သွားပြီ။ ဆွမ်းဘုန်းပေးအုံးဘုရား။ အခန့်သင့်ပြင်ထားသော ရွှေအုပ်ကြီးထဲမှ ထမင်း၊ ဟင်းများစား၏။ ဟင်းများ စုံလှ၏၊ အရသာက အလွန်ရှိ၏၊ စားလို့မဝနိုင်ရှိနေ၏။ အုပ်ကြီးထဲက ဆွမ်းဟင်းများ အကုန်ကုန်သွား၏။ ကုန်သွားမှ လက်ဆေးပြီး၊ လက်သုတ်၍ လဘက်ရည်သောက်၏။ မုန့်တွေက ဘယ်လိုဟာတွေလဲ၊ ငါလည်း ဒီမုန့်မျိုးတွေကို တခါမှမမြင်ဖူးဘူး၊ စားလည်းမစားဖူးဘူး စားကြည့် လိုက်၏။ တုန်တက်သွား၏။ အနည်းငယ်စီစား၏။ ခံစားရချက် တမျိုးစီဖြစ်၏။ ပြီးလျှင် ကျွန်ုပ်က တကာမလေးတွေ လိုက်ပို့ပါ၊ ကျွန်ုပ်က ဘယ်နေရာ ရောက်မှန်းမသိတော့ဘူး။ မိန်းခလေးများပြုံး၍နေကြ၏။ နောက်တော့သိမှာပေ့ါ ကိုယ်တော် လေးဘုရား။

လုံမပျို ၂ ယောက်က အနီးလာ၍ လက်ကိုကိုင်ထားကြ၏။ ကျွန်ုပ်က ခင်ဗျားတို့ဆီမှာ ယောကျ်ား တစ်ယောက်မှ မမြင်ဘူး၊ မရှိလို့လားလို့ မေး၏။ ဩ- ကိုယ်တော်လေးကလည်း ဒီဘုံက သုမာလာ

သခင်မဖုရား နေတဲ့ ဘုံနန်းဘုရား။ ဒါဖြင့် သုမာလာက ဘယ်ရောက်နေတာလဲ။ မလှမ်းမကမ်း အခန်းဝဆီမှ ထွက်လာနေသော ကလျာဏဝင်လောက်သော မျက်နှာတွင် ပိတ်ပါးကလေး ဖုံးထားသော ကျော့ရှင်းသော ၂၀ ပတ်ဝန်းကျင်လောက်ရှိသော မိန်းမပျိုတယောက် ထွက်လာ၏။ ယခင် မိန်းမပျိုများ ကျွန်ုပ်လက်ကို လွှတ်လိုက်ကြပြီး သူ့ကိုအရိုအသေပေးပြီး ဦးညွှတ်ခါရပ်နေကြသည်။ ဦးညွှတ်ရပ်နေသော မိန်းမပျိုများထဲမှ တယောက်က သုမာလာအရှင်သခင်မ ဖြစ်ပါတယ် ကိုယ်တော်လေးဘုရားဟု ပြောသဖြင့် ကျွန်ုပ်က သုမာလာအမည်နဲ့လူ တော်တော်လိုက်ပါတယ်။ ကိုယ်တော်လေးက တပည့်တော်မကို ချီးမွမ်းတာလား ဘုရား။ ချီးမွမ်းတာမဟုတ်ပါဘူး ဟုတ်တာပြောတာပါ။ တပည့်တော်မတို့က ကိုယ်တော်လေးကို သိပ်ကြည်ညိုတာဘဲ။ တပည့်တော်မတို့ရဲ့ ပိုင်ရှင်ဖြစ်ရင် တပည့်တော်မတို့တော့ အခုဘဝရကျိုး နပ်တော့တာဘဲဘုရား။

တပည့်တော်မတို့က ကုသိုလ်နည်းပါတယ်ဘုရား။ ကိုယ်တော်လေးကို ဖူးတွေ့ရရင် တော်ပါပြီဘုရား။ ရှေ့ဆက်မလျှောက်တော့ပါဘူး ။ ဒါပေမဲ့ဘုရား သုမာလာတို့ကိုတော့ မေတ္တာပြုပေးပါဘုရား။ ကိုယ်တော်လေးထံက မေတ္တာရရင် သုမာလာတို့ ကြေနပ်ပါပြီဘုရား။ ကိုယ်တော်လေးကို တပည့်တော်မ ကိုယ်တိုင် လိုက်ပို့ပါ့မယ်။ သုမာလာသည်လက်ကို ယုယစွာဆွဲကိုင်ပြီး လုံမပျိုများနှင့်အတူ ကျွန်ုပ်ကို ခေါ်ဆောင်သွားပါသည်။ ပင်လယ်ရေပြင်ဆီသို့ ရောက်လာကြ၏။ ရွှေလှေပေါ် တက်လိုက်၏။ ငြိမ့်ကနဲ ဖြစ်သွား၏။ ကမ်းခြေရောက်လာ၏။ တပည့်တော်တို့ ပြန်ခွင့်ပြုပါဘုရား။ ကောင်းပါပြီ ကောင်းပါပြီ။

အိပ်ရာမှနိုးလာ၏။ မျက်နှာသစ် လက်ဘက်ရည်သောက်ပြီး ညကအိပ်မက်ကို စဉ်းစားနေ၏။ ထုံးစံအတိုင်း ၁၀ နာရီလောက်ဘုရားဖူးပြီး ကျောင်းပြန်လာ၏။ ဦးလှဘူးလာ၍ သမ္ဗုတကန်တော့ခံရန် ပုထိုးတော်ကြီးဘုရားသို့ ကြွတော်မူပါဘုရားဟု ပင့်သဖြင့် ကားပေါ် တက်လိုက်ပြီး သမ္ဗုတကန်တော့ခံ၏။ သမ္ဗုတကန်တော့ခံကြသော ဆရာတော်များမှာ


၁။ အောင်ခြင်းရှစ်ပါး ဆရာတော်၊ ၂။ တူမောင်း ဆရာတော်၊ ၃။ သရက်တောဆရာတော်၊

၄။ တူမောင်း ဆရာတော် ဦးကလျာဏ၊ ၅။ ပုံ့ပါ ဆရာတော်၊ ကျွန်ုပ်နှင့် သရက်တောတိုက်က ဦးပဥ္စင်းတပါး ဖြစ်၏။ ၁၃၁၉ ခု နှောင်းတံခူးလဆုပ် ၃ ရက်နေ့ဖြစ်၏။

နှောင်းတန်ခူးလဆုပ် ၈ ရက်နေ့တွင် မေမြို့သွား ပုတီးစိပ်၍ ဉာဏ်တောဘုရား၊ ရွှေစည်းခုံဘုရား၊ တောင်ပေါ် စေတီဘုရား၊ လွတ်လပ်ရေးစေတီဘုရားများ ပုတီး ၂၇ ပတ်စီ စိပ်ခဲ့၏။ မနက် ၈ နာရီသွားပြီး ညနေ ၆ နာရီ ၃၅ မိနစ် တူမောင်းမွှောရုံသို့ ပြန်ရောက်၏။ ညက ကမ္မဋ္ဌာန်းပြ တရားဟောပြီး ထုံးစံအတိုင်း ပုတီးစိပ် မေတ္တာပို့ပြီး အိပ်၏။

**အိပ်မက်** - အလွန်လျင်မြန်သော တနာရီမိုင် ၁၀၀ လောက်မောင်းသောကားပေါ် စီးနေရသည်။ တောင်ဆင်း တောင်တက်များကို မောင်းနေလေသည်။ ဘုရားတဆူနား ရပ်လိုက်၏။ ဘုရားဝင်ဖူးလိုက်တော့ ဉာဏ်တောဘုရား ဖြစ်နေလေသည်။ ဩ ဒီဘုရား နေ့က ငါဖူးခဲ့ပြီးတာဘဲ တူလို့များလားဟု တွေးနေပြီး ခြေသံကြား၍ လှည့်ကြည့်လိုက်ရာ ဘုန်းတော်ကြီးတပါး ဖြစ်လေသည်။ ကျွန်ုပ်ကို ကိုယ်တော်ဘယ်ကျောင်းတိုက်ကလဲဟု မေး၏။ တူမောင်းတိုက်ကပါ။ တူမောင်းတိုက်ကဆိုလျှင် ပဋ္ဌာန်းရမှာပေါ့နော်၊ ပစ္စယနိဒ္ဒေသ ပါဠိတော်၊ ပညာဝါရ ပါဠိတော်တို့တော့ ရပါတယ်ဘုရား။ နေ့စဉ်သရဇ္ဈာယ်ပေးလျှင်

တန်ခိုးသတ္တိ အလွန်ထူးတယ်၊ နတ်များလည်းအလွန်ချစ်တယ်၊ ဘေးအန္တရာယ်လဲ ကင်းရှင်းပြီး အတိတ်က ဝဋ်ကြွေးရှိလျှင်တောင် ကင်းနိုင်ပါတယ်။ ကျွန်ုပ်က တယ်ဆိုတဲ့စာပါလားလို့ စိတ်ထဲက အောက်မေ့၏။ ထိုအခါ ကိုယ်တော်အဟုတ်ပြောတာ သံသယမဖြစ်နဲ့။ ပညာဝါရတို့ ပစ္စယနိဒ္ဒေသ တို့မရတောင် ၂၄ ပစ္စည်းရွတ်က ဤအကျိုးကို ရနိုင်ပါတယ်။ကိုယ်တော်တို့လို ပုတီးစိပ်တဲ့ပုဂ္ဂိုလ်ဆိုတာ ဒါမျိုးတွေများများ ရွတ်ရတယ်။ ကိုင်း ကိုင်း ရော့ ဒီအင်းကလေးဆောင်ထားဟု ပေးလေ၏။ ကြည့်လိုက်တော့အင်းက တဖက် ၂ လေးလုံး၊ တဖက်က ကြီးလေးလုံးအင်း ဖြစ်နေ၏။ ပုံစံကား-




ဒီဘုရားကို ပုတီးစိပ်ပြီးလျှင် ရှစ်မျက်နှာဘုရား သွားရအောင်၊ရှစ်မျက်နှာဘုရားက ဘယ်မှာလဲ ဘုရား။ မေမြို့အထက်နားမှာ ကြွပါဘုရား။ လိုက်တာပေါ့ ဆိုပြီး ဘုန်းကြီးနောက် လိုက်သွား၏။ ခဏ လောက်သွားလိုက်လျှင် ရှုခင်းသာနားက ရှစ်မျက်နှာဘုရား ရောက်သွား၏။ ကိုယ်တော်တို့ တောင်မြို့မှာလည်း အောင်ခြင်းရှစ်ပါးဘုရား ရှိတယ်မဟုတ်လား။ ရှိပါတယ်။ အဲဒီဘုရားများလည်းသွားပြီး အောင်ဓါတ်ယူတဲ့အနေနဲ့ ပုတီးစိပ်ရတယ်။ သတ္တဋ္ဌာနတို့လည်းသွားပြီး ပုတီးစိပ်ရတယ်။ ရန်ကင်းတောင်၊ မန္တလေးတောင်၊ ရေတံခွန်တောင်၊ ယက္ကန်းစင်တောင်၊ စစ်ကိုင်းတောင် တို့ကိုလည်းသွားစိပ်ရတယ်။ တောင် ၅ လုံးဆိုတာ ဒါဘဲ။ ရဟန္တာသမုတ်တဲ့သိမ် ၉ သိမ်လဲသွားပြီး စိပ်ရတယ်။ အနည်းဆုံး ၂၇ ပတ်တော့ စိပ်ရတယ်။ ရဟန္တာသမုတ်တဲ့သိမ် ၉ သိမ်က ဘယ်မှာရှိတာပါလဲဘုရား။ ၁။ ပဲခူးမှာ တသိမ်၊ ၂။ပုဂံမှာ နှစ်သိမ်၊ ၃။ မန္တလေးမှာ သုံးသိမ်၊ ၄။ အမရပူရမှာ တသိမ်၊ ၅။ ရန်ကုန်မှာ တသိမ်၊ ၆။ စစ်ကိုင်းမှာ တသိမ် ဤ ၉ သိမ်ကို ကိုယ်တော်ရှာပြီးစိပ်။ ဤ ၉ သိမ်စိပ်ပြီးလျှင် ဘယ်လိုရန်မှ မကြောက်ရတော့ဘူး မှတ်ထား။ သုဿန်တို့ နတ်ရဲသစ်ပင်တို့တော့ သွားမစိပ်နဲ့၊ အဲဒါက စားလမ်းဆရာများလုပ်တဲ့နည်း ဖြစ်တယ်။ ကိုင်း တပည့်တော် သွားအုံးမယ်။ တင်ပါ့ တင်ပါ့ ကြွတော်မူပါဘုရား။ ဘုန်းကြီးကြီးသည် ရှစ်မျက်နှာဘုရားပေါ်မှ ဆင်းသွားပြီး သွားလေသည်။ ကျွန်ုပ်လည်း ကားစောင့်ရန် ဆင်းလာခဲ့၏။

အလကားစီးသောကားဘဲ ထပ်တွေ့၍ စီးလာလိုက်၏။ ကားပုံကား ပြိုင်ကားနှင့်တူ၏။ ခဏ ကြာသော် ကျောင်းပေါ်သို့ ရောက်လာ၏။ ကျွန်ုပ်လည်း နိုးလာ၏။ အိပ်မက်မှတ်တမ်းကို ရေးမှတ်လိုက်၏။

ဤနှစ်တန်ခူးလဆုပ် ၁၀ ရက် သင်္ကြန်ကျ၍ တရက်ကြတ်ပြီးလျှင် တန်ခူးလဆုပ် ၁၂ ရက်နေ့ သင်္ကြန်တက်၏။ တန်ခူးလဆုပ် ၁၃ ရက်နေ့တွင် နှစ်ဆန်းတရက် ဖြစ်လေသည်။ ၁၃၂၀ ပြည့် နှစ်ဆန်း တရက်နေ့ ဖြစ်လေသည်။

နှစ်ဆန်းတရက်နေ့ အထိမ်းအမှတ်အဖြစ် မင်္ဂလာအခါတော်နေ့မြတ်ကို ရည်ထူး၍ မင်္ဂလသုတ်တော် ကို ပုတီးတပတ်စိတ်၍ "တ"ဂုဏ်တော်ကိုမတက်သေးဘဲ ဂုဏ်တော်ကွန်ချာများကို ကိုးထောင်ပြည့်

စေတီတည်ရန် အဓိဋ္ဌာန်ပြုလိုက်လေသည်။ ကိုးထောင်ပြည့်စေတီတည်နည်းမှာ- (၁) ဣရဟ္ဂ ဂတ္တရသ ဆိုပြီးတလုံးချ ၁၀၈ လုံး ပုတီးအပါတ် ၉၀၀၀ ရအောင်စိတ်ပြီးက စေတီတဆူပြီးတော့၏။

ထီးတင် သောအနေဖြင့်-

| | | | |
|---|---|---|---|
| ၁။ | အနေကဇာတိ သံသာရံ ဂါထာ | တပတ် | (၁၀၈) |
| ၂။ | အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဂါထာ | တပတ် | ။ |
| ၃။ | အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓါ | တပတ် | ။ |
| ၄။ | ယဒါဟဝေ ပါတု ဘဝန္တိမော (လ) ဓမ္မာ | တပတ် | ။ |
| ၅။ | ယဒါဟဝေ (လ) အဝေဓိ | တပတ် | ။ |
| ၆။ | ယဒါဟဝေ (လ) လိက္ခံ | တပတ် | ။ |
| ၇။ | ဇယန္တော (လ) ပမောဒတိ | တပတ် | ။ |
| ၈။ | ဟေတုပစ္စယော (လ) အဝိဂတပစ္စယောတိ | တပတ် | ။ |
| ၉။ | ဣတိပိသော (လ) ဘဂဝါ | တပတ် | ။ |
| ၁၀။ | သွက္ခာတော (လ) ဝိညူဟိတိ | တပတ် | ။ |
| ၁၁။ | သုပ္ပဋိပန္နော (လ) လောကဿ | တပတ် | ။ |
| ၁၂။ | ယံဒုန္နိမိတ္တံ - ဗုဒ္ဓာ | တပတ် | ။ |
| ၁၃။ | ယံဒုန္နိမိတ္တံ - ဓမ္မာ | တပတ် | ။ |
| ၁၄။ | ယံဒုန္နိမိတ္တံ - သံဃံ | တပတ် | ။ |
| ၁၅။ | စက္ကျမာစာရ (လ) မေဝရံ | တပတ် | ။ |

၁၅ဂါထာကို ၁၅ ပတ်စိပ်ပြီးလျှင် ဘုရားဂုဏ်တော်ကွန်ချာ ၉၀၀၀ ပြည့်စေတီတဆူ ပြီးတော့၏။

ရွှေနည်းတူ-

| | |
|---|---|
| တိဟံစတော ရောထိနံ | တဆူ |
| ပိသရလော ပုသဗု | တဆူ |
| သောမ္မာန ကရိတ္တာဒ္ဓေါ | တဆူ |
| ဘသသ ဝိသဒေဘ | တဆူ |
| ဂမ္မမ္မ ဒူ၀၀ဂ | တဆူ |
| ဝါဒ္ဓေါန္တော အမ္မ မဝါ | တဆူ |
| အဝိသု နုသာနုတိ | တဆူ ပေါင်း ရှစ်ဆူဖြစ်လေသည်။ |

အကျိုးကား-

၁။ ဣရဟ္ဂ ကား အားလုံးပြီးစီးအောင်မြင်၏။

၂။ တိဟံစ ကား စားဘွယ် သောက်ဘွယ် ကွမ်းယာ စသည်တို့ကို ၃၇ အုပ်မန်းစားက လူနတ်ချစ်၏။

၃။ ဝိသရ ကား အနာရောဂါဖြစ်လျှင် ၃၇ အုပ်မန်း ပျောက်ကင်းနိုင်၏။ အမှုအခင်းဖြစ်လျှင် ဖယောင်းဖြူ နှစ်ကျပ်သားဖယောင်းတိုင်လုပ် အလယ်မီးဇာကို မှိုင်းခံစက္ကူ ၄င်းစာလုံးရေး နံ အလည်ကထားပြီးထွန်း ထိုဖယောင်းတိုင်အားဂါထာဖြင့် ၁၀၈ ခေါက်မန်းထွန်း ပုတီး ၂၇ ပတ်နေ့စဉ်စိပ် ၂၇ ရက်အတွင်း လွတ်မြောက်၏။ နေ့စဉ်လည်းထွန်း။

၄။ သောမွာန ကား နေ့စဉ်ပုတီး ၉ပတ်စိပ် သွားလာသောအခါ ၉ ခေါက်ရွတ်သွား ပီယကောင်း၏။

၅။ ဘသသ ကား အကျဉ်းခံ အချုပ်အနှောင်ခံရနေသူအတွက် အနန္တပွဲထိုး၍ ၄၅ ရက် ၄၅ ပတ်စိပ်ပေး ကလွတ်၊ သေဒဏ်ကျလျှင်လည်း လွတ်၏။

၆။ ဂမ္ဘုမ္ပ ကား နှမ်းဆီစစ်စစ် ဆုံကထွက်လျှင်ထွက်ခြင်း ၉ ကျပ်သားယူ ၉၀၀၀စိပ်ပြီး ပွဲစုံစွာနှင့်သောက် ကာယသိဒ္ဓိ မြောက်၏။

၇။ ဝါဒွေါနွော ကား နေ့စဉ် ဘုရားဝါတော်အရ ၄၅ ပတ်စိပ်၊ မီး ရေ ပန်း အမွှေးတိုင် တို့ဖြင့်တင်လှူပြီး ရက်ပေါင်း ၁၈၀ အဓိဋ္ဌာန်စိပ် အရေးရှိက ၉ ခေါက်ရွတ်လိုက်လျှင် အဓိဋ္ဌာန်ပြီးမြောက်ပါက ရှိမ်းဆာယာပိုမောက်ပြီး ကိုယ်ဖျောက်နိုင်ပေ၏။

၈။ အဝိသု ကား ၉ လတိတိ ၁၀၈ ပတ်အဓိဋ္ဌာန် သတ်သတ်လွတ်စားပြီးစိတ် အဓိဋ္ဌာန်အောင်လျှင် ထူးခြားသော နိမိတ်တွေ့ရမည်။ အောင်ပြီဟုမှတ်၊ အောင်လျှင်သဒ္ဒိ ၃ ပါးပိုင်တော့၏။ သိဒ္ဓိ ၃ ပါးက ပီယ၊ ကာယ၊ ဓနဖြစ်၏။

ဤဂုဏ်တော်ကွန်ချာ ၈ ပါးကို ကိုးထောင်ပြည့်စေတီတည်နိုင်ပါက မီးမလောင်၊ ရေမနစ်၊ သိဒ္ဓိပေါက်နိုင်၏။ ဤကား အကျိုးပေတည်း။

ဂုဏ်တော်ကွန်ချာ နံနက် ၂၇ ပတ်၊ ည ၂၇ ပတ် စိပ်ပါသည်။ ဝတ်ထားအဓိဋ္ဌာန်ပြုပြီး စိပ်ပါသည်။ နေ့မှာတော့ ဦးပဥ္စင်းများအား သဒ္ဒါပို့ချ၊ ဘေဒစိန္တာပို့ချနေပေသည်။ ပြီးခဲ့သောနှစ်များက ပါရာဇိကဏ်ပါဠိတော်နှင့် အဋ္ဌကထာတွဲချခြင်း၊ သဂြိုလ်နှင့် ဋီကာကျော်တွဲချခြင်း၊ ညနေပိုင်းမှာ အင်္ဂလိပ်စာ၊ ဂဏန်းသင်္ချာ သင်ကြားပေးခဲ့ပါသည်။ စာလိုက်သံယာ ၃၀ ကျော်လောက်ရှိသည်။ အင်္ဂလိပ်စာနှင့် ဂဏန်းသင်္ချာက ကျား-မ ၅၀ ကျော်လောက်ရှိသည်။ အခမဲ့ပါရမီဖြစ် သင်ကြားပေးပါသည်။ ကမ္မဋ္ဌာန်း ဆရာတော်မရှိသောရက်ပိုင်းမှာ တရားပြ၊ တရားဟောရပါသည်။ နေ့စဉ်အလုပ်ကလည်း ဘုရားဖူး၊ ပုတီးစိပ် ဝတ္တရားကလဲမှန်မှန် သွားပါသည်။

ကွန်ချာစိပ်လို့ ၃ ရက်မြောက်အရ ညအိပ်မက်သည်မှာ - လူဆိုးများက ဓါးများဖြင့် ဝိုင်းခုတ်ကြပါ သည်။ ကျွန်ုပ်လဲတတ်နိုင်သလောက် ခုခံနေရပါသည်။ သူတို့ခုတ်သောဓါးများမှာ ကျွန်ုပ်ကိုယ်ပေါ် ကျသောအခါ ဖော့လုံးဖြင့်ရိုက်သလောက်ပင် နာပါသည်။ ဘယ်လိုမှ မဖြစ်ပါ။ ကျွန်ုပ်က ရိုက်လိုက်သော သူများ နေရာတွင် လဲလဲသွားပါသည်။ နောက်သူတို့ပြေးကြပါသည်။ ၄-၅ ယောက်လောက် လဲနေရစ်ပါ သည်။ ထိုရိုက်ပွဲပြီးတော့ ပြန်လာခဲ့ရာ သရက်နှစ်ပင်သုသာန်လို့ ထင်ရပါသည်။ ထိုသုသာန်မှဖြတ် ပြန်လာ ရာ သူရဲများ ဆောက်ပုတ်များကိုင်၍၄င်း၊ လှံ၊ တင်းပုတ်များကိုင်၍၄င်း၊ လိုက်လာကြရာကျွန်ုပ်သည် ခုခံ မရိုက်တော့ဘဲ ပုတီးကိုသာစိပ်၍ ခပ်သုတ်သုတ်လာခဲ့ရာ ကျွန်ုပ်နောက် မှီအောင်မလိုက်နိုင်၍ ကျန်ရစ်ခဲ့ ကြပါသည်။

ပုလွေတန်းဘက်တက်လာတော့ မှောင်စပျိုးလာသဖြင့် ခပ်မြန်မြန်လာရာ ရှေ့ကဘုန်းကြီးတပါး တွေ့တော့မှ ဘဝင်ကျသွားပြီး ထိုဘုန်းကြီးနားက ကပ်လိုက်သွားလေသည်။ ထိုဘုန်းကြီးက ဦးဝါယမ မကြောက်ပါနှင့် တပည့်တော်ရှိပါတယ်ဟုပြောတော့ ထိုဘုန်းကြီးကိုသေသေချာချာကြည့်တော့ ဘုန်းကြီး ကောဖြစ်နေ၍ ဘုန်းကြီးကော ဘယ်ကကြွလာတာလဲဘုရား။ ကိုယ်တော် လူမှားနေပြီ ဘုန်းကြီးကော မဟုတ်ဘူး သေသေချာချာကြည့်ရဲ့လား။ ကြည့်ပါတယ်ဘုရား။ ရုပ်ချင်းတူနေလို့ပါ တပည့်တော်က စစ်ကိုင်းက ဦးကောဏ္ဍညပါဟုဆိုပြီး သင်္ကန်းခေါင်းခြုံကို ဖွင့်ပြလိုက်ရာ ဆံရှည်ကိုယ်တော် ဖြစ်နေလေ သည်။ အရှင်ဘုရားက ဆံပင်အရှည်ကြီးထားတာ ဘာကြောင့်လဲဘုရား။ တိုတိုနှင့်ရိတ်ပစ်ရင်ဖျားလို့ လက်လေးသစ် ကြမှ ရိတ်ပစ်လို့ရတယ်။

ကိုယ်တော်က ဘာဂုဏ်တော်စိပ်ပါသလဲ၊ တပည့်တော်က ကွန်ချာစိပ်ပါတယ်ဘုရား။ ဩ- ဩ တူ့ နေတာပေါ့ "ဆံရှည်ကြီးထား၊ ကွန်ချာစိပ်၊ အိပ် ၄-၅၀လောက် လက်စံတောင်းစား၊ အရှုးလိုနေ" အဲဒီလို ၉ နှစ်လောက်ကျင့်လျှင် တပည့်တော်တို့နည်းလမ်းက ပေါက်တာပါဘဲ။ လပြည့် လကွယ်ကြုံ သောအခါ ပိဋကသည်းခြေအင်းချပြီး ၉ အင်းလောက်သောက် ၊ လဆန်း ၁ ရက်မှ ၉ ရက်အတွင်း ပထမံဘုရား စ-မ ရုပ်ရှင်တော် နံနက် တဆူ၊ ညတဆူသောက် ၉ နှစ်လောက်ရှိတော့ ပေါက်တာပါဘဲ ကိုယ်တော်ဟုပြောပြီး လမ်းခွဲသွားလေသည်။

ကျွန်ုပ်လည်းနိုးလာ၏။ ထိုအိပ်မက်ကို မှတ်ပြီး စဉ်းစားလေသည်။ ငါ ဒီလမ်းလိုက်ရမလား၊ ဇော်ဂျီဟာငါဘဲ ငါလုပ်ရမလားဟု စဉ်းစားခန်းဝင်၏။ သို့သော် ကိုယ့်အဓိဋ္ဌာန်တော့မပျက်အောင် စိပ်၏။ ၃ ရက်လောက် စဉ်းစားပြီး ဘယ်သူဘာဘဲပြောပြော ငါ့အဓိဋ္ဌာန်သာ ငါအောင်အောင်လုပ်မယ်ဟု ဆုံးဖြတ် ချက်ချပြီး လုပ်တော့၏။ ပုတီးလည်း ရပ်မထားချင်၍ နေ့စဉ် ၁၀ ပတ်တော့ အဓိဋ္ဌာန်ပြီး မှန်အောင်စိပ် နေ၏။

၁၃၂၀ ခုနှစ် ကဆုန်လဆန်း ၅ ရက်နေ့တွင် တောင်ငူသွားရန် ပြင်ဆင်ပြီး ရထားလက်မှတ် ယူခဲ့၏။ ည ၈ နာရီထွက်သော ရထားဖြစ်၍ ည ၇ နာရီလောက်သွားဘို့ ကားမှာထား၏။ အချိန်ရောက်၍ သွားကြ၏။ ၇ နာရီခွဲလောက် ဘူတာရောက်ကြ၏။ ၈ နာရီ ထွက်၏။ ကျွန်ုပ်အဖော်ကား ပုတီးသာပါ၏။ အိပ်ရာလိပ် မပါ။ နေရာထိုင်အခင်းတခုသာ လွယ်အိပ်ထဲ ထည့်ယူသွား၏။ ည ၃ နာရီခွဲလောက် တောင်ငူရောက်၏။ မိုးလင်းအောင် ဘူတာမှာစောင့်ပြီး အခင်းလေးခင်း၍မှိန်းပြီး ပုတီးစိပ်နေ၏။ ဘူတာမှာ ဘုန်းကြီးရှုးကြီးတပါးနှင့် တွေ့၏။ သူကလဲအနားမှာ လာအိပ်၏။ အရှူးဘုန်းကြီးက တောင်ငူအကြောင်းကို ကောင်းကောင်းသိရဲ့လား။ မသိပါဘူး။ မသိရင်ပြောပြမယ် မှတ်ထား။ ကောင်းပါပြီ။

တောင်ငူက ရှေးကအခေါ် ပေါင်းလောင်မြစ် ယခုသံလွင်မြစ်၏ အနောက်ဖက်ကမ်းပါးတွင် တည်ရှိတယ်။ ၄င်းမြစ်တက် ၄ မိုင်ကွာ မြတ်စောညီနောင်ဘုရား ယခု ကိုယ်တော်သွားမည့်ဘုရား ရှိတယ်။ ကျုံးချောင်းခေါ် သောက်ရေခပ် ချောင်းသည် ရှေးလူတို့က သရဏီမြစ်လို့ ခေါ်တယ်။ ထိုမြစ်ကတော့ ကောက်တောင်ကြီးထဲမှာ ရှိတယ်။ ကိုယ်တော်မှတ်ထား ဆိုပြမယ်။ ဆိုပါ ဆိုပါ တပည့်တော် လက်ရေး တိုနှင့် လိုက်ရေးထားပါ့မယ်။

တောင်တိုင်း စပ်ရှည်
မြစ်ခပေါင်း၊ ပေါင်းလောင်းဘက် ယာကွေ့
နန်းမြေ့စံတည်
ပန်းဘဲက ဝိုက်လည်
မြောက်ဆီက ဆွာပုံ
ကြက်မင်း ညီနောင်တို့
သရတီမြစ်ရည် စုံတယ်

လွမ်းဘွဲ့မဆုံးတဲ့ ကိုယ်တော်။ နောက်အလင်္ကာလေး မှတ်ထားလိုက်ဖုံး။ တောင်ငူရောက်လို့ ဘယ်ဘုရား ဘယ်သူတည်တယ် ဘယ်နားမှာ ဘာရှိတယ်ဆိုတာ မသိရင် အလုပ်လုပ်လို့ မကောင်းဘူး ကိုယ်တော်။ ကျွန်ုပ်က အရူးက အာဂအရူးဘဲဟု စိတ်ထဲမှာထင်လိုက်၏။ ကိုင်း ကိုင်း မှတ်ထား။

ညီနောင်မြတ်စော၊ အရှေ့တော
ကျောက်တောင်ရှင်ပင်၊ အနောက်ခွင်
လူရှင်ကြည်ဖြူ မြို့တောင်ငူ တဲ့ ကိုယ်တော်ဆက်ရေး ဆက်ရေးကိုယ်တော်
ခပေါင်းချောင်းနှင့် ပေါင်းလောင်းတည်တခွင်
လွန်စည်ပင်၊ ပြည်ခွင်တိုင်းကြီး တည်လတ့်
ဆင်ဖြူသုံးစီး၊ ဘုန်းကြီးလတ့်
နေမင်းတန်ဆောင် ထွန်းလတ့်။
အနောက်ယော- ဆော၊ အရှေ့မော- တောင် တောသာယာ
သာသနာရောင်ဝါ ထိန်ထိန်လင်းလတ့်။
နောက်ဆုံး ဆင်ကြီး၊ စွဲရောင်ငြိုး
အမြိုးရှည်သွားပါလတ့်။ ---ကိုယ်တော် ကဲ ကဲ တောင်ငူမင်းဆက် အကျဉ်းချုပ်တော့ ပြောရသေး တာပေ့။ ကျွန်ုပ်တို့နှစ်ပါး ပြောနေသောနေရာတွင် လူ ၁၀ ယောက်လောက် လာရောက်နားထောင် နေကြ၏။ ဘုန်းကြီးရူးကြီးကလည်း လူများကို ဂရုမစိုက်။ အသံနေအသံထားဖြင့် လက်များကို ရွှတ်ပြပြီးပြောသဖြင့် လူများမှာ စိတ်ဝင်စားနေကြ၏။ တချို့လူများ ပိုလိုဘူးများ၊ ကွမ်းယာများလာလှူကြ၏။ အရူးဘုန်းကြီးက မင်းတို့ဟာတွေ လာမရှုပ်စမ်းနဲ့ ကိုယ်တော်လေး ပိုလိုမသောက် ကွမ်းမစားနဲ့ဖုံး ဆက်သာ ရေး။ ကောင်းပါပြီ ရေးပ့ါမယ်။

သက္ကရာဇ် ၅၅၃ ခုနှစ်တွင် ပုဂံမင်း ၄၈ ဆက် နရပတိလက်ထက် တိုင်းခန်းလှည့်ရာ တောင်ငူအရပ်ရောက်တော့ အနန္တသူရိယအမတ် ရန်မန်ထွေးကို ဇေယျသိခ်မင်းသား နှမတော်နှင့် စုံဖက်၍ ၅၅၆ ခုနှစ်မှာ ဆွာချောင်းမြောက်ဖက် ကမ္ဘားပေါ်ကို အပိုင်စားပေးခဲ့ရာမှစ၍ တောင်ငူရာဇဝင် စတင်တယ်ကိုယ်တော်။ ၆၄၀ ခုမှာ ၄င်း၏အနွယ် သဝန်ညီနောင်တို့ မင်းဝံတောင်ရိုးရှိ ခပေါင်းချောင်းအနီး တောင်ငူဟုသမုတ်ပြီး စိုးစံကြတယ်။ အတော်ဘဝင်မြင့်တဲ့ အကောင်တွေကိုယ်တော်။ ၈၄၇တွင် မင်းကြီးညို လက်ထက် အထူးစည်ကားလာတယ်။ သူ့လက်ထက် မြို့ဟောင်းမြောက်ဖက် ပုံတိပ်ချောင်းအနီးတွင်

မြဝတီဟု သမုတ်ပြီး မြို့သစ်တည်ပြီး မိဖုရားစိုးမင်းနှင့်စံနေကြတယ်။ စည်းခုံ တော်စေတီ တော်မြတ်ကြီး လည်း တည်တယ်ကိုယ်တော်။ အဲဒီတုံးက ထပည့်တော်တို့ ကိုရင်ဘဝ ရှိသေးတယ်၊ ကိုယ်တော်လင်္ကာ လေး မှတ်ထားအုံးကိုယ်တော်-

ကိုယုံမြောက်မြား၊ လက်ရုံးအားဖြင့်
ဖွံ့ထွားရွယ်ပျို၊ မင်းကြီးညိုဟု
လူဗိုလ်ထပ်ဆင့်၊ မေတ္တာမြင့်လျှက်
ကျော်လင့်သောတိုင်း၊ သက်နိုင်းချစ်ခြင်း
မြတ်စိုးမင်းနှင့်၊ မကင်းရာဇနီး၊ ပျော်ဘွဲ့ပူးပြီး
ကောင်းချီးတည်ရာ၊ ရတနာမှန်ကူ၊ ပြည်တောင်ငူနိုက်
ကြုံလုပ်ကောင်းကွေ့၊ နန်းတော်မြေကို
သရေဓါတ်ပုံ၊ စည်းခုံပြောင်ပြောင်
တည်ပြီးနောင်မှ၊ ကျော်ခေါင်ရှင်၊ ပြည်တောင်စသည်
ဌာနပုတ်ပဲ ချောင်းတည်လျှင်တည်း ။

၎င်းအလင်္ကာက တပင်ရွှေထီး နားတော်သွင်းပေါ့ကိုယ်တော်။ ဤဘူတာမှအရှေ့ ၂ မိုင်ကွာ လောက် လောကုတ္တရာစေတီ တည်ရှိတယ်။ လောကုတ္တရာရွာကြီးနဲ့ မြို့ကြီးရွာတို့လည်း ရှိတယ် ကိုယ်တော်။ ၎င်းရွာ ၂ ရွာကြားမှာ ကုန်းမြင့်ပေါ် လောကုတ္တရာ ညီတော်နောင်တော်စေတီ ၂ဆူရှိတယ်။ ရောက်အောင်သွားဖူး။ ထိုရွာ ၂ ရွာသည် ရှေးအခါက ဒွါရဝတီ မြို့ဟောင်းနေရာဖြစ်တယ်။ ဒွါရဝတီ မြို့ရိုးဟောင်း ကုန်းမြင့်ပေါ် တည်ထားတာဖြစ်တယ်။ ထိုနေရာမှာဘဲ သစ်ရင်းတောလဲရှိတယ်။ မှတ်တမ်း လင်္ကာကို မှတ်ထားအုံးကိုယ်တော်-

သစ်ရင်းဌာန၊ ရပ်ဒေသတွင်
ဒီပစီပင်၊ ဖြစ်အုံ့မြင်၍
ကရင်ခနေ၊ ရွာစုတိုင်းကား
ပေါင်းလောင်းနားထက်
ရန်တာပတ်ကုန်း၊ ရွှေလက်ရုံးနှင့်
ထောင်သောင်းကြေငြာ
မှိုခိုရာဖြင့်၊ ဒွါရဝတီ
တွင်မည်ရှစ်ရပ်၊တဆိပ်တပ်ရှင့်။

ထိုမြို့ဟောင်းက အတောင် ၇၅ တောင်လောက်မြင့်တယ်။ အလျားအတောင် ၁၇၀ လောက် တော့ရှိမယ်ထင်တယ်။ဤဘူတာရဲ့ မြောက်နားတွင်ရှိသောဈေးမှ အနောက်ဖက်ကြည့်လျှင် ရွှေဆံတော် စေတီကို ဖူးတွေ့ရမယ်။ ယခုတော့ ထိုဘုရားက မြို့လယ်ကျနေတယ်။ အကြီးဆုံးသောဘုရားဖြစ်တယ်။ ဒီရွှေဆံတော်စေတီကြီးကို မဟာသီဟသူရဓမ္မရာဇာ တည်တယ်။ လုံးပတ်သံတောင် ၁၅၄၀ ခန့်လောက်ရှိ မယ်။ ထိုဘုရား၏ အရှေ့တောင်ဖက် မြစည်းခုံ ဘုရားရှိတယ်။ အဲဒီဘုရားက တပင်ရွှေထီး နောက် ၃

ဆက်မြောက် ဟံသာဝတီဆင်ဖြူရှင်မင်းခေါ် ဘုရင့်နောင်၏ခမည်းတော် တောင်ငူဘုရင် မင်းရဲသိခ်သူ သို့မဟုတ် သီဟသူတည်တယ်။ မြစည်းခုံဘုရားဝိုင်းအတွင်း ခေါင်းသုံးလုံးနှင့်ဆင် ရှိတယ်။ ကြေးနှင့်လုပ်ထားတယ်၊ တပင်ရွှေထီး ရခိုင်အောင်တုံးက သိမ်းယူလာတဲ့ဆင်ဘဲ။ အရင်တုံးက အစီရင် အစောင့် ရှိတယ်။ ယခုတော့ မရှိတော့ပါဘူးကိုယ်တော်။ ရွှေဆံတော်ဘုရား မြောက်အနည်းငယ်သွားလျှင် အမှတ် ၁ ကျောင်း ပတ်လည် မြေကွက်များပေါ် မှာ ထန်းတောရှိတယ်။ အဲဒါတပင်ရွှေထီး ထန်းတောခေါ် တယ်။ ထိုမြေကွက်နှင့် ရွှေဆံတော်ဘုရားကြီးကြားက ကေတုမတီတောင်ငူပြည် ၏အဓိက နန်းတော် ရာကုန်းဘဲ။ ရွှေဆံတော်ဘုရား၏ အနောက်ဖက်အနည်းငယ်သွားလျှင် "လေးကျွန်းကံတော်ကြီး" ရှိတယ်။ ၄င်းက အနောက်ဖက်ကပ်လျက် မြို့နှင့်ကျုံးဟောင်းကိုလဲ တွေ့နိုင်တယ်။ ၄င်းကန်တော်ကြီး၏ အရှေ့တောင်ဖက် ၈၇၂ ခုတွင် "ကေတုမတီ တောင်ငူပြည်" ထပ်တည်တယ်။ အရင်က မြို့ကျဉ်း၍ ကျယ်အောင်တိုးချဲ့တည်တာဘဲ။ ထိုကန်ကို မင်းကြီးညို ပြုပြင်ပြီး ရေနန်းတော်ဆောက်၍ စံစားတာ ပေါ့ကိုယ်တော်။ မင်းကြီးညို ဘုန်းထမည်ဆိုတော့ တပေါင်ပေါ် လာတယ်ကိုယ်တော်။

ရွှေကျိုးညိုပျံပါလေ
တောတောင်တွေ ဝိုင်းပါတဲ့
တိုင်းကြီးမရွှေ
မြောက်ကိုပျံသန်း၊ အင်းဝနန်း
တောင်ကိုပျံသန်း၊ အင်းဝနန်း
ကျိုး- ကျိုး တောင်ငူက ရွှေကျိုး
ချိုခဲ့ပါ- ချိုခဲ့ပါ အင်းဝ ရွှေဟင်္သာ

အဲဒီတပေါင်ပေါ်ပြီး သူဘုန်းထလာတာဘဲ။ သူတို့လိုရင်း မဟုတ်ပါဘူးကိုယ်တော်။ ရှေ့ဆက်ကြပါအုံးဗျိုး လေးကျွန်းကန်တော်၏ မြောက်ဖက် ကျုံးပျက်တခုရှိတယ်။ နန်းတော်ကို ဝိုင်းရံထားသော အတွင်းကျုံးဘဲကိုယ်တော်။ လမ်းတောင်ဖက် ကျုံးနှင့်ကပ်လျက် ဘုရားတန်ဆောင်းနှင့် ရုပ်ပွားတော် ရှိတယ်။ အဲဒါ "ဖောင်တော်ဦးဘုရား"ဘဲ တောင်ငူမင်းတို့ လှေပြိုင်ပွဲများ ကျင်းပရာ၌ ကျုံးထိပ်တွင် ဖေါင်တော်ကပ်ဆိုက်ခြင်းကြောင့် ဖောင်တော်ဦးလို့ခေါ် တာဘဲကိုယ်တော်။

လေးကျွန်းကန်တော်ကြီး၏ အနောက်ဖက်ကပ်လျက် မြို့ရိုးဟောင်းတွေ့ရမယ်။ မြို့ရိုးအမြင့် ၁၂ တောင်လောက်ရှိမယ်။ ကျုံးကိုအနည်းငယ် တွေ့နိုင်တယ်။ တချို့ရေရှိတယ်၊ တချို့မရှိတော့ပါဘူးကိုယ်တော်။ မြို့ရိုးဖြတ်၍ အနောက်တောင်ဘက်ထွက်ခဲ့လျှင် တိုင်ဝက်ခန့်လောက်တွင် " ကောင်းမှုတော်ဘုရားကို" ဦးခိုက်ရောက်သွားမှာဘဲ။ အဲဒီဘုရားက စေတီပေါင်း ရှစ်သောင်းလေးထောင် အပါအဝင် ဘုရားတဆူဘဲ။ သီရိဓမ္မာသောကမင်း ကောင်းမှုပေါ့ကိုယ်တော်။ အဲဒီကောင်းမှုတော်ဘုရား ထီးတင်တုံးက ငကျွန်းဆိုတဲ့အကောင် ငြမ်းပေါ် ကလိမ့်ကျသေ၍ နတ်ဖြစ်ပြီးပူးပြော၍ ဘုရားအနောက်ဖက် ယင်ပြင်ပေါ် တွင် မင်းကြီးညိုနတ်ကွန်းနှင့်ယှဉ်ပြီးထားတယ်။ ထိုရပ်ရွာလူများက မင်းကြီးညို နတ်ဖြစ်ကြောင်းယူဆကြသည်။ ယင်ပြင်တော်စနေထောင့်မှာ "အောင်မြေ" ဟုသမုတ်ထားသော နေရာတခုရှိတယ်။ တပင်ရွှေထီးအသက် ၁၄ နှစ် တလိုင်းပြည် "ရွှေမော်ဓော်ဘုရား" တွင် ဘွားရောက်နားထွင်းစဉ်က

၄င်းနေရာ အောင်မြေနင်းပြီးမှ ထွက်တော်မူတယ်။ တောင်ငူမင်း နောက်ဆုံးဆက် မင်းဒိဋ္ဌိ- နတ်ရှင်နောင် ဟာလဲ စစ်မအောင်၍ ကောင်းမှုတော်အနီး ရသေ့ကိုမေးလျှောက်ရာ ဒေါက်ချာဖြုတ်ပြီး ကြမ်းပြင်ပေါ် ချပြတာမြင်၍ ကောင်းမှုတော်ထီးချပြီးတိုက်မှ အောင်မြင်တယ်။ ထိုနေရာကနေပြီး ပုတီးစိပ်ပါ ကိုယ်တော် အထူးအောင်မြင် ပါတယ်။ ကိုယ်တော်ကိုပြောလိုတာကတော့ အဲဒီအောင်မြေနေရာကို ပုတီး ၁၀၈ ပတ်ရအောင် အဓိဋ္ဌာန် စိပ်ပြီးမှ ကျန်ဘုရားများဖူးပြီး ပုတီးစိပ်ပေါ့ကိုယ်တော်။

ကိုယ်တော်ဘွဲ့ကလည်း ဦးဝါယမဆိုတော့ တပည့်တော်ဘွဲ့နှင့် တူနေတာပေါ့။ အင်း ကောင်းတယ် ကောင်းတယ်။ ကိုယ်တော် ပါရမီရှင်ဘဲ ကြိုးစားပါကိုယ်တော်။ ကဲ မိုးလဲလင်းပြီကိုယ်တော်- ဟော ရထားဝင် လာပြီ တပည့်တော်လည်း ဒီရထားစီးပြီး စမတောင်သွားမှာ။ ကိုယ်တော်ကြုံတဲ့အခါတော့ ကိုယ်တော်ကြွလာခဲ့ပေ့ါ။ တင်ပ့ါ တင်ပ့ါ။ ပြောပြောဆိုဆိုနှင့် ဘုန်းကြီး ရထားပေါ် တက်လိုက် သွားလေ၏။ လူများလဲ ရထားဝင်လာ၍ ရှုတ်ရှက်ခတ် ဖြစ်နေ၏။ ကျွန်ုပ်လည်း မြင်းလှည်းငှား၍ ဘုန်းကြီး မိန့်တဲ့အတိုင်း အောင်မြေဌာနကို အရင်သွား၍ ပုတီး ၁၀၈ ပတ်စိပ်လိုက်ပါတော့သည်။ ပုတီးစိပ်ရင်း ကိုယ်တော်ကြီး ပြောသံများ ကြားယောင်မိ၍ တော်တော်ဖျောက်ပစ်ပြီးမှ စိပ်နေရ၏။ အပတ် ၃၀ လောက် စိပ်ပြီးမှ အာရုံတော်တော်ကောင်းလာ၏။

အာရုံရလာတော့ အနှောက်အယှက်များ ဝင်လာကြ၏။ နောက်ကျောဘက်က ခြေသံများ ကြားရ၏။ ၄င်းနောက် မိန်းကလေးအသံ တသံက ကယ်ပါ ကယ်ပါနှင့် အော်သောအသံ ကြားရ၏။ ထမည် ပြုလိုက်သေး၏။ သို့သော် အဓိဋ္ဌာန်ကို သတိရ၍ မထဖြစ်တော့၊ ဆက်လက်စိပ်နေ၏။ ပုတီးအပတ် ၅၉ ပတ်လောက်တွင် ပိတုံးများ ပျံဝဲနေသံ ကြားရ၏။ ဂရုမစိုက်ဘဲ စိပ်နေ၏။ အပတ် ၉၀ လောက်ရောက်တော့ သစ်ပင်ကြီး လဲသံလိုလို ကြားလိုက်ရ၏။ သို့သော် နံနက်ခင်းဖြစ်၍ ဂရုမစိုက်ဘဲ စိပ်နေ၏။

၁၀၅ ပတ်လောက်ရလျှင် အနံ့ဆိုးကြီး နံလာ၏။ စိမ်းရွှေရွှေအနံ့ကြီးဖြစ်၍ အတော်အောင့်၍ ပုတီးစိပ်ရ၏။ ၁၀၈ ပတ်လည်းပြည့်ရော "အောင်ပြီ- အောင်ပြီ- အောင်ပြီ" လို့ အော်သံကြားလိုက်ရ၏။ အရှေ့ထဲမှ ကြားလိုက်ရ၏။ ဤနေရာကပြီးတော့ ဘုန်းကြီးပြောပြသော နေရာများကို သွားရောက်ကြည့်ပြီး ဘုရားဖူး၊ ပုတီးစိပ်ခဲ့ကာ မြတ်စောညီနောင်ဘုရားမှာ ညအိပ်၏။ သက်ဆိုင်ရာ တည အိပ်ခွင့် ပြုရန် ပန်ကြားပြီး ညဦး၁၀ နာရီလောက်အိပ်၏။ ၁၁နာရီကျော်ကျော်ထ၍ မျက်နှာသစ်ပြီး မီးပူဇော်၊ ပရိတ်တော်များရွတ် သရဏ္ဍယ်၊ ဘုရားရှိခိုး မေတ္တာပို့ပြီး ၁၂ နာရီလောက်မှာ ပုတီးစိပ်ပါတော့သည်။ ၂၇ ပတ်စိခဲ့ပြီး ၁၀၈ ပတ်စိပ်ရန် အဓိဋ္ဌာန်လိုက်ပါတော့သည်။ ပြီးလျှင် ပရိက်ပြု၍ စိပ်ပါတော့၏။ လျှပ်စစ်မီးက ညလုံးပေါက် ထွန်းထား၍ လင်းနေ၏။

ပုတီးစိပ်လို့ ၁၀ ပတ်လောက်အရတွင် ဘုတာရုံထဲ တွေ့ခဲ့သော ဘုန်းကြီးကြီး မီးပူဇော်နေတာ တွေ့နေရ၏။ ပုတီး ၂၇ ပတ်ပြီးအောင် အထူးစိတ်စိုက်၍ စိပ်၏။ ပြီးသွား၏။ ဝတ်ချ၍ အမျှဝေ၏။ ဘုန်းကြီးကြီးက သာဓု- သာဓု- သာဓု ၃ ကြိမ်ခေါ်ပြီး ဘုရားအနောက် ကြွသွား၏။ ကျွန်ုပ်လိုက်သွား၏။ မတွေ့လိုက်ရတော့။ ကျွန်ုပ်က တွေ့လို၏။ ဘာကြောင့်ဆိုသော် မင်းကြီးညို နတ်ဖြစ်တာဟုတ် မဟုတ် မေးလို၏။ သို့သော် မတွေ့လိုက်။ ည နာရီပြန် တချက်ထိုးလေပြီ။ ကျွန်ုပ်လည်း နောက်တကြိမ်ထိုင်ရန် ပရိက်ယူပြီး ပုတီးစိပ်ပါတော့သည်။

ပုတီးစိပ်လို့ ၅ ပတ်လောက်အရတွင် ကြက်တောင်ကလပ်စည်းနှင့် ဖျန့်ထမိ အပြာနုရောင် ဝတ်ထားပြီး တန်ဆာများဆင်ထားသော ၂၅ နှစ်လောက် မိန်းမတယောက် အနားလာပြီး ဝတ်ချ၏။ ပြီးတော့ သူလဲ ကျွန်ုပ်၏ဝဲဘက်က ပုတီးထိုင်စိပ်နေ၏။ ကျွန်ုပ်တွင် ထိုမိန်းကလေးအပေါ် အတွေးစိတ်ဝင်နေ၏။ နတ်လေလား၊ ဉစ္စာစောင့်လေလား စသည် စိတ်ထဲဝင်နေ၏။ ထိုစိတ်တွေကို ဖျောက်ပစ်လိုက်ပြီး ဆက်လက်ကျိုးစားစိပ်၏။ ပြီးသွားလေပြီ။ မိန်းကလေးက မထသေးပါ။ ကျွန်ုပ်က အမျှဝေလိုက်၏။ ထိုမိန်းကလေးက သာဓု- သာဓု- သာဓု ၃ ကြိမ်ခေါ်နေ၏။ အသံလေးလဲ သာယာ၏။ ရုပ်ကလေးကလဲ လှ၏။ အထူးသတိပြုမိတာက မျက်လုံးနှင့် မျက်ခုံး၊ နှာတန်၊ ပါးစပ်တို့ ဖြစ်ပေ၏။ မည်သူနှင့်မျှ မတူဘဲ တမူထူးခြားလှ၏။ ကျွန်ုပ်နှင့် နှစ်တောင်ကွာ ရှိနေ၍ ကျွန်ုပ်က တောင်- မြောက် ဝဲ ယာ လှမ်းကြည့်ပြီး သူနှင့်ကိုယ်သာ ရှိကြောင်းသိရ၍ သူလေးအကြောင်း မေးမြန်းပါတော့သည်။ နှမလေး ဘယ်ကလဲ။ ဒီမြို့ကပါ ဘုရား။ ဘယ်မှာနေတာလဲ။ ဒီမြို့မှာ နေတာပါ။ ဒီမြို့ဘယ်ရပ်ကွက်ထဲမှာ နေတာလဲ။

မနက်က အရှင်ဘုရား အောင်မြေပုတီးစိပ်ခဲ့တဲ့ ဘုရားနားမှာနေပါတယ်။ အမည်က ဘယ်လိုခေါ်ပါသလဲ။ ဓါတုကလျာ ခေါ်ပါတယ်။ ဩော် ဓါတုကလျာလား။ အရှင်ဘုရား သိပါသလား။ သိတယ်လို့တော့ မဟုတ်ပါဘူး။ နတ်ရှင်နောင် ကဗျာတွေထဲမှာ ဓါတုကလျာအကြောင်းများ စီကုံးထားတာ ဖတ်ရလို့ ဓါတုကလျာကို လူနှင့်မရင်းနှီးသော်လည်း စာပေအားဖြင့် ရင်းနှီးလို့ ဩ ဓါတုကလျာလား လို့ ဆိုမိတာပါ။ ဓါတုကလျာ တယောက်ထဲလား။ မဟုတ်ပေါင် ဘုရား၊ ညီမတော် နှစ်ယောက်လဲ ပါပါသေးတယ်ဘုရား။ အင်း- စကားအပြောအဆိုကလဲ နန်းတွင်းသံဘဲ။ ဟုတ်နေရော့သလား၊ မေးကြည့်ရသေးတာပေ့ါဟု အောက်မေ့မိ၏။ ပြောပြောဆိုဆိုနှင့် ညီအမနှစ်ယောက် ထွက်ပေါ်လာကြ၏။ ပန်းနုရောင် တန်ဆာများ ဝတ်ဆင်ထား၏။ ဓါတုကလျာလောက် မလှသော်လဲ တမျိုးကြည့်ကောင်းနေ၏။ သူတို့နာမည်က ဘယ်လိုခေါ်ကြပါသလဲ။ ဓါတုသက်လျာ၊ ဓါတုသူဇာတဲ့ ပါဘုရား။

အင်း- နာမည်တွေကလဲကောင်း၊ လူတွေကလဲ မဟာဆန်ဆန်၊ ဖန်ဆင်းရုပ်တွေတော့ မဟုတ်ပါဘူးနော်။ သူတို့ပြုံးနေကြ၏။ ကျွန်ုပ်ဆက်မေး၏။ ဒါထက်မသိလို့ မေးရပါအုံးမယ်။ နတ်ရှင်နောင်နှင့် ဆက်စပ်နေသော ဓါတုကလျာ ဟုတ်ပါရဲ့လား။ (မျက်နှာလေးများ မသာမယာ ဖြစ်သွားကြ၏။) ကျွန်ုပ်လည်း စကားလွှဲလိုက်၏။ ဤမြတ်စောညီနောင်ဘုရားက ဘယ်တုံးကတည်၍၊ ဘယ်မင်းကောင်းမှုတော်ပါလဲ သမိုင်းကြောင်း မှတ်မိသလောက် ပြောပြပါ ဓါတုကလျာ။ ထိုအခါ မျက်နှာအနည်းငယ် ရွှင်လာပြီးပြောသည်မှာ-သာသနာနှစ် ၂၂၃ ခုနှစ်လောက်တွင် သီရိဓမ္မာသောကမင်းကြီးစပြီး တည်တာပါဘုရား။ ဤကုန်းတော်က ဘုရားအလောင်း ကြက်ဖြူညီနောင်နေရာဌာန ဖြစ်ပါတယ်။ ဩ- ဩ ဒီလိုဆိုတော့ ကျုပ်တို့အမရပူရမှာ ကြက်ညီနောင်တို့စံရာ ရွှေကြက်ယက်၊ ရွှေကြက်ကျ ဘုရားများလို ပေ့ါနော်။ ဟုတ်ပါတယ်ဘုရား၊ ကျောက်ဆောက်မူဋ္ဌော ညီနောင်လည်း ရှိပါသေးတယ်ဘုရား၊ မဝေးလှပါဘူး။ ဟိုဘက်နားလောက်မှာပါ၊ မနက်ကြတော့ ဖူးတော်မူပါဘုရား။ နောက် ဤစေတီများ ပျောက်ကွယ် နီးနီး ဖြစ်နေသည့်အချိန် ၅၅၃ ခုနှစ်လောက်မှာ နရပတိစည်သူမင်းကြီး ရှာဖွေပြီးပြန်တည်ပါတယ်ဘုရား။ လောကုတ္တရာစေတီလဲ ထပ်မံတည်ခဲ့ပါတယ်ဘုရား။တုန်ငရဲဘုရား၊ နေရပန်ဘုရား၊ ကူကြီးဘုရား၊ သစ်ပုတ်တောင်ဘုရားတို့ကတော့ သဝန်ကြီး တည်ခဲ့ပါတယ်ဘုရား။ ဤသဝန်ကြီးဘဲ မြတ်စောညီနောင်ဘုရားကို


ထပ်မံပြင်ပါသေးတယ်ဘုရား။ ဓါတုကလျာတို့ကို အမှတ်တရ ဖြစ်အောင် ပုတီးတကုံးစီ ပေးလိုက်မယ်။ ပုတီးစိပ်ကြနော် ရော့ ရော့-။


ကျေးဇူးကြီးလှပါတယ်ဘုရား၊ တပည့်တော်တို့ကိုလည်း မေတ္တာထားတော်မူပါဘုရား။ ဤမြို့ရောက်တိုင်းလည်း အမျှမေတ္တာ တပည့်တော်တို့ကို ပေးဝေတော်မူပါဘုရား။ ကောင်းပါပြီ- ပေးဝေပါ့မယ်။ သွားခွင့်ပြုပါအုံးဘုရား။ ကျွန်ုပ်သည် နာရီကို ကြည့်လိုက်၏။ ၂ ချက်လောက်မကတော့၊ ၂ ချက်ခွဲလောက် ရှိသွားသဖြင့် ပရိကံပြုပြီး တကြိမ်ထိုင်ပြန်လေသည်။ ထိုအကြိမ်တွင် ကြေးစည်သံတွေ ကြားနေရ၏။ ပြီးဆုံးသည့်တိုင်အောင် ကြားနေရ၏။ ည ၃ နာရီ ၁၅ လောက်ပြီး၍ မေတ္တာပို့ အမျှဝေပြီး မနားတော့ဘဲ ထပ်ပရိကံပြုပြီး ထိုင်ပါတော့သည်။ ၄ နာရီလောက် ပြီး၏။ အာရုဏ်တုံးသံများ ကြေးစည်သံများ ကြားရ၏။

ပိုလိုတလိပ်ကုန်အောင်သောက်ပြီး ပရိကံပြု၍ ထပ်စိပ်ပြန်၏။ ခေါင်းသံများ ကြားရ၏။ ခရုသင်း မှုတ်သံများလဲ ကြားရ၏။ ပြီးခါနီးမှာ မောင်းတီးသံ ကြားရ၏။ ကျွန်ုပ်သည် အောင်ခရုသင်း၊ အောင်မောင်း များ တီးမှုတ်သံ ကြားရသည်နှင့် တပြိုင်နက် အောင်ပြီ- အောင်ပြီ- အောင်ပြီ ဟု ၃ ကြိမ်ရွတ်ဆိုပြီး ဘုရားကို လက်ျာရစ်လှည့်ခါ အနေကဇာ တင်ပါတော့သည်။ ပြီးသည်နှင့်တပြိုင်နက် ဘုန်းတော်ကြီး တပါးလာ၍ အောက်ပါ စမ ဘုရားပုံတော်ကြီးကို အညွှန်းများနှင့်တကွ ပေးလာပါတော့ သည်။မိုးလင်းပြီ ဖြစ်၍ ထို စမဘုရား ပုံတော်များကို ထင်ထင်ရှားရှား မြင်ရလေ၏။ ကျွန်ုပ်သည် သေသေချာချာကြည့်ပြီး မေးလိုက်၏၊ ဘုန်းကြီးဘုရား ဒီစမဘုရားသောက်လျှင် အကျိုးအာနိသင်များက ဘယ်လိုထူးခြား လာပါမလဲ ဘုရား၊ ကိုင်း ကိုင်း ပြောရသေးတာပေါ့။ စမဘုရား နှစ်ဆူကိုသာ ကောင်း ကောင်းရေးကူးထားပြီး ဤ နှစ်ဆူကိုတော့ သောက်လိုက်၊ ပြာချနေဘို့ မလိုဘူး။ ရေးကူးထားပြီး လုံး၍ မျိုချလိုက်၏။ တကိုယ်လုံး ပူနွေးကြီး ဖြစ်သွား၏။ ထူး၏။ ဤရုပ်ပွားတော်ရေးသည့်အခါ တစ်မှကိုးအထိ တချက်တည်း ဆွဲရမည်။ တစ်ရေးသောအခါ-

၁။ ဧကဝစနံ၊ ဗုဒ္ဓဘာသိတံ - တခွန်းထဲသော စကားကို ဆိုတော်မူသောဘုရား။
၂။ ဒွေ ရာဇာ၊ ဗုဒ္ဓဘာသိတံ - စကြာဝတေးမင်း၊ မာရ်မင်းကို အောင်မြင်တော်မူသောဘုရား။
၃။ တြိပိဋကတ္တယံ - ပိဋကသုံးပုံကို အောင်မြင်တော်မူသောဘုရား။
၄။ စတုသစ္စံ - သစ္စာလေးပါးကို အောင်မြင်တော်မူသောဘုရား။
၅။ ပဥ္စဗလာ - ဗိုလ်ငါးပါးကို အောင်မြင်တော်မူသောဘုရား။
၆။ ဆအဘိဉာဏ် - အဘိဉာဏ် ၆ ပါးကို အောင်တော်မူသောဘုရား။
၇။ သတ္တဗောဇ္ဈင်္ဂေါ - ဗောဇ္ဈင် ၇ ပါးကို အောင်တော်မူသောဘုရား။
၈။ အဋ္ဌမဂ္ဂင်္ဂါနိ - မဂ္ဂင်ရှစ်ပါးကို အောင်တော်မူသောဘုရား။
၉။ နဝလောကုတ္တရော - လောကုတ္တရာ ကိုးပါးကို အောင်တော်မူသောဘုရား။

အညွှန်းကား။ ။ မှိုင်းခံတွင်ချထားသော စမ ရုပ်ပွားတော်ကို ဂုဏ်တော်မွေခန္ဓာ (၈၄၀၀၀) မန်းပါ။ ပွဲစုံစွာတင်၊ သိမ်ဝင်ပါ။ ပြီးလျှင် သောက်ပါ။ မိစ္ဆာမျိုးတို့ မကပ်ရောက်နိုင်၊ ရန်သူမျိုး ငါးပါးလုံခြုံ၏။ စုံးစွဲ၊ ဥစ္စာစောင့်စွဲ ပျောက်၏။ ကြေးစည်မောင်း၊ ကျောက်စီများမှာ ၎င်းရုပ်ပွားတော်ချ ဉာဏ်ရှိသလိုသုံးပါ။






ငှင်းဂဏန်း ၉ ခုမှာ တစ်မှကိုးအထိ ပေါင်း ၄၅ ရ၏။ ၄+၅-၉ ဖြစ်၏။ နဝင်းစမ ရုပ်ပွားတော် ရှေ့သညာခ ငှင်းစမပေါင်းသော် ၁၈ ရ၏။ သို့ အပါး ၃၀ ပြီး၏။ ကြေးပြား၊ ငွေပြား၊ ရွှေပြား၊ ကြေးကမ္ဗဝါ၊ သိမ်ဝင် သပိတ်ကွဲ၊ ကျောက်သင်ပုံးတွင် ဘုရားစင်မှာ အမြဲထား ရန်မိုးလုံ၏။ အောင်၏။ အတိုက်အခိုက် အစွဲအမျိုးမျိုး ရေစိမ်တိုက် ပျောက်၏။ ငှင်းရုပ်ပွားတော် သောက်မည့်အခါ လိုက်နာရန် စည်းကမ်းချက်-
၁။ ဝတ်ဖြူစင်ကြယ်ဝတ်၊ ၂။ နဝင်္ဂသီလဆောက်တည်၊ ၃။ သတ်သတ်လွတ်စားပါ။


နံနက်အာရုံတက် ပထမတအင်း၊ ဒုတိယ ၂အင်း၊ တတိယ ၃အင်း၊ စတုတ္ထ ၄အင်း၊ ပဉ္စမ ၅အင်း၊ ဆဋ္ဌမ ၆အင်း၊ သတ္တမ ၇အင်း၊ အဋ္ဌမ ၈အင်း၊ နဝမ ၉အင်း ပေါင်း ၄၅ အင်း ပြည့်အောင်သောက် အတိုင်းမသိ အကျိုးထူးခံစားရပါမည်။

ငှင်းရုပ်ပွားတော်ကို စက္ကူအနက်တွင် အဖြူနှင့်ရေး၍ ကသိုင်းရှုပါက ကသိုင်းပေါက်သော် အမြင်အကြား ရပါလိမ့်မည်။ ဥစ္စာသိုက်များကို ထိုးဖေါက်မြင်တွေ့လာပါလိမ့်မည်။ သစ္စာဖေါက်ပါက ရူးသွပ်ပါလိမ့်မည်။ တဖက်တွင်ဖော်ပြထားသော ဗုဒ္ဓရုပ် စမ ရုပ်ပွားတော်မြတ်ကို နက္ခတ်ခပန်း ရွှေပြီး၍၊ ရေးနည်းအတိုင်း ၄၅ အင်းသောက်၊ အသုံးကား မှော်ရှး၊ သွေးပယောဂ၊ လေပယောဂရူးများကို မှိုင်းခံစက္ကူတွင် တနေ့တအင်းချတိုက်၊ ၉ အင်းတိုက် ပျောက်ကင်းချမ်းသာ၏။ သိမ်ဝင်သပိတ်ကွဲ ကြေးကမ္ဗဝါပြား၊ ငွေပြား၊ ရွှေပြားတွင်ချ၍ဆောင်သော်၊ ရေစိမ်သောက်သော် သဗ္ဗသိဒ္ဓိပြီး၏။ စုတ်ရန်ဂါထာကား "ကကာရော၊ ကရုဏာတုလျော- ကရုဏာသိတမာန သောကတ္တာန၊ ပါရမီဗုဒ္ဓောကရေတိ၊ သဗ္ဗဟိတတ္တံ "

ငှင်းဂါထာနှင့် ၄၅ အုပ်စုတ်၊ သုဂတော ၅ ချက်ဂါထာ၊ အရဟံ ဂါထာတို့ဖြင့် ၁၀၈ ခေါက်စုတ်ပြီး လုပ်ဆောင်ဖွယ်များကို လုပ်ဆောင်ပါလေ။ ဉာဏ်ရှိသလိုသုံး အားလုံး အောင်မြင်ပြီးစီးနိုင်၏။ မယုံကြည် ရသော တပည့်များကို မပေးပါနှင့်။ ဤလို စမရုပ်ပွားနှင့်အင်းများမှာ မသုံးတတ်လျှင်ဘေး၊ သုံးတတ်ပါမှ ဆေးဖြစ်တယ်ကိုယ်တော်။ အထူးဂရုစိုက်ပါဟု ပြောဆိုပြီး ပျောက်ကွယ်သွားပါတော့သည်။

ကျွန်ုပ်လည်း မနက်လင်းတော့ ဒေါင့်များ ၉ပတ်စီစိပ်ပြီး ဘုရားပေါ်မှ ဆင်းပြီး မြင်းလှည်းငှား၍ ကျန်ဘုရား ၄ ဆူ သွားဖူးပါတော့သည်။ တဆူ တဆူလျှင် ၂၇ ပတ်စီ စိပ်ခဲ့၏။ အားလုံးဘုရားများ ဖူးပြီးတော့ ခေါက်ဆွဲဆိုင်ဝင်ပြီး ခေါက်ဆွဲမှာစား၏။ လဘက်ရည်သောက်ပြီး ဘူတာပြန်လာခါ ၁၂ နာရီ ရထားစီးလာ၏။ မန္တလေးသို့ ည ၁၀ နာရီဆိုက်၏။ တောင်ငူသို့ ၁၁ နာရီရောက်၏။ ညအချိန်ဖြစ်၍ ဆရာတော်များထံ မကန်တော့သေးဘဲ အိပ်လိုက်၏။ အိပ်လို့မရ။ တောင်ငူက အဖြစ်စုံများကို တွေးနေ၏။ စမ ရုပ်ပွားတော်များကိုလဲ ထပ်ခါထပ်ခါ ကြည့်ရှုပြီး ရင်သတ်ရှုမော ဖြစ်နေရ၏။ သို့နှင့်ပင် တချက် လောက်မှ အိပ်ပျော်သွား၏။ မိုးထိန်ထိန်လင်းမှ နိုးလာတော့၏။ လက်ဖက်ရည်သောက်ပြီး ဆရာတော်များ သွားကန်တော့၏။ ထုံးစံအငိုင်း ဘုရားဖူး လမ်းလျှောက်ထွက်၏၊ အဓိဋ္ဌာန် မပျက်မကွက် စိပ်၏။ ၁၃၂၀ ခုနှစ် ကဆုန်လဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့တွင် ရှမ်းပြည်တောင်ပိုင်း ခရီးထွက်ခဲ့၏။ ကျောင်းမှ နံနက် ၄ နာရီခွဲထွက်၊ ဘူတာကြီး ၅ နာရီ ရောက် ၆ နာရီ ရထားထွက်။ ၆ နာရီခွဲ မြစ်ငယ်ရောက်၊ ၆ နာရီ ၄၅ မိနစ် ပုလိပ်ရောက်၊ စဥ့်ကိုင် ၇ နာရီရောက်၊ ကျောက်ဆည် ၇ နာရီခွဲရောက်၊ မင်းစု ၈နာရီ ရောက်၊ မြစ်သား ၈နာရီ ၁၅ ရောက်၊ စမုံ ၉နာရီခွဲရောက်၊ သဲတော ၉နာရီ၄၅ ရောက်၊ ဟံဇာ ၁၀နာရီရောက်၊ သာစည် ၁၀နာရီခွဲရောက်၊ လှိုင်းတက် ၁ ချက်ရောက်၊ ဘုရား ၅ဆူ ၁း၂၅ ရောက်၊ ယင်းမာပင် ၂း၁၅ ရောက်၊





ပေအမြင့် ၃၀ လောက်ရှိသောတံတား ၂ခုတွေ့၊ လှိုင်ခေါင်းတခုတွေ့၊ ပြည်ညောင် ၂၄၀ ရောက်၊ ရေဘူး ၃း၃၀ ရောက်၊ လယ်ပြင် ၃း၄၀ ရောက်၊ ခွေးရုပ် ၄း၂၅ ရောက်၊ လွန်း ၃ခါထိုးတက်၊ ဆင်တောင် ၅း၃၀ ရောက်၊ ယင်းတိုက် ၆နာရီရောက်၊ ၆း၄၀ ကလောရောက်၊ ည ၈နာရီ အောင်ပန်းရောက်၏။ အောင်ပန်းမြို့ ပစ္ဆိမာရုံကျောင်း နံနက်ဆွမ်းစားပြီး လွယ်မယ်တောင်ပေါ်တက်ပြီး လွယ်မယ်ဘုရားတွင် ပုတီး ၂၇ ပတ်စိပ်ပြီး မ-ခိုတောင်၊ ကဆုံတောင်များတက်ပြီး ကဆုံတောင်ပေါ်ကဘုရား ပုတီး ၂၇ ပတ်စိပ်၊ ထိုနေ့က ကဆုံတောင်ဘုရားပွဲဖြစ်သည်။ တောင်သူများသည် မိမိတို့၏ ရှမ်းတောင်သူ အနက်ဝတ်များနှင့် ဝတ်ဆင်ထားပုံမှာ တော်တော်လေးပင် ကြည့်၍အဆင်ပြေ၏။ အချို့မှာတော့ ဗမာလို ဝတ်ဆင်ထား၏။ သပ်သပ်ယပ်ယပ် မရှိသဖြင့် ကြည့်လို့မကောင်းပေ။

ဘုရားကို ဝိုင်းကနေကြသော ရှမ်းတောင်သူ လုံမပျိုများသည် အိုးစည်ကြီးများနှင့် ကကြသောကြောင့် ကျွန်ုပ်တို့အဘို့မှာတော့ အတော်လေးပင် ထူးဆန်းနေ၏။ အချို့မိန်းမများမှာ သိုင်းကများ ကကြသည်။ ဆိုင်းမှာ မဆန်းလှပါ။ သူတို့ရိုးရာ ရှမ်းအိုးစည်ရှည်ကြီးနှင့် လကွင်း၊ မောင်း၊ ဝါးလက်ခုတ်များ ဖြစ်၏။ ၎င်းဘုရားကို ကြီးကြပ်သော ဘုန်းတော်ကြီးက ဆွမ်းတော်ပွဲများ ပို့လာကြသော အက၊ အတီး အဖွဲ့များကို ၄က်ပျောသီးတဖီး၊ မုန့်ဆီကျော် ၅ ခု၊ မုန့်လေပွေ ၅ ခု ပေးလေသည်။ မုန့်ရောင်းသော ဆိုင်များလည်း အထမ်းများနှင့် ရောင်းနေတာရှိ၏။ ကြီးကြပ်သော ဘုန်းတော်ကြီးကို ပွဲတော်လုပ်ရသည့်အကြောင်း မေးကြည့်၏။ အတာတက်ပွဲတော် ဖြစ်ကြောင်း ပြောပြ၏။ ကဆုန်လပြည့်နေ့ အောင်ပန်းမြို့နယ်က ဆုံတောင်အတာတက်ပွဲတော်ဟု သတ်မှတ်ကြကြောင်း ပြောကြား၏။

ကဆုန်တောင်သည် အောင်ပန်းပစ္ဆိမာရုံကျောင်းမှ ၃ မိုင်ကျော်လောက်ဝေး၏။ အမြင့်ပေ ၁၀၀၀ လောက်ဟု ခန့်မှန်းရ၏။ ပစ္ဆိမာရုံကျောင်းမှ ၁၁ နာရီထွက်ခဲ့၏။ တောင်အထပ်ထပ် တောအထပ်ထပ်များကို ကျော်နင်းပြီး လှေခါးထစ် မရှိသော၊ ပြုပြင်မှု မရှိသော တောင်ဖြစ်သောကြောင့် အချို့တနေရာလောက်မှာ လူသွားလမ်းကလေး တွေ့ရသည်။ မတွေ့တာများသည်။ သစ်ပင်များ အဖုအထစ်များ ကိုင်ဆွဲကျော်နင်းပြီး တက်ရ၏။ နေ့ ၁နာရီ ၁၀ မိနစ်မှာ ကဆုံတောင်ဘုရား ရောက်၏။ နှစ်နာရီခွဲလောက်မှာ တောင်ပေါ်က ပြန်ဆင်းလာ၏။ ပစ္ဆိမာရုံကျောင်းကို မှောင်မှရောက်၏။ ကဆုန်လပြည့်နေ့ကလည်း အောင်ပန်းပစ္ဆိမာရုံကျောင်းမှာ ရဟန်းခံပွဲ ရှိ၏။ ကဆုန်လပြည့်ကျော် တရက်နေ့ အင်းလေးဖေါင်တော်ဦးဘုရား သွားဖူးရန် ဖြစ်သော်လည်း တောင်ကြီး လက်နက်ချပွဲက ကားများကို ချောဆွဲထား၍ မထွက်နိုင်ကြ။ ထိုကြောင့် မသွားတော့။ ၁၃၂၀ ခု ကဆုန်လပြည့်ကျော် ၂ ရက် တနင်္ဂနွေနေ့မှာ ပင်းတယလှိုင်ဂူ သွား၏။ အာရုံဆွမ်းစားပြီး နံနက် ၆ နာရီခွဲ ကားစီး၊ ပင်းတယ ၈နာရီ ၁၀မိနစ်ရောက်၊ ရေကန်ကြီးများ၊ မြို့ဦးဘုရားများဝင်ဖူးပြီး မြို့ထဲပြန် ဆွမ်းစားခါ ပင်းတယရွှေဥမင်ကို ခြေလျင်သွားကြ၏။ လိုက်ပို့သော ဦးပဥ္စင်းတပါး ပါသည်။ ရွှေဥမင်ဘုရားတောင်ပေါ် ၁၁ နာရီရောက်သည်။ ဘုရားဖူး၊ ပရိက်ပြု ပုတီး ၂၇ ပတ်စိပ်ပြီး အမျှဝေ၍ ဂူထဲလျှောက်ကြည့်၊ ဖယောင်းတိုင်မီး ၃၀၀ ပူဇော်ခဲ့၏။ လှိုင်ဂူအတွင်း ခြေလှမ်း ၃၀၀ ကျော်လောက်တွင် စေတီလေးတဆူကို မီးပူဇော်၏။ မီးပူဇော်ပြီး ကြည့်လိုက်တော့ ကျပ်တန်စက္ကူ တရွက် တွေ့၏။ တဖက်က အင်းနှင့်စမ ပါ၏။ ကျွန်ုပ် ယူခဲ့၏။ ၎င်းကျပ်တန်စက္ကူကို ဘိုးတော်များပေးသော အင်းဟုစာတွေ့ရ၏။

| စ | ဓ |
| --- | --- |
| / | ၄ |
| ၅ | ၃ |
| ဝ | ဗ |

အင်းပုံမှာ - ဤအတိုင်းဖြစ်၏။ အဓိဋ္ဌာန်ကြည့်တော့ မှန်ကန်ကြောင်းသိရ၍ ဩဝါဒပေးတာ ဘဲဟု မှတ်ချက်ချလိုက်၏။ ပင်းဒယဆိုသည့်အတိုင်း ရတာဘဲဟု ကောက်နုတ် ချက် ချလိုက်၏။ အလယ်ဂူကြီး သွား ပုတီး ၁၈ ပတ်စိပ်ပြီး ၁၂ နာရီခွဲလောက် ပြန်လာ ကြ၏။ ၂ချက်ခွဲလောက် ကျောင်းရောက်၏။

ကဆုန်လပြည့်ကျော် ၃ ရက်နေ့ နံနက် အောင်ပန်းမှ လော်လီကားစီး၍လာ၊ ဟဲဟိုး ၈နာရီခွဲရောက်၏။ ရွှေညောင်၈နာရီ ၅၀ ရောက်၏။ တောင်ကြီး၉နာရီခွဲရောက်၊ ဆွမ်းဆိုင်များမှာ လက်နက်ချပွဲကြောင့် ရောင်းလို့မလောက်ပေ။ ဖြစ်သလိုစား ကြပြီး မုံ့တဝဂူသွား ပုတီးစိပ်၊ မဟာမြတ်မုနိ၊ သိရိမင်္ဂလာရပ်တော်မူကြီးတို့ကိုလည်း ပုတီး ၂၇ ပတ်စိပ်ခဲ့၏။ သိမ်တော်ကျောင်း တည်းခို၏။ ညနေပိုင်းတွင် လွတ်လပ်ရေး ကျောက်တိုင်နှင့်လက်နက်ချပွဲ ဝင်ကြည့်လေ့လာ၏။ မီးပန်းလွှတ်ပွဲ၊ ပအိုဝ်ပြဇာတ်၊ အစိုးရဝေသာလီပြဇာတ်၊ ကနက်စိန် ပဋိက္ခရားဇာတ်၊ ပုဏ္ဏပုံကျော်အေး ပြဇာတ်များ ဝင်လေ့လာပြီး သိမ်တောင်ကျောင်း ည ၁၀နာရီခွဲ ပြန်အိပ်၏။

ကဆုန်လပြည့်ကျော် ၅ ရက်နေ့ အင်္ဂါနေ့ သိမ်တောင်ကျောင်းမှ ဆွမ်းစားပြီး ၉နာရီခွဲ ညောင်ရွှေကားစီးလာ၊ ၁၀ နာရီခွဲ ညောင်ရွှေရောက်၊ တရုပ်လဖက်ရည်သောက်၊ ၁၁နာရီခွဲ အင်းလေး ဘုရားသို့ စက်လှေစီးပြီးလာ၏။ ခရီးသည်များ ဟိုပို့ ဒီပို့နှင့် ညနေ ၃နာရီလောက်မှ ဖောင်တော်ဦးဘုရားရောက်၏။ ဖောင်တော်ဦး ဘုရား ညအိပ်ရန် သာလေးတောင်ကျောင်း ဆရာတော်ထံ လျှောက်ပြီး ဖောင်တော်ဦးဘုရားမှာ ညအိပ် ပုတီးစိပ်၏။ သာလေးတောင်ကျောင်း ဆရာတော်မှာ ဆရာတော်နှင့်မလိုက်၊ အာဂန္တုဝတ် အလွန်ကျေ၏။ သာဓု ခေါ် လို့မဆုံးနိုင်ပါ။ ည ၁၀ နာရီအထိ ရောက်ကတဲကအိပ်နေ၏။ လူအမျိုးစုံလာပြီး ဘုရားဖူးနေ၍ ပျော်လိုက် မပျော်လိုက် ဖြစ်၏။ အလှူရှိနေ၍ ဖောင်တော်ဦးဘုရားမှာ အတွင်းအပြင်မီးများ ညလုံးပေါက် ထွန်းညှိပူဇော်ထား၏။

ည ၁ နာရီထိုးတော့ လူခြေတိတ်ဆိပ်နေ၏။ ကျွန်ုပ်လည်းထ မျက်နှာသစ်ပြီးလျှင် အမွေးတိုင်များ၊ ဖယောင်းတိုင်များ ပူဇော်ပြီး ဝတ်တက် မေတ္တာပို့ အမျှဝေ ပရိတ်သရဇ္ဈာယ်နေ၏။ ဘုရားလှည့် ပရိတ်ရွတ် မေတ္တာပို့နေ၏။ ပါလာသော ဦးပဥ္စင်းလေးနှင့် ဘုရားစောင့် ဘုန်းကြီးနှစ်ပါးလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ၏။ ည ၁၂ နာရီထိုးလောက်ဖြစ်၏။ ဓါတ်စက်မောင်းနေသော အသံမှတပါး ဘာမျှမကြားရပေ။ ဖောင်တော်ဦးဘုရား ၅ ဆူထဲတွင် ဓါတ်မီးစိမ်းရောင် ထွန်းထား၏။ သင်္ကန်းတော်များလဲ ခြုံထား၏။ ပုဝါပါးတို့ဖြင့်လည်း အုပ်ထား၏။ ထိုအထဲတွင် တဖြတ်ဖြတ်နှင့် ရောင်တော်ကွန့်မြူးနေ၏။ ပထမတော့ ရှော့တိုက်နေတာမှတ်၏။ နောက်ကျမှ ရောင်တော်ကွန့်မြူးကြောင်း သိရ၏။ အသေးဆုံး ဘုရားနှစ်ဆူက ပိုပြီး ကွန့်မြူးကြ၏။ ကျွန်ုပ်မေတ္တာပို့ပြီးသည်အထိ ကွန့်မြူးနေကြ၏။ ၁၂ နာရီခွဲမှ ဘုရားရှိခိုးပရိတ်ရွတ် မေတ္တာပို့ ပရိကံယူပြီး၏။

ထိုအချိန်မှစ၍ ပထမပုတီး ၂၇ ပတ် အဓိဋ္ဌာန်ပြု စိပ်၏။ ၄ ခါအဓိဋ္ဌာန်ပြု စိပ်ရန်နှင့် ၁၀၈ ပတ်စိပ်ရန် အဓိဋ္ဌာန်ပြု၏။ အမွှေးနံ့သာများ ထောင်းထောင်းထနေ၏။ ၂၇ ပတ်စိပ်ပြီးသည်ထိအောင် မွှေးနေ၏။ ဘုရားကျောင်းတော်ကြီးမှာ ၁၀ နာရီထိုးကတဲက တံခါးများ ပိတ်ထား၏။ ထိုသို့ ပိတ်ထားသောအထဲတွင် ခွေးတကောင် ကျွန်ုပ်ပုတီးစိပ်နေတုံး လျှောက်သွား၏။ ဘုန်းကြီးမွေးထားသော ခွေး

မှတ်နေ၏။ ခွေးသည်ကျွန်ုပ်နှင့် မလှမ်းမကမ်း ၅တောင်လောက်မှ လာထိုင်နေ၏။ ပုတီးစိပ်ပြီးတော့ မေတ္တာပို့ အမျှဝေလိုက်၏။ ခွေးက သာဓု သာဓု သာဓုဟု ၃ ကြိမ်ခေါ်၏။ ကျွန်ုပ်က အံ့အားသင့်စွာ ခွေးကို လိုက်ကြည့်နေ၏။ ခွေးကလဲ ကျွန်ုပ်ကို ကြည့်နေ၏။ အင်း ခွေးဖြစ်၍ တော်တော်အရပ်မြင့်၏။ ကျွန်ုပ် ထိုင်နေသော ပမာဏထက် မြင့်၏။

ကျွန်ုပ်က အသင်ခွေးတော့ မဟုတ် . . ပညာသည်လား၊ ဝေမာတိကလား၊ နတ်လားလို့ မေး၏။ ခွေးအသွင်ပျောက်ပြီး လူဖြစ်နေ၏။ မြန်မာရုပ်၊ မြန်မာအဝတ်အစားနှင့်ဖြစ်၏။ အသင်ဘာလဲ . . နတ်ပါဘုရား။ ဘာနတ်လဲ . . ဤဘုရားစောင့်သော နတ်ပါဘုရား။ အသင်အကြောင်းကို ပြောပြစမ်းပါ။ နမဏိစေသူ မင်းကြီး ဖောင်စကြာလှည့်ရာတွင် ကိုယ်ရံတော်အဖြစ် လိုက်ပါခဲ့ရပါသည်ဘုရား။ အကျွန်ုပ်သည် ရတနာသုံးပါး နှင့် အရှင်သခင်ကို အလွန်ရိုသေလှသောကြောင့် ဤဘုရားများနှင့်တကွ နေရစ်ခဲ့ရပါသည်။ ထိုစဉ် ဤနယ် အိမ်ခြေမှာ ၁၀ အိမ်စု၊ ၁၅ အိမ်စု တရွာလောက်ရှိပါသည်။ ညောင်ရွှေက မြို့လို့ ဆိုရသော်လည်း အိမ်ခြေ ၅၀ လောက်ဘဲ ရှိပါသည်။ ဤအင်းကြီး ဝန်းကျင်ရွာ ၃၀ လောက်ရှိပါသည်။ ကျောင်းလဲရှိပါသည်။ ဤအင်းထဲကို ရွက်လှေများ၊ လှော်လှေများဖြင့် သွားလာရပါသည်။ ထိုကဲ့သို့ တပည့်တော်တို့ ဘုရားကိုလာကြရင်း လေကြီးမိုးကြီးမိ၍ ဤအင်းထဲ မယားဖြစ်သူသေရပါသည်။ တပည့်တော်သည် လှေကလေးကို ကိုင်တွယ်ထား၍ အသက်ဘေးမှ လွတ်ပါသည်။ မယားသေလို့ ၂နှစ်ကြာတော့ ညောင်ရွှေသူ ရှမ်းမလေးနန်းစောနှင့် အိမ်ထောင်ကျ၍ ရှေ့အခေါ် နှင့်ဆိုလျှင် ကောက်ယူပြီး တပည့်တော် စော်ဘွားလုပ်နေပါသည်။

တကာဒေဝ-နာမည်ဘယ်လို ခေါ်ပါသလဲ။ ကိုယ်ရံတော်ဗိုလ် ဖြစ်စဉ်တုံးက နန္ဒယောဒါ ခေါ်ပါတယ်။ မြန်မာလို သူကြီး၊ ရှမ်းလို စော်ဘွားကြတော့ စောခွန်ခေါ်ပါတယ်။ သား ၃ ယောက်၊ သမီး ၂ ယောက် ထွန်းကားပြီး အဖျားကြီးဖျားပြီး စုတေခဲ့၍ ဤဖောင်တော်ဦးဘုရား ကြည်ညိုစိတ် ပြင်းပြသည့်အားလျော်စွာ ဒီမှာလာပြီး နတ်ဖြစ်ပါတယ်ဘုရား။ ဤဘုရားကို ဘုရားတပည့် တော်နှင့်တကွ ၇ ဦး စောင့်ရှောက်ရပါတယ်။ အရှင်ဘုရားချမ်းသာသလို သီတင်းသုံးပြီး ဘာဝနာပွားတော် မူပါဘုရား ဘုရားတပည့်တော်တို့ စောင့်ရှောက်နေပါတယ်ဘုရား ဟုဆိုပြီးပျောက်ကွယ်သွားတော့၏။ စကားလိမ့်ပတ်လည်အောင် မပြောရသေးဘဲ ပျောက်ကွယ်သွား၍ ကျွန်ုပ်က မချင့်မရဲကြီး ဖြစ်နေ၏။

ည ၁ နာရီခွဲ၍ထပ်ပြီး ပရိကံပြုခါ ပုတီးစိပ်ပါတော့သည်။ ပုတီးစစိပ်ကတဲက ခြေသံများ ရှုတ်ရှက်ခတ်အောင် ကြားနေရ၏။ ပုတီးပြီး၍ မေတ္တာပို့ အမျှဝေပြီးသောအခါ နာရီကြည့်လိုက်တော့ ၃ နာရီမတ်တင်းရှိနေ၏။ ပထမအတွေ့အကြုံကို စဉ်းစားရင်း ၅မိနစ်လောက် လမ်းလျှောက်ပြီး ထပ်၍ပရိကံ ယူစိပ်ပြန်၏။ ဇီကွက်သံများ၊ တောက်တဲ့သံများ ခဏ ခဏ ကြားရ၏။ ဒါကလည်း တမျိုးဘဲဟု မှတ်ချက်ချလိုက်၏။ ၄ နာရီထိုးလျှင် ပုတီးစိပ်ပြီး၏။ အာရုံတုံးသံများ ကြေးစည်သံများ ကြားရ၏။ ပရိကံယူပြီး ထပ်စိပ်ပြန်၏။ အဘိုးကြီးနှစ်ယောက် တက်လာ၍ ကျွန်ုပ်၏ဘေး ဝဲ-ယာ ကထိုင်ပြီး ရှိခိုးစိပ်နေကြ၏။ ကျွန်ုပ်စိပ်ထဲမှာ စဉ်းစားခန်း ဝင်နေ၏။ ရှမ်းပြည်မှာ မြန်မာ အဝတ်အစားနှင့် အဘိုးကြီးတော့ ရှိမည်မဟုတ်ဟု ထင်၏။ ထိုအတွေးတွေ ဖျောက်လိုက်ပြီး ဆက်ပုတီးစိပ်၏။ ကျွန်ုပ်လည်းပုတီးစိပ်ပြီးရန် တပတ်လောက်အလိုတွင် အဘိုးကြီးနှစ်ယောက် ကျွန်ုပ်ဘေးမှ ထိုင်လျက်သား ပျောက်ကွယ်သွားကြ၏။ ဩ ဒီတော့မှ ဘိုးတော်တို့ကို

ဟု အောက်မေ့လိုက်၏။ ပုတီးစိပ်ပြီးလျှင် မေတ္တာပို့ အမျှဝေ၏။ နာရီကြည့်လိုက်တော့ ၅ နာရီခွဲနေ၏။ ဘုရားစောင့်ဘုန်းကြီးလည်းနိုး၍ မျက်နှာသစ်နေ၏။ ကျွန်ုပ် ဦးပဥ္စင်းလေးက မနိုးသေးပါ။

ဘုရားစောင့်ဘုန်းကြီးက တအောင့်လောက် ဘုရားရှိခိုးပြီး ကျွန်ုပ်ကို မန်းကဘုန်းကြီးကြွ လက်ဖက်ရည် သောက်ရအောင်။ ဦးပဥ္စင်းလေးကို နှိုးလိုက်၏။ ဦးပဥ္စင်းလေးလည်း မျက်နှာသစ်၊ အနည်းငယ် ဘုရားရှိခိုးပြီး လက်ဖက်ရည် လာသောက်၏။ ဘုရားစောင့်ဘုန်းကြီးက မေးသည်၊ ည ၂ချက်လောက်က အရှင်ဘယ်သူနှင့်စကား ပြောနေတာလဲ၊ တပည့်တော် အသာလေးထကြည့်တော့ လူလဲမတွေ့ရပါလားဘုရား။ ကျွန်ုပ်က ဘာမှမပြောဘဲနေ၏။ ဆက်မေး၏။ ထိုအခါကြမှ ကျွန်ုပ်က ဤဘုရားစောင့်တဲ့နတ်လို့တော့သူက ပြောတာဘဲဘုရား။ ဩ ဩ ဆိုပြီး ရှေ့မဆက်တော့ပေ။

ထိုအခိုက် တွင် သာလေးကျောင်းက ကိုရင်တပါးက လက်ဖက်ရည်သောက် လာပင့်၍ လိုက်သွားကြ၏။ ဆွမ်းစား လက်ဖက်ရည်သောက်၏။ ၆ဝကျော်လောက် သက်န်းရုံပြီး သံဃာတော်များ ကျောင်းက ဘုရားကြွရ၏။ သံဃာတော်များကရှေ့က ပန်းညောင်ရေအိုးကိုင်ဆောင်သော တကာများကလိုက်ရ၏။ ပန်းကိုင်တကာ များနောက်က စည်းနှင့်ဗျောတီးသောအဖွဲ့လိုက်ရ၏။ ထိုနောက်ကမှ သံဃာတော်များ၊ သံဃာတော်များ နောက်က လှူဘွယ်ကိုင် အမျိုးသမီးများ၊ ဒိုးစည်၊ ဆိုင်းများလိုက်ရ၏။ သာလေးတောင်ကျောင်းနှင့် ဖောင်တော်ဦးဘုရားကြားမှာ လူထု ပရိတ်သတ်များ စည်ကားပြည့်ကြပ်စွာ တွေ့မြင်ရ၏။ မိုးလေး ဖွဲ့ဖွဲ့ကြနေ၏။ ကျွန်ုပ်တို့ ဘုရားပေါ်ရောက်လျှင် တော်တော်သဲသဲ ရွာလာ၏။ တရားဟောရေစက်ချပြီး တိုင်အောင် မိုးရွာနေ၏။ မိုးမတိတ်၍ ဘုရားပေါ်တွင် စောင့်ဆိုင်းနေကြရ၏။ အချို့ မိုးရွာကြီးထဲ ပြန်သွား ကြ၏။ ကျွန်ုပ်တို့လည်း ညနေ ၄နာရီလောက် မိုးစဲသွား၍ သာလေးတောင်ကျောင်းဘုန်းကြီးက စက်လှေကြုံနှင့် တင်ပေးလိုက်၍ ညောင်ရွှေသို့ လိုက်လာခဲ့၏။ ၅နာရီ၂၅ ညောင်ရွှေရောက်၏။

ညောင်ရွှေ ဂိုဏ်းချုပ် ဆရာတော်သီတင်းသုံးသော ရွှေဂူကျောင်း တညအိပ်၍ ဆရာတော်နှင့် ဓါတ်လုံးအကြောင်း အနည်းငယ် ဆွေးနွေးကြ၏။ ဆရာတော်က နှစ်ရက်လောက်နေရန် တားသေး၏။ ကျွန်ုပ်ခရီးဆက်ရန်ရှိ၍ မနေခဲ့တော့။ ကဆုန်လပြည့်ကျော် ၆ ရက်နေ့ အာရုံဆွမ်းစားပြီး ညောင်ရွှေဟော်ကို ကိုရင်လေး လိုက်ပို့၏။ နံနက် ၇ နာရီဟော်ကပြန်လာပြီး မြစေတီဘုရားဝင်ပြီး ပုတီး ၉ ပတ်စိပ်၊ ၎င်းကမှ နန္ဒဝန်ရပ် ရွှေချမ်းသာဘုရားဝင်ဖူးပြီး ၉ ပတ်စိပ်၊ ၎င်းနောက် နိုဗြောဓါရုံဘုရားဖူးပြီး ၉ပတ်စိပ်၊ မိုင်လည်ဘုရားဖူး ကိုးပတ်စိပ်၊ ၎င်းက ရတနာမာရ်အောင်ဘုရားဖူး ၂၇ ပတ်စိပ် ဘုရားသမိုင်း မေးကြည့်တော့ ဦးဟိန်း၊ ဦးစိန်တို့က ပြောပြသည်မှာ ဆာစောမောင်တည်ကြောင်း ပြောပြ၏။ ဦးဟိန်းက ကံသာရပ်က ဖြစ်၏။ ဦးစိန်က မြို့လည်ရပ် အရှေ့ပိုင်းက ဖြစ်၏။

လိုက်ပို့သောကိုရင်လေးကို ပြန်လွှတ်လိုက်ပြီး ကားဆိပ်လာပြီး ကားစီးကြ၏။ ၉ နာရီ ကားထွက်၊ ဗောဓိသတ်ဘုရား၊ ဘုန်းမင်းဘုရားများလဲ ဖူးခဲ့၏။ ဂျစ်ကားစီး၍လာ အောင်ပန်း ၁၁ နာရီခွဲ ရောက်သည်။ နေ့ဆွမ်းစား အနားယူ၏။ ကဆုန်လပြည့်ကျော် ၇ ရက်နေ့ လွိုက်ကော်ခရီး ထွက်လာ၏။ လောပိတ ဆောက်လုပ်ရေးပစ္စည်းပို့သော ကားကြီးများနှင့်လိုက်သွား၏။ နေ့တချက်ထွက်၊ သီကျစ် ၁နာရီခွဲရောက်၊ ၂နာရီ နောင်ကယားရောက်၊ ပင်းတီယွန် ၂နာရီ၄ဝရောက်၊ မိုက်လုံ ၃နာရီ ၁ဝမိနစ်ရောက်၊ ပင်လောင်း ၄ နာရီရောက် ကားပျက်၍ ပင်လောင်းမြို့ ငွေတောင်ကျောင်းတည်းပြီး ည ငွေတောင်ဘုရား ပုတီး ၁ဝ၈

ပတ် တခါတည်း ထိုင်စိပ်လိုက်သည်။ ညနေ ၆နာရီကစိပ်တာ ၈နာရီခွဲမှ ပြီးသွား၏။ ပိတုံးများ လာသံကြားသည်မှတပါး ဘာမျှထူးခြားခြင်း မရှိပေ။

ကဆုန်လပြည့်ကျော် ၈ရက်နေ့ နံနက် ၄နာရီကားထွက်၊ ပင်ခွန် ၆နာရီရောက် ဈေး ၇နာရီရောက်၊ အကျော်ဝယ်စားပြီးလျှင် ၇နာရီ၁၅ ကားထွက်၊ ဖယ်ခုံသို့ ၇နာရီ၄၅ရောက်။ မိုးဖြသို့ ၈နာရီ၁၅ ရောက်၊ ၉နာရီ၁၅ လွိုက်ကော်ရောက် ခေတ္တနား ၉နာရီခွဲကားထွက်၍ လောပိတ ၁၀ နာရီခွဲရောက်၏။ ကားသမားက ဆွမ်းကပ်၍စားပြီးလျှင် လောပိတကျောင်းဝင်တည်းသည်။ ကဆုန်ပွဲနှင့်ဆုံစည်း၍ ပရိတ်ရွတ်ငွေ ၇ကျပ်ရ၏။ နေ့ အိပ်၊ ညနေ ၄နာရီလောက် စက်ရုံများ ရှောက်ကြည့်သည်။ တည်းသောကျောင်းသို့ညနေ ၆နာရီရောက် ပုတီးစိပ် မေတ္တာပို့ပြီး အိပ်သည်။ နံနက် ၅နာရီလောက် လွိုင်ကော်မှပြန်လာသည်။ သစ်ဆွဲကားကြီးစီး ပြန်လာခဲ့သည်။ ၆နာရီခွဲ လွိုက်ကော် ရောက်၏။ တောင်ကွဲ ခေါ် သီရိမင်္ဂလာတောင် ရောက်၏။ ထိုတောင်ပေါ် ပုတီး ၂၇ပတ်စိပ်၊ မေတ္တာပို့ အမျှဝေ၏။ သီရိမင်္ဂလာတောင် အနောက်ဘက်က ကြေးဘုရားကြီးဝင် ပုတီး၁၈ ပတ်စိပ်၊ ၄င်းက ပော်ကြည့်ပြီး ဥတ္တရာရုံကျောင်းတည်း၏။ နေ့ဆွမ်းစား၏။ နေ့လည် ရွှေတောင်ဘုရားဖူး ပုတီး ၂၇ပတ်စိပ်။

ကဆုန်လဆုပ် ၁၀ရက် နံနက် ဥတ္တရာရုံကျောင်းမှ ဆွမ်းစားပြီး ကားကြုံဖြင့်လိုက်လာ၊ ဖယ်ခုံ ၈နာရီရောက်၊ ၉နာရီ မိုးဖြရောက် မိုးဖြ နမဏီစည်သူ တည်သောဘုရား ဝင်ဖူးပြီး ပုတီး ၂၇ပတ်စိပ်၏။ မြွေတကောင် တက်လာပြီး ရှေ့ကဖြတ်သွား၏။ အုံ့စရာ တမျိုးဖြစ်၏။ ၁၁ နာရီကားကြုံစီးပြီးလာ ၄နာရီ အောင်ပန်းရောက်၏။ ကဆုန်လဆုပ် ၁၂ ရက်နေ့ နံနက် ၁၀ နာရီလောက် ဆွမ်းစားပြီး ကလောသွားခဲ့၏။ မြို့လည်ဘုရား၊ သိမ်တော်ဘုရား၊ အောင်ချမ်းသာဘုရားများ ပုတီး ၂၇ပတ်စိပ်ခဲ့သည်။ အမွှေးနံ့ရတာမှတပါး ထူးခြားချက် မရှိလှပါ။

၁၃၂၀ ခု ကဆုန်လဆုပ် ၁၂ နေ့ ညနေ ကလောဘူတာ နေရာယူပြီး အိပ်ကြသည်။ နောက်တနေ့ကဆုန်လဆုပ် ၁၃ ရက် ကြာသာပတေးနေ့ နံနက် ၅နာရီ ၂၀မိနစ် ရထားထွက်သည်။ သာစည်ကို ၁၀နာရီခွဲ ရောက်သည်။ ဆွမ်းစားသည် ကျောက်ဆည်သို့ ၂း၁၅ ရောက်သည်။ ညနေ ၄နာရီခွဲမှာ မန္တလေးမြို့သို့ပြန်ရောက်သည်။ ကားစီးပြီး တောင်မြို့ပြန် ၆နာရီလောက်မှာ တောင်မြို့စွန်းလွန်းရိပ်သာ ပြန်ရောက်သည်။

၁၃၂၀ ခု ကဆုန်လအတွင်း ထူးခြားချက်များသာ မှတ်သည်။ နယုန်လ အတွင်းတွင်လည်း ထူးခြားချက်များသာ မှတ်တမ်းတင်သွားမည်။ ကွမ်းရွာ၊ တူမောင်းဆရာတော်ကြီး၏ ဆရာဘုန်းကြီးပျံဆောင်ရွက်ရန်အတွက် ကျွန်ုပ် တူမောင်းဆရာတော်ကြီးနှင့်အတူ ကွမ်းရွာသို့ လိုက်ပါလာရပါသည်။ နယုန်လဆုပ် ၅ ရက်နေ့ မင်းကလေး သဘော်ပေါ် ဆင်းအိပ်ပြီး နယုန်လဆုပ် ၆ ရက်နေ့ နေ့၁၂နာရီအချိန်မင်းကလေးသဘော် ထွက်ပါတော့သည်။ ၂ချက်ထိုး စစ်ကိုင်းရောက်၊ ၆နာရီခွဲ မြင်းမူဆိုက်သည်။ "လသာတုံး ဗိုင်းငင်"ဆိုတာမျိုးကို မြင်းမူဆိုက်လျှင် ညမှောင်နေသဖြင့် လမ်းမီးများ မြို့မီးများလာနေပြီဖြစ်သဖြင့် ကျွန်ုပ်ဆရာတော်နား ဦးပဍင်းတပါး ထားခဲ့ပြီး မြင်းမူမြို့ပေါ် ကဘုရား ဖူးရန် ထွက်လာခဲ့ပေသည်။

ပထမဆုံး ရှင်ပင်စောလူးဘုရားကို ဝင်ဖူးပြီး ပုတီး ၉ပတ်စိပ်ပြီးလျှင် "ဘောင်းတော်ကျ"ဘုရားကိုဝင်ဖူးလေသည်။ ပုတီး ၉ပတ်လဲစိပ်သည်။ မြင်းမူမှာ ညအိပ်မည်ဖြစ်၍ ပုတီးကို စိတ်ချလက်ချ စိပ်သည်။ ထိုအခါ အဘိုးကြီးတယောက်နှင့်တွေ့၍ အရှင်ဘုရား အလိုရှိတာမေးပါဟု ပြောသဖြင့် ဘုရားသမိုင်းကို

မေးသည်။ အဘိုးကြီးက ပြောသည်မှာ - မဇ္ဈိစည်သူမင်း ဖောင်စကြာ လှည့်လာတော့ ဤနေရာရောက်လျှင် ခေါင်းဆောင်းထားသောဘောင်းတော်ကျသဖြင့် စေတီတည်ထားပြီး ဘောင်းတော်ကျဘုရားလို့ သမိုင်းထိုးထားခြင်း ဖြစ်သည်ဟု ပြောပါသည်။ ရှင်ပင်စောလူးဘုရားကတော့ ဘယ်လိုပါလဲဘိုးဘိုး။ ပုဂံပြည်က စောလူးမင်း လာတည်လို့ ရှင်ပင်စောလူးလို့ ခေါ်တာဘဲ။ ထိုကဲ့သို့ပြောပြီး အဘိုးကြီးက ကိုယ်တော် အင်းဝါသနာမပါဘူးလား၊ ပါ ပါတယ်။ ဆေးကော- ပါပါတယ်ဘိုးဘိုး။ ဒီလိုဆိုရင် အင်းတအင်းတော့ ပေးရအုံးမယ်။ ရော့ ကိုယ်တော် ဒီအင်းကို ကူးပြီးသောက်လိုက် နောင်လိုသောအခါလဲ အသုံးချရတာပေါ့။ ဥာဏ်ရှိသလိုသာ သုံး၊ အားလုံးပြီးစီးတယ်ဘုရား။ ကောင်းပါပြီဘိုးဘိုး။ အဘိုးကြီး ပေးသောအင်းမှာ ရိုးရိုးနှင့်ဆန်းနေသည်။ ထိုအင်းပုံစံမှာ-

| | က | ဂ | | |
|---|---|---|---|---|
| ဧ | ဗု | ရ | ဠာ | သာ |
| ဋ | ဂ | နံ | ဒွိ | ဓ |
| ဝ | ဂ | နံ | ဒွိ | ယ |
| ဥ | သ | မိ | ဏံ | တွိ |
| | ကာ | ဗ | | |

အင်းမှာ လပြည့်လကွယ် ချပါ၊ ဟင်္သာပြဒါးနှင့် ချပါ။ စမလေးလုံးပေါ်သော ပိန္နဲသီး စည်းဖြင့် ဖျော်ပြီးချရန် မှာ၏။

အညွန်းကား သရဏဂုံ ပုတီး ၁၀၀၀ စိတ်ပြီးမှ သောက်ဟုမှာ၏။

ဤအင်းသည် သရဏဂုံအင်း ဖြစ်သည်။ သို့သော် ကြီးလေးလုံး၊ စမ လေးလုံးရံပြီး ဒေါင့်က သောဥတ္တိ ပိတ်ထား၍ဆန်းနေသည်။ ဒီအင်းမျိုးတခါမှ မတွေ့ဘူးသေးချေ။ ကျွန်ုပ်သည် ထိုအင်းကို အဘိုးကြီး ရှေ့တွင် ရေးကူးပြီး မျိုချလိုက်သည်။ ကိုယ်တော်လေး အသက်ရာကျော်ရှည်မယ်။ သာသနာ ပြုရမယ်။ ဂတိသစ္စာစောင့်ထိမ်းပါ။ ကောင်းပါပြီ ဘိုးဘိုး။ ကိုင်း ကိုယ်တော်လေး ခရီးကြုံတုံး အဘိုးနှင့် လိုက်ခဲ့ ဘုရားတဆူ ပို့အုံးမယ်။ ကောင်းပါတယ် ဘိုးဘိုးဆိုပြီး အဘိုးကြီးနောက်က လိုက်သွား၏။ အဘိုးကြီး နှင့် ၁၅ မိနစ်လောက် လိုက်သွားသောအခါ ဘုရားတဆူ ရောက်လာကြ၏။

ဒီဘုရားကတော့ 'တ-တိုင်းရ၊ တ- တိုင်းလှဘုရား' လို့ခေါ်တယ်။ ကဲ ကဲ ပုတီး ဉပတ်လောက် စိပ်ပါ ဆိုသဖြင့် ကျွန်ုပ်က ပုတီး ဉပတ်စိပ်လေသည်။ အဘိုးကြီးလည်း ကျွန်ုပ်ဘေးက ပုတီးထိုင်စိပ်နေသည်။ ပုတီးစိပ်ပြီး၍ နာရီကြည့်လိုက်သောအခါ ၉နာရီတိတိ ထိုးနေ၏။ ဘယ်နှစ် နာရီလဲဘုရား၊ ၉နာရီဘိုးဘိုး။ ကောင်းတယ် ကောင်းတယ် အလွန် ကောင်းတယ်။ ကိုင်း ကိုယ်တော်လေး သင်္ဘောပြန်စို့၊ ၁၅ မိနစ်လောက် လျှောက်လာကြတော့ သင်္ဘောဆိပ် ရောက်လာကြ၏။ ကဲ ကဲ အရှင်ဘုရား ကြွပေအုံးတော့၊ နောင်ခရီး ဆုံရင်လည်း တွေ့ကြသေးတာပဘုရား။ ကောင်းပါပြီဘိုးဘိုး။

အဘိုးကြီးသည် ထွက်သွားပါတော့သည်။ ကျွန်ုပ်လည်း သင်္ဘောပေါ် ကိုယ့်နေရာပြန်ပြီး မေတ္တာပို့ ထုံးစံအတိုင်း အဓိဋ္ဌာန်ပုတီးပတ်များစိတ်ပြီး အိပ်လိုက်ပါတော့သည်။ မင်းလေးသင်္ဘောပေါ် ညအိပ်သော အခါ အိပ်မက်သည်မှာ- သက်တော်ထင်ရှား ဘုရားရှင်သည် သပိတ်တော်ပိုက်လျက် ရပ်တော်မူနေ သည်ကို ဖူးမြင်နေရသည်။ နေရာကတော့ ကျွန်ုပ်၏ ကျော်အောင်စံထား ကျောင်းတိုက်ထဲဖြစ်၏။ ဘုရား ရှင်က ဟယ်- ဝါယမ လာ လာ ဝါယမ။ ဖူးမျှော်ရအောင် ငါဘုရားခြေတော်ရာ ၂ ဆူပေးထားခဲ့မယ်လို့ မိန့်တော်မူပြီး ကျွန်ုပ်၏လက်ကို ဆွဲကာခေါ်တော်မူသွား၏။ ကျွန်ုပ်လဲ ဘုရားရှင်ခေါ်တော်မူသည့်နောက်

လိုက်သွား၏။ ကျွန်ုပ်နေသောကျောင်း အနောက်ဘက် ရှစ်ဆူကုန်းဘုရား တံတိုင်းနှင့်အတောင် ၅၀ လောက်အကွာတွင် ခြေတော်ရာနှစ်ဆူ ချတော်မူ၏။ ဘုရားရှင်၏ ညာခြေတော်ရာက အလွန်ထင်၏။ ဘယ်ခြေရာ ရေးရေးထင်၏။

ရှင်တော်ဘုရား ခြေတော်ရာချပြီးလျှင် ကျွန်ုပ်က အရှင်မြတ်စွာဘုရား ဘုရားတပည့် ဆွမ်းခံလာသောဆွမ်းကို လှူကပ်လိုပါသည်ဘုရား။ သနားတော်မူပါသဖြင့် အလှူခံတော်မူပါ အရှင်မြတ်စွာဘုရား။ ဘုရားရှင်သည် တိတ်ဆိတ်နေ၏။ ထိုအခါ ကျွန်ုပ်သည် ရလာသောဆွမ်း သပိတ်အပြည့်နှင့် ဟင်းလျာများကို လှူကပ်လိုက်ပြီး ဆုတောင်းလိုက်သည်မှာ ဘုရားတပည့်တော်သည် ပါရမီမပြည့်သေး၍ သံသရာခရီးသွားလာရာတွင် "ပြောသမျှဟုတ်၊ လုပ်သမျှ မှန်ကန်၊ ကြံသမျှ အောင်မြင်ပြီး သိဒ္ဓိရှင် တယောက် ဖြစ်ရ၍ မြတ်စွာဘုရား သာသနာတော်မြတ်ကြီး ပြုစုနိုင်သည့်ကိုယ်၊ စောင့်ရှောက်နိုင်သည့်ကိုယ်၊ ကျင့်ကြံ ကျိုးကုတ် အားထုတ်နိုင်သည့်ကိုယ်၊ သတ္တဝါများ ဝေနေယျများကို ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ပြီး အလိုရှိအပ်သော ဗောဓိဆုနှင့် ပြည့်စုံရပါလို၏ မြတ်စွာဘုရား"ဟု ဆုတောင်းလိုက်ပါသည်။ ထိုအခါ ရှင်တော်မြတ်ဘုရားက ပြည့်စေ ဟု ဆုပေးတော်မူပြီး ကောင်းကင်သို့ ကြွသွားပါတော့သည်။

ကျွန်ုပ်လည်း နိုးလာ၍ နာရီကြည့်လိုက်သောအခါ ၄နာရီခွဲ အာရုဏ်ချိန်ဖြစ်၍ ထ မျက်နှာသစ်ပြီး ဆရာတော်ဝတ် ပြုလေသည်။ နံနက် ၅နာရီ ဆရာတော်ကို ဆွမ်းကပ်ပြီး ကျွန်ုပ်တို့ စားကြပါတော့သည်။ နံနက် ၇ နာရီတွင် မင်းလေးသင်္ဘော မြင်းမူကထွက်ပါသည်။ မြင်းခြံသို့ ၁၂ နာရီ ၁၀မိနစ် ရောက်သည်။ ပခုက္ကူသို့ ၃နာရီ၄၅မိနစ် ရောက်သည်။ သင်္ဘောဆိပ်တွင် ရဲများက ပစ္စည်းများ စစ်ဆေးနေသဖြင့် နာရီ ၃မတ်လောက် ကြာ၏။ လာစောင့်နေသောကားပေါ် တက်ပြီး ဦးဘတင်-မခင်ပိုတို့တိုက် ခေတ္တ နားသည်။ ကွမ်းရွာဦးသန်းလည်း ပါ၏။ ၄နာရီခွဲမှာ ဦးဘတင်တိုက်ကထွက်၊ ကွမ်းရွာမင်းကျောင်းသို့ ၅နာရီ ရောက်သည်။ လမ်းကြမ်းသဖြင့် ကားဆောင့်သောဒဏ် မသက်သာလှပေ။ ညတိုင်း ညတိုင်း အားလပ်ချိန်မှာ အဓိဋ္ဌာန်ဝတ်အတိုင်း စိပ်၏။ နေ့ ဘုန်းကြီးပျံအတွက် ဝေယျာဝစ္စ လုပ်ကိုင်နေရ၏။

၁၃၂၀ ခု ပထမဝါဆိုလဆန်း ၁ ရက်နေ့မှာ "ရွှေတန်းတစ်ဘုရား" သွားရောက်ဖူးပြီး ပုတီး ၂၇ ပတ်စိပ်ခဲ့၏။ သရက်သွားဘုရားလေးလည်း ဖူးခဲ့၏။ အဓိဋ္ဌာန်လည်း ပြုခဲ့၏။ သမိုင်းမေးသောအခါ သီဟတောဘုရားအဆက် ဟု ပြော၏။ ဘုန်းကြီးပျံအတွက် ရှစ်လုံးဘွဲ့ ကဗျာများ ရေးပေး၏။ ဦးက္ကန္ဒကကို ထိုစီပြီး ကဗျာများ ပေးလိုက်၏။ မခင်ပိုဆေးလိပ်ခုံက အမျိုးသမီးများကို ကျွဲတဲဦးက္ကန္ဒကမှ ကဗျာတိုက်ပေးရ၏။ အချိန်ရတိုင်း ရွှေတန်းတစ်ဘုရားကို ပုတီးသွားစိပ်၏။ ညနေတိုင်း သွား၏။

ဝါဆိုလဆန်း ၈ရက်နေ့တွင် ပခုက္ကူသွားပြီး သီဟိုရှင်ဘုရား၊ ရွှေကူဘုရား၊ ဖေါင်တော်ဦးဘုရားများကို ပုတီး ၂၇ပတ်စီ စိပ်ခဲ့၏။ အလည်ကျောင်းကြီးလည်းဝင် ဆရာတော်နန်နှင့် ဖူးတွေ့ခဲ့ပြီး အလ္လာပ၊ သလ္လာပပြောပြီး ပြန်လာ၏။ ဦးပဥ္စင်းကြီး ဦးတင့်ကလိုက်ပို့၏။ ကျွန်ုပ်နှင့်ဦးရာဇိန္ဒ၊ ဦးပဥ္စင်းကြီး ဦးတင့် ပေါင်း၃ပါးသွား၊ ပခုက္ကူမှကျွဲတဲထိအောင် မြည်းလှည်းစီးပြီး ကျွဲတဲမှကွမ်းရွာမင်းကျောင်း ခြေလျင် ပြန်လာကြ၏။

၁၃၂၀ ခု ပထမဝါဆိုလဆန်း ၁၁ ရက်နေ့ တူမောင်း ဦးဝိလာသတရားပွဲချ၏။ ၁၂ ရက်နေ့ ဘုန်းကြီးပျံစ၏။ ည ၉နာရီ မန္တလေးအငြိမ့် က၏။ ပထမဝါဆိုလဆန်း ၁၃ ရက်နိဗ္ဗာန်ကျောင်းချ၊ ၁၄ ရက် နေ့မှာ ဇာတ်၂ ဇာတ်ကကြ၏။ ပထမဝါဆိုလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာဖြင့် မီးသဂြိုလ်၏။ ဘုန်းကြီးပျံ ၄ရက်ကျင်းပ၏။ အလွန်စည်ကား၏။

ပထမဝါဆိုလပြည့်ကျော် ၁ရက်နေ့တွင် နံနက် ၄နာရီခွဲ မြည်းလှည်းလာ၍ ထကြပြီး ပုဂံဘုရားဖူး သွားရန် ပြင်ဆင်ပြီး ထွက်လာကြ၏။ ပါလာသူများမှာ ဦးရာဇိန္ဒ၊ တောင်မြို့စာတိုက်တန်းက ကိုသာခင်၊ ပခုက္ကူစွန်သိုက်က ကိုလှဝင်း ကလိုက်ပို့၏။ ကျွန်ုပ်နှင့်ပေါင်း ၄ယောက်ဖြစ်၏။ နံနက် ၅နာရီ ကိုလှဝင်းအိမ်က မြည်းလှည်းနှင့်ထွက်လာ၏။ သဘော် ၅နာရီထွက်၏။ လက်ပံချိုပေါ် ၆နာရီခွဲရောက်၏။ ညောင်ဦး ၇နာရီခွဲ ရောက်၏။ ၈နာရီခွဲ ပုဂံရောက်သည်။ ဇောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ကူဖြူဘုရား၊ ရွှေစည်းခုံဘုရား၊ မြင်းကပါကမနူဟာဘုရား၊ မြစေတီဘုရား၊ ကူပြောက်ကြီးဘုရား၊ ဓမ္မရံကြီး၊ ရွှေဂူကြီး၊ ဖက်ကျပ်တုရား၊ မီးမလောင်ကျောင်း၊ ဥပါလိသိမ်၊ နတ်လှောင်ကျောင်း၊ ကျွဲနားရှောင်းဘုရား၊ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ အတွင်းစည်းခုံဘုရားများကို ဖူးပြီး ပုတီး ၉ပတ်စိပ်ခဲ့၏။ ညောင်ဦး တညအိပ်သည်။

၁၃၂၀ ခုပထမဝါဆိုလဆန်း ၂ရက် ဗုဒ္ဓဟူးနေ့ နံနက်၈နာရီခွဲအချိန် ညောင်ဦးကထွက်ပြီး ၉နာရီခွဲပုလင်းရွာရောက်၊ တကောင်တည်ရွာဆိပ်ကမ်း ၁၀နာရီရောက်၊ ၁၀နာရီ၁၀အောက်ညဥ့်ရောက်၊ ၁၀း၂၅အထက်ညဥ့်ရောက်၊ ၁၀း၄၅ သစ်ထောင့်ရောက်၊ ၁၁း၀၅ လက်ပံချိုပေါ်ရောက်၊ ၁၂း၃၀ ပခုက္ကူရောက် ကိုလှဝင်းနေရစ်ခဲ့၏။ ၁ချက်ထမင်းဆိုင် ရောက်၏။ ကျွဲတဲအနောက်ဘက် ကျွန်ုပ်တို့ ပြန်လာသော မြင်းလှည်းနှင့်အခြားမြင်းလှည်းတိုက်ကြ၏။ဘာမျှမဖြစ်ကြ။

ညအိပ်မက်- ကျွန်ုပ်ကိုဆင်ကြီးက နှာမောင်းနှင့်ပွေ့၍ ဦးကင်းပေါ်တင်ပြီး ကောင်းကင် တက်သွား၏။ ဟိမဝန္တာတောတွင်း ကျောက်ဖျာကြီးပေါ် ချပြီး ကျွန်ုပ်ကိုဆင်ကြီး စကားပြောပြီး လျှောက်၏။ အရှင်ဘုရား ဤကျောက်ဖျာပေါ်မှာ ပုတီး ၄၅ပတ် ဘုရားဝါတော်အရ စိပ်ပါဘုရားဟု လျှောက်၍စိပ်၏။ ကျွန်ုပ်ပုတီးစိပ်နေတုံး ကျား၊ သမင်၊ ကြံ၊ ဆတ်၊ မြွေ၊ ဒေါင်း၊ ယုန် အမျိုးအမည်မသိသော သတ္တဝါပေါင်းစုံများ လာပြီး ကျောက်ဖျာဘေးက ဝိုင်းရံနေကြ၏။ဆင်ကြီးက ကိုယ်တော်လေးပုတီးစိပ်နေတယ်၊ ငြိမ်ငြိမ်နေကြ မဆူကြနဲ့ဟု ပြောနေသံ ကြားရ၏။ ပုတီးစိပ်၍ ၄၅ပတ်ပြည့်သောအခါ အမျှဝေလိုက်၏။ ဆင်ကြီးမှစ၍ အားလုံးသတ္တဝါများက သာဓုခေါ်ကြ၏။ ဆင်ကြီးက ကိုယ်တော်လေး ဦးကင်းပေါ်ကြွပါဆို၍ ကျွန်ုပ်က ဦးကင်းပေါ် တက်၍စီး၏။ ဆင်ကြီးသည်ကျွန်ုပ်ကို တင်ဆောင်ကာ ကောင်းကင်ပျံတက်သွားပြီး ကျွန်ုပ် နေရာကို ပြန်ပို့ပြီး ပျံသွား၏။

ကျွန်ုပ်ကို ကပ္ပိယကြီးတကာချက်က ဆွမ်းစားရအောင်လာနှိုး၍နိုးလာပြီး မျက်နှာသစ်ကာ လိုက် သွားပြီး ဆွမ်းစား၏။ ကွမ်းရွာဆိပ်ကမ်း သဘော်ဆိပ် ဆင်းရန် ကျွန်ုပ်တို့ပြင်ဆင်ကြ၏။ နံနက်၁၀နာရီတွင် ကွမ်းရွာဆိပ်ကမ်းမှ မော်တော်နှင့်ထွက်ခဲ့၏။ ပြန်လာကြသူများမှာ ကျွန်ုပ်၊ ဦးရာဇိန္ဒ၊ ကိုသာခင် ၃ဦးဖြစ်၏။ ၁၂နာရီလောက်ရောက်၏။ မြင်းခြံသို့ ၂ချက်ရောက်၏။ မြို့ထဲ ၂ကျိပ်ရှစ်ဆူဘုရား၊ စွန်းလွန်းဂူကျောင်း၊ ဘုရားကြီးများကိုဝင်ဖူးပြီး ပုတီး ၉ ပတ်စီစိပ်ခဲ့၏။ ၁၃၂၀ ခု ပထမဝါဆိုလဆန်း ၄ရက် သောကြာနေ့

နံနက်၆နာရီ ၁၅ကားစီးလာ၊ နွားထိုးကြီး ကျော်လျှင် မိုးသည်းထန်စွာရွာ၍ ဤကားလမ်းပေါ် ရေလျှံနေ၏။ ညောင်ပင်ကြီးသို့ ၈နာရီရောက်၏။ ကျောက်ဆည်သို့ ၁၁နာရီခွဲ ရောက်၏။ မန္တလေးသို့ ၁၂နာရီခွဲ ရောက်၏။ အမရပူရသို့ ၂ချက်ရောက်၏။

ထုံးစံအတိုင်း အဓိဋ္ဌာန်ပုတီးစိပ်၊ စာချ၊ စာပြ၊ ၁၃၂၀ ခု ဒုတိယဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာ အခါတော်နေ့အဖြစ် ဓမ္မစကြာသုတ်တော်ကို ပုတီးတပတ်စိပ်၊ မီး ၁၀၈ တိုင်ပူဇော်၊ အောင်သပြေ၁၀၈ခိုင် ပူဇော်၊ ကြီး ၅ ကြီးကို ပူဇော်သည်။ ကြီး ၅ ကြီးမှာ ပုထိုးတော်ကြီး၊ ရွှေဂူကြီး၊ ကြေးဘုရားကြီး၊ တောင်မင်းကြီး၊ ကျောက်တော်ကြီးဘုရားများ ဖြစ်သည်။ ၉၀၀၀ ပြည့်စေတီတည်သော အထိမ်းအမှတ်အဖြစ် ပုတီးစိပ် လာတာ ပုတီးအပတ် ၃၀၀၀ ပြည့်သောနေ့ဖြစ်၍၎င်း၊ ဓမ္မစကြာအခါတော်နေ့ကြုံ၍၎င်း အထူးလျှုဒါန်းပြီး သစ္စာအဓိဋ္ဌာန်ပြု၏။

ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ ဝါဆိုပြီးသောည **အိပ်မက်သည်မှာ-** အရှေ့လောကဓါတ်မှ နေထွက်စပျိုးလာ၏။ ထန်းတဖျားလောက် မြင့်တက်လာ၏။ နေမင်းဝဲယာက "ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃံ ပူဇေမိ" ဟု စာလုံး ၅လုံး၊ ၃တန်းစီ ပေါ်လာ၏။ ကျွန်ုပ်လည်း အလွန်ထူးဆန်းသောကြောင့် စိုက်ကြည့်နေ၏။ စိုက်ကြည့်နေစဉ်မှာပင် နေဝန်း၏အလယ်တည့်တည့်မှ မတ်တော်မူဘုရား ရောင်ခြည် တော်များ ဖြာလျက်ပေါ်လာ၏။ ထိုသို့ပေါ်လာခိုက်တွင် ကျွန်ုပ်ကမောရသုတ်ဖြင့် ရှိခိုး၏။ ထိုအခါ နေဝန်း အလယ်မှ ရပ်တော်မူသော ရှင်တော်မြတ်ဘုရားက ချစ်သား အသင်ကျင့်သောလမ်းစဉ်သည် မှန်ကန်ပေ သည်။ ကျိုးစားလော့၊ ငါဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ၂ကျိပ်ရှစ်ဆူသော ဘုရားများကို လည်း အမြဲမပြတ် ပူဇော်ပါလေ ဟု မိန့်တော်မူသဖြင့် ကျွန်ုပ်လည်း နှစ်ကျိပ်ရှစ်ဆူ ဂါထာတော်ကို သတိရ ကာ ရှိခိုးလိုက်၏။ ရွတ်ဖတ်၍ ရှိခိုးလိုက်၏။

**ထိုဂါထာကား**

တံမေဃံဒီ ကောဏ္ဍသုရေ
သောဓအပနာ အသုသုပိ
အဓိသိတိ ဖုဝိသိဝေ၊
ကကော ကဂေါ ဇန္တာတော။

ဟု ၃ ကြိမ်ရွတ်ကာ ရှိခိုးလိုက်၏။ ထိုအခါ ရှင်တော် ဘုရားက သာဓု သာဓု သာဓု ဟု ၃ ကြိမ်ခေါ်ပြီး နေဝန်းမှ ထွက်ကြွသွားတော်မူသည်။

ဗု ဒ္ဓံ ပူ ဇေ မိ
ဓ မ္မံ ပူ ဇေ မိ
သံ ဃံ ပူ ဇေ မိ။ ။ ဤစာလုံး ၅ လုံး ၃တန်းကလည်း တဖြေးဖြေး နေဝန်းမှခွါ၍ ကျွန်ုပ်ရှိရာသို့ ဦးတည်၍လာလေသည်၊ ထိုအခါ ကျွန်ုပ်သည် ထိုစာလုံးများ ရွှေအတိပြီးသော စာလုံးများ ဖြစ်ကြ၍ ကိုင်တွယ်ရန် လက်လှမ်းမှီသောအခါ ဆွဲယူဘို့ ကျိုးစားနေ၏။ ထိုကဲ့သို့ ကျိုးစားဆဲတွင် ထိုစာလုံး များက ကျွန်ုပ်၏ပါးစပ်ထဲ တလုံးပြီးတလုံး ဝင်သွားလေတော့၏။ ထိုအခိုက် အိပ်ရာမှနိုးလာပြီး ချက်ခြင်းထ၍ အိပ်မက်ကို မှတ်တမ်းတင်ထားလိုက်၏။

နံနက်အိပ်ရာထပြီး ထုံးစံအတိုင်း ဘုရားဖူးပုတီးစိပ်ထွက်သွား၏။ ပုထိုးတော်ကြီးဘုရား ရောက်တော့ ဘုရားဖူးခရီးသည် အဖိုးကြီးတယောက်နှင့် တွေ့၏။ ပုတီးစိပ်ပြီးမှ အဖိုးကြီးနှင့် စကားပြောမယ် ဆိုပြီး ဘုရားရှိခိုး ပရိကံယူ ပုတီးစိပ်၏။ ၂၇ ပတ်ပြီးသောအခါ မေတ္တာပို့ အမျှဝေပြီး အဖိုးကြီးကို လှည့်ကြည့်လိုက်သောအခါ အဖိုးကြီးက သာဓုခေါ် နေ၏။ အရှင်ဘုရား ခဏကြွပါဦးဘုရား၊ တပည့်တော် ထမင်းအိုးတည်ပြီးရင် အရှင်ဘုရားလျှောက်ချင်ပါသေးတယ်။ ခေတ္တဆိုင်း၍ သီတင်းသုံးပါအုံးဘုရား။

ကျွန်ုပ်လည်း အဖိုးကြီးခင်းပေးသော အခင်းပေါ် ခေတ္တ ထိုင်နေ၏။ အဘိုးကြီးသည် သူ့လက်ဆွဲ ဂိုင့်ထဲ ဆန်ပုဂံတလုံးကော်ထည့်ပြီး ရေထည့်၍ ခဲနှစ်ပေါ် တင်ပြီး ထမင်းချက်ရန် မီးမွှေး၏၊ သစ်ရွက်ခြောက် လက်တဆုပ်ကောက်ယူ၍ မီးမွှေးပြီးပစ်ထားခဲ့၏။ ပြီးလျှင်အနားလာ ဝတ်ချ၍စကားပြော၏။ အရှင်ဘုရားက ဘာနည်းစိပ်ပါသလဲ။ ဓါတ်လေးပါးကို အခြေခံ၍ စိပ်ပါတယ်။ ဓမ္မခန္ဓာ ရှစ်သောင်း လေးထောင် အမွှန်းတင်ပြီး ဓါတ်လေးပါးအခြေခံကာ စိပ်ပါတယ်။ ကောင်းပါတယ်ဘုရား အလွန်ကောင်းပါတယ်။ ဒကာကြီး ထမင်းကျက်အောင် ချက်လိုက်အုံး။ ကျက်ပါပြီဘုရား။ သစ်ရွက်လက်တဆုပ်နှင့် ကျက်ပါ့မလား လို့မေးတော့ ဒိုင့်ကလေးဆွဲလာပြီး ဘုန်းပေးပါအုံးဘုရား။ ဆီ၊ ဆားလည်း ထည့်ပြီးသားပါ။ ကျွန်ုပ်ဖွင့်လိုက်တော့ အဟုတ်ကျက်နေတာ တွေ့ရ၏။ အင်း ဒီတကာကြီး အတော်ထူးဆန်းတယ်လို့ စိတ်ထဲမှတ်လိုက်၏။ သူထမ်းလာသော ပုံးများက တဘက်ပုံး ၅ ပုံး၊ ၂ဘက်ပုံး ၁၀ ပုံး မြေများအပြည့် ထည့်ထား၏။ မ ကြည့်တော့ မ - မနိုင်။ ကျွန်ုပ်က တော်တော်စဉ်းစားနေ၏။ တကာကြီးက ဒီကနေ ဘယ်သွားမှာလဲ။ ရွှေကြက်ယက်ပါဘုရား၊ ပြီးလျှင် စစ်ကိုင်းဘက်ကဘုရားများ ဖူးမှာပါဘုရား။ ကောင်းတယ်တကာကြီး ကောင်းတယ်။ တကာကြီးက ဘာဂုဏ်တော်စိပ်ပါသလဲ။ ဂုဏ်တော်အနုလုံ၊ ပဋိလုံစိပ်ပါတယ်ဘုရား။

အခုလို ဘုရားလျှောက်ဖူးနေတာ ဘယ်လောက်ကြာပြီလဲ။ ၁၅ နှစ်လောက်ရှိပါပြီဘုရား။ သတ်သတ်လွတ်စားပြီး ပုတီးလိုက်စိပ်နေတာပါဘုရား။ ဒီမြေ ထည့်ထားတဲ့ပုံးကြီး ၁၀ လုံးက ဘာလုပ်ဖို့ ထမ်းလာတာလဲ။ အကြောင်းရှိလို့ပါဘုရား။ အင်း အံ့စရာဘဲ၊ လူယောက်ျား ၂ယောက်မလို့ ကြွဘို့ မလွယ်ဘူး။ ကျွန်ုပ်ကတော့ ဒဏ်ခတ်ထားတာဘဲလို့ယူဆပြီး ဆက်မမေးတော့ပါ။ အဘိုးကြီးအံ့စရာကောင်းတာက လက်ဖက်ရည် ကိုင်းပုဂံတလုံးနှင့် အထုပ်ထဲကဆန်ကော်ခတ်ပြီး သစ်ရွက်တဆုပ်ထဲနှင့် ချက်လိုက်တာ ထမင်းကျက်နေတာတွေ့ခြင်း၊ ဆီ ဆားထည့်တာ မမြင်ဘဲနှင့် သူလာကပ်တော့ ဆီဆားများပါနေခြင်း ကျွန်ုပ်ဇွန်းနှင့် ၃ဇွန်းလောက် ကော်စားကြည့်တော့ မွှေးပြီး အရသာတမျိုး စားကောင်းနေခြင်းတို့က ဒီအဘိုးကြီးမှာ ထူးခြားချက်ရှိသော လူထူးဆန်းကြီးတယောက်ဟု သတ်မှတ် ယုံကြည်ပြီး အဘိုးကြီးကို နည်းကောင်းရှိလျှင် ပေးစမ်းပါလို့တောင်းတော့ တော တောင်ခရီးသွားတဲ့အခါ အခက်အခဲကြုံတဲ့အခါ စားကောင်းသော သစ်ရွက်များကို မန်းစားလျှင် အဆာခံသောဂါထာ ၃ ပုဒ်ကို ပေးသွား၏။ အဘိုးကြီးပေးသွားသော ဂါထာများမှာ -

၁။ ဥုံ ဗုဒ္ဓတေဇေန၊ ဗုဒ္ဓကမ္မံ၊ နဝဂုဏံ ဗုဒ္ဓံသရဏံ၊ ဗုဒ္ဓံ သွားဟာ၊
၂။ ဥုံ ဓမ္မံတေဇေန၊ ဓမ္မကမ္မံ၊ ဆဂုဏံ ဓမ္မသရဏံ၊ ဓမ္မံ သွားဟာ၊
၃။ ဥုံ သံဃတေဇေန၊ သံဃကမ္မံ၊ နဝဂုဏံ သံဃံသရဏံ၊ သံဃံ သွားဟာ၊

ဤသုံးပုဒ်ကို တပုဒ်ဆုံးလျှင် တလုံးချ၊ သုံးပုဒ်ဆုံးလျှင် သုံးလုံးချပြီး ပုတီး တပတ်စိပ် မန်းပြီးသစ်ရွက်ကိုစား၊ ၇ ရက်မဆာပေ။ နေ့တိုင်းစိပ်ပေးနိုင်လျှင် ရှိန်းပြီး၏လို့ပြော၏။ ကျွန်ုပ်လည်း အဘိုးပေးသော ဤဂါထာကို ရေးယူခဲ့ပြီး မှတ်တမ်းတင်ထားလိုက်လေသည်။

၁၃၂၀ ခု ဒုတိယဝါဆိုလကွယ်နေ့ ညအာကာသပါဏ တရားထိုင်ပြီး အိပ်ပျော်သွား၏။ အိပ်မက်သည်မှာ ကျွန်ုပ်က ပုတီးစိပ်နေ၏။ ကျွန်ုပ်ကိုယ်ပွားများ ၅၀၀ လောက်ရှိမည်ထင်၏။ တကာ၊ တကာမများက အံ့အားသင့်စွာဖြင့် ဝိုင်းအုံကြည့်နေကြ၏။ ကျွန်ုပ်ကထလိုက်တော့ ကိုယ်ပွားများ ပျောက်သွားပြီး ကျွန်ုပ်တယောက်ထဲ ဖြစ်နေ၏။ ကျွန်ုပ်သည် အာကာသပါဏထိုင်၍ ရှုပြန်၏။ ထိုအခါ ဘုန်းတော်ကြီးတပါးက လာပြောသည်။ ထွက်လေပျက် ဝင်ဖြစ် လို့ အာရုံပြုပြီးရှုပါလို့ ပြောသဖြင့် ကျွန်ုပ်လည်း ထိုကဲ့သို့ ရှုလိုက်၏။ ခန္ဓာကိုယ်ကြီး ပျက်သွားတာ မြင်လိုက်ရ၏။ ပထမ ထိုင်ရာက လဲသွား၏။ လဲရာကရောင်ဖောလာ၏။ သေသွား၏။ အရိုးရုပ် ဖြစ်လာ၏။ အရိုးများ တဖွားဖွားနှင့် အမှုန့်များဖြစ်လာကြ၏။

ကျွန်ုပ်သည် ထိုကဲ့သို့ဖြစ်နေသော ကျွန်ုပ်ကို တရားရှုနေသောကျွန်ုပ်က ရှုနေ၏။ နှစ်ကိုယ်ဖြစ်နေ၏။ ရှေ့မှာဖြစ်ပျက် နေသောကိုယ်ရော၊ ရှုနေသောကိုယ်ရော အားလုံးဆိတ်သုဉ်း ပျောက်ပျက်သွား၏။ ဘာမှုခံစား၍ ရှာဖွေ၍ မရပါ။ထိုကဲ့သို့ ဖြစ်ပြီးနောက် တရားပြသောဘုန်းကြီးတပါးက တော်ပြီ။ အောင်ပြီ အောင်ပြီ အောင်ပြီ ဟု အော်ပြောနေ၏။ ကျွန်ုပ်လည်း ထိုအခါမှ တရားထိုင်တာ ဖျက်လိုက်ပါတော့သည်။ ဘုရားမီးပူဇော် နေတုံး ကမ္မဋ္ဌာန်းဘုန်းကြီးက နှိုးသဖြင့် နိုးလာပြီး ထ မျက်နှာသစ်၊ လက်ဖက်ရည်သောက်၏။ လဖက်ရည် သောက်ပြီး ဘုရားဖူးသွား လမ်းလျှောက် အဓိဋ္ဌာန်ပုတီးများစိပ်၊ စာချ စာပြ နေ့စဉ်ဝတ္တရား လုပ်၏။

၁၃၂၀-ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်အင်္ဂါနေ့ ပုထိုးတော်ကြီး အစည်းအဝေးပွဲသွား၏။ ၎င်းအစည်းအဝေးပွဲ၌ ကျွန်ုပ်နှင့်တကွ ပဲ့ပါဆရာတော် ဦးတိက္ခ၊ မင်္ဂလာ ဦးသာဂရ၊ ဦးသံဝရ ဘုန်းကြီး ၅ပါးနှင့် လူ ၇ယောက် ကျောက်တော်ကြီးဘုရားပျက်တာ မွမ်းမံပြီး ထီးတော်တင်ပွဲ ကျင်းပရန်လွှဲအပ်လိုက်ကြ၏။ ဝါခေါင်လဆန်း ၁၃၊ ကျောက်တော်ကြီးဘုရားတွင် အစည်းအဝေးပွဲပြုလုပ်၏။

ထိုအစည်းအဝေးက- ၁။ မင်္ဂလာတိုက် ဦးသာဂရက ဥက္ကဋ္ဌ၊ ၂။ ကျွန်ုပ်က အတွင်းရေးမှူး ရွေးချယ်၍ လုပ်ငန်းအစီအစဉ်များ ရေးဆွဲကြပြီး အစည်းအဝေး ၃နာရီ ၄၅မိနစ်တွင် သိမ်းပြီးပြန်လာကြ၏။ ပန်းရံဆရာများ တင်ဒါစနစ်ဖြင့်ခေါ် လိုက်သောအခါ ပန်းရံဆရာ ဦးကျော်ငြိမ်းရ၏။

ဝါခေါင်လပြည့်နေ့ အစည်းအဝေးပွဲ၌ ကျွန်ုပ်နှင့် ဦးတိက္ခ၊ ပဲ့ပါ ဤသုံးပါးတို့က ပန်းရံဆရာနှင့် စာချုပ်ကြ၏။ ဂေါပကများက လက်မှတ်ထိုးကြ၏။ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့ ကျောက်တော်ကြီး ဘုရားတွင် တောင်သမန်တောင်ရွာ မြောက်ရွာ၊ ထန်းတောရွာ၊ အိုးတိုက်နယ်လူများနှင့် စည်းဝေးကြပြီး ဆပ်ကော်မတီ ၇ ခု ဖွဲ့ပြီး ထီးတော်တင်ပွဲ ဆောင်ရွက်ကြရန် ကျွန်ုပ်က အစီအစဉ်ပြုလုပ်၍ဖွဲ့ခဲ့၏။ အစည်းအဝေးပွဲ ၃နာရီပြီး၏။ ကျွန်ုပ်က နေ့စဉ်သွား၊ ကျောက်တော်ကြီးပွဲ ပြုလုပ်ရန် ပြင်ဆင်မွမ်းမံရန် သွားရ၏။ ကျောက်တော်ကြီးဘုရားရောက်တိုင်း ရောက်တိုင်း ပုတီး ၂၇ပတ်စိပ်ခဲ့၏။

ဝါခေါင်လဆုပ် ၅ရက် ကျောက်တော်ကြီးဘုရား ငြမ်းတိုင်ထူရန်ဖြစ်၍ ကျွန်ုပ်ကနံနက် ၈နာရီလောက် သွား၏။ ၉နာရီတွင် ငြမ်းတိုင်ထူ၏။ အောင်မြင်သောအထိမ်းအမှတ်ဖြင့် ငြမ်းတိုင်ထိပ်ကိုဝိုင်းပြီး

ကိုးများအာကြ၏။ ကျွန်ုပ်က ကန်တော့ပွဲနားကနေ ပုတီးစိပ်နေ၏။ ငြမ်းတိုင်မထူခင် သက်ဆိုင်ရာ မေတ္တာပို့ အမျှဝေ ပင့်ထား၏။ တောင်ဘက်မျက်နှာကစ၍ ငြမ်းတိုင်ထူသည်။ ၁၀နာရီ ၃၇မိနစ်အချိန် ဘုရားပတ်လည် ငြမ်းတိုင်ထူပြီးသွား၏။ ကျောင်းမပြန်တော့ဘဲ ဘုရားတွင် ဆွမ်းစား၊ အလုပ်သမားဦးစီးလုပ်ခိုင်းပြီး ပုတီးစိပ်နေ၏။ နေ့တွင် ပါလာသော ရေလဲသင်းပိုင်လေးခင်းပြီး ပုတီး ၂၇ပတ်စိပ်၏။ တချက်လောက် အိပ်၏၊ အိပ်မက်သည်။ အဘိုးကြီးတယောက် ရောက်လာပြီး လက်ဝါးကိုအပြခိုင်းပြီး သူ့လက်ဝါးနှင့်ရိုက်၏။ ကိုင်း အဲဒါ ကိုယ်တော်ကို စမ ရိုက်ပေးတာဘဲဟု ပြော၏။ ရော့ ရော့ ကိုယ်တော်လေး ဆောင်ထားဟု လက်ဖွဲ့လေးများပေး၏။ ကျွန်ုပ်က ယူလိုက်၏။ အဘိုးကြီးလည်း ပြန်သွား၏။

ကျွန်ုပ်ကိုပန်းရံဆရာလာနှိုး၍ နေ့ ၂ချက်ခွဲလောက် ပန်းရံဆရာနောက် လိုက်သွား၏။ ပန်းရံဆရာက ပိန္နဲတိုင်ထူရန်ဖြစ်၍ ကန်တော့ပွဲများ ပြင်ဆင်ပြီး ဘုရားတင်၊ သက်ဆိုင်ရာများ မေတ္တာပို့ အမျှဝေ ပင့်ဖိတ်ထား၏။ ပုတီး ၂၇ပတ်စိပ်၏။ နံနက် ၉နာရီအချိန်မှာ ပိန္နဲတိုင်ထူ၏။ ၉နာရီခွဲပြီး၏။ အထက်ငြမ်းပေါ် အထိ ကိုယ်တိုင်တက်ထူ၏။ ထီးတင်ပွဲမှာ တော်သလင်းလဆန်း ၈ရက်နေ့ကစ၏။ ထိုနေ့ကစ၍ ထီးပိန္နဲတိုင် စရိုက်၏။ ကျွန်ုပ်ကိုယ်တိုင် တက်စိုက်၏။ တော်သလင်းလပြည့်နေ့ကစ၍ ထီးအောက်က ခရေသီးစွပ်တင်၏။ လပြည့်ကျော် ၈ရက်နေ့ အောင်မြင်သော အထိမ်းအမှတ်အဖြစ် စိန်ဖူးတော် တင်၏။

ပုထိုးတော်ကြီးမှ ကျောက်တော်ကြီးကို ထီးပင့်ဆောင်ရာတွင် ကရဝိတ်နှင့်ပင့်၏။ ည ညလဲ ကရဝိတ်ဖေါင်တော်ကို ရေကင်းဆိုင်းနှင့် တောင်သမန်အင်းထဲ လှည့်၏။ အရှေ့ဘက်၊ အနောက်ဘက် ကမ်းခြေကလူများ အထူးစည်ကားစွာ ကြည့်နေကြ၏။ ထီးတင်ပွဲတော်ကြီးမှာ အထူးစည်ကားစွာ ပြီးဆုံးသွား၏။ ပုထိုးတော်ကြီး ပွဲတော်ကြီးကလဲ အထူးစည်ကား၏။ ဘုရားနှစ်ဆူ တချိန်ထဲ ပွဲလုပ်၏။ ထူးချက်က ထီးတင်ပွဲအတွင်း ပုဂ္ဂိုလ်ထူး ၃ယောက်နှင့်တွေ့၏။ လမ်းစဉ်တက်ရန် နည်းလမ်းများ ပေးသွားကြ၏။ ဆေးများပေးသွားကြ၏။ မောမောနှင့် ပုထိုးတော်ကြီး အုဌ်တိုက်ထဲ ပွဲအတွင်းအိပ်ပျော်နေစဉ် ည ၁ချက်လောက် နိုးလာပေ၏။ တော်သလင်းလပြည့်ကျော် ၈ ရက်နေ့တွင် ကျောက်တော်ကြီးဘုရား ထီးတော်တင်ပြီးခဲ့သည်။

၁၃၂၀ ခုနှစ် တော်သလင်းလပြည့်ကျော် ၃-၅ ရက်တို့တွင် ပုဂ္ဂိုလ်ထူး ၃ပါးအကြောင်း တွေ့ခဲ့ပုံကို အနည်းငယ်ရေးပါဦးမည်။ လပြည့်ကျော် ၃ရက် စနေထောင့်တွင် ဇာတ်ပွဲကနေသည်။ ထီးတော်ပြုလုပ်ဆောင် ရွက်နေရသဖြင့် ကျွန်ုပ်လည်း ပုထိုးတော်ကြီးဘက် မပြန်ဘဲ ကျောက်တော်ကြီးဘုရား အိပ်ရသည်။ ည ၁၀နာရီလောက် ထီးကိစ္စများ ဆောင်ရွက်ဖွယ်ပြီး၍ ကျွန်ုပ်လည်း ပုတီးစိပ်ပါတော့သည်။ ဘုရားဂန္ဓကုဋီတိုက်ထဲမှာ ဆွမ်းတော်စောင့် လူကြီး ၄-၅ယောက်လောက်ရှိ၍ ကျွန်ုပ်လည်းရှိသည်။ ထိုအခါ ကျွန်ုပ်ကတော့ဖြင့် ဒေါနပုန်းနံ့များ မွှေးနေလေသည်။ အခြားသူများကတော့ မွှေးသည် မမွှေးသည် မပြောတတ်ပါ။ ည ၁၁နာရီခွဲတော့ ပုတီးစိပ်ပြီးပါတော့သည်။ မေတ္တာပို့ အမျှဝေလိုက်ပါသည်။ သာစုခေါ် သော မိန်းမ ၂ ယောက်အသံ ကြားလိုက်ပါသည်။ အနီးအနားကြည့်တော့ မည်သူမျှမရှိပါ။ ဒီအသံမျိုး ကြားရဖန်များ သော်လည်း စုံစမ်းလိုသဖြင့် ထရှာ၏။ ထိုအခါ ခြေတော်ရာနား အသက်၃၀အရွယ် ယောကျ်ားတယောက် နှင့် မိန်းမတယောက် တွေ့ပါသည်။ ကျွန်ုပ်သူတို့အနား သွားသောအခါ သူတို့က ထိုင်ပြီးဝတ်ချကြပါသည်။ ခြေတော်ရာ မြောက်ဘက်မှ မိန်းကလေး ၂ယောက်ထွက်လာပြီး သူတို့နှင့်အတူ

ဝတ်ချပါသည်။ ခင်ဗျားတို့က ဘယ်လိုဖြစ်ကြရတာလဲဟု နိဒါန်းပျိုးလိုက်သည်။ ယောက်ျားဖြစ်သူက လျှောက်သည်မှာ တပည့်တော်က ဒီကျောက်တော်ကြီးဘုရား တည်တုံးက ပန်းရံဆရာပါဘုရား။ ဒါက တပည့်တော်ဇနီးပါ။ ဒါကတော့ နှမတော်များပါဘုရား။ တပည့်တော်နာမည် ကတော့ ပန်းရံဆရာ - ဆရာရွှေအောင်ဆိုလျှင် ထိုခေတ်က လူသိများပါတယ်ဘုရား။ ဇနီးသည်ကတော့ ခင်သူဇာခေါ် ပါတယ်။ ဒီဘက်ကနှမလေးက လှခင်၊ ဟိုဘက်က နှမလေးက မြခင်လို့ ခေါ် ပါတယ်ဘုရား။ အင်း တကာတို့လည်း ကံတူအကျိုးပေးတွေဘဲ။ ကဲ ဖြစ်ကြောင်းလေး ဆက်ပြီးပြောစမ်းပါအုံး။

ဖြစ်စုံအကြောင်းက ဒီလိုပါဘုရား။ ဒီကျောက်တော်ကြီးဘုရား အာလုံးပြီးစီးတော့ မနုသီဟများ လုပ်ရပါတယ်ဘုရား။ စနေဒေါင့်က မနုသီဟအရုပ်ဟာ ပုဂံမင်းက သူ့မိဖုရားကို အာရုံရောက်၍ ပုံတူအောင် လုပ်တာဘဲဆိုပြီး ဘုရားပြီးတော့ တပည့်တော်တို့ ၄ယောက်နှင့်တကွ ပန်းရံအလုပ်သမား ၁၀၀ကျော်အားလုံး ဖမ်းဆီးတာပါဘဲဘုရား။ နောင်စစ်ဆေးပြီးတော့ အလုပ်သမားများလွှတ်ပြီး တပည့်တော်တို့ ၄ယောက် ထောင်ချထားပါတယ်ဘုရား။ ၁၂၀၂ ခု သီတင်းကျွတ်လပြည့်ကျော် ၉ရက် ထီးတော်တင်ပွဲနေ့တွင် သာသနာပိုင် ဆရာတော်ဘုရားက တပည့်တော်တို့ကို အသက်ဘေးမှ အလျှုခံ၍ လွှတ်ရပါသည်ဘုရား။ ထိုကဲ့သို့ လွှတ်ပြီးနောက် ၃ လလောက်အကြာ တပည့်တော်တို့ကို နန်းတော်အုဌ်ခုံ များ ပြန်လည်မွမ်းမံ အလုပ်ခိုင်းပါသည်။ ထိုနန်းတော်အုဌ်ခုံပြီးတော့ မင်းတုံးနှင့်ကနောင်မင်းတို့က အိမ်တော်အုဌ်ခုံများ၊ ပန်းခုံများ လုပ်ခိုင်းပါသည်။ ထိုကဲ့သို့ လုပ်နေစဉ် အရေးပေါ် လာ၍ တပည့်တော်တို့ပါ အဖမ်းခံရပြန်ပါသည်။

အရေးတော်က ဘာအရေးတော်လည်းဒကာရွှေအောင်ရ၊ မြို့ထဲမှာ မင်းတုံးမင်းရဲ့ ငယ်ကျွန်များက ခါးပြတိုက်တယ်ဆိုပြီး ဖမ်းတာဖြစ်ပါတယ်ဘုရား။ အော် အော် ဒီလိုလား၊ ဟုတ်ပါတယ်ဘုရား။ လူ ၁၂ ယောက် အဖမ်းခံရပါတယ်ဘုရား။ နောက်ဆုံး မင်းတုံးတို့က ပုန်ကန်ရန် ခါးပြတိုက်ခိုင်းကြောင်း ဖြစ်၍ ရာဇဝတ်တော်အပြစ်သင့်ပြီး တပည့်တော်တို့ အသတ်ခံရတာပါဘဲဘုရား။ မင်းတုံးတို့ ကနောင်တို့ကတော့ ထွက်ပြေးပြီး ပုန်ကန်ကြတော့တာပါဘဲဘုရား။ တပည့်တော်တို့ ၁၂ ယောက်လည်း တခါမှ္ခ ခေါ် မစစ်တော့ဘဲ မယ်ဘယက်ကုန်းမှာ ည သန်းခေါင်လောက် ထုတ်ပြီး သတ်တော့တာပါဘဲဘုရား။ ညီမလေး ၂ယောက် နှင့်ဇနီးလည်း အရင်ကိစ္စကြောင့် ထပ်ဖမ်းပြီး နောက်တနေ့ မယ်ဘယက်ကုန်းမှာဘဲ အသတ်ခံရတာ ပါဘဲဘုရား။ ဒါနဲ့ တပည့်တော်တို့ ၄ယောက် နေစရာရှာတော့ ဤကျောက်တော်ကြီးဘုရားမှာ နေရာရ၍ နေကြရပါတယ်ဘုရား။ ဘုရားတပည့်တော်တို့ကို မေတ္တာပြု၍ အမျှဝေတော်မူပါဘုရား။ ဪ သနားစရာ ပါဘဲ။ ကောင်းပါပြီဝေပေးပါမယ်။ တပည့်တော်တို့ သွားခွင့်ပြုပါအုံးဘုရား။ ကောင်းပြီ ကောင်းပြီ ကျွန်ုပ် လည်း မှတ်တမ်းရေး နာရီကြည့်လိုက်သောအခါ ည ၁ချက်ခွဲရှိနေ၍ အိပ်လိုက်ပါတော့သည်။

**မှတ်ချက် ။ ။ သီလမရှိသော သူတို့အပေါ်၌ ရရှိထားသော တန်ခိုး၊ အာဏာတို့သည် မြွေပွေး၊ မြွေဟောက်ထက် ကြောက်ဖို့ရာကောင်း၏။**

တော်သလင်းလပြည့်ကျော် ၅ရက်နေ့ ည ၉နာရီတွင် ပုတီးစိပ်နေ၏။ ကျောက်တော်ကြီးဘုရား အတွင်းဝယ် လူများစည်ကားစွာ သွားလာနေသောကြောင့် အာရုံအထူးပြု၍ ဂန္ဓာကုဋီတိုက် အတွင်းတွင် စိပ်နေသည်။ အကြောင်းကား ညကြလျှင် မြောက်ဘက်၊ တောင်ဘက် ဂန္ဓာကုဋီတိုက် ပေါက်ကြီးများ

ပိတ်ထားပြီး အရှေ့တပေါက်တည်းသာ ဖွင့်ပြီးထားသောကြောင့် လူများ မလာနိုင်ချေ။ ကျွန်ုပ်ပုတီးစိပ်လို့ ၅ပတ်လောက်အရတွင် ဘုန်တော်ကြီးတပါးနှင့် တကာကြီးတယောက် ကျွန်ုပ်ဘေးက ဝင်စိပ်နေကြ၏။ ကျွန်ုပ်ပြီးလျှင် သူတို့လည်း ပြီးကြ၏။ ကျွန်ုပ်က မေတ္တာပို့ အမျှဝေလိုက်သောအခါ သူတို့က သာဓုခေါ်ကြ၏။ သူတို့က အမျှဝေတော့လည်း ကျွန်ုပ်က သာဓုခေါ်၏။ အချိန်ကား ည ၁၀နာရီခွဲလောက်ဖြစ်၏။

ဘုန်းကြီးကြီးက စကားစပြီး ကျွန်ုပ်ကိုမေး၏။ ကိုယ်တော်ဘွဲ့က ဘယ်လိုခေါ်ပါသလဲ။ ဦးဝါယမပါဘုရား။ ဩ နဝင်းဓါတ်ရသားဘဲ၊ ဘယ်နှစ်ခုနှစ် မွေးတာလဲဘုရား။ ၁၂၈၇ ခုနှစ်ပါဘုရား။ ဩ ၁+၂+၈+၇=၁၈ = ၉ ဒါလဲ နဝင်းဓါတ်ရတာဘဲ၊ ဘယ်အချိန် ဘယ်လမှာ ဖွားပါသလဲဘုရား။ တပို့တွဲလဆန်း ၁ ရက် နံနက် ၉နာရီပါဘုရား။ ဒါလဲ နဝင်းဓါတ် ရတာပါဘဲ။ ပြစမ်းပါလက္ခဏာ၊ ဩ - ဂမ္ဘီရလေခ ၂ခုတောင် ရပါလား။ ပုတီးစိပ်တာ ဘယ်လောက်ကြာပါပြီလဲ။ ၁၇ နှစ်သားကပါဘုရား။ တယ် ဝီသေသထူးတဲ့ ကိုယ်တော်လေးဘဲ၊ အသက်တော် ၃၃ နှစ် ရှိသေးတာဘဲ။ ကိုယ်တော် တခါတောင် ပေါက်မြောက်ပြီး ပါပကော။ ၅ခါ ပေါက်မြောက်ပြီးမှ ကိုယ်တော်ထွက်ရလိမ့်မယ်။ ရော့ ရော့ ဒီဆေးကလေး ၃လုံး မျိုချလိုက်ပါ၊ ကျွန်ုပ်လည်း မျိုချလိုက်၏။

တပည့်တော်တို့ကိုလည်း မှတ်ထား၊ တပည့်တော် ဂိုဏ်းချုပ်ဆရာတော် ဦးဝါယမလို့ ခေါ်တယ်။ ဘာဂိုဏ်းချုပ်ပါလဲဘုရား။ မဟိဒ္ဓိဂိုဏ်းချုပ်ပါ။ ဒီပုဂ္ဂိုလ်က လူထဲကဂိုဏ်းချုပ်တဦး အပါအဝင်ဖြစ်တယ်။ နာမည်က မောင်အောင်လို့ ခေါ်တယ်။ လူတွေကတော့ ဘိုးဘိုးအောင်လို့ ခေါ်တယ်။ တပည့်တော်ကို ဘိုးတော်ဝါယမလို့ ခေါ်တယ်။ မေတ္တာပို့ အမျှဝေတဲ့အခါ အရှင်မြတ်တို့အခန်းမှ တပည့်တော်အမည် ထည့်ဝေ၊ ဘိုးတော်များအခန်းမှာ မောင်အောင်အမည်လည်းထည့်ဝေ။ ကိစ္စကြီးငယ် ပြုလုပ်သောအခါမှာ လဲပင့်ဖိတ်၊ လူလာနိုင်လဲ လူလာနိုင်မယ်။ လူမလာနိုင်လျှင် ဓါတ်လွှတ်မယ်။ ဓါတ်ဆိုတာ မေတ္တာဓါတ်ပေါ့ ကိုယ်တော်လေး။ ကောင်းပါပြီဘုရား ကောင်းလှုပါပြီ။ ကိုယ်တော်လေးကို တပည့်တော်က လက်ဖွဲ့တလုံး ပေးရအုံးမယ်ဟု ပြောပြောဆိုဆိုနှင့် ဘိုးဘိုးအောင်က လက်ခံဆိုပြီး လက်ဝါးထဲ တကြိုးထဲသီထားသော လက်ဖွဲ့ ၉ လုံးတွဲကို ထည့်ပေး၏။ ကျွန်ုပ်က ထိုလက်ဖွဲ့ကို ဘယ်လိုဆောင်ရမှာလဲ၊ ခါးပန်းကြိုးထဲမှာဆောင်၊ ရေစိမ်ပြီးသောက် အားလုံးပျောက်ကင်းပါတယ်။ နောင်တချိန်တခါ တပည့်တော်တို့နှင့် သာသနာပြု ရအုံးမယ်၊ အသက် ၄၀ ကျော်မှပါ။ ကောင်းပါပြီဘိုးဘိုး။ အလိုရှိတဲ့အခါ ဖိတ်ကြားလိုက်ပါ၊ လာခဲ့ပါမယ်။ ကောင်းပါပြီ ဘိုးဘိုး၊ ကောင်းပါပြီ။ အရေးကြီးတာက ကိုယ်တော်လေး ကြီး ၅ ကြီးဆောင်၊ ကြီး ၅ ကြီးရှောင်။ ဘယ်လို အဓိပ္ပါယ်ပါလဲ ဘိုးဘိုး။

## ရှောင်ရန်ကြီး ၅ ကြီး

၁။ အပြောမကြီးနှင့်၊ ၂။ အစားမကြီးနှင့်၊ ၃။ အအိပ်မကြီးနှင့်၊ ၄။ လောဘမကြီးနှင့်၊ ၅။ ဒေါသမကြီးနှင့်၊ ဤကြီး ၅ ကြီးကို အထူးသဖြင့်ရှောင်ကြဉ်ပါ ကိုယ်တော်။ ဒီလမ်းစဉ်မှာ ဒါကအခြေခံပါဘဲ။ အထူးသတိပြုပါ။

## ဆောင်ရန်ကြီး၅ကြီးကတော့

၁။ ပုထိုးတော်ကြီးဘုရား၊ ၂။ ရွှေဂူကြီးဘုရား၊ ၃။ ကြေးဘုရားကြီး - ကိုယ်တော်လေးတို့ ကျောင်းတိုက်အတွင်းက ဆင်ဖြူမယ် တည်သောဘုရား၊ ၄။ တောင်မင်းကြီးဘုရား၊ ၅။ ကျောက်တော်ကြီးဘုရား။

ဤကျောက်တော်ကြီးဘုရားကို ပြောဟာ။ ဘယ်လိုဆောင်ရမှာလဲ။ ဤဘုရား၅ဆူကို အဓိဋ္ဌာန် ၅ခါထက် မနည်းဝင်ဝင်ပြီးစိပ်ပါ။ တခါဝင်လျှင် ၉ ရက်ထက်မနည်းစေနှင့်။ အဲဒါဟာ ဆောင်တာနှင့်အတူတူပါဘဲ။ ကောင်းပါပြီ ဘိုးဘိုး ကောင်းပါပြီ။ ပြီးလျှင် သိဒ္ဓိတင်တဲ့အနေနဲ့ နေဝင်သိမ်၊ မွန်းတည့်သိမ်၊ နေထွက် သိမ် တို့ကိုသွားပြီး အနည်းဆုံးဂုဏ်တော်များကို ၂၇ ပတ်စိပ်ပါ။ သိဒ္ဓိတပ်ပြီးစိပ် အဲဒါဟာ ဒီလမ်းစဉ်ရဲ့ အခြေခံပါဘဲ။ နောက်တခုကတော့ တန်ခိုးကြီးဘုရား ၄၅ ဆူ၊ သိမ်တော်ကြီး ၉လုံး၊ တောင်ကြီး ၅လုံးတို့ကို သွားသွားပြီး အနည်းဆုံး ၄၅ပတ် အဓိဋ္ဌာန်ပြီး စိပ်ခဲ့ပါ။ ထူးထူးခြားခြား အောင်မြင်ပြီး သိဒ္ဓိတန်ခိုး၊ မဟိဒ္ဓိတန်ခိုးများ တိုးတက်ပါတယ်။

ဤကဲ့သို့ပြုလုပ်ရတဲ့သဘောများက ဘာကြောင့်ပါလဲ။ ပုဂ္ဂိုလ်များနှင့် အကျွမ်းဝင်ခြင်း၊ ဘုရားများ ၏တန်ခိုးကို ခိုလှုံခြင်း ဖြစ်တယ်။ တပည့်တော်တို့ စကားအလိုကတော့ ဓါတ်ယူတယ်လို့ ခေါ်ပါတယ်။ ကတိသစ္စာနှင့်မေတ္တာကို မူတည်ပြီး ကျင့်နေကြောင်း ဘယ်ပုဂ္ဂိုလ်အသီးသီး အနှောက်အယှက် မပေးလို ကြောင်း ဂတိသစ္စာနှင့်မေတ္တာကို အခြေခံပြီး လုပ်နေကြောင်း ကြေငြာတဲ့သဘောပါဘဲ။ ဒီလိုပြုလုပ်မှ အင်းကောင်း၊ ဆေးကောင်း၊ မန္တာန်ကောင်း၊ ဓါတ်လုံးကောင်းများ ရရှိပါတယ်။ ကောင်းလှပါပြီဘိုးဘိုး ကောင်းလှပါပြီ။

အထူးကိုယ်တော်လေးကို လျှောက်ချင်တာက မန္တာန်ထွက်လမ်း လိုက်လိုသောပုဂ္ဂိုလ်များ၏ မူလအခြေခံဖြစ်တဲ့ မြို့များက ၁။ ဇေယျာပူရ၊ ၂။ ရတနပူရ၊ ၃။ အမရပူရ ဤ ၃ မြို့မှာရှိတဲ့ဘုရား တန်ခိုးကြီးများကို ၄၅ ပတ်အနည်းဆုံး အဓိဋ္ဌာန်ပုတီးစိပ် ဖူးရတယ်။ ဘိုးဘိုးပြောတာများ သဘော ပေါက်သော်လည်း မရှင်းလင်းတာလေး အနည်းငယ် မေးပါရစေလားဘိုးဘိုး။ ခွင့်ပြုရင်တော့ မေးချင် ပါတယ်။ မေးရပါတယ် ကိုယ်တော်လေး မေးရပါတယ်။ ဇေယျပူရ၊ ရတနာပူရ၊ အမရပူရမှာ တည်ရှိတော် မူကြတဲ့ စေတီပုထိုး၊ တန်ခိုးကြီးဘုရားများကို အဓိကထား၍ ညွှန်ကြားတဲ့သဘောက ဘယ်လိုပါလဲဘိုးဘိုး။

အော်ဒီဟာလား၊ ဒါက ဒီလိုကိုယ်တော်လေး "ပညတ်သွားရာ ဓါတ်သက်ပါ" ဆိုတဲ့စကား အတိုင်း -ဇေယျပူရ အဓိပ္ပါယ်က =အောင်မြင်ခြင်း အပြည့်အဝ ရှိတဲ့မြို့လို့ဆိုလိုတယ်။ ရတနာပူရ အဓိပ္ပါယ်က =ရတနာစစ်စစ် အပြည့်အဝရှိတဲ့မြို့လို့ ဆိုလိုပါတယ်။ အမရပူရ အဓိပ္ပါယ်က =သေခြင်း အပြည့်အဝ ကင်းသောမြို့ (ဝါ) နတ်မြို့ကဲ့သို့ ကြွယ်ဝသောမြို့လို့ ဆိုပါတယ်။ ဒီပညတ်တွေဟာ ဇမ္ဗူဒီပ၊ ဓိမိတ္တဆိုတဲ့ စကားအတိုင်း ဇမ္ဗူဒိတ် နမိတ်ထွန်းဆိုတဲ့ သဘောပါဘဲ။ ထိုနောက် သတ္တိဂုဏ်သဘော အားဖြင့် ယူဆရမယ်ဆိုလျှင် ဒီမြို့များဟာ နောက်ဆုံးမင်းနေပြည်တော်များ ဖြစ်တယ်။ မင်းတည်၊ စိုးတည် ဘုရားတန်ခိုးကြီး များဟာလဲ ဓါတ်တော်အစစ်၊ စွယ်တော်အစစ်များ ပါရှိကြတာ အမှန်ဖြစ်တယ်။ ကောင်းမှုတော်ကြီးဘုရားမှာ စွယ်တော်စစ်၊ ဓါတ်တော်စစ် ကိန်းဝပ် တည်ရှိတော်မူတယ်။ ရတနာ ပူရမှာဆိုလျှင် မဂ်လာစေတီ၊ ရွှေစည်၊ မဟာမြတ်မုနိ၊ ရတနာမာရ်အောင်၊ လောကမာရ်အောင်၊ လောကသရဖူဘုရားများမှာ ဓါတ်တော်အစစ်များ ကိန်းဝပ်တော်မူကြတယ်။ ဘုရားရှင်၏ ဓါတ်တော် တို့မှာ ကိုးကွယ်ဆည်းကပ်သောသူ မရှိသောနေရာမှာ နေရိုးထုံးစံ မရှိပါဘူးဘုရား။ ၄၅ပတ်၏ အဓိပ္ပါယ်က တော့ ဘုရားဝါတော်အရ ဖြစ်ပါတယ်ကိုယ်တော်လေး။

ရှင်းပါပြီ ရှင်းသွားပါပြီ ဘိုးဘိုး၊ ဦးဝါယမ သွားလိုက်ဖုံးမယ်နော်။ တင်ပါ့ဘုရား။ ကိုယ်တော်လေး သွားလိုက်ပါဖုံးမယ်။ ကောင်းပါပြီ ဘိုးဘိုး။ ကျောက်တော်ကြီးဘုရားကို ဝတ်ချပြီး ထွက်သွားကြ၏။ ကျွန်ုပ်လည်း ဝတ္တရားအရ နောက်က လိုက်သွား၏။ နေရစ်ပါ နေရစ်ပါဆို၍ နေခဲ့၏။ မြောက်ဘက်မုခ် လည်းဆုံးရော ပျောက်ကွယ်သွားကြပါတော့၏။ နာရီကိုကြည့်လိုက်သောအခါ ၁၂ နာရီခွဲနေ၏။ ကျွန်ုပ် လည်း အိပ်လိုက်ပါတော့၏။ သို့နှင့်ပင် ဝတ္တရားမပျက် ကျိုးစားလာခဲ့ရာ ၁၃၂၀ ခု သီတင်းကျွတ်လပြည့် နေ့တိုင် ရောက်ခဲ့၏။ "အဘိဓမ္မာအခါတော်နေ့" အထိမ်းအမှတ်အဖြစ် ၂၄ ပစ္စည်းကို ပုတီး ဥပတ်ရအောင် အဓိဋ္ဌာန်ပြု၍ စိပ်နေ၏။ နံနက်အာရုဏ်တက်အချိန် ဖြစ်၏။ တူမောင်းစွန်းလွန်းဓမ္မာရုံပေါ် ဖြစ်၏။ နားထဲတွင် အသံတွေ ကြားလာရ၏။ မကွဲပြားချေ။ ပုတီးစိပ်ရင်း သေသေချာချာ အာရုံပြုနားထောင်၏။ ဒါလဲ မကွဲပြားချေ။ နံနက် ၆နာရီမှ ပြီးသွား၏။

ညအိပ်မက် ။ ။ ယောဂီဝတ်နှင့်ပုဂ္ဂိုလ်တယောက်က တောင်တတောင်ပေါ် ခေါ်သွား၏။ သူကပြောသည်မှာ ကိုယ်တော်လေး တပည့်တော်ဆေးကြိတ်မယ်၊ ကိုယ်တော်လေးက မပြီးမချင်း ပရိတ် ဆယ့်တစ်သုတ်နှင့် ဓါရဏပရိတ်လှည့်ပြီး ရွတ်ပေးပါ။ ပရိတ်ဆယ့်တစ်သုတ်ကတော့ ရပါတယ်။ ဓါရဏ ပရိတ်က မရဘူး။ ဒီလိုဆိုရင် ရော့- ဓါရဏပရိတ်စာအုပ်ဆိုပြီး စာအုပ်ကိုပေးလိုက်ပါသည်။ ကျွန်ုပ်လည်း ပရိတ် ဆယ့်တစ်သုတ်ကို ရွတ်ပါတော့သည်။ သူလဲ ဆေးကြိတ်ပါတော့သည်။ ပရိတ် ၁၁သုတ်ဆုံးသွား၍ စာအုပ်ကြည့်ခါ ဓါရဏပရိတ်ရွတ်၏။ ဆုံးသွားသော်လည်း မပြီးသေး။ နောက်ထပ် ပရိတ်နိဒါန်း စရွတ်ပြန် ပါသည်။ ဤကဲ့သို့ အစ အဆုံး ၃ခါလောက်ရွတ်မှ ယောဂီပုဂ္ဂိုလ်ကြီး ဆေးကြိတ်လို့ပြီးသွား၏။ အောင်ပြီ- အောင်ပြီ- အောင်ပြီ လို့ ပါးစပ်ကလည်း အော်လိုက်၏။ ရော့ ကိုယ်တော်လေးအတွက် ကျွန်ုပ်က လှမ်းယူလိုက်၏။ ဆေးများကို သေသေချာချာကြည့်နေ၏။ မွှေးကြိုင်၍ ပတ္တမြားသွေးကဲ့သို့ဖြစ်၏။

ကျွန်ုပ်ကယောဂီကြီးကိုမေး၏။ ဒါက ဘာအသုံးချရမှာလဲ။ ဉာဏ်ရှိသလိုသုံးပါလို့ ပြောပြီး ကိုယ်တော်ကိုလိုက်ပို့ပေးမယ် လာ လာ။ ကျွန်ုပ်လည်းလိုက်သွား၏။ တောစပ်ကလေးဆုံးတော့ ကျွန်ုပ် တို့မြို့ ရောက်လာ၏။ အိပ်ယာက နိုးလာသဖြင့် မှတ်တမ်းရေးလိုက်၏။ ၁၃၂၀ ခု သီတင်းကျွတ်လဆုပ် ၂ ရက် ဗုဒ္ဓဟူးနေ့၊ ၁၉၅၈ ခု အောက်တိုဘာလ ၂၉ ရက် တွင် ဗိုလ်ချုပ်ကြီးနေဝင်း အိမ်စောင့်အစိုး ရတက်၏။

၁။ ဗိုလ်ချုပ်ကြီးနေဝင်း - ဝန်ကြီးချုပ်၊ ၂။ ဦးလွန်းဘော် - ဒုတိယဝန်ကြီးချုပ်၊
၃။ စပ်ဟုံဖ - ရှမ်းပြည်နယ်ဝန်ကြီး၊ ၄။ ဦးစောလှထွန်း - ကရင်ပြည်နယ်ဝန်ကြီး၊
၅။ ဒူးဝါးဇော်လွန်း - ကချင်ပြည်နယ်ဝန်ကြီး၊ ၆။ စပ်ဝဏ္ဏ - ကယားပြည်နယ်ဝန်ကြီး၊
၇။ ဦးရာမှန် - ချင်းရေးရာဝန်ကြီး၊ ၈။ ဦးခင်မောင်ဖြူ - ပြည်ထဲရေးဝန်ကြီး၊
၉။ ဦးချန်ထွန်း - တရားရေးဝန်ကြီး၊ ၁၀။ ဦးကျော်ငြိမ်း - ဘဏ္ဍာရေးဝန်ကြီး၊
၁၁။ ဦးစံညွန့် - သယ်ယူပို့ဆောင်ရေးဝန်ကြီး၊ ၁၂။ ဦးကာ - ပညာရေးဝန်ကြီး၊
၁၃။ ဦးချစ်သောင်း - ယဉ်ကျေးမှုဌာနဝန်ကြီး၊ ၁၄။ ဦးထွန်းတင် - ကျန်းမာရေးဝန်ကြီး၊
၁၅။ ဦးသီဟန် - ကုန်သွယ်ရေးဝန်ကြီး၊ ၁၆။ ဗိုလ်မှူးချုပ် တင်ဖေ - အလုပ်သမားရေးရာဝန်ကြီး၊

ဤ ၁၆ ဦးတို့ အစိုးရဖွဲ့၍ အုပ်ချုပ်သောအချိန်ပိုင်း ဖြစ်၏။ ၁၃၂၀ ခု နတ်တော်လပြည့်ကျော် ၁ ရက် အလောင်းတော်ကဿပ မှတ်တမ်းကျန်သေး၏။

၁၃၂၀ ခု တပို့တွဲလဆန်း ၁ ရက် မွေးနေ့မှာ တူမောင်းတိုက် သံဃာ ၁၅၀ တို့အား အကျော်နှင့် ဆီထမင်း အာရုဏ်ကပ်၏။ ပြီး နံနက်လင်းတော့ ၇နာရီရထားဖြင့် စစ်ကိုင်းသွားပြီး ၁။ ရွှေမောဌောဘုရား ၂။ စေတီလှဘုရား ၃။ ခြသေ့်၃၀ဘုရား ၄။ လေးကျွန်းမာရ်အောင်ဘုရား ၅။ ပုညရှင်ဘုရား ၆။ ဥမင် ၃၀ ဘုရား ၇။ ပတ္တမြားစေတီဘုရား ၈။ ဥမင် ၉၀ဘုရား ၉။ ဇေတဝန်ဘုရားများကို ပုတီး ၉ပတ်စိပ်ပြီး မီး ၉တိုင်စီ ပူဇော်ခဲ့၏။ နေ့ ငွေသံကြားချောင် ဦးပဏ္ဍိ နှမဆွမ်းဆိုင် ဆွမ်းစား၏။ ညနေ ၄နာရီ ရွှေကြက်ယက် ငှက်လှေဖြင့်ကူးလာရာ လေမိသဖြင့် အခိဌာန်ပြီး မေတ္တာပို့ ပုတီးစိပ်နေရ၏။ ငှက်ဆရာကလည်း တော်တော် ကြီးစားခတ်ရ၏။ ကမ်းရောက်ခါနီးမှ လေငြိမ်၏။ ရွှေကြက်ကျဘုရား၊ ရွှေကြက်ယက်ဘုရားများ ပုတီး၉ပတ် စိပ်ပြီး ကျောင်းပြန်လာ၏။ ည ၇နာရီ လောက် အနားယူရင်းနေ့ကရောက်ခဲ့သော ရွှေကြက်ယက် ဖူးသော အတွေ့အကြုံကို အောက်ပါအတိုင်း ကဗျာဖွဲ့လိုက်၏။

၁။ ကြက်ယက်တောင်ခြေ
ငွေရေအဆင်း လက်လက်ဝင်းတည့်
မြမင်းယမုံ အောက်ထက်စုံကာ
စီးသွယ်ဖျာ၍၊ လှိုင်းမှာလိုမ့်အိ
တယိယိတည့်-
ကြားဘိအသံ၊ ဆူဝေညံ၍
နတံအာကာ၊ တိမိလအလည်း
နီဝါရေရှက်၊ မှုံရီကွက်၍
မိုးသက်လိုလို၊ တောင်ဆီညို၍
လာလိုပြီကား၊ ထင်မိငြားသည်
ကြောက်အားပိုလှ၊ ဖိုလှအသဲ
တုံရီစွဲသည်၊ ငါလဲဘယ်ဆီ ရောက်ပြီတည်း။

၂။ ကြက်မင်းမြတ်ရှင်၊ ဆုပန်ဆင်၍
ငါလျှင်ယခု၊ ပဌနာပြုသည်
ကြီးထုက္ကရေ၊ ဆော်လေဗွေနှင့်
လှိုင်းလေပိယိ၊ အကယ်ရှိသော်
ဖျပ်ဘိဝါနာ၊ ကြွခဲ့ပါမူ
ဘယ်ခါယူပေး၊ နတ်မရေးကို
မျှော်တွေးစိတ်ဝယ် ရမ်းမိသည်။

၃။ ဝိသုဒ္ဓိနတ်၊ တိုင်တည်လတ်သော်
ဖျပ်ဝပ်ငြိမ်လေ၊ လှိုင်းလေမရှိ
ဖြစ်တုံဘိ၏၊ အထိကရ တွေ့ကြုံရ၏။

ည အိပ်မက် ။ ။ ဗိုလ်ချုပ်နေဝင်းနှင့် ဦးနုတို့ကို တွေ့၏။ ဗိုလ်ချုပ်နေဝင်းက လူအဝတ်အစားနှင့် ဖြစ်၏။ ခေါင်းပေါင်းတွေ့ ရင်ဖုံးအကျီတွေနှင့် ဖြစ်၏။ ဗိုလ်ချုပ်နေဝင်းက သူဝတ်သော အဝတ်အစားများကို ဦးနုပေးပြီး စစ်ဝတ်ပြန်ဝတ်သွား၏။ အိပ်ရာထတော့ ဒီအိပ်မက်က ဘယ်လိုဟာလဲဟု စဉ်းစား၏မရပါ။ နောက် ၁၃၂၀ ခု တပို့တွဲ လဆန်း ၆ရက်ကြတော့ အဖြေထွက်လာ၏။ သတင်းစာတွင် ဗိုလ်ချုပ်ရာထူးမှ ထွက်ကြောင်း၊ နောက်ထပ် ၆လပတ်တက်မည်ကို သန့်ရှင်းက မထောက်ခံကြောင်းပါ၏။

၁၃၂၀ ခု တပို့တွဲလဆန်း ၁၀ ရက်အင်္ဂါနေ့တွင် မင်္ဂလာဘုန်းကြီး ဦးနရိန္ဒကို ရွှေဟသာဘုရားသမိုင်း မေးရင်း အင်း၀ဘုရားဖူး ပုတီးစိပ်သွား၏။ နံနက် ၇ နာရီခွဲ ကျောင်းတထွက်၊ အင်း၀ ၈နာရီခွဲရောက်၏။ တံတားဦးဆွမ်းစား၊ ၄င်းက ၁၀နာရီ ပင်းယထွက်၏။ ၁၁နာရီ ပထမမင်းခေါင်တည်သော ရန်အောင်မြင်

ဘုရားရောက်၊ ပုတီး ဥပတ်စိပ်ပြီးပြန်။ အောင်စည်းခုံခေါ် ဖုံးဘုရား၊ ရွှေစည်းခုံဘုရားများ ပုတီးစိပ်၊ ရွှေစည်းခုံတွင် ပုတီးစိပ်နေတုံး "လောက်များ" ဒူးပေါ် တက်လာကြ၏။ ၃ကောင်လောက် ရှိ၏။ နေ့တချက်ဖြစ်၏။

၄င်းနောက် မဟာမြတ်မုနိ ခေါ် စန္ဒာမုနိလောကမာရ်အောင်၊ ရတနာမာရ်အောင် (ကုလားနိုင်ဘုရား လို့လည်းခေါ် ၏။)၊ သီရိမာရ်အောင်၊ သုဿမာရ်အောင်၊ ဇိနမာရ်အောင်၊ လောကသရဖူဘုရား၊ စနေမင်းဘုရား၊ စရည်းပင်ဘုရား၊ မယ်နုအုဌ်ကျောင်းများကို ပုတီး ဥပတ်စိပ်ပြီး ကျောင်းပြန်၏။ မြင်းလှည်းခအင်း၀၊ တံတားဦး၊ ပင်းယ ၃မြို့ ၁၅ ကျပ် ပေးရ၏။

မှတ်ချက် ။ ။ လောက်တက်ခြင်း အဓိပ္ပါယ်မှာ- လောက်လောက်ငှ ရှိပြီလို့ ကောက်ယူရ၏။

၁၃၂၀ ခု တပို့တွဲလဆန်း ၁၂ ရက်နေ့တွင် တူမောင်းတိုက်အုပ် ဘုန်းကြီးပျံ နိဗ္ဗာန်ကျောင်းချ၏။ သပွတ်ပင်ရပ်ကွက်က ဆွမ်းကျွေးကြ၏။ ကျောင်းဆင်း အခန်းအနားတွင် ခေါင်းဆောင်ကြသော ဦးထွန်းအေးတို့ ဖမ်းသွားကြသဖြင့် အစီအစဉ်တမျိုး ပြောင်းလိုက်ရ၏။ ဆင်ကြီးနှင့်လှည့်သွားရာ ရထားသံပတ်ချောင်၍ သတ်ပင်းရ၏။ ဂါတ်တဲအနောက်ဘက် သံပတ်ပြတ်သွားသဖြင့် လှည့်သောသူများဓါတ်ဆီတိုင်က ပြန်ကြရ၏။ ထိုနေ့က ကျွန်ုပ်တော်တော်မောသဖြင့် ပုတီးကို ညဥ့်နက်မှ စိပ်ရ၏။ ညမှာဓါတ်ရှင်နှင့်အငြိမ့် ပါ၏။

၁၃ ရက်နေ့လည်း နေ့အငြိမ့်၊ ည ကျန်းမာရေးဓါတ်ရှင်၊ ဗြိတိသျှ ပြန်ကြားရေးဓါတ်ရှင်၊ ဆင်ဆိုင်း၊ ကျွဲဆိုင်းများဖြင့် ဆြဲခံ၏။ ဇာတ်လည်းပါ၏။ ထိုနေ့က အလယ်ပန်းတိမ် မောင်ကို ဆွမ်းကျွေး၏။ နေ့အငြိမ့်၊ ည ဇာတ်၊ ဗလာဆိုင်း၊ ကရဝိတ်ဖေါင် လေ့လှော်ယိမ်းတို့ဖြင့်ဆြဲခံ၏။ ဘုန်းကြီးပျံအတွင်းမှာ တော်တော်လေး အချိန်ကိုလု၍ ပုတီးစိပ်ရ၏။ ဇာတ်၊အငြိမ့်များထွက်နေချိန် ကျောင်းပြန်၍ ပုတီးစိပ်ရ၏။ တပို့တွဲလဆန်း ၁၅ ရက်နေ့ လပြည့်နေ့ တရုတ်တန်း ကိုကွမ်းက ဆွမ်းကျွေး၏။ နေ့ ဗလာဆိုင်းနှင့် မင်းသမီးတလက်ယောဥ်ကျူး၏။ နေ့နှစ်ချက်ခွဲလောက် အလောင်းကိုထုတ်၏။ အကျိုတန်းရောက်တော့ ကရဝိတ်ကို ဆွဲဖျက်ကြ၍ ကရဝိတ်အငှားလိုက်စားသူက တော်တော်စိတ်ဆိုး၍ ဓါးနှင့်ခုတ်မည် တကဲကဲလုပ်၍ ဆွဲထားပြီးလူများကို ဟန့်တားရ၏။ တော်တော်လေး စိတ်မောလူမော- မောရ၏။ ၃နာရီခွဲလောက် သုဿန်ရောက်၏။ မီးရှို့၏။ အနိစ္စသဘောကို ရှုခဲ့၏။

ညက အငြိမ့်တငြိမ့်ပါ၏။ ခဏ ကြည့်ပြီးကျောင်းပြန် ညပုတီးစိပ်၏။ အာရုံများဝင်လာ၏။ အချိန်မှာ ၁၂နာရီထိုးခါနီးနေ၏။ ဝင်လာသောအာရုံမှာ နေ့က ဘုန်းကြီးပျံမီးရှို့နေသော အာရုံပေါ် လာ၏။ ဖျောက်ပြစ်လို့ မရချေ။ မရသဖြင့် ဘုန်းကြီးမီးရှို့နေသောပုံကြီးကိုကြည့်ရင်း ပုတီးစိပ်၏။ ထိုမီးများ တဖြည်းဖြည်းနီရာမှ ဝါလာ၏။ ဝါရာမှ ကောင်းကင်ပြာကြီးကဲ့သို့ ပြာလာ၏။ အတော်ထူးဆန်း၍ စိုက်ကြည့်ရင်း ပုတီးစိပ်နေ၏။ ထိုအပြာရောင်ထဲမှ ဘုန်းကြီး တပါးပေါ် လာ၏။ နောက်တပါးပေါ် လာ၏။ ပေါင်း ၉ပါး ပေါ် လာကြ၏။ ထိုဘုန်းတော်ကြီး ကိုးပါး ပါးစပ်ထဲမှ "အရဟံသိဒ္ဓိ"ဆိုသော စကားလုံးများသည် ပီသစွာ ပေါ်နေ၏။ အသွေးအရောင်မှာ မီးရောင်ကဲ့သို့ ဖြစ်၏။ စာလုံးအနေအထားမှာ ၅လက်မအဝိုင်းလောက်ရှိ၏။ ထိုဘုန်းတော်ကြီး ပါးစပ်ထဲမှ ပေါ် နေသော စာလုံးများသည် ကျွန်ုပ်ပုတီး ၁၀ပတ်လောက်ရတောင်မပျောက်သေးချေ။ ပုတီးစိပ်လို့ ၁၅ ပတ်လောက်အရတွင် ထိုဘုန်းတော်ကြီးများခေါင်းပေါ် မှ ဓေတီများပေါ် လာကြ၏။ ထိုဓေတီများသည် ငွေအဆင်းကဲ့သို့ အဖြူရောင်များ ဖြစ်ကြ၏။ ပါးစပ်ကလဲ "အရဟံသိဒ္ဓိ"

ခေါင်းပေါ်ကလဲ စေတီပေါ်နေတော့ ကျွန်ုပ်အာရုံမြင်ကွင်း အထူး ဆန်းကျယ်အံ့ဩစွာ စူးစိုက်ကြည့်နေရင်း ပုတီးစိပ် မပျက်အောင်၊ အပတ်ရေမှားအောင် အထူးသတိထား၍ စိပ်နေရ၏။ အပတ် ၂၀လောက်ရသော အခါ ဘုန်းတော်ကြီးကိုးပါး ပျောက်သွား၏။ မိုးကောင်းကင်အရောင်နှင့် အရဟံသိဒ္ဓိစာလုံးပေါ်မှာ စေတီများ ငြိမ်သက်စွာ တည်ရှိနေကြသောပုံများသာ ကျန်ရှိတော့၏။ ပုတီး ၂၅ ပတ်ရောက်သောအခါ အားလုံးပျောက်ကွယ် သွားကြ၏။ ထိုအခါကြမှ ပတ်မကြီးအသံ၊ ဆိုင်းသံ၊ ဗုံသံများ နားထဲဝင်လာကြ၏။ အထူးအာရုံစိုက်ပြီး စိပ်နေ၏။ ပုတီးပတ်ပြီးသွား၍ မေတ္တာပို့ အမျှဝေလိုက်၏။ အမွှေးနံ့သာပေါင်းစုံ ထိုးထွက်လာပြီး သာခုခေါ်သောအသံများ သဲ့သဲ့သာကြားရ၏။ ထိုနောက် ကွန်ချာ ၉ပတ်စိပ်ပြီးသည့် နောက် ဓါတ်ပုတီး အဓိဋ္ဌာန် ၉ပတ် လမ်းလျှောက်ရင်း စိပ်နေပြန်၏။ ဓမ္မာရုံပေါ် လမ်းလျှောက်စိပ်နေ၏။ ခြေထောက်များ ကြမ်းပြင်ပေါ် နင်းရသော်လည်း ရေပေါ်နင်းရသကဲ့သို့ အိအိကြီးဖြစ်၍ နိမ့်လိုက် မြင့်လိုက်ကဲ့သို့ ထင်ရ၏။ ပုတီး ၉ ပတ်ပြီးသွား၏။ အိပ်ရာထဲ ဝင်အိပ်၏။ အာဏာပါဏ ရှု၏။ အိပ်ပျော်သွား၏။

အိပ်မက်၏။ ဆရာ ဘုန်းတော်ကြီးနှင့် တွေ့၏။ မင်းပုတီးစိပ်သားလဲ တော်တော်ရလာပြီ၊ သမာဓိလဲ တော်တော်ကောင်းလာပြီ။ ဒါပေမဲ့ ငါသြဝါဒပေးခဲ့တဲ့ "တော်၊ ကြော်၊ မော်၊ ကျိုး ဤလေးမျိုး ဖြစ်ရိုးစဉ်အလာ၊ ထိုလေးမျိုးသာ ရှောင်ဖယ်ခါ၊ ကျင့်လာပါရမီရှင်ပါ" ဆိုသည့်အတိုင်း မင်းပါရမီရှင် ဖြစ်ချင်လျှင် ဤလေးမျိုးကို သတိရှိရှိနှင့် စောင့်ထိန်းပါ။ အခု နာမည်လေးလဲ တော်တော်ရလာပြီ။ တရားဟောလဲ နာမည်ရလာပြီ။ တရားမဟောဘဲ ပုတီးကိုသာ ကြိုးစားစိပ်ပါ။ ကျမ်းစာရေးတာများလဲ ခရီးသွားဟန်လွှဲယောက်ရေး ဟု ပြောပြီး ကျွန်ုပ်ရှေ့မှ ထွက်သွား၏။ ထိုနောက် မိန်ကလေးတယောက် လာပြီး ဝတ်ချ၏။ ကလေးမက ဘယ်သူလဲ။ မန်းစက်တော်ကပါဘုရား။ တပည့်တော်တို့ မန်းစက်တော်ကို ကြွတော်မူပြီး ဘုရားဖူးပါအုံးဘုရား။ တပည့်တော်တို့က တာဝန်ယူပါမယ်ဘုရား။ ကောင်းပြီ ကြွလာခဲ့ ပါမယ်၊ ဒီနှစ်တော့ ရောက်အောင် လာခဲ့ပါမယ်။ မိန်းကလေး ကျွန်ုပ်ရှေ့မှ ထွက်သွား၏။ ကျွန်ုပ် နိုးလာ၏။ ဘယ်လိုအိပ်မက်ပါလိမ့်မယ်၊ အိပ်မက်ကလဲ တက်တက်တူတူကြီးပါလား၊ ဆန်းလှချေကလား၊ အိပ်မက်ကို မှတ်တမ်းရေးလိုက်၏။ ကျွန်ုပ် အိပ်ဆောင်နာရီကို ကြည့်လိုက်၏။ ၄နာရီခွဲနေ၏။ အချို့ ယောဂီများ ထနေကြပြီး ချက်ပြုတ်နေကြသံ ကြားရ၏။ ကျွန်ုပ်လည်း တိုက်ထွက်မီး ဖွင့်ပေးပြီး ပြန်မှိန်းနေ၏။ ၅နာရီခွဲတော့ ဘုရားဝတ်ပြု ပုတီး၉ပတ်စိပ်ပြီး လက်ဖက်ရည်သောက်၏။ ဘုရားဖူးလည်၏။ နေ့စဉ်ဝတ္တရားများအတိုင်း ပုတီးစိပ်၏။

၁၃၂၀ ခု တပို့တွဲလပြည့်ကျော် ၅ ရက် သောကြာနေ့တွင် မန်းစက်တော်သွားရန် ညနေက မန္တလေးသို့သွားပြီး မကွေးကားဆိပ် အိပ်ကြ၏။ အဖော်တပါးပါ၏။ ည ၂ချက် ကားထွက်၏။ ကျောက်ဆည်အထွက် ကားကျိုးပိတ်လို့ နား ၅နာရီအချိန်ဖြစ်၏။ ကူမဲ ၅နာရီ၁၅ရောက်၏။ လက်ဖက်ရည် သောက်ကြပြီး ဝမ်းတွင်း ၆နာရီမတ်တင်းရောက်၊ မိတ္ထီလာ ၇နာရီခွဲရောက်၊ ၈နာရီခွဲ မလှိုင်ရောက်၊ ၉နာရီ၁၀မိနစ်အလို ပန်းအိုင်ရောက်၊ တောင်သာ ၉နာရီခွဲရောက်။ ကားဖမ်းလို့ ရပ်နား၊ ၄င်းမှာ ခေါက်ဆွဲစားပြီး ၁၁နာရီထွက်။ ၁၂နာရီ ဆီမီးကန်ရောက်၊ ဝဲလောင် ၂ချက်ရောက်၊ ကားသမားများဖမ်း၊ ၂ချက်ခွဲထွက်၊ ချောင်းမ ၃နာရီရောက်၊ လယ်ကြီးရွာမှာ ၃နာရီခွဲရောက်၊ ကားပျက်၍ ၅နာရီခွဲကြမှ

ထွက်ကြရသည်။ ပုပ္ပါး ၆နာရီရောက် ကားဖမ်းသံကြား၍နား၊ အခြေအနေစောင့်ကြည့်ပြီးထွက်၊ ငွေးချို ၇နာရီမတ်တင်းရောက်။ ည ဈေးဆိုင်ကလေးရှေ့ ကွပ်ပြစ်ကလေးပေါ် ၂ပါးအိပ်ကြသည်။ နံနက် ၇နာရီမတ်တင်း ကား ငွေးချိုကထွက်၏။ ၈နာရီ၁၅ ရေနံချောင်းရောက်၊ ဆွမ်းစားပြီး စနေနံဘုရား၊ ဈေးနားကဘုရားများ ဝင်ဖူးပြီး ပုတီး ၉ပတ်စိပ်ပြီး ကားဆီသို့ပြန်လာ ၁၀နာရီထွက် ၁၁နာရီ မကွေးရောက်။ ၁၂နာရီ၁၀မိနစ် မော်တော်ပေါ်တက်၊ နေ့ တချက်ထွက်။ ၂ချက်မတ်တင်း မင်းဘူးရောက်၊ ၂နာရီ၂၀ နဂါးဗွက်အိုင်ရောက်၊ မြို့ထဲလည်ပြီး ၃နာရီကားစီး ဇီးအိုင် ၃နာရီ၄၀ရောက် နား၊ ၄နာရီ ကားထွက်၊ ပဒေါင်း ၄နာရီ ၄၀ရောက်။ နား ၅နာရီကားထွက် ၆နာရီ မန်းစက်တော် ရောက်တော့သည်။ ရောက်ရောက်ချင်း ဖုံများခါ၊ မျက်နှာများ၊ လက်များ၊ ခြေထောက်များ ဆေးကြောပြီး အောက်စက်တော်ရာ ဘုရားဖူး၊ ပုတီး၉ပတ်စိပ်ပြီး သစ္စာအဓိဋ္ဌာန်ပြု အိပ်မက်ထဲက မန်းစက်တော်သူကလေး မေတ္တာပို့ အမျှဝေ၏။

ထိုနောက် ကျွန်ုပ်တို့ အမရပူရ သရက် ၃ပင်က မှိုက်ဆရာ ဦးမောင်ကြီး တည်းခန်းမှာ တည်းခို၏။ ၈နာရီလောက် ဦးမောင်ကြီးနှင့် အလာပ သလာပ ပြောဆိုပြီး အထက်စက်တော်ရာတက်၍ ပုတီးစိပ်၊ အဖော်ကိုယ်တော်လေးတပါးမှာ ခရီးပန်း၍ နွမ်းနယ်လှသဖြင့် အိပ်၍ကျန်ရစ်ခဲ့၏။ ပုတီးစိပ်လို့ ၉ပတ်လောက်အရတွင် ကျွန်ုပ်ဘေးနားမှ မိန်းကလေးတအုပ်လာ၍ အထက် စက်တော်ရာစေတီကို ရှိခိုးနေ၏။ ပြီးလျှင် ကျွန်ုပ်ကို ရှိခိုး၏။ သူတို့အထဲမှ မိန်းကလေးတယောက်က ပြော၏။ ညီမတို့ ညီမတို့ အမကြီးပင့်ခဲ့တဲ့ ကိုယ်တော်ကြွလာလို့ ဒီမှာ ပုတီးထိုင်စိပ်နေပြီ။ ကြဲတောင့် ကြဲခဲ ဖူးကြ ဖူးကြလို့ ပြောသံကြား၏။ ကျွန်ုပ်လည်း ပုတီးပတ် အဓိဋ္ဌာန်မပျက်အောင် သူတို့လှည့်မကြည့်ဘဲ စိပ်နေ၏။ ပုတီးပတ် ၂၇ပတ်စေ့သောအခါ မေတ္တာပို့ အမျှဝေလိုက်၏။


အထက်စက်တော်ရာတန်ဆောင်း ရာဟုထောင့်နားမှာ တည်ထားသော တောင်ဖီလာဆရာတော် အရိုးအိုးဘုရားစေတီနားမှာ မိန်းကလေး ၅ယောက်က သာဓု သာဓု သာဓုဟု ခေါ်ကြ၏။ ကျွန်ုပ်လည်း သူတို့လှည့်ကြည့်လိုက်၏။ သူတို့၅ယောက် ကျွန်ုပ်ထံ လာရောက်ကန်တော့ကြ၏။ ကျွန်ုပ်လည်း လက်ကိုင်ပုဝါချည်ထားသော အိပ်ဆောင်နာရီလေးကို ကြည့်လိုက်တော့ ၁၀နာရီခွဲနေ၏။ ဩ ၁၀နာရီ တောင်ခွဲနေပြီကိုး။ ကလေးမလေးတို့က ဘယ်တည်းခိုခန်းမှာ တည်းပါသလဲ။ အသက် ၂၅နှစ်လောက်ဟု ခန့်မှန်းရသော မိန်းမ ချောချောတယောက်က အနည်းငယ် ရှေ့တိုးလာပြီး လက်အုပ်ချီကာ တပည့်တော်မတို့ ဒီတောင်မှာ နေကြရတာပါဘုရား။ ဟို ၄ယောက်က တပည့်တော်မရဲ့ အခြွေအရံတွေပါဘုရား။ နာမည်က ဘယ်လိုခေါ်ပါသလဲ။ တပည့်တော်မ အမည်က နန်းသူဇာလို့ ခေါ်ပါတယ်။ လက်ညှိုးထိုးပြပြီး သူမလေးရဲ့ နာမည်ကတော့ ခင်စိန်၊ သူကတော့ ခင်တင့်၊ သူကတော့ ထူးထူး၊ သူကတော့ ထားထားလို့ ခေါ်ပါတယ်။

အဲဒီ ၄ယောက်ထဲမှာ ထူးထူးကတော့ မန္တလေးသူပါ။ ဒီမန်းစက်တော် ဘုရားဖူးလာရင်း ရေနစ်ပြီး သေရှာလို့ တပည့်တော်မက ခေါ်ထားရတာပါ။ ဘယ်နှစ်နှစ်လောက် ကြာသွားပြီလဲ။ အနှစ် ၆၀ လောက် ရှိသွားပါပြီဘုရား။ ဩ- ဒါတောင်မှ နန်းသူဇာထက် ငယ်နေသေးသကိုး၊ နန်းသူဇာကတော့ အသက်ဘယ်လောက်ရှိပြီလဲ၊ ၃၀၀ နီးနီးရှိပါပြီဘုရား။ ဒီလိုဆိုရင် တောင်ဖီလာဆရာတော်ရဲ့တပည့် ကျောင်းသား လေး ဖိုးသီတို့၊ ဒန်းစီးမောင်နှမနှင့်ကော မတွေ့ဘူးလား။ ထိုအခါ မျက်နှာလေး ညှိုးနွမ်းသွားကြပြီး မောင်တော်မရှိတာ အနှစ် ၇၀လောက် ရှိသွားပါပြီဘုရား။ တပည့်တော်တို့ဘဲ ကျန်ရစ်ပါတော့တယ်ဘုရား။

ဩ - ဩ။ နန်းသူဇာ မျက်ရည်များကျလာသဖြင့် ကျွန်ုပ်ကစကားလွှဲလိုက်၏။ နန်းသူဇာတို့ ပုတီးစိပ်တာ ဝါသနာပါသလား။ မျက်ရည်လေးသုတ်ခါ ပါပါတယ်ဘုရား။ ပါလို့ရှိရင် ဟောဒီ သုဂတော ၅ချက် ပုတီးစိပ်ဂါထာကို တပုဒ်ဆုံးလျှင် တလုံးချပြီး အနည်းဆုံး ၁ဝ၈ လုံး ပုတီး ၅ပတ်ရအောင် စိပ်ပေးပါ။ အဆင့်အတန်း တိုးတက်ပြီး မိမိအလိုဆန္ဒ ပြည့်ဝလာပါလိမ့်မည်။ မှန်လှပါဘုရား၊ အရှင်ဘုရား ဘယ်နေ့ ပြန်မှာလဲဘုရား။ မနက်ဖြန်မနက် ပြန်မှာဘဲ၊ ဒီကဆင်းပြီးလျှင် အောက်ခြေတော်ရာကို ပုတီး ၁ဝ၈ပတ် အဓိဋ္ဌာန်စိပ်ရအုံးမယ်။ ဒီလိုဆိုလျှင် အမတော်ဘုရားတို့ သွားခေါ်ပါအုံးမယ်။ အောက်ခြေတော်ရာ ကို တပည့်တော်မတို့ လာခဲ့ပါမယ်ဘုရား။ ဖူးမျှော်ခွင့် ပြုပါအုံးဘုရား။

ကောင်းပြီ ကောင်းပြီ။ နန်းသူဇာတို့သည် ဝတ်ချပြီး ထွက်သွားကြ၏။ ကျွန်ုပ်လည်း အထက် ခြေတော်ရာစေတီကို ဆုတောင်းပဌနာပြု၍ အောက်ခြေတော်ရာကို ဆင်းလာခဲ့လေတော့သည်။ အောက် ခြေတော်ရာရောက်သောအခါ နာရီကို ကြည့်လိုက်၏။ ၁၁နာရီခွဲသွားလေပြီ။ အားလုံးဘုရားဖူးများ အိပ်နေကြလေပြီ။ ကျွန်ုပ်လည်း ဘုရားရှိခိုး ပရိတ်ပြုပြီး ပုတီးစိပ်ပါတော့သည်။ ပုတီးစိပ်လို့ အပတ်၃ဝ လောက်အရတွင် အဘိုးကြီးတယောက်လာပြီး ကျွန်ုပ်ပုတီးစိပ်နေသော အရှေ့တွင် ဒါက "ထွက် စမ၊ ဝင်စမအင်း" ဆိုပြီး အင်း၂ခု မှိုင်းခံစက္ကူထက်သာသော ဂုံစက္ကူပေါ်တွင် ချထားသော အင်း၂ခု ချပေးသွား၏။ ဝင် စမ ဆိုသောစမ နှင့် ထွက်စမဆိုသော စမအင်းများကို ပုတီးစိပ်ပြီးတော့မှ သေသေချာချာ ကြည့်လိုက်ရာ ဝင်စမမှာ စ က အတွင်းဆုံးနေ၏။ စကို ဓ ရံထား၏။ ဓ ကို ဗ ကရံထား၏။ ဗ ကို ဝ ကရံထား၏။ ပုံစံကား-

ဝင် "စမ" အင်း ထွက် "စမ" အင်း



ဤပုံဖြင့် ဂုံစက္ကူ တလက်မ ၂ချပ်လောက်တွင် ဟင်္သာပြဒါးနှင့် ချထားတာတွေ့ရ၏။ ကျွန်ုပ်တွေ့ဖူး သော ပေစာ၊ ပရပိုက်ထဲမှာပါသော ဝင်စမ၊ ထွက်စမ ကတမျိုး၊ အခုရရှိသော စဓဗဝ စမလေးလုံး၊ ဝင်စမ ထွက်စမ တမျိုး ဖြစ်နေ၏။ထိုကဲ့သို့ကြည့်နေစဉ် အဘိုးကြီးရောက်လာပြန်၏။ ကိုယ်တော် ဘာကြည့်ပြီး စဉ်းစားနေရတာလဲ။ ဒီစမလေးလုံးက အသုံးအနန္တ ကျယ်ပြန့်လှတာ ကိုယ်တော်မသိသေးဘူးထင်တယ်။ သန်းခေါင်ကျော်ပြီ သောက်ချလိုက် သောက်ချလိုက်။ ကျွန်ုပ်လည်း ဘာမှမပြောဘဲ သောက်ချလိုက်၏။ ထိုစမများသောက်ပြီး အနီးတွင်ရှိသော ရေအိုးမှရေခွက်ယူပြီး ရေခပ်၍သောက်ချပြန်၏။ ထိုအခါမှ လည်ချောင်းထဲမှ ကျသွား၏။

ထိုအခါမှ မေတ္တာပို့ အမျှဝေရန် ကျန်သေး၍ ဘုရားဝတ်ချပြီး ဆုတောင်းပဌာနာပြုပြီး မေတ္တာပို့ အမျှဝေလိုက်၏။ မိန်းမတစု ဆွမ်းတော်ပွဲများဖြင့် ဆွမ်းကပ်လာကြ၏။ ကျွန်ုပ်လည်း နာရီကြည့်လိုက်တော့ ၂ချက်သာရှိသေး၏။ ဩ- ဒီမိန်းမတွေက တယ် လုံ့လဝီရိယ ကောင်းပါလားလို့ စိတ်ထဲအောက်မေ့ပြီး သင်္ကန်းများပြင်ရုံပြီး ပြန်မလှည့်ဟန်ပြင်နေစဉ် ထိုမိန်းမများထဲမှ တယောက်က ကိုယ်တော်လေး တပည့်တော် တို့ကို မမှတ်မိတော့ဘူးထင်ပါတယ်။ ထိုအခါကျမှ သေသေချာချာ ကြည့်လိုက်၏။ ဩ- အထက်ခြေတော်

ရာစေတီမှာ တွေ့ခဲ့တဲ့ နန်းသူဇာတို့ပါလား။ နန်းသူဇာက ထလာပြီး တပည့်တော်တို့ ဘုရားဆွမ်းကပ်ရင်း အရှင်ဘုရားလဲဖူးရင်းဆိုပြီး လာခဲ့ကြတာပါဘုရား။

ဒါက တပည့်တော်လျှောက်ခဲ့တဲ့ အမတော် ရူပစန္ဒာပါဘုရား။ ဟိုဟာတွေက အခြွေအရံတွေပါ ဘုရားဟု လက်ညိုးထိုးပြနေ၏။ ထိုအခိုက် သူတို့တတွေ ဆွမ်းတော်ကပ်၊ ဘုရားဝတ်ချပြီး ကျွန်ုပ်မတ်တတ်ရပ်နေသော အောက်ခြေတော်ရာက နောက်ဘက်နားမှာ လာကြ၍ ရှိခိုးနေကြ၏။ ကျွန်ုပ်က ရူပစန္ဒာဆိုသော အမည်နှင့် သူမ၏ရုပ်ရည် လိုက်-မလိုက် သေသေချာချာ ကြည့်လိုက်၏။ လိုက်မှတော်တော်လိုက်၏။ ကျွန်ုပ် ရှင်မဟာရဋ္ဌသာရကဗျာကို သွားသတိရမိ၏။ ထိုကဗျာကား-

၁။ ဝဏ္ဏပဘာ၊ ကလျာဖူးစသစ်၊ ပျိုမျစ်မျစ်လျှင်
ကျစ်လစ်တင့်စမွယ်၊ လှမျိုးကြွယ်သား
ဆံသွယ်မြမြိတ်စို့၊ ဆင်းရောင်ပျိုကို
နတ်တို့ဆင်းထိုက်တန်၊ ဆင်းစုံကြန်သား
အလွန်ရပေခက်၊ ဖြူမြိတ်ရွက်နှင့်
လက်လက်လှထိန်ပြေး၊ ရွှေချည်ရေးသို့
ပျံ့မွှေးမွှေးအကျီ၊ ရွှေထမီနှင့်
မြစီရွှေနားဒောင်း၊ ခြောက်ရောင်မောင်းလျှင်
ဖြူစင်ထွန်းရောင်ဝင်း၊ လှမှန်ကင်းကို
ညတွင်းဆည်းဆာတွင်၊ ကျွန်ုပ်မြင်သည်၊ ရယ်ရွှင်ပြုံးတုံ့၊ မပြုံးတုံ့။

၂။ ပဉ္စကလျာ၊ ညိုပြာတင့်ဆင်းရောင်
ရွှေကြက်တောင်နှင့်၊ ဖြူရောင်ရေးထင်စွ
သွယ်ခွေချ၍၊ ထွန်းပကိုယ်ရောင်ဝင်း
လှမှန်ကင်းလျှင်၊ ပျံသင်းနံ့သာပျောင်း
မမွှေးတောင်းတည့်၊ တကြောင်းဆင်းစမွာယ်
ရှုချင်ဘွယ်တည့် နိကာယ်ဆင်းရောင်မြေ့
ဘယ်နှစ်စေ့ကို၊ ကယ်၍သာလျှင်တင်
မြင့်ကြာတင်တဲ့၊ ပုံပြင်နတ်တူလျော
ဖြူနွဲ့ချောလျှင်၊ တင်မာလွန်ကျစ်လစ်
စုလည်းသစ်နှင့်၊ ပြေပြစ်တင့်စုံစည်း
မိဘက်ကြီးသည်၊ စုလည်းထုံးတုံ့ မထုံးတုံ့။

၃။ ဒေဝစ္ဆရာ၊ ပြင်လာတင့်ဆင်းရောင်
လှကြက်တောင်နှင့် လှခေါင်ပြစ်မျိုးလွတ်
ပြာထွတ်ထွတ်လျှင်၊ ရစ်ပတ်ချိမျှောင်စီ
ရွှေထမီနှင့်အာနိသိန်းတန်မျိုး

ရွှေခါးကြိုးလည်း၊ စံမျိုးနေထိုင်ပင်
အမြဲဆင်၍၊ ကျွန်တွင်ဇမ္ဗူလုံး
ပြိုင်တိုင်းရှုံးသည်၊ ပြစ်ထုံကင်းဝေးစွာ
မိုးသူဇာကို၊ ဆည်းဆာညရီတွင်
ကျွန်ုပ်မြင်သည်
ရွှေရင်ဖုံးတုံ့၊ မဖုံးတုံ့။ ။

ဤကဗျာ ၃ပုဒ်သည် ရှင်မဟာရဋ္ဌသာရက ညနေစောင်း ဆည်းဆာအချိန်မှာ မြင်ခဲ့ရပုံ စပ်ဆိုခဲ့သည်။ ကျွန်ုပ်က ည၂ချက်နှင့်၃နာရီကြားမှာ မြင်နေရသည်။ အချိန်သာ ကွာကြသည်။ လှပုံ၊ ယဉ်ပုံ၊ ကျော့ရှင်းပုံကို သူ့ကဗျာတောင် လိုက်မမှီဘူးလို့ ဆိုချင်ပါသည်။ "ရူပစန္ဒာ" နာမည်နှင့်လူ ကိုက်ညီသည်။ လိုက်လျောပါသည်။ ထိုကြောင့် ထိုလင်္ကာသွား တပုဒ်စပ်ခဲ့သည်။

ဒေဝစ္ဆရာ- ဝင်းဝါရွှေဆင်းရောင်
လှမျက်တောင်နှင့်၊ လှခေါင်လှတမွတ်
နုထွတ်ထွတ်လျှင်၊ ရစ်ပတ်မြခါးစည်
ရွှေလက်စည်းနှင့်၊ ရည်ချည်းသန်းတန်မျိုး
စိန်ဆံထိုးလည်း၊ လှမျိုးပိုင်တဲ့ခင်
နုထွားယဉ်၍၊ ခေတ်တွင်တခေတ်လုံး
နိုင်းတုရှုံးသည်၊ ပစ်တုံးကင်းဝေးစွာ
မိကလျာကို၊ ညခါ ၂နာရီတွင်
ကျွန်ုပ်မြင်သည်၊ ရွှေရင်လှုပ်တုံ့၊ မလှုပ်တုံ့။ ။

နန်းသူဇာသည် ကျွန်ုပ်ကိုလျှောက်သည်မှာ ကိုယ်တော်လေး နောက်တရက်လောက် မနေနိုင်ဘူးလားဘုရား။ လမ်းမှာဘုရားများ ဝင်စရာရှိသေးလို့ပါ နန်းသူဇာ။ ဘုရားတပည့်တော် ရူပစန္ဒာ လျှောက်ထားပါရစေဘုရား။ ကိုယ်တော်လေး နောက်တရက်လောက်နေနိုင်ရင်တော့ တပည့်တော်က မနောမယကျောက် ရှိတဲ့နေရာကို လိုက်ပြပါ့မယ်ဘုရား။ မနောမယကျောက်က ဘယ်နေရာမှာ ရှိတာလဲ ရူပစန္ဒာ။ ရဟန္တာခြေတော်ရာကနေပြီး အရှေ့ဘူးဘူးက တိုင်နည်းနည်းလောက် သွားလိုက်လျှင် ရောက်ပါတယ်ဘုရား။ ဘယ်လောက်ကြီးသလဲ။ သပိတ်လုံးလောက် ရှိပါတယ်ဘုရား။ အကျိုးထူး အာနိသင်က ဘယ်လိုရှိပါသလဲ။ ကြေးကိုအလယ်က မနောမယကျောက်မှုန့်ကို အထက်အောက်ကထားပြီး ဖိုထိုးလျှင် ကြေးသေပါတယ်ဘုရား။ ၎င်းကြေးသေတပဲသားကို ဒန်တဆယ်သား ထည့်ပေါက်လိုက်လျှင် ရွှေဖြစ်ပါတယ်ဘုရား။ ထိုမနောမယကျောက်ကို ရေစိမ်သောက်လျှင်လဲ မနောမယသိဒ္ဓိ ရပါမယ်ဘုရား။ ကောင်းပါတယ် ရူပစန္ဒာ၊ ဒါပေမဲ့ ကိုယ့်အစီအစဉ်နဲ့ကိုယ် ဆိုတော့ မနေနိုင်သေးပါဘူး။ နောက်ကြုံတဲ့အခါကြတော့ ရူပစန္ဒာတို့ဆီ လိုက်ကြည့်တာပေါ့။ ကောင်းလှပါပြီ ကိုယ်တော်လေးဘုရား၊ ဘုရားတပည့်တော်မတို့ ပြန်ခွင့်ပြုပါအုံး။ ကောင်းပါပြီ ကောင်းပါပြီ။

ကျွန်ုပ်လည်း ကျောင်းပြန်ခဲ့တော့၏။ နာရီကြည့်လိုက်တော့ ၃နာရီထိုးနေလေပြီ။ ကျွန်ုပ်လည်း အိပ်လိုက်ပါတော့သည်။ နံနက် ၆နာရီထိုး၍ ဦးမောင်ကြီးကနှိုးသဖြင့် ထပြီး မျက်နှာသစ်၊ လက်ဖက်ရည် သောက်၊ ဆွမ်းစားပြီး ငဖဲစောင်းတန်းမှတက် မုဆိုးဒူးထောက်တောင်ရောက်၊ မုဆိုးတောင်စေတီကို ဝင်ဖူးပြီး ပုတီး ဥပတ်စိပ်ပြီးလျှင် ရှေ့ဆက်သွားရာ အေးစေတီရောက်၍ ပုတီး ဥပတ်စိပ်၏။ ထိုနောက် သိကြား ဖုံတောင်စေတီဝင်ပြီး ပုတီး ဥပတ်စိပ်၏။ ပြီးဆက်သွားရာ သက်နှိုးရုံတောင်စေတီရောက် ပုတီး ဥပတ်စိပ်၏။ တဖန် သပိတ်တောင်စေတီဝင်ပြီး ပုတီး ဥပတ်စိပ်၏။ ဆက်သွား သက်နှိုးလှမ်းတောင်စေတီဝင် ပုတီး ဥပတ်စိပ်၏။ ဆက်ပြန်၏။ ဆွမ်းစားတောင်စေတီရောက်၍ ပုတီး ဥပတ်စိပ်ပြီးဆက်သွား၊ ရသေ့တောင် စေတီရောက်၊ ပုတီး ဥပတ်စိပ်၏။ ခရီးဆက်ခဲ့ရာ ရဟန္တာခြေတော်ရာရောက် ပုတီး ဥပတ်စိပ်ပြီး ညက ရှုပစန္ဒာပြောသောအကြောင်း စိတ်ဝင်စားပြီး နောက်တရက်နေရရင်တော့ဖြင့် မနောမယကျောက် တွေ့ရမှာဘဲ၊ ဒီကနေ အရှေ့တတိုင်လောက်ဆိုတော့ ညိုညိုမှိုင်းမှိုင်းနှင့် တောကြီးတောင်ကြီးများသာ မြင်တွေ့ရပါလား။ သွားရန်ခက်ဘိကောင်း။ ။ အေးလေ ငါ့အဓိဋ္ဌာန်လဲရှိသေးတယ်။ ဒီကနေ့ဘဲ ခရီးဆက်မှ ဖြစ်မှာဘဲ ဆိုပြီး ပြန်လှည့်လာ၏။

ထိုနောက် အလောင်းတော်ကဿဖ လျောင်းတော်မူဘုရားဝင်ပြီး ဥပတ်စိပ်၏။ ထိုနောက် တောင်ကော်နှဘ်နန်းဝင်ပြီး အမျှပေးဝေခဲ့၏။ ရာဇူတိုင်းနေရာ ဂူဘုရား၊ သားရေကြက်တောင်စေတီ၊ သစ္စာဒီပကာ[illegible]င်စေတီ၊ ဆုတောင်းပြည့်ဘုရား၊ ရှင်ပင်သာလျောင်းဘုရား၊ နှစ်ကျိပ်ရှစ်ဆူဘုရား၊ ရုပ်တော်မူတို့ကို ပုတီး ဥပတ်စိစိပ်ပြီး နောက်ဆုံးအနေနှင့် အထက်စက်တော်ရာကို ပြန်တက်ပြီး ပုတီး ဥပတ်စိပ် ပြုပြုသမျှကုသိုလ်များအားလုံး အမျှဝေ မေတ္တာပို့လိုက်၏။ ထူးခြားချက်ကား ကျွန်ုပ်နားထဲတွင် ကြေးစည်သံ၊ မောင်းတီးသံ၊ သာခုခေါ် သံများ အထက်စက်တော်ရာ တောင်ခြေရောက်သည့်တိုင်အောင် ပီပီသသကြားနေရ၏။ အော် ထူးဆန်းလှပါတကား၊ အံ့သြဘွယ် ကောင်းပေစွ၊ နံနက် ၁၀နာရီ အောက်စက်တော်ရာရောက်၍ ဝင်ဖူးပြီး ဆုတောင်းပြည့်ဘုရား၊ ကမ္ဘာအေးဘုရားတို့ကိုတက်ပြီး ပုတီး ဥပတ်စိပ်ပြီး ဘိုးတော်တို့ အရှင်မြတ်တို့ နန်းသူဇာ၊ ရှုပစန္ဒာတို့ အစရှိသော ၃၁ ဘုံသားတို့အား အမျှ ဝေလိုက်၏။ ကျွန်ုပ်အာရုံထဲတွင် နန်းသူဇာနှင့်ရှုပစန္ဒာတို့ ထင်ရှားစွာပေါ်လာ၏။ ညှိုးငယ်ကြသော မျက်နှာ အသွင်အပြင် မြင်ရ၍ ကျွန်ုပ်လည်း စိတ်မကောင်းတော့ပေ။ ထိုအခိုက် အဘိုးကြီးကလာပြီး ကိုယ်တော် ဘာငေးနေတာလဲ၊ နေ့ဆွမ်းစားပြီး ခရီးထွက်ဘို့ရာ ရှိသေးတယ်လေ။ ဒီတော့မှ သတိရ၍ အော် ဟုတ်သား ဘဲ အဘိုး ဆိုပြီး အဘိုးကြီးနှင့် အောက်စက်တော်ရာမှ ပြန်လာရာ အောက်စက်တော်ရာတန်ဆောင်း အဆင်းအတက် လူရှုတ်တာနှင့် တယောက်ကိုတယောက် ရှောင်နေရသောကြောင့် အဘိုးကြီးကို ဘယ်ရောက်သွားသည် မသိလိုက်တော့ပေ။ ဦးမောင်ကြီးကပ်သော ဆွမ်းကိုစားပြီး ကားဆိပ်လာ၏။ ၁၂နာရီ ကားထွက်၏။

ဘုရားနှင့်တမိုင်လောက် ဝေးလာတော့ "လှေယင်ဝ"ဟု ဆိုင်းဘုတ်ကလေးတွေ့၏။ ဘုရားနှင့် နှစ်မိုင်လောက်ဝေးတော့ "ကင်ကိတ်"ဟု ဆိုင်းဘုတ်တပ်ထားသောနေရာ ရောက်၏။ ၂မိုင်ကျော်လောက် တွင် "ဘယ်ပင်ဝ"ဆိုသောနေရာ ရောက်၏။ ဆိုင်းဘုတ်ကလေး ရှိ၏။ ဘုရားနှင့်လေးမိုင်လောက် ဝေးတော့ "လုပ်ဆေးချောင်း"ဟု ဆိုင်းဘုတ်ကလေး တပ်ထားသောနေရာ ရောက်၏။ လေးမိုင်ကျော်ကျော်တွင်

တံတားကလေး တွေ့၏။ "ကံပေါက်"ဟု ရေးထားတာတွေ့၏။ ကားလမ်းက တော်တော်လှမ်းလှမ်းက မောင်းရသည်။ ဘုရားမှ၄မိုင်ကျော်ကျော်လောက်တွင် "ရိုးကြီး၀" ဟု ဆိုင်းဘုတ်ကပ်ထားသောနေရာ ရောက်၏။ ဘုရားမှ ၇မိုင်လောက်တွင် "ဆည်တော်၀"ဟုဆိုင်းဘုတ်တင်ထားသော နေရာရောက်၏။ စေတ္တနား။ လူများ၊ စားသောက်ဆိုင်များ တွေ့ရ၏။ထိုကမှ ကျောင်းတော်ရာစေတီကို ခရီးဆက်၏။ ၂နာရီကျောင်းတော်ရာရောက်၏။ ၃နာရီစက္ကိန်းတဲဘုရားရောက်၏။ ပုတီး ၉ပတ်စိပ်၏။ ဆိပ်ကမ်း ၄နာရီရောက် မော်တော်ဖြင့်ဆက်ကူး၊ မကွေး ၅နာရီရောက်သည်။ လူတယောက် တမတ်နှင့် မြသလွန်ဘုရားဖူး၊ ပုတီး ၂၇ပတ်စိပ် မေတ္တာပို့ အမျှဝေပြီး ၇နာရီမတ်တင်း မဟာဝိသုတာရာမ ကျောင်းတိုက်ရောက်၍ တည်းခိုကြသည်။ မြသလွန် စိန်ဖူးတော်တင်ပွဲနှင့်ဆုံ၍ ည စိန်ဖူးတော်ဖူးပြီး ဘုရားပုတီးစိပ်၊ ၁၀နာရီ ကျောင်းပြန်လာအိပ်၏။ ၁၃၂၀ ခု တပေါင်းလဆန်း ၈ရက်နေ့ နံနက် ၈နာရီခွဲကားထွက် ဒေါင်းသေချောင်း ၉နာရီရောက်၊ ၁၀နာရီ၁၅ ရေနံချောင်းရောက်၊ ပုပ္ပားတောင် ၁ချက်ခွဲရောက်၊ ခေတ္တနားပြီး လျှောက်လည်၏။ ဦးကုမာရဌာနက တော်တော်စည်ကားနေ၏။ တိုက်များ၊ ဝမ္ဗာရုံများ တွေ့ခဲ့၏။ ပုပ္ပါးတောင်ထိပ်၏အရှေ့ဘက် လှမ်းပြီးကြည့်လိုက်သောအခါ ဒီဟာက ဦးပေါက်ဆိန်နေရာဟု လက်ညှိုးထိုးပြ၍ ကြည့်သောအခါ ရိပ်သာကျောင်း ကမ္မဌာန်းကျောင်းကလေးများ ၄-၅-၁၀ကျောင်းလောက် တွေ့ရ၏။ တိုက်တာအဆောက်အဦးမှာ ဦးကုမာရတိုက်လောက် မရှိပေ။

အမြောက်တပ်မှထွက်၍ ရသေ့ဝတ်ပြီး ပုတီးစိပ်လာသော တပ်ကြပ်ရသေ့လေးနှင့် တွေ့၏။ ည ၈နာရီတက်၍ ၉နာရီကစပြီး ပုတီးမိုးအလင်း စိပ်ကြရန် ပြောကြ၏။ အာရုံခံတခုထဲဝင်အိပ်ပြီး ည ၈နာရီလောက်ထပြီး ပုပ္ပားတောင်မြောက်ဘက်ဆောင်းတန်းဦး ချိန်းထားသောနေရာတွင် ရသေ့လေးနှင့် တွေ့ကြပြီး တောင်ပေါ်တက်သွားကြ၏။ ည ၉နာရီ၁၅မိနစ်လောက် တောင်ပေါ်ရောက်၏။ ကျွန်ုပ်က ထီးသုံးဆင့်ဘုရား ရှေ့တော်မှာထိုင်ပြီး ပုတီးစိပ်၊ ရသေ့လေးက တောင်ဘက်နားက စမျက်နှာစေတီမှာ ပုတီးစိပ်၏။

၄၅ပတ် ၅ကြိမ်စိပ်ရန် အဓိဋ္ဌာန်လိုက်၏။ ပရိကံယူပြီး ပုတီးစိပ်တော့၏။ ၉ပတ်လောက်အရတွင် အလွန်ငိုက်မြည်း၏။ ဇွတ်အတင်း ဖိစိပ်ရ၏။ အပတ် ၂၀လောက်အရတွင် "ဝုန်း"ကနဲ ရိုက်လိုက်သံ ကျောနောက်မှ ကြားလိုက်ရ၏။ တုံသွား၏။ ထိုအခါကြမှ အိပ်ချင်စိတ် ပျောက်သွား၏။ အပတ် ၃၀ရ၏။ ၁၀နာရီ သံချောင်းခေါက်သံ ကြားရ၏။ တတောင်လုံးလဲ မီးများမရှိတော့။ ကျွန်ုပ်၏ကျောနောက်က လမ်းလျှောက်သံမပြတ် ကြားနေရ၏။ ကျွန်ုပ်က ဘိုးတော်များ စောင့်ရှောက်နေကြတာဘဲဟု အားတက်၍ စိပ်၏။ ပြီးသွား၍ မေတ္တာပို့ အမျှဝေလိုက်၏။ သာခုခေါ် သော မိန်းမသံလို ကြား၏။ ကျွန်ုပ်အဖို့တော့ မဆန်းတော့ချေ။ တောင်ဘက်လျှောက်၍ ရသေ့လေးကို ကြည့်၏။ တခေါခေါနှင့် ခွေယုက်ကလေး အိပ်ပျော်နေ၏။ ကျွန်ုပ်လည်း မနှိုးဘဲ ကိုယ့်နေရာကိုယ် ပြန်လာ၏။ ကျွန်ုပ်စိပ်သော ဘုရားရှေ့တွင် ဖယောင်းတိုင် ၃တိုင် ထွန်းထား၏။ ကျွန်ုပ်က အကြောင်းကို စုံစမ်း၏။ စပယ်နံ့ရ၍ ကြည့်လိုက်၏။ စပယ်ကုံး တတောင်ထွာလောက်၊ လောလောလတ်လတ် ဘုရားလှူထားတာ တွေ့ရ၏။ လေကလေး ကလဲ ဖြူးဖြူးတိုက်နေ၏။ ကျွန်ုပ်လည်း လေကွယ်ရာမှ ပုတီးထိုင်ရန် ပရိကံယူမလို့ ဝတ်ချလိုက်၏။ ခြုံထားသောသင်္ကန်းကို ဆွဲထားသဖြင့် ဝတ်ချရာက လှည့်ကြည့်လိုက်၏။

သနပ်ခါးရောင် ဖက်ရှင်နှင့် ရှမ်းဒေဝီခေါင်းပေါင်းလို ပေါင်းထားသော

ထူးဆန်းပါဘိတော့၏။ သနပ်ခါးရောင် ဖက်ရှင်နှင့် ရှမ်းဒေဝီခေါင်းပေါင်းလို ပေါင်းထားသော အသက်၃၀လောက် နွဲ့နွဲ့နှောင်းနှောင်း မိန်းမပျိုတယောက်ကို တွေ့မြင်ရ၏။ တကိုယ်လုံးလည်း ဘော်ကြယ် များက လက်နေ၏။ အသားမှာ ဖြူဝါကလေးဖြစ်၏။ လပြည့်ကျော် ၉ရက်ဖြစ်၍ လကလည်း ထန်းတဖျား လောက် မြင့်နေ၏။ လရောင်နှင့်သူကလေးက အတော်ပဏာရနေ၏။ ထိုအခါ ကျွန်ုပ်က နှမလေးက ဘယ်သူပါလဲ။ မယ်ဝဏ္ဏခေါ် ပုပ္ပါးမယ်တော်ပါ။ ကျွန်ုပ်ကြက်သီးများ ဖျန်းကနဲထသွား၏။ ကျွန်ုပ်က သံသယဖြင့် ကြည့်နေ၏။ ကိုယ်တော်လေးက သံသယ ဖြစ်နေလား။ ဘာမှမပြောဘဲ ကျွန်ုပ်က အကဲခတ် နေ၏။ ကိုယ်တော်လေးက ပန်းစားဘီလူးမဆိုပြီး ဤကဲ့သို့ တွေ့ရတော့ အံ့သြနေတာလား။ဟုတ်ပါတယ်။

ဒီလိုကိုယ်တော်လေးဘုရား- တပည့်တော်မ ပြောပြပ့ါမယ်။ ရှေ့နားတင်တော်မူပါ။ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ကျော်လောက်က မီးတောင်စဲသွားပြီးနောက် ဆေးပင်၊ ပန်းပင်၊ ဂမုန်းပင်၊ ပမုန်းပင်များ ပေါက်ပွားဖြစ်ထွန်းလာကြပါတယ်။ ထိုအခါ သရေခေတ္တရာမှ ပုဂံနေရာကို ရှာလာတည်သော လူများက ဤတောင်ကိုလာလာပြီး ပန်းခူးကြပါတယ်။ လူတွေက ပန်းမျိုးစုံလှလို့ ပုဖ္ဖတောင်လို့ အမည်ပေးထား ကြပါတယ်။ အချို့ပညာရှိများကတော့ "ဂန္ဓမာဒနတောင်"လို့ အမည်ပေးကြပါတယ်။ မြွေနဂါးတို့လဲ အလွန်ပေါကြပါတယ်။ လူတွေဟာ ဂမုန်းတို့ ပမုန်းတို့ရှာပြီး မန္တာန်စုတ်၍ နာနာဘာဝ၊ ဝိနာဘာဝတို့၊ ဥစ္စာစောင့်တို့ကို နိုင်ထက်ကလူပြုပြီး ခိုင်းစေကြပါတယ်။ တချို့လူများ ဤတောင်မှာရှိသော ဂမုန်းပင်များကို ဆေးစီရင်ပြီး ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးများတောင် ခိုင်းစေနိုင်တဲ့အထိ စွမ်းဆောင်နိုင်ကြ၍ ထိုနတ်များမှာ လူတွေရဲ့ အန္တရာယ်များလှသောကြောင့် ကာကွယ်စောင့်ရှောက်ပေးရန် လောကပါလနတ်မင်းကြီး လေးပါးကို တောင်းဆိုကြတယ်။ နတ်မင်းကြီးလေးပါးက ခမည်းတော်ဝဿဝဏ္ဏ နတ်မင်းကြီးကို ဤတာဝန် လွှဲအပ်သောကြောင့် ခမည်းတော် ဝဿဝဏ္ဏ နတ်မင်းကြီးက ဘုရားတပည့်တော်တို့ သမီးတော် ၃ယောက် ကို တာဝန်ပေးပါတယ်။ တပည့်တော်၏ အမည်ရင်းက ဝဏ္ဏပဘာဒေဝီ ဖြစ်ပါတယ်ဘုရား။

ကျန် ၂ယောက်ကကော- ဝဏ္ဏသူဇာဒေဝီနှင့် ဝဏ္ဏစန္ဒီဒေဝီတို့ ဖြစ်ကြပါတယ်ဘုရား။ ရှိပါသေးလား၊ နတ်ပြည်ပြန်သွားကြပါပြီဘုရား။ ဘာဖြစ်လို့လဲ၊ တပည့်တော်မက ကိုဗျတ္တကို ယူမိလို့ပါဘုရား။ ဪ- ဪ ဒါဖြစ်ရင် လောကပါလ နတ်မင်းကြီးလေးပါးဆိုတာ ဘယ်နတ်တွေပါလဲ။ သာသနာတော်စောင့် နတ်မင်းကြီးလေးပါးပါဘုရား။ ပန်းစားဘီလူးမလို့ ဘာကြောင့် ခေါ်တာလဲ။ ကိုဗျတ္တနှင့်တွေ့တော့ ပန်းစား ဘီလူးမဖြစ်၍ တပည့်တော်ကို မယူဘို့ရာအကြောင်း ပြောပြပါတယ်။ ရေစက်ပါတော့လည်း သူတ ဘီလူးမဖြစ်ဖြစ် ယူမှာဘဲဆိုပြီး ပြောတာနဲ့ တပည့်တော်မ သနားပြီးယူတာပါဘဲ။ ဒါပေမဲ့ ဘီလူးမလို့ ထင်အောင် သူ့ကို ခေါင်းမှာ ဘီလူးခေါင်းစွပ်ဆောင်းပြီး ပြထားရတယ်။ သူကတော့ သေသည့်တိုင်အောင် ဘီလူးမလို့ မှတ်သွားတာပါဘဲ။ လူတွေကလည်း ဘီလူမလို့ ထင်နေကြတာပါဘဲ။ ဪ- ဪ- ဪ - ဒီလိုကိုး။

တပည့်တော်မကို မေတ္တာပြုပြီး အမျှဝေပေးပါကိုယ်တော်လေးဘုရား။ တပည့်တော်မကလည်း ပြန်ပြီးကျေးဇူးတုံ့ပြန်ပါမယ်။ ကောင်းပါပြီ ဝဏ္ဏပဘာဒေဝီ။ ဒါပေမဲ့ မယ်ဝဏ္ဏလို့ဘဲခေါ်ပြီး အမျှဝေမယ်နော်။ ကျေးဇူးကြီးလှပါတယ်ဘုရား။ ကိုယ်တော်လေးကို နံနက်ပုတီးစိပ်ပြီးသောအခါ သစ်သီးဆွမ်း လှူပါရစေ ဘုရား။ ကောင်းပါပြီ ဝဏ္ဏပဘာဒေဝီ။ ဤတောင်ပေါ်မှာ အေးအေးချမ်းချမ်းသာ ပုတီးစိပ် တော်မူပါ၊

အားလုံးတပည့်တော်မတာဝန် ရှိပါစေဘုရား။ ကိုင်း- ကိုင်း ကိုယ်တော်လေး ပုတီးစိပ်အုံးဘုရား။ အချိန်တောင်အတော်ညောင်းသွားပြီ။ ကျွန်ုပ်ကနာရီ ကြည့်လိုက်၏။ ၁၂နာရီခွဲသွားလေပြီ။ သို့ဖြစ်၍ ပရိက်ယူပြီးစိပ်၏။ ယာဘက်ဘေးက ဘုန်းကြီးတပါးလာ၍ ပုတီးစိပ်နေ၏။ ဝဲဘက်ဘေးကလည်း အဘိုးကြီးတယောက် ပုတီးလာစိပ်နေ၏။ ၁နာရီ၂၀မှာ ဒုတိယအကြိမ် ပြီး၏။ ဘိုးတော်နှင့်အရှင်မြတ်က မပြီးသေးချေ။ ၁၀မိနစ်လောက်စောင့်ကြည့်၏။ မပြီးသေး၊ ထို့ကြောင့် ကျွန်ုပ်လည်း တတိယအကြိမ် လမ်းလျှောက်စိပ်ရန် အဓိဋ္ဌာန်၏။

ပုတီးစိပ်လို့ ၂၅ပတ်လောက်အရတွင် အရှေ့ဘက်မှ ဘုရားကုန်းတော်ပေါ်သို့ ပေါင်လုံးလောက်မြွေကြီးတကောင်လာနေ၏။ ကျွန်ုပ်လည်း လမ်းလျှောက်မပျက် ပုတီးစိပ်နေပြီး အခြေအနေကို စောင့်ကြည့်နေ၏။ ဘိုးတော်တို့ အရှင်မြတ်တို့ စိပ်နေသောအလယ်တွင် ကျွန်ုပ်ထိုင်ခဲ့ သောနေရာတွင် ဝင်ခွေနေ၏။ ဘိုးတော်တို့ အရှင်မြတ်တို့ကလည်း ဂရုမမူကြချေ။ မြွေကြီးကလည်း ခေါင်းဝပ်ပြီးခွေနေ၏။ ကျွန်ုပ်ကလည်း အဖော်ရနေသောကြောင့် အားတက်စွာပုတီးစိပ်၏။ ၂နာရီ၁၀မိနစ်လောက်တွင် ပြီးဆုံးသွား၏။ ဘုရားရှိခိုး မေတ္တာပို့ အမျှဝေလိုက်၏။ ဘိုးတော်နှင့်အရှင်မြတ် ထလာကြ၏။ ကျွန်ုပ်ကလည်း မတ်တပ်ရပ်လိုက်၏။ ကိုယ်တော်လေး လက်ဝဲးဖြန့်ဆိုပြီး ဘိုးတော်က လက်ဝါးခြင်း ၉ချက် ရိုက်ပေး၏။ ဆေးတောင့်လေးများ တတောင့်စီပေးကြ၏။ ၉ရက်တိတိ ဆက်သောက် ပါဟု ပြောကြ၏။ ကောင်းပါပြီဟု ဝန်ခံလိုက်၏။ အရှင်မြတ်တို့လည်း ပျောက်သွားကြ၏။ မြွေကြီးလည်း မရှိတော့ချေ။

ကျွန်ုပ်လည်း စတုတ္ထအကြိမ်စိပ်ရန် ပရိက်ယူ၏။ ၃နာရီခွဲလောက်တွင် ပြီးသွား၏။ ပိုလိုတလိပ်ညိုသောက်ပြီး ဆက်၍ ပဥ္စမအကြိမ်စိပ်၏။ ပုတီးစိပ်လို့ ၁၂ပတ်အရတွင် မိန်းကလေး ၂ယောက် ဘေးနားလာထိုင်ပြီး ဘိုးတော်တို့ပေးသွားတာ ဆေးတောင် ၂တောင့်မဟုတ်လားဘုရား။ တပည့်တော်မတို့ကို တတောင့်လောက် ပေးသနားပါဘုရား။ ကျွန်ုပ်က ကိုယ့်အဓိဋ္ဌာန်နှင့်ကိုယ် ပုတီးကိုသာ ဆက်စိပ်နေ၏။ ပုတီးစိပ်လို့အပတ် ၄၀ လောက်ရှိသွားတာတောင် သူမလေးတွေ တောင်းနေတုံး ရှိသေး၏။ ကျွန်ုပ်က ဘာကိုမျှမပြောဘဲ ပုတီးကိုသာဆက်စိပ်၏။ ၃ပတ်လောက်အလိုတွင် ဝဏ္ဏပဘာရောက်လာ၏။ ဒီကောင်မလေးတွေက ဘာလာရှုတ်နေကြတာလဲ ဆိုသောအသံ ကြားလိုက်ရ၏။ မွှေးကြိုင်နေ၏။ ကိုယ်တော်လေး ပြီးအောင်သာ စိပ်ပါဘုရား။ တပည့်တော်မ စောင့်နေပါတယ်။ ပုတီးစိပ်လို့ ပြီးဆုံးသွား၍ မေတ္တာပို့ အမျှဝေလိုက်၏။ အချိန်မှာ ၅နာရီမတ်တင်းလောက် ရှိ၏။ တတောလုံး ပွဲတင်ထပ်သွားသည်ဟု ထင်ရ၏။ ကျွန်ုပ်ပါးစပ်က အောင်ပြီ- အောင်ပြီ- အောင်ပြီ လို့ ၃ကြိမ် အော် လိုက်၏။ ဝဏ္ဏပဘာလည်း လိုက်အော်၏။

တကယ့်အလုပ်ကို တကယ်လုပ်ပြီး မည်သူကိုမျှ အနှောက်အယှက်မပေးဘဲ ကျင့်ကြံနေတဲ့ အာဇာနည်ပုဂ္ဂိုလ်မြတ်ကို ဖူးတွေ့ရတာအလွန် အားရဝမ်းသာလှပါသည်ဘုရားဆိုပြီး သူနဖူးနှင့် ကျွန်ုပ်ခြေထောက်ထိပြီး ဝတ်ချ၍ ကိုယ်တော်လေး ကြွတော်မူပါ၊ သစ်သီးဆွမ်း ဘုန်းပေးတော်မူရအောင်ဆိုပြီး ဘယ်လက်က သက်န်းကိုဆွဲပြီး ပင့်သွားလေသည်။ ပုပ္ပါးတောင်ကလပ်၏ တနင်္ဂနွေထောင့်ထဲဟု မှတ်လိုက်၏။ တောင်ကလပ်မှဆင်း၍ တတောင်တက်သွားပြီး တောင်ထိပ်နားလောက်မှာ ဂူလေးတဂူထဲ ပင့်သွားပြီး သစ်သီးများ သူကိုယ်တိုင်ခွါပြီး ကပ်၏။ အဖော်မိန်းကလေးများ ၃၀ ထက်မနည်းပေ။

ကျွန်ုပ်လည်း သူခွါပေးသော ငှက်ပျောသီးတလုံးကို ပထမစား၏။ ၄င်းနောက်ဩဇာသီး၊ နာနတ်သီး၊ မာလကာသီး၊ သီးမွှေးငှက်ပျောသီး၊ အုန်းသီးစိတ်တို့ကိုစားပြီး ရွှေခွက်၊ ရွှေရေတကောင်းဖြင့် ရေကပ်၍ သောက်၊ ခွက်မှာကျန်သော ရေကို သွန်ပြစ်မည်လုပ်သောအခါ မသွန်ပါနှင့်ဘုရား။ တပည့်တော်မ ကို သနားပါဆိုပြီး ဝဏ္ဏပဘာက သောက်ချလိုက်၏။ ကျွန်ုပ်အကျန် သစ်သီးများကို သူကိုယ်တိုင်လည်း စား၏။ သူ၏ရံရွှေတော်များကိုလည်း ပေး၏။ ထိုအပြုအမူကို ကျွန်ုပ်က အံ့အားသင့်စွာ ကြည့်နေ၏။

နေဝန်းပြုလာတော့ သူနှင့်ရံရွှေတော် နှစ်ယောက်က လိုက်ပို့ကြ၏။ သနပ်ခါးရောင်ဝတ်စုံဘဲ ဝတ်ထား၏။ သို့သော် ခေါင်းပေါင်းကတော့ မပါတော့ပေ။ ဆံပင်လေး တပတ်လျှို ထုံးထား၏။ ပုပ္ပားရွာ ထမင်းဆိုင်များရှိသော ကားဂိတ်ကို ရောက်သွား၏။ ခရီးရောက်မဆိုက် ကားတစီးဝင်လာ၏။ ကျွန်ုပ်လည်း ကားပေါ်တက်ပြီး ကဲ သွားအုံးမယ်လို့ နှုတ်ဆက်၏။ သူတို့လဲ လက်အုပ်ချီပြီး ကျန်ရစ်ခဲ့၏။ မြင်းခြံစွန်းလွန်း ဂူကျောင်းသို့ ၁၁နာရီရောက်၏။ နေ့ဆွမ်းစားပြီး တည်းသောတိုက်ခန်းလေးထဲ အိပ်လိုက်၏။ ညနေ ၄နာရီလောက်မှ နိုးလာ၏။ မျက်နှာသစ်ပြီး စွန်းလွန်းဆရာတော်၏ ရုပ်ကလာပ်ကိုကြည့်ပြီး ကိုယ့်နေရာမှ လွယ်အိပ်ယူခါ နှစ်ကျိပ်ရှစ်ဆူဘုရား၊ ရထားလမ်း အရှေ့ဘက်က တင်ပလ္လင်ခွေ ရုပ်ပွားတော်ကြီးတို့ကို ဖူးမျှော်ပြီး ပုတီး ၉ပတ်စီ စိပ်၍ တည်းခန်းပြန်လာပြီး ပုတီးစိပ် မေတ္တာပို့ အိပ်၏။

၁၃၂၀ ခု တပေါင်းလဆန်း ၁၀ရက် ဗုဒ္ဓဟူးနေ့ နံနက် ၈နာရီ မြင်းခြံကထွက်၊ ၁၀နာရီ ညောင်ပင်သာရောက် ဆွမ်းစားထွက်၊ ကျောက်ဆည် ၁၀နာရီခွဲရောက်၊ မန္တလေး ၁ချက်ခွဲရောက်၊ ကျောင်းသို့ ၃နာရီရောက်၏။ နံနက်လင်းသောအခါ အစိဌာန်ဝတ္တရားအတိုင်း ကြိ၅ကြိကို သွားရောက် ဖူးမျှော်ပုတီးစိပ်။ ၁၃၂၀ ခု တပေါင်းလဆန်း ၁၄ ရက်၊ ရန်ကုန်ကဘုရားဖူးအဖွဲ့ကို စစ်ကိုင်း တောင်ဘုရားများ လိုက်ပို့ပြီး ပုတီး ၉ပတ်စီ စိပ်ခဲ့၏။

၁၃၂၀ ခု တပေါင်းလဆုပ် ၈ရက်နေ့ ပဲ့ပါကျောင်းတိုက် ဆွမ်းစားပြီး ရွှေစာရံဘုရားပွဲကိုသွားပြီး ရွှေစာရံနှင့်နဂါးရုံဘုရားများကို ပုတီး ၁၀၈ ပတ်စီစိပ်ခဲ့၏။ ဘုရားမှ ၄နာရီပြန်၊ ကျောင်း ၆နာရီရောက်၏။ ဘုရားဖူးများကို မမြို့လိုက်ပို့ ဉာဏ်တောဘုရား၊ ရွှေစည်းခုံဘုရား၊ ဆုတောင်းပြည့်ဘုရားများကို ပုတီး ၉ပတ်စီ စိပ်ခဲ့၏။ ၁၃၂၀ ခု သင်္ကြန်အကြိုနေ့ နှောင်းတန်ခူးလဆန်း ၆ရက် တနင်္လာနေ့ ဘုရားဖူးများ မန္တလေးတောင်ပို့။ မန္တလေးတောင်ပေါ်ကဘုရား ၁၈ဆူ ပုတီး ၉ပတ်စီစိပ်ခဲ့၏။ ဖွတ်မင်းစေတီနားမှာ မွန်းတည့်သိမ်တခုရှိ၏။ ထိုသိမ်လည်း ဝင်စိပ်ခဲ့၏။ သို့သော် အောင့်ပင်လယ်ကန် မြောက်ဘက်ကသိမ်က စစ်၏။

သင်္ကြန်အကျနေ့ ဘုရားဖူးများစစ်ကိုင်းတောင်၊ စစ်ကိုင်းမြို့ရှိ ဘုရားများလိုက်ပို့၊ ပုတီး ၉ပတ်စီ စိတ်ခဲ့၏။ ကောင်းမှုတော်ကြီး တနင်္ဂနွေထောင့်က ပုတီး ၂၇ပတ်စိပ်ခဲ့၏။ ညတွင် ဖုံးအိုးနှင့်ပန်းဘဲတန်း မီးလောင်၊ အိမ်ခြေ နှစ်ထောင်လောက် ပြာကျသွား၏။ သင်္ကြန်အတက်ရက်တွင် နံနက် ၆နာရီခွဲ အမရပူရ ကျောက်တော်ကြီးဘုရား၊ တောင်မင်းကြီးဘုရား၊ သတ္တဌာနဘုရား၊ အောင်ခြင်းရှစ်ပါးဘုရားများကို ဘုရားဖူးများလိုက်ပို့၊ ပုတီး ၉ပတ်စီစိပ်ခဲ့၊ ကျောင်း ၉နာရီပြန်ရောက်၊ ဆွမ်းစားပြီး ဘုရားဖူးများကို မင်းကွန်းဘက်လိုက်ပို့၊ မော်တော်စင်းလုံးငှားသွား၏။ ၁၀နာရီ၂၀ မရမ်းခြံထိပ်ရောက်၊ ၁၁နာရီခွဲ မင်းကွန်းရောက် ဆွမ်းစားကြပြီး စက်တော်ရာဘုရား၊ ပုထိုးတော်ကြီး၊ ခေါင်းလောင်းကြီး၊ မြသိမ်းတန်၊

ဟောဓိဘုရားဖူး ပုတီး ၉ပတ်စီစိပ်ခဲ့၏။ မော်တော်ပေါ် သို့ ၄နာရီ၁၅ရောက်၊ ထွက် ၅နာရီ၁၅ မန္တလေးရောက်၊ ကျောင်းသို့ ၆နာရီခွဲရောက်။

၁၃၂၁ ခု တန်ခူးလဆန်း ၁၀ရက်၊ နှစ်ဆန်းတရက် သောကြာနေ့တွင် နံနက် ၇နာရီခွဲ ကျောင်းက ထွက်၊ ကောင်းမှုတော်ကြီး၊ ဆင်မျှားရှင်ဘုရား၊ ငါးထပ်ကြီး၊ ကြေးဘုရားကြီး၊ ထူပါရုံ၊ ခါတ်ပေါင်းစေတီ၊ ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားများကို ဘုရားဖူးလိုက်ပို့ပြီး မင်္ဂလာအခါတော်နေ့ဖြစ်၍ ညတွင် ပုထိုးတော်ကြီး၊ ဂူကြီး၊ အောင်မြေဘုရားများ ၁၁ဆူတို့ ရှေ့တော်ဝယ် မင်္ဂလသုတ်ဂါထာတော်များကို တဂါထာ တလုံးချ၍ ပုတီးတပတ်စီ စိပ်ခဲ့၏။

ညသန်းခေါင်ယံတွင် တရေးနိုးလာ၏။ ဟိန္ဒူကုလားလို သို့မဟုတ် ပုဏ္ဏားလိုဝတ်ဆင်ထားသော ခေါင်းတွင်မကိုဋ်ဆောင်း၍ နားကွင်း၂ဖက်နှင့် ရွှေစလွယ်၊ လက်စီး တို့ပါ ဆင်မြန်းထားသော ပုဂ္ဂိုလ်တယောက်ကို ပထမတွင် မှုံပြပြမြင်ရပေသည်။ တဖြည်းဖြည်းနှင့် ထင်ရှားစွာ ပေါ်လာပေသည်။ ကျွန်ုပ်လည်း ရုတ်တရက် ကုတင်ပေါ် အိပ်ရာမှ ထိုင်မိရက်သား ဖြစ်သွားပေသည်။

ထိုအခါ သူ့ခေါင်းတွင် ဆောင်းထားသော မကိုဋ်ကို ကျွန်ုပ်ခေါင်း ဆောင်းပေးသည်။ ကျွန်ုပ်လည်း ကြက်သေသေကာ သူပြုသမျှ ခံနေရပေသည်။ ထိုပြင် နားကွင်း၊ လက်စီးကို စလွယ်နှင့်တကွ ကျွန်ုပ်ကို ဝတ်ပေးလေသည်။ ထိုအခါ ကျွန်ုပ်က သူတော့ဆင်မြန်းထားတာတွေ ရှိတော့မှာမဟုတ်တော့ဘူး ဟု အောက်မေ့ပြီး သူ့ကိုကြည့်ရာ သူလဲဝတ်ဆင်ထားတာ မူမပျက်ရှိနေပေသည်။ ကျွန်ုပ်စိတ်ထဲက သူ့ကို မေးမြန်းခြင်၏။ ပါးစပ်က မေးမြန်းလို့မရချေ။ သို့နဲ့ ကိုယ်ကိုလှုပ်ရှားကြည့်၏။ လှုပ်ရှားလို့မရပေ။ ကျွန်ုပ်လည်း ဟင်းချ၍ သူပြုသမျှဘဲ ခံနေပေသည်။

ကျွန်ုပ်ကို သူအားလုံး ဝတ်ဆင်ပြီးသောအခါ သူ့လက်ထဲတွင် ခရုတလုံး ရောက်လာသည်။ လက်၂ခရစ် ငွေရောင်တောက်ပသော ခရုသင်းကြီးဖြစ်သည်။ ၉လက်မ လောက်ရှည်သည်။ သူလိုဝတ်ဆင်ထားသော ပုဂ္ဂိုလ်တယောက် ရောက်လာပြန်သည်။ တယောက်ပြီး တယောက် ရောက်လာရာ ၅ယောက်ဖြစ်နေ၏။ ထိုအခါ ကုတင်ဖဲဘက်၊ ယာဘက် ၂ယောက်စီ၊ ခေါင်းရင်း ကတယောက် ရပ်လျှက် ခရုသင်းများမှ ရေတပေါက် တပေါက် ကျစေလျက် ဂါထာများ ရွတ်ဖတ်ကြပါ တော့သည်။ ပုဏ္ဏားသံများနှင့် ရွတ်ဖတ်ကြပေသည်။ ကျွန်ုပ်လည်း လူတွေတော့ သိကုန်တော့မှာဘဲ။ ပြောလာကြရင်တော့ အခက်ပဲဟု တွေးတောစိုးရိမ်နေ၏။ စိုးရိမ်စိတ်များ ပျောက်သွား၏။ ကျလာသော ရေစက်များမှာ မွှေးကြိုင်လျက်ရှိ၏။ နာရီဝက်လောက် ရွတ်ဖတ်ကြပြီးလျှင် သပြေခက်များဖြင့် ကျွန်ုပ်ဆောင်းထားသော နားကွင်း၊ မကိုဋ်တို့ကို ထိုးကြ၏။ လက်နှစ်ဖက်ထဲလဲ လာထည့်ထား၏။ တခန်းလုံး မွှေးကြိုင်နေ၏။

ပြီးလျှင် ပထမပုဂ္ဂိုလ်က အောင်ပြီ- အောင်ပြီ- အောင်ပြီဟု ၃ ကြိမ် အော်လိုက်၏။ နောက် လေးယောက်က ပြိုင်တူအော်၏။ ထိုအခါကြမှ ကျွန်ုပ်က မေးနိုင် ပြောနိုင်လာ၏။ ဒါက ဘာလုပ်ကြတာ ပါလဲ။ အောင်ဘိတ်သိတ်သွန်းတာပါ ကိုယ်တော်။ ခင်ဗျားတို့ရွတ်တဲ့ ဂါထာတွေက ကျွန်ုပ်ဖြင့် စာတွေထဲမှာ တခါမှမတွေ့ဘူးပါဘူး။ ပေးနိုင်လို့ရှိရင် ကျွန်ုပ်ကို ပေးခဲ့စမ်းပါ။ ပေးပါ့မယ်ကိုယ်တော် သို့သော် စည်းကမ်းနဲ့ ရွတ်ရပါတယ်ကိုယ်တော်။ စည်းကမ်းက ဘယ်လိုပါလဲ။

အဗြဟ္မစရိယသိက္ခာပုဒ်

၁။ ဤဂါထာကို ရွတ်မည်ဆိုလျှင်အနည်းဆုံး ၃ ရက်လောက်ကြိုတင်၍ လုံခြုံရခြင်း။

၂။ သားကြီးငါးကြီးမစားရခြင်း။

၃။ သေအရက်စသော ယစ်မူးစေတတ်သော အစားအာဟာရမျိုးကို မစားရခြင်း။

၄။ ကိုယ်လက်အင်္ဂါ၊ ပါးစပ်၊ ခံတွင်းသန့်ရှင်းအောင်ပြုလုပ်ရခြင်း။

၅။ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသော နေရာဖြစ်ရခြင်း။

၆။ ဘုရားရှေ့တော်တွင် ကိုးပါးသီလဆောက်တည်ပြီးမှ ရွတ်ရခြင်း။

၇။ လမ်းကြီးကို ကျင့်ကြံသော ပုဂ္ဂိုလ်သည် အောင်မြင်လုဆဲဆဲအချိန်အခါမှာသော်၎င်း၊ အောင်မြင်ပြီးသောအချိန်အခါမျိုးသော်၎င်း ထိုအချိန်အခါမျိုးမှ ရွတ်ဖတ်ပွားများနိုင်ခြင်း။

၈။ တစ်ခါရွတ်လျှင် ဌာန်ကရိုဏ်းပီသစွာဖြင့် ၃ ကြိမ်ထက်မနည်း အစကအဆုံးတိုင်အောင် ရွတ်ဖတ်ရခြင်း။

၉။ အမွှေးနံ့သာ အောင်သပြေ၊ ငွေခရုသင်း၊ ပိတ်ဖြူတို့ကို ဆင်မြန်းပြီးမှ ရွတ်ဖတ်ရခြင်း။

ဤအချက် ၉ ချက်ဖြင့် ပြည့်စုံမှသာ မန္တာန်များကို ရွတ်ဖတ်ရပါသည်ကိုယ်တော်၊ ကိုယ်တော်မြတ် လိုချင်ပါလျှင် ဤပုရပိုက်ထဲမှာပါပါသည်။ ကူးပါ။ နက်ဖြန်ပြန်ယူပါမည် - ကောင်းပါပြီ။ ကျွန်ုပ်လည်း ပုရပိုက်ကိုလှမ်းယူလိုက်ပါသည်။ ပုဂ္ဂိုလ်ငါးယောက်တို့လည်း ပျောက်ကွယ်သွားကြပါသည်။ ကျွန်ုပ်သည် အလွန်ပီတိဖြစ်၍အလွန်အံ့ဩစွာနှင့် အတွေးနယ်ထဲတွင်နစ်မြောနေပြီး မျက်စိ ကြောင်၍ ထပ်အိပ်မ[illegible]ပေ။ သတိရ၍နာရီထကြည့်လိုက်သောအခါ ၃ နာရီခွဲနေပြီ။ ကျွန်ုပ်သည် မီးထွန်းပြီး ပုရပိုက်ထဲမှ ပါလာသော ဂါထာမန္တာန်များကို ကူးယူပါတော့သည်။ ထိုဂါထာများက အောက်ပါအတိုင်းဖြစ်သည်။

**အထူးသတိပြုရန်မှာ -ဤဂါထာမန္တာန်များကို ကူးယူလိုပါက ဝိုင်ရှင်အစောင့်ကို ပန်ကြားပူဇော်ပြီးမှ ကူးယူပါလေ။**

(က) အမရွှံ ဟြီဟြီ ဖြိ မုခံပ ဂရုံ
ဖြေ ပိဋကံဟြီဟြီ၊ ဘာ ဟိန္ဒြိ
မဟိန္ဒြိ၊ ဗျ ကျန္ဒြိ
ဗေဒါ ရဂြဟာ၊ သျှရာဂ ဂျာကြာ။
စိန္တာမုနိ ဆမရွှံ ဟြီ ဟြီ။
ကြုဗ္ဗန္တမေ၊ ဂျယ်မံ ဂ လံ။

(ခ) ဥုံ ကာကထာယုံ သရပတာ ယုံဟိပတ္တံသွား ဟဲယျ
ကကါ ယေါစန္တ နကာယဿ၊ ကါယဿဓိရာဇပတံ။
ဣမိနံ ဒုမေဝစ ဘာနံသန္တဿ - နောရင္ဂတိ
ရင္ဂမာနော - နာနော နာနော - ဘုမ္မိရာဇ နော။
ဣတိပိသော ဘဂဝါ ဝုတ္တာ၊ ဣတိမန္တာ သွာခါဝဟာ

ဣတိ ဗုဒ္ဓေဟိ၊ သရဏံ ပိယံမမ၊ ဣတိဓမ္မေဟိ သရဏံပိယံမမ၊ ဣတိသံဃေဟိသရဏံ
အန္တရာယော ဝိနာသန္တု ဣတိသံ ဃေဟိသရဏံ ပိယံမမ၊ ဣတိသံ ဃေဟိသရဏံ
ဝရရာဇပိယံမမ။
နောရဋ္ဌတိ ရဋ္ဌမာနော နာနော နာနော ဥတ္တမော
နာနော နာနော ဘုမ္မိ ဘုမ္မိရာဇနော။
(ဂ) သုပတ္တိတေ မဟာရာဇာ သုခံ လာဘံဟိ ပူဇိတော
မဟတ္တာနံ မဟာလာဘ၊ ရာဇကောခံ ဝိနာသန္တိ။
ဂါမေ ယဒိဝါရညေ၊ နိန္နေဝါယ ဒိဝါထ လေ၊
ယံ ဣစ္ဆာ ပိတံ သဗ္ဗံခိပ္ပ မေဝသမိဇ္ဈတု။
ရာဇာတိ သဗ္ဗသတ္တေသု ယဒိမိတ္တံ ဥပ္ပဋ္ဌယျ
ဇဝံသတိ၊ မမသိဒ္ဓိ၊ ဘဝတုသဗ္ဗပိယံနော။
အန္တေပိမာရိသော လောကေ၊
ဇိနသိသေ ပတိဋ္ဌိတော။
ဒေဝတာ မနုသောလောကေ။
တဒါ သုခံ ပိယံမမ။
(ဃ) ဥဒ္ဓံ သတ္တောစ၊ ပြဟ္မာစ၊ ဟေဋ္ဌာနာ ဂါဝစ သုပဏ္ဏော။
မဇ္ဈေယက္ခေါ စတုဒေဝေါ၊ သမုဒ္ဒေါ မဏိမေခလော။
ဧ တေစ ညေစသဗ္ဗေစ၊ ပြဟ္မာယက္ခာ စဒေဝတာ၊
သဗ္ဗေ မေတ်က ရောန္တုတေ။
သဗ္ဗ မန္တံ သတံ တေဇံ၊ သီဟရာဇာ၊ ဗျဂ္ဃရာဇာ၊ စောရာအဂ္ဂိစဝေ၊
ဥဒက ပထဝီစရာ၊ အဗ္ဘာပဋ္ဌာ နိဝေရာစ၊ နိဒုက္ခာစ နုပ္ပဒ္ဒဝါ၊
ဇိနေဝုဒ္ဓေါ - ဇိနော ဓမ္မော - ဇိနောသံဃောစ သဗ္ဗဒါ - သဗ္ဗေစာဝ ဒန္တိ။
(င) မ္ဗွိနမာသမ္ဗာ မောဟတိ ဝိမံချာတိ ဝိမမ လတုလျှာယ
ပရသု တယ ဖုဖုသွာဟ။ ။
(စ) မ္ဗွိနမော ရတနတ္တယာယ တိလောက ပူဇာယ ပြဝမင်္ဂလ
ဘိသျှတေ - သုယတိ သုယတိ ဘာယတိ သွာဟ။ ။
(ဆ) မ္ဗွိ နမာ ဒက္ခိယနတိ ဘရိယနတ် ပူဇာယနတ်
သာဂရနတ် သိဒ္ဓိ သိဒ္ဓိ သွာဟ ။ ။
(ဇ) မ္ဗွိ နမာ သိရာ လောက ဟိတာယ မောရောတိလောကဇာ
မပ စာရတိ ဂြဟာ နိယိသိဒ္ဓိနာ မသွာဟ။ ။
(ည) မ္ဗွိနမာ စရာယ မဟာသိဒ္ဓိကြံနာယ ခံသျှ - တို့ - ခံသျှ

ကန္တပုမှ တပုတဝေ တိဝေ ဝေတိကသု မုတာယ ဖုဖုသွာဟ။ ။
(၄) မြွှ နမာ သေဌဘူတာယ ဒေဝိန္ဒြာယ ဖြဟ္မာဒေဝါယ
ကန္တိကာယ တိကာလိကာယ ဝိလိကာယ တိသ္သ ဟုလု ဟုလု သွာဟ။ ။
(၅) မြွှ နမာ ပရိသုဒ္ဓိက ကါမံ ဈာဂဏာ ပတိ ဝိပရသူရာယှ ဖုဖုသွာဟ။ ။
(၃) မြွှနမာ မုနိန္ဒြါယ - က္ကဿာယ က္ကဿာယ ဖြုမ္ဗတိ ဖြုမ္ဗတိ သွာဟ။ ။
(ပ) မြွှ နမာ အဂ္ဂီရာယ၊ ဇာနာတ ဗန္ဓိယပတ္တိကာယ သုရန္တိတွာယ
ဂိရိ သွာဂိရိတာယ သွာဟ။ ။
(ဏ) မြွှ နမာနရတ် ဝါသုဘာယ သဗ္ဗလောက ဝိရုဇာယတ်
ဟာရိဘိသ္သနတ် ကာယ တိလောလီ ဝရတိ ဟုလု ဟုလု သွာဟ။
(တ) မြွှ နမာ ဖြဟ္မန္တ သျှိဝါယ သဗ္ဗလောက ဝနက္ခတာယ။
လောကါလိကာ နုသ္သ ဝိနာဝိနာသ္သ ဝိလတာ။
ဖုဖုသွာဟ ဗါဒါက္က။
(ထ) မြွှ နမာ မဟာဝိဟာ ဝိနာယက စန္ဒဒေဝါယ
ဘူသိကာ သဗ္ဗသျှ ေသခါရိ တျင်ရိတျာဝ
အသုနိတျာ ဝါဇာ သွာဟုံ သွာဟယျကပ်။ ။
(ဒ) မြွှ နမာ ဝိဿဏု ဒေဝါယ မဟိဒ္ဓိကာ ဇဂ္ဂိယ သွာဟသွာဟုံကပ်။ ။
(ဓ) မြွှသဗ္ဗသောဓ ကောမိ မဟာဖြဟ္မသိဒ္ဓိကနိ
ဇောကာရေ ဟုလု ဟုလုသွာဟ။ ။
(န) မြွှ နမာ သဗ္ဗလောက သောမာတိ သပ္ပဒ္ဒ တောတိ၊ ဖြဟ္မကောတိ
ဖြဟ္မကောတိ အနုတြာယ အာနုဘာဝေန
ဝါလိကါယ မိသာယ အသိဒ္ဓိသွာဟ။ ။
(ပ) မြွှ နမာတြေ လောကျနတ်တြေ ဘာဝနာယ
သိဒ္ဓိ ဟုလု ဟုလုသွာဟ။ ။
(ဖ) မြွှ သဗ္ဗဇိနာယ ပရမ လောကဒေဝါယ ဥတြာယ လိကါယ ဟုလုဟုလုသွာဟ။
(ဗ) မြွှ နမာအရောဓိကာယ ဖြဟ္မာယ ယဝါယ အရိန္ဒ ကါယ သွာဟ။ ။
(ဘ) မြွှနမာသိဒ္ဓိယ ကာယာဖြဟ္မာယ ကုန္တိကါ ဝန္တိကါ ယကသွာ သွာဟ
(မ) မြွှနမာ ဗုဒ္ဓဝံသ ကောသ ကပ္ပလိ သိဒ္ဓိ ဂုရု သိဒ္ဓိသွာဟ။
(ယ) မြွှ နမာ ဩိဗဩ စတ္တဝါဠ ဖြဟ္မာယ စတုရပ ဇောတိကါယ သိဒ္ဓိ
ကြမ္မယ သွာဟ။

(ရ) မြို့ နမာ ဓမ္မကါရ သဗ္ဗဗုဒ္ဓဂုဏံ ဘူတကာရံ အဟိလိတက် ယံယံဝတိ ဟုလုဟုလု သွာဟာ။

(လ) မြို့ နမာ ကဗျာတိဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ သဗ္ဗတ္တဗုဒ္ဓါ သဗ္ဗဒေဝါ သေဌိကါရံစ ကေစုဝသိဒ္ဓိသွာဟာ။ ။

(ဝ) မြို့ နမာ ဝိမလ ညြိဗဒ္ဓါဟ စက္ကဝါဠ မဟာသူရာ ဝဂ်ီရဘာသိကာ လောဟာရေ

မင်္ဂလ ဟုလု ဟုလု သွာဟာ။ ။

(ဟ) မြို့ နမောလောကရော မေတ္တိကာယ

မြို့ ဗုဒ္ဓါယတာ နေတ္တိကာယ ညြိကေယန္တိကာယ

အံ့ နမာ သိဒ္ဓိသွာဟာ။ ။

(အ) မြို့ နမာ ဗုဒ္ဓါယ နမာဗြဟ္မာယ ဂုရုသွာဟာ။ ။

(ကျ) မြို့ နမာသျကောယ နမာသဗ္ဗာ မဟာသိဒ္ဓိ၊

ဇယံဗလိဒ္ဓိ နုမင်္ဂါယသိဒ္ဓိ ဇယဇယသွာဟာ။ ။

(ကျာ) မြို့ နမာ သံဃာယ ဝိဇိတာယဂ္ဂုသွာရဒေဝါ

ဟုလု ဟုလုသွာဟာ။

(ကျိ) မြို့ နမာသဗ္ဗ ရတနာတျာယ ပံစ္စေကဗုဒ္ဓါယ

အဌရဟန္တာ ဇောဂနိပတ္တ ဖြမေဿရ တိသွာဟာ။

(ကျီ) မြို့ နမာသဗ္ဗာဗုဒ္ဓါနံ အပရဓိတ္တ အိုင်ဟိုင်သွာဟာ။ ။ မဟာသိဒ္ဓိသီရိပတ်ကြီး

ဤကဲ့သို့ ရေးကူးပြီးလျှင် ကျွန်ုပ်အိပ်ယာခေါင်းရင်းယာဘက်ကို ပုရပိုက်ကလေးတင်ထား၏။ နောက်တစ်နေ့တွင် မရှိတော့ပါ - ညြထူးဆန်းလှပါကလား - ဤအတွေ့အကြုံမျိုးကို ယုံနိုင်ဘို့ရာ အလွန်ခက်လှဘိကောင်း -

၁၃၂၁ခု၊ တန်ခူးလဆန်း ၁၄ရက်၊ ရန်ကုန်ဦးစိန်မောင်အဖွဲ့ကို မိုးညှင်းသမ္ဗုဒ္ဓေလိုက်ပို့၏။ နံနက် ၆နာရီခွဲ အမရဘူတာကထွက်၏။ စစ်ကိုင်း ၇နာရီရောက်၊ ၈နာရီညောင်ပင်ဝန်းရောက်၊ ၁၀နာရီ ၄၅မိနစ် မိုးညှင်းဘူတာရောက်၏။ မိုးညှင်းသမ္ဗုဒ္ဓေသို့ ၁၁နာရီရောက်၏။ ဆွမ်းစားပြီးဘုရားဖူးသည်၊ ပုတီး ကိုးပတ် စိပ်ခဲ့၏။ ၁၂နာရီ ၂၀သမ္ဗုဒ္ဓေမှပြန်၏။ မိုးညှင်းဘူတာက ၁း၂၅ ထွက်၊ ၄ နာရီညောင်ပင်ဝန်းရောက်၊ ၅နာရီ ရွာထောင်ရောက်၍ အမရပူရဘူတာသို့ ၆နာရီရောက်၏။ ၁၃၂၁ခု၊ ကဆုန်လဆန်း ၄ရက်၊ စစ်ကိုင်းတောင်ဘုရားများ စစ်ကိုင်းမြို့ထဲက ဘုရားတို့ကို ရန်ကုန်မသိန်းကြည်ကို ကိုကံထွန်း မကျင်မေတို့ ဘုရားဖူးအဖွဲ့လိုက်ပို့၏။ ကျွန်ုပ်ကတော့ "တံတားကျိုးတာနှင့်ရေချိုးချင်တာနှင့်အတော်ပဲ" ဆိုတာလို ဘုရားတဆူ ပုတီးကိုးပတ်စီစိပ်ခဲ့၏။

ဤလဆန်း ၅ရက်နေ့တွင် အမရပူရ ၆နာရီထွက် မတ္တရာ ၉ခွဲရောက်၊ ရွှေပုထိုးကျောင်းတိုက်မှ ဆရာတော်ဦး ဇဝနထံလိုက်ပို့ခြင်းဖြစ်၏။ ရွှေပုထိုးဘုရားဆုတောင်းပြည့်ဘုရားများ ပုတီး၁၀ပတ်စီ စိပ်ခဲ့၏။ မသိန်းကြည်တို့နှင့် ကိုကံထွန်းတို့အဖွဲ့ကိုလိုက်ပို့၏။ ၃နာရီမတ္တရာမှပြန်လာ၏။ ကျောင်း ၅ ခွဲရောက်၊ လဆန်း၆ရက်၊ မေမြို့လိုက်ပို့ ဘုရားများပုတီးကိုးပတ်စီစိပ်ခဲ့၏။ နံနက် ၆နာရီထွက် ညနေ ၅နာရီကျောင်း ပြန်ရောက်၏။

ကဆုန်လဆန်း ၈ ရက် ရှမ်းပြည်တောင်ပိုင်းလိုက်ပို့၏။ ဘုရားများပုတီးစိပ်၏။ ၉ ပတ်စီစိပ်၏။ ၁၀ ရက်နေ့ပြန်လာကြ၏။ ကဆုန်လပြည့်နေ့ ဦးစံလှ ရဲဘော်ကိုရန်ကင်းတောင်လိုက်ပို့၏။ အဖြစ်တော်စဉ် ဘုရားများကို ပုတီးကိုးပတ်စီစိပ်ခဲ့ခြင်း၊ ငါးရံ့တွင်းဆုတောင်းပြည့် ဘုရားရှေ့တော်တွင် ၂၇ ပတ် စီစိပ်ခဲ့၏။ နေ့ဆွမ်းစား ပြီးသွားကြ၏။ ညနေ ၆နာရီမှ ကျောင်းပြန်ရောက်၏။

၁၃၂၁ခု၊ ဝါဆိုလဆန်း ၉ရက် ဦးကျင်ဝမ်းနဲ့သား မိုက်ကယ်နှင့် ကျွန်ုပ်တို့ရွှေဘိုသွားကြ၏။ နံနက် ၅နာရီ အမရကထွက် ရွှေဘိုကို ၈ နာရီ ၁၅ ရောက်၊ ဘဏ်မန်နေဂျာဆီသွားပြီး ဇိနမာရ်အောင် ဆရာတော် ဦးဩဘာသထံသွားသည်။ ၎င်းက ရွှေဘိုဘုရားများလိုက်ပို့၏။ ၁ အောင်မြေဘုရား၊ ၂ ရွှေတံဆာဘုရား၊ ၃ မြို့ထောင့်စေတီ ၄ ရွှေချက်သိုဘုရား ၅ ရွှေလင်းပင်ဘုရား ၆ ရွှေခြသေ့ဘုရား ၇ ရွှေသိမ်တော်ဘုရားများကို ဝင်ဖူးပြီး ပုတီး ကိုးပတ်စီစိပ်ခဲ့၏။ ညနေ ၅ နာရီ အမရရောက်၏။

၁၃၂၀ ခု၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်လကွယ်နေ့တွင် တရုတ်ပြည်မှ ဗုဒ္ဓအံတော်မြတ်ကို ၄၅ ကြာအတွင်း အပူဇော်ခံထားသဖြင့် ဝင်ဖူး၏။ ပုတီး ၂၇ ပတ်စိပ်ခဲ့၏။ မန်းရာပြည့်ပွဲကိုလည်း ဗဟုသုတအဖြစ်လျှောက်ကြည့်၏။

၁၃၂၁ ခု၊ ဆရာတော် ဘုရားကြီးနှစ်ပတ်လည် ၁၀ နှစ်မြောက် အထိမ်းအမှတ် သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့တွင် သံဃာတော်အပါး ၆၀ နှင့် လူ ၁၀၀ ဆွမ်းကျွေးသည်။ ကျွန်ုပ်ခေါင်းဆောင်၍ ကျောင်းသားကြီးများနှင့်ကျွေးကြသည်။

သီတင်းကျွတ်လဆန်း ၁၂ ရက် ဦးစိန္တာကြီးမှူးပြင်သော ရွှေဟသာ်ဘုရားထီးတင်ပွဲ ပင့်၍သွားပြီး ဆောင်ရွက်ပေး၏။ အင်းဝတောင်ဘက်မြို့ရိုးပေါက်နားမှာဖြစ်သည်။

၁၃၂၁ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်နေ့တွင် ပန်းတနော်ဘုရားဖူးအဖွဲ့ကို ရှမ်းပြည်တောင်ပိုင်းဘုရားများရှိ မန္တလေး၊ စစ်ကိုင်းအင်းဝဘုရားလိုက်ပို့ပြီး ပုတီးကိုးပတ်စိပ်ခဲ့၏။

နတ်တော်လဆန်း ၈ ရက်နေ့ တံတားဦး အလှူညအိပ်သွား၏။ တံတားဦးက ဘုရားများပုတီး ၅၇ပတ်စိပ်ပြီး အလှူအိမ်ဒေါ်သေးတင်တို့တိုက်ပြန်၏။ တူမောင်းတိုက်တွင်းဘုရားတိုက် ၂လုံးစေတီ ၂ဆူလျောင်းလဲကိုယ်တော်ကြီးဘုရား အာရုံခံ၊ ကမ္မဋ္ဌာန်းကျောင်း ၄ကျောင်းကမ္မဋ္ဌာန်းကိုက်ကလေး ၆လုံး ကျွန်ုပ်ဦးစီးရွက်ဆောင်၍ ပြင်၏။

၁၃၂၃ ခု၊ တပို့တွဲလဆန်း ၁ရက်နေ့တွင် ကျွန်ုပ်၏မွေးနေ့ဖြစ်၍ စာချတရားဟော၊ ကမ္မဋ္ဌာန်းပြပြီး ပုတီး ၁၀၈ ပတ် အဓိဋ္ဌာန်စိပ်၏။ နံနက်သံဃာတော်များကိုလည်း ဆီထမင်းနှင့်အကြော် ၂၀၀ ကျွေးမွေးလှူဒါန်း၏။ မြို့ထဲတွင် သန့်ရှင်းတည်မြဲ မဲဆွယ်နေကြတာ အလွန်ပဋိပက္ခကြီးထွားလာသည်။ မဲရွေးရန် နီးလေလေ အာဃာတပြင်းလေလေဖြစ်သည်။ အမေနှင့်သား မခေါ်မပြောနိုင်ကြ၊ အဖေနှင့်သားလဲ ထို့အတူ မောင်နှမချင်းဆိုတာ မပြောနှင့်တော့။

၁၃၂၁ခု၊ တပို့တွဲလဆန်း ၁၀ရက်၊ စနေနေ့ ၆၀ ခု ဖေဖော်ဝါရီ ၈ ရက်နေ့တွင် မဲရွေးသောနေ့ဖြစ်၏။ ညနေမဲပုံးများ ရိုးရိုးကြီးယူသွား၏။ ရေတွက်ကြ၏။ တပို့တွဲလဆန်း ၁၁ရက်၊ နံနက် ၁ နာရီမှာ သန့်ရှင်း ဖဆပလမဲနိုင်ကြကြောင်း ကြေငြာသည်။ ညနေ ၃နာရီလောက် ကားကြီးများဖြင့် မြို့ထဲလှည့်လည်ကြ၏။ သန့်ရှင်းအပျော်ဆုံးနေ့ဖြစ်သည်။ ထိုရွေးကောက်ပွဲ ၂လ ၃လအတွင်း တစ်နေ့လျှင်

မြန်မာတစ်ပြည်လုံး ပျမ်းမျှနှုန်း တစ်နာရီလျှင် လူလေးယောက်မှ ငါးယောက်အတွင်း သေကြောင်းသတင်းစာတွင် ဖတ်ရ၏။ ပဒေသရာဇ်ခေတ်ထက် ဆိုးဝါးကြောင်းမှတ်ချက်ချလိုက်၏။

တပို့တွဲလပြည့် ပါတိမောက်အခါတော်နေ့ အထိမ်းမှတ် ဩဝါဒပါတိမောက် ဂါထာ ၃ပုဒ် ပုတီး ကိုးပတ်စိပ်၏။

၁၃၂၁ခုတပို့တွဲလဆုတ် ၈ရက်နေ့မှ ဒေါ်ယုံတို့မြစ်ငယ်အဖွဲ့ကို မန်းစက်တော်လိုက်ပို့၏။ နံနက် ငါးနာရီထွက် ရေနံချောင်း ၃နာရီခွဲရောက်၊ ၄နာရီခွဲ မဟာသုတိတာ ရာမကျောင်းတိုက်ရောက် တည်းကြ၏။ နံနက် ၆နာရီ မြသလွန်ဘုရားသွားဖူး၏။ ၁၀နာရီ မကွေးမှ မော်တော်စီး ၃နာရီ မင်းဘူးက ကားစီးထွက်၊ မန်းစက်တော်ဘုရား ၆နာရီခွဲရောက်၏။ မျက်နှာသစ်၊ ဖုန်ခါပြီးအောက် စက်တော်ရာ သွားဖူး ကိုးပတ်ပုတီးစိပ် နန်းသူဇာနှင့် ရူပစန္ဒာတို့ကို အမှတ်တရ အမျှဝေမေတ္တာပို့၏။ ည ၉နာရီ အောက်ခြေတော်ရာဖူး ပုတီး ၂၇ပတ်စိပ်ပြီး မေတ္တာပို့အမျှဝေ၊ အထက်ခြေတော်ရာ စေတီကိုလည်း ၁၀နာရီ ရောက်၍ပုတီး ၂၇ပတ်ပြီးမေတ္တာပို့။ နန်းသူဇာနှင့် ရူပစန္ဒာလာပြီး နှုတ်ဆက်ကြ၏။ ဘေးက ကျွန်ုပ်နှင့်ပါလာကြသော ဘုရားဖူးများက အသိတကာမလေးများမှတ်ထင် နေကြ၏။ ရူပစန္ဒာတို့က ဘယ်အချိန်လောက်ပုတီးစိပ်အုံးမှာလည်းဘုရားလို့မေး၍ ၁ချက်လောက်တော့ လာစိပ်အုံးမှာပါလို့ ပြောခဲ့ပြီး ဘုရားဖူးအဖွဲ့နှင့်ပြန်ဆင်းလာကြ၏။ တည်းရိပ်သာကို ၁၁နာရီရောက်၊ အိပ်ကြ၏။

၁၃၂၁ခု၊ တပို့တွဲလပြည့်ကျော် ၉ရက်နေ့ နံနက်တစ်ချက်မှာ ထပြီးမျက်နှာသစ်ပြီးအထက်ခြေ တော်ရာတက်ပုတီး ၅ကြိမ်ထိုင်ရန် အဓိဋ္ဌာန်တခါထိုင် ပုတီး ၂၇ပတ်ဓိဋ္ဌာန်၏။ ၁ချက်ခွဲအထက်ခြေ တော်ရာစေတီရောက်၏။ ပရိကံယူပြီး ပုတီးစိပ်၏။ တခါတည်းနှင့် နှစ်ကြိမ်ပေါင်းထိုင်၏။ ကျွန်ုပ်ပုတီး စိပ်လို့ အပတ်လေးဆယ်ရသောအခါ ညာဘက်ကယောကျ်ားတစ်ယောက်၊ ဝဲဘက်ကတကာမလေး နှစ်ယောက်လာရောက်ပြီး ပုတီးစိပ်နေကြ၏။ ကျွန်ုပ်ပုတီးစိပ်ပြီး သူတို့လည်းဝတ်ချ၏။ မေတ္တာပို့ အမျှဝေလိုက် ၏။ သူတို့ ၃ယောက်က သာဓုပြိုင်တူခေါ်ကြ၏။ နာရီကြည့်လိုက်တော့ ၂ ချက် ၁၅လောက်ရှိ၏။ ကျွန်ုပ်က သူတို့တစ်တွေကိုသေသေချာချာကြည့်လိုက်တော့ ရူပစန္ဒာတို့ဖြစ်နေ၏။ ရွှေဖားရုပ်ကလေး လှူ၏။ ဒါဘာလုပ်ရမှာတုံးလို့မေးတော့ အားလုံးလုံခြုံပါတယ်ဘုရား။ နက်ဖြန် တစ်ရက်နေဦးမှာလား ဘုရား။ ဟုတ်ကဲ့နေဦးမှာပါ၊ ၁၁ရက်နေ့မှ ဒီကပြန်ပြီး ပုဂံကိုသွားမယ်။ နက်ဖြန်ည ဒီနေရာမှာ တပည့် တော်တို့လာဖူးပါမယ် - ကောင်းပါပြီ - သူတို့လည်း ဝတ်ချပြီး ပြန်သွား ကြ၏။

ကျွန်ုပ်လည်းဆက်ပြီး ပရိကံယူ ပုတီးစိပ်ပြန်၏။ ဤအခါအချိန်မရတော့၍ သုံးကြိမ်တစ်ခါတည်း ပေါင်းထိုင်လိုက်တော့၏။ အားလုံး ၈ခုဖြစ်၏။ စိပ်လို့ အပတ် ၇၀လောက်အရတွင် ဘုန်းကြီးတစ်ပါးနှင့် တကာအဘိုးကြီးတစ်ယောက် ချောင်းသံပေး၍တက်လာပြီး ကျွန်ုပ်ဘေးကထိုင်ပုတီးစိပ်နေကြ၏။ ကျွန်ုပ် လည်းပြီး၍ အမျှဝေလိုက်၏။ သူတို့နှစ်ယောက်က သာဓုခေါ်လိုက်ကြ၏။ ဘုန်းကြီးက ကျွန်ုပ်ကိုမေး၏။ ဦးပဥ္စင်း ကဘယ်ကလဲ - အမရပူရကပါ။ ဘယ်တိုက်ကလဲ၊ အခုတော့ တူမောင်း စွန်းလွန်းရိပ်သာမှာ နေတယ်။ ဒါပေမယ့် တပည့် တော်၏နေရာကတော့ ကျော်အောင်စံထားတိုက်မှာပါ။ သြော် - သြော် ဆရာတော်ကြီး ရှိသေးလား။ ၁၂ ခုနှစ်က ပျံတော်မူပါတယ်ဘုရား။ ဆရာတော်ကြီးဘွဲ့က ဘယ်လိုခေါ်ပါ သလဲ။ ဦးအဂ္ဂဝံသလို့ခေါ်ပါ တယ်။ သြော် - အင်းဆရာတော်ကြီး ဦးအဂ္ဂဝံသကျောင်း တပည့်တော်

တစ်ညဝင်အိပ်ခဲ့ဖူးတယ်။ ဟိုတုန်းကတပည့်တော် တောင်သမန် တောင်ဖက်ကရွာသစ်ကိုလာပြီး အရင်ကတပည့်တော်နေခဲ့တဲ့ ကျောင်းနေရာကိုကြည့်ပြီးပြန်ခဲ့တယ်။

ကျောင်းနေရာက အခုဘာဖြစ်နေပါသလဲဘုရား။ လယ်ကွင်းဖြစ်နေပါတယ်ကိုယ်တော်။ တပည့်တော်လေးကားဝယ်ပါသေးတယ်၊ ဈေးအဆမတန်ဆိုတာနဲ့ မဝယ်ဖြစ်တော့ပါဘူး။ အရှင်ဘုရားဘွဲ့တော်ကဘယ်လိုခေါ်ပါသလဲဘုရား။ ဦးနာဂိဿရလို့ခေါ်ပါတယ်။သိက္ခာတော်ဘယ်လောက်ရပြီလဲဘုရား။ (၁၅၃)ဝါရပါပြီကိုယ်တော်။ ကျွန်ုပ်ကအံ့အားသင့်သွား၏။ အရင်ကရွာသစ်မှာ ဘယ်လောက်ကြာအောင် သီတင်းသုံးတော်မူပါသလဲ။ ဝါလေးဆယ်လောက်နေဖူးပါတယ်။ ဒီရောက်နေတာ တော်တော်ကြာပါပြီလားဘုရား။ ဝါငါးဆယ်လောက်ပဲ ရှိပါသေးတယ်။ ဒီမှာ ဘယ်အရပ်သီတင်းသုံးတော်မူပါသလဲဘုရား။ ငဖဲရွာနှင့် နီးပါတယ် ကိုယ်တော်ရောက်တဲ့အခါလည်း ဝင်လာခဲ့ပါ။ ရော့ - ရော့ ကိုယ်တော် ဓါတ်လုံးတစ်လုံး။ ဘာအသုံးချရမှာလဲဘုရား၊ ဉာဏ်ရှိသလိုသုံးပါ။

အဘိုးကဆရာတော်နှင့် အတူနေပါသလား၊ မနေပါဘူးကိုယ်တော်။ အဘိုးနာမည်တဘယ်လိုခေါ်ပါသလဲ - ကျားလျှာခြုံ ဆရာကြီးလို့ခေါ်ပါတယ်။ ကိုယ်တော်လေးတို့ တောင်မြို့ကပါပဲ။ အရင်ကတော့ ကျော်အောင်စံထား တိုက်နဲ့ အောင်မြေရွှေဘုံတိုက်ကြားမှာ နေပါတယ်။ အရှေ့ပန်းတိမ်အရပ်ရဲ့ အနောက်ဘက်နားက ကျားလျှာခြုံကြီးထဲမှာ နေတာပေါ့။ ဒါဖြင့် အဘိုးကလည်း ဘကြီးတော်လက်ထက်ကပေါ့။ ဟုတ်ပါတယ်။ အသက်ဘယ်လောက်ရှိသွားပြီလဲ၊ (၁၇၀)လောက်ရှိပြီဘုရား၊ ယခုဘယ်မှာနေသလဲ၊ ဒီမန်းစက်တော်ရဲ့ အရှေ့ဘက်ဆင်တောင်မှာနေပါတယ်။ ဤကနေ ဘယ်လောက်ဝေးပါသလဲ၊ ၁၈ တိုင်လောက်ဝေးပါတယ်။ ရော့ - ရော့ကိုယ်တော်လေး အင်းတစ်ချပ်သောက်လိုက် - သောက်လိုက်၊ ကျွန်ုပ်လည်း လုံးပြီးမျိုချလိုက်၏။

နောက်အကြောင်းရှိလျှင် အရှင်ဘုရားနှင့်တွေ့ကြသေးတာပေါ့ဟု ဦးနာဂိဿရကပြောပြီး ဘုရားကိုဝတ်ချ၏။ ကျွန်ုပ်ကလည်း ဘုရားကိုဝတ်ချ၊ အရှင်မြတ်ကိုလည်း ဝတ်ချ၏။ ကျားလျှာခြုံဆရာကြီးကလည်း ကျွန်ုပ်ကိုဝတ်ချပြီး သူတို့နှစ်ယောက်အရှေ့ဘက်ထွက်သွားကြ၏။ ကျွန်ုပ်ကလည်း အနောက် လှေကားစီ လာခဲ့ကြ၏။ နာရီကြည့်တော့ ငါးနာရီထိုး၏။ဘုရားဖူးများ ဆွမ်းတော်ပွဲလေးများဖြင့်တက် လာကြတာတွေ့ရ၍ သာခုခေါ် မိပါ၏။ တည်းခိုခန်းရောက်၊ တကာမကြီးများဆွမ်းချက်နေကြ၏။ ကျွန်ုပ်က ဒေါ်ယုံမနက် ၇နာရီလောက်မှဆွမ်းကပ်နော်၊ ဆွမ်းစားပြီးမှ ဘုရားဖူးလိုက်ပို့မယ်လို့ပြောပြီး အိပ်လိုက်ပါတော့၏။

တပိုတွဲလပြည့်ကျော် ၁၀ ရက်နေ့ နံနက် ၇ နာရီတွင် ကျွန်ုပ်ထမျက်နှာသစ်ပြီး အောက်ခြေတော်ရာကို ဆွမ်းတော်တင်သွားကြပါသည်။ ဖယောင်းတိုင် ၁၀၀ တိုင်ပူဇော်ပါသည်။ ပန်းများ၊ ဧရချမ်းများလည်း ကပ်လှူပြီး တကာမကြီးများ၊ တကာကြီးများက ဘုရားရှိခိုးဆွမ်းတော်ကပ်ကြ၏။ ကျွန်ုပ်က ပရိက်ယူပြီး ပုတီးကိုးပတ်ထိုင်စိပ်လိုက်သည်။ ပုတီးစိပ်ပြီးသောအခါ ဒေါ်ယုံတို့အဖွဲ့ ငဖဲစောင်းတန်းမှလှည့်ပြီး မုဆိုးတောင်စေတီ၊ ရသေ့တောင့်စေတီ၊ သကြားပန်းတောင်စေတီ၊ သက်န်းလှမ်းတောင်စေတီ၊ သရေကြက်တောင်စေတီ၊ သပိတ်လှမ်းတောင်ဇေတီ၊ သစ္စာဒီပကတောင်စေတီ၊ တန့်တော်မူတောင်စေတီ၊ ရာဇတိုင်းတောင်စေတီ၊ ရှင်မဟာကဿပဘုရား၊ နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ရဟန္တာခြေတော်ရာ

တိုးကိုပတ်စိစိပ်ခဲ့ပြီး အထက်ခြေတော်ရာစေတီဖူးကြသည်။
တို့ကို သူတို့ကိုလည်းပို့၍ ကျွန်ုပ်ကလည်းပုတီးကိုးပတ်စိစိပ်၏။ ပြီးလျှင် တည်းခန်းပြန်ဆင်းကြပြီး ဆွမ်းစားလွှက်ရည်သောက်
ကျွန်ုပ်လည်း ပုတီး ၂၇ပတ်စိပ်၏။ ပြီးလျှင် တည်းခန်းပြန်ဆင်းကြပြီး ဆွမ်းစားလွှက်ရည်သောက် တဆိုင်းလျှင် ၂၅ကျပ် ပေးရ၏။
ကြ၏။ အောက်ခြေတော်ရာကို ကျွန်ုပ်တို့ဘုရားဖူးအဖွဲ့ ရွေဆိုင်းချခဲ့၏။ တဆိုင်းလျှင် ၂၅ကျပ် ပေးရ၏။
ကြ၏။ အောက်ခြေတော်ရာကို ကျွန်ုပ်တို့ဘုရားဖူးအဖွဲ့ အထက်ကိုတက်သွားကြ၏။ ဆုတောင်း
ရေချိုးကြပြီး နေ့အနားယူကြ၏။ ညနေလေးနာရီခွဲလောက်မှာ အထက်ကိုတက်သွားကြ၏။ ဆုတောင်း
ပြည့်ဘုရား ကမ္ဘာအေးဘုရားကိုပို့၏။ ပုတီး၉ပတ်စိစိတ်ခဲ့၏။ နေ့မှာအချိန်အားသဖြင့် ကျွန်ုပ်သည်
ရှင်မဟာရဋ္ဌသာရ၏ စက်တော်ရာဘုရားရှိခိုးကိုအားကျ၍ ကျွန်ုပ်ကလည်း မန်းစက်တော် တောင်ပေါ်
တည်ရှိတော်မူနေကြသော စေတီပုထိုးများကို ရှိခိုးရန်လင်္ကာ တပုဒ်ရေးခဲ့၏။
ကျွန်ုပ်ပါလာသော ဘုရားတကာ၊ တကာမများကို အောက်စက်တော်ရာ တောင်တက်ပြီး
အောက်စက်တော်ရာဖူး၍ အထက်ခြေတော်ရာ စေတီတက်ဖူးပြီး၊ ၁၀နာရီ တည်းခိုခန်းပြန်ရောက်ကြ
သည်။ ကျွန်ုပ်လည်း သူတို့ကိုပြောခဲ့ပြီး ပုတီးစိတ်ရန် အောက်ခြေရာသို့ထွက်လာခဲ့သည်။ ၁၀နာရီ
မိနစ်၃၀လောက်ဖြစ်၍ အောက်ခြေတော်ရာတွင် လူအသွားရှင်းသလောက် ရှိနေပေသည်။ အောက်ခြေ
တော်ရာတောင်ဘက် အရှေ့ဘက်ဘေးက ရဟန်းသံဃာများ တည်းခိုဘို့ပြုလုပ်ထားသော နေရာမှာ
သံဃာ၅ပါး လောက်ရှိ၏။ တောထွက်ရဟန်းကြီးများ ဖြစ်ကြ၏။ သူတို့လဲအိပ်စပျိုး နေကြပေသည်။
ကျွန်ုပ်လည်း ဘုရားရှိခိုး၍ မေတ္တာပို့ - ပရိကံယူနေပေသည်။ တစ်နာရီလောက်ကြာသွားပြီး
နာရီကြည့် ၁၁နာရီခွဲ၍ပုတီး ၂၇ပတ်စစိပ်ပါတော့သည်။ ၁၂နာရီ ၁၀မိနစ်လောက်ပြီးသွား၍ အမှုဝေခြင်း၊
အခြေအနေ အေးအေးဆေးဆေးဖြစ်နေသဖြင့် တစ်ဖန်ပရိကံပြုပြီး ၂၇ပတ်စိပ်ပြန်၏။ ၁၂နာရီ
၄၅မိနစ်မှာပြီးသွား၏။ ထိုအခါ အပတ် ၂၀လောက်အရတွင် အသက် ၃၀ကျော်လောက် ယောကျ်ား
နှစ်ယောက် မြောက်ဘက်ဘေးကထိုင်ပြီးရှိခိုးနေကြ၏။ ကျွန်ုပ်လည်းကျန် ၂၇ပတ်ပြီးသွားတော့
အမျှဝေလိုက်၏။ သူတို့ကသာဓုခေါ်ကြ၏။ ထို့နောက် ကျွန်ုပ်ဆီလာ၍ ဝတ်ချပြီးသခင်မတို့က
အထက်ခြေတော်ရာစေတီ တော်ကစောင့်နေကြောင်း အရှင်ဘုရားကြွရောက်ချီးမြှင့် တော်မူပါဟု
လျှောက်ထားကြသဖြင့် ဘယ်ကသခင်မလဲ၊ ဘယ်သူတွေလဲတကာ၊ နန်းသူဇာနှင့်သခင်မရူပစန္ဒာ
တို့ပါဘုရား - အော် သူတို့လား၊ လိုက်တာပေါ့ မင်းတို့က ရှေ့ကသွားငါက နောက်ကလိုက်ခဲ့မယ်သွား
သွား။ သို့နှင့်ပင် ကျွန်ုပ်တို့လာခဲ့ကြ၍ အထက်ခြေတော်ရာစေတီရောက်သွားကြ၏။ နန်းသူဇာနှင့်
ရူပစန္ဒာတို့ တန်ဆောင်းဦးက ကြိုဆိုနေကြ၏။ ရူပစန္ဒာက ကိုယ်တော်လေးကို တပည့်တော်တို့ နန်းကို
ပင့်ရအုံးမယ် နန်းကိုကြွတော်မူပါအုံးဘုရား - ကောင်းပါပြီ ကြွတာပေါ့ - ယောကျ်ားနှစ်ယောက်က
ရှေ့ကသွား၏။ ကျွန်ုပ်၏နောက် နန်းသူဇာနှင့် ရူပစန္ဒာတို့လိုက်လာကြ၏။
ရဟန္တာခြေတော်ရာကနေပြီး အရှေ့စူးစူး လူသွားလမ်းအတိုင်းလျှောက်သွားပြီး မြောက်ဘက်သို့
ချိုးလိုက်၏။ တောင်ဆင်းတောင်တက်များရှိသော်လည်း မမောမပန်းဘဲ လွယ်လွယ်နှင့် သူတို့နေရာ
ရောက်သွား၏။ အဝ ၁၀ တောင်လောက်ရှိသော သစ်ပင်ကြီးတစ်ပင်တည်း နေရာရောက်သွား၏။
မြွေကြီးတစ်ကောင်ခွေနေတာတွေ့ရ၏။ ကိုယ်တော်လေးကိုယ်တော်လေးလိုချင်တဲ့ မနောမယကျောက်
ဆိုတာ ဒီမြွေအောက်မှာရှိတယ်။ မြွေဗိုက်အောက်ကနှိုက်ပါ၊ ရလာပါလိမ့်မယ်။ ကျွန်ုပ်ကမနှိုက်ဝန့်ချော့
ငေးပြီးကြည့်နေ၏။ ထိုအခါ နန်းသူဇာက ဟဲ့ကောင်ကြီးဖယ်ဖယ်လို့ ပြောလိုက်တော့ ဖယ်သွား၏။

နန်းသူဇာက ဒါဘဲဘုရား မနောမယကျောက်ဆိုတာ သေသေချာချာမှတ်ထားပါဘုရား။ ကျွန်ုပ်လည်း သေသေချာချာမှတ်ထား၏။ သပိတ်ရောင်ကဲ့သို့ နက်ပြောင်နေ၏။ အနက်ရောင်ထဲတွင် သက်တန့်ရောင်များပေါ် ပေါက်နေ၏။ ကိုင်ကြည့်တော့ အလွန်နူးညံ့၏။ ရူပစန္ဒာက ကိုယ်တော်လေးယူမှာလားဘုရား - မလိုချင်ပါဘူး ကျွန်ုပ်အစွမ်းနှင့် ကျုပ်ကျင့်လို့ မနောမယသိဒ္ဓိဆိုတာ ရနိုင်ပါတယ်။ ကျွန်ုပ်ကိုယ်တိုင်ရ ရှိလာတော့ ဘာကိုမှတာဝန်တန်ဘိုး မဆောင်ရဘဲ စိတ်အလိုအတိုင်း ပြီးစေနိုင်ပါတယ်။ အခြား တပါးအဝိဇ္ဇာဏက အငှားပစ္စည်းများကို ကျွန်ုပ်မလိုပါဘူး။

သာဓုပါ ကိုယ်တော်လေး သာဓုပါဟု ပြိုင်တူခေါ်ကြ၏။ ရှေ့ဆက်လက်သွား၏။ ကျားကြီးငါးကောင်စုထိုင်နေကြတာတွေ့၏။ ရူပစန္ဒာက ငြိမ်ငြိမ်ဝပ်နေကြနော်၊ ဘာသံမှ မကြားစေနှင့်ကျားများက အမိန့်သံကို နာခံသလိုနေကြ၏။ ထို့နောက် ရှေ့ဆက်လက်သွား၏။ လူဝံကြီးဆယ်ကောင်စီတန်း ထိုင်နေကြ၏။ အရပ်ကရှစ်တောင်ကိုးတောင်လောက်ရှိမည်ထင်၏။ နန်းသူဇာက ကန်တော့ကြ ကန်တော့ကြ ဆိုသဖြင့် လူဝံကြီးများက ရှိခိုးကြ၏။ ကျွန်ုပ်စိတ်ကတော့ အဟုတ်ဟာတွေလား၊ ဖန်ဆင်းရုပ်တွေလား ဟုအောက်မေ့နေ၏။ ဆက်လက်သွားကြပြန်၏။ ကျွဲဝကြီးများ ၅ကောင်တွေ့ပြန်၏။ ကျွန်ုပ်မြင်ဘူးသော ကျွဲများထက် ၂ဆလောက်ကြီး မည်ထင်၏။ နင်တို့ငြိမ်ငြိမ်နေရစ်ကြဟု ရူပစန္ဒာကပြောပြီးဆက်သွားကြ၏။ ရှေ့ကလမ်းပြလူ ၂ယောက် ရုတ်တရက်ရပ်လိုက်၏။ ရူပစန္ဒာက ကျွန်ုပ်ရှေ့ရောက်လာ၏။ နန်းသူဇာက ကျွန်ုပ်နောက်နားကကပ်လျှက် ရပ်နေပြီး သူတို့နှစ်ယောက် မျက်စေ့အထူးရှင်သော အမူအရာဖြင့် ကြည့်နေကြ၏။ ကျွန်ုပ်ကလဲ အခြေအနေစောင့်ကြည့်ပြီး စိပ်ပုတီးကိုသာစိပ်နေ၏။

ကျွန်ုပ်တို့နဲ့ အတောင် (၇၀၀)လောက်က ဆင်အုပ်ကြီးလာနေတာ မြင်နေရ၏။ တဖြည်းဖြည်းနှင့် မြောက်စူးစူးထဲပျောက်ကွယ် သွား၏။ တောရိုင်းတွေပါ ဘာမျှကြောက်စရာ မရှိပါဘူးဟု ရူပစန္ဒာက ပြော၏။ နန်းသူဇာက ရှေ့ကလူ ၂ ယောက်ကို ဟေ့ဆက်သွား အရေးအကြောင်းရှိလျှင် အချက်ပြဟု ပြော၏။ရှေ့လူများက ကောင်းပါပြီသခင်မတို့ဘုရားဟုဆိုပြီး ဆက်သွားကြ၏။ ဆင်ကြီး ၅ကောင်ဝတ်နေ၏။ ထိုအခါတွင် ရှေ့လူ၂ယောက်က ဆင်ကြီးတွေရှေ့မှာ တဘက်တချက်၁ယောက်စီရပ်နေ၏။

ရူပစန္ဒီက ကိုယ်တော်လေးတပည့်တော်တို့ နေရာသိုက်နန်း ရွှေဂူရောက်ပါပြီဘုရားဆိုပြီး ကျွန်ုပ်လက်ကို ဆွဲပြီး လှေကားထစ်များကိုဆင်းပြီးနောက် နန်းသူဇာကလည်း ကပ်လိုက်လာပြီး ကျွန်ုပ်၏ကျောကို ကိုင်လာ၏။ လှေခါးထစ်များက အတော်မတ်၏။ သို့သော် ကျယ်ကျယ်ပြန့်ပြန့်တော့ရှိ၏။ လှေခါးထစ် ပေါင်း ၂၃ထစ်လောက်ဆင်းမိတော့မှ လှေခါးထစ်ပြေများတွေ့၏။ ထိုအခါမှ မူလက မှုံပြပြ အလင်းရောင် ထက်ပိုမိုလင်းလာသော အလင်းရောင်တွေ့ရ၏။လှေခါးထစ်၆၀လောက် သွားပြီးသော အခါ ခြင်္သေ့ကြီး ၂ကောင်အမြီးတဖြတ်ဖြတ်ခတ်နေတာ တွေ့ရ၏။ ဆက်သွားပြန်ရာ ဆောက်ပုတ်ကြီးများကိုင် ထားသော သူရဲလိုကောင်၂ကောင် တွေ့ရ၏။ ကျွန်ုပ်တို့ ထက် ၂ဆ လောက်ကြီးမည်ဟုထင်ရ၏။ နောက်က လိုက်ပါလာသော နန်းသူဇာကကိုယ်တော်လေး ကြောက်တော်မူပါသလားဘုရား။ မကြောက်ပါဘူး၊ ရူပစန္ဒီ တို့နန်းသူဇာသိုက်နန်းရွှေဂူက ကျွန်ုပ်တွေ့ဖူးသော သိုက်နန်းများထက် အလွန်ခမ်းနားပါတယ်။

ရှေ့ဒါထက် ခမ်းနားတာတွေ ကိုယ်တော်လေးမြင်တော်မူအုံးမယ်ဘုရား။ ကြွတော်မူပါဘုရားဟု ရှုပစန္ဒီက လျှောက်၍ဆက်လာခဲ့ကြရာ တံခါးကြီးပိတ်ထားသော နေရာရောက်လာကြ၏။ တရုတ်ဘုံကျောင်းများပိတ် ထားသော အဝိုင်းပေါက်ကြီးအတွင်းက တံခါးများထက် ၃ဆလောက်ကြီးမည်ထင်၏။ ပုံစံခြင်းကတော့တူ၏။ သို့သော် အဝိုင်းကအစိမ်းရောင်ဖြစ်၏။ ထိုအပေါက်ကြီးနား ရောက်သောအခါ ရှုပစန္ဒာက ကျွန်ုပ်ညာဘက်က၊ နန်းသူဇာက ကျွန်ုပ်၏ဘယ်ဘက်က ရပ်လိုက်ကြ၏။ ကျွန်ုပ်လည်း အခြေအနေကို စောင့်ကြည့်နေ၏။ တစ်ခါတစ်ခါ စိမ်းနီပြာဝါအရောင်တို့ လက်ကနဲ လက်ကနဲ လင်းလာသည်ထင်ရ၏။

အပေါက်ကြီးထဲဝင်သွားကြ၏။ ကျွန်ုပ်ဝင်သွားလျှင်ဝင်သွားခြင်း ၁၆နှစ် ၂၀အတွင်း မိန်းကလေးများ နန်းတွင်းသူ အဝတ်အစားများနှင့် ယာဘက်ပြာနုရောင်၊ ဝဲဘက်စမ်းနုရောင်လက်ဝတ် လက်စားများ အပြည့်အစုံနှင့် သနပ်ခါးပန်းများ ဖီးလိမ်းထားသော အမျိုးသမီး ၁၀၀လောက်တွေ့ရ၏။ ကျွန်ုပ်တို့ကို ခရီးဦးကြိုပြုပြီး ကန်တော့နေကြ၏။ ကျွန်ုပ်တို့က တအောင့်လောက်ရပ်ပြီး ကန်တော့ခံနေကြ၏။ အခန်းကျယ်ကြီး ဝဲယာတဖက်တချက်မှာ လှံကိုင်သူရဲကြီးများ ၅ကောင်စီတွေ့ရ၏။ ထိုသူရဲကြီး ၂ကောင်က ဦးညွှတ်လာပြီး လမ်းပြအဖြစ်ရှေ့ကနေသွား၏။ ကျွန်ုပ်တို့က နောက်ကလိုက်ကြ၏။ ကျွန်ုပ်တို့နောက်မှ လုံမပျိုများလိုက်ကြ၏။ အံ့မခန်းသော သိုက်နန်းရွှေဂူကြီးပါပေတည်း။

လှံကိုင်သူရဲကြီး ၂ကောင်သည် ဦးညွှတ်ရပ်လိုက်ပြီး ဘေးဖယ်သွားကြ၏။ ရှေ့အတိုင်း တံခါးပေါက်ကြီးတွေ့ပြန်၏။ ထိုအပေါက်ကြီးက ခြူးပန်းခြူးနွယ်များဖြင့် အပေါက်ထွင်းထုထားကြ၍ အတွင်းက အလင်းရောင်လဲမြင်နေရ၏။ ဇာပေါက်ကဲ့သို့ ဖြစ်နေ၏။ ကျွန်ုပ်တို့အပေါက်နားရောက်ရော တံခါးကြီးလဲပွင့်သွား၏။ ထိုးတံခါးလိုဖြစ်၏။ ထိုအခန်းတွင်းတွင် ယာဝဲဘက်၌ လက်နက်မျိုးစုံ ကိုင်ထားကြသောသူရဲကြီးများ အကောင် ၅၀စီလောက် မတ်တပ်ရပ်နေကြတာတွေ့ရ၏။ အခန်းအလယ်ရောက်တော့ ရှုပစန္ဒာက ကိုယ်တော်လေးကို ရတနာများပြရအုံးမယ်ဆိုပြီး အနောက်ခန်းကျယ်ကြီးထဲ ခေါ်ဆောင်သွား၏။ ထိုအခန်းထဲတွင် ရှုပစန္ဒာနှင့် နန်းသူဇာတို့ ၂ယောက်သာပါ၏။ အနံ ၂ တောင်အလျား ၄တောင် ၅တောင်လောက်သေတ္တာကြီးများ အလုံး ၃၀လောက် နံရံဘေးကပ်ထားတာတွေ့ရ၏။ ရွှေရောင် များဖြင့်သေတ္တာကြီးများက ပြောင်ဝင်းနေ၏။ တလုံးပြီးတလုံးဖွင့်ပြ၏။ ရွှေ - ငွေ - ရတနာများ အပြည့်စီရှိကြ၏၊ ကျောက်သံပတ္တမြား၊ သေတ္တာများလဲ မနည်းလှချေ။

ထိုအခန်းကြီးကို ဝင်ကြည့်ပြီး အလယ်ခန်းကြီးထဲသို့ ပြန်လာကြပါသည်။ အလယ်ခန်းရှေ့ဘက် သုံးဆင့်ထပ်နေသော အမြင့်ကြာခုံပေါ် တွင် သလွန်ရှိ၏။ ထိုသလွန်က မွေ့ယာအနီခင်းထား၏။ ခေါင်းအုံးလဲအနီဖြစ်၏။ သလွန်ခြေထောက်အခင်းကလဲ အနီအခင်းကြီးဖြစ်၏။ အောက် ၂ ထစ်မှာတော့ အပြာခင်းထား၏။ အလည်ခေါင်အခန်းကျယ်ကြီးထဲမှာတော့ အနားရွှေဇာကွပ် အစိမ်းရောင် ကတ္တီပါအခင်းများခင်းထား၏။ ခန်းပေါက်အခင်းကြီးများဖြစ်၍ နံရံဘေးများမှာ လေးထောင့် ကျောက်ခုံကလေးများပေါ် စိန်ပုံရောင်ဖြာထွက်နေသော ကျောက်များတင်ထား၏။ ကျွန်ုပ်ကထိုကျောက်များကို ကြည့်နေတော့ ရှုပစန္ဒာကအဲဒါတွေက ကျောက်မျက်ရှင်တွေပါဘုရား၊ ထိုကျောက်များက အရောင်တွေကြောင့် နေကဲ့သို့ ဖြစ်နေခြင်းဖြစ်ပါသည်ဘုရား။

ကိုယ်တော်လေး သလွန်ပေါ် အရိယာပုတ်မျှတော်မူပါဘုရား။ ကျွန်ုပ်လဲ သလွန်ပေါ် တက်ထိုင်ပြီး ခါးစန့်နေ၏။ ကျွန်ုပ်ထိုင်နေသော သလွန်တော်အလယ်လောက်ရှုပစန္ဒာက ခပ်ကျုံ့ကျုံ့လေး ထိုင်နေ၏။ သလွန်ခြေရင်းက နန်းသူဇာကထိုင်နေ၏။ သုံးဆင့်အောက်က ခမ်းကျယ်တွင် မိန်းမပျို ၁၀၀ လောက်ဒူးတုပ်ထိုင်နေကြ၏။ ဝဲယာတို့က သူရဲကြီးများ လက်နက်မျိုးစုံကိုင်၍ ရပ်နေကြ၏။

ကျွန်ုပ်လည်း ပုတီးကို သာမပြတ်စိပ်နေ၏။ နန်းသူဇာက အမတော်ဘုရားကိုယ်တော်လေး အဖျော်ယမကာ ကပ်ကြပါအုံးစို့၊ ရှုပစန္ဒာသည် အဖျော်ယမကာယူလာရန် ရံရွေတော်တစ်ယောက်ကို ခိုင်းလိုက်၏။ ငွေဖလားနှင့်ထည့်၍ တစ်ဖက်သောအခန်းမှ ယူလာပါသည်။ ထိုအခါ နန်းသူဇာသည် သလွန်ရှေ့နားတွင် ရွှေညောင်ရေ သခေါင်းကို စွပ်ပြီးမှောက်ထားသော ရွှေဖလားကို ယူလိုက်ပြီး ရံရွေတော်တစ်ယောက်ယူလာသော ငွေဖလားထဲမှ အဖျော်ရည်ကို ရွှေဖလားထဲပြောင်းလိုက်ပြီး နန်းသူဇာက ရှုပစန္ဒာကို လှမ်းပေးလိုက်ပါ သည်။ ရှုပစန္ဒာက ကျွန်ုပ်ကိုကပ်ပါသည်။ ကျွန်ုပ်လဲ အနည်းငယ်သောက်ပြီး ပြန်ချထားပါသည်။ ကိုယ်တော်လေး ကုန်အောင်ဘုန်းပေးတော်မူပါဘုရား၊ လိမ္မော်ဖျော်ရည်ပါဘုရား၊ သူပြောလို့သာ လိမ္မော် ဖျော်ရည်ဆိုတာသိရသည်၊ ကျွန်ုပ်သောက်ဖူးခဲ့သော လိမ္မော်ဖျော်ရည်တို့နှင့် မတူပေ - ချိမ့်နေပေသည်။ ကုန်အောင်သောက်ပြီး ရွှေဖလားကို ရွှေပန်းကန်ပြားလေးထဲတင်ထားပြီး ရေအနည်းငယ်ငှဲ့ မည်ပြု သောအခါ ရှုပစန္ဒာက သူယူပြီး ရွှေရေသခေါင်းထဲမှ ရေကိုငှဲ့ပေးသည်။ ရေသောက်ပြီး ပုတီးစိပ်နေ လေသည်။

ထိုအခါ နန်းသူဇာက အမတော်ဘုရားအားလုံးလှူဘွယ်တန်းဘွယ်များ အဆင်သင့်ဖြစ်ပါပြီဘုရား၊ ကိုယ်တော်လေးဘုရား တပည့်တော်မတို့ ဘဝသံသရာအကျိုး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကိုယ်တော်လေးကို သက်နှးကပ်လှူပြီး ဆွမ်းကျွေးပါရစေပါဘုရား၊ တပည့်တော်မတို့ကို သနားသောအားဖြင့် ချီးမြှောက်တော်မူပါဘုရား၊ ကျွန်ုပ်သည် ဆိပ်ဆိပ်နေလိုက်၏။ မောင်းမတစ်ယောက်သည် ရွှေဖလားထဲသက်နှးတစ်စုံကို ခါးပန်းကြိုးစီးပြီး ကြာခိုင်ငါးခိုင်ထိုး၍ ယူလာပြီး ရှုပစန္ဒာကိုလှမ်းပေးလိုက်လေသည်။ ရှုပစန္ဒာနှင့် နန်းသူဇာတို့က ကျွန်ုပ်ကိုလာကပ်ကြလေ သည်။ ကျွန်ုပ်သည် အကပ်မခံသေးပဲ သက်နှးခဏချထားပြီး ငါးပါးသီလယူကြပြီးနောက် သက်နှးအကပ် ခိုင်းပြီး အောက်ပါတရားကို လိုရင်းဟောပါတော့သည်။-

ရှုပစန္ဒာတို့ နန်းသူဇာတို့ကို အကျိုးကြီးမြတ်အောင်လှူနည်းနှင့် ပါရမီရှင်ဖြစ်မြောက်အောင်ကျင့်နည်းကိုဟောရမှာပဲ - ပထမအချက်လှူနည်းကို မှတ်ထားကြ၊ သရဏဂုံဆောက်တည်ပြီးနောက် သီလခံယူပြီးမှ သစ်သီး တစ်လုံး၊ ပန်းတပွင့်မှအစထား၍ ဘာဘဲလှူလှူ နိဗ္ဗာန်ကိုရည်မှန်းပြီး လှူဒါန်းရတယ်၊ သရဏဂုံသီလခြံရံ တဲ့ဒါနမျိုးဖြစ်စေရတယ်။ ဒီလိုဒါနမျိုးမှ ဘုရားက မြတ်တယ်လို့ဟောတော် မူတယ်၊ ဒါဟာလှူဒါန်းရာ၌ အရေးကြီးဆုံး အချက်ကြီးဖြစ်တယ်။ သေသေချာချာမှတ်ထားကြနော် - မှန်လှပါဘုရား။ ကိုယ်ကျင့်သီလရှိကြလျှင် နတ်ရွာနိဗ္ဗာန်အလွယ်ကလေးနဲ့ရောက်မယ်၊ ရှင်တော် ဘုရားက သီလနဲ့စပ်လို့ဟောထားသည်မှာ -

ပဥ္စကနိပါတ်သီလ ဝိမံသဇာတ်၌၊ မင်းကြီးငါသည် သီလသည်မြတ်သလော၊ နှုတ်မှုလက်မှုပညာသည် မြတ်သလောဟု သံသယဖြစ်လာ၏။ယခုအခါ၌ သီလသာလျှင် လက်မှုနှုတ်မှု အကြားအမြင်

ပညာထက်မြက်ပေ၏။ ဤသို့ ကျွန်ုပ်သိအပ်ပြီ၊ ကျွန်ုပ်အားယုံမှားခြင်းမရှိတော့ - မင်းကြီးအမျိုးအနွယ် ဇာတ်အားဖြင့် မြတ်ခြင်းသည်ရင်း၊ အဆင်းအင်္ဂါလှပခြင်းသည်ရင်း၊ အကျိုးမရှိအချည်းနှီးသာ၊ သီလရှိမှသာလျှင်မြတ်၏။ သီလနှင့်မပြည့်စုံသူအား နှုတ်မှုလက်မှုပညာဖြင့် အကျိုးမရှိ - မင်းကျင့်တရားနှင့် မပြည့်စုံသောမင်းသည်ရင်း၊ မတရားသော စီးပွားရှာခြင်းဖြင့် ပြုမူကျင့်ကြံသော ကုန်သည်သည်ရင်း၊ ထိုနှစ်ယောက်တို့သည် လူ့ပြည်နတ်ပြည်ကို စွန့်ရလေ၏။ ဒုဂ္ဂတိဘုံ၌ဖြစ်ရကုန်၏။ မင်းတို့သည်ရင်း၊ ကုန်သည်တို့သည်ရင်း၊ သူဆင်းရဲတို့သည်ရင်း စဏ္ဍာလတို့သည်ရင်း၊ ဤပစ္စုပ္ပန်ဘဝ၌ တရားကိုကျင့်ကြ၍ နတ်ပြည်၌တန်းတူဖြစ်ကြကုန်၏။

ဗေဒင်တို့သည် တမလွန်ဘဝ၌ ချမ်းသာပေးခြင်းငှာမဖြစ်နိုင်၊ အမျိုးမြတ်ခြင်းတို့သည်လည်း တမလွန် ဘဝ၌ ချမ်းသာကိုမပေးနိုင်၊ အဆွေအမျိုးတို့သည်လည်း တမလွန်ဘဝ၌ ချမ်းသာကိုမပေးနိုင်၊ စင်ကြယ်လှစွာသော မိမိသီလသည်သာလျှင် တမလွန်ဘဝ၌ဖြစ်သော ချမ်းသာကို ပေးနိုင်၏-ဟု တရားဟောထားသည်ကို လိုက်နာပြီး ကိုယ်ကျင့်ကောင်းအောင်ကျင့်ကြပါ - အဲလိုသီလရှိပြီးနောက် ဒါနပြုသောအခါမှာလည်း **"မလှူမီရှေ့အဘို့က စိတ်ကောင်းနှလုံးကောင်းရှိအောင် မွေးမြူ လှူဆဲစိတ်ကို လည်း ကြည်ကြည်လင်လင်ထား၊ ပေးလှူပြီးနောက်လဲ အဖန်ဖန်နှစ်သက် ဝမ်းမြောက်ပွားများနေ"** ဤကာလ သုံးပါး၌ စိတ်ကြည်လင်ခြင်းသည် အလှူ၏ပြည့်စုံခြင်း အချက်ကြီး ဖြစ်တယ်။

ဤကာလ သုံးပါးကို စိတ်ကြည်လင်စွာထားရှိပြီးနောက် ပုဂ္ဂိုလ်ဆိုတာ ဒုသီလရှိသေးတယ်၊ သံဃာဆိုတာ ဒုသီလ မရှိတော့ဘူး၊ အဲတော့ သံဃာကိုရည်စူးပြီး ဤသက်န်းကိုလှူ လှူသောအခါလည်း နိဗ္ဗာန်ကိုတောင့်တ ရည်စူးပြီးလှူ - အဲဒါဟာ အမြတ်ဆုံးအလှူကြီးဘဲ၊ ဤအမြတ်ဆုံးအလှူ ဖြစ်တော့မှ ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂသာဝကရယ်လို့ သာဝကသုံးမျိုး ပစ္စေကဗောဓိ၊ သမ္မာသမ္ဗောဓိရယ်လို့ ဗောဓိ၂မျိုး ၊ သမ္မာသမ္ဗောဓိတို့တွင် သဒ္ဓါဓိက၊ ဝီရိယာဓိက၊ ပညာဓိကရယ်လို့၃မျိုး ပေါင်းလိုက်တော့ တပည့် အဆင့်အတန်း နှင့် သုံးမျိုး၊ ဆရာအဆင့်အတန်းနှင့် လေးမျိုးပေါင်း ၇မျိုးသော ပါရမီရှင်များအဖြစ် ပဋ္ဌာနာဆုတောင်းကြီးယူနိုင်တယ်။ ပါရမီရှင်ဆိုတာမှာလဲ ၎င်း ၇မျိုးထဲက တစ်မျိုးမျိုးကို ကျင့်ပြီးနေတဲ့ ပုဂ္ဂိုလ်ကိုပါရမီရှင်လို့ခေါ်တယ်၊ ကိုင်းနန်းသူဇာတို့ ရှုပစန္ဒာတို့ကြိုက်တဲ့ ပါရမီရှင်အဖြစ် ဆုယူကြ၍ ကျင့်ကြံနိုင်ကြစေကုန်သတည်း၊ ကိုင်းအမျှဝေကြစို့ ဆိုပြီး မေတ္တာပို့အမျှဝေ ချပေးပြီးနောက် အာရုက်ဆွမ်း စားပြီးသူတို့နှစ်ယောက်လမ်းညွှန်ပြကာ ဘုရားသို့ပြန်လာခဲ့ပါတော့သည်။

နံနက်၅နာရီမှာ အထက်ခြေတော်ရာစေတီရောက်၍ ဘုရားဖူးကြပြီးသူတို့ကို ဆုတောင်း ပဋ္ဌာနာ ပြုခိုင်းပြီး ပုတီးစိပ်ရန်နည်းညွှန်ပြ၍ လမ်းခွဲကြပါတော့သည်။ နန်းသူဇာနှင့် ရှုပစန္ဒာတို့က အရှေ့ဘက် တက်သွားကြပါသည်။ ကျွန်ုပ်က အနောက်ကထွက်ပြီး စောင်းတန်းဆင်း၍ သင်္ကန်းပိုက်ခါ တဲခန်းသို့ ပြန်လာပါတော့သည်။ အရှင်ဘုရား ၂ချက်ထိုးစက တပည့်တို့ထပြီး ဆွမ်းချက်နေကြတာ အရှင်ဘုရား နေရာကြည့်တော့ မရှိတာနှင့်ပုတီးစိပ် သွားတာဘဲဆိုပြီးနေကြတာ၊ အောက်ခြေတော်ရာ ၃ နာရီခွဲ လောက်ဆွမ်းသွားကပ်၊ အထက်ခြေတော်ရာ ၄နာရီခွဲလောက်ဆွမ်းသွားကပ်၊ အရှင်ဘုရားကို ကြည့်တာ မတွေ့ဘူး၊ တပည့်တော်တို့က စိုးရိမ်နေကြ တာဘုရား၊ ဒီသက်န်းကဘယ်သူ လှူလိုက်တာလဲ ဘုရား၊

ကောင်မလေး ၂ယောက်ကလျှုလိုက်တာဘဲ၊ သူတို့ကဆွမ်းကျွေးလို့လဲ အာရုဏ်ဆွမ်းစားခဲ့ပါပြီ။ ကျွန်ုပ်ဘိုဘာမှ မလုပ်ပါနှင့်တော့ ဒါနဲ့ကားတွေ စုံစမ်း ကြည့်တော့ နံနက် ၇နာရီအတွင်း မနက်ထွက်မည့် ကားများလိုက်နိုင်တယ် (သို့မဟုတ်လျှင်) နေ့ကား မှလိုက်ရမယ်၊ ဒီတော့ခင်ဗျားတို့အနေနဲ့ ဘယ်လို သဘောရကြသလဲ။ ဒေါ်ယုံက - နေ့ကားလိုက်မယ်ဘုရား၊ တပည့်တော်တို့ဘုရားမှာ ရွှေလှူချင် သေးတယ်၊ ကောင်းတယ် - ကောင်းတယ်ဒီလိုဆိုရင်၊ ကျွန်ုပ်တရေးအိပ်အုံးမယ် နေ့ဆွမ်းစားခါနီးမှ နှိုးကြပေါ့၊ ကောင်းပါပြီဘုရား -

ကျွန်ုပ်လည်းအိပ်လိုက်ပါတော့သည်။ ၁၀နာရီထိုးတော့ ထပြီးရေချိုး၊ ဆွမ်းစား၊ ကားစုံစမ်းတော့ ၃နာရီမှဆို၍ ဘုရားတက်ပုတီးစိပ် ၂၇ပတ်စိပ်ပြီးပြန်အဆင်း၊ အောက်ခြေတော်ရာ ၂၇ပတ်စိပ်ပြီး ၂ချက်ထိုးတာနဲ့ လူများစုပြီး ကားဆိပ်ခေါ်ခဲ့၏။ ကားက ၃နာရီထွက်၊ ညနေ ၄နာရီခွဲ ဆယ်တော်ရောက် ၇နာရီခွဲကျောင်းတော်ရာရောက်၏။ ပုတီး ၂၇ပတ်စိပ်၊ ၈ခွဲထွက်၊ ၉ခွဲ မင်းဘူး နဂါးပွက်တောင် ၁၀နာရီ မင်းဘူးဆိပ်ကမ်းရောက် ညအိပ်သည်။

၁၃၂၁ခု၊ တပို့တွဲလဆုတ် ၁၂ရက်၊ အင်္ဂါနေ့ နံနက် ၅နာရီ စက္ကိန်းတဲဘုရားတက်ဖူး၊ ပုတီး ၂၇ပတ်စိပ်၊ ၇နာရီ ၁၅မိနစ်မော်တော်ထွက် ၈ခွဲမကွေးရောက်၏။ မြသလွန်ဝင်ဖူး၊ စနေနံဘုရား ဝင်ဖူး၊ ပုတီးကိုးပတ်စိပ်၊ ၁၂နာရီ ၄၅မိနစ် ကားထွက်၊ ရေချိုး ၂ချက်ရောက်ခေတ္တနား၏။ ကားထွက်၊ ချောက် ၄ခွဲရောက်နားထွက်၊ ၆ခွဲ ပုဂံရောက်၊ မြင်းကပါ၊ မနုဟာဘုရား ၇နာရီ ၂၅မိနစ်ရောက် ဘုရားဖူး ပုတီး ကိုးပတ်စိပ်၊ ရွှေစည်းခုံ ၈နာရီရောက်၊ ညအိပ်၏။ ရွှေစည်းခုံ ဇရပ်မှာ အိပ်ကြ၏။ ဘုရားက ၁၀နာရီ တံခါးပိတ်၍ ဘုရားမှာ တညလုံးပုတီးမစိပ်ရ ၁၀နာရီအတွင်း ၁၀၈ပတ်ပုတီးစိပ်၏။ နံနက် အာရုဏ် ၄နာရီက စဖွင့်၏။ ဆွမ်းပန်းရေချမ်းအမွှေးတိုင်များကပ်ကြ၍ ကျွန်ုပ်က ပုတီး ၂၇ပတ်စိပ်၏။

တပို့တွဲလဆုတ် ၁၃ရက်၊ ဗုဒ္ဓဟူးနေ့ မြင်းလှည်းငှားပြီး ဘုရားစုံဖူးကြ၏။ အာနန္ဒာဘုရား၊ သဗ္ဗညု ဘုရား၊ ကန်တော့ပလ္လင်၊ ဓမ္မရံကြီး၊ ဂူပျောက်ကြီး၊ နတ်လှောင်ကျောင်း၊ ငကြွေနားဆောင်း၊ ရွှေဂူကြီး၊ ထီးလိုမင်းလို၊ ပုထိုးသားများ၊ မီးမလောင်ကျောင်းမြစေတီ၊ အပါယ်ရတနာ၊ ရွှေဖက်လိပ်ဘုရား၊ မဟာ ဗောဓိ၊ ဘူးဘုရား၊ ငှက်ပစ်တောင်ဘုရားများကို ဝင်ဖူးပြီး ပုတီးကိုးပတ်စိပ်ခဲ့၏။ ဘုရားစုံဖူးပြီး ညောင်ဦး သင်္ဘောဆိပ်ရှေ့ရှိ၊ မြင်းခြံကတို့ပေါ် တညအိပ်၏။ တပို့တွဲလကွယ်နေ့ နံနက် ၅နာရီ ညောင်ဦး ကထွက် ၆နာရီခွဲ ပခုက္ကူရောက်၊ လက်ပန်ချို့ရွာ ၇နာရီရောက်၊ ကျော်စီရွာ ၈နာရီ ၁၀မိနစ်ရောက်၊ ၉ခွဲကွေ့ထောက်ရောက်၊ ငါးလန် ၁၀နာရီ ၁၅ရောက်၊ မြင်းခြံ၊ ၁၁နာရီ ၂၀ရောက်၊ စွန်းလွန်းဂူ ကျောင်း သွား ၂ချက်လောက်ကားဆိပ်ရောက်၍ ကားစုံစမ်းတော့ မရှိသဖြင့် နက်ဖြန်ထွက်ရန်ကား လက်မှတ်ကို ဝယ်ထားကြပြီး သမစိတ္တမော်တော်ယာဉ်ရုံးမှာ ညအိပ်ကြ၏။ တပေါင်းလဆန်း ၁ရက်နေ့ နံနက် ၅နာရီခွဲ ဒေါ်အေးတိုက် ဂျပါတီဘုန်းပေးပြီး ၆နာရီမှာ ကားစီးထွက် ၈ခွဲကျောက်ဆည်ရောက်၏။ မြစ်ငယ် သံတံတားကူးခါနီးကားဘီးပေါက်၍ နာရီဝက်လောက်ကြာ၏။ မန္တလေး ၁၀ခွဲရောက်၏။ ကျောင်းသို့ ၁၁နာရီရောက်၏။ ဝတ္တရားအတိုင်း မပျက်မကွက်ပြုလုပ်နေ၏။

တပေါင်းလဆုတ် ၈ရက် ရွှေစာရံဘုရားနှင့် နဂါးရုံဘုရားသွားဖူးပြီး ပုတီး၂၇ ပတ်စိစိတ်ခဲ့၏ ပွဲတော်အပြီးရက်ဖြစ်၏။ တပေါင်းလကွယ် နေ့ညအိပ်မက်သည်၊ ပြာသဒ်ဆောင်ပေါင်းများစွာနှင့် သုံး

ထပ်နန်းတော်ကြီး မြင်တွေ့ရ၏။ ထိုနန်းတော်မှာလွင်နေအောင်ဖြစ်နေ၏။ ကြည့်လို့မညီးနိုင်၊ ကျွန်ုပ်က တက်သွား၏။ မိန်းကလေးများက လောကဝတ်ကြေကြ၍၊ အထက် ၂ ထပ်ကိုမတက်နိုင်၊ တထပ်တည်းနှင့် ဘဲပြန်ဆင်းလာ၏။ တောလမ်းလေးတခု ရောက်သောအခါ ဘုန်းတော်ကြီးတပါးနှင့်တွေ့၏။ ကိုယ်တော် မ-ကပ် နေသည်။ မ-ခွါနိုင်မှအထက်တဆင့်တက်နိုင်မည်၊အခုမိန်းမတွေကြောင့် အထက်နှစ်ထပ်ကို မတက်ခဲ့ရဘူးမဟုတ်လား၊ ဟုတ်ပါတယ်ဘုရား၊ ပုတီးသမားဟာ မ - ခွာနိုင်မှကိုယ်တော်သတိပြု - သတိပြု ကျွန်ုပ်လန့်နိုးလာ၏။ ထိုအိပ်မက်ကိုမှတ်တမ်းတင်ထားလိုက်၏။ ထို့နောက်အောက်ပါ မှတ်ချက်ကိုရေးလိုက်၏။

**မှတ်ချက် - သမာဓိကို လာဘ်နှင့်သော်ငင်း၊ မနှင့်သော်ငင်းဖျက်၏။ မပျက်ဆီးစေနှင့်။ ပျက်ဆီးခဲ့ပါလျှင် တစ်သက်လုံး မွေးထားသောကြက်ကို တမနက်တည်းရိုက်သတ်စားသကဲ့သို့ ဖြစ်မည်မှတ်။**

၁၃၂၁ခု၊ နှောင်းတန်းခူးလဆန်း ၉ရက်၊ တနင်္လာနေ့ ၊ ၁၉၆၀ခု၊ ဧပြီလ ၄ရက်၊ သန့်ရှင်းအစိုးရသစ်ဝန်ကြီးချုပ်ဦးနု ကြေငြာသည် ပြော်ရက် နှောင်းတခူးလဆန်း ၁၀ရက် သန့်ရှင်းအစိုးရတက်၏။ ၁၃၂၁ခု နှောင်းတံခူးလဆုတ် ၃ရက် ဗုဒ္ဓဟူးနေ့ နံနက်စံတော်ချိန် ၁၀နာရီ ၁၂ စက္ကန့် သင်္ကြန်ကျ၏။ လဆုပ်၅ရက် အကြတ်နေ့၊ ၆ရက်သောကြာနေ့တက်၍စနေနေ့ နှစ်ဆန်း တရက်ဖြစ်၏။ ၁၃၂၂ခု တံခူးလဆုတ်၆ရက် စနေနေ့ မင်္ဂလာအခါတော်နေ့ အထိမ်းအမှတ်အဖြစ်ဖြင့် မင်္ဂလ သုတ်တော်ကို ပုတီးတပါတ်စိတ်၏။ ကျန်ပုတီးစိပ်များမှာ အဓိဋ္ဌာန်တိုင်းစိတ်၏။ မီးတရာ့ရှစ်တိုင် ပူဇော်၏။ ကြီးငါးကြီးပုတီး ၂၇ပတ်စီစိတ်၏။ ၁။ပုထိုးတော်ကြီး၊ ၂။ရွှေဂူကြီး၊ ၃။ကျေးဘုရားကြီး၊ ၄။တောင်မင်းကြီး၊ ၅။ကျောက်တော်ကြီး။

၁၃၂၂ခု တံခူးလဆုတ်၉ရက် အင်္ဂါနေ့တွင် ၉ထောင်ပြည့်စေတီ ဂုဏ်တော်၂ပါး ၂ဆူ တည်ပြီး၍ ကောင်းမှုအဘို့ အမျှအတန်းဝေ အဓိဋ္ဌာန်ပြု ခါတ်ပုတီးမှာ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ရောက်နေ၏။ တံခူးလဆုတ်၁၀ရက် ဗုဒ္ဓဟူးနေ့မှာ နံနက်တချက်လောက်တွင် ပါးစပ်ထဲအင်းခွဲ့သွား၏ ကျွန်ုပ်အိပ်ယာထဲမှ မျိုချလိုက်၏။ အင်းမျိုချပြီးနောက် တစ်ကိုယ်လုံး ဖိန်းဖိန်း ဖိန်းဖိန်းနှင့် တုန်သလိုဖြစ်နေ၏။မျက်စိဖွင့်ပြီး ကြည့်သောအခါ ရုပ်ရှင်ကြည့်ရသလို တောကြီးတောင်ကြီးများမြင်နေရ၏။ ၂ ချက် ထိုးသံကြားမှ ထိုအာရုံကို ဇွတ်ဖြတ်လိုက်ပြီး နှာသီးဝမှာ အသိကပ်ရှုပြီး အိပ်ချလိုက်၏။

ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ကို ရည်မှန်း၍ အနေကဇာတင်၊ ပုတီးတစ်ပတ်စိပ်၏။ "ညအိပ်မက်" ဒေါင်းကြီးကိုစီး၍ ဘုရားပုထိုးစေတီများလိုက်ဖူးမျှော်ရ၏။ ဒေါင်းကြီးကပြောသည်မှာ အရှင်ဘုရားကို ကိုယ်ထိလက်ရော က် ကျောက်ဖြာကိုလိုက်ပို့ပေးအုံးမည်ဆိုပြီး တောင်စူးစူးပြန်တက်သွား၏။ တိမ်လိပ်တိမ်ကြားတွေအထဲမှ ကျော်ဖြတ်ပြီး ဟင်းလင်းပြင်ကောင်းကင်ကြီးထဲပျံနေ၏။ အောက်ကိုကြည့်သောအခါ ရေပြင်ကြီးလှိုင်းလုံးကြီးများ ရိုက်သံသာကြားနေရ၏။ တော်တော်ပျံရ၏။ အဟုန်ပြင်းစွာနှင့်ပျံတာတောင် တစ်နာ ရီလောက်ပျံရ၏။ ယခုပျံနေတာတောင် တနာရီလောက်ပျံရပြီး ယခုပျံနေတာပင်လယ်ဟုပြော၏။ ရှေ့က မြင်ရတာက ပင်လယ်ကမ်းခြေလို့ပြော၍ ကျွန်ုပ်ကြည့်လိုက်သောအခါ အိမ်လုံးကြီးလောက်ရေများ လှိမ့်ဆင်းနေသော ပြွမ်ပေါက်လို့ယူဆရသော အပေါက်ငါးပေါက်ကိုအပေါ် မှ စီးမြင်ရ၏။ ကျောက်ဖျာကြီး အလယ်ဒေါင်းကြီးဆင်းလိုက်၏။

ကျွန်ုပ်သည် ရေပွက်များကို မျက်စိတစ်ဆုံး လိုက်ကြည့်နေ၏။ ဒေါင်းကြီး မျက်စိနှင့်ကြည့်လို့ မရဘူး၊ ၃ညအိပ်လောက် သွားမှ ခံတွင်း၅ခုကိုမြင်နိုင်တယ်၊ ဤကျောက်ဖြာကြီးက တစ်ယူဇနာလောက် ကျယ်တယ်၊ ဤမှာမတ်ပြီး တက်နေသော သစ်ပင်ကြီးက ဇမ္ဗူသပြေပင်ခေါ်တယ်၊ ကျွန်ုပ်သည် မော့ကြည့်၏။ အရွက်ကလေးများ မှုံပြုပြုမြင်ရ၏။ အတော်ကိုမြင့်၏ မတ်မတ်ထိုးတက်နေသော တောင်ကြီးနှင့်တူ၏။ ကျွန်ုပ်က ကျွန်းဦး သပြေပင်ဆိုတာဒါလား၊ ဒေါင်းကြီးကဟုတ်ပါကြောင်းပြော၏။ ဒီနေရာက မင်းတက်ကျောက်ဖျာ ခေါ်ပါ တယ်လို့ မလှမ်းမကန်းနေရာက ဘုရားရဟန္တာတို့ ထိုင်တော်မူတဲ့ ဝရာသနနေရာလို့ ခေါ်ပါတယ်။ ကျွန်ုပ်လည်း မင်းတက်ကျောက်ဖျာနေရာကို သွားကြည့်၏။ အတောင် ၅၀လောက်မြသား အတိဖြစ်နေ ၏။အလယ်ခေါင်အတောင် ၂၀ပတ်လည်လောက် ပတ္တမြားအတိပြည့်သော ကျောက်ဖျာသည် ပကတိကျောက်ဖြာထက် ၃ တောင်လောက်မြင့်၏။ ပတ္တမြားကျောက်ဖြာ က မြသားကျောက်ဖြာထက် ၂ တောင်လောက်မြင့်၏။ ကျွန်ုပ်ပတ္တမြားကျောက်ဖျာ ပေါ်တက်၍ ခြုံလာခဲ့သော ၂ထပ်သက်န်းကြီးကိုခင်းပြီး ဘုရားကိုပင့်၍ ပရိက်ယူပြီး ပုတီးစိပ်လိုက်ပါ၏။

ပုတီးကိုးပတ်စိပ်ပြီးသောအခါ သိကြားအဝတ်အစားများနှင့် ပုဂ္ဂိုလ်တစ်ယောက် ကျွန်ုပ်ရှေ့ ရောက်လာ၏။ နတ်အဝတ်အစားနှင့် ကိုးယောက်ရောက်လာကြ၏။ အရှင်ကိုယ်တော်လေးကို တပည့်တော် ဒေါင်းကြီးကို အပင့်ခိုင်းတာဖြစ်ပါတယ်။ တပည့်တော်သိကြားပါ၊ ဝဲယာက ဝိသကြုံ၊ မာတလိ၊ ဤသာန၊ ဝရုဏ၊ ပဇာပတိ၊ ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရတို့ဖြစ်ကြပါတယ်။ အရှင်ကိုယ်တော် လေးကို အောင်ဘိသိက်သွန်းလောင်းပေးရမည်ဖြစ်ပါတယ်။ ဤကဲ့သို့လျှောက်ထားပြီး သူတို့ ကျွန်ုပ်ကို ဝိုင်းလိုက်ပါတော့သည်။ - ဂါထာမန္တာန်များရွတ်၍ ဆန်ပန်းပေါက်ပေါက်များကြဲကြပါသည်။ အမွှေးနံ့သာ ရေများဖြင့် ဦးထိပ်ကိုသွန်းလောင်းကြပါသည်။ ကျလာသောရေကစိမ့်ကနဲ၊ စိမ့်ကနဲဖြစ်သွားပါသည်။ ပရိတ်တော်များရွတ်ကြပါသည်။ကျွန်ုပ်တို့ရွတ်တာနှင့်မတူ တခါတခါသာသိသောပုဒ်များပါလာသော ကြောင့် ပရိတ်လို့ မှန်းဆနိုင်၏။ အောင်ပြီ - အောင်ပြီ - အောင်ပြီဟုဆိုကြပြီး သိကြားမင်းကသင်္ကန်း တစ်စုံဝတ်ရန် လျှောက်၍သူပေးသော သင်္ကန်းကိုဝတ်လိုက်ပါ၏။ သင်္ကန်းက ပေါ့ပါး၍ ပတ္တမြားအဆင်း ကဲ့သို့ နီမြန်းနေ၏။ အရောင်များကဖြာနေ၏။

ထို့နောက်သိကြားမင်းက ဤဂါထာကိုမပြတ်ရွတ်ပါ သိဒ္ဓိတင်ဂါထာမန္တာန်တော် ဖြစ်ပါသည်ဟု လျှောက်ပြီး ပုရပိုက်ပေးလိုက်၏။ ထိုပုရပိုက်ထဲမှ ပါလာသော ဂါထာမန္တာန်များကို ယူလာပြီး ဒေါင်းကြီးကို စီးပြီးပြန်လာခဲ့ပါသည်။ တောင်သမန်ကမ်းနဖူးချထားပါသည်။ ကျွန်ုပ်လည်း နိုးလာ၏။ နာရီကြည့်သော အခါ ၃ နာရီထိုးနေ၏။ အိပ်ရာဘေးတွင် ပရပိုက်တစ်ဆူတွေ့ရ၏။ အံ့အားသင့်သွား၏ မီးဖွင့်၍ထပ် မအိပ်တော့ဘဲ ကူးယူပြန်၏။ (ထိုဂါထာမန္တာန်များကား)

## မဟာယန္တရားကြီး မန္တာန်တော်

ဩောင်း ယရံ ယရံ၊ မဟာယရံ ယရံ၊ ယက္ခယရံ ယရံ။ အာဋ္ဌဝက ယရံ ယရံ၊ ဝိရူပက္ခယရံ ယရံ ကုဝေရ ယရံ ယရံ။ ဝိရူဠှက ယရံ ယရံ။ ဓတ္တရဋ္ဌ ယရံ ယရံ။ မဟေသရ ယရံ ယရံ။ ပုဏ္ဏက ယရံ ယရံ။ ဟတ္ထိအဿ - သီဟ - ဗျဂ္ဃ - ဒီပိ - သံသုမာရ - ဥဒတ - အဟိဝိစ္ဆိက - အဂ္ဂိရိဇ - အမနွ - ဗဟုဇနာ

- သောက - ရောဂါ - ဒုက္ခဥပဒ္ဒဝ - ဗျာဓိမရဏ - ယရံ ယရံ။ ဩြောင်း မဟာရန္တြေ ကါမာဝစရ ဒေဝါနံ၊ တာဝတိံသာ မဟာဒေဝါနံ၊ ဩြကါသလောက သတ္တာနံ၊ မဟာသမ္ဗုဒ္ဓေါ၊ တဏှင်္ကရော၊ မေဓင်္ကရော၊ သရဏင်္ကရော၊ ဒီပင်္ကရော၊ ကောဏ္ဍညော၊ မင်္ဂလော၊ သုမနော၊ ရေဝတော၊ သောဘိတော၊ အနောမဒဿိ၊ ပဒုမော၊ နာဒရော၊ ပဒုမုတ္တရော၊ သုမေဓေါ၊ သုဇာတော၊ ပိယဒဿိ၊ အတ္တဒဿိ၊ ဓမ္မဒဿိ၊ သိဒ္ဓတ္တော၊ တိဿော၊ ဖုဿော၊ ဝိပဿိ၊ သိခီ၊ ဝေဿဘူ၊ ကက္ကုသံ၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမ၊ က္ကမိနာအဌဝိသတိ၊ သမ္ဗုဒ္ဓေါနုဘာဝေန၊ အဌဝိသတိ၊ ဓမ္မာနုဘာဝေန၊ အဌဝိသတိ၊ သံဃာနုဘာဝေန၊ ဘုမ္မာဒေဝတာ၊ ရုက္ခဒေဝတာ၊ အာကာသမဟာ ဒေဝတာ၊ သဗ္ဗရုက္ခဒေဝေါ၊ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီသရဘူ၊ နေရဥ္စရာနံ၊ မဏိမေခလာနံ၊ သူရဿတိ ဒေဝိယာနံ၊ အာနုဘာဝေန၊ သဗ္ဗသတြု၊ ဝိနဿန္တု၊ ဆိန္ဒန္တု၊ တိန္ဒန္တု၊ ဘိန္ဒန္တု၊ ပလာယန္တု၊ အညမည်၊ ပိယံဟောန္တု၊ ဘောဂတိဌတုတိဌတု၊ မနောရမ္မံတိဌတုဌတု၊ မင်္ဂလာဇေယံတိဌတု၊ တိဌတု၊ ဩြောင်းဟူလူ၊ ဟူလူ၊ မဟာယန္တြားကြီးသွား၏။

**" ရွှတ်ပွားတအကျိုးအတိုင်းမသိ "**

## ရတနာဉပ်ဆောင်းတော်ကြီးဂါထာမန္တာန်တော်

ဉံပဒုမုတ္ထိုရ ပဒုမုတ္ထိုရ သိဒ္ဓိကုမ္မာ- မန္တသဉ်ာ၊ ရတနာကွန်ရွက်ဦးထက်ဘုရားမိုးလျက်ထား၏။ ပိဋကဓမ္မခန္ဓာအပေါင်းရှစ်သောင်းလေးထောင်ကုန်အောင်ကျမ်းများပိုက်လျက်ထား၏၊ ပိဋကဓမ္မခန္ဓာအပေါင်းရှစ်သောင်းလေးထောင်ကုန်အောင်ကျမ်းများပိုက်လျက်ထား၏-သိကြားဗြဟ္မာနတ်တကာတို့ ရံလျက်ထား၏-သခ်ေျသိန်းသောင်းဘီလူးအပေါင်းတို့၊ မကောင်းတကာသွားလေလျှင်လူ့ရပ်ခွင်သို့မဝင်လာနှင့်- တစ္ဆေနတ်ဖုတ်၊ သူယုတ်ကာလကဏ္ဏိ- ပိတ္တာ-ဇောဂနိ- တက္ခ- ရက္ခာ-နတ်မိစ္ဆာတို့ - ဝဲယာသို့လွင့်စင်ဖယ်ရှား - တရားရတနသုတ်၊ နှုတ်တော်မြွက်ကကြေပျက်ပြေးသွား - လွင့်ပါလေ၍- မနေဝေးစွာစကြာဝဠာအရပ်ဦးလည်ပြတ်၍ တဖြင့်တပါး- လွင့်မှုံလားသို့ပါးရှားလေသည်မဟုတ်လော- ဉံ ကျွန်းသားရက္ခ၊ ကန္တာရတို့လူနှင့်နတ်လည်း မစိမစပ် အရပ်ဝေးစွာ ခွာလေကုန်၊ ဉံ ယက္ခော ပရလော - ဟယ်နယ်-ဟယ်စုံ - ဟယ်သူယုတ် - ယုတ်စွာ့တကား၊ နင်မသွားသော် သိကြားသံလျက် - ငှက်ပျော ရွက်ရှိ၊ ရှိသည်ပြောင်ပြောင်လျှပ်စစ်ရောင်သို့ ကုန်အောင်မကျွင်းအသားညှင်း၍ ခပင်ပြုတ်ချက် အသက်မရှင် မီးနှင့်ကင်၍ ထိုတွင်ဆုံးသည်မဟုတ်လော - သွားလည်းလျှင်သွားလေ - နင်မနေနှင့် သေကြေပျက်စီး မီး၌ကင် - ဆောလျှင်ပြစ်၊ ဉံ နမောက္ကတိပိသော - မဟာဓမ္မတေဇေန။ ဉံ နမော က္ကတိပိသော - မဟာသံဃ တေဇေန - မွေတော်တစ်ရွက်ရိုးတော်ဓါတ်နှင့် သွားတော်လေး ဆယ်၊ စွယ်တော်လေးချောင်း၊ မွေတော်ရှစ်သောင်း နှစ်ချောင်းညှပ်ရိုး ငါတို့ကိုး၏။ ဉံနမော ဘဂဝါ နုဘာဝေန၊ ဉံနမောဘဂဝါ ဓမ္မာနုဘာဝေန၊ ဉံနမော သံဃာနုဘာဝေန၊ ဘန္တေဘဂဝါ၊ ဟယ် မိစ္ဆာတို့တကာ နတ်စုံးတော်ပုံး၊ တောသူနင်မပြုနှင့် ကိကိ - ကုကု - သေစွဲမှု၍ အစွယ်ဖွေးဖွေး အမွေးအလျားလျား ကြီးမားထန်းပင်၊ လမ်းဘုံတွင်၍စောင့်ရှောက်နေသည်။ နင်ဘီလူး၊ ကေကဲ၊ ကော့ကော်၊ ကြည်မျှော် သွေးသား စုတ်သောက်စားသည် လမ်းပါးကျောက်ကူနေမှတ်မူသည်၊ဟယ်ကသွတ် - စရွတ် - ကျောင်းဆိုးမှိုတိုးနေသည် ၊ ဟယ်နတ်ယုတ်ဆုတ်လေဝေးစွာတကမ္ဘာ လျှင်မလာနှင့် ဗုဒ္ဓ- ဓမ္မံ၊ သံဃ -

သုံးပါးဟန့်ဆည်းတား၏ ကံကား - ဗုဒ္ဓါ - သံဃာများလည်း ငါ့အားမ၏၊ သိကြားဗြဟ္မာ - နတ်တကာ လည်း မကွာမ၏၊ သွားလေလျှင်လျှင် သွားလေ - လေလျှင်လျှင်ခွါလေ -

ဥုံ မုန် မုနိ ဗောဓိဖေယျံ ပလ္လင် - သဗ္ဗအန္တရာယံ သဗ္ဗဘယါငံ နသာဿု၊ ဥုံ ဒူ ရေဒူ ရေသျှက်ပွတ် သွားဟ ယျသွား ဟုံ နှိမ် -

**စုံရေဆန်ရေ မန်းတိုက်က မည်သူမျှမခံနိုင်**

**သိကြားအုပ်ဆောင်း ဂါထာမန္တာန်တော်ကြီး**

ဥုံ ဣရဋ္ဌာ - ဂတ္တရဿ၊ တိဟံစ၊ တောရောထိန်၊ ပိသရ၊ လောပ၊ သဗ၊ သောမ္ဗါန၊ ကရိဋ္ဌာ ဒွေါ၊ ဘသ - သ - ဝိသဒေဘာ၊ ဂမ္ဗုမ္ဗ - ဒူစ - ဝဂ။ ဝါဒွေါန္တော - အမ္ဗမဝါ၊ အမိသုန - သာနုတိ၊ ဥုံ ပတ္တဝါဝိနာတိ၊ ဤသို့သော ကျေးဇူးမွန်ကိုရှည်လော့ - ရှောင်ရှောင် သိကြားမင်း ဥုတ်ဆောင်းမန္တရား သော်ကား၊ ကျိုးကြောင်းလုံ့လ စီးပွားရှိခိုးပြားသောအကြင်သူအား သိကြားဗြဟ္မာနတ်တကာတို့ ချစ်ပါ ကုန်ဘိဘေးကျာမ်းထိ၍ နှင်နှင်အကျိုးထင်၍ ဗေဒင်မန္တရား ဤစကားကို မမှားသောစွာ ရွတ်လေ သတည်း။

ဩောင်း သွာတာ - ကောဟိ - နေဝေ - ကွာစ - အပ - ယျိဒ် - တောမ္ဗော - ကါသိ - ကေါတ - ဘသံလိကေါ - ပဌော - ဂဒိကေါ - ဩစ္စဝိ - ဝဋ္ဋိဖိ ပတ္တညု - လေးအသချေ်နှင့် ကမ္ဘာတစ်သိန်း ထွက်ကိန်းပြည့်ထ - လုလ္လသစ္စာ - ဒါန - ပါရမီ - သီလပါရမီ - နိက္ခမပါရမီ- ပညာပါရမီ - ဝိရိယပါရမီ - ခန္တိပါရမီ - သစ္စာပါရမီ - အဓိဋ္ဌာန်ပါရမီ - မေတ္တာပါရမီ၊ ဥပေက္ခာပါရမီဟူ၍ ဤသို့ ပါရမီ ၁၀ပါး အပြား ၃၀ အကျယ်ဖြည့်၍ ပြည့်ထကျင်သည်သုံးလူ ဆွေခင် ဘုရားရှင်ကား ချစ်ပေဖြစ်ပေတတ်သော မှတ်ပေတတ်သော ပိဋကဓမ္မခန္ဓ အပေါင်းရှစ်သောင်းလေးထောင် ကုန်အောင်ကျမ်းများ ရှေ့တွင်ထား၍ ဘုရားရှင်ကား ဗောဓိပင်နှင့်ရွှေပလ္လင် ထက်တက်၍ နေသော်မာရ်၏ စည်လည်း ရောက်လပ်သတည်း။

ဥုံ - သုသံသာ - ဂန္ဓိယ - အဝ - ဟုဏိ - ပ - ယော - ဝဝ - ပဒိဌတော - နေယျာ - ဋ္ဌိဥကတောန္တော - ဒံ ပုသာ ယျောအ - ပဂု - သံသာ - ဘစရိဝ - ဒနုနောပ္ပယော - ဝ ဝတ္တာ - သကက္ကိတ္တ - ဘဋ္ဌိညာက - ဝရိ - ပုသံ - ကော ရံ - ဂပယ - သံတော - ပုဂ္ဂယော - ယျောပု - ဝန္တောပ္ပယော - သာရိလာ - အာအည - တောဘဋ္ဌိသာ - ဝသဧ - ဟုဋ္ဌခေ - သာဂ - ပမိ - ကယု - သာနေ - လိ - တံ - ဝဝန္တော - စိသံဂါ ဘယော - ကလော - ကတော - ကတော - ဘပ္ပယော - နိဂ - ပါရက - ဤသို့စသား ဘုရားရှင် ကား သတိပဋ္ဌာန်ကါမ္မန်အမြဲလက်နက်စွဲ၍ ဝိရိယအပြားသူရဲများ နှင့် တရားစစ်ချေရ်လပ်သတည်း -

ကောသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော ဟူသော ကမ္မဋ္ဌာန်းအပြား ၃၂ပါးတရားပါဋ်လျှောက်၊ သတိ ဆောက်၍ ပဋိစ္စသမုပ္ပါဒ်တရား၊ လုံခါးစွဲလျက်၊ ဗောဇ္ဈင် ၇ပါး တရားလက်နက် ရွှေသံလျက်ကို လှည့်လျက်အံ့ဘွယ်လည်၍လွှယ်စေ၊ မှတ်သီပိဋကတ်နာသိပက်ဟု၊ မှတ်သည်သီတင်း တရားမင်းကို ကိုယ်၌ အရင်းကွပ်စေ၊ ဒသသီဆယ်ပါး တရားသံချပ်၊ ထက်ကြပ်ဝတ်စေ - ပဥ္စသီငါးပါးတရားလည်းခွေ၊

ဖွေးလွေလည်၍ လွယ်စေ - အဌသိရှစ်ပါး တရားမြတ်ကိုကား မောက်ကိုဥကျောင်းဆောင်းစေ - ကုသလ ဇာတ်တရားမြတ်ကိုကား ၊ ကာမြကာစေ၊ အသုဘဆယ်ပါး ပိုက်ပုံများကို တရားစစ်ချေ၊ အနှက်နေစေ၊ ပါတိမေက္ခတရားဆင်သည်များကို တွားတွားနစ်စေ ကသိုဏ်းဆယ်ပါးဖြစ်သည်များကို မြို့မှာနေစေ၊ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ ဒွါရသုံးပါး တရားစောင်းရမ်း - ထက်ဝန်းရံစေ - အဝင်္ဂမာရကား - တန်ခွန်စောက် လောက်ကြူးဆိုဆောက်စေ - အဘိသမ္ဘိဒါပညာခရုသင်းခတ်ပြင်းမှုတ်စေ - နဝလောကုတ္တရာ၊ ကိုးပါးတရားနောက်၌ ခွက်ခွင်းတံပိုး မိုးသို့ကြိုစေ - ဉုံဟေ အစ္စ - ဇာနိစ္စ - တမ္မရ၊ နတ္တတ္တိပ - တုမိယော - ပပ - ပပ - ပပစ္စ - ပပ - သပယ - ပုစ္စစ္စ - စစ္စ - စစ္စယေါ၊

သဘောအရ ပဌာန်းကွန်ချာ၊ အဘိဓမ္မာမည်မှန်း ခွန်နှစ်ကျမ်းကိုကား ကိလေသာနှင့် တဏှာ မုန်တိုင်း မခိုင်းစိမ့်ငှာ၊ ပညာလွှံမွှံ - ကွန်ကာဆုပ်စေ - သုတ်နှင့် ဝိနည်း ခပ်သည့်စည်ကြီး သိမ့်ကာထီးဝေ - ဣန္ဒြေကိုးပါး၊ တံခိုးများသာ ဣဒ္ဓိပါဒ်လေးပါး တရားလေးကျိပ်၊ ဘိက်သိက်လတင်၊ ငင်ကာပစ်စေ၊ ဝိပဿ နာ ကိလေသာနှင့် တဏှာမါရိ စစ်ပြစ်ပြစ်မကျွင်း ပျောက်သောဆင်သို့ ဆနရုတ်ရောဂါ၊ ကိုးဆယ့်ခြောက် ပါးသော အနာတို့သည်ရင်း၊ နှစ်ဆယ့်ငါးပါးသော ဘေးတို့သည်ရင်း၊ တစ်ဆယ့် ခြောက်ပါးသော ဥပါဒ် တို့သည်ရင်း ဆယ်ပါးသော ဓါတ်တို့သည်ရင်း၊ ရှစ်ပါးသော အပြစ်တို့သည်ရင်း သုံးဆယ့်နှစ်ပါးသော ကံကြမ္မာတို့သည်ရင်း။ ရေမီး - မင်းခိုးသူ မချစ်မနှစ်သက်သော သူဟုဆိုအပ်သော ရန်အပြားငါးပါး၊ ဤဘေး များကို ထင်ရှားကိုယ်တွင် ပျောက်စေကုန်လျှင်တည်း -

ဉုံ - ဣစ္ဆန္တော ၊ သာသပဂမ္ဘော၊ ဣတိစိတော စက်မတိ။
ဣစ္ဆန္တော စက္ကဝါဠံမှိ၊ အတ္တဘာဝေန ဆာဒယိ။ ။
သဗ္ဗညုပရမံ သတ္ထံ ၊ သဗ္ဗဘူတ၊ နမာမဟံ။
သဗ္ဗသံဃ ပတိဌေတိ၊ သဗ္ဗသတ္တာသုခါဝဟိ။

ဉုံ- ဆာယိ ဆာယံ - ဆဆ - ဆာယံ၊ ဆာယံ ဆာယိ၊ ဆဆာယိ၊
ဆာယိတဗ္ဗံ၊ ဆာတဗ္ဗံ ၊ ဂစ္ဆအမှမှိသြကာ သေတိဌာဟိ။

ဉုံ - ပဲပဲ၊ ပဲပဲ၊ ညိုမဲလျှင် ၊ ဉုံကျိုပတ် ကျိုပတ်၊ သူရပတ်၊ သမန္တရရတ်၊ ဇရ - ဗိုင်
ဟိုင် သဗ္ဗဒါ၊ ဉုံ တုပ်တုပ်၊ သျှိုင် တုပ်တုပ်

ဉုံ - ဗုဒ္ဓတေဇေန၊ ဗုဒ္ဓကမ္မံ - နဝဂုဏ် - ဗုဒ္ဓံ သရန် သွားဟ

ဉုံ - ဓမ္မ တေဇေန ၊ ဓမ္မ ကမ္မံ - ဆဂုဏ် - ဓမ္မံ သရဏံ၊ ဓမ္မံသွာဟ၊

ဉုံ - သံဃ တေဇေန သံဃကမ္မံ - နဓဂုဏ် - သံဃံ သရဏ် သံဃံသွားဟ -

ဉုံ - ဟိမိ - ဟာရိမ်းဟိမ် - ပတ္တုလာ - နယနာယ
အပ္ပဗုဒ္ဓါဟိမိ - ဟာရိမ် - ဟိမ်ဟိမ်။
ဩောင်း ဇေယျတု ဇေယျတု ဇေယျတု

မပြတ်ရွတ်က ရန်ခပ်သိမ်းပျောက်အံ့၊ မိမိအလိုဆန္ဒပြည့်ဝ၍ အကျိုးများစွာ ရောက်အံ့သတည်း။

သိဒ္ဓိတင်သော သိကြား၊ မန္တါကုစကြာမင်းတို့၏ အကျွံသံချပ်ကဲ့သို့ အလုံးစုံစောင့်ရှောက်ကာ ကွယ်နိုင်သော သံချပ်ငယ်မန္တရားတော်

ဩော် နမော ဗုဒ္ဓဿ - ဩော်နမော ဓမ္မဿ၊ ဩော် နမော သံဃဿ၊ တေဇေန ကပ္ပရိယ - သာရိရပုတ္တရာ မေဂ္ဂလံ - အာနန္ဒာ - ကဿပ - စက္က - စက္ကာ - ဝင်သော - ဝင်ယါ ဝဿဝရော၊ ဗောဓိ သစ်ကသုံ၊ ဓက္ကပရိတ္တံမံ ရက္ခန္တု။

ဥုံ ညာတ်တိုး ကုံ ဓမ္မေဟုံဟုံ ဆုံသား အဋ္ဌ - မိဋ္ဌ ရှစ်ပါးတရားမင်းဘုရား၊ ငါ့အသက်ကားသံတည်း - ငါ့မျက်စိကားပုလဲတည်း၊ ငါ့ချေကား၊ ဗောဓိညောင်တော်၏အမြစ်တည်း၊ ငါ၏ဝမ်းကား အနဝဒတ်အိုင်ကြီးတည်း၊ ငါ့ကိုယ်ကား ဆဒ္ဒါန်ဆင်မင်းလျှင်တည်း၊ အစွယ်မယူရရာ၊ အနေကဇာဘုရားရှင်၏ ပညာတည်း၊ သုံးတန်အောင်သော ဒေဝဒတ်နှင့် ဆုတောမင်းမူသော အတူကကွမဖြစ်ပေရာ၊ ဒက္ခိသတိ - နင်၏ ပညာမဟုတ်လော - ဥုံ - အစောဗျ - သိ - က - ရာ - ဝိ - ဘော၊ ဟိရဠ၊ ဟ - ရိ - ဇာရိဇော၊ ဝိရ၊ တဌ၊ ဘယော၊ မိမေ၊ ရက္ခမံဇိန၊ မာရဇီ၊ သု - တော - ဇေ - ဗ - ယ - တေလာအာ ၊ ခဂ၊ ယျ - လ - သ - ဇော - ဘယ။ အဋ္ဌဝရာန်မာနေဝံ၊ ဝဋ္ဋန္တု ဇိနတေဇသာ၊ ဥုံ ညာဟိ တုံတုံ ဓမ္မေဟုံဟုံ၊ အမိကား မြေ - ငါ့အဘကား မိုး၊ ငါ့အဘိုးကား သဟံ ပတ်ပြဟ္မာ - လျှင်တည်း၊ ငါကား သားမြေး၊ တိမ္ဘော့ လျှင်တည်း၊ ဟတ္ထိသတိ ရာဇာနာမ၊ ငါ့လက်တဘက်ကား သိန္ဓောမြင်းလျှင်တည်း၊ ငါ့လက်တဘက်ကား ကေသရာဇာခြင်္သေ့မင်းလျှင်တည်း၊ ငါ၏ခြေတဘက်ကား၊ စကြာဝတေးမင်းလျှင်တည်း၊ ငါ၏ခြေတဘက်ကား၊ တည်ရာဌာဆန္ဒါန်ဆင်မင်းလျှင်တည်း ပိဋကတ် ၃ပုံကား၊ ငါဆင်သော ချပ်ဝတ်ဆံကာတည်း ဂါထာ မန္တာန်၊ ဂုဏ်တော်အပေါင်းတို့ကိုလည်း လည်မှာဆင်နေလျက်ပင်တည်း၊ ဗေလေးပုံကား ငါ၏ချေထုပ်တည်း၊ ရဟန္တာရှစ်သောင်းကား ငါ၏အရံတည်း၊ ကျွန်းကြီးလေးကျွန်းကား ငါ၏မျက်နှာတည်း၊ သမုဒ္ဒရာကား ငါ၏နေရာကမ္ဗလာတည်း၊ ပြဟ္မာပြည်နှစ်ဆယ်ကား ငါ၏တန်ခွန်တည်း၊ နေမင်းကား ငါ၏လက်ဝဲခြေနင်းစကြာတည်း၊ လမင်းကား ငါ၏လက်ျာခြေနင်းစကြာတည်း၊ စကြာဝဠာ တစ်မြို့ထား ငါ၏မြို့တည်း၊ မြေကြီးလုံးမှ ကြမ်းလျှင် ခြသည်ရှေ့အစဉ် ရှေ့ကလွန်လေပြီးသော ဘုရားမွန် တရားမွန် သံဃာမွန်တို့ကို ကိုးကွယ်သတည်း။ သိဒ္ဓိအပေါင်းတက်၊ ဆရာတက်၊ ထဆရာထ - ကြွဆရာကြွ၊ ပြန်လည်းဆရာပြန်၊ ခံလည်းဆရာခံ၊ ရပ်လည်းဆရာရပ်၊ ပြေးလည်းဆရာပြေးလေကုန်၊ ဩော်း နမော ဘဂဝါ - သုဂတော၊ လောက သရဏံပိတိ၊ ဓမ္မသရဏံပိတိ၊ သံဃံသရဏံ ပိတိ၊ ဩော် ဇေယျတု - ဇေယျတု - ဇေယျတု၊ ဩော် ဒူးရေ ဒူးရေ ဒူးရေ သွားဟ။

အမှာ - စက္ကပရိတ်၊ ဓါရဏပရိတ် ပရိတ်ကြီး ၁၁ သုတ်များရွတ်ပြီးမှ အနေကဇာတင်ပြီးလျှင် ဤသိဒ္ဓိတင်မန္တရားကို ကိုးခေါက်ရွတ်ပါ။

၁၃၃၂ ခု နယုန်လပြည့် မဟာသမယအခါတော်နေ့ဖြစ်၏။ တူမောင်းတိုက်အတွင်း မြို့နယ် ဝိနည်းစာပြန်ပွဲအပြီးနေ့ဖြစ်၏။ သံဃာတော်များ ဆုချီးမြှင့်၏။ ဤစာပြန်ပွဲကို သုံးနှစ်တိုင် အကျိုးဆောင်လုပ်ခဲ့၏။ ထိုပွဲအတွက် ဆိုင်းတန်း၊ မန္တလေးသဘော်တန်းက ကိုထွန်းသင်တို့ ရီကော်ဒါဖွင့်ပေးကြ၏။ ဆရာတော်ကြီး၊ ကမ္မဋ္ဌာန်းဆရာတော် ကျွန်ုပ်ဤသုံးပါးကို ငါးကျပ်စီလှူသွား၏။ ကိုထွန်းသင်တို့က လှူ၏။ ည တူမောင်းဆရာတော်ကြီး မဟာသမယသုတ်တရားဟော သရဇ္ဈာယ်၏။ ကျွန်ုပ်ကိုးကြိမ် မဟာသမယ သုတ်တော်ကိုရွတ်၏။ နယုန်လပြည့်ကျော် ငါးရက် တနလာနေ့ နံနက် ၇နာရီ ရထားစီး၊ ရွာတောင်ဘူတာဆင်းပြီး ကောင်းမှုတော်ကြီး ခြေလျှင်လျှောက်သွားပြီးဖူးသည်။ ဇရပ်ကဖူးပုတီးစိပ်ပြီး

မြင်းလှည်းငှား၍ ဆင်များရှင်ငါးထပ်ကြီး ကြေးဘုရားကြီးထူပါရုံ ခါတ်ပေါင်းစေတီတို့ကို ဝင်ဖူးပုတီးစိပ်၊ ဧည့်သည်တော်များလိုက်ပို့ပြန်ခဲ့၏။

နယုန်လဆန်း ၆ရက် ရန်ကင်းတောင်သွား၏။ နံနက် ၇နာရီရောက်၏။ ဘုရားဖူးပုတီးစိပ်ပြီး ၉နာရီခွဲပြန်၊ ၁၁နာရီ မန္တလေးတောင်ရောက်ဆွမ်းစားပြီ တောင်ဘက်ဘုရားဖူးပုတီးစိပ်၏။ ၁၂နာရီ ခွဲ မန္တလေးတောင်မှဆင်းပြီး ကုသိုလ်တော် စန္ဒာမုနိကျောက်တော်ကြီးဖူးပြီး ဘုရားနီ၊ ဘောင်းတော်ကျ၊ ရွှေကျီးမြင့်၊ ချမ်းသာရ၊ ချမ်းသာကြီး၊ အိမ်တော်ရာ၊ သက္ကျာသီဟ၊ ဇောခိကုန်းဘုရားများကိုဖူးပြီး မဟာ မြတ်မုနိဘုရားဝင်ဖူး၊ ကားစီးပြီးပြန်၊ ကျောင်း ညနေ ၅နာရီရောက်၏။ ပုတီးကိုးပတ်စီစိပ်ခဲ့၏။

နယုန်လဆုတ် ၇ရက်၊ ဘုရားဖူးများကို ဖိုးဝင်းတောင်နှင့် သမ္ဗုဒ္ဓေပို့၏။ ရထားနှင့် ၇နာရီ ခွဲ အမရကထွက်၊ မုံရွာ ၁၁နာရီခွဲရောက်၊ ၁၂ ကုတိုစီး၊ ညောင်ပင်ကြီးရောက်၊ ဂျစ်ကား၂၅ကျပ်နှင့် ငှားပြီး ဖိုးဝင်းတောင်သွားဘုရားဖူး၊ ပုတီးစိပ်ပြီးပြန်၊ ၄ - ၅၀ မှာ မုံရွာပြန်ရောက်၊ ဘုရားလျှောက် ဖူးပုတီးစိပ်၊ မိုးညှင်းသမ္ဗုဒ္ဓေ ၅နာရီခွဲရောက်၊ ညအိပ်။ မိုးညှင်းဆရာတော်ဘုရားကြီးနှင့် အလ္လာပ၊ သလ္လာပ ပြောဆို ကြပြီး ဆရာတော်ကြီးက မိန့်သည်မှာ ဦးပဥ္စင်းလည်း အတော်ခရီးရောက်နေပါပြီ၊ နောက် ခေတ်သာသနာ ကို ကိုယ်တော်ပြုနိုင်ပါတယ်။ အထူးကြိုးစားပြီးအားထုတ်ပါ။ ကောင်းပါပြီဘုရား။

ည ၇နာရီတွင် သမ္ဗုဒ္ဓေအတွင်း အရှေ့မျက်နှာက ဘုရားရှိခိုး ပရိကံပြုပြီးပုတီး ၄၅ပတ်စိပ်ရန် အဓိဋ္ဌာန်ပြုစိပ်ပါတော့သည်။ ဘုန်းကြီးနှစ်ပါးကျွန်ုပ်ဘေးနားလာစိပ်နေကြသည်။ ကျွန်ုပ်ဘုရားဖူးများက တော့ တည်းခိုသည့်နေရာပြန်သွားကြ၏။ ၂၇ပတ်လောက်အရတွင် လက်ကိုဖွဲ့ထားသလိုဖြစ်ပြီး ပုတီး စိပ်လို့မရပေ။ ကြိုးစားစိပ်၏မရ။ ဒါနှင့် စိတ်ကနေစိပ်ရပါတော့၏။ ဘေးဝဲယာကြည့်တော့လည်း ဘုန်းကြီး နှစ်ပါးက စိပ်နေတုန်းပင်ရှိ သေး၏။ ၈နာရီလောက်ပြီးသွားပြီး အမျှဝေလိုက်၏။ ဘုန်းကြီးနှစ်ပါးက သာဓုခေါ်ကြ၏။ ဘုန်းကြီးနှစ်ပါးက ကျွန်ုပ်လက်ကိုကြည့်ပြီ ဘယ်လက်ဖဝါးမှာလည်း စမတို့ စက်ရှင် တို့လည်း ပေါ်နေပါလား၊ စမခါတ်တွေ တယ်များပါလားကိုယ်တော်၊ တယ်ထူးတဲ့ကိုယ်တော်ဘဲ၊ ရော့ - ရော့ ဒီအင်းနှစ်ချပ်ကို သောက်လိုက်၊ ကျွန်ုပ်လည်း လှမ်းယူပြီးလက်ထဲကိုင်ထား၏။ တပည့်တော်က ပုံတောင်ပုံညာမှာ နေတယ်။ ဒီဘုန်းကြီးက မဟာမြိုင်မှာနေတယ်။ ရောက်တဲ့အခါမှာလည်း ဝင်ခဲ့ပါ။ ဘာမှလိုလေသေး မရှိပါဘူး၊ အားလုံးပြည့်စုံပါတယ် - ကောင်းလှပါပြီဘုရား။ ဘုရားကို ပတ်သွားပြီး ဘုန်းကြီးနှစ်ပါး ပျောက်သွား၏။ လိုက်ကြည့်တော့လည်းမတွေ့တော့၊ အင်းနှစ်ချပ်ကိုရေးကူးပြီး မျိုချလိုက်၏။ ညအိပ်။

နံနက် ၅နာရီခွဲ သမ္ဗုဒ္ဓေကထလာကြပြီး ၆နာရီ ၁၀နာရီ ရထားစီး၊ ၁၀နာရီစစ်ကိုင်းရောက်၊ ဆွမ်းစားပြီး ငှက်နှင့်အင်းဝဘက်ကူးကာ မြင်းလှည်း ၅ကျပ်နှင့်ငှား၍ ဘုရားစုံလိုက်ဖူးကြ၏။ ပုတီး၉ပတ် စီ စိပ်ခဲ့၏။ ကျောင်း ၄နာရီရောက်၏။ တူမောင်းတိုက် စာသင်တိုက် ထပ်မံတိုးချဲ့ရန် နက်ဖြန် သံဃာ ၂၀ရောက်လာမည်ဟု ဦးဣန္ဒ က ကပြောသဖြင့် ၃ရက်အတွက် ဟင်းတာဝန်ယူလိုက်၏။ ၁၃၂၂ခု၊ နယုန်လဆုတ် ၁၀၊ ၁၁၊ ၁၂ရက် အတွက် သံဃာ ၂၀ စာဟင်း ၃ခွက် တာဝန်ယူပြီးအိမ်ကိုမှာလိုက်၏။

နယုန်လဆုတ် ၁၃ရက်နေ့တွင် နောက်ထပ် သံဃာ ၁၅ပါး ဘုရားကြီးတိုက် အမရပူရကျောင်း မှ ထပ်ရောက်လာ၏။ ဝါဆိုလဆန်း ၃ရက်နေ့ ကမ္မဋ္ဌာန်းဘုန်းကြီး ဦးတိ၊ ဓမ္မနှင့်လှတွဲတို့အဖွဲ့ ရန်ကင်း

တောင်ပို့၏။ ၁၃၃၂ခု ဝါခေါင်လဆန်း ၁ရက် စနေနေ့တွင် တူမောင်းတိုက်ရှိသော အနောက်ဘက်စေတီများ၊ တိုက်များ ကျွန်ုပ်ဦးစီးပြင်တာပြီးစီး၍ ဒီပင်္ကရာ ဘုရားများမျက်နှာတော်ဖွင့်ကြ သက်နီးကပ်လှူ၏ ကောင်းမှုရှင်အမည်များလဲ ကျောက်စာရေးထိုး၏ -

တော်သလင်းလဆန်း ၁ရက်နေ့ မြင်းခြံမြို့ပြောင်းပြရပ် ဒေါ်ဘုမသမီး မမြမေ ၁၁ယောက်အဖွဲ့ မင်းကွန်းဘက်လိုက်ပို့၏။ မော်တော်ခတစ်ယောက်လျှင် ၁ကျပ် ၁၁နာရီ မင်းကွန်းရောက်၊ ဆွမ်းစား၊ ဘုရားဖူး ပုတီးစိပ်၊ မြသိန်းတန်ဘုရားပေါ် ပုတီးစိပ်ပြီးသောအခါ အဘိုးကြီးတစ်ယောက်တွေ့၏။ အဘိုးကြီးက ကြုံသောအခါ ရွှေမြင်တင်တောင်ပေါ် ပုတီးလာစိပ်ပါအုံး၊ အားလုံးတာဝန်ယူပါမယ်ပြော၏။ ကြုံသောအခါ လာခဲ့ပါမယ်လို့ ပြောလိုက်၏။ (သွပ်ဖမ်းနည်းပေးသွား)၊ ညနေ ၃နာရီ မော်တော်စီး ၄နာရီ မန်းရောက်၊ ကျောင်း ၅နာရီရောက်၏။

တော်သလင်းလဆန်း ၆ရက်၊ သောကြာနေ့တွင် စ၍ ဘိုးတော်သမီးဘုရားကို ဦးကျော်ကေ တကာခံသဖြင့် ပြုပြင်သည်။လပြည့်နေ့ပြီးစီးအောင်မြင် ပုထိုးတော်ကြီးပွဲ တော်သလင်းလဆန်း ၁၄ရက်၊ နေ့မှ လပြည့်ကျော် ၃ရက်နေ့အထိ ပွဲတော်ကျင်းပသည်။ အဓိဌာန် ပုတီးစိပ်နေ၏။ဂူကြီးထဲမှ သူဌေးကတော်ဘုရား ဆရာဝန် ဦးညွန့်ကြူ - တကာခံ၍ ပြင်ပေးသည်။ တော်သလင်း လကွယ်နေ့ပြီးစီးသည်၊ သီတင်းကျွတ်လပြည့်နေ့ အဘိမ္မော်အခါတော်နေ့ အထိမ်းအမှတ် အဖြစ် ၂၄ပစ္စည်း ၂၄ပါတ်ပုတီးစိပ်၏။ ညအိပ်မက်- အဘိုးကြီးတစ်ယောက်က ဘုရားတစ်ဆူခေါ် သွား၏။ ဘုရားရောက်တော့ ဒါဘာဘုရားလဲ အဘိုး၊ ရွှေရောင်တော်ဘုရားခေါ် ပါတယ်၊ ပုတီး ကိုးပတ်စိပ်ပါကိုယ် တော်၊ ကျွန်ုပ်လည်း ပုတီးကိုးပတ်စိပ်၏။ ပြီးသောအခါ စမအပ်၏။ ကျောင်းပြန်ပို့၏။ နံနက်လင်းသောအခါ ရွှေရောင်တော်ဘုရား စုံစမ်းတော့ တောင်တွင်းကြီးမှာရှိကြောင်းသိရ၏။

တန်ဆောင်မုန်းလပြည့်နေ့ မီးထွန်းရန်အတွက် ဘိုးလူးမမျက်ကွင်းမီးအိမ်ကြီး ချိုးပြီးထွန်းသည်။ အဝ ၆တောင်အစောက် ခြောက်တောင်ရှိ၏။ တန်ဆောင်းထဲမှ မထုတ်နိုင်၍ တန်ဆောင်းထဲတွင်ထွန်း၏။ တလတိတိထွန်း၏။ မီးလုံးတစ်ထောင်အားဖြင့်ထွန်း၏။ နတ်တော်လပြည့်နေ့တွင် နောက်ဆုံးထွန်း၏။ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်နေ့ ကျော်အောင်စံထားဆရာတော်ဘုရားကြီး ပူဇော်ပွဲနေ့အထိမ်းအမှတ် သံဃာတော် ၁၁၅ပါးတို့အား မုန့်ဟင်းခါး ဆက်ကပ်၏။ တန်ဆောင်မုန်းလဆုတ် ၁၀ရက်နေ့တွင် တူမောင်းတိုက် ပဋ္ဌာနရုံကျောင်းနေသော ဦးပဥ္စင်းတပါး ဘုရားဖူးသွားရင်း ဗားကရာကျောင်းအရှေ့ဘက် ဗောဓိပင်နေရာက မြွေကိုက်ပျံတော်မူ၍ ဗားကရာကျောင်းပေါ် ထားပြီး သံဃာတော်များ ၁၀၈ကျော်တို့က ဝိုင်းဝန်းမီးသင်္ဂြိုလ်ကြသည်။ ကျွန်ုပ်က ကိစ္စအဝဝတို့ကို ဆောင်ရွက်ပေးရသည်။ ဗားကရာကျောင်းဆောင်ထဲမှ အင်းဝသုဿန်ကို သွားသင်္ဂြိုလ်ကြ၏။ မေတ္တာပို့အမျှဝေပေးခဲ့၏။ ညနေ ကျောင်းကို ၅နာရီပြန်ရောက်ကြ၏။

အမရပူရ ဗားကရာဘုရားထီးတင်ပင့်၍ သွား၏။ သံဃာတော်များ ဆွမ်းဆန်စိမ်းလောင်းလှူ၏။ နတ်တော်လဆန်း ၇ရက်၊ စစ်တွေဘုန်းကြီးနှင့် တပည့်တကာများကို ဘုရားဖူးလိုက်ပို့၏။ မန္တလေးတောင် ရန်ကင်းတောင်၊ မန္တလေးမြို့ထဲက ဘုရားများလိုက်ပို့ပြီး ညနေ ၅နာရီ ကျောင်းပြန်၏။ နတ်တော်လဆန်း ၈ရက်မှာ စစ်ကိုင်းတောင်ဘုရားများ စစ်ကိုင်းမြို့ထဲ ဘုရားများ၊ နတ်တော် လဆန်း ၉ရက်၊ ဖိုးဝင်းတောင်

သမ္ဗုဒ္ဓေပို့သည်။ နတ်တော်လဆန်း ၁၁ရက် မန္တလေးပြန်ပြီး နေ့၁ချက် ခွဲ မေမြို့တက်၊ ၇နာရီ မေမြို့ရောက်ညအိပ် - မှတ်ပုံတင်ရုံးအိပ်၊ ၁၂ရက်နေ့ မြို့ဘုရားများလည်ဖူးကြသည်။ ညနေ ၅နာရီ မန္တလေးရောက်၊ စကုတိုက်အလည်ကျောင်းကြီးအိပ်ပြီး ၁၃ရက်နေ့ နံနက် ၇နာရီ ပုပ္ပါးထွက်၊ ၁ ချက် မြင်းခြံ ဇွန်းလွန်းဂူကျောင်းရောက်၊ ညနေ ၇နာရီ ပုပ္ပါးတောင်ရောက်၏။ တောင်ပေါ်တက်ဘုရားညအိပ်၊

ကျွန်ုပ်က ည ၁နာရီ ပုပ္ပါးတောင်ပေါ်တက် ပုတီး၁၀၈ပတ်စိပ်ပြီး မယ်ဝဏ္ဏတို့၏ နေရာကို ရည်မှန်း၍ အမျှမေတ္တာပေးဝေ၏။ အထူးတလည်မတွေ့ရတောင်ကလပ်မှ ပြန်ဆင်းလာ၏။ အချိန်ကား ၁၁နာရီ ၄၅မိနစ်ဖြစ်၏။ တောင်အဆင်းနားရောက်ခါနီးမှာ လူ၂ယောက် မြင်လိုက်၏။ မီးမရှိသဖြင့် လရောင်ဖြင့် သာသွားရ၍ သဲသဲကွဲကွဲမမြင်ရချေ၊ အလှမ်း၂၀ လောက်မှာ ဆက်သွားတော့ နှစ်ယောက်မဟုတ်တော့ဘဲ တစ်ယောက်တည်းသာ ဖြစ်နေ၏။ ကျွန်ုပ်ကစဉ်းစား၏။ လူခြေတိတ်နေသော အချိန် ဒီလူက ဘာစောင့်နေတာလဲလို့ သတိဝိရိယနှင့် ရှေ့ဆက်သွား၏။ ထိုလူက ဦးပဥ္စင်း ဦးပဥ္စင်းလို့ လှမ်းခေါ်၏။ အဘိုးကြီးဖြစ်၍ လူဆိုးမဟုတ်ရာဆိုပြီး သူနားသွား၏။ လားလား ဘိုးမင်းခေါင်ကြီးဖြစ်နေ၏။ အဘိုးပါလား ကျုပ်ဖြင့် တော်တော်သံသယဖြစ်မိတယ်၊ ဦးပဥ္စင်းပုတီးစိပ်နေတော့ အနားမှာ တပည့်တော်ရှိတယ်။ အလုပ်ပျက်မှာ စိုးလို့ စောင့်ရှောက်ပေးရင်း လမ်းလျှောက်ပုတီး စိပ်နေရတယ်၊ ဦးပဥ္စင်းနားကို မယ်ဝဏ္ဏတို့လာသေးတယ်၊ တပည့်တော်က တားဆီးထားလို့ သူတို့မလာ ကြတာ၊ ဦးပဥ္စင်းလဲ သတိပေးရဦးမယ်၊ ကိုယ့်ကျောင်းကို ပြန်ပြီးတပည့်မမွေးဘဲနှင့် ပုတီးသာဆက်ကြိုးစားစိပ်ပါ၊ တတိယအဆင့် အောင်မြင်ခါနီးပါပြီ၊ ရိပ်သာမှာဆိုတော့ လူစုံဆက်ဆံရတော့ အလုပ်မတွင်ဘူး၊ ရှေ့နှစ်လောက်ပြန်နေဘို့ ဖြစ်အောင်ကျိုးစား - ကောင်းပါပြီဘိုးဘိုး၊ ရော့ ဒီပုတီးကိုယူသွား တတိယအဆင့်အောင်မြင်တော့ ဘုရားထဲဌာပနာလိုက်၊ လူမပေးနဲ့၊ လူဆိုတာက သူတို့အလိုပြည့်တယ်လို့မရှိဘူး၊ ပေးရင်ပြော မပေးရင်မုန်းတာဘဲ ရှေ့မှာဦးပဥ္စင်းသတိထားဘို့က ဒါနဲ့ဆိုး တဲ့ခေတ်ရောက်လာလိမ့်မယ်၊ ထိုခါကျတော့ စီးပွားပျက်၊ ဂုဏ်သိမ်ပျက်များကလာပြီးတော့ သူတို့ကောင်းအောင် စောင့်မကြည့်ရှုပေးဘို့ ခိုင်းကြလိမ့်မယ်။ အဲတော့ ကိုယ့်အနေနဲ့ လုပ်မပေးနှင့် ထိုလူများကို ပုတီးအစိပ်ခိုင်း ရန်ပြေမာန်ပြေသာ အစိပ်ခိုင်း နေ - လ - ဓါတ် အလှူခိုင်း၊ သတ္တဗိသအခြေခိုင်း သူတို့ဘာသာလုပ်ပေ့စေ၊ အဲဒါမှ မောင်ပဥ္စင်းသက်သာမှာ၊ ဘိုးဘိုးမှာတာအားလုံး မှတ်ထားနော် - ကောင်းပါပြီ ဘိုးဘိုး၊ ဘိုးမင်းခေါင်ကြီး သည် အရှေ့ဘက်လမ်း ဆင်းသွားပါတော့၏။ ကျွန်ုပ်လဲ ဝဲယာလှည့်ကြည့် လိုက်တော့ ဘိုးမင်းခေါင် ကျောက်ဂူကြီးတွေ့ရတော့ ဩ ဒီနားရောက်နေတာကိုဆိုပြီး ဆက်ဆင်းလာ၏။

နဂါးနှစ်ကောင် အဆင်း နားရောက်ပြန်တော့ မိန်းမ ၂ယောက်နှင့်တွေ့ရ၏။ ကိုယ်တော်လေးကို စောင့် နေရတာကြာလှပါပြီ၊ ဩ မယ်ဝဏ္ဏတို့ပါလား၊ ကိုယ်တော်လေးအမျှဝေတာ - တပည့်တော်တို့ ရပါတယ်ဘုရား၊ တပည့်တော်မ တို့ဆီကြွပါအုံးလားဘုရား၊ နောက်လာမှ ကြွခဲ့ပါမယ်၊ အခုတော့ ခရီးပန်းလာလို့ပါမယ်ဝဏ္ဏ၊ ဒါဖြင့် ဘုရားတပည့်တော်တို့ နဖူးကို ကိုယ်တော်လေးလက်တော်ဖြင့် သတ်ချပေးပါဘုရား ဓါတ်တော်ရ အောင်ပါဘုရား ချီးမြှင့်ပေးတော်မူပါဘုရား ကဲကဲ ကောင်းပါပြီဆိုပြီး မယ်ဝဏ္ဏတို့ နှစ်ယောက် ကို နဖူးဆန်စများကို လက်ဝါးဖြင့် သပ်ချပေးလိုက်၏။ သူတို့က နဖူးနှင့် ခြေဖမိုးနှင့် တိုက်ပြီး ရှိခိုးဝတ္တုငွေ ၅၀ကျပ် လှူသွားကြ၏။ ကျွန်ုပ်တည်းခိုသော ဓမ္မာရုံကို ပြန်လာခဲ့၏။ ညအိပ်လိုက်၏။

နံနက်မိုးလင်းသောအခါ ပုပ္ပါးတောင်တက်ကြပြီး ၉နာရီပြန်ဆင်း၏။ နတ်ကွန်းများလျှောက်ကြည့် ၁၁နာရီမှ ပုပ္ပါးမြို့ကထွက်၊ တောင်သာ ၁၂နာရီခွဲရောက်၊မိတ္ထီလာ ၂ချက်ခွဲရောက်၊ ကူမဲ ၆နာရီရောက်၊ ပလိပ် ၈ း ၁၅ ရောက်၊ မန္တလေး ၉နာရီရောက်၊ စကုတိုက်အိပ်၊ ညှေ့များဘူတာကို ကားတင်ပေးပြီး၊ ကျွန်ုပ်လဲ အမရပူရကား ဆိပ်လာ၏။ အမရပူရသို့ ၈နာရီရောက်၏။

၁၃၂၂ခု၊ နတ်တော်လဆုတ် ၅ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကျော်အောင်စံထား ဘုရားများကို မွမ်းမံပြင်ဆင်သည်။ ရုပ်ပွားတော် ၇ဆူ ကြာသံနှီးကပ်လှူသည်။ နတ်တော်လကွယ်နေ့ပြီးသည်။တူမောင်းတိုက်သံဃာများကို ဆံပြုတ်ခေါ် ယာဂုတိုက်သည်။ ဆန်ခြောက်ပြည်ပြုတ်ရသည်။ အုန်း ၅လုံး နို့ဆီဘူး ၇ဘူး ထည့်ပြီးပြုတ်သည်။ ဥပုသ်အထွက်နေ့တိုင်း တိုက်သည်။ နဂါးရုံအောင်မြေ တိုက်များလည်းလှူရ၏။ ကျောင်အောင်စံထား ကျောင်းကြီးကို အမှိုက်ရှင်းပြီး ပုတီးစိပ်နေ၏။ ပြာသိုလ ပြည့်နေ့ဖြစ်၏။ ကျောင်းပေါ်မှာ ပုတီးစိပ်ပြီးလမ်းလျှောက်နေ၏ ဆရာဘုန်းကြီးကဲ့သို့ ပုံပန်းသဏ္ဌာန် ရှိသော ဘုန်းကြီး တပါးဝင်လာ၏။ အနားရောက်တော့မှ ဘိုးသူတော်ကြီးဖြစ်နေ၏။ အင်္ကျီမပါဘဲ ပုဆိုးဖြူဝတ်ပြီး လည်ပင်း ပုတီးဆွဲလာသော ဘိုးကြီးဖြစ်၍ ဘိုးသူတော်ကြီးလို့ မှတ်လိုက်ပြီး -

ဦးသူတော်ဘယ်ကလာပါသလဲ။ ဒီနားကလာတာပါ။ ဘာကိစ္စရှိလို့လဲ။ ကိစ္စကတော့ အရှင်ဘုရားကို လျှောက်စရာအနည်းငယ်ရှိလို့ပါ။ ဘာလဲ ဦးသူတော် လျှောက်ပေါ့။ အရှင်ဘုရား ဒီဘယ်နှစ်လောက်ပြောင်းမှာလဲဘုရား၊ ရှေ့တနှစ် နှစ်နှစ်လောက်ဆိုရင် ပြောင်းလာတော့ မှာပါ- ဒီလိုဆိုလဲကောင်းပါတယ်ဘုရား၊ ဒါထက်များ ကြာအုံးမှာလားလို့၊ မကြာပါဘူး ပုတီးအဓိဋ္ဌာန်ကြီး ပြီးအောင်စိပ်နေရတာပါ၊ ကျောင်းထိုင်တယ်ဆိုရင် ပရိတ်သတ်လာတာနဲ့ အလုပ်မလုပ်ရတော့ဘူး၊ ဒါကြောင့် အဓိဋ္ဌာန်ကြီးပြီးလျှင် ပြန်လာမှာပါ၊ ကောင်းပါပြီဘုရား သွားလိုက်ပါအုံးမယ်ဆိုပြီး ဝတ်ချ၍ထွက်သွားပါတော့၏။ ရက္ခစိုးများကလဲ ပြန်လာစေခြင်ကြပြီ၊ ငါကလဲ ရှေ့ ၂နှစ်လောက်စိပ်ရအုံးမှာ ကြိုးစားပြီး တစ်နှစ်ခွဲလောက်နှင့် ပြီးအောင်စိတ်ရမှာဘဲဆိုပြီး ဘုရားဝတ်ချ အမျှမေတ္တာပို့ ကျောင်းပိတ်ပြီး ပြန်လာခဲ့တော့၏။

၁၃၂၂ခုနှစ်တွင် ၂၅တောင်ရှိ ပုလဲလဲတောဘုရားပုံတည်ရန် ပန်းရံဆရာကြီး ဦးကြီးဖြစ်သူ ဦးနုနှင့်စကားပြော၏။ ၅၀၀နှင့်တည်ကြ၏။(ကျော်အောင်စံထားထဲထည့်ရန်။) တူမောင်းတိုက်အတွင်း ဇိနမာန်အောင် ဘုရားအနောက်ဘက် တိုက်ကလေးအတွင်း မှန်ဘုရားပြီးစီးအောင်မြင်၏။ တပေါင်းလဆန်း ၇ရက်နေ့တွင် မောင်လှရွှေက မဏ္ဍပ်ခံ၍ဆောက်ပြီး ဆရာတော်ကြီးမွေးနေ့အထိမ်းအမှတ် ယတြာအဖြစ် ကျွန်ုပ်ဦးဆောင်၍ စပြီးလုပ်သော နှစ်ဖြစ်၍ ဆွမ်းတော်ပွဲပေါင်း ၃၀၀ကျော် တူမောင်း ဆရာတော်ကြီး တပည့်တကာမများကလာပို့ကြ၏။ ၈ရက်နေ့ သံဃာ ၁၈၀ကျော်ဆွမ်းကျွေး၏။ ဇိနအောင်စကြာ ဘုရားအနောက်ဘက်က တိုက်ကလေးလဲ ဤနေ့မှာ အပြီးသတ်ဆရာတော်ကြီး ကုသိုလ်ဖြစ်၏။ ကျွန်ုပ်ကဆောင်ရွက်သူဖြစ်၏။ တူမောင်းစွန်းလွန်းရိပ်သာထဲတွင် ဒေါ်သိန်းညွန့် ကမ္မဋ္ဌာန်း ကျောင်း ၁၃၂၂ခု၊ တပေါင်းလဆန်း ၂ရက်နေ့တွင် တိုင်ထူ၍ ဆောက်သည်။ ကျွန်ုပ်ဆောင်ရွက်ပေး ခဲ့၏။

တန်ခူးလဆန်း ၁၅ရက် လပြည့်နေ့ဦးငြိမ်းအလှူအတွက် ဝိပဿနာစာအုပ်ငယ်လေး ရေးပေး၏။ ၁၃၂၂ခု၊ နှောင်းတန်ခူးလကွယ်နေ့တွင် သင်္ကြန်ကျ၏။ တစ်ရက်ကြပ်၏။ ကဆုန်လဆန်း ၂ရက်

စနေနေ့တက်၏။ ၁၃၂၂ခု၊ ကဆုန်လဆန်း ၁ရက်၊ နှစ်ဆန်း ၁ရက်နေ့ဖြစ်၍ မင်္ဂလာအခါတော်နေ့ အထိမ်းအမှတ်မီး (၁၀၀၀)လျှုပြီး မင်္ဂလသုတ်ဂါထာ ၁၃ပုဒ် ပုတီးဆယ့်သုံး ပတ်စိပ်ပြီး မေတ္တာပို့အမျှဝေ၏။

ည ပုတီးစိပ်ရာတွင် အမွှေးနံ့များအလွန်မွှေးကြိုင်နေ၏။ သန်းခေါင်ယံတွင် ဓမ္မာရုံအတွင်း လင်းကနဲ လင်းကနဲလက်နေသော အရောင်များ တညလုံးတွေ့မြင်ရ၏။ ဩ ထူးဆန်းလှ၏။ နတ်များလာ သလားလို့ မှတ်ထင်မိ၏။ နယုန်လပြည့် စာပြန်ပွဲတော်အတွက် သက်န်းတစ်စုံ တဘက်ကြီးတထည် ဖယောင်းတိုင် မီးခြစ်ထုပ် လျှုလိုက်၏။

၁၃၂၃ခု၊ ဦးစိန်မောင်တို့ကို တောင်မင်းကြီးဘုရားလိုက်ပို့၏။ နယုန်လပြည့်နေ့ညနေ ပုတီးလဲ စိပ်ခဲ့၏။ နယုန်လပြည့်ကျော် ၁ရက် တောင်သမန်ကျောက်တော်ကြီးဘုရားလိုက်ပို့၏။ နယုန်လပြည့် ကျော် ၂ရက်၊ မန္တလေးတောင် ရန်ကင်းတောင်တို့ကို လိုက်ပို့၏။ နယုန်လဆုတ် ၃ရက် စစ်ကိုင်းတောင် နှင့် မြို့ထဲကဘုရားများဖူး၊ တစ်ရက်နားပြီး နယုန်လဆုတ် ၅ရက်၊ အင်းဝဘုရားများနှင့် ရွှေကြက်ယက် ဘုရားများ သွား၏။ နယုန်လဆုတ် ၆ရက် သမ္မုဒ္ဒေသွား၏။ ကျွန်ုပ်ခရီးသွားဟန်လွှဲ သဘောမျိုးဖြင့် ဘုရားတိုင်း ပုတီးစိပ်ခဲ့ရ၏။ အလွန်ကောင်း၏။

နယုန်လဆုတ် ၁၂ရက် မုံတောတိုက်ဆရာတော်ကြီး အသဲအသန်ဖြစ်၍ ကျွန်ုပ်ကဆရာဝန်ခေါ် ပေး၏။ ဘဒွေးအရင်းဖြစ်၍ အထူးတလည်စောင့်ရှောက်ကုပေး၏။ ၁၃၂၃ခု၊ သီတင်းကျွတ်လဆန်း ၁ရက်နေ့ တွင် တောင်မင်းကြီးဘုရားမဟူရာ မျက်လုံးတော် ကြီးကို မြို့လှည့်သည်။ အစီအစဉ်ကား - ၁။ ကန်တော့ပွဲနှင့် အသံချဲ့စက်ကား၊ ၂။ သံဃာတော်များ စီးသောကား၊ ၃။ ဦးကျော်ငြိမ်း မဟာပရိတ္တစာရီဝတ်အသင်း၊ ၄။ဆွမ်းတော်ကြီးအဖွဲ့၊ ၅။ တံခွန်လုံးကိုင်အမျိုးသမီးများ၊ ၆။ ရွှေရင်ကိုင် အမျိုးသမီးများ ၇။ မျက်နှာကြက်ကိုင်အမျိုးသမီးများ၊ ၈။မွေ့စကြာအသင်း ရေကြည်ပေါက် အမျိုးသမီးအဖွဲ့၊ ၉။ဆိုင်းအဖွဲ့၊ ၁၀။ ပန်းနှင့် ငွေဖလားကိုင်အမျိုးသမီးအဖွဲ့၊ ၁၁။ အိုးစည်အဖွဲ့။

မျက်လုံးတော်ကြီးအလျား ၂ တောင်ကျော် အနံတတောင်ရှိ၏။ ကျပ်ငွေ ၄၀၀ကျပ်၊ ဇာတ်အငြိမ့် ပွဲများဖြင့် ခန်းနားသိုက်မြိုက်စွာ ပြီးသွား၏။ ၁၃၂၃ခု၊ ပဌမ ဝါဆိုလပြည့်ကျော် ၁၄ရက်နေ့တွင် မုံတောတိုက် ဘဒွေးဘုန်းတော်ကြီး ပျံ တော်မူသွား၏။ ကျောင်းကံများကို ကျွန်ုပ်အားအပ်နှင်းသွား၏။ ကျွန်ုပ်၏ဒါယကာကြီးက မိုးကုတ်သွား နေ၍ မမှီလိုက်တော့ -

၁၃၂၃ခု၊ ဒုတိယဝါဆိုလဆန်း ၃ရက် စနေနေ့တွင် ဘုန်းကြီးပျံချ၏။ ၂ရက်ကျင်းပ၏။ ပင့်သံ ဃာ ၉၀၊ တပါးလျှင် ဝတ္ထုငွေ ၃၀စီကပ်လှူ၏။ နေ့ ၁၂နာရီအချိန် ဘုန်းကြီးပျံချ၏။ ညနေဘုန်းကြီး ပျံမီးသဂြိုလ်ပြီးမှ တကာကြီးရောက်လာ၏။

ဒုတိယ ဝါဆိုလဆန်း ၄ရက်တနင်္ဂနွေနေ့ ရက်လည်ဆွမ်းကျွေး၏။ ပင့်သံဃာ ၉၀တို့ကို ကျွေး၏။ ကျွန်ုပ်ဦးစီးပြီး လုပ်ကိုင်၏။ အမွေအဖြစ် မုံတောဘုန်းကြီးဓါတ်လုံးသာယူထား၏ကျန်အားလုံး လှူလိုက်၏။ ၁၃၂၃ခု၊ ဒုဝါဆိုလပြည့်နေ့ ပုလဲလဲဘုရားကြီး အုဋ်ခုံပြီး၍ ရုပ်ပွားတော်စလုပ်၏။ ညပုတီးစိပ်ရာတွင် မုံတောဘုန်းကြီးပေါ်လာ၏။ ကျွန်ုပ်က သေသေချာချာကြည့်၏။ သူကပြောသည်မှာ ငါ့ဓါတ်လုံး မင်းဆီ ရောက်နေလို့သာ အခြားလူဆီဆိုလျှင် ပြန်ယူမှာလို့ပြောပြီး ပျောက်ကွယ်သွား၏။ ဆန်းလှခြည်က လားလို့ မှတ်ချက်ချလိုက်တော့၏။

ဒု ဝါဆိုလကွယ်နေ့ တောင်မင်းကြီး ဘုရားသက်နီးတော်ကပ်ပြီး မျက်နှာတော်ဖွင့်ရန် ပန်းချီမောင် လှရွှေအား ၅၅၀နှင့် အပ်ကြသည်။ ၁၃၂၃ခု၊ ဝါခေါင်လပြည့်စနေနေ့၊ နေ့ ၁ချက်အချိန် သန္တရှင်း အစိုးရက ရေဒီယိုမှ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ အဖြစ်ကြေငြာသည်။ ၁၃၂၃ခု၊ တော်သလင်းလဆုတ် ၄ရက်နေ့၊ ဗဟိုစည် သတင်းစာထဲတွင် ပုထိုးတော်ကြီး ငွေ ၄၂၀၀၀ ကိုလက်ရှိ ဂေါပက ဗုန်းသရောင်ရောင် ပါလာ၍ ကျွန်ုပ်ကို ဂေါပကဥက္ကဌ၊ အတွင်းရေးမှူး၊ ငွေထိန်းများက စွပ်စွဲပြောဆိုလာကြ၏။ နောက်တစ်ရက်ထိုကိစ္စ သူတို့ဖာသာနားလည်သွားကြ၏။ မြို့နယ်သမဝါယမ ရွှေကောက်ပွဲတွင် အနီး၊ အဝါတို့ဘုရား ခုတုံးလုပ်တိုက်ကွက်ဆင်ခြင်သာဖြစ်၏။ သီတင်းကျွတ်လဆန်း ၇ရက်နေ့တွင် မျက်လုံး တော်ကြီးတပ်ဆင်သည်၊ သီတင်းကျွတ်လဆန်း ၈ရက် ပန်းဘဲအာရုဏ် ဆွမ်းလောင်းနှစ်စဉ်သွား၍ လက်မှတ်ပေး၏။ သီတင်းကျွတ်လပြည့်နေ့ကျော် အောင်စံထား ဆရာတော် ကြီးများ နှစ်ပတ်လည်ဆွမ်း ကျွေးပွဲလုပ်၏။ ထိုနေ့ ပုတီးစိပ်ရာတွင် ဆရာတော်ကြီးများအထူးအာရုံယူ၍စိပ်၏။ သို့သော် ဘာမျှမမြင် ရချေ။ သီတင်းကျွတ်လပြည့်အဘိဓမ္မာအခါတော်နေ့ ပဌာန်းစိပ်၏။

၁၃၂၃ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ရက် ဗုဒ္ဓဟူးနေ့ညကောင်းမှုတော်ကြီးဘုရားမီးတထောင် သွားလှူ၏။ ကောင်းမှုတော်ကြီးမှာ ညအိပ်ပုတီးစိပ်၏။ အထူးက - နတ်တစ်ယောက်တွေ့ခဲ့၏။ ပုတီးစိပ်နေ၍ ဘာမျှမမေးလိုက်ရချေ၊ တန်ဆောင်မုန်း လဆန်း ၇ ရက်အင်္ဂါနေ့တွင် ရန်ကုန်ဗလီ အတွက် ကြောင့် သံဃာများနှင့် အဓိကရုဏ်းဖြစ်ရကြောင်း ကြားသိရ၏။ လူလေးယောက်သေ၏။ ပုလိပ်လေး ယောက်ဒါဏ်ရာရ၏။ ဘုန်းကြီး၂ ပါး ဒါဏ်ရာရ၏။ ရဲများပစ်ခတ်သောကြောင့် လေးယောက်သေ ကြောင်း သတင်းစာတွင် ပါလာ၏။

တန်ဆောင်မုန်းလဆန်း ၁၁ရက်၊ စနေနေ့ သမ္ဗုဒ္ဓေ - ဖိုးဝင်းတောင်သွား၊ ဖိုးဝင်းတောင် ရွှေ ဓမ္မာရုံမှာ ညအိပ် - ပုတီးစိပ်၏ ညဆင်ဂူကြီးထဲ စိပ်ရာတွင် ဘီလူးတွေ့၏။ ၃ ကောင်လောက်တွေ့၏။ မတ်တပ်ရပ်နေကြ၏ ကျွန်ုပ်လဲ ပုတီးစိပ်နေ၍ ဘာမျှမပြောလိုက်ရပေ၊ ၁၂ ရက်ညနေ တောင်မြို့ပြန် ရောက်၏။ ၁၃၂၃ခု၊ နတ်တော်လဆန်း ၁ရက်နေ့၊ နဂါးရုံဆရာတော်ဘုရားကြီးဈာပနသွား၍ ကူညီသည်။ ဓါးဝယ်ဖိုလ်ဂူနား မီးသင်္ဂြိုလ်သည်။ သင်ပန်းကုန်းဒေါ် သိန်းညွန့်က တကာခံ၍ ရွှေဂူကြီးဘုရား မျက်လုံး တော်ကို ၁၅၀ကျပ် နှင့်အပ်ပြီး နတ်တော်လဆုတ် ၁၂ရက်နေ့တွင် မျက်လုံးကြီးတပ်သည်။

## "သမ္ဗုဒ္ဓေသွား၊ ခရီးလာလင်္ကာ"

သမ္ဗုဒ္ဓေခေါ် - ကပ်ကျော် - မိုးညှင်း၊ သွားလာခြင်း၏၊ ခရီးမှတ်စဉ်၊ ရေးသားတင်အံ့၊ ပြည်ခွင် အမရ၊ ထိုဌာနက၊ ခုနှစ်နာရီနှစ်ဆယ်၊ ရထားဝယ်ထွက်၊ စစ်ကိုင်းဘက်သို့၊ ရောက်လျှင်တစ်ဖန်၊ သွားကဲ့ပြန်သော်၊ ရွာထောင်မည်ခေါ် ဘူတာကျော်မှာ ဧနာရီသာတည့်၊ တဖန်ခရီး၊ ဆက်တိုက်စီးသော်၊ ညောင်ပင်ဝန်းခေါ် ဘူတာပေါ် သို့ ရောက်သော်ရှစ်ခွဲ ၁၅ ထဲသာ၊ နားခဲ့ရာ၏၊ ထိုမှတဖန်၊ ယာဉ်မှန်ရထား၊ ခုတ်ခဲ့ညားမှ၊ မြို့များအကျော်၊ မြင်းမူပေါ် သို့ ရောက်တုံမြို့ရှင့်၊ ထိုထိုဤဤ၊ ပတ်ဝန်းလည်၍၊ ဘေးစီရှုမျှော်၊ ကြည့်လိုက်သော်ကား၊ သာမော်ဘွယ်ရာ၊ လယ်ယာကိုင်းသင်း၊ ထန်းခြင်းလှည်းယုက်၊ ဟိုတက်ဒီဆင်း၊ ဂမုခင်းလည်းနိမ့်မြင့်မညီ၊ စီရယ်တည်း၊ မြရည်ရေညို၊ ချောင်းမြောင်းတိုများ၊ ကူးဖြတ်ထားသည့်

တံတားကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ သာဘွယ်တင့်ဆန်း၊ မြင်းမူစခန်းမှာမြန်းကြွထွက်သော်၊ မှည်ခေါ် အာလကပ္ပ၊ ထိုဌာနတွင် ၉ခွဲဝင်၏၊ ထိုတွင် ၅ မိနစ်နားတုံလစ်၍ စံနစ်တကျ၊ ဝါတ်ဗိုလ်ကလျှင် မည်ထခရာမှုတ်သောခါ၌၊ တဖန်သံတုတ်၊ ဥဥဝုတ်ဖြင့် ခုတ်၍ဆက်လက်ထွက်တုံကဲ့ရှင်၊ နေမဲ့ အရှင်းလင်း ရောင်ကင်း၍ မိုးမင်းမှိုင်းအုံ့ ပြည့်ခြုံသို့ မစုံသူများ ပွေပူပွားလိမ့်၊ သမဏရှင် ကျွန်ုပ်ပင်လည်း စိတ်တွင်ပိုးဝါး၊ ထင်လာငြား၏၊ တရားသတိ၊ လက်ကိုင်ရှိမှ သက်သာရပိန့်၊ ဖိန့်ဖိန့်ဖျမ်းဖျမ်း စိတ်တွေဆန်း၍၊ တောလမ်း တောင်ခွင်ရှုခင်းချယ်လိမ့် အနိမ့်မြင့်ဝှမ်း၊ ရေပြည့်လွှမ်း၍၊ သံလမ်းဝဲယာ မျက်ခင်းမှာလည်း မြသားခြံထည် ပမာနှင့်သို့ ကြည်ဖွယ်သာမော၊ ဘဝင်စောကဲ့၊ တတောကိုဝင်၊ တပင်ကို ထွက် လယ်ကွက်ဆက်လျက် ရွာငယ်ရွာထမ်း ရှုမခမ်းတဲ၊ တတန်းတညီ၊ ကြီးဖြင့်သီသို့ထိုရွာတို့လည်း၊ ဖူးလို့အံ့ငှာ၊ ရွာဦးသာတွင်လှမ်း၍ ကြည့်လျှင်၊ ရုပ်ရှင်မွေ့ တောစန်မြန်းပျော်သည့် စေတီတော်များ တည်ထားကိုးကွယ်ရွာစဉ်ဝယ်တွင် ထင်ရှားမြင်၏။ ဖူးလျှင်မဝ စိတ်ဦးချ၍ ပဏာမချီ မနသီဖြင့် အလီလီပူဇော်ရှိတုံ သော်တွင်၊ ချောင်းဦးမည်သား၊ ထိုဘူတာသို့ ၁၀နာရီ ၄၅ရောက်လာငြား၏။ တအောင့်တခဏ၊ နားပြီးမှ နောက်ထွက် လာပြန်သော်ရှင့် မည်ခေါ် ကျေးမှုံ ဘူတာရုံသို့၊ ဆိုက်တုံတခါ၊ ထွက်ခဲ့လာမှ၊ ခန့်ညားထယ်ဝါ မဟာတတ်လောက်၊ မိုးညှင်းသမ္ဗုဒ္ဓေ ရောက်သည်။ အံ့လောက်လှူ့ပြည် ထူးဆန်းသော်။

## "သမ္ဗုဒ္ဓေပြန်ရေးလာလကာ်"

ကပ်ကျော်သမ္ဗုဒ္ဓေ၊ မြတ်စိန္တေ၌၊ ရောက်လေနာရီဆယ့်တစ်မည်၏၊ စည်စည်ကားကား ဆွမ်း ဝင်စား၊ ထိုတွင်ဈေးရုံ၊ ကုန်စုံမရှားဆိုင်ပေါ် များလှစားကြပြီး၍ ဗောဓိဗုဒ္ဓဟေ မြတ်စိန္တေတွင် ရှိခိုးတင်ခါဖူး မျှော်လာ၍ထွက်ခွါကြလေ၊ သမ္ဗုဒ္ဓေဝယ် လည်လည်ပတ်ပတ်နှုန့်စပ်စပ်ဖြင့် ကြည်လင် ပြီးသော်၊ စေတီ တော်တွင်၊ ကော်ရော်ညွှတ်ခဖူးမျှော်ကြ၏။ ဖူးမျှော်အပြီး တစ်ချက်တီးကျော် ခွဲတုံသော်ကား၊ ကားခေါ် ထွက်လာ မိုးညှင်းဘူတာတွင် စောင့်ခါရထား နေကြနားနား၏ - စောင့်လင့် စောင့်လင့် ချိန်ခါခြင်သော် ၂ ချက် ကျော်ကာ၊ ရောက်တုံပါလျှင် သံပင်ပိုးဝါး၊ မီးခိုးများနှင့် စက်သွားနှင်နှင် ရထားယာဉ်လည်း ရှင်ရှင်ပြပြ ဆိုက်ရောက်ကလျှင်၊ တက်ကြသူငှာ၊ လုယက်ခါနှင့် နေရာရအောင် ကြံဆောင်ခဏ၊ ထိုင်စရာရကာ၊ ရထားစက်ယာဉ် သံပင်မှုတ်အော်၊ ထွက်ခဲ့သော်မူ၊ မည်ခေါ် ထင်ရှား ကျေးမုံနားတွင် ၁ မိနစ်ဝင်၏ ထိုတွင်တဖန် ဆက်လက်ပြန်၍ သယ်ဇာတ ရှုခင်းလှကို တဝတကြီး ကြည့်ခဲ့ပြီးမှ ချောင်းဦးကြလျှင် ၃ နာရီပင်တည့်၊ ထိုစဉ်ခဏနားပြီးမှလျှင် ဆက်ခါနှင်သော် နေလျှင်ထွန်းပ ပူပြင်းလှ၍ အိုက်ကြသူငါ၊ ချွေးတွေဖြာ၏၊ လေသာတကြ ထိုခဏ၌ မြောက်ကလေရှူး သုတ်ခါမြူးသော် ရွှင်မြူး ကြည်သာ လွန်ချမ်းသာ၏၊ သာသာထွေးထွေး ယုယုပေးသို့ လေအေးကိုပင် ကျေးဇူးတင်ခဲ့ အမဲ့တကိုယ်၊ ဆွေးကာပို၍ ဟိုဟိုဒီဒီ ရှုလိုက်သည်တွင် မပီပိုးဝါး ၊ စေတီများလည်း ထင်ရှားထွက်ပေါ် ဝဲယာတော်မှ အော်မဆုံးနိုင် စိတ်ကြည်လင်ရှင့် မြိုင်လည်းမဆုံးကွင်းလည်းတဆန့်၊ တအံ့တအော်၊ လွန်သာမော၏။ ထိုသော ချိန်ခါ နတ်ရေကံရွာတွင် ညင်သာရထား ရပ်လိုက်ညားမှ တပါးကြည့်ပျို အချိန်ကိုသာ မေးလိုက်ပါသော်၊ သုံးနာရီခွဲကာ ငါးမိနစ်သာဟု ပြန်ကာဖြေကြား လျှောက်ထား၏။ အနားတဝိုက် အိပ်ငိုက်သီလ လူမအိပ် ပျော်၊ မှိန်းသော် ဒေါ်ခင်ရွှေ၊ ကြည်ကြည်မေလည်း ထိုတွေမခြား ရှိတုံငြားခဲ့၊

ဏာအားအော်ကာ၊ ဖန်ခါခါ ဖြင့် သံဝါစကား မည်သံများဖြင့် အားပါးတရ ပြောတတ်ထိုသူ ဦးစိန်မောင် ဟူ၏။ တမည်ကျွန်ုပ်ဘေး စွန်ကုတ်တွင် မျက်ရှင်ပြူးတူး၊ စူးရယူဖြင့် ကြည်နူးနှစ်သက် ပုံပန်းချက်ဖြင့် ကြည့်ကွက်မမွေး၊ ဝင်ကြည်လေးသည်၊ တောခလေ့မှုလည်း မပြောက်တည်း၊ လျှပ်လျှပ်လျက်လျက် ရထားစက်လည်း ခုတ်လျက်အစဉ်၊ အချိန်တွင်အောင် နှင်နှင်မောင်းမောင်း အချိန်ပြောင်းခဲ့ နေစောင်း သောအခါ လေးနာရီသာတွင် အာလကပ္ပဝင်၏၊ ထိုတွင်ခဏ နားပြီးမှလျှင် ထွက်ခဲ့နှင်သော် လမ်းတွင် ဘယ်ညာ၊ မြ ဖျာအတိ၊ ခြုံများရှိလျက် မိုးထိမတတ်ဆုံးမသတ်တည်း၊ ဝမ်းပြည့်ခေါ် ဆို ဘူတာကိုလည်း၊ လေးနာရီတီးက နှစ်ဆယ်ကျလျှင်၊ ရထားဝင်၏။ ထိုတွင် တဖန်ထွက်ခဲ့ပြန်သော် နေမှာမရှိ မိုးအုံ့ဘိ ကြောင့် နုံးချိစိတ်အား ပျက်ပြုံးသွားပြီး သစ်အားလတ်ဆတ် စိတ်ခါတ်ကြည်လင်၊ မြင်းမူဝင်၏၊ အစဉ်မှတ် ထားနာရီများလည်း လေးနာရီသော် သုံးဆယ်ကျော်၏၊ ထိုသော်ခဏ နားကဲ့တုံပြီး ခရီးဆက်လက် ရထားထွက်သော် ဖလ်ဝါထွန်းလင်း ရှင်နေမင်းလည်း လင်းချိုမှိန်ချို အလီလီဖြင့် မိုးမင်းဒေဝါ၊ ယှဉ်ပြိုင်လာ၍ ဗြူဟာခင်းကျင်း စစ်တလင်း သို့ အုန့်လင်းဖန်ခါ ရှိစဉ်မှာတွင်၊ ညောင်ပင်ဝန်းမည်သား၊ ထိုဘူတာသို့ ငါးနာရီတိတိ ရောက်လာဘိ၏၊ မိနစ်နှစ်ဆယ် နားပြီးဝယ်လျှင် ထိုမယ်တဖန် ထွက်ခဲ့ပြန်၏။ ငါးနာရီ သုံးဆယ် ရှာသစ်ကြီးဝယ် ရပ်တယ်ဆိုရ၊ ခဏခြင်းထွက် တရော်ဆက်၍၊ ထွက်ခဲ့လာလျှင် ကောင်းမှု တော်ဝင်၏၊ ထိုတွင်နာရီ ၆ချက်တီးတည်း ချိန်လည်း ဆည်းဆာ ရောက်ခဲ့ပါသော်၊ ဖယ်ဝါခြည်နု နေရောင်လည်း ပူမှုကင်းကွာ သီတာရေသို့လျှင် ဝါကင်း မလောက်ဖြစ်ချိန်ရောက်က၊ ကောင်းမှုတော်ရှင် စေါပုဒ္ဓင်သည် ပြုံးရွှင်အလား မိန့်တုံပြောသို့ ငွါးငွါးစွင့်စွင့် မိုးထိလွင့်လျက် ဖူးချင့်မရဲ ကိုယ့်စိတ်ထဲတွင် အားခဲတရှိ ဖူးလိုက်မိ၏။ ထိုသည့်ဘူတာရပ်တုံပါကဲ့ မကြာခဏလျှင်စွတဖန်၊ ထွက်ခဲ့ပြန်မှာ ဇေယျာပူရ တောင် တော်မဒ္ဒ မြင်ရစိရယ်၊ ပတ္တမြားစေတီနှင့် အမည်တသွယ် လွန်သပ္ပါယ်၏၊ သုံးဆယ်ဥမင်၊ ဂူရှင်ဘုရား ငွေတောင်လားသို့ ကြွားကြွားဝင့်ဝင့် မော်ခါတင့်၏၊ ထိုပင့်ဘုန်းတော် မည်ခေါ် ပုညလွန်ထိုး လှ၏။ ဘုရားသခင် ရွှေရောင်ရှင်လည်း လွန်ပင် ထယ်ဝါ ကြည်နူးစွာတည့် ဖူးခါမဝ ရှိစဉ်မလျှင် ရှာထောင် ဝင်၏။ ထိုစဉ်နာရီ အညီခြောက်တဆယ်၊ ထိုဝယ်ကြာကြာ ၂၀သာအောင်၊ ရပ်ခါနားနေ၊ အပန်းဖြေ၏၊ ရွှေမြေဇေယျာ၊ တောင်တော်မှာကား များစွာဘုရား စိတ်ထားရည်ရော် ကြိမ်ကြိမ်မျှော်၍၊ ကော်ရော်ဦးချ လွန်မဝတည်း ထိုမှတဖန် ဆက်ထွက်ပြန်ကာ၊ ယာဘက်ကြည့်သော် မည်တော်အင်းဝ - သာစွဆိုခါ၊ မိုးညှင်းရာဇာလျှင် ဆင်များရှင်ဟု တည်ထားသမှု ကိုယ်ကွယ်ပြုသည် သုံးလူထွဋ်ထား မြတ်ဘုရားကို ဦးချအင်ဇလီဖူးခဲ့ပြီ၍ တလီထိုမှ ဇေယျဘူတာ ကျော်ပြီးလာသော် - အင်းဝတံတား ဖြတ်ခါသွားလျှင် ကြက်မင်းရှင်ကို ဘဝင်ကြည်နူး တလီဖူး၍ မြစ်ကူးပြီးခါ အမရာဆိပ်ကမ်း ရောက်တုံမြန်းခဲ့ ညချမ်းခွန် နှစ်နာရီ၊ တီးခဲ့သည်တွင် အညီစခန်းထွက်လာမြန်းမှ ပိန်းတန်းရောက်လာ ထို့သူဌာမှာ လွန်စွာချေမ်း ဤမှတ်တမ်း သည် ပြီးခန်းတိုင်ရောက်ခဲ့ပြီတကား။

၁၃၂၃ခု၊ နတ်တော်လဆန်း ၁ရက်၊ ပုလဲတောဘုရားပုံတော် မန္တလေးသွားယူ တောင်ကြီးမှ လေးခု၊ ကျော်အောင်စံထားကျောင်းတိုက် ရွှေနဂါးရုံဘုရားအရှေ့ဘက်လမ်း၊ တရုတ်တန်းလမ်းမှ ပုထိုးတော်ကြီး ကွက်သစ်ဖြတ်၍ ချိုပါဝင်ပြီး ဘုရားကြီးသွားသောကားလိုင်းသစ်ကို စီးသွား၏။ နတ်တော် လပြည့်ကျော်၉ရက်နေ့အိပ်မက်ထူး ကျွန်ုပ်ကိုယ်ကား ရုပ်ပွားတော်ဖြစ်နေ၏။ အရောင်တွေလည်း

ဖြာနေ၏။ ၁၃၂၃ခု ပြာသိုလဆုတ် ၁၃ရက်၊ ဂြိုလ်ကြီးရှစ်လုံးပူးသဖြင့် မြို့ရွာနယ်ပါယ်များ ဆွမ်းကျွေးပွဲပြုလုပ်ပြီး သံဃာတော်များ ပရိတ်ရွတ်ဘတ်ကြ၏။ ဦးနုကသဲပုံစေတီ မြို့တိုင်းရွာတိုင်းတည်ခိုင်း၏။ တည်ကြ၏။ ၇ နေ့အင်းချ၏

တပိုတွဲလဆန်း ၁ရက်မွေးနေ့ ဆီထမင်းနှင့်အကြော် သံဃာ ၁၅၀နှင့် ယောဂီ ၁၀၀ ကျွေးမွေးလှူဒါန်း၏။ တပိုတွဲလပြည့် ပါတီမောက်အခါတော်နေ့ အထိမ်းအမှတ် ဩဝါဒဂါထာသုံးပုဒ် ပုတီးတပါတ်စိပ်၏။ တပိုတွဲလဆုတ် ၁၁ရက်၊ ၁၉၆၂ခုမတ်လ ၂ရက်နေ့ နေ့လည် ရေဒီယိုမှ တော်လှန်ရေးကောင်စီက ပထမအစိုးရကို အာဏာသိမ်းလိုက်ကြောင်း ရေဒီယိုမှ ကြေငြာ၏။ မတ်လ ၃ရက်နေ့ လွှတ်တော် ၂ရပ် ဖျက်လိုက်ကြောင်းကြေငြာ၏။

၁၃၂၃ခု၊ တပိုတွဲလဆုတ် ၁၁ သောကြာနေ့ ရေဒီယိုမှ ဗိုလ်ချုပ်ကြီးနေဝင်းကြေငြာချက်။ နိုင်ငံတော် အဝှမ်းလုံးရှိရဟန်းရှင်လူအပေါင်းတို့ ခင်ဗျား - ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ယိုယွင်းလာသောအခြေအနေဆိုးကို ထိမ်းသိမ်းစေခြင်းငှာ၊ ဗမာ့တပ်မတော်မှ တာဝန်ယူစောင့်ရှောက် လိုက်ပြီဖြစ်ကြောင်း ကြေငြာအပ်ပါသည်။ ပြည်သူပြည်သားတို့ မိမိအလုပ်အကိုင်မပျက်စေရန် လုပ်ကိုင်မြဲအတိုင်း ဆက်လက်လုပ်ကိုင် နေကြစေလိုပါသည်။ အစိုးရအမှုထမ်း အရာထမ်းများသည်လည်း မိမိတို့တာဝန်ရှိသည့်အတိုင်း ဆက်လက်လုပ်ကိုင်မြဲလုပ်ကိုင် နေကြစေလိုပါသည်။ အထူးသဖြင့် ယခုကျင်းပနေဆဲ စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုနေကြသော ကျောင်းသူကျောင်းသားများကလည်း မည်သို့မျှ အနှောင့်အယှက်မရှိဘဲ ဆက်လက်ဖြေဆိုမြဲဖြေဆိုစေလိုပါသည်။ တိုင်းသူပြည်သား ကိုယ်စိတ်နှစ်ဖြာချမ်းသာကြစေခြင်းငှာ တပ်မတော်မှ အစွမ်းကုန်ကြိုးစား၍ တာဝန်ယူပါမည်၊ ပုံ - ဗိုလ်ချုပ်ကြီးနေဝင်း -

အထက်ပါ ကြေငြာချက်ကို ၁၅မိနစ်လျှင် တစ်ကြိမ်အသံလွှင့်ရုံမှ ကြေငြာလေသည်။ ကျွန်ုပ်လည်း မွေးနေ့ဖြစ်သော တပိုတွဲလဆန်း ၁ရက်မှ ရက် ၃၀- ညပုထိုးတော်ကြီးဘုရားကို ပုတီး ၁၀၈ပတ်စိပ် အဓိဋ္ဌာန်ဝင်နေလေသည်။ ည ၉နာရီလောက်တွင် ပုထိုးတော်ကြီး ဘုရားအထက်ပစ္စယာ တနင်္ဂနွေထောင့်က ပုတီးစိပ်နေ၏။ အပတ် ၃၆ပတ်အရ လက်မောင်းလောက်တုတ်သော မြွေကြီးတစ်ကောင်၊ ကျွန်ုပ်ဘေးနားခွေနေ၏။ ကျွန်ုပ်လည်း ဂရုမစိုက်ဘဲစိပ်နေ၏။ ၄၅ပတ်လောက်အရတွင် တင်ပလ္လင်ခွေသောအပေါ် တက်လာပြီးခွေနေ၏။ ကျွန်ုပ်လည်း ပထမတော့ ကြောက်စိတ်ဝင်၏၊ နောက် တော့ကိုယ့်စိတ်ကို ဆုံးဖြတ်ပြီး ဘုရားလှူပြီးသော ခန္ဓာကိုယ်ပဲ ဘယ်သူဘာလုပ်လုပ် စွန့်လွှတ်ပြီး သားပဲဆိုပြီး ဆက်ပြီးစိပ်နေ၏။ အပတ် ၁၀၀အရတွင် ဆင်းသွား၏။ ကျွန်ုပ်လည်း ပုတီးပြည့်လျှင် မေတ္တာပို့ အမျှဝေပြီး ဘုရားဝတ်ချ၏။ ထိုအခါ အသံတစ်သံ ထင်ထင်ရှားရှားထွက်ပေါ် လာ၏။ "အောင်ပြီ အောင်ပြီ အောင်ပြီ" ဟု သုံးခါအော်ပြီးပျောက်သွား၏။ နာရီကြည့်လိုက်သောခါ ၁၀နာရီနှင့် မိနစ် ၂၀ဖြစ်၏။ ကျောင်းပြန်လာခဲ့၏။

၁၃၂၃ခု၊ တပေါင်းလကွယ် ဗုဒ္ဓဟူးနေ့တွင် တောင်မင်းကြီးမြတ်စွာဘုရားပလ္လင်တော်ကို မှန်စီရန်၊ စွန်းလွန်းရိပ်သာ ကျွန်ုပ်နေသောတိုက်ကလေးထဲတွင် မှန်စီဆရာ၊ စာတိုက်တန်းဦးစံတင့်နှင့် ဘုရားဂေါပက အဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးဖြစ်ကြသော ဦးငြိမ်း ဦးတင်ဦးတို့နှင့် စာချုပ်ကြ၏။ ၃ လနှင့် အပြီးလုပ်ပေးရန်ဖြစ်၏။ ၁၃၂၃ခု၊ နှောင်းတန်ခူးလဆန်း ၆ရက်နေ့တွင် နံနက် ၈နာရီ ရန်ကင်း

တောင်ကားနှင့်သွား။ ပုတီး ၂၇ပတ်စိပ်၊ ထိုကမှ ဘုရားဖူးများနှင့် မယ်ဥတောင်သွား၊ ဘုရားဖူးအဖွဲ့ကောင်တစ်ကောင်က မယ်ဥရုပ်ကို လူပျိုစကားပြော၏။ ကျွန်ုပ်မာန်တော့မှ ထိုသူက ငြိမ်သွား၏၊ မယ်ဥတောင်ပေါ်က ဘုရားများ ပုတီးကိုးပတ်စိပ်ခဲ့၏။ မယ်ဥကျားတွင်းမှအပြန် မျက်စိလယ်၍ လူကြီးတစ်ယောက်ကို တောင်းပန်ခိုင်း၏။ ထိုအခါမှ မျက်စိလယ်ပျောက်ကြ၏။ မယ်ဥတောင်မှအပြန် မန္တလေးတောင်ရောက်မှာ ၄ဖာလုံလောက် အလိုတွင် ကျွန်ုပ်တို့စီးလာသော ဂျစ်ကားကိုကားကြီးက ပွတ်တိုက်သွား၍ အမိုးစုတ်ပြတ်ပြီး သံတိုင်ပြတ်ထွက်သွား၏။ ကားကြီးကမောင်းပြေး၏။ လိုက်၍မမိ၏။ ရော်သွား၏၊ ကျွန်ုပ်တို့ကားထွက် လာသောအခါ လမ်းဘေးနောက်ပြန်ကျသွား၏။ လူများအထိအခိုက်မရှိ၊ ကျွန်ုပ်ကကားမောင်းသူကို မင်းမယ်ဥကို မဖွယ်မရာပြောခဲ့လို့ ဒီလိုဖြစ်တာဆိုပြီးဆူ၏၊ မန္တလေးတောင်ခြေကြတော့ မယ်ဥဇရပ်ဝင်ပြီး ကျွန်ုပ်က မေတ္တာပို့အမျှဝေလိုက်၏။ မယ်ဥဇရပ်ကပြန်အထွက် ၃၀ရွယ်လောက် မိန်းမ တစ်ယောက်ရှေ့ကလာပြီး ကျွန်ုပ်ကိုဝပ်ချ၏။ စကားအဆက်အစပ်မရှိဘဲ ထိုမိန်းကလေးပြောသည်မှာ "ဦးပဥ္စင်းပါလို့တော်သေးတာနို့မဟုတ်ရင် မှတ်လောက်အောင်တော့ လုပ်လိုက်မလို့ပဲ" ထိုအခါကျမှ ပါလာသူအားလုံးက အံ့ဩပြီးငေးစိုက်ကြည့်နေကြ၏။ မိန်းမပျိုလဲ အရှေ့ပြန်ထွက်သွား၏။ ကျွန်ုပ်တို့လဲ ကားမောင်းထွက်လာကြ၏။

နှောင်းတန်ခူးလဆန်း ၉ရက်၊ သင်္ကြန်အကျရက် နှစ်ရက်ကြပ်ပြီးနှောင်းတန်ခူးလဆန်း ၁၂ရက်၊ တနင်္လာနေ့တွင် သင်္ကြန်အတက်ဖြစ်၏။ ၁၃၂၄ခု၊ တန်ခူးလဆန်း ၁၃ရက်၊ အင်္ဂါနေ့ နှစ်ဆန်း ၁ရက်နေ့ဖြစ်၍ မုံရွာသမ္မုဒ္ဒေ၊ ဖိုဝင်းတောင်တို့ကို လိုက်ပို့၏။ ဦးစိန်မောင်တို့အဖွဲ့ ကျောင်းည ၉နာရီမှ ပြန်ရောက်၏၊ ခေတ္တနားပြီး နှစ်ဆန်း တစ်ရက် မင်္ဂလာအခါတော်နေ့အတွက် အထိမ်းအမှတ်အဖြစ် အနေကဇာ ပုတီး ၉ပတ်စိပ်၊ ဖိုးဝင်းတောင် သမ္မုဒ္ဒေ မုံရွာမြို့ပေါ်က ဘုရားများလဲ ပုတီး ၉ပတ်စီစိပ်ခဲ့၏။ ၉ထောင်ပြည့်စေတီ ၅ဆူပြီးသော အထိမ်းအမှတ်အဖြစ် နှစ်ဆန်း ၂ရက်နေ့ ၁၃၂၄ခု တန်ခူးလဆန် ၁၄ ရက်နေ့၊ ဗုဒ္ဓဟူးနေ့ အာရုံအချိန်မှစ၍ ပစ္စယုဒ္ဒေသပါဠိတော်နှင့် ပညာဝါရပါဠိတော် ပဌာန်းကို တပစ္စည်း ပုတီး တစ်လုံးချ ၂၄ပစ္စည်း၊ ပစ္စယုဒ္ဒေသ ပါဠိတော်ကို ၂၅ပတ်စိပ်၏။ ၂၄ပတ် ၃ခါပြန်၍ ၇၂ပတ်စိပ်၏။ နေ့ပိုင်းတွင် ပညာဝါရ ပဌာန်းကိုလည်း တပစ္စည်း တစ်ပတ် ၂၄ပစ္စည်း ၂၄ပတ် ၃ ခါပြန် ၇၂ပတ်စိပ်၏။ ည ၁၁နာရီမှ ပြီး၏။ ပြီး၍အမျှဝေ မေတ္တာပို့လိုက်သောအခါ သာဓုခေါ်သော အသံများကားထဲတွင် ၁၅မိနစ် လောက် သံကြီး၊ သံသေးမိန်းမအသံများပါ ကြားနေရ၏။ ကျွန်ုပ်သည် လွန်စွာပီတိဖြစ်၍ အိပ်လို့ တော်တော်နှင့်မရချေ။

၁၂နာရီခွဲမှ အိပ်ပျော်သလိုလို မှေးကနဲဖြစ်သွား၏။ ထိုအခါ အဖြူရောင်ပုဆိုးနှင့် ထိုင်မသိမ်း၊ သိုရင်အင်္ကျီအရှည်၊ ခေါင်းပေါင်းဖြူဖေါ့လုံးနှင့် လက်ကစိတ်ပုတီးကိုကိုင်သော အဘိုးကြီးတစ်ယောက်၊ ကျွန်ုပ်ဘေးနားရောက်လာပြီး - ကိုယ်တော်လေး ထထဆိုပြီး ကျွန်ုပ်ကိုခေါ်သွား၏။ ရွှေများဝင်းနေသော ထီးမပါဘဲ အချွန်ကြီးသာပြုလုပ်ထားသော စေတီကြီးတစ်ဆူ ရောက်သွား၏။ ဒါဘာဘုရားလဲ ဘိုးဘိုး၊ ဇင်းမယ်ရွှေလဘုံဘုရားခေါ်တယ်၊ ပုတီးစိပ်ပါကိုယ်တော်၊ ကျွန်ုပ်လည်း ပုတီးကိုးပတ်စိပ်၏ ပြီးသောအခါ မေတ္တာပို့အမျှဝေလိုက်၏၊ အဘိုးကြီးကသာဓုခေါ်၏၊ ရှေ့ဆက်ကြအုံးစို့။ တခဏလေး လျှောက်သွားရာ ရှေ့နည်းတူ၊ ဘုရားတစ်ဆူတွေ့ရပြန်၏။ စေတီကြီးဘေးမှ စေတီငယ်များရံထား၏။ ရွှေတိဂုံ

လိုတော့ မဟုတ်၊ စေတီပုံတွေကတစ်မျိုးဖြစ်နေ၏၊ ဘိုးဘိုးဒါဘာဘုရားလဲ ထိုးဒယာပြည် ဆံတော်ရှင် ဘုရားခေါ် တယ်၊ ပုတီးစိပ်ကိုယ်တော်လေး ပုတီး ၉ပတ်စိပ်၏။ မေတ္တာပို့အမျှဝေ၏။ သာဓုကိုယ်တော် သာဓု - သာဓုဟု အဘိုးကြီးကခေါ်၏။ ရှေ့တဆူသွားကြစို့ ကျွန်ုပ်လဲလိုက်သွား၏၊ ကောင်းမှုတော်ကြီး ရောက် လာ၏။ ကျွန်ုပ်လဲ ပုတီးကိုးပတ်စိပ်ပြီးလျှင် မေတ္တာပို့အမျှဝေလိုက်၏။ အဘိုးက သာဓုခေါ်၏။ နောက်တစ်ယောက်ကလဲ ရောက်လာပြီး သာဓုခေါ်၏။

ကျွန်ုပ်က အဘိုးတို့ဘယ်ကပါလဲ နာမည်ဘယ်လိုခေါ်ကြပါသလဲ၊ တပည့်တော် နာမည်က ဝတစ်လုံး ဘိုးဘိုးအောင်ခေါ်ပါတယ်၊ သူ့နာမည်ကတော့ အောင်မင်းခေါင်ကြီးခေါ်ပါတယ်၊ ကိုယ်တော် အထူးအောင်မြင်ပါသည်။ အရာရာမှာ အသုံးချနိုင်တဲ့ ဂ္ဂစ္ဆာသယအင်းတော်များ ဆက်ကပ်ပါအုံးမယ်ဆိုပြီး လှမ်း၍ ၂ လက်မပတ်လည်လောက်ရှိသော အင်း ၃ချပ်ပေး၏။ ကျွန်ုပ်တယူပြီး ကြည့်လိုက်၏။ သရဏဂုံအင်း ၃ချပ်ဖြစ်နေ၏။ အလယ်တွင် နံမထည့်ဘဲကြီးလေးလုံးထည့်ထား၏။ ဘုရား၊ တရား၊ သံဃာ ဘုရားပိတ်၍ အင်း ၃ချပ်မှ အောက်ဆုံး ၂ချပ်ထပ်ဖြစ်၍ ၄ ချပ်ဖြစ်လာ၏။ ဘုရားအင်းဖြစ်၏။

သောက်လိုက်ပါကိုယ်တော် သုံးချင်တဲ့ခါမှာလဲ ဤအတိုင်း ချသုံးပါ၊ ဘိုးဘိုးရယ် အင်းချသော အခါ ကျိုးခြင်းကန်းခြင်းတွေရှိနေတော့ ဘယ်လိုချတာက ပိုကောင်းပါသလဲ။ သမာဓိရှိသော ပုဂ္ဂိုလ်များ မှာ အင်းဘောင်အင်းဆံသွင်းသောအခါများ ဟိန်းဟောက်ရွတ်ဆိုနေရန်မလိုတော့ပါဘူး၊ ဘုရားဂုဏ် တော် အောင့်မေ့ပြီးချနေလျှင် ပြီးတာပါဘဲကိုယ်တော် - သဘောပေါက်ပါပြီဘိုးဘိုး၊ အရှင်ဘုရား ၉ထောင်ပြည့်စေတီကို့၊ ခါတ်ပုတီးတို့စိပ်ပြီးသောအခါ၊ နေ့ပုတီးစိပ်တဲ့ ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပညာဝါရများ ကို ဂုဏ်တော်နှင့်တွဲပြီး ပွားများစိပ်ပါ၊ မဟိဒ္ဓိစခန်းမှာ တော့ ဒါဟာ အရေးအကြီးဆုံးပါဘဲ ကောင်းပါပြီ ဘိုးဘိုး -

ကိုယ်တော် အောင်ခြင်းကြီးအောင်နေပြီ၊ သာသနာပြုရအုံးမယ် ဆက်လက်ပြီး သာခါတ်ပုတီး ဘဲ ဆုံးအောင်စိပ်ပါ၊ တပည့်တော်တို့လဲ မကြာမကြာဆိုသလိုလာပြီး စောင့်ရှောက်ကူညီပါမယ် ကိုယ်တော် - ကောင်းလှပါပြီဘိုးဘိုးတို့၊ အောင်မင်းခေါင်ကြီးကပြောသည်မှာ ကိုယ်တော်အဆောင်ပေး တာထက် ပုတီးသာအစိတ်ခိုင်းပါ၊ ဒါဟာ လောကသံသရာနှစ်ဖြာသော အကျိုးကို မုချပြီးစေနိုင်ပါတယ်၊ ကောင်းပါပြီဘိုးဘိုး။ နောက်တစ်ခုက ကိုယ်တော်လေး၊ အရှုးကုတယ်၊ စုန်းပယောဂကုတယ်ဆိုတာဟာ သူတို့ကို စားစုန်းနှင့် ဆရာကို ငွေပေးပြီး ရန်ဖြစ်ခိုင်းတာဘဲ၊ အဲဒီအလုပ်မျိုးကို ရှောင်နိုင်လျှင် အကောင်း ဆုံးဘဲ၊ မလွှဲသာလို့ တွေ့လာလျှင် မေတ္တာနှင့် သစ္စာခံပြီး ကုပေါ့ကိုယ်တော် - ကောင်းပါပြီဘိုးဘိုး။

ဘိုးဘိုးအောင်ကပြောပြန်သည်မှာ မဟိဒ္ဓိစခန်းကို သရဖူဆောင်းသောအနေဖြင့် ပုတီးစိတ် နည်းကို ကိုယ်တော်လေး ကောင်းကောင်းမှတ်ထားပြီး ထိုစခန်းရောက်သောအခါစိပ်ပါ၊ ကောင်းပါပြီ ဘိုးဘိုး။ စိတ်နည်းတား -

၁။ နမောတဿ ဘဂဝတော အရဟတော - သမ္မာသမ္ဗုဒ္ဓဿ - (တလုံးချ)

၂။ အရဟံ သိဒ္ဓိ - (တလုံးချ)

၃။ ဓမ္မော - တရဒ္ဓဂတမော - အမ္ဗုဘာဝတော။ နတော - တဿ - ဗာဿ - (တလုံးချ)

၄။ အရဟံသိဒ္ဓိ - (တလုံးချ)

၅။ သတော - တမ္ဗုဟ ဂနမ္ဗာ - အဿဓ္ဓတော - ၀မော - သရ - ဘဿ - (ထလုံးချ)

၆။ အရဟံ သိဒ္ဓိ - (တလုံးချ)

ဤကဲ့သို့ ခြောက်ခါစိပ်ပြီး အစကပြန်ပုတီး ၉ပတ်ရအောင်စိပ်၊ အဲဒါဟာ စေပိုင်အာဏာပိုင်ရျိုး ပေါက်မြောက်တော့ဒါဘာပဲ၊ ကောင်းလှပါပြီဘိုးဘိုး၊ ခါတ်ပုတီးပြီးသောအခါ ပွားများပါမယ်ကိုယ်တော်လေးသွားကြအုံးစို့၊ ကျွန်ုပ်လည်း ကောင်းမှုကော်ဘုရားကြီး တနင်္ဂနွေထောင့် ဆွေးနွေးကြရာမှ ဘုရားဝတ်ချပြီး ဘိုးတော်တို့နောက်လိုက်လာ၏။ ကျောင်းရောက်သောအခါ ကြည့်လိုက်တော့ နာရီက ၂ချက်ထိုး နေလေပြီ ကျွန်ုပ်လည်းအိပ်လို့မရပေ၊ မဖြစ်ဘူးမြဲဖြစ်စွတကားဆိုပြီး မွှာရုံပေါ် လမ်းလျှောက်၍ ပုတီးစိပ် ပြီးနေ၏။ ၃နာရီထိုးတော့ ခါးဆန့်သောအနေဖြင့် အိပ်ရာထဲလှည့် အိပ်လိုက်၏။

မနက် ၅နာရီခွဲထ၊ လွှက်ရည်သောက် ဘုရားသွားညက အတွေ့အကြုံမှတ်၊ ၁၃၂၄ခု၊ တန်ခူးလပြည့်နေ့ စစ်ကိုင်းတောင်၊ စစ်ကိုင်းမြို့ထဲမှ ဘုရားများဘုရားဖူးလိုက်ပို့၊ ကောင်းမှုတော်ကြီး ရောက်သောအခါ မနေ့ကအတွေ့အကြုံကို သတိအထူးရ၏။ ပုတီး၂၇ပတ် တနင်္ဂနွေထောင့်က ထိုင်စိပ်ခဲ့၏။ တွေ့သောအထိမ်းအမှတ်အဖြစ် အထူးအာရုံပြု၍ မေတ္တာပို့အမျှဝေ၏ - အပြန် ရွှေကြက်ယက်၊ ရွှေကြက်ကျဝင်ဖူးပြီး ပုတီး ၉ပတ်စီစိပ်၊ ကျောင်း ၅နာရီရောက်။

၁၃၂၄ခု၊ ကဆုန်လပြည့်သောကြာနေ့ ဗုဒ္ဓအခါတော်နေ့ဖြစ်၍ အနေကဇာ ၉ပတ်စိပ်၏။ ထုံးစံအတိုင်း ပုတီးစိပ်ဘုရားဖူးသွား၊ စာချ၊ စာပြ - နား၏။ ၁၃၂၄ခု၊ မဟာသမယအခါတော်နေ့ဖြစ်၍ မဟာသမယသုတ်တော် ဇောဓိပက္ခိယနှင့်အညီ ၃၇ခေါက်ရွတ်၏။ မဟာသမယအထိမ်းအမှတ် အနေဖြင့် ရွတ်၏။ ၃ ခေါက်ရတော့ မွှေးလာ၏။ တညလုံးမွှေးနေ၏။ ဩထူးဆန်းပေ၏။ ၁၃၂၄ခု၊ ဝါဆိုလပြည့် မွှာစကြာ အခါတော်နေ့ အထိမ်းအမှတ်အဖြစ် မွေစကြာ ၃၇ခေါက် ရွတ်၏။ သပြေညွန့်များကျလာ၏။ အံ့ဩစရာပေ။ ဆီးပုန်းမှာ သွေးစုနာပေါက်၍ ၇ရက်လောက်ခံရ၏။ အနာပေါက်ဆရာနှင့်ကုရ၏။ ဝါဆိုလဆုတ် ၁၂ရက်က ကိုက်လာ၏၊ ဝါခေါင်လဆန်း ၆ရက် လောက်မှပျောက်သလောက် ဖြစ်လာ၏။ သို့သော် ပုတီးစိပ်မပျက်။

သီတင်းကျွတ်လဆန်း ၁ရက်နေ့ သံဃာ ၁၀၀ကျော် ကြက်သားဆံပြုတ်ကပ်၏။ သီတင်းကျွတ်လဆန်း ၉ရက်နေ့တွင်လည်းကပ်၏။ မယ်တော်အတွက် ရည်စူး၍ သီတင်းကျွတ်လဆုတ် ၁ရက်၊ သံဃာတော် ၁၀၀ကျော် ဖုန်း၊ နို့ဆီတို့ဖြင့်ကျိုသော ဆန်ပြုတ်ကပ်၏။ မယ်တော်အတွက် သီတင်းကျွတ်လဆုတ် ၁၂ရက်တစ်ခါကပ်၏၊ သီတင်းကျွတ်လဆုတ် ၁၃ရက်၊ ရဟန်း ၁၀ပါး ကိုရင် ၃၇ပါး ဆွမ်းကပ်၏။ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့အဖြစ် ပဋ္ဌာန်းစိပ်၏။ ည ကိုးနာရီ လောက်စိပ်၏။ နတ်သမီးလိုအဝတ်အစားများနှင့် အယောက်၄၀လောက် ပိုးတို့ဝါးတား မြင်ရ၏။ ပုတီးစိပ်ရင်း သေသေချာချာကြည့် ပီပီသသမပေါ် ထူးဆန်းခြင်းတစ်မျိုး။

၁၃၂၄ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်ကျော်အောင်စံထား ဆရာတော်ကြီးများ နှစ်ပါတ်လည်ဆွမ်းကျွေးပွဲပြုလုပ်၏။ သံဃာ ၈၀၊ လူ ၁၀၀ကျော် ဆွမ်းကျွေး၏။ ငွေ ၃၅၀လောက် ကုန်၏။ နတ်တော်လပြည့်နေ့တွင် ကျောက်တော်ကြီးဘုရား မီး ၁၀၀၀လှူ၏၊ ကိုးထောင်ပြည့်စေတီ ၆ဆူပြီးသော

အထိမ်းအမှတ် ထိုနေ့မှစ၍ ပုတီးစိပ်တိုင်းအသံများ မပီမသကြားနေရ၏။ သေသေချာချာ နားထောင်သော်လည်း ပီပီသသမပေါ်လာပေ။

ပြာသိုလပြည့် ဗုဒ္ဓဟူးနေ့တွင် ပီပီသသကြားလာရ၏၊ ရှေးဦးစွာ ကြားရသောအသံမှာ ဂုဏ်တော်ဂါထာများ ပီပီသသကြားလာရ၏။ နောက်မေတ္တာပို့ကြသော အသံများ ပီပီသသကြားလာရ၏။ အသံမျိုးစုံဖြစ်၏။ ၁၃၂၄ခု၊ တပို့တွဲလဆန်း၊ ၁ရက်၊ မွေးနေ့ဖြစ်၍ သံဃာတော်များကြက်သား ဆံပြုပ်ဆက်ကပ်၏။ လူ ၁၀၀လောက်ရှိ၏၊ ပုတီး ၁၀၈ပတ်စိပ်၏။

ထိုနေ့ည သန်ခေါင်ယံတွင် တစ်သက်တွင်တွေ့ရခဲ့သော မင်းသမီးလိုဝတ်ထားသော မိန်းမပျိုတစ်ယောက်တွေ့ရ၏။ ကျွန်ုပ်တိုက်တွင် ရှေ့မှောက်မှလာရပ်နေ၏၊ လက်ထဲတွင် ကြာဖြူကိုးခိုင် ကိုင်ထား၏။ အလွန်လှ၍ သူစိုက်ကြည့်နေမိ၏။ ကိုယ်တော်လေး တပည့်တော်မက စန္ဒီလို့ခေါ်ပါတယ်။လာဘ်ဘက်၊ ပညာဘက်မှာ အစိုးရပါတယ်၊ ထိုအခါ ကျွန်ုပ်က ပုတီးပြန်ကိုင်ပြီးစိပ်၍ မေးပါတော့သည်။ ဘယ်မှာနေပါသလဲ၊ ယုဂန္ဓိုတောင်နားမှာ နေပါတယ်။ မည်သူတွေနဲ့နေပါသလဲ၊ အမတော် - ပိဋကတ်မယ်တော်ကြီး အမှူးပြုသော ဒေဝီ ၁၂ဖော်နှင့်နေပါတယ်။ ဘာကြောင့် ကျွန်ုပ်ထံလာရပါသလဲ - ကိုယ်တော်လေး ပုတီးစိပ်တာ အနှောက်အယှက်ပေးတာမဟုတ်ပါဘူး၊ သတိပေးမလိုပါ၊ ရှေ့လများမှာ အထူးသီးခံပြီး ကာယကံမှု၊ ဝစီကံမှု မကျူးလွန်မိအောင် နေသွားပါကိုယ်တော်၊ အရေးအကြောင်းရှိက နှမတော်တို့ကို အာရုံပြုလိုက်ပေါ့။

အထူးလျှောက်ထားလိုတာကတော့၊ ပညာရှိသတိဖြစ်ခဲ့တဲ့၊ ရွံ့ပုပ်တော့မျက်နှာစင်၊ ပက်လက်လှံတံတွေးထွေးတော့ မျက်နှာပေါ် ကျဆိုတာလို မဖြစ်ရအောင် အထူးသတိပြုရှောင်သွားပါကိုယ်တော်လေး - ရှေ့လာမည့်နှစ်မှာ အားလုံးပေါင်းလိုက်လျှင် ၂ကြွင်းတယ်၊ ဒီမှာ ဖျိုကိန်းကျတယ်၊ ကျော်အောင်စံထားမှာ လမြတ်ဝါဆို ၁၀ရက်ကို အရောက်ကြွသွားပြီးနေပါ၊ ဓမ္မစကြာအခါတော်နေ့ ပြုလုပ်ချိန်အထက်ပုဂ္ဂိုလ်များသိကြား၊ ဗြဟ္မာ၊ စတုလောကပါလ၊ ဒေဝီများ ပင့်ဖိတ်ပြီးပြုလုပ်ပါ၊ တပည့်တော်ကိုလဲ နေ့စဉ်အမျှ မေတ္တာပို့ပေးပါကိုယ်တော်လေး- ကောင်းပါပြီ၊ ကောင်းပါပြီ ၊ ကိုယ်တော်လေး ဒီစာကိုဝါဆိုလပြည့်နေ့ကြမှ ကြည့်ရှုတော်မူပါ - ဂုတိသစ္စာတည်ပါစေ၊ ကိုယ်တော်လေး၊ ကောင်းပါပြီ၊ ကောင်းပါပြီ၊ ကောင်းပါပြီ - ကိုယ်တော်လေးလက်တော်ပေးပါ၊ ကျွန်ုပ်လည်း လက်လှမ်းပေးလိုက်၏။ သူမသည် ညာဘက်လက်ဖဝါးနုနုလေးတို့ဖြင့် ဆုပ်ကိုင်လိုက်ပြီး ကျွန်ုပ်၏လက်ကို သူမ၏နဖူးကလေးကို အုပ်လိုက်ပါသည်။ ထိုတွင်ပျောက်ကွယ်သွား၏။ ကျွန်ုပ်သည် ဘယ်လိုဖြစ်သွားမှန်းမသိတော့ပေ။

နံနက် အိပ်ယာကနိုးမှ ညကအဖြစ်အပျက်ကို စဉ်းစားကြည့်ပြီးလက်ကို သတိရလာ၍ နမ်းကြည့်တော့ မွှေးနေတုံးဖြစ်၏။ စာကိုလိုက်ရှာ၏။ ခေါင်းအုံးအောက်တွင်ရှိနေ၏။ ဖွင့်ဖတ်ခြင်၏။ သို့သော်ဂုတိသစ္စာစောင့်စည်းလိုက်၏။ ဩ - အလွန်ထူးဆန်းလေစွ၊ ကျွန်ုပ်ကိုယ်တောင် ကျွန်ုပ် မယုံကြည်နိုင်လောက်အောင်ဖြစ်တော့၏။

၁၃၂၄ခု၊ တပို့တွဲလဆန်း ၃ရက်၊ တနင်္ဂနွေနေ့တွင် မိတ္ထီလာသွား၏။ ဦးတင်ဝင်းဆီဝင်ပြီး ရွှေမြင်တင်ဘုရားကို ပုတီး ၄၅ပတ်စိပ်၏။ ခွေးကလေးများ၊ ကြောင်ကလေးများ၊ ၃ကောင်လောက်အနားလာထိုင်နေကြ၏။ ကျွန်ုပ်ပုတီးစိပ်ပြီးမှ ထသွားကြ၏။ ကျွန်ုပ်က ခွေးသုံးကောင်နှင့် ကြောင်၃

ကောင်ကို မုံ့အကြော် ၁မတ်ဘိုးဝယ်ကျွေး၏၊ ကြောင်ကလေးများကိုတော့ ပုဇွန်လုံးကြော်ကျွေး၏။ အမျှအတန်းဝေ မေတ္တာပို့ပြီးပြန်လာ၏။ ကျောင်းညနေ ၅နာရီခွဲမှရောက်၏။

၁၃၂၄ခု၊ တပို့တွဲလဆန်း ၁၀ရက်၊ တနင်္ဂနွေနေ့ ရန်ကုန်လက်မှတ်ဝယ်၊ ၂၁ကျပ် ၅၀ပြား ၊ ညနေ ၃နာရီနှင့် မိနစ် ၄၀ထွက်၏။ ပျဉ်းမနား ည ကိုးနာရီခွဲရောက်၊ တောင်ငူ ၁၁နာရီ ၄၅ရောက်၊ ရန်ကုန်ကုန် ၆နာရီ ၃၀ရောက်၊ နံနက် လှမှိုတို့လာကြိုသည်။ လှမှိုတို့အိမ်ဆွမ်းစားပြီး ရွှေတိဂုံဆံတော်ရှင်ဘုရား ပုတီး ၄၅ပတ်စိပ်ပြီး ဦးစိန်မောင်တို့အိမ်သွားညအိပ်၊ တပို့တွဲ လဆန်း ၁၂ရက်နေ့ ရန်ကုန်မြို့ပေါ်က ဘုရားများဖူး၊ ဗိုလ်တစ်ထောင်၊ ရွှေတိဂုံ၊ ဆူးလေဘုရား၊ ကမ္ဘာ့အေး၊ ရွှေဘုန်းပွင့်၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီးဘုရားများ ပုတီးလေးဆယ့်ငါးပတ်စီစိပ်ပြီး လှမှိုတို့ဆီပြန်ထိုကမှ ဦးစိန်မောင်တို့ အိမ်ပြန်အိပ်၊ တပို့တွဲလဆန်း ၁၃ရက်နေ့ နံနက် ဆွမ်းစားပြီး ညောင်ကုန်းဆိပ်ကမ်းကို ဦးစိန်မောင်တို့ကားနှင့် လိုက်အပို့ခိုင်းပြီး တညင်ဘက်ကူး၊ ဦးပညာဝံသက လိုက်ပို့၏။ ကျိုက်ခေါက်ဘုရား ပါဒကြီးဘုရား၊ ရေလည်ကျောက်တန်းဘုရားများကို ပုတီး ၄၅ပတ်စီစိပ်ပြီး လျှောက်လည် ပြန်လာကြ၏။

တပို့တွဲလဆန်း ၁၄ရက်၊ ဆေးဝက်ဘာသွားကြည့်၏။ မင်္ဂလာဒုံလေယာဉ်ကွင်း တိရိစ္ဆာန်ရုံ များ လျှောက်ကြည့်ပြန်၏။ တပို့တွဲလပြည့် အောင်မင်္ဂလာဆရာတော် ဦးယါဇိန္ဒနှင့်သွားတွေ့ပြီး နေ့လည် ပါတိမောက် ၃ ပုဒ်၊ တပုဒ်လျှင် ပုတီး ၃ပတ်စီ၊ ကိုးပတ်စိပ်၏။ ရွှေတိဂုံ ၉ပတ်၊ ဗိုလ်တစ်ထောင် ၉ပတ်၊ ဆူးလေ ၉ပတ်စိပ်ခဲ့၏။ မီး ၁၀၈၊ပန်း ၁၈ လှူခဲ့၏။တပို့တွဲလပြည့်ကျော် ၁ရက်နေ့ ရွှေတိဂုံသွား ၎င်းက ဘောက်ထော် ဆရာတော်သို့ ဆီသွား၏။ ထီးနှင့်စာအုပ်စွန့်လိုက်၊ ထီးကိုကျိုက္ကစံ ဘုရားလှူခဲ့ပြီး စာအုပ်ကိုယူခဲ့၏။ တပို့တွဲလပြည့် ၂ရက်နေ့ တွင် ရန်ကုန်မြို့ပေါ်က ဘုရားစုံလိုက်ဖူး ပုတီး ၂၇ပတ်စီစိပ်၏။ သိမ်ကြီးဈေး၊ သိမ်တော်ကြီးလဲ ဝင်စိပ်ခဲ့၏။

တပို့တွဲလဆန်း ၃ရက် တနင်္လာနေ့နံနက် ၉နာရီ ၃၀ ရထားထွက်မည်ဖြစ်၍ ဆွမ်းစားပြီး ဦးစိန်မောင်တို့ကားနှင့် လှမှိုတို့စီးလာပြီး ဘူတာကြီးသွား ရထားစီး၏။ ၁၂နာရီ ပဲခူးရောက်၊ ရွှေမော်ဓောဘုရားကြီးကို ရထားပေါ်မှာဖူးခဲ့၏။ အာရုံပြု၍ ပုတီး ၉ပတ်စိပ်ခဲ့၏။ ညနေ ၅နာရီ ခွဲတောင်ငူရောက်၊ မြတ်စောညီနောင်ကို အာရုံပြု၍ ပုတီး ၉ပတ်စိပ်၏။ နံနက် ၁၀နာရီ သာစည်ရောက်၏။ မန္တလေး ၁ချက် ၃၀ရောက်၏။ ၂ ချက်ခွဲတောင်မြို့ပြန်ရောက်သည်။ ည ယောဂီများ ထမနဲကျွေး၏။ တရားပြတရားဟော၏။

၁၃၂၄ခု၊ တန်ခူးလဆန်း ၉ ရက်နေ့ အောင်ပန်းသွားသည်။ ညနေ ငါးနာရီ ၂၀အောင်ပန်း ရောက်သည်။ ၁၀ရက် အောင်ပန်းမြို့ထဲဘုရား ၂ဆူဖူးပြီးပဌာမာရုံကျောင်းပြန်၏၊ ၁၁ရက် တောင်ကြီး သွားဘုရားများဖူး ပုတီးစိပ်၏၊ ကိုးပတ်စီစိပ်၏။ ၁၂ရက်နေ့တွင် အောင်ပန်းမြို့ရှင် ၁၅၀ပြုပွဲတော်ကြီး အတွက် လုပ်ကိုင်စရာများလုပ်ကိုင်နေရသည်။ ၁၃ရက် ရှင် ၁၅၀ပြုပွဲအစဖြစ်၏။ ညပွဲများကကြ၏။ ၁၄ရက်နေ့ ၁၂နာရီ ရဟန်း ၂၅ပါး ရဟန်းခံပေးရ၏။ ကမ္မဝါဖတ်ပေးရ၏။ ညနေ ၃နာရီခွဲမှပြီး၏။ တန်ခူးလပြည့်နေ့ ပဌာမာရုံ ကျောင်းတိုက်တွင်းရှိဇေယျရံသီ ဘုရားကို နံနက် ၉နာရီ ၁၅မိနစ် ထီးတော် စတင်၍ မီးကျည်ပစ်ဖောက်၍ အခန်းအနားဖွင့်သည်။ ၁၀နာရီ ၂၀၊ ထီးတော် တင်ပြီး၏၊ မြို့မ မဏ္ဍာပ်က ဆွမ်းကပ်၏၊ နံနက် ဆွမ်းဖြစ်၏။ နေ့လည် ဗဟိုမဏ္ဍာပ်ကကပ်၏။ ညနေ ၃နာရီတစ၍ ရှင်လောင်း

၁၅၀လှည့်ရန် ပြင်ဆင်ကြ၏။ ရှင်လောင်းများမှာ ရှမ်းများဖြစ်ကြ၏။ မြင်းနှင့် တစ်မျိုး၊ ကားဖြင့်တဖုံ၊ စက်ဘီးကို ရထားပုံဆင်၍တသွယ်၊ မြင်းလှည်းအမိုးဖြုတ်၍ ပန်းရထား ပုံကတစ်ခန်း၊ လူ၏ဂုတ်ပေါ်မှာ မောင်ရှင်လောင်းထမ်းလှည့်ခြင်းက တမူဆန်း၊ ဝေါထမ်းများကလည်း ခမ်းနား။ ဤသို့အားဖြင့် အောင်ပန်းမြို့ရှင် ၁၅၀ပြုပွဲဟာဖြင့် အလွန်ခမ်းနားသိုက်မြိုက်လှပေ၏။ ညနေစောင်း၍ မှောင်ရီပျိုးလာလျှင် အဆင်သင့်ယူလာကြသော လက်စွဲဓါတ်မီး ၊ အောက်လင်းဆီမီး၊ ဓါတ်မီး၊ ရေနံချေးမီးတုတ် စသည်တို့ ထွန်းညှိပြီး မြောက်မြားစွာသော တူရိယာအဖွဲ့တို့ဖြင့် အောင်ပန်း မြို့နယ် လှည့်ပြီး ည ၈နာရီလောက် ပန္တိမာရုံမြောက်ဘောကွင်းကြီးထဲတွင် ဆောက်လုပ်ထားကြသော မြို့မမဏ္ဍပ်၊နယ်များက မဏ္ဍပ်တို့၏အလယ်ဗဟို၊ မဏ္ဍပ်ကြီးထဲသို့ အားလုံးရောက်လာကြလေ၏။ ညှော်ခံကျွေးမွေးကြသူများကလည်း ပေါများကြ၏။ ည ၉နာရီထိုးလျှင် အငြိမ့်ထွက်၏။ ဓါတ်ရှင် လည်းပြ၏။ ကွင်းကြီးအပြည့် လူစည်ကားလှ၏။ ကပွဲမျိုးစုံဖြင့် ကပြကြ၏။ ၁၃၂၄ခု၊ နှောင်းတန်ခူး လပြည့်ကျော် ၁ရက်၊ အင်္ဂါနေ့တွင် ရှင်လောင်း ၁၅၀၊ နံနက်ဆွမ်းစားပြီး ရှင်ပြုပေးကြရ၏။ နေ့ ၁၁နာရီတွင် ရှင်ပြုပွဲပြီးသွား၏။

တန်ခူးလဆုတ် ၂ရက်၊ နံနက် ၅နာရီ၊ လွှက်ရည်သောက်ပြီး အောင်ပန်းဘူတာရုံလာကြ၏။ ၆နာရီရထားဆိုက်၏။ နံနက် ၆နာရီ ၃၀မိနစ်၊ ရထားထွက်၏။ ယင်းမာပင်ဘူတာ ၁၀နာရီ ၃၀မိနစ်ရောက်၊ သာစည် ၁ချက်ခွဲရောက်၊ မြို့ဟောင်း ၅နာရီခွဲရောက်၊ ရွာထောင်ရထားစောင့်ပြီးစီး၊ ကျောင်း ၇နာရီရောက်၏။ အောင်ပန်း ဇေယျရံသီဆုတောင်းပြည့် စေတီတော်ကြီးအတွင်း ပုတီး ၁၀၈ပတ် ၃ကြိမ်အဓိဋ္ဌာန်နှင့် စိပ်၏။ တနင်္ဂနွေနေ့ သင်္ကြန်ကျ၏။ ၇ရက်နေ့ သင်္ကြန် အကျတ်နေ့၊ တန်ခူးလဆန်း ၈ရက်၊အင်္ဂါနေ့ သင်္ကြန်တက်၏။တန်ခူးလဆုတ် ၉ရက် ဗုဒ္ဓဟူးနေ့ နှစ်ဆန်းတစ်ရက်နေ့ဖြစ်၍ မင်္ဂလာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် မင်္ဂလသုတ်တော်ဂါထာများ၊ ပုတီးတစ်ပတ် စီစိပ်၏။ ပန်း ၃၀၀၊ မီး ၃၀၀ လှူ၏။

၁၃၂၅ခု၊ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓအခါတော်နေ့အဖြစ်အထိမ်းအမှတ် ဘုရားအနေကဇာ ပုတီးကိုးပတ်စိပ်၏။ မီး ၁၀၀လှူ၏။ နယုန်လပြည့် မဟာသမယအခါတော်နေ့အဖြစ် မဟာသမယ သုတ်တော် ၃၇ခေါက် ရွတ်ဖတ်သရဇ္ဈာယ်၏။ မီး ၁၀၈လှူ၏။ ညအိပ်မက်၏။ ဇော်ဂျီငါးယောက်က ကျွန်ုပ်ကို တောကြီးတစ်တောထဲခေါ်သွား၏။ တောကြီးကလည်း အံ့မခန်းဖြစ်နေ၏။ ထိုတောကြီးများထဲမှ သစ်ပင်များ၏အသီးအပွင့်များမှာ ရွှေသီးငွေသီးများဖြစ်၏။ အရွက်များက မြအဆင်းကဲ့သို့ဖြစ်၏။ စိန်သီး၊ ပုလဲသီး၊ ပတ္တမြားသီး၊ ဂေါ်မုတ်သီးများလည်း သီးပွင့်နေကြ၏။ အပွင့်များကလည်း ရတနာမျိုး စုံအပွင့်များဖြစ်၏။ ကြည့်၍မငြီးနိုင်အောင်ဖြစ်၏။ အလွန်အံ့ဩစရာကောင်း၏။ မလှမ်းမကမ်းသစ်ပင်များအောက်တွင် ဘုန်းကြီးများ၊ ယောဂီများ၊ လူသူတော်များ၊ မိန်းမယောဂီများ ပုတီးစိပ်နေကြ၏။

ကျွန်ုပ်သည် ခေါ်လာသော ဇော်ဂျီတစ်ယောက်ကိုမေး၏။ ဇော်ဂျီကြီးနာမည်က ဘယ်လိုခေါ်ပါသလဲ၊ ဝိဇယုတ္တမလို့ခေါ်ပါတယ်။ ဩော် ဝိဇယုတ္တမဆိုတော့ ဝိဇယက အထူးအောင်မြင်ခြင်း၊ ဥတ္တမ မြတ်ခြင်းဆိုတော့ ဗမာလိုပြန်လိုက်ရင် ဦးအောင်မြတ်ပေါ့၊ ဟုတ်ပါတယ်ကိုယ်တော် ဦးအောင်မြတ်၊ ဒီတောက ဘာတောခေါ်ပါသလဲ၊ ဟေမဇာလတောကြီးလို့ခေါ်ပါတယ်။ ဒီတောမှာရှိသော သစ်ပင်အရွက်အပွင့်များက ရတနာများသာဖြစ်ကြတယ်။ ဟုတ်ပါတယ်ကိုယ်တော်၊ ထိုရတနာများက လူသုံး

ဆောင်လို့ ရပ်ါသလား၊ မရဘူးကိုယ်တော်၊ နတ်များသာ သုံးဆောင်လို့ရပါတယ်။ လူများကော ရောက်နိုင်ပါရဲ့လား၊ တန်ခိုးဣဒ္ဓိပတ်ရှိတဲ့သူများကတော့ ရောက်နိုင်ပါတယ်။ ထွက်လမ်းကိုကျင့်ကြံတဲ့ ပုဂ္ဂိုလ်များလည်း ရောက်နိုင်ပါတယ်။ ထိုပုတီးစိပ်နေတဲ့လူများ မြင်တယ်မဟုတ်လားကိုယ်တော်လေး၊ မြင်ပါတယ်။ အဲဒါ ပေါက်မြောက်ပြီးတော့ ဒီတောထဲလာပြီး မဟိဒ္ဓိတန်ခိုးထက်သည်ထက် ထက်မြက်အောင် လာကျင့်နေကြတာ - ဒီတောရဲ့ သတ္တိထူးကတော့ -

၁။ ဒီတောထဲရောက်လျှင် အာဟာရသိဒ္ဓိအလိုလိုပြီးသွားတယ်။

၂။ ဥဒကသိဒ္ဓိအလိုလိုပြီးသွားတယ်။

၃။ စိန္တာမယသိဒ္ဓိလည်း အလိုလိုပြီးသွားတယ်။

ဒီသိဒ္ဓိထူးသုံးပါးက ဒီတောရဲ့ဂုဏ်ပဲ၊ ဒီတောရဲ အလယ်ခေါင်မှာ ဘုရားသခင်၏ရွှေအဆင်း၊ ပုလဲအဆင်းရှိသော ဓါတ်တော်၊ ဆံတော်များ၊ ဌာပနာပြီး ထားသော ပတ္တမြားရုပ်ပွားတော် ကိန်းဝပ်တော်မူတဲ့ ဂန္ဓကုဋိကျောင်းတော်ကြီးရှိပါတယ်။ ကိုယ်တော် လေးလိုက်ပို့ရဦးမှာပဲ၊ လာ - လာ ကိုယ်တော်လေး ကြွပါ ကြွပါ၊ ကျွန်ုပ်လည်း သူခေါ် ရာနောက် လိုက်ပါသွား၏။ ဟောဟိုမှာ ရှေ့ကမြင်လား၊ ရတနာမှာ ပျိုးပျိုးပြောင်နှင့် စုလစ်မွန်းချွန်ရှိသော ဂန္ဓကုဋိ ကျောင်းတော်ကြီးမြင်ပါတယ်။ ဦးအောင်မြတ်သတိနဲ့လာနော်၊ အစောင့်များက အထပ်ထပ်ချထားတာ၊ ဦးအောင်မြတ်ကို မသိလို့မေးရဦးမယ်၊ အဲဒီဘုရားက ဘာဘုရားလို့ခေါ် တုန်း၊ "အနန္တမဟိဒ္ဓိ သီတဂူ" မြတ်ရှင်တော်လို့ခေါ် ပါတယ်။ သိကြား၊ ဗြဟ္မာ၊ နတ်များစွာနှင့် ဝိဇ္ဇာများသာ ကိုးကွယ်ဆည်းကပ် ကြပါတယ်။ လာ လာ ဟိုရှေ့က တံတိုင်းအဝင်ဝမုခ်ဦးပဲ ။ ကျွန်ုပ်သည် စီးလာသော ဖိနပ်ကို ချွတ်ထား ခဲ့၏။ မုခ်ဦးဝင်လိုက်လျှင် ခြင်္သေ့အရှင်များထိုင်နေကြ၏။ ကျွန်ုပ်ဘက်သို့လှည့်ကြည့်နေကြ၏။ အနည်းငယ် လန့်သွား၏။ သတိပြုပြီး ပုတီးစိပ်၍ဝင်သွား၏။ ခြင်္သေ့ကြီးများထိုင်နေတာကို အမြင့် ၁၅တောင် လောက်ရှိမည်ထင်၏။

တံတိုင်းအပြင်ဘက်မှာလည်း ဆောက်ပုတ်ကိုင်သော သူရဲကြီးများ တံတိုင်းပတ်ပတ်လည် ရပ်နေကြ၏။ ဒုတိယတံတိုင်းအထပ်တွင် မုခ်ဦးဝင်လိုက်လျှင် ကျားကြီးနှစ်ကောင်တွေ့၏။ အရှင်ကြီးများ ဖြစ်ပြီးငါးတောင်လောက်ရှိ၏။ အသံကြီးများမြည်၍ ကျွန်ုပ်ဘက်လှည့်ကြည့်နေကြ၏။ သတိပြုပြီး ပုတီးသာစိပ်သွား၏။ ထိုအထပ်တွင် ဘီလူးများ ဝိုင်းရံပြီးစောင့်နေကြ၏။ တောဘီလူးများ ဖြစ်ကြ၏။ တတိယမုခ်ဦးဝင်လိုက်၏။ ဆင်ကြီးနှစ်ကောင် နားရွက်ခပ်ပြီး ကျွန်ုပ်ကိုလှည့်ကြည့်နေ၏။ ကျွန်ုပ်ကလည်း ပုတီးစိပ်ပြီးဝင်သွား၏။ တံတိုင်းပတ်လည် နတ်ဘီလူးများစောင့်နေကြ၏။ ဘုရားလိုဏ်ဂူ အတွင်းထဲဝင်သွား၏။ နတ်များ၊ နတ်သမီး၊နတ်သားများ ဘုရားလိုဏ်အတွင်းထဲဝင်သွား၏။ နတ်သမီး နတ်သားများ ဘုရားကန်တော့နေကြ၏။ ဂန္ဓာကုဋိတိုက်အတွင်းရုပ်ပွားတော်မှာ ၁၅တောင်လောက် ရှိမည်ထင်ရ၏။ ရောင်ခြည်တော် ၆ပါးက အမြဲလွှတ်နေ၏။ ဘုရားအရောင်ဖြင့်သာ ဂန္ဓာကုဋိတစ်တိုက် လုံးလင်းနေ၏။ ရတနာအတိပြီးသော အဆောက်အဦးကြီးဖြစ်၏။ အသား၊ သံတစ်ချောင်းမျှမပါ၊ တိုင် စေ့ နတ်သားများ နတ်သိုင်းကိုင်လျှက် စောင့်နေကြ၏။ အာရုဏ်ခံပုံတော်က ပုဂံအာနန္ဒာပုံတော်မျိုး ဖြစ်သော်လည်း ပုဂံအာနန္ဒာအလယ်က စေတီကြီးတစ်ဆူသာပါ၏။ဤဂန္ဓာကုဋိတိုက်ကြီးက စေတီကြီး၉ဆူရှိပြီး အလယ်စေတီကို ဝိုင်းထားကြ၏။ ပုဂံအာနန္ဒာဘုရားထက် ၁၅ဆလောက်ကြီးမည်ထင်၏။ အချို့ နတ်များကရှိခိုး

အချို့နတ်များကပုတီးစိပ်နေကြ၏။ နတ်သမီးများက ဝဲဘက်ကရှိခိုး၊ နတ်သားများက ယာဘက်က ရှိခိုးပုတီးစိပ်နေကြ၏။ ရဟန်း သံဃာဘိုးတော်များက ရှေ့တော်တည့်တည့်က ရှိခိုးပုတီးစိပ် နေကြ၏။ ကျွန်ုပ်လည်း ရှေ့တော်တည့်တည့်မှ ဘုရားရှိခိုးပြီး ပုတီးအပတ် ဘုရားသက်တော်ထက် တစ်ခုပို ၈၁ပတ် စိပ်၏။ ပန်းနံ့သာ၊အမွှေးအကြိုင်များက ကျွန်ုပ်၏နှာခေါင်းတွင်း မွှေးမွှေးလာ၏။ ပရိတ်သတ်က အလွန်များပြားသော်လည်း တိတ်ဆိတ်ငြိမ်သက်၏။ အံ့စရာပေ၊ အာရုံယူပြီး ရှိခိုးပုတီးစိပ် နေကြတာဖြစ်၏။ ကျွန်ုပ်လည်း ထို့အတူပြုလုပ်ရ၏။ တင့်တယ်ထည်ဝါ ခန့်ညားအံ့သြစရာကောင်းလှ ပါဘိတော့၏။

တစ်သက်နှင့်တစ်ကိုယ် ဤနေရာမျိုး မရောက်ဖူးခဲ့ချေ၊ ပုတီးစိပ်ပြီးသောအခါ မေတ္တာပို့ အမျှဝေလိုက်၏။ စိတ်ထဲကနေဝေ၏။ နတ်များ၊ သံဃာများ၊ ဘိုးတော်များက သာဓုခေါ် လိုက်ကြသောအသံသည် ပဲ့တင်ထပ်မျှဖြစ်သွားတော့၏။ ပြီးလျှင် ကျွန်ုပ်ကိုထိုပရိတ်သတ်ကြီးက ကောင်းချီးသြဘာပေးပြီး ပန်းနံ့သာများဖြင့် ကျွန်ုပ်ပေါ် ကျဲပစ်ကြ၏။ ကျွန်ုပ်ကိုခေါ် လာသော ဇော်ဂျီက ထွက်ရန်လမ်းရှင်းပေးပြီး ဘုရားဂန္ဓာကုဋိတိုက်ကြီးမှ ထွက်လာကြသည်။ ဘုရားမုခ်ဝလည်းထွက်လိုက်ရော ပုထိုးတော်ကြီးဘုရားမုခ်ပေါက် ဖြစ်နေ၏။ ထိုတွင်လန့်နိုးလာ၏။ သြော် ထူးဆန်းသောအိမ်မက်ပါလား။

၁။ တက်တိုင်းမတော် တော်တိုင်းလည်း မတက်။

၂။ တစ်ယောက်သည်အများအားအကျိုးပြုနိုင်ပါစေ။

၃။ စွမ်းရည်ထက်မြက်သူသည် သာမန်သူတို့ထက် ဦးဆောင်နိုင်၏။

၄။ လေ့လာဆည်းပူးသူတို့အဖို့ အသိပညာသည် ကြွယ်ဝတောက်ပြောင်လျက်ရှိချေ၏။

၅။ အလုပ်ဖြင့် တန်ဖိုး ဆုံးဖြတ်ရာ၏။

၆။ လိမ္မာပါးနပ်သောသူသည် အရေးမကြုံမီ မိမိခြေကိုခေါက်ထားရမည်။

၇။ မှတ်ဉာဏ်ကိုထိုးထွင်းဉာဏ်ဖြင့် ပွတ်တိုက်ပေးပါ။

၈။ လူငယ်တိုင်းလည်း အသိဉာဏ်မငယ်၊ လူကြီးတိုင်းလည်း အသိဉာဏ်မကြီးပေ။

၁၃၂၅ခု၊ ဝါဆိုလဆန်း ၁ရက်နေ့ကစ၍ ကျော်အောင်စံထား ပြောင်းရန်အစီစဉ်ပြုလုပ်သည်။ ကျောင်းရှင်း၊ တံတားပြန်ဆောက်၊ ခန်းစည်းများလုပ်ပြီး ကျောင်းကြီးဘုရားဆောင်ရှေ့ခင်းရန် ဒေါ်ကေသီ၊ ဒေါ်အေးအေး၊ ဒေါ်ဂျမ်းပုံ၊ ဦးစံတင့်တို့က ဖျာများလှူကြသည်။ ဒေါ်စံမြကလည်း လှူသည်။ အားလုံး ဖျာကြမ်း ၁၀ချပ်၊ သင်ဖျာ ငါးချပ်၊ ဒေါ်မာလာ၊ မကေသီ၊ အေးအေးတို့က ဖယောင်းပလပ်စတစ်အခင်း ကြီးလှူသည်။ ၄၁ကျပ် ၂၅ပြားပေးရသည်ဟုလျှောက်၏။ ခတ်တန်းဒေါ်ရှင်၊ ဒေါ်မမကြီး ပန်းကန် နှစ်ချပ်လှူသည်။ ဒေါ်မမကြီးက ဆားထည့်ရန်အိုးဆားနှင့်တကွလှူသည်။

ဝါဆိုလဆန်း ၅ရက်နေ့က ကျောက်အောင်စံထား ဆိုင်းဘုတ်ကိုထပ်ပြင်သည်။ ၁၃၂၅ခု၊ ဝါဆိုလဆန်း ၆ရက်နေ့တွင် ဓါတ်ပုံများ၊ ဦးထုံးလှည်းနှင့်တိုက်ပို့ပြီး ကျောင်းမှာ ခမ်းနားအောင် စီရင်ထား၏။ ၁၃၂၅ခု၊ ဝါဆိုလဆန်း ၇ရက်နေ့တွင် ကျွန်ုပ်မပြောင်းခင် အကျိုကန်းရပ် တကာသုံးယောက် ရဟန်းခံပွဲပြုလုပ်ပြီးရဟန်းခံပေးထား၏။ ဦးဘတင်၊ ဦးသိန်း၊ ဦးကျော်ငြိမ်းတို့သုံးယောက် ရဟန်းခံကြသည်။ လူငါးရာလာကြ၏။ ရဟန်းလောင်းများ ဝတ္ထုပစ္စည်းသိမ်ထွက် လောင်းကြတာမှာ တောင်းနှစ်လုံးစီ လောက်ရကြသည်။

ဘုန်းကြီး ၁၀ပါးဆွမ်းကျွေး၊ လူများလည်း ထမင်းကျွေး၏ နေ့တနာရီလောက်မှ ရဟန်းခံပွဲပြီး၏ ထိုနေ့တွင်စာတိုက်တန်း ဦးအုန်းဖေ၊ ဒေါ်အေးကြည်တို့က ဘီစကွက်မုန့်ပုံးနှင့်ကိုင်းခွက် ကြွေရေသုတ်၅ လုံးလှူလာ၏။ ကသဲချောက ဦးတင်မောင်လည်း ကိုရင်ကြီးဝတ်၏။

၁၂၃၅ခု၊ ဝါဆိုလဆန်း၁၀ရက်နေ့၊ တနင်္ဂနွေနေ့မှာ ထူမောင်းကိုက်မှ နံနက်၉နာရီ အစီအစဉ် ပြုလုပ်၏။ ကိုးနာရီဆယ့်ငါးမှာကားများလှည်းများနှင့်ခန်းနားစွာလိုက်ပို့ကြ၏။ ကားလိုက်ပို့ကြသော တကာများမှာ ဦးညွန့်ဝေကား၊ ဦးကံထူးကား၊ ဦးယာမကားတို့ဖြစ်ကြ၏။လှည်းနှင့်ပစ္စည်းများတင်၍လိုက် ပို့ကြသူများမှာ အရှေ့ပန်းတိမ်ကိုချစ်ပို၊ ကိုဘခင်၊ ပန်းဘဲတန်း ဦးဘအုန်း၊ ဦးဘရှင်၊ သပွတ်ပင်-ကိုဉာဏ်လင်းတစီး၊ ဦးထုံးတစီး၊ ဦးယုံတစီး၊ ကျန်၂စီးက အမည်မသိ ပေါင်း၉စီး တို့ဖြင့်လိုက်ပို့ကြ၏။ ၉နာရီ၄၅မိနစ်မှာကျော်အောင်စံထားတိုက်တော်သို့ရောက်၏။ လိုက်ပို့ကြသောပရိသတ်၃၀၀ကျော် ရှိ၏။ သပွတ်ကိုဉာဏ်လင်းကကြွရောက်လာသောသံဃာတော်များနှင့်ပရိသတ်များကို လွှက်ရည်အချို၊ ကိတ်မျိုးစုံဖြင့်ဧည့်ခံ၏။ တကာကြီးမိသားစုနှင့် ကျောင်းသားကြီးများနှင့် နယ်ကထမင်းကျွေးကြ၏။

ဝါဆိုလဆန်း၇ရက် ဦးဘသင်၊ ဦးသိန်း၊ ဦးကျော်ငြိမ်းတို့ ရဟန်းခံသောနေ့က အောင်မြင်မှန် ကင်းဘုရား ပုတီး ၁၀၈ပါတ်နေ့ အဓိဋ္ဌာန်နှင့် စိပ်၏။ ဘုန်းတော်ကြီးတပါးနှင့်တွေ့၏။ ကိုယ်တော် ပြောင်းလာမယ်ဆိုလို့ တပည့်တော်လာပြီး အားလုံးရှင်းလင်းနေရတာ၊ ယနေ့တော့ ပြီးပါပြီ။

ဝါဆိုလပြည့်နေ့ည ၁၂နာရီလောက်မှာ လာခဲ့ပါအုံးမည် - ကောင်းပါပြီဘုရား။ ကျွန်ုပ်ကျော် အောင်စံထားပြောင်းလာတော့ တူမောင်းတိုက်က ဦးကုသလ၊ ရှင်ဇနိန္ဒ၊ ရှင်သုမန၊ ဦးယါဇိန္ဒ၊ ဦးပဥ္စင်း ၂ပါးနှင့် ကိုရင် ၂ပါးပါလာ၏။ ကျောင်းမှာရဟန်းခံနှင့်ကြသော ဦးသင်းခေါ် ဦးမာယ၊ ဦးကျော်ငြိမ်းခေါ် ဦးကောသလ္လ၊ ဦးသန်းခေါ် ဦးသုဇာတ ကိုရင်ကြီးတင်မောင်ခေါ် ရှင်နန္ဒိယ၊ ဩဘာပေါင်း ၉ပါးတို့ နှင့် နေကြ၏။ ရှင်အာလောက၊ နေခက်တိုးဩဘာ၊ ဉာဏိန္ဒ၊ အောင်ခြင်းရှစ်ပါး ဆရာတော်က ပုဂံပြား ၅ချပ်၊ ပန်းကန်လုံး ၅လုံး၊ ဇွန်း ၅၀ချောင်းလာပို့သည်။ တူမောင်းတိုက်က သံဃာအချို့ လိုက်ပို့ ကြ၏။ လိုက်ပို့သော သံဃာများမှာ တိုက်အုပ်ကျောင်းဦးရေဝတ၊ ဦးဇဝန၊ ပဋ္ဌာတရုံကျောင်း၊ ဦးပဏ္ဍိ၊ ဦးဉာဝေပုလ္လကျောင်း ဦး နရိန္ဒာနှင့် ဦးပဥ္စင်း ၂ပါး ကျောင်းကြီးဦးဇောတိကစသော သံဃာများ လိုက်ပို့ ကြ၏။ တူမောင်း ဆရာတော်ကြီးလည်း ကြွလာတော်မူ၍ ပရိသတ်တို့အား သီလပေးတရားဟော၏။ ညမှာ - အထူး အဓိဋ္ဌာန် ပုတီးစိပ်၏။ နေ့မှာတော့ ကိုရင်၊ ကျောင်းသား ဦးပဥ္စင်းများစာချပေးရ၏။

ဘုရားဖူးပုတီးစိပ်၊ နံနက်တိုင်း ဝတ္တရားကတော့မပျက်ပေ၊ ၁၃၂၅ခု၊ ဝါဆိုလပြည့်နေ့တွင် ဓမ္မ စကြာအခါတော်နေ့ပွဲတော်ကြီး အထူးတလည်ကျင်းပ၏။ ဤအချိန်မှာစ၍ အခန်းအနားအခါတော်နေ့ ပွဲတော်များ လုပ်ရန်ဆုံးဖြတ်ပြီး အဓိဋ္ဌာန်လိုက်၏။ ဓမ္မစကြာအခါတော်နေ့ ပွဲတော်ကြီးတွင် နံနက် သံဃာ ၄၅ပါးဆွမ်းကျွေး၏။ လာသော ပရိသတ်များ လွှက်ရည်ချို၊ ကိတ် ၃မျိုးဖြင့် ဧည့်ခံ၏။ နေ့ ၁၂နာရီတိတိတွင် အခန်းအနားဖွင့်၏။ မင်္ဂလာတိုက်ဆရာတော်ဦးသာဂရ၊ ဓမ္မစကြာအခါတော်နေ့ အကြောင်း အခမ်းအနားဖွင့်အနေဖြင့် ပြောဟော၏။ ဦးသံဝရက သီလပေး၏၊ ကျွန်ုပ် ဓမ္မစကြာသုတ် တော်ကိုဟော၏။ လူပရိသတ် ၁၀၀၀ကျော်လောက်ရှိ၏။ ညနေ ၄နာရီ ၄၅မိနစ်မှာ တရားပွဲပြီး၊ အခန်း အနားရုပ်သိမ်းလိုက်၏။

မဟာပရိတ္တာစာရိဝတ်အသင်းကြီးက ဓမ္မစကြာပါင့်အနက် ရွတ်ဘတ်သရဇ္ဈယ်၏။ အားလုံးပြီးစီးအောင်မြင်သွားသောအခါ၊ ညနေ ၅နာရီခွဲလောက်ရှိသွားပြီး အနားယူသောအနေဖြင့် အခန်းထဲဝင်ပုတီးစိပ်ပြီး မေတ္တာပို့အမျှဝေ၏။ အိပ်ပျော်သွား၏။ ည ၈နာရီလောက်မှ နိုးလာ၏။ ဦးပဥ္စင်းများကိုရင်များ တကာများပုတီးစိပ်နေကြ၏၊ ကျွန်ုပ်လည်း ပရိတ်ရွတ်မေတ္တာပို့အမျှဝေ၏။ ထိုအချိန်အခါမှာ ၃လက်မလောက်ရှိသောလိပ်ပြာဖြူကြီး ပထမနှစ်ကောင်၊ ဒုတိယနှစ်ကောင်၊ တတိယငါးကောင်လာပြီး ကျွန်ုပ်၏ဝဲယာအောက်ထက် ဝဲပြန်နေကြ၏။ ထိုအခါမှ သတိရလာပြီး ဖွင့်ကြည့်ဘို့ စာနှင့်ကြွရောက်မည့် ပုဂ္ဂိုလ်ကြီးကို သတိရလာ၏။ ကျွန်ုပ်စိတ်ထဲတွင် ၎င်းစန္ဒီပေးသွားသော စာကိုပုဂ္ဂိုလ်ကြီးနှင့် မေးမြန်းဆွေးနွေးတိုင်ပင်ပြီးမှ ဖွင့်ကြည့်မယ်လို့ အောက်မေ့ထား၏။

နာရီက ၁၁နာရီကျော် သွား၏။ ဝါဆိုဖယောင်း တိုင်ကြီး ၉တိုင်မှာ ကျွန်ုပ်အတွက်တစ်တိုင်၊ ဘိုးဘိုးအောင်စသော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများအတွက်တတိုင်၊ အရှင်မြတ်များအတွက်၊ သိကြားမင်းအတွက် တစ်တိုင်၊ စတုလောကပါလနတ်မင်းများ အတွက် တတိုင်၊ ဗြဟ္မာအတွက်တတိုင်၊ သူရဿတီမယ်တော် အတွက်တတိုင်၊ ကျောင်းစောင့်နတ်များ အတွက် တတိုင်၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးနတ်များအတွက်တတိုင် ပေါင်း ၉တိုင်ကို ပူဇော်ထားသည်။ ထိုပုဂ္ဂိုလ်များအတွက် ရည်မှန်းပြီး ဘုရားကိုပူဇော်ထား၏။ ၉တိုင် ဖယောင်းတိုင်ကြီးများ တခဏခဏ မီးညွန့်များဖျာတက်ကြ၏။ တဖျတ်ဖျတ်နှင့်လဲမီးညွန့်ကစား၏၊ အမွှေးနံ့များလည်း ထွက်ပေါ်၏။ ည ၁၁နာရီထိုးပြီးသည့် နောက်အနန္တ ငါးပါးအတွက် ငါးပတ်၊ သိကြား ဗြဟ္မာ၊အရှင်မြတ်တို့၊ ဘိုးတော်တို့ အတွက် ၄ပါတ်ပေါင်း ၉ပါတ်၊ ဒေဝီ ၉ပါးအတွက် ၉ပါတ်၊ ဂိုဏ်းကြီး ၉လုံးအတွက် ၉ပါတ်၊ ပေါင်း ၂၇ပတ်စိပ်အဓိဋ္ဌာန်ပြီး ဘုရားရှေ့တော်တွင် ပရိက်ပြုပြီးစိပ်နေ၏။ ၁၁နာရီ မိနစ် ၅၀တွင်ပြီး၏၊ မေတ္တာ ပို့အမျှဝေလိုက်၏၊ အရပ်လေးမျက်နှာမှ သာဓုခေါ်သောအသံများ ကြားလိုက်ရပြီးနောက် အရှေ့ဘုရားခန်းထဲမှ ဘုန်းတော်ကြီးတစ်ပါး ထွက်ကြွလာ၏။ ပထမတော့ လန့်သွား၏။ နောက်တော့ ထွက်ပေါက် ပုဂ္ဂိုလ်အရှင်မြတ်မှန်း သိ၍မလန့်တော့ပေ၊ ကျွန်ုပ်ကနေရာပေး၏။ ထိုင်နေတော်မူသောအခါ ကျွန်ုပ်က ရှိသေလှစွာထိုင်ပြီး သိက္ခာတော် ဘယ်နှစ်ဝါရပါပြီလဲဘုရား၊ ဝါ ၁၀၈ ရပြီ ဦးပဥ္စင်းလေး အရှင်ဘုရား ရဟန်းခံနေ့က ကြွလာမည်လို့မိန့်တော်မူသွားလို့ တပည့်တော်စောင့်တာ ပါဘုရား။ အေးကောင်းတယ် ကောင်းတယ်၊ ဒီနေ့ညတော့ ကိုယ်တော်ကိုအင်းတိုက်မယ်၊ ပြီးတော့လဲ အကာအကွယ်အင်းများ၊ လက်ဖွဲ့များစီရင်နည်းလဲပေးမယ် ကောင်းကောင်းမွှန်မွှန်တရှိ တသေမှတ်ထား၊ ဂုဏ်သစ္စာမရှိသော သူများကို မပေးလေနဲ့၊ မပြောလေနဲ့၊ မှန်လှပါဘုရား၊ ရော့ ရော့ ဒီအင်းကို မျိုချလိုက်၊ ကျွန်ုပ်လည်း မျိုချလိုက်၏။

၃ ကွက် ပုဆစ်အိမ်အင်းချစမ်း ကိုယ်တော်၊ ချပြီးပါပြီဘုရား၊ ပြစမ်းပါ၊ ကျွန်ုပ်ကပြလိုက်၏။ အေး ဟုတ်တယ်၊ ဟုတ်တယ် ဒီကစချ၊ အင်းဆံက ဒီလိုသွား ဒီလိုသွားလို့ ပြသဖြင့် ပြသည့်အတိုင်း ကျွန်ုပ်က လိုက်ချ၏။ ဟုတ်ပြီကိုယ်တော် ဒီအင်းက မဟိဒ္ဓိအဋ္ဌမအင်းလို့ခေါ်တယ်၊ မြင်းသေမြင်းကိုက်သွားရတယ်၊ ၉၆ပါး ရောဂါဖြစ်လျှင်ဖြစ်စေ၊ တရားတွေ့ရသည်ဖြစ်စေ၊ မင်းပြစ်ဒါဏ်ရသည်ဖြစ်စေ၊ အထက်လူကြီးများ ငြိုငြင်သည်ဖြစ်စေ၊ အကြံအစီအထမမြောက်သည်ဖြစ်စေ ဤအင်းကို အိုးထမ်းလက်ခတ်မြေကိုခွက်လုပ်ပြီး၍ ထွန်းလိုသူအတွက် အဝတ်စအသစ်ကိုမီးစာလုပ်ပြီးထွန်း မိမိအလို့ရှိရာကို အာရုံပြု၊

ဆုတောင်း ပြီး သုဂတော ကိုးချက် ဂါထာကို ပုတီးစိပ် ၉ပတ်ရအောင်စိပ်၊ ၉ရက် ၁၈ရက်၊ ၂၇ရက်၊ ၃၆ရက်၊ထွန်းစိပ် ထိုအတွင်း ပြည့်စုံလာ၏။ အင်းကို မှိုင်းကိုင်စက္ကူတွင် ဟသ်ာပြဒါးကို စမပါသော အစီးဖြင့်ဖျော်၍ ချရေးပြီးသောက်လေ ၁၀၈ အင်းပြည့်လျှင် ထွက်ရပေါက်၏။

| | | | | | | |
|---|---|---|---|---|---|---|
| | | ဒ | ဂ | ဘ | | |
| | | ဗ | က | ဋ | | |
| သ | ထ | ည | ဓ | ဃ | မ | ဠ |
| ဈ | ဖ | ဟ | စ | အ | န | င |
| တ | ဝ | ဇ | ပ | စ | ဍ | ယ |
| | | ဏ | ဌ | ရ | | |
| | | လ | ဆ | ပ | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | ဆ | က | ဖ | | |
| | | ပ | ထ | ဈ | | |
| လ | ဏ | ဇ | သ | ခ | ဗ | ည |
| ဆ | န | ဝ | အ | ဟ | ဒ | ဂ |
| ပ | ရ | စ | ဓ | ဌ | ဋ | သ |
| | | ဍ | ဌ | မ | | |
| | | ဃ | င | ဠ | | |

ဤပုဆစ်အိမ်အင်းက ကိုယ်တော်၊ ငွေပြား၊ ရွှေပြား၊ လက်ဖွဲ့ထိုးဆောင်၊ ဘေးအပေါင်းကင်း၏၊ ၇ရက်သားသမီး ချစ်မြတ်နိုး၏။ ယခင်ပြခဲ့သည့်အတိုင်း မှိုင်းခံစက္ကူတွင်ချ ကိုယ်လုံ၏။ စုန်းပယောဂ နိုင်၏။ ဒါးလှံသေနတ်လွဲ၏၊ ထွက်ရပေါက်စေနိုင်၏၊ ဉာဏ်ရှိတိုင်းသုံးကိုယ်တော်၊ ကြွစ္ဆိတ်အသောက အင်းတော်ကြီးဖြစ်တယ်ကိုယ်တော်၊ နေ့ကောင်းရက်သားရွေး ပွဲစုံစွာပြင်ပြီး ဆိုင်ရာပိုင်ရာများပင့်ပြီးချ သောက်ပေါ့ကိုယ်တော် အလိုရှိတာအားလုံးပြီးစီးလာပါလိမ့်မယ်။ ဒါပေမဲ့ ကိုယ်တော်ပုတီးကိုသာ ဂုဏ်တော် ၁၂ပါးအရင်ပြီးအောင်စိပ်အုံး၊ အင်းများကတော့ တဖြေးဖြေးလုပ်ပေါ့၊ ပုတီးစိပ်လို့ ပေါက်မြောက်ပြီး နောက်အင်းချရတာ၊ ဆေးကိုင်ရတာမှာလဲ မခဲယဉ်းတော့ပါဘူး၊ သမာဓိရှိထားလျှင် ဘာလုပ်လုပ် အောင်မြင်တော့တာဘဲကိုယ်တော် - ဤနှစ်အင်း အညွှန်းလင်္ကာကကိုယ်တော်ကျောင်းက ပုရပိုက်ထဲမှာ ရှိတဲ့ ပုရပိုက်တဆူထဲမှာပါတယ်၊ နောက်တော့ရှာ ကြည့်ပေါ့ကိုယ်တော်။

| | | | | | | |
|---|---|---|---|---|---|---|
| သိ | ခ | ဍ | လ | အ | ယ | ဏ |
| ဠ | ဗ | ဒ္ဓ | ဂ | ပ | မော | အာ |
| က | ယျ | ရ | န | ဝ | တ | င |
| ဘ | ဋ | ဖ | ယျ | ဗု | က္က | သ |
| ပ | ဩ | ဒ္ဓါ | ယ | အ | စ | ထ |
| ည | မ | ဦ | ဓ | ဇ | ဟ | ဤ |
| ဧ | န | ဈ | ဌ | ဉ | ဒ | ဆ |

သဗ္ဗသိဒ္ဓိ၊ ပီယ၊ ကာယအင်း တော်ကြီးကိုရေးကူးပါအုံး။

မှန်ပါဘုရား၊ ရ နှစ်ကွက်အင်းဆံက နမော ဗုဒ္ဓါယ့ သိဒ္ဓိ၊ အ၊ အာ၊ က္က၊ ဤ၊ ဉ၊ ဦ၊ ဧ၊ ဩ၊ ၎င်း နောက်က - အက္ခရာက စသွား - ဤအင်းကို မှိုင်းခံ စက္ကူ တွင်ချ၊ မိမိမွေးနေ့က စသောက် တလသောက် ပြီးသော် စုန်း၊ နတ်၊ ဇော်ဂနီ၊ တစ္ဆေ၊ မြေဘုတ်၊ သဘက်၊ ဘီလူး၊ အမှောင့်ပယောဂဟူသမျှတို့ကို နိုင် တယ် ကိုယ်တော်၊ ၂လသောက်သော် အကြား အမြင် ပေါ်လာတယ်ကိုယ်တော်၊ သုံးလသောက်သော်

မနောမယ သိဒ္ဓိ ပေါက်တယ်၊ ၅လသောက်သော် စိန္တာမယသိဒ္ဓိ ပေါက်တယ် ကိုယ်တော်၊ ၁၈လသောက် သော် သိဒ္ဓိ ၁၀ပါး ပေါက်မြောက်တယ်ကိုယ်တော်၊ ဒါပေမဲ့ကိုယ်တော်သီလ - သမာဓိအခြေခံတယ်၊ အစီ အရင် စုံစွာနှင့်ချပြီးသောက်က သိဒ္ဓိဆယ်ပါးအကျိုးများ ပြီး စီးနိုင်တယ်ကိုယ်တော်၊ တပည့်တော် လျှောက်ထားစရာ တစ်ခုရှိလို့ပါဘုရား၊ လျှောက်ထားခွင့်ပြုပါဘုရား၊ လျှောက်ထားပါကိုယ်တော် - တပည့်တော်ကို စန္ဒီလို့ခေါ်တဲ့ နတ်သမီးက စာကပ်သွားပါတယ်၊ ထိုစာကို ဝါဆိုလပြည့်နေ့မှ ဖွင့်ကြည့် ရမယ်၊ ဂတိသစ္စာ ရှိပါလို့မှာ သွားပါတယ်ဘုရား၊ အဲဒါဒီက နေ့ကြည့်ဘို့ရာဖြစ်တယ်ဘုရား၊ ကောင်းပါ တယ် ကိုယ်တော် ကိုယ်တော်ကို ပုဂ္ဂိုလ်ကြီးများ ဘွဲ့ချီးမြှင့်တဲ့စာ ဖြစ်ပါတယ်၊ သာဓုပါကိုယ်တော်လေး သာဓုပါ၊ တပည့်တော် တို့ကို ပုတီးစိပ်ပြီးတိုင်း အမျှမေတ္တာပေးဝေပါ ကိုယ်တော် - ကောင်းပါပြီဘုရား၊ နေ့စဉ်ပို့သပါတယ် အမျှလဲ ဝေပါတယ်ဘုရား၊ ကိုင်း ကိုင်း ကြွလိုက်ပါအုံး မယ်၊ အချိန်လဲတော်တော် ညောင်းသွားပြီ ဆိုပြီး ကြွသွားပါတော့၏။ အရှင်မြတ်ကြွသွားပြီးနောက်၊ စာကိုဖွင့်ကြည့်လိုက်၏။ ဟင်းသားပြဒါးဖြင့် ရေးထားသည်ဟု ထင်ရ၏။ ထိုစာကား -

"ဗုဒ္ဓဂုဏ်တော်မြတ်အစဉ်သဖြင့် ကိန်းဝပ်တော်မူသော
သီရိကြိဘာဝနာ၊ ဒိတ္တာဓိပတိ မဟိဒ္ဓိဝါယာမာ"

ဤစာ ၃ကြောင်းသာဖြစ်၏။ ကျွန်ုပ်သည် စာကို အခေါက်ခေါက်ဖတ်ကြည့်၏။ ဘွဲ့တော် ကား အလွန်ကြီးကျယ်ခန်းနားထည်ဝါနေ၏။ ထို့ကြောင့် မည်သူမျှမပြောဘဲနေခဲ့၏၊ ထိုစာကို တရိုတသေ စေတီ ၉နဝင်းစေတီမြတ်ထဲ ထည့်ထားလိုက်၏။ အာရုဏ်ဦး ၃ နာရီထိုး၍ ကျွန်ုပ်သည် အိပ်ရာတွင် လှဲအိပ်လိုက်၏။ နံနက် ၄းနာရီမှထပြီး ဝတ္တရားအတိုင်းဆောင်ရွက်၏။ ၁၃၂၅ခု ဝါခေါင်လပြည့် တနင်္ဂနွေ နေ့ သံဃာယတနာအခါတော်နေ့နှင့် မေတ္တာအခါတော်နေ့ကျင်းပ၏၊ အထူးစည်ကား၏၊ သံဃိယနာတင် ကဲ့သို့ပြုလုပ်၏၊ အမေးအဖြေ ပြုလုပ်၏။

၁၃၂၅ခု၊ တော်သလင်းလပြည့်နေ့ မင်္ဂလာတိုက်ဟောင်း၊ တိုက်အုပ်ဆရာတော်ဦးကေတု ပျံလွန် တော်မူသဖြင့် ဘုန်းကြီးပျံ နောက်ဆုံးသရဏဂုံတင်ရက် ဖြစ်၍သွား၏။ လှူဘွယ်များအလှူခံပြီးနေ့ ၁ချက်လောက်ပြန်လာ၏။ ဘုန်းကြီးဦးကေတုမှာ အစားဖြင့်ကျော်ကြားသော ဘုန်းတော်ကြီးဖြစ်၏။ ဆန်တပြည်ချက်ကုန်အောင်စားနိုင်၏။ ရေခဲမုန့် တစည်ကုန်အောင်စားနိုင်၏၊ ကိတ်မုန့်များလဲပါသေး၏၊ ကိုယ်တိုင်မြင်သောမှတ်တမ်းဖြစ်၏။ ကျောင်းမှာ ဆရာတော်ကြီးများနှစ်ပတ်လည်ဆွမ်းကျွေးသောအခါ ပင့်ကျွေး၏၊ ဆန်တပြည်ချက်၊ ဝက်၊ ကြက်၊ငါး၊ ငပိတပိဿာစီ၊ ဟင်းချိုကုလား ပဲဟင်းချက်တပိဿာ၊ ပဲလိပ်ပြာသုတ်တပိဿာ၊ ဟင်းချို ဟင်းလိုက်ချိုင့်တလုံး၊ သရက်သီးသနပ် ပုဂံပြား တချပ်၊ ငြုတ်သီး မီးဖုတ် ပုဂံပြားတချပ်၊ အားလုံးကုန်အောင်စားနိုင်၏၊ စားပြီးနောက် လက်ဖက်ရည်ကရားကြီး တလုံး ကုန်သေး ၏။ အလွန်အံ့ဩဖွယ်ကောင်း၏၊ စားပြီးတော့လဲ ဘေးမဖြစ် ပျံတော်မူမည့်နေ့ ဆန်ပြုတ် နို့ဆီဘူး ၂ လုံးပြုတ်သောက်ပြီးမှ ပျံလွန်တော်မူကြောင်းသိရ၏၊ ဒါအဟာရဆုတ်သွားလို့ ပျံတော်မူခြင်း ဖြစ်၏။

တော်သလင်းလဆုတ် ၁၅ရက်နေ့ တောင်မင်းကြီးတွင် ငိုဒင်ဇင်ရှုတ်ချပွဲပြုလုပ်၏၊ ရွှေမန်းဆရာ တော်ဦးကေသရက တရားဟောကြောင်းသိရ၏၊ "သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့

ကျင်းပ၏။ အထူးစည်ကား၏။ တဝါတွင်းလုံး ဥပုသ်နေ့တိုင်း ကျွန်ုပ်က တရားဟော၏၊ လူ၊ ယောဂီများ ၅၀ လောက်ရှိ၏၊ သိမ်ကြီးဈေးကထိန်က မဲပေါက်သဖြင့် ကထိန်လာလျှောက်၏။ တန်ဆောင်မုန်း လဆန်း ၄ရက်ခင်းမည့် အကြောင်းလျှောက်၏။

ဈေးကထိန်ခင်းကျင်းပရန်ပွဲ၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်နေ့ ဇာတ်အငြိမ့်တို့ဖြင့် ကျင်းပ၏။ မဏ္ဍပ်နှင့် ညပ်မကြီးကို ပျားများစွဲကြ၏၊ အုတ်အော်သောင်းလဲ ကျော်ကျော်ကြားကြား ဖြစ်ပြီး လူများအထူးစည်ကား၏၊ ဗေဒင်တတ်ကျွမ်းကျင်သော ဘုန်းတော်ကြီးများလူများက ဟောကြ သည်မှာ - ကထိန်ကျသောကျောင်းတိုက်ဖြစ်သော ကျော်အောင်စံထားဆရာတော်မှာ နောင်အထူး ကျော်ကြားပြီး ပုဂ္ဂိုလ်ထူးတစ်ယောက်ဖြစ်လိမ့်မယ်လို့ဟောကြ၏။ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်နေ့ ဆရာဘုန်းတော်ကြီးများနှစ်ပတ်လည် ဆွမ်းကျွေးပွဲ တော်လုပ်၏၊ သံဃာ ၁၀၈ပါး လူ ၁၅၀ ကျွေးမွေး၏။

၁၃၂၅ခု၊ ပြာသိုလဆန်း ၈ရက်၊ တနင်္ဂနွေနေ့ မယ်တော်၏မောင် ပေါက်ပေါက်တန်းက ဦးကြီး တော်သူ ဦးနု သရဏဂုံပင့်၍သွား၏။ ဘုန်းတော်ကြီး ၃ပါး သရဏဂုံတင်၏။ သင်းပိုင်မျက်နှာ သုတ်ပုဝါ မီးခြစ်ထုပ်လှူ၏။ သူမသေခင် သရဏဂုံတင်သွားခြင်လို့ဆိုပြီး ကိုယ်တိုင်ပြီး ဝတ္ထုပစ္စည်းများကို လှူ၏။ ည ၇နာရီလောက် ဦးကြီးဆုံးသွားကြောင်းကြားသိရ၏။ ပြာသိုလဆန်း ၁၀ရက်နေ့ ဦးကြီး အသုဘရှု သွား၏။ သံဃာ ၂၀ကို ဝတ္ထု ၁၀ကျပ်စီကပ်လှူ၏။ ကျွန်ုပ်က အထူးအမှူဝေခဲ့၏။ ညပုတီးစိပ်ရင်း ဦးကြီးကိုအာရုံပြုကြည့်၏၊ မတွေ့ပေ-

တပို့တွဲလပြည့် ပါတိမောက်အခါတော်နေ့ပြုလုပ်၏။ လူစည်ကား၏။ မုန့်တီကျွေး၏။ သံဃာ ၃၀လူ ၃၀၀ကျော်၊ ထိုနေ့ညတွင် အောက်ပိုင်းကအထူးပေါ့ပါး၏၊ ပုတီးစိပ်လို့လဲအလွန်ကောင်း၏၊ စိတ်ကောင်းတိုင်းစိပ်လိုက်တာ ည ၁၂နာရီ ထိုးသွားပြီး ပုတီးစိပ်လို့ပြီးတော့ မေတ္တာပို့အမျှဝေလိုက်၏။ ဘုရားဝပ်ချပြီးထလိုက်သောအခါ ပုရပိုက်တဆူတွေ့၏။ အင်းပေါင်းများစွာပါ၏၊ အညွှန်းများနှင့် ဂါထာ များလဲပါ၏။ ထိုအထဲမှ ကောင်းနိုးရာရာများထုတ်ပြပါအံ့ -

| | | |
|---|---|---|
| ရှ | ည | က |
| သ | | သ |
| က | ည | ရှ |

ဤအင်းကို မြင်းသွားချ၊ ဥ ရှသကည၊ ရှကသည ၃၇အုပ်၊ အလယ်ကိုလို သူနံထည့်၊ အောက် ကထား မိမိနံပေါ် ကထားမှန်ကပ်၊ နေလှမ်း အင်းပူလျှင် လာ၏။

| | | |
|---|---|---|
| န | ည | ဧ |
| ထ | | ဝ |
| ဏ | ဈ | သ |

တစ္ဆေ၊ သူရဲ၊ အစိမ်း၊ ဿဘက်၊ ပယောဂ ပူးလျှင် ပြာချတိုက်၊ ပျောက်ကင်း၏။

| | | |
|---|---|---|
| ၂ | ၆၅ | ၇ |
| ၂ | | ၅ |
| ၄ | ၀ | ၇ |

ပယောဂရှိလျှင် ထန်းရွက်မှာ ဒင်းအင်းချပြုပ်၊ ဒင်းရေတိုက်ပျောက်၏။

| | | |
|---|---|---|
| န္န | ယ္ယ | ဂ္ဂ |
| ဒ္ဒ | | ဏ္ဍ |
| ဗ္ဘ | တ္တ | ဗ္ဗ |

ပယောဂရှိသူကို ပြာချတိုက်ပျောက်ကင်း၏။

| | | |
|---|---|---|
| န္န | ယ္ယ | ဋ္ဌ |
| စ္စ | | ဟ္မ |
| န္န | ဂ္ဂ | ဗ္ဗ |

လေနာသူကိုပြာချတိုက်

| | | |
|---|---|---|
| ဝ | ထ | ဝ |
| သ | ပ | န |
| ယ | ဖ | မ |

ဒင်းအင်းက လာဘ်ပေါ်၏၊ လူချစ်ခင်၏။

| | | |
|---|---|---|
| န | င | ယ |
| ဓ | | ဘ |
| စ | ဘ | တ |

လက်ဖွဲ့ထိုးဆောင် အစွဲရှိသူချည်ထားပျောက်ကင်း။

| | | |
|---|---|---|
| ည | င | အ |
| ပ | | န |
| တ | ဂ | ဒ |

ဝေဒနာအမျိုးမျိုးကို ကုသော်ပျောက်၏။

| | | |
|---|---|---|
| န္န | ဋ္ဋ | ဿ |
| ဒ္ဒ | | မ္မ |
| ဏ္ဍ | အ္အ | ရ္ရ |

အငို - အရီ - အစွဲပျောက်၏၊ လက်ဖွဲ့ထိုးဆောင်

| | | |
|---|---|---|
| င | ယ | ထ |
| မ | | ည |
| ဝ | ဈ | က |

ရေငတ်သူတို့ကို ပြာချတိုက်ပျောက်၏။

| | | |
|---|---|---|
| ဏ္ဏ | ဂ္ဂ | ဋ္ဋ |
| န္န | | ဗ္ဗ |
| ဏ္ဍ | ဗ္ဗ | မ္မ |

ဒူလာမြင်း စရိုက်နာ ပြာချတိုက်ပျောက်၏။

| | | |
|---|---|---|
| ရ | အ | ဖ |
| င | | ဝ |
| တ | သ | ဒ |

ငှင်းအင်းသက်တန့်နာပြာချတိုက်ပျောက်၏။

| | | |
|---|---|---|
| န | မ | စ |
| ဓ | | ဏ |
| ထ | တ | ဂ |

ချွဲသလိပ်ရှိသူပြာချတိုက်ပျောက်ကင်း၏။

| | | |
|---|---|---|
| ထ | ဏ | ရ |
| ဓ | | အ |
| ည | ပ | ရှ |

မြေဘုတ်ဘီလူးဖမ်းလျှင်စကောတစ်ချပ်ကို
မြေခုနှစ်ညွန့်ကြက်တောင်ခုနှစ်တောင် ထမင်း
ခုနှစ်အုပ် အင်းပြာနှင့်တိုက်

| | |
|---|---|
| ထို | ထံ |
| ဦ | အ |

ကွဲနွားခလောက်တွင် ချ၍ ဆွဲထားသော် ကွဲနာ၊ နွားနာ ပျောက်ကင်း၏။

| | | |
|---|---|---|
| တ္တ | ဆ္ဆ | ဋ္ဌ |
| ဇ | | စ |
| ဒ္ဓ | တ္တ | ဗ္ဘ |

ခေါင်းကိုက်သော် မှိုင်းခံစက္ကူတွင် ပြာချတိုက်ပျောက်၏။

| | | |
|---|---|---|
| တိ | လေါ | မာ |
| လေါ | | လေါ |
| မာ | လေါ | တိ |

လက်ဖွဲ့ထိုးဆောင် စုန်းနတ်၊ ပယောဂနှင့် သူမကောင်းကြံလျှင်တန်ပြန်၏၊ ကြေးနီပြားတွင်ချ ရေအိုးထဲအမြဲစိမ်သောက် တအိမ်လုံးလုံ၏။

| | | | |
|---|---|---|---|
| | သ | သ | |
| နို | မ | မ | နို |
| နို | မ | မ | နို |
| | သ | သ | |

မဏိဇောတအင်း၊ ဘုရားပလ္လင်မှာ ချသော်တန်ခိုးအလွန်ကြီး၏။ ဘုရားဌာပနာသော် ရောင်တော်လွှတ်၏။ ရာဇပလ္လင်မှာချသော် သမီးကညာ ဆက်လာ၏။ ကုန်တွင်ထည့်သော် ကုန်ထွက်၏။ ဂုဏ်တော် ၉ပါး တပါး ၁၀၀၀ပြည့်အောင်စုပ်၊ အကျိုးအလွန်ကြီးမြတ်၏။

| | | |
|---|---|---|
| ဘ | ဏ | ဝ |
| ဂ | | ဇ |
| မ | ဋ | ပ |

ချောင်းဆိုးသွေးပါပျောက်သောအင်းဖြစ်၏။

| | | |
|---|---|---|
| အ | ဘ | ပ |
| ဋ | | ဏ |
| စ | ဂ | ဟ |

ရင်နာလေနာပျောက်သောအင်း

| | | |
|---|---|---|
| န္ဒ | ဋ္ဌ | တ္ထ |
| ဒ္ဒ | | မ္ဗ |
| ဏ္ဍ | ဒ္ဓ | ဋ္ဌ |

အဖျားပျောက်သောအင်း

| | | |
|---|---|---|
| ဗ | နံ | ယ |
| ခ | | မ |
| စ | ဂ | ဋ္ဌ |

ဝမ်းနာပျောက်အင်း

| | | |
|---|---|---|
| ဂ | ထ | ဂ |
| ပ | | မ |
| နံ | င | ရ |

ပယောဂကိုခေါ် မရလျှင် ပြာချတိုက်ခေါ် ရ၏။

| | | |
|---|---|---|
| [illegible] | ၅ | [illegible] |
| ၆ | | ၆ |
| [illegible] | ၆ | [illegible] |

ပယောဂမျက်စိနာကျောက်ပြင်မှချ မကျည်းခေါက်ကို သွေးကွင်း ပျောက်၏

| | | |
|---|---|---|
| က | ဘ | ရ |
| ဟ | | ဟ |
| ဂ | သ | မ |

တိုက်အင်း ဥာဏ်ရှိတိုင်းသုံး

| | | |
|---|---|---|
| ည | င | ဟ |
| သ် | | နံ |
| ဂ | ပ | ဋ္ဌ |

မျက်စိနာသူကိုတိုက်လည်းတိုက် လိမ်းလည်းလိမ်းပျောက်၏။

| | | |
|---|---|---|
| က | ည | စ |
| မ | | ယ |
| ဋ္ဌ | ဝ | ဟ |

အကြောသေသူကို ပြာချတိုက် လိမ်းလည်းလိမ်း ပျောက်၏။

| | | |
|---|---|---|
| ဏ | ဝ | လ |
| ဆ | | ဟ |
| ထ | မ | င |

ပိန်းရွက်ချချေရာ အုပ်မရကာ - သစ္စာရှိပါ။

| | | |
|---|---|---|
| ဂ | ဃ | င |
| ဋ | | ဝ |
| ဍ | ည | ဈ |

လိုသူနဲ့သွင်း မီးထွန်းချစ်ခင်၏။

| | | |
|---|---|---|
| နေ | သံ | နိ |
| မ | | သေ |
| သု | လ | နေ |

လူသူနံထည့် ဇူဖပါး ရောဂါကိုတိုက်ပျောက်၏။

| | | |
|---|---|---|
| ၁ | ၅ | ၂ |
| ၄ | | ၆ |
| ၃ | ၈ | ၇ |

ကုန်တိုက်ပီယကောင်းလှ၏။

| | | |
|---|---|---|
| သ | က | သ |
| ဝ | | ဒ |
| သ | က | သ |

ဗူးမတည့်သော်တိုက် ဗူးထည့်၏။

| | | |
|---|---|---|
| အ | က | သ |
| ဝ | | ဒ |
| သ | က | အ |

ဗူးလုံးရှိသူကိုတိုက် ဗူးကွဲ၏။

| | | |
|---|---|---|
| မိ | ဒိ | ယာ |
| သာ | မ | ဒေ |
| နေ | နာ | ဒိ |

အင်းဇံမှာ မိဒိယါဒေဒိနာ နေသာမ ခရုပတ်လှည့်ချ ၃၇အုပ်စုပ်၊
သူငယ်၏ယာလက်မောင်း ချည်ထား မကြာမဖမ်းစားနိုင်။

| | | | | |
|---|---|---|---|---|
| | | ရာ | | |
| | ဇာ | ဣ | ဣ | |
| ဥ | ရာ | | မှိုင် | မှိုင် |
| | ဇာ | မှိုင် | မှိုင် | |
| | | ဥ | | |

ဤအင်းကို ကောင်းမွန်စွာချမဆစ်ဆီ ၅ကျပ်ထည့်၍ ပိုးချည်မျှင်နှင့် မီးဇာလုပ်၊ မန်းရန်ကား - ဥုံ ဗုဒ္ဓနဝါချေကားမင်း ဥုံ နဂါး ဝိရူပက္ခ ဆဘျာပုတ္တ ဥပရာဇာရှင်ဒေဝါတို့ တန်ခိုးကြီးမား လွန်ထင်ရှားသည့် ဣန္ဒာသက္က ဒေဝရာဇာနတ်များစွာတို့ စိမ်းစိမ် အလို ငါကိုပြည့်ပါစေလော - ဥုံတိမိညာ ဓါတိ - ဓါတိညာဥုံ ၃၇အုပ် ကျွန်ပြေးသော် အိပ်ရာမှာထွန်း၊ မယားပြေးသော် ခြေရာမှာ ထွန်း၊ ကျွဲနွားပြေးသော် ချည်တိုင်မှာ သူခိုးခိုးသော် နတ်ကြီးရှေ့မှာထွန်း - နည်းကောင်းတည်း။

| | | | | |
|---|---|---|---|---|
| ဿ | ဿ | [illegible] | ဿ | ဿ |
| ဿ | ၂ | ၉ | ၄ | ဿ |
| [illegible] | ၇ | ၅ | ၃ | [illegible] |
| ဿ | ၆ | ၁ | ၈ | ဿ |
| ဿ | ဿ | [illegible] | ဿ | ဿ |

ကျောက်ပြင်တွင်ချ ဦးခေါင်းရင်းမှာမှောက်၍ မြှုပ် ၃ရက်စေ့သောအခါ ကျောက်ပြင်ကိုလှန်ကြည့် အင်းဟူသမျှ သူ့အောက်မှလာ၍ ရောက်နေရ၏။ တွေ့လျှင်လက်နှင့်မကိုင်ဘဲ တံစူးဝါးဖြင့် ညှပ်၍ယူ ပြီး ချိုင့်ဝှမ်းသောနေရာမှာထား၍ ဖနောင့်နှင့် ပေါက် ဆွေခုနှစ်ဆက်၊ မျိုးခုနှစ်ဆက် သေ၏။ သစ္စာထားပါ၊ မေတ္တာပွားပါ။

| | | |
|---|---|---|
| ဝ | န္တော | စေ |
| ကျွေါ | | ဝေ |
| အ | ဝ | ယ |

ငွေပြားတွင် လက်ဖွဲ့ထိုး ဥုံဝစေ အန္တောယကျွေ စေဝ ၃၇အုပ် သူမပြုနိုင်၊ ပြုလျှင် ပြန်၏။ ရောဂါရှိသူချီထားပျောက်၏။ မပျောက်လျှင် ရေစိမ် တိုက်၊ တန်ပြန်၏။ ၎င်းမှ မပျောက်သော် မီးမှာကင် ပူလျှင် တော်ကျွမ်းလျှင် သေ၏။ သစ္စာရှိပါ။


ပထမံရုပ်ပွားတော်အင်းမြတ်ကြီးကား တံမေသဒီကောမံသူရေ သောအပနာ



| | | | | | |
|---|---|---|---|---|---|
| | တံ | ရေ | သု | ဂေါ | |
| မ | သု | က | မေ | သော | ဝိ |
| တိ | သု | ဟံ | နု | ဝေ | သ |
| ပ | မာ | ဖု | ဂေါ | အ | အ |
| မ | သိ | နာ | သိ | ဒိ | က |
| | ဝိ | ကော | မံ | ပ | |

၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၀

ပယမရုပ်ပွားတော်အင်းမြတ်ကြီးကား တံမေသဒိ



| | | | | | |
|---|---|---|---|---|---|
| | တံ | ရေ | သု | ဂေါ | |
| မ | သု | က | မေ | သော | ပိ |
| တိ | သု | ဟံ | န | ဝေ | သ |
| ပ | မာ | ဖု | ဂေါ | အ | အ |
| မ | သိ | နာ | သိ | ဒိ | က |
| | ဝိ | ကော | ခံ | ပ | |

၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၀

အသုသုပိ အမံ သိတာ၊ ဖုဝိသိဝေကကော ကဝေါ အနန္တာတော၊ ဂုဏ်ဂါထာမြင်းသွားချ ပထမံရုပ်ပုံတော်ကို ရွှေငွေတွင် ရေး၍ အနေကဇာခုနှစ်ခါတင် - ဦးခေါင်းထက်မှာဆောင် အလိုရှိက မြေမိုးတုံလှုပ်၏။ ရန်သူဟူသမျှ မကြံနိုင်ငါးပါးသီလမြဲပါ၊ ရေစိမ်သောက် သိဒ္ဓိမျိုးပေါက်၏။ ထွက်ရပ်ပေါက်၏ဂုဏ်တော် (၈၄၀၀၀၀) ၃ ရက်စုပ်ပါလေ ပွဲစုံပါစေ -

ဆောင်ပုဒ်

၁။ သာမန်မှ အဆန်းတကြယ်သို့ ကြံစည်အားထုတ်ပါ၊

၂။ နှလုံးသားမှလာသော မေတ္တာမှာ ခံတွင်းမှလာသော မေတ္တာထက်နိုင်မြဲ၏၊

၃။ စိတ်ရင်းကောင်းသူသည်၊ အပြောကောင်းသူထက် အကျိုးပြုနိုင်၏။

၁၃၂၅ခု၊ တန်ခူးလပြည့်ကျော် ၁ရက်နေ့ တော်လှန်ရေးအစိုးရက နိုင်ငံရေးအဖွဲ့ အသီးသီးများ ဖျက်သိမ်းလိုက်ကြောင်း ဥပဒေပြဋ္ဌာန်းလိုက်ကြောင်း ကြေငြာ၏။ နိုင်ငံရေးအဖွဲ့အသီးသီးတို့၏ပစ္စည်း အဆောက်အဦးများအစိုးရက ဘဏ္ဍာတော်အဖြစ်သိမ်းဆည်းကြောင်းကြေငြာ၏။

၁၃၂၅ခု၊ ကဆုန်လပြည့်ကျော် ၃ရက်၊ တနင်္လာနေ့ သင်္ကြန်ကျ၏။ ၁ရက်ကြပ်၏။ ၅ရက်နေ့ တက်၏၊ ၁၃၂၆ခု၊ ကြာသပတေးနေ့ ကဆုန်လဆန်း ၆ရက် နှစ်ဆန်းတစ်ရက်ဖြစ်၏။ မင်္ဂလာအခါ တော်နေ့ ခမ်းနားစွာပြုလုပ်၏။ သံဃာတော် ၉၀၊ လူ ၃၀၀ မုန့်ဟင်းခါးကျွေး၏။ သံဃာတော်များက မင်္ဂလသုတ်နှင့် ပရိတ်တော်ရွတ်ဘတ်ကြ၏။ မဟာပရိတ္တစာရိတ်အသင်းကြီးက ပရိတ်တော်များရွတ် ဖတ်ပြီး မေတ္တာပို့အမျှဝေ၊ ညနေ ၅နာရီလောက်ပြီး၏၊ ကျွန်ုပ်ကမင်္ဂလာတရားဟော၏။ ထိုနေ့ညက မင်္ဂလာဂါထာများ တစ်ပုဒ်တပါဒ်စီပုတီးစိပ်၏။ နံနက်အာရုဏ်တက် ဘုရားကုန်းတော်ပေါ် တံမြက်စည်း လှည်းသောအခါ၊ ဥစ္စာစောင့်မလေး ၃ယောက်ကဝပ်ချပြီး အမှိုက်ကျုံးပေးကြ၏။ သူတို့ကို အမျှဝေပြီး မေတ္တာပြုပေးတော်မူပါဘုရားဟု လျှောက်သွားကြ၏။

၁၃၂၆ခု၊ ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ကျင်းပ၏။ အလွန်စည်ကား၏။ သံဃာ ၉၀လူ ၃၀၀ကျော် ကီတ်ငါးမျိုး ၊ ရေခဲမုန့်တို့ဖြင့် ညှော်ခံကျွေးမွေး၏။ အရှေ့ပန်းတိမ်ဒေါ်ဥက သူ့သားလှသောင်း ကို ကျောင်းတွင် ရှင်ပြုပေး၏။ သံဃာများဆွမ်းကျွေး၏။ နေ့ ၁၁နာရီလောက် ရှင်ပြုပွဲပြီးသွား၏။ ရှင် ပြုသောနေ့မှာ ၁၃၂၆ခု၊ ကဆုန်လပြည့်ကျော် ၈ရက်နေ့ဖြစ်၏။ ထိုနေ့တောင်မင်းကြီးသွားပုတီး စိပ်ရာ ဦးသူတော်ကြီးနှင့်တွေ့၍ သူ့ကိုမေတ္တာပို့အမျှဝေပေးပါရန်လျှောက်ပြီး ပုတီးတကုံးလှူလိုက်၏။

၁၃၂၆ခု၊ တဆုန်လဆုတ် ၁၃ရက်၊ သောကြာနေ့တွင် ပုထိုးတော်ကြီးဘုရား နံနက်ဘုရားဖူး ပုတီးစိပ်ရာတွင် ထိတ်လန့်ကြောက်ရွံ့နေ၏။ ပုတီးပြီးအောင် အတော်စိပ်ရ၏။ ပြီးသောအခါ ဘာသဘော လဲဟုလေ့လာကြည့်၏။ မကျေနပ်၍ထပ်ပြီး ၂၇ပတ်စိပ်ပြန်၏။ အထက်ပစ္စယာအင်္ဂါဒေါင့်ဘက်ဖြစ်၏။ ၂၅ပါတ်လောက်အရတွင် ခြေသံကြားလိုက်ရ၏။ ပြီးသောအခါ အဘိုးကြီးတစ်ယောက် ပုတီးစိပ်နေတာ မလှမ်းမကမ်းတွင် အနောက်ဘက်က တွေ့မြင်ရ၏။ မေတ္တာပို့အမျှဝေပေးလိုက်တော့ သူလဲဘုရားဝပ် ချပြီးထလာ၏။

ကိုယ်တော်လေးကို စမ်းကြည့်တာ တော်တော်သတ္တိကောင်းသားဘဲ၊ ဒါမျိုးမှ အဘိုးနှစ်ခြိုက်တာ။

ည - ဘိုးဘိုးက လုပ်တာလား - ဟုတ်ပါတယ်၊ ကိုယ်တော်လေး - ဘိုးဘိုးနှင့်မတွေ့ရတာ တော်တော်ကြာသွားပြီ၊ ကိစ္စတွေကများနေလို့ ကိုယ်တော်လေး၊ ဘာကိစ္စလဲဘိုးဘိုး - သာသနာရေးကိစ္စတွေပေါ့ ကိုယ်တော်လေးကိုလဲ တာဝန်ပေးခဲ့ရအုံးမယ်၊ တော်သလင်းလပြည့်နေ့မှာ ကောင်းမှုတော်ကြီးဘုရားသွားပြီး ပုတီးစိပ်ပါ၊ ပြည်သူပြည်သားအတွက် ရည်ညွှန်းပြီးစိပ်ပါ။ ရာဇဝတောဝါစသော ဘေး ၂၅ပါးမှ တိုင်းသူပြည်သားလွတ်မြောက်၍ ကုသိုလ်ရေးဘက်အားထုတ်လာ အောင်ရည်မှန်းပြီး ပုတီးစိပ်ပေးပါ။ အောင်သပြေကိုလည်း ၁၀၈အုပ် တနင်္ဂနွေထောင့်ကလှူပါ၊ မီး ၁၀၈ တိုင်ကိုလည်းလှူပါ၊ လှူပြီး ပုတီးစိပ်ပြီး ၃၁ဘုံသားနှင့် ပြည်သူများကို အထူးမေတ္တာပို့အမျှ ဝေပါကိုယ်တော်၊ အဲဒီတာဝန်ကို ကိုယ်တော်လေး ဆောင်ရွက်ပါ၊ ကောင်းပါပြီဘိုးဘိုး။ ထိုကဲ့သို့ ဘိုးဘိုးနှင့်ကျွန်ုပ် လမ်းခွဲလိုက်ကြလေ၏။ ကျွန်ုပ်လည်း ကျောင်းရောက်တော့ ဒိုင်ယာရီထဲသွားရန် ရက်မှတ်တမ်းကင်ထားးလိုက်၏။

၁၃၂၆ခု၊ နယုန်လဆန်း ၇ရက် နံနက် ငါးနာရီ က ကျောင်းကထွက် မြင်းခြံသွား၏။ ဦးစီပါ၏။ ကွေ့ထောင်သို့ ၆နာရီ ၁၀မိနစ် ရောက်၏။ ဦးထွန်းတို့အိမ်တည်းသည်။ ည ၈နာရီတွင် အစိုးရက ၅၀တန် - ၁၀၀တန်များ အသုံးမဝင်ကြောင်းကြေငြာသည်။ အင်္ဂလိပ်ရက် ၂၄ ရက်နောက်ဆုံးလို့ ကြေငြာ၏။ နယုန်လဆန်း ၉ရက်နေ့ ဆင်ကြဲရွှေဂူသရက်ဘုရားသွားပြီး ဘုရားဖူးပုတီးစိပ်၏။ ကိုထွန်းက လှည်းနှင့် လိုက်ပို့၏။ ပုတီး ၁၀၈ပတ်စိပ်ခဲ့၏။ နယုန်လဆန်း ၁၀ရက်နေ့တွင် ကွမ်းရွာရွှေတန်းတစ် သွားဘုရားဖူး ပုတီးစိပ်၏။ ၁၀၈ပတ်ပြည်သူများအတွက် အထူးမေတ္တာပို့၍စိပ်၏။ နယုန်လဆန်း ၁၁ရက် နေ့ပြန်လာ၏။ ညနေ ၅နာရီ မန္တလေး မဟာမြတ်မုနိဘုရားဝင်ပုတီးစိပ်၏။ ပြည်သူများအထူးမေတ္တာ ပို့အမျှဝေ၏။ ၁၁ရက် နံနက်ပုထိုးတော်ကြီး ဘုရားဖူး၊ ပုတီးစိပ်လမ်းလျှောက်သွား၏၊ ဂူကြီးအောင်မြေကိုလဲ ထုံးစံ အတိုင်း ဘုရားဖူး၊ ပုတီးစိပ်၏။ နယုန်လပြည့်တနင်္လာနေ့ မဟာသမယအခါတော်နေ့ ပွဲကြီး ပြုလုပ်သည် ထိုနေ့တွင် မသိန်းရင် သား ညီပု၊ ကုလား၊ ကိုဘကျော့သား စိုးမြင့်တို့ သက်န်းဝတ်ပေးသည်။ ညနေ ၅နာရီမှာ ပြီးဆုံး၏။ မဟာသမယအခါတော်နေ့အကြောင်း ကျွန်ုပ်ကတရားဟော၏။ ၁၃၂၆ခု ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ ပွဲကြီးပြုလုပ်သည်။သံဃာ ၉၀၊ လူ ၃၅၀ကျော်ဆွမ်းကျွေး လှူတက်ရည်တိုက်၏။

| ဝါဆိုသံဃာစာရင်းများ | ကိုရင်များ |
|---|---|
| ၁။ ဘုန်းကြီးဦးသူရိယ | ၁။ ရှင်တေဇော |
| ၂။ ကျွန်ုပ် | ၂။ ရှင်ပညာနန္ဒ |
| ၃။ ဦးသောဘိတ | ၃။ ရှင်စန္ဒောဘာသ |
| ၄။ ဦးဝဏ္ဏ | ၄။ ရှင်ဓမ္မမာလာ |
| ၅။ ဦးသုန္ဒရ | ၅။ ရှင်သောဘိတ |
| ၆။ ဦးပဏ္ဍဝ | ၆။ ရှင်ဥေယျဓမ္မ |
| | ၇။ ရှင်ကုန္ဒက |
| | ၈။ ရှင်ဩဘာသ |

နေ့စဉ်ဝတ်တရားအပြင် ဝါဆိုလ - ဝါလများ ဥပုသ်နေ့၌ တရားဟောသည်၊လူ၁၀၀လောက် ရှိ၏၊ ဥတ္တမဆိုသော သက်န်းဝတ်က သံဃာတော်များ ပုတ်ခတ်၍ဆွမ်းသက်န်းကျောင်းဆေး အပေါ် ဝေဖန်ပြီးမဖွယ်မရာ ဗဟိုစည်သတင်းစာ စာတည်းရေးသားသဖြင့် သံဃာများ မခံမရပ်ဖြစ်နေကြ၏။

၁၃၂၆ခု၊ ဝါခေါင်လဆန်း ၆ရက်နေ့တွင် သတင်းစာပါပြီး ဝါခေါင်လဆန်း ၈ရက်နေ့၊ နေ့ ၁၂နာရီ အချိန်မှာ သံဃာများ ဗဟိုစည်သတင်းစာတိုက်ကိုဖျက်ကြ၏။ အယ်ဒီတာအိမ်၊ ကြော်ငြာအယ်ဒီတာအိမ်၊ အငြိမ့်သမအိမ်တို့ကိုလဲဖျက်ကြ၏။ ထိုနေ့က တရားဟောရာတွင် သုဝဏ္ဏသာမဇာတ်တော်ကို အပြီး ဟော၏။ နာရီ ၃ ပါတ်ကြာ၏။ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့နှင့် သံဃာယနအခါတော်နေ့ ကျင်းပ၏။ လူစည်ကား ၏။ ၅၀၀လောက်ရှိ၏။ သံဃာ၉၀ပင့်၍၊ ဆွမ်းကျွေးလက်ဘက်ရည် တိုက်၏။ ဝါခေါင်လဆုတ် ၃ရက်နေ့တွင် အစိုးရဆူပူသော သံဃာများနှင့် ပက်သက်၍ ပန်ကြားချက် ထုတ်၏။ ဝါခေါင်လဆုပ်၁၂ရက်နေ့တွင် အစိုးရကသံဃာတော်များ သာသနာသန့်ရှင်းရေး ပြုလုပ်ရန် ဆွေးနွေးဘို့ ရေဒီယိုကကြေငြာသည်။

ကျွန်ုပ်လည်းကြီး၅ကြီး ဘုရားများ၁၈ရက် တိုင်းသားပြည်သူအတွက် အဓိဌာန်၍ ပုတီးစိတ်၏၊ တော်သလင်းလဆန်း ၂ရက်နေ့မှပြီး၏။ တော်သလင်းလပြည့်နေ့ တရားမဟောပဲ ကောင်းမှုတော်ကြီး၏ ဘုရားကိုသွားပြီး ပုတီး၁၀၈ပတ်အဓိဌာန်စိတ်၏ သပြေ၁၀၈ညွန့်၊ ဖယောင်း၁၀၈ တိုင်ပူဇော် ပြီးစိတ်၏။ တနင်္ဂနွေဒေါင့်ကစိတ်၏ ပြီးလျှင်ကျန်ရှိနေသော ဖယောင်းတိုင် ပူဇော်ရန် အရှေ့မုဒ်သွား၏ အိပ်ထဲစမ်း ကြည့်တော့ မီးခြစ်မပါတာနှင့် ကျွန်ုပ်နှင့်လိုက်လာသောဦးစီကြီးကို ခင်ဗျားမီးခြစ်ပါသလားလို့မေး၏ သူလဲမပါလာ၊ ကျွန်ုပ်နှင့်မလှမ်းမကမ်းမှာ ရှိနေသောပန်းရောင် ခေါင်းပေါင်းနှင့် ရင်ဖုံးပိုးအကျီပန်းရောင် ပုဆိုးနှင့် ခန့်ခန့် ချောချော အသက်၄၀ရွယ်လောက် လူတယောက်က ကျွန်ုပ်အနားတိုးလာပြီး လက်အုပ်ချီ ကာ တပည့်တော်ဆီမှာ မီးခြစ်ပါပါတယ် ဘုရားဆိုပြီးကပ်၏ ကျွန်ုပ်ကယူလိုက်၏ မီးခြစ်ကအလုံးလဲကြီး အသွေးကလဲတမျိုးဖြစ်နေ၍ တံဆိပ်ကိုကြည့်လိုက်တော့ ဗိုလ်လရောင်တံဆိပ် ဖြစ်နေ၏ ကျွန်ုပ်ကမီးခြစ် လှူသူ တကာကိုမေးလိုက်၏ တကာနာမည်ကဘယ်လိုခေါ်ပါသလဲ။ သက္ကလို့ ခေါ်ပါတယ်ဘုရား။

ဩဦးသက္ကလား၊ ဒါဖြင့် ခနနေအုံးမီးပူဇော်ပြီးတော့ တကာကြီးနဲ့ အနည်းငယ်စကားပြောစရာ ရှိတယ်၊ ကောင်းပါပြီဘုရား၊ ဒီဖယောင်းတိုင်များလဲလှူပါတယ်ဘုရား၊ ဘုရားတပည့်တော်ကို ချီးမြှောက် တော်မူပါဘုရား ကျွန်ုပ်လည်းလှမ်းယူလိုက်၏။ မီးထွန်းရန်ဖယောင်းတိုင်ရေကြည့်လိုက်တော့ ၃၃တိုင် ဖြစ်နေ၏။ ကျွန်ုပ်စိတ်ထဲတော့ အမှတ်ပြုလိုက်၏။ ရှိခိုးမီးပူဇော်ပြီး မေတ္တာပို့အမျှဝေလိုက်တော့ ထိုလူက သာဓုခေါ်၏။ ကျွန်ုပ်လည်း ဦးသက္ကရပ်နေသော အရှေ့ဘက်အာရုံခံ တနင်္ဂနွေဒေါင့်သွားပြီး ဦးသက္က နှင့်တွေ့၏။ ကျွန်ုပ်ရှေ့ကသူ့ရှေ့ရောက်တော့ ဦးသက္ကကလက်အုပ်ချီပြီး ဦး၃ခါညွတ်၏။ ဦးသက္ကကို အနည်းငယ်မေးချင်တာကတော့ ယခုအချိန်အခါမှာ ရဟန်းရှင်လူပြည်သူအများ စိတ်ဆင်းရဲဖြစ်နေကြ တာ ဦးသက္ကသိမှာပေါ့ သိပါတယ်ဘုရား - ဒါဖြင့်ဘာလို့ကြည့်နေကြတာလဲ။ တပည့်တော်လျှောက်ထား ပါရစေဘုရား - လျှောက်ထားပါဦးသက္က - သာကီဝင်မင်းမျိုးများကို ဝိဋုဋ္ဌပ ကသတ်ရန်လာတော့ ရှင်တော်ဘုရားက မကယ်နိုင်ဘူးလားဘုရား - ဘုရားက ၃ ခါလောက် ဝိဋုဋ္ဌပကိုတားမြစ်ပါသေးတယ်၊ နောက်ဆုံးအကြိမ်ရှင်တော်မြတ်ဘုရားက အတိတ်ဘဝက ဟုမ်းတဆုတ်ကို မြစ်တကွေ့မှာ ငါးများကို

ချသတ်ခဲ့တဲ့ ဝဋ်ကျွေးကိုမြင်တော့ မတားတော့ပါဘူး၊ တားလဲရမှာမဟုတ်ဘူးဆိုတာသိတော်မူလို့ မတားတော့ဘူး၊ အခုလဲဒီလိုပါဘဲဘုရား - ဒီခေတ်အခါမျိုး ဒီလိုဝဋ်လိုက်တတ်တယ်ဆိုတာ ထားပါအုံးဘုရား၊ ၈၈၈ခုနှစ်တုံးက ရှမ်းသိုဟံဘွားက သံဃာတော်တွေသတ် ဘုရားတွေဖြို၊ ဌာပနာဖေါက်၊ လူတွေကိုသတ်နဲ့လုပ်တဲ့ခေတ်မှာ ယခုနှင့်စာလျှင် အလွန်ပင်ကွာခြားလှပါတယ်ဘုရား၊ ဘယ်လိုကွာခြားပါသလဲဆိုတော့ ၈၈၈ခု၊ နှစ်ကလူတွေကမှ ဒါနဘက်ကဆိုလျှင် ဘုရားတရာ - မယားတရာခေတ်ဖြစ်ပါတယ်ဘုရား၊ ကုန်းဘောင်ခေတ်မှာ မယား ၁၀၀ဘုရား ၅၀ခေတ်ဖြစ်လာပါတယ်၊ ဂျပန်ခေတ်မှာ မယား၁၀၀ ဘုရား ၅ကျပ်ဖြစ်လာပါတယ်။ ယခုခေတ်မှာ မယား ၁၀၀၊ ဘုရား ၁ကျပ် ဖြစ်နေပါတယ်ဘုရား၊ ဒါကြောင့် ဒီခေတ်ထဲမှာ ဒီလိုဖြစ် တာအကြောင်းမဆန်းပါဘူးဘုရား။ ဒါဖြင့် ဒီမင်းက ဘယ်လောက်အုပ်စိုးအုံးမှာလဲ ရှေ့ ၁၀နှစ်လောက် ဆိုလျှင် အခြေအနေပြောင်းသွားပါလိမ့်မယ် ဘုရား၊ ၁၅နှစ် ၁၇နှစ်လောက်ဆိုလျှင် တစ်မင်းပြောင်း ပါလိမ့်မယ်ဘုရား၊ နောက်မင်းကတော့ ကောင်းအုံးမှာလား၊ ဒီခေတ်တော့ တယ်မခြားနားပါဘုရား၊ တတိယကမ္ဘာစစ်ဖြစ်ပြီးလျှင် ခြားနားသွား မှာပါဘုရား၊ ဖြစ်ဘို့ရာလဲ မဝေးလှတော့ပါဘူးဘုရား၊ အရှင်မြတ် အလိုရှိတာကို အမိန့်ရှိတော်မူပါဘုရား။

ကျွန်ုပ်အလိုရှိတာကတော့ သာသနာတော်ကြီး စည်စည်ပင်ပင်နှင့် နေလိုလလိုပွင့်ဘို့ရာကို လိုခြင်တာပါဘဲဘုရား - အရှင်ဘုရားတို့လို ပုဂ္ဂိုလ်များများပေါ်လာပါလျှင် အလွန်းကောင်းမြတ်ကြောင်းပါဘုရား၊ တပည့်တော်ကို ခွင့်ပြုပါအုံးဘုရား - ကောင်းပါပြီဦးသက္က သာသနာတော်အကျိုးသည်ပိုးရွက်ဆောင် နိုင်ပါစေ - ပေးတဲ့ဆုနဲ့ပြည့်ရပါလို၏ဘုရား - ဦးသက္ကလည်းကောင်း မှုတော်ကြီးဘုရားမြောက်ဘက် ပတ်သွား၏။ ကျွန်ုပ်တို့လဲ တောင်ဘက်ထွက်လာပြီးပြန်လာကြ၏။ နာရီကိုကြည့်လိုက်သောအခါ ညနေ ၃နာရီခွဲနေ၏။ မြင်းလှည်းစီးပြန်လာကြ၏။ ဆင်များရှင်ဘုရား ဝင်ဖူးပြီး ပုတီး၉ပတ်စိပ်၏။ အာရုံထဲတွင် စာတန်းများပေါ်လာ၏။ ကျွန်ုပ်သည် အသင့်ပါလာသော စာရွက်နှင့် ရေးကူးလိုက်၏။ ထိုစာများကား -

၁။ ပေး၍ယူလျက်မရ၊ မြင်ရပါလျက်လက်တွင်မပါ၊ ဤဟာအခက်ဆုံး။

၂။ လောက၌ အရာဌာနကြည့်၍ ဆိတ်ဆိတ်မနေတတ်သော သူသည်လူအ၊ လူမိုက်ဖြစ်ချေ၏။ ဆိတ်ဆိတ်နေသူသည် ပညာရှိလူကောင်းဖြစ်၏။

၃။ ပတ်ဝန်းကျင်ကို အလင်းရောင်ပေးသော မီးခွက်သည်ပင် သူ့အောက်အမှောင်ရောက်ရသေး၏။

၄။ ထို့အတူ ဘုန်းတော်ကြီးသောဘုရားလက်တော်၌ပင် အမိုက်အတည်ပြည့်သော သူများရှိကြသေး၏။

၅။ မိန်းမမာယာသည် သူ၏သားကို မလှည့်ပတ်နိုင်၊ သမုဒ္ဒရာသည် နာမ်တရားကိုမလွှမ်းမိုးနိုင်၊ မီးသည် တံတားကို မလောင်နိုင်၊ သေမင်းသည် နာမည်ကိုမသတ်နိုင်။

၆။ အချစ်တဏှာသည် အနန္တငါးပါးကို ဖုံးလွှမ်းနိုင်၏။ သို့သော်ပတ်ဝန်းကျင်ကို မဖုံးလွှမ်းနိုင်။

၇။ သတိ - ပညာမရှိသော သူသည် အပြစ်ထူထပ်၏။

၈။ အတွေ့အကြုံသည်သာ တိုးတက်မှုအခြေခံပညာဖြစ်ချေ၏။

၉။ ပတ္တမြားမျက်ရှင်နှင့် တူသော ဗုဒ္ဓ၏ ဂုဏ်တော်များကို အမှီပြုပြီး မကောင်းမှုကို မပြုလုပ်စေရာ၊

သတိ - သတိ - သတိ တိုးတက်ရေးအဘိဓမ္မာသင်တန်း။

၁၃၂၆ခု၊သီတင်းကျွတ်လဆန်း ၅ရက်၊ မယ်တော်ကိုရည်စုး၍ သံဃာတော် ၅၀ကျော် တို့အား မုံ့ဟင်းခါးကျွေး၏။ လူ ၅၀လောက်ရှိ၏။ ထိုနေ့က မယ်တော်ကို အထူးမေတ္တာပို့အမျှဝေ၏။ သီတင်းကျွတ်လပြည့်အဘိဓမ္မာအခါတော်နေ့ပြုလုပ်၏။ အထူးစည်ကား၏။ သံဃာ၅၀ - လူ၃၀၀ ကျော် ဆွမ်းကျွေး၏ နံနက် ၉နာရီကစ၍ ၉နာရီထိ ပဋ္ဌာန်းသံမစဲ အောင်ရွတ်ဘတ်ကြ၏။ ညနေ ၆နာရီ သံဃာတော်များ၊ ပဋ္ဌာန်းရွတ်တာပြီးသွား၏၊ မဟာပရိတ္တစာရိဝတ်အသင်းကလည်း ညနေမှမိုးအလင်း ရွတ်ဘတ်သရဇ္ဈာယ် ဝတ်တက်၏။ ကျွန်ုပ်လည်း ညလုံးပေါက်ပဋ္ဌာန်းပုတီးစိပ်၏။ ထူးခြားသောတွေ့မှာ လူတစ်ကိုယ်လုံး ဘုရားပုံတော်ဖြစ်နေကြောင်း အာရုံထဲမြင်ရ၍ ကျွန်ုပ်ကိုကျွန်ုပ် အံ့သြသွား၏။ စေတိယ ယရသဒိသော ဆိုတာဒါမျိုးလားဟု မှတ်ထင်ရ၏။ သီတင်းကျွတ်လကွယ်နေ့ စစ်ကိုင်းတောင်ပေါ်က တန်ခိုးကြီးဘုရားများ ဖယောင်းတိုင် ၉တိုင်စီလှူ၏။ ဖယောင်း ၇ ထုပ်ကုန်၏။ ပုတီး ၉ပတ်စီစိပ်ခဲ့၏။

တန်ဆောင်မုန်းလပြည့်ကျော် ၈ရက် ကျော်အောင်စံထားဆရာတော်ကြီးများနှစ်ပတ်လည် ဆွမ်းကျွေးပွဲပြုလုပ်၊ သံဃာ ၈၀၊ လူ ၃၀၀ဆရာတော်ကြီးများကို ညတွင် အထူးမေတ္တာပို့အမျှဝေ၏။ ဦးဝါယမ - ဦးဝါယမ - ဦးဝါယမဟု ည ၁၀နာရီလောက် မြောက်တံခါးက ခေါ်သံကြား၍ဖွင့်ပေးလိုက်၏။ အဘိုးကြီးတစ်ယောက်ဝင်လာ၏။ ဦးပဥ္စင်းများ၊ ကိုရင်များအိပ်ခါစဖြစ်သေး၏။ အဘိုးကြီးကစပြော၏။ အရှင်ဘုရား၊ ဒီနေ့နှစ်ပတ်လည် ဆွမ်းကျွေးတာတပည့်တော်တို့အထူး ဝမ်းမြောက်၍သာခုခေါ်ပါတယ်။ အဘိုးကဘယ်မှာနေပါသလဲ၊ ဒီညောင်ပင်မှာ နေပါတယ်၊ နာမည်က ဘယ်လိုခေါ်ပါသလဲ၊ ဘိုးအဂ္ဂလို့ ခေါ်ပါတယ်၊ အရှင်ဘုရားကို သတိပေးရအောင်လာတာဘဲ၊ ကောင်းပါတယ်ဘိုးဘိုးရာ။ တပည့်တော်လူ ဘဝနှင့်တုန်းက မိန်းမအကြောင်းနှင့် ပတ်သက်လို့ ကိုယ်တွေ့နီတိတွေ ရေးထားတာ ရှိတယ်၊ အဲဒီမှတ်စု စာအုပ်ဘီရိုလေးထဲ မှာ ရှာကြည့်ပြီး ဖတ်ပါ၊ စဉ်းစားပါ၊ ဦးပဥ္စင်းမှာ - မ - ကပ်နေလို့ လာပြီးသတိပေး တာပါ။ မ -ကိုခွာနိုင်သလောက်ခွာပြီး ကိုယ့်အလုပ်ကိုသာ ကိုယ်ကြိုးစားပြီးပုတီးစိပ်ပါ။ အောင်မြင်ခါနီး ပါပြီဆိုပြီးဘိုးအဂ္ဂရုက္ခစိုးကြီးလည်းကျောင်းပေါ်ကဆင်းသွားပါတော့သည်။ ကျွန်ုပ်လည်း သြ ငါ့ဆရာဟာ ရုက္ခစိုးဘဝနှင့်တောင် ငါ့စောင့်ရှောက်ရှာသေးတယ်- သာဓု - သာဓု - သာဓု လို့ခေါ်မိ၏။ နတ်တော်လဆုတ် ၈ရက်နေ့ အင်းဝဘုရားများ မီးပူဇော်သွား၏။ သွားရခြင်းအကြောင်းက ဥစ္စာစောင့်များက ဖိတ်ခေါ်လို့ဖြစ်၏။ ဘုရားများမီးပူဇော်၍ သူတို့အမျှဝေခဲ့၏။ အပြန်ကတို့ဆိပ် ထိအောင်လိုက်ပို့ကြ၏။ ညနေ ၅ နာရီမှ ကျောင်းရောက်၏။ ဖယောင်းအထုပ် ၃၀၀ကုန်၏။

တပို့တွဲလဆန်း ၁ရက်၊ မွေးနေ့ဖြစ်၍ ကျွန်ုပ်မြို့ကဘုရားများ မီး ၁၀၀၀ပြည့်အောင် လိုက် လှူ၏။ ညနေ ၅ နာရီကလှူတာ၊ ည ၁၁နာရီမှပြီး၏။ မီးလှူသော ဘုရား၊ တောင်ကြီးဆင်တိုက်က ရွှေရင်းရဲဘုရား၊ အောင်ချမ်းသာဘုရား၊ သထုံတိုက်ဗောဓိသံတောင်ဘုရား၊ ရွှေစာလူးဘုရား၊ ဈေးသိမ် ဘုရား၊ တောင်တော်ဦးဘုရား၊ တောင်မင်းကြီးဘုရား၊ အောင်ခြင်းရှစ်ပါးဘုရား၊ သမ္ဗုဒ္ဓေဘုရား၊ သတ္တဋ္ဌာန ဘုရား၊ ရှစ်ကျိုပ်ရှစ်ဆူဘုရား၊ ၂ကျိပ်ရှစ်ဆူဘုရား၊ ကျောက်တော်ကြီးဘုရား၊ ပုထိုးတော်ကြီးဘုရား၊ ရွှေ ဂူကြီးဘုရား၊ ဆုတောင်းပြည့်ဘုရား၊ ဘုရား ၃ ဆူ ဘုရား၊ သက်တော်ရှည်ဘုရား၊ မိုးကောင်းဘုရား၊ ရန်အောင်မြင်ဘုရား၊ ရွှေဘုံသာဘုရား၊ ရှင်ပင်ဆပ်သွားဘုရား၊ အောင်မြေရွှေဘုံသာဘုရား၊ မဟာသကျ

သာမိဘုရား၊ ကျွန်ုပ်၏ကျောင်းတိုက်ထဲကဘုရားများအားလုံး မီးပူဇော်ပြီး ၃ စုခွဲလွှတ်သော ဦးပဥ္စင်းကို ရင်များပြန်လာကြ၍ ကျွန်ုပ်က ဘိလပ်ရေတိုက်၊ သက်န်းများမျက်နှာသုတ်ပဝါများ ဆပ်ပြာခဲများ ဝေချမ်း လှူဒါန်းလိုက်၏။ ထိုနေ့တွင် ဘိုးအဂ္ဂပြန်၍ သတိပေး၏။ အဓိဋ္ဌာန် ၉ရက်ပြီးလျှင် အဘိုးပြောသော စာများရှာကြည့်မယ်ဟုပြောလိုက်၏။ သာဓု - သာဓုခေါ် ၍ ပြန်သွား၏။

တပို့တွဲလဆန်း ၉ရက် အဓိဋ္ဌာန် ပြည့်၍ ၁၀ရက်နေ့ရောက်သောအခါ အဘိုးအဂ္ဂကိုဝန်ခံ သည့်အတိုင်း ကျွန်ုပ်သည် မှတ်တမ်းများရှာ၏။ စိတ်ထဲတွင်လည်း ဘိုးအဂ္ဂကဘာရည်ရွယ်ချက်နှင့် သူ့မှတ်တမ်းကို ဆန်းဆန်းပြားပြား မှတ်မှတ်သားသား ရေးထားပါသနည်း စသည်ဖြင့် မေးခွန်းသံသယ ပေါင်းများစွာဖြင့် အလွန်သိလိုလှ၍ သေတ္တာစာတိုက်များကို လှန်လှော့ရှာ၏။ ၃ ခုမြောက်စာတိုက်ထဲ တွင် တွေ့လာ၏။ စာအုပ်အမည်မှာ - **"လောကီထုပ္ပတ်လူတို့ဇာတ် ၊ ဖြစ်ရပ်ထွေထွေ၊ ကာမပြေ နှောင်းလူတွေသတိထား"** ဟု ရေးထား၏။ ထိုအမည်ကပင် ကျောချမ်းလောက်အောင်ဖြစ်၏။ သို့ပင် စာအုပ်လှန်ကြည့်လိုက်၏။ ပထမဆုံးတွေ့ရသည်မှာ - ၁၂၆၇ခု၊ နတ်တော်လမှ တန်ခူးလတိုင်အောင် ကာမသတ္တဝါတို့၊ ကာမသင်ခန်းစာများကို ကာမပိုင်ရှင် ဇကရီမများက ကျွန်ုပ်ကိုလက်တွေ့သင်ခန်းစာ ပေးကြသော ဆောင်ပုဒ်များ - သူ့ကိုချိုးမြောက်ကိုယ့်ဂုဏ်ရောက်၏၊ သူ့ကိုဂုဏ်နှိမ့် ကိုယ့်ဂုဏ်နိမ့်၏၊ ဤသက်ကြီးစကား နားဝယ်ကြားပါသော်လည်း **"မသူတော်ချင်း သူတော်ချင်းတို့ ဓါတ်ချင်းသင့် လျော် ပေါင်းကြဖော်၏"** ဆိုသည့် ရှေ့သူဟောင်းတို့ စကားအတိုင်း မသတ္တဝါသူတော်စင်မကလေးများ နှင့် တွေ့သောအခါ ရသော သင်ခန်းစာကတစ်မျိုး၊ မပွေလီတို့နှင့်တွေ့သောအခါရသော သင်ခန်းစာက တစ်မျိုး၊ ထိုနှစ်မျိုးတို့ကို ရေးသားပါအံ့ -

၁။ ပညာရှိထဲမှာ တရုတ်၊ တိရိစ္ဆာန်ထဲမှာမြွေခွေး၊ ငှက်ထဲမှာကျီးကန်း၊ လူထဲမှာ ဆတ္တာသည်၊ ဘုရားထဲမှာ ရှင်တော်ဂေါတမ၊ ရှင်ဘုရင်ထဲမှာ စကြာမင်း၊ တောထဲမှာ ဖျက်တတ်သည်ကား မြောက်၊ တိုင်းပြည်ကို တုန်လှုပ်ခြောက်ခြားတတ်သည်ကား ပုဏ္ဏား၊ အိမ်ကိုဖျက်တတ်သည်ကား ကြွက်၊ ကမ္ဘာကြီးတစ်ခုလုံးမှာ မိန်းမဟာကြောက်စရာအကောင်းဆုံး။

၂။ ယောက်ျားများ၏ စိတ်ချမ်းသာမှုကို ပိတ်ပင်ရန်၊ သူတော်ကောင်းများကို ဖျက်ဆီးရန် - ဝါ - ဖျက်ဆီးဘို့ရာ အရာဝတ္ထုတခုအနေနှင့် မိန်းမဖြစ်ပေါ် လာရပေ၏တကား -

၃။ ငှက်ဂုဏ်ဟာ တွံသံ ။ အရုပ်ဆိုးသူ၏ ဂုဏ်ဟာအတတ်ပညာနှင့်ယဉ်ကျေးမှု၊ တရားကျင့်သူ၏ ဂုဏ်ဟာ သည်းခံမှု၊ မိန်းမတို့၏ ဂုဏ်ဟာ အကျင့်ကောင်းမှု၊ သို့သော် အကျင့်ကောင်းသော မိန်းမရယ် လို့ ကမ္ဘာမှာ ရှာမှရှား၊ မိန်းမများကို အချေနှစ်ချောင်းရှိသော ရန်သူလို့ဘဲ သဘောထား က မှားနိုင်မည်မဟုတ်ချေ၊ သို့သော်တားနိုင်ဘို့ရာ ခက်ပါဘိကောင်း - ကမ္ဘာကြီးမှာ မိန်းမ ဖြစ်ပေါ် လာရသည့် ကိစ္စနှင့် မြွေဆိုး၊ ခြင်မျိုးဖြစ်ပေါ် လာရသည့်ကိစ္စဟာ အတူတူဖြစ်တန် ကောင်း၏။

၄။ အကြပ်အတည်းနှင့် တွေ့ကြုံသည့်အခါ မိန်းမဟာအကြံဉာဏ်ကောင်းသလောက်၊ ကာမကိစ္စ နှင့် ပတ်သက်သောအခါ ရန်သူထက်ကြောက်ဘွယ်ကောင်း၏။

၅။ နားထောင်သူနှင့်စကားပြောနေသူ ထိုနှစ်ယောက်သည် နားထောင်သူက စကားပြောနေသူထက်

ပို၍ အခွင့်ကောင်းရ၏။ ထို့အတူ ချစ်ဖွယ်စကားများနှင့် ချစ်ဖွယ်အပြုအမူများကို ပြုလုပ်ပြောဆိုနေသော ယောကျ်ားထက် အပြောခံ အပြုအမူခံနေသော မိန်းမကပို၍ အခွင့်အရေးရ၏။ ဟု ကာမသားတို့ သတိပြုလော့ -

၆။ အိမ်ထောင်ရေးသည် ယောကျ်ားတို့အတွက် ဘဝ၏လမ်းဆုံးဖြစ်ချေ၏။ မိန်းမတို့အတွက်မူကား ဘဝသစ် အခန်းသစ်တရပ်ဖြစ်ပေ၏။ အိမ်ထောင်ရေးထက် ကြောက်စရာကောင်းသော အလုပ်သည် ယောကျ်ားတို့၌ မရှိပေ၊ သင်သည် အလျင်အမြန်အိမ်ထောင်ပြုပါလျှင် အားလပ်သော အချိန်များ၌ နောင်တရလာပါလိမ့်မည်၊ သင့်မြတ်ညီညွတ်သော အိမ်ထောင်ရေးကိုပင် တကယ်အလိုရှိပါလျှင် သင်နှင့် အဆင့်အတန်းတူသော အိမ်ထောင်ဘက်ကို ရွေးချယ်ရာ၏၊ ကာမကို အလိုရှိ၍ အိမ်ထောင်မပြုရာ၊ ဆေးဘော်ကျောဘက်ကိုအလိုရှိ၍ အိမ်ထောင်ပြုရာ၏။ မိန်းမယူလျှင် အမြင်နှင့်မယူနှင့် အကြားနှင့်ယူပါ။

၇။ အရက်ရူး၊ သူရမ္မတ္တကထက် အချစ်ရူး၊ ရာဂုမ္မတ္တကသာ၍ဆိုး၏။ အချစ်ဘက်ပြန်ရေးသမားတို့သည် အရက်နှင့်မိတ်ဖွဲ့ကြသလို အရက်သမားတို့သည် အချစ်နှင့်ကြတော့ ပြတ်တာလဲ ရှိကောင်းပေမည် -

၈။ မေတ္တာမှ မေတ္တာသို့လမ်းမှန်သွားနိုင်ကြသော်လည်း - တဏှာမှ ပေါက်ဖွားလာသော မေတ္တာဆိုသည်ကား - ပညာနှစ်လုံးသားဖြင့် မဆုံးဖြတ်ပဲ အဆင့်အတန်းဂုဏ်၊ တိုက်တာကား၊ စိန်၊ ရွှေတို့ဖြင့် ဆုံးဖြတ်ကြသော ကျားမတွေအပေါ် အသဲနစ်အောင်ချစ်ခင်မိသောသူသည် - တံလျှပ်ကို ရေထင်၊ ရွှေသမင်အလိုက်များတဲ့ ငမိုက်သား ထို့ကဲ့သို့ သားသမင်ကို ရနိုးနှင့် မျှော်ခိုးမိလျှင်၊ တောင်ထိပ်မှာ ကြာအပေါက်ကို စောင့်မျှော်နေသလိုဖြစ်ချေ၏။ နှလုံးသားတခုထဲ ရင်မှာပိုက်ပြီး အချစ်စစ်မေတ္တာတိုက် ပွဲဝင်သူသည် နောက်ဆုံးမှာ နှလုံးသားသာ အနာရပြီး အသဲကျွေမျက်ရေဝဲကာ ကိုယ့်ဘဝကို ဒါဏ်ခတ် နေတာသာဖြစ်ပေ၏။ အဘယ်ကြောင့်ဆိုသော် ဖြူစင်သောအချစ်သည်ရှာမှရှားခြင်းကြောင့်ဖြစ်၏။ ဒို ကျားသတ္တဝါအပေါင်းတို့ မသတ္တဝါများ ဆီက ရစ်ရွှေရည်သည်အရက်ထက်၊ အဆိပ်ထက်ကြောက်စရာကောင်း၏၊ အဆိပ်သည် အရက်သည် သူတို့သောက်က သောက်သလောက်တုန့်ပြန်မှုပေး၏၊ မသတ္တဝါ၏ ရစ်ရွှေရည် ကား တူညီသော တုန့်ပြန်မှုကို ရနိုင်မည်မဟုတ်ပေ-

အနူအဝဲဖြစ်၊ အဆွံ့အအ ဖြစ်ပါလေစေ၊ ချစ်တီး၊ ကုလား၊ ကပ္ပလီဖြစ်ပါလေစေ - ဓနဂုဏ်၊ ရာထူးဂုဏ်ရှိလျှင်တော့ ခန်းမှန်းနိုင်ပါ ရနိုင်ပါ၏။ ပညာရှိသည် အစိုးရအာဏာပိုင်တို့၏ထံသို့ ဒူးမထောက် ဘဲ နေမည်ဆိုကားနေနိုင်ရာ၏၊ မိန်းမကိုတော့ မနေနိုင်ရာ၊ သို့ကြောင့် ကာလီဒါသသေရွာသို့သွားရာရ၏။

၉။ အကျိုးကိုလိုသော်မည်သူမဆို ကိုယ့်ကိုယ်ကို အထင်မကြီးနှင့်၊အလုပ်မလုပ်မီ အကျိုးအမြတ်ကို မဆိုသင့်၊ ပညာရှိကို သိတတ်ပြီးသော် ထိုပညာရှိထံသွားပြီးလျှင် ပညာသင်ရင်နို့ ရည်သောက်သုံးရအောင် ဆောင်ရွက်ပါ။

၁၀။ အလိုရမက်ကြောင့် တုံလှုပ်မှုထောင်လွှားမှုတို့သည် အလွန်ကြီးမားသော မကောင်းမှုထုထည် ဖြစ်စေတတ်သောကြောင့် ထိုမကောင်းမှုထုသာလျှင် လူ့ဘဝရပ်တည်မှု၊ အသက်ရှည်ရမည်ကို မရှည် လာတော့ဘဲ ဆုံးရှုံးခြင်းသို့ ရောက်ပေတော့၏။

၁၁။ ကျားသတ္တဝါသည် လူသတ္တဝါကိုတွေ့သောအခါ စားရန်မာန်ဖီလာတော့၏။ သို့သော် အဆင်ခြင်ပညာရှိသော လူကိုကျားသတ္တဝါမစားနိုင်ခြေ - မိန်းမသည် သူတို့ချစ်ကြိုက်သော ယောကျ်ားကို တွေ့သောအခါ အဆင်ခြင်ကင်းမဲ့စွာ မျိုဝါး၏။ ပညာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဖိုသတ္တဝါတို့မှာ မလက်တွင်းက မလွတ်နိုင်ချေ၊ ထို့ကြောင့် မိန်းမသည် ကျားသတ္တဝါထက် ကြောက်စရာကောင်း၏။

၁၂။ လုံလနှင့် ဉာဏ် ဦးစွာကြံ၍၊ ကံကို နောက်ထား ဝေဖန်ပြားလော့ -

၁၃။ ပေးကမ်းရခြင်းသည် တောင်းခံရခြင်းထက် သုခရှိဘိ၏။

၁၄။ ဆွေရင်းမျိုးရင်းမရှိလျှင်းက၊ ကောင်းခြင်းမမည်၊ ကြာမတည်ဘူး။

၁၅။ တမာ၊ ခွေးတောက်ဖြစ်လျှောက်ရောယှက် ၊တုန္နောဘက်၍ သရက်ချိုမြ ဘဏ္ဍရလျှက် ကွယ်မ အပြီး အခါးသီး၏။

၁၆။ ထွက်လမ်း၊ မဂ်လမ်း၊ ကျင့်စွမ်းလိုသူမ၊ မူးဝေစွာပါယ်ရှောင်ရာ၏။

၁၇။ အာရုံဆိတ်ဆိတ် ပုတီးစိပ်၍ လွန်အိပ်ကြီးမားအစားလျှော့၊ မပေါ့သတိ ခန္တီညှိလျက်၊ ဝိရိယဘက် လွန်တိုးတက်၏။ ဤမျှဖြင့် နီတိများကို ရပ်နားလိုက်ပါ၏။

၁၃၂၆ခု၊ တပိုတွဲလပြည့်၊ အင်္ဂါနေ့ပါတိမောက်အခါတော်နေ့ ပွဲတော်ပြုလုပ်၏။ သံဃာ၁၅၀၊ လူ ၂၅၀ကျော် ခေါက်ဆွဲကျွေး၏၊ အထူးပုတီးစိပ်၏။ ၁၃၂၆ခု၊ တန်ခူးလဆန်း ၁၂ရက်၊ အင်္ဂါနေ့ သကြိန်ကျ၏။ ၁၄ရက်နေ့တက်၏။ ၁၃၂၇ခု၊ တန်ခူးလပြည့် သောကြာနေ့ နှစ်ဆန်း ၁ရက်ဖြစ်၏။ မင်္ဂလာအခါတော်နေ့ကျင်းပ၏။ အထူးစည် ကား၏။ သံဃာ ၅၀ဆွမ်းကပ်၏။ လူ ၅၀၀ကျော် လွှက်ရည်တိုက်၏၊ ပရိတ်တော်များ ၅နာရီတိတိ ရွတ်ဖက်ကြ၏။ မဟာပရိတ္တစာရိဝတ်အသင်းက ညလုံးပေါက်ဝတ်ကြီးတက်၊ အခါတော်နေ့အကြောင်း ကျွန်ုပ်ကတရားဟော၏။

၁၃၂၇ခု၊ ကဆုန်လပြည့် စနေနေ့ ဗုဒ္ဓအခါတော်နေ့ ပွဲတော်ကြီးပြုလုပ်၊ အထူးစည်ကား၏။ သံဃာ ၉၀ဆွမ်းကပ်၊ လူ ၅၀၀ကျော် မုန့်ဟင်းခါးတိုက်၏၊ ထိုနေ့ည ကြီးငါးကြီး ၊ ပုတီး ၂၇ပတ်စီ စိပ်ပြီး ကျောင်းပြန်လာ၏။ ကျေးဘုရားကြီးရောက်တော့ ည ၁၀နာရီထိုးနေ၏၊ မီးပူဇော်ပြီး ပုတီးစိပ်ပြီး သောအခါ မေတ္တာပို့အမျှဝေ၏။ ဘုရားဝပ်ချပြီးထလာခဲ့ရာ ဘုရားကုန်းတောင်ဘက် မကျည်းပင်ကြီး နားတွင် ဘုန်းတော်ကြီးတစ်ပါးနှင့်တွေ့၏။ အရှင်ဘုရားဘယ်ကြွမှာလဲဘုရား၊ ကိုယ်တော်ဆီလာတာပါ၊ ကြွပါဘုရားဆိုပြီးပင့်လာခဲ့၏။ ကျောင်းရောက်တော့ နေရာပေးပြီးလာရင်းကိစ္စလျှောက်၏။ လာရင်းကိစ္စကတော့ ကိုယ်တော်အင်းဆန်းများရှိလျှင် ကြည့်ချင်လို့ပါဘုရား၊ ကြည့်ရပါတယ်ဆိုပြီး မှတ်စုအင်းများကိုထုတ်ပြ၏။ ကောင်းတယ်ကိုယ်တော် ကောင်းတယ်၊ ကိုယ်ခံအင်းကို ကိုယ်တော်ပေးရအုံးမယ်၊ ဘယ်လို ပယောဂမှကိုယ်တော်ကို မလုပ်နိုင်ဘူး၊ သောက်ပါကိုယ်တော် -

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဣ | ဋ္ဌာ | ပိ | ဒွေါ | ဘ | သ | ဝါ | သ | ရ |
| စ | တိ | ဝိ | သော | မ္ဗု | ဂ | မ္ဘာ | အ | ဟံ |
| ရ | ပု | သ | တ္တ | နွော | အ | ဂ | ဝိ | လော |
| ရိ | ဏာ | ရော | မ္ဗ | ရု | သု | ဒ္ဒူ | ဏော | က |
| သ | မ္ဗ | ဘ | ရ | ဗုု | သ | သာ | ဒေ | မ |
| မ | ဂ | သာ | ဒွေါ | ထိ | နံ | ဋ္ဌာ | ရု | ဝ |
| ဗု | ဒ္ဓံ | သ | ခ | မ္ဗံ | သ | သံ | ယံ | သ |
| မိ | ၂၄ | ရ | မိ | ၄၅ | ရ | မိ | ၆၇ | ရ |
| ဌာ | ဂ | ဏံ | ဌာ | ဂ | ဏံ | ဌာ | ဂ | ဏံ |

ဤအင်းကိုအလယ်ကွက်တွင် ကိုယ်နှံ့သွင်း သောက် ထိန်းနိုင်သောကံသုံးပါး လောက် ထိန်းပြီး သစ္စာဆိုသောက်ပါ တနင်္ဂနွေတအင်း ကျနှင့် တရက်ကိုး အင်းသောက်ပါ။ အင်းဆံ ဂါထာ များနှင့် သောက်တိုင်း၁၀၈အုပ်မန်းပါ။ အင်းဆံ ဂါထာများကား ဣတ္ထိပိသော ဘဂဝါ(လ)ဘဂဝါတိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ အလယ် ကွက်တွင် သောက်လိုသူနံ့သွင်း သောက်ပါ။ ထိုနောက်၉ရက် ဆက်သောက် ပြီး ဣဂချက် (သံ) ဂ-ချက်အင်းလဲတို့အတူ သောက်ပါ။

| | | | | | |
|---|---|---|---|---|---|
| | ဣ | ဣ | ဖိ | ဗု | |
| တိ | နာ | ဟံ | တိ | ဣ | ဣ |
| ဘု | သေ | ဣ | ဒ္ဓ | ဣ | ပိ |
| ဌ | ပိ | မိ | သော | ဣ | သေ |
| သေ | နာ | ပ | သော | သော | ဣ |
| | တံ | ဝိ | ပိ | သေ | |

## ဣဂချက်အင်းတော်

ဣတိပိသောဝိသေဣ၊ဣသေသေပဌနာမိဣ။
ဣမိနာဘုမ္ဖိတံသောဣ၊ဣသော၊ဣသောတံ၊ဗုဒ္ဓံပိတိဣ။
၁၀၈အုပ်မန်းသောက်

| | | | | | |
|---|---|---|---|---|---|
| | သံ | သံ | ရ | ဝိ | |
| န | ဩ | အ | သာ | သံ | သံ |
| ကံ | ဒ္ဓံ | သံ | သု | သံ | ရ |
| သ | မာ | ဘ | ယံ | သံ | သု |
| ဝိ | နွ | မ္ဗ | အာ | စ | သံ |
| | ဝေ | တ္တ | သိ | ဒ္ဓံ | |

## သံ ၈ ချက်အင်းတော်

သံသာရစဣမိဒ္ဓံသံ၊ သံသုဒ္ဓမ္ဗသဩရသံ၊ သံဆိနွကံ လဘ ဝေအာသံ၊ သံယံအပိသုမာနသံ။
၁၀၈အုပ်မန်းပြီး တနင်္ဂနွေတအင်း၊ ကိုးအင်းချ၍သောက် ကိုးရက်တိတိသောက်ပါ ဘယ်လိုပရောဂ ဘယ်လိုရန်သူမှ မနှောက်ယှက်နိုင်တော့ပါဘူး။ ဤကဲ့သို့သောက်ပြီးလျှင် စေတလုံးပိုင်သူဖြစ်သွားပါပြီ သောက်ပါကိုယ်တော်။

၁၃၇၃ နယုန်လပြည့် မဟာသမယအခါတော်နေ့တွင် ကဆုန်လပြည့်ညက တွေ့သော ကိုယ်တော်ကြီး မနက်စောစောကပင် ကျောင်းရောက်လာ၏ အလ္လာပ၊ သလ္လာပပြောကြပြီး ဆွမ်းကပ်ရန် ပြင်၏ ဘုန်းကြီးကြီးက တပည့်တော်က သက်သက်လွတ်စားပါတယ်လို့ပြော၍ သက်သက်လွတ်ကပ်၏ အခါတော်နေ့ပြီးသည်အထိအောင် သူထိုင်နေသောနေရာမှမထပေ။ အားလုံးပြီး၍ အမျှဝေတော့ သာဓုသုံးကြိမ်ခေါ်၍ လူ ၅၀၀ ကျော်၏ သံဃာ ၉၀ ခေါက်ဆွဲ ကပ်၏ နံနက်ကိုးနာရီက ညနေငါးနာရီမှ ပြီး၏ ကျွန်ုပ်ကတရာဟော၏ မဟာပရိတ္တစာရိတ်အသင်းက လည်း ညလုံးပေါက်ရွတ်ဖတ်သရဇ္ဈာယ်၍ ဝတ်ကြီးတတ်၏ ထိုဘုန်းကြီးနှင့် အရှေ့ပြသာဒ်ဆောင်က ထိုင်ပြီးစကားပြောနေကြတာ မိုးအလင်း ဖြစ်၏။ ထိုပုဂ္ဂိုလ်ကြီးကို ကျွန်ုပ်ကမေးသည်မှာ အရှင်ဘုရားဘွဲ့တော်က ဘယ်လိုခေါ်ပါသလဲဘုရား ဦးကောဏ္ဍညလို့ခေါ်ပါတယ်ဘုရား ဘယ်မှာသီတင်းသုံးပါသလဲဘုရား စစ်ကိုင်းဘက်နေလိုက် ပုံတောင်ပုံညာနေလိုက် ရှမ်းပြည်နေလိုက်နှင့်နေရာကတော့ အမှန်မရှိပါဘူးကိုယ်တော် အရှင်ဘုရားကို ကဆုန်လပြည့်တုန်းကတခါ ခုတခါဆိုတော့ ဒီကြွတော်မူလာတာ နှစ်ခါရှိပြီပေါ့ဘုရား ဟုတ်ပါတယ် ကိုယ်တော် ကိုယ်တော်ကိုကိုယ်ခံပညာရပ်နှင့်ပက်သက်လို့ မစကြည့်ရှုပေးရမယ်လို့ တပည့်တော်ကို တာဝန်ပေးအပ်ထားကြလို့ လာရခြင်းပင်ဖြစ်ပါတယ်။

ဘယ်ပုဂ္ဂိုလ်ကြီးများက အရှင်ဘုရားကိုတာဝန်ပေးကြပါသလဲဘုရား၊ ဂိုဏ်းချုပ်ဆရာတော် ဘုရားကြီးဦးဝါယမ ပဋ္ဌမ်ဦးအောင်စသော ပုဂ္ဂိုလ် ၁၂ ပါးက တာဝန်ပေးကြပါတယ်၊ အဲဒီတော့ အရှင်ဘုရားက တပည့်တော်ပေးသမျှ နည်းနာနိသျှတို့ကို ကျကျနန ကျေကျေပွန်ပွန်ပြုလုပ်ပါ၊ ပြုလုပ်သော အခါ တိုင်းဂိုဏ်းချုပ် ၁၂ ပါးနှင့်ပေါက်ပုဂ္ဂိုလ်များပင့်၍ ကိစ္စကြီးငယ်တို့ကိုဆောင်ရွက်ပါ တချိန်တခါမှာ ကိုယ်တော်ကသာသနာပြုတာဝန်ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အရင်ကလည်းပုထိုးတော်ကြီး ၊ ကျောက်တော်ကြီး၊ ကျေးဘုရားကြီး စသောဘုရားများကို ပြင်ဆင်ခြင်း ထီးတင်ခြင်းတို့ကို ကိုယ်တော် ဆောင်ရွက်ခဲ့တာဘဲ ထိုကိစ္စများဆောင်ရွက်တဲ့အခါရန် အန္တရာယ် ကင်းရှင်းစေရန် အောင်မြင်ပြီးမြောက် ခရီးပေါက်မြောက်စေရန် ကိုယ်ခံပညာရပ်များကို ကိုယ်တော်ကိုလာပြပေးရတာဖြစ်တယ်။ကောင်းပါပြီ ဘုရား၊ အရှင်ဘုရားနည်းနာနိသျှ သွန်သင်ပြသတော်မူပါတပည့်တော်ခံယူဘို့ရာ အသင့်ဖြစ်ပါသည် ဘုရား။ ကဆုန်လပြည့်ကပေးခဲ့သော နည်းများပြုလုပ်ပြီးပါပြီလား၊ မှန်ပါပြီးပါပြီ သာဓုကိုယ်တော် သာဓု - သာဓု။

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ |
| အ | က | မ | ဋ္ဌ | တ | ဋ္ဌ | သ | ဋ္ဌ | မ | ဋ္ဌ | တ | ဋ္ဌ | မ | မ | သ | ဋ္ဌ |
| | | | ခ | ခ | မ | ခ | ခ | မ္ဗ | ခ | မ္ဗ | မ္ဗ | ခ | | | |

ဤပုံစံအတိုင်းကြေးကမ္ပဝါပြားတွင် ရေး၍ သရဏဂုံ ၃၀ ကို တပုဒ်လျှင် ၃၀ စီစုပ်၊ ၃၀ ဆိုတော့ ၉၀ ပေါ့၊ အဲဒီသရဏဂုံ ၉၀ ကို တစ်ထိုင်တည်းနှင့် ပြီးအောင်မန်းဆောင်ထား၊ မှိုင်းခံစက္ကူများလည်း

ဇဝပြည့်အောင်ချသောက်၊ လုပ်နည်းကို လဲ မှတ်ထားဖုံး မှန်ပါဘုရား မိန့်တော်မူပါ - စီရင်အရာဟူသမျှကို တနချေဂါထာများနှင့် ချေပြီးမှ အင်းချခြင်း၊ စမရေးခြင်း၊ စာရေးခြင်းများကို ပြုလုပ်ရမည်ကိုယ်တော်၊

ဥုံ ဗုဒ္ဓ စကြာဝဠာဟူရုံဝ်။ ဥုံဓမ္မစကြာ ဝဠာဟုရုံဝ်။ ဥုံ သံဃစကြာဝဠာ ဟူရုံဝ်။ ဥုံ တနတန၊ မဟာတန၊ သဗ္ဗတန၊ ကမ္မတန၊ ကတ္တိတန၊ ပုရိသတန၊ တနကြီး ၊ တနငယ်စင်ကြယ် သွားဟ ဤဂါထာများဖြင့် ၇ အုပ်မန်းပြီးမှ စီရင်-

ထို့နောက် အဟိန်းဂါထာများ၊ အနှိုးဂါထာများ၊ အထဂါထာများ၊ အချုပ်ဂါထာများ၊ သိဒ္ဓိတင်နတ်နှိုးဂါထာများ၊ သိဒ္ဓိတင်ဂါထာများနှင့် စီရင်ပါ၊ အချုပ်ကတော့ သိဒ္ဓိတင်ဖို့ ဘယ်ခါမျှမမေ့နှင့်ကိုယ့်လက်ဝယ်ကိုယ်မည်သူကလာပေးပေး သိဒ္ဓိသာတင်ထားလိုက်၊ ထိုကဲ့သို့ ပြန်ပြီးသိဒ္ဓိတင်ထားကမူ အစီအမံအတိုင်း သိဒ္ဓိတက်၍ ဆ - ထက်လွန်ကျူး ၊ အထူးအစွမ်းထက်လာတယ်။

***အဟိန်း ဂါထာ* - " ဥုံ မဟာရန္တာ၊ မဟာရန္တာသွားဟ" ၇အုပ်မန်း**

***အနှိုးဂါထာ***

ဥုံ ဇမ္ဗူဒီပါ၊ သနျာပတ်ကုံး ကျွန်းလုံးနှံ့မျှ စောင့်ဘုံကြသည့်၊ ယက္ခယက္ခာနတ်ဒေဝါတို့ ဘုရားအာဏာ၊ တရားအာဏာ၊ သံဃာအာဏာတော်မြွက်၊ စက်အာဏာကြောင့် မကြာထုတ်ချင်းရောက်စေသော်၊ ရောက်လျှင်ရောက်ချင်း မကျန်ကြွင်းအောင်၊ လျှင်လျှင်ချင်းသောစွာ ယခုလာ၍ငါ၏အင်း၊ငါ၏စမ၊ ငါ၏ဆေးကိုသွင်းကြ အသက် နတ်ရင်ရွှေနှင့်ပွေ့ကာဖက် (အင်းချက်ချင်း၊ စမချက်ချင်း၊ ဆေးချက်ချင်း) ဝင်စေသော်ဝ်၊ (အင်းသက်၊ စမသက်၊ ဆေးသက်) တန်ခိုးထွက်၍ ဘဝဂ်ထုတ်ချင်းခတ်စေသော်ဝ်၊ ငါ၏ အင်းရာဇာ၊ စမရာဇာ၊ တောင်ကြီးခုနှစ်လုံး ပြုန်းပြုန်းပြိုစေသော်၊ မြင့်မိုရ်တောင်ပျောင်းပျောင်းကျိုး၏။ တော်လည်းလဲ၏။ သဲသဲကျောက်ဖျာရွရွပါ၏။ အထက်ကောင်းကင်မှာ စန္ဒာလမင်း စင်းစင်းသေ၏။ ကွာလေဖြတ်ဖြတ်နှင့်အတတ် မတ်တပ်သေ၏၊ ဥုံ ဘကား နေမျိုး၊ ဘိုးကားလမင်း၊ ထက်ကောင်းကင်က နိုင်ငံချင်း အင်းမြတ်ဘုန်းခေါင် ငါ၏အကျိုးတို့၍ဆောင်၊ တောက်လျှောင်ရှိန်စက် ထိန်ထိန်လတ် ဘဝဂ်ထုတ်ချင်းခတ်စေသောဝ်။

***မှတ်ချက်***

အင်းမြတ်ဘုန်းခေါင်နေရာမှာ စမမြတ်ဘုန်းခေါင်၊ ဆေးမြတ်ဘုန်းခေါင် စသည်ဖြင့် ကိုယ်စီရင်သောအရာထည့်ဆိုပါ၊ ၇အုပ်မန်းပါ၊

***အထဂါထာ***

ဥုံ သထ - ဆရာလမိုင်းထ - ဆရာထ - ကြွလာ ကြွလာ - ကြွ ကြွ ဆရာကြွ၊ ကြွ ဆရာကြွ၊ ဆရာ့ထံမှာ၊ လာလာ (တကွက်အင်းမှာ တလုံး၊ စမမှာတမှုံ၊ ဆေးမှာ) မနေသာ

ဥုံ သိဒ္ဓိကိစ္စံ၊ သိဒ္ဓိကမ္မံ၊ သိဒ္ဓိပီယံ၊ တထာဂတံ၊ သိဒ္ဓိကိစ္စေ၊ အစ္စံနမော၊ ဗုဒ္ဓနုဘာဝေန၊ အစ္စံနမော ဓမ္မာနုဘာဝေန၊ အစ္စံနမော သံဃာနုဘာဝေန၊ အစ္စံဒူရေ ဒူရေ သွား ဟုံ ဟုံ ကိုးခေါက်ရွတ်မန်း )

***အချုပ်ဂါထာ***

ဥုံ ဗုဒ္ဓံချုပ်၊ ဓမ္မံချုပ်၊ သံဃံချုပ်၊ ဗြဟ္မာချုပ်၊ ဒေဝါချုပ်၊ ယက္ခချုပ်၊ ချုပ်စရာချုပ် ၇ခေါက်မန်းချုပ်၊

**အစောင့်နတ်နိုး မန္တရား**

ဩြောင်း ရတိဇံမေ - ဩြောင် ရတိ ဓာတုတန်၊ သာရသမ္ဘဝံ၊ ရတိမေဇယ၊တိဋ္ဌတုရတနေ၊ သရသံ ဘဝေ၊ တထာဝ = တမသဒိတံ၊ ဒေဝဒေဝံ၊ ဝိနသဿက် - စာမဓာရံ သောမေဒေတု၊ ဝရံဇိနော၊ နောမဟံ၊ ဝိန္ဓေယျံ၊ ဝရသော၊ သိဝဓါရဏံ၊ ယဥ္ဇာတံ၊ ပုဇနေယျံ၊ ပါတုမံ၊ သိဒ္ဓိမေ - သတံ။ မည်သည့်အစီအမံ မဆို ၇အုပ်နိုးလေ။

**အချုပ်သိဒ္ဓိတင်ဂါထာတော် -**

ဥုံ နမော ဗုဒ္ဓသ ဗုဒ္ဓါယျသိဒ္ဓိ ၊
ဥုံ သိဒ္ဓိ နမောဗုဒ္ဓသဗုဒ္ဓါယ။
ဥုံနမောဓမ္မသသိဒ္ဓိ၊ သိဒ္ဓိနမောဓမ္မသ
ဥုံနမောသံဃသသိဒ္ဓိ၊ သိဒ္ဓိနမောသံဃသ၊
ဥုံနမောပစ္စေက ဗုဒ္ဓေါနံသိဒ္ဓိ၊ သိဒ္ဓိနမောပစ္စေကဗုဒ္ဓနံ၊
ဥုံနမောအရဟန္တာနံသိဒ္ဓိ၊ သဒ္ဓိနမောအရဟန္တာနံ၊
ဥုံသဟဿံမဟာဗြဟ္မာနံသိဒ္ဓိ၊ သိဒ္ဓိသဟဿံ မဟာဗြဟ္မမာနံ၊
ဥုံဒေဝါနံသိဒ္ဓိ၊ သိဒ္ဓိဒေဝါနံ၊
ဥုံစတုန္နံမဟာရာဇာနံသိဒ္ဓိ၊ သိဒ္ဓိစတုန္နံမဟာရာဇာနံ၊
ဥုံသက္ကာနံသိဒ္ဓိ၊ သိဒ္ဓိသက္ကာနံ၊
ဥုံဂန္ဓဗ္ဗ၊ ကုမ္ဘဏ္ဍ၊ နာဂယက္ခာနံ၊ သိဒ္ဓိ၊ သိဒ္ဓိဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂယက္ခာနံ
ဥုံ ဩကာသ ဗိန္ဓုယါ ဥပ္ပန္နံသိဒ္ဓိ၊ သိဒ္ဓိဩကာသ၊ ဗိန္ဓုယာ ဥပ္ပန္နံ သဗ္ဗကိစ္စံ မေသိဒ္ဓိ၊ သိဒ္ဓံ၊
သိဒ္ဓိသိဒ္ဓံမေသဗ္ဗကိစ္စံ၊ သု အာ ဟုံ။

ရ အုပ်မန်းစုတ်၊ မည်သည့်အစီရင်မဆိုတင်လေ။ အချုပ်အားဖြင့်ပြောရမယ်ဆိုလျှင် စုံး၊ နတ်၊ သားရဲဘေးအန္တရာယ်များ မည်သို့မှအနှောက်ယှက်ခြင်းမပြုဝန့်အောင်၊သမ္ဗသမ္ဗုဒ္ဓေါသိဒ္ဓိဆိုပြီး ပုတီးတလုံး ချန်နက်ထမှာ အရှေ့ဘက်မျက်နှာပြုပြီးဘုရားကိုအာရုံပြု၍ ၁၀၈လုံး၊ ပုတီးကိုရေတခွက်ရှေ့မှာချပြီး စိတ်မန်း၊ ဘုရားကိုအာရုံပြုစိတ်၊ ဘုရားသက်တော်ရှစ်ဆယ်အရရက်ရှစ်ဆယ်စိတ်ပါ၊ တခါစိတ်လျှင် နှစ်ဆယ့်ခုနှစ်ပတ်စိတ်ပါ၊ စိတ်သောအခါတိုင်းရေ-မီး-ပန်းအမွှေးတိုင်တတ်နိုင်သမျှတင်ပြီးစိတ်ပါ၊ စိတ်၍တခါထိုင်ပြီးတိုင်း ရှေ့တွင်ထားသောရေခွက်ကိုသောက်ပါ၊ ရက်ရှစ်ဆယ်မပျက်မကွက်အောင်မြင်သွားပါက၊ မည်သို့သောစုံးနတ်ပယောဂမှမလုပ်နိုင်တော့ပါဘူးကိုယ်တော်- နောက်ဆုံးနည်းကိုတော့လုပ်ပါမည်ဘုရား၊အင်းများသောက်ရသည့်ကိစ္စကတော့အကြောင်းညီညွတ်သောနေ့ကိုပြုလုပ်ပါမည်ဘုရား၊ ကောင်းပါပြီကိုယ်တော်- သာဓု-သာဓု- သာဓု ဒီဆောင်ပုဒ်ကြီးကိုလဲမှတ်ထားပါအုံး-

"အရဟံ-ဘုရားထက်သာဆရာမရှိ၊ အရဟံ-ဘုရားကိုပြိုင်နိုင်သူမရှိ၊ အရဟံ-ဘုရားကိုကျော်တော်သူမရှိ၊ အရဟံ-ဘုရားဂုဏ်တော်ခြုံ-အားလုံးလုံ၏၊ အရဟံ-ဘုရားနှင့်တူ ဇမ္ဗူမရှိ"

အဲဒီအချက်ငါးချက်ထိပ်ထက်စွဲမှတ်ပေတော့ကိုယ်တော်၊ ကောင်းလှပါပြီဘုရား ကျေးဇူးကြီးလှပါတယ်၊ နောက်ပုတီးစိတ်သောအခါ ဘေးရန်အန္တရာယ်ရှင်း၍ သိဒ္ဓိတံခိုးတိုးအောင် မိမိအလိုဆန္ဒပြည့်

လာအောင် စိတ်သောနည်းကို နည်းပေးအုံးမယ်ကိုယ်တော် မှတ်ထားအုံး။မှန်ပါဘုရား-တနင်္ဂနွေသား၏ ပရိဝါရအရပ်ဖြစ်သော တနင်္ဂနွေဒေါင့်က ဘုရားတန်ခိုးကြီးမှာ ပုတီးစိတ်လျှင် အခြံအရံပေါများခြင်း၊ နတ်လူစသောသတ္တဝါများ ချစ်ခင်စေခြင်း အကျိုးရရှိပါသည်။ တနင်္ဂနွေသား၏အာယုအရပ်ဖြစ်သော တနင်္လာထောင့်ဘုရား တန်ခိုးကြီးမှာပုတီးစိတ်ပါလျှင် အသက်ရှည်ခြင်း၊ ရောဂါကင်းခြင်း၊ ဘေးအန္တရာယ် ကင်းခြင်းစသောအကျိုးထူးကိုရနိုင်ပါတယ်၊ တနင်္ဂနွေသား၏နာဂရအရပ်ဖြစ်သော အင်္ဂါထောင့်ကပုတီး စိတ်ပါလျှင် အိမ်ရာကိစ္စမြို့ရွာကိစ္စဆက်ဆံရေးကိစ္စများအောင်မြင်နိုင်ပါတယ်။တနင်္ဂနွေသား၏ ဘုမ္မိအရပ် ဖြစ်သော ဗုဒ္ဓဟူးထောင့်ကဘုရားတန်ခိုးကြီးမှာ ပုတီးစိတ်ပါလျှင် သူတပါးမကောင်းကြံခြင်းကပြုနိုင်၊ မကောင်းကြံသောတန်ပြန်စေနိုင်ခြင်းအန္တရာယ် အပေါင်းကိုကာကွယ်နိုင်ခြင်း အကျိုးကိုရရှိနိုင်ပါတယ်၊

တနင်္ဂနွေသား၏ဂဟပတိအရပ်ဖြစ်သောစနေထောင့်ကဘုရားတန်ခိုးကြီးမှာပုတီးစိတ်ပါလျှင် မိမိထက်အကြီးအကဲများ ကိစ္စ၊ ဆရာသမားများကိစ္စ၊ မိဘများကိစ္စ၊ တိုင်းပြည်မြို့ရွာအုပ်ချုပ်ရေး ကိစ္စတို့ အောင်မြင်နိုင်ပါတယ်။ တနင်္ဂနွေသား၏တေဇအရပ်ဖြစ်သော ကြာသပတေးထောင့် ဘုရားတန်ခိုးကြီးမှာ ပုတီးစိတ်ပါလျှင်တန်ခိုးကြီးမားခြင်း၊ ဘုန်းအာဏာကြီးခြင်း ဂုဏ်သတ္တိကြီးမားခြင်း အဟန့်အတားများ ပြုနိုင်ခြင်းစသော အကျိုးကိုရရှိစေနိုင်ပါသည်။ တနင်္ဂနွေသား၏ဌာနအရပ်ဖြစ်သော ရာဟုထောင့်က ဘုရားတန်ခိုးကြီးမှာပုတီးစိတ်ပါလျှင် အလုပ် အကိုင်ကိစ္စ၊ ရာထူးနေရာဌာနကိစ္စအိုး အိမ်တည်မြဲရေး ရရှိရေး ကိစ္စဆောင်ရွက်ရာတွင် အကျိုးပြီးစေနိုင်ပါသည်။ တနင်္ဂနွေသား၏ သီရိအရပ်ဖြစ်သော သောကြာ အရပ်ကဘုရားတန်ခိုးကြီးမှာပုတီးစိတ်ပါ လျှင်ဘုန်းကြက်သရေကြီးမြတ်ခြင်း လောကီဝိဇ္ဇာ အတတ်၊ တိုးတက်ခြင်းကောင်းမြတ်သောနည်းနာနိဿ ရ များရရှိခြင်းစသောအကျိုး ကိုရရှိစေနိုင်ပါသည်။

ဤတနင်္ဂနွေသားသဘောသွားအတိုင်းကျန်နေ့များကိုပြုလုပ်ပါကိုယ်တော်လောကီဆိုတာကီ နိုင်မှကိုယ်တော်၊ လောကုတ်ဆိုတာကလဲကုတ်နိုင်မှဖြစ်တယ်၊ ကီမကျ၊ ကုတ်မကျဆိုလျှင် ဘရုတ်သုတ်ခ ဖြစ်သွားတာဘဲ ကိုယ်တော်-နောက်တနည်းကတော့ကိုယ်တော် နေ့အလိုက်မိတ်တွဲခြင်း၊ ဓါတ်တွဲခြင်း ရန်တွဲခြင်းပြုလုပ်ပြီး ရည်ညွှန်းချက်နှင့်ပုတီးစိတ်ပါလျှင်အလွန်ထိလေရဲ့-

ဥပမာ- တနင်္ဂနွေနေ့၊ ကြာသပတေး အရပ်မျက်နှာမူပြီးစိတ်၊ အောင်ပဓါတ်ဖြစ်၍မိတ်ရတယ်၊ ထိုနည်းတူ တနင်္ဂနွေနေ့သောကြာအရပ်မျက်နှာမူလျှင်နံသင့်မိတ်ရတယ်၊ တနင်္ဂနွေနေ့စနေအရပ် မျက်နှာ မူလျှင် အန္တောဖြစ်၍ဓါတ်ရတယ်၊ ပူဇော်ဖွယ်၊ ပသဖွယ်တို့ကတော့နေ့သက် အလိုက်ပေါ့ ကိုယ်တော်နေ့ နေ့သက် ဆိုတာကတော့ တနင်္ဂနွေနေ့ဆိုလျှင် မီး၆တိုင်၊ ရေ၆အိုး၊ နံ့ပန်း၆ခိုင်၊ တံခွန်ကုက္ကား ၆ခုစီပိတ်ချင် သောအရာဖြစ်လျှင်ပိတ်လျှူ ပွင့်ချင်သောအရာဖြစ်လျှင် အဖွင့်လျှူပညတ်သွားရာ ဓါတ်သက်ပါဆိုတာလို ပေါ့ကိုယ်တော်ဉာဏ်ရှင်ပြီးသုံးသွားပေါ့- အတ္တဟိတပရဟိတသဘောဘဲ၊ သူ့အကျိုးဆောင်ကိုယ့်အကျိုး အောင်ဖြစ်ပါတယ်ကိုယ်တော်-အောင်ပါစေကိုယ်တော်အောင်ပါစေ။

ကဲမိုးလဲလင်းသွားပြီ၊ ဝတ်တက်တဲ့သူတွေတောင်အမျှဝေနေကြပြီသွားလိုက်အုံးမယ်ကိုယ်တော်- ကောင်းလှပါပြီဘုရား၊ ကျေးဇူးအထူးတင်ရှိပါတယ်ဘုရား-

နေ့စဉ်ပုတီးအဓိဋ္ဌာန်စိတ်၊ ဦးပဉ္စင်းကိုရင်များကျောင်းသားများစာ ချစာပြနှင့်အချိန်ကုန်မှန်း မသိကုန်လာရာ၊ ၁၃၂၇-ခု၊ ဝါဆိုလပြည့် မွေစကြာအခါတော်နေ့တိုင်ရောက်ခဲ့၍၊ သံဃာတော်၉၀၊

လူ၃၀၀ကျော်တို့ လက်ဖက်ရည်အချိုမုန့်၅မျိုးနှင့်ကျွေးမွေးလှူဒါန်း၏။ နံနက်၉နာရီကစ၏ ညနေလေးနာရီခွဲမှပြီးသွား၏။ ဝါဆိုလပြည့်ကျော်၁ရက်ဗုဒ္ဓဟူးနေ့ ဝါဆိုကြ၏ဝါဆိုသံဃာဦးပဥ္စင်း ၉ပါးကိုရင်၁၀ပါး၊ ဝါဆိုကြ၏ လူတော်တော်စည်ကား၏၊ ကျွန်ုပ်၉ထောင်ပြည့်စေတီ တည်လာတာက ရှစ်ဆူတည်ပြီးသောနေ့ဖြစ်၏၊ ခါတ်ပုတီးကတေဇောခါတ်ရောက်နေ၏ သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော် စိတ်နေတာဖြစ်၏။

## သတိ- နီတိများ

၁။ သဘာဝယုတ္တိကို ၊ သာဓကယုတ္တိဖြင့်အရောင်တင်ရာ၏၊
၂။ ပင်ကိုယ်အသိဉာဏ်ရှိသူသည်မိမိကိုယ်တိုင်ဆိုင်းဘုတ်ကပ်ထားလိမ့်မည်မဟုတ်၊
၃။ လောဘထူပြောသူအဖို့မိုက်မဲသောအလုပ် ပြုလုပ်ရန်ဝန်လေးလိမ့်မည်မဟုတ်၊
၄။ သာမန်လူစားဘဝမှ မြင့်မားသောတန်ခိုးရှိသော ဘဝသို့ရောက်အောင်ကြံစည်အားထုတ်ပါ။
၅။ နှလုံးသားမှလာသောမေတ္တာမှာခံတွင်းမှလာသောမေတ္တာထက်ခိုင်မြဲ၏၊ သို့သော်လည်းခံတွင်းမှမေတ္တာစကားပြောသည်ကိုပင် သာစုခေါ် ထိုက်ပါပေ၏။
၆။ အထွဋ်အထိပ်သို့ ရောက်လိုပါလျှင်အဆင့်ကျော်၍မလှမ်းရာ၊
၇။ သူတပါးအတွက်အကျိုးပြုနိုင်အောင်စိတ်ရင်းကောင်းထား၍အစဉ်ကျိုးစားပါ၊
၈။ မောက်မာသောအပြုအမူပြောအဆိုသည်ဆက်ဆံရေး၏အက်ကြောင်းကြီးဖြစ်၏။
၉။ တင်းတိမ်ရောင့်ရဲမှုသည်သီးခံမှု၏မီးရှူးတန်ဆောင်ဖြစ်၍သမာဓိကိုထွန်းစေပါသည်။
၁၀။ အစီအစဉ်မကောင်းလျှင်လုပ်ငန်းလျှော့ရဲရဲဖြစ်တတ်ပေရာအောက်သက်ကျေအောင်ပြုလုပ်ပါ၊ အောင်သက်ကျေမှအစီအစဉ်ကောင်း၏၊ အစီအစဉ် (သို့) အစီအရင်ကောင်းမှ အထက်ရောက်ခြင်း၏ လှေကားထစ်ဖြစ်ပေ၏။
၁၁။ ဆင်းရဲခြင်းနှင့်ကြွေးတင်ခြင်းကြားဝယ် စိတ်မချမ်းမြေ့ခြင်း၏ ဝေဒနာကပိစီးနှိပ်စက်တတ်ပေ၏။
၁၂။ အချိန်နှင့်စည်းကမ်းသည်လုပ်ငန်းတခု၏မဏ္ဍိုင်ဖြစ်၏။
၁၃။ ဆင်းရဲခြင်းနှင့်ကြွေးတင်ခြင်းကြားဝယ် စိတ်မချမ်းမြေ့ခြင်း၏ ဝေဒနာကပိစီးနှိပ်စက်တတ်ပေ၏။
၁၂။ အချိန်နှင့်စည်းကမ်းသည်လုပ်ငန်းတခု၏မဏ္ဍိုင်ဖြစ်၏။

၁၃၂၇ ခု၊ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်တိုင်အောင် ပုတီး၂၇ပတ်နေ့တစ်ကြိမ် ၅ကြိမ်တိုင်ရန်အဓိဋ္ဌာန်ပြု၏။ အဓိဋ္ဌာန်ဝင်၏။ ကျွန်ုပ်ပုတီးစိတ်သောအခန်းတွင်းမှာ ဦးပဥ္စင်း၊ ကျောင်းသားများမဝင်ရဟု အမိန့်ထုတ်ထား၏။ ကျွန်ုပ်ပုတီးစိတ်တိုင်း -သံ-ဂုံ-ပ-မ-ယျ ဘုရားငါးဆူ၊ မီးတိုင်၅တိုင်၊ ရေ၅ခွက်စီ၊ ပန်း၅ခိုင် စီလှူဒါန်းပြီးစိတ်၏။ ဝါဆိုလကွယ်နေ့ အရုဏ်တက်ချိန်ပုတီးစိတ်၏။ မျက်စိမှိတ်ထားသော အာရုံထဲမှာ ပွဲထဲကဇော်ဂျီအဝတ်အစားများနှင့် ဇော်ဂျီများ၊ ကျွန်ုပ်ကို ပတ်ချာလှည့်ကနေကြ၏ဟု တွေ့၏။ အာရုံလား တကယ်လားဆိုတာသိရအောင် မျက်စိဖွင့်စိတ်၏။ ဇော်ဂျီငါးယောက်ဝိုင်းပြီးကနေတာတွေ့ရ၏။ ကျွန်ုပ်လဲ ပုတီးစိတ်တာမပျက်ရအောင် အတော်ကျိုးစားသတိထားစိတ်ရ၏။ ပုတီးပြီးသွား၏။ မေတ္တာပို့အမျှဝေလိုက်၏။ ပါတ်လည်မီးခိုးတန်းကြီးများ ၅ခုဖြစ်နေ၏။ တဖြည်းဖြည်းနှင့်ပျောက်ကွယ်သွား၏။ ဩ-ဆန်းပြားကျယ်ပေစွတကားဟုစိတ်ထဲကအောင့်မေ့၏။

ဝါခေါင်လပြည့်နေ့မေတ္တာအခါတော်နှင့်သံဃာယနာအခါတော်နေ့ပြုလုပ်၏။ သံဃာတော် ၆၃ပါး၊ လူ ၃၅၀ကျော် ကြာဇံတိုက်၏။ အထူးစည်ကား၏။ ထိုနေ့ကအခါတော်နေ့ဖြစ်၍ လူညှော်ခံ၊ တရားဟောနှင့် နေ့အချိန်ပုတီးမစိတ်ဖြစ်၊ ည ၇-နာရီမှာ ၁၀၈ ပတ် တကြိမ် အပိုနှင့်တကွ ၅၄ ပတ် တကြိမ် ပေါင်း ၂ကြိမ်တိုင်၏။ ည ၁၁-နာရီမှပြီးသွား၏။ ပုတီးထိုင်နေသောရှေ့မှာ ခါတ်လုံး၂လုံး တွေ့ရ၏။ ဝမ်းသာသွား၏။ နောက်မှာစဉ်းစားပြီး ဒါကိုလက်ဝယ်ထားလျှင် ဟိုလုပ်ဒီလုပ် လုပ်နေလိမ့် မယ်ဆိုပြီး ကျွန်ုပ်၏ကိုးနဝင်းစေတီလေးထဲမှာ ဌာပနာလိုက်၏။ သီတင်းကျွတ်လပြည့် အဓိဋ္ဌာန်ပြီးသော နေ့မှာ - သိဒ္ဓိပေါက်သရဏဂုံအင်းတော် ၅အင်းကို ပုတီးထိုင်နေသောနေရာတွင် ထပ်ရက်ကလေးတွေ့၏။

(၁)

| | | |
|---|---|---|
| ဗုဒ္ဓ | ရ | ဏ္ဍာ |
| ဂ | ၂၄ | ဒွံ |
| သ | မိ | ဏံ |

(၂)

| | | |
|---|---|---|
| ဓ | ရ | ဏ္ဍာ |
| ဂ | ၄၅ | မ္မံ |
| သ | မိ | ဏံ |

(၃)

| | | |
|---|---|---|
| သံ | ရ | ဏ္ဍာ |
| ဂ | ၆၇ | ယံ |
| သ | မိ | ဏံ |

(၄)

| | | |
|---|---|---|
| က | နာ | ဏီ |
| ပါ | ၁၂၄၇<br>၅၆၇ | ဏော |
| လေ | နံ | စ |

(၅)

| | | |
|---|---|---|
| ဧ | တံ | ယါ |
| ရ | ၁၂၃၄<br>၅၆၇ | ဝ |
| မေ | မိ | ဓါ |

ဤအင်းများကို လူဖြစ်လျှင် ဝတ်ဖြူစင်ကြယ်ဝတ်၊ ဥပါးသီလခံ၊ ကန်တော့ပွဲ၃ပွဲ၊ ဘုရား တစ်ပွဲ၊ တရား-သံဃာ၊ ရွှေပြား၊ ငွေပြား မိုင်းကိုင်စက္ကူသန့်သန့်တွင်ရေးစုတ်၊ နက္ခတ်-ခပတ်အကြံ့၌ သိမ်ထဲတွင် စီရင်လေ။ ဤငါးအင်းလုံးတပြားတည်းစီရင်၍ အဖျားကစပြီးလိပ်၊ အောင်ချည်ကိုကြိုးတပ်၊ သိမ်ထဲတွင် သရဏဂုံ၃ပါး၊ ဦးခံပြီးတစ်ထောင်စုတ်၊ (၎င်းနောက် တောင်ထိပ်တွင်တစ်ထောင်စုတ်)

ဤအင်းများချသည့်အခါရွတ်ရမည့်ဂါထာကား - ဦးဘုရားဟူက မောဂ္ဂလ္လာနှစ်ဆယ့်လေး၊ ဦးတရားဟူက ဇာလီကွေးလေးဆယ့်ငါး၊ ဦးသံဃာဟူက သံချပ်ဝတ်ခြောက်ဆယ့်ခွန်၊ ဦးစူတင်ထေရသကို ဆောင်တော်မူသောအရှင်မဟာကဿပမထေရ် ကိုန်းဝပ်တော်မူသည်။ အလုံးစုံသော ရန်မာရ် အန္တရာယ် ရောဂါဟူသမျှရှောင်လေ၊ ရှားလေ၊ ဖယ်လေ၊ လွှဲလေ၊ ကွယ်လေ၊ ကာလေ၊ ပြန်ဆရာပြန်၊ လန်ဆရာလန်၊ ပြောင် ဒူရေ-ဒူရေ-သွား ဟုံဟုံ။ အင်းချနေစဉ်ရွတ်ပြီးနောက် သိမ်ထဲတွင်သရဏဂုံတစ်ထောင်စုတ်၊ ပြီးကထဲက ၃၇ အုပ်နိုး ခဲ့ရမည်။

အကျိုးကား - ကာယစပြီး၊ ရှိန်းဆာယာမြောက်အပါး ၃၀ပေါက်၏။ ဩဇာတိက္ကမကြီး၏။ အန္တရာယ် အမျိုးမျိုးကင်း၏။

၁၃၂၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက်နေ့၊ ကျော်အောင်စံထားဆရာတော်ကြီးများ နှစ်ပတ်လည်ဆွမ်းကျွေးပွဲတော်ပြုလုပ်၊ သံဃာ-၈၀၊ လူ-၃၀၀ ကျော်ဆွမ်းကျွေး၏။ ၁၃၂၇ ခု၊ ပြာသိုလပြည့် ကြာသပတေးနေ့ မင်းကွန်းဘုရားဖူးများလိုက်ပို့၊ ဘုရားများ ပုတီး ၉ပတ်စိတ်ခဲ့၏။ သူ့အိုရုံအမကြီး ဒေါ်ဦးဖွန်းအကြောင်းကိုမှတ်ခဲ့၏။ ဒေါ်ဦးဖွန်း ၁၂၃၇ ဖွား၊ ၁၃၀၆ အနိစ္စရောက် လူအိုရုံကို ၁၂၇၆ ခုနှစ် တည်ကြောင်းမှတ်ခဲ့၏။ ကျောင်းသို့ ညနေ၅နာရီရောက်၏။ ၁၃၂၇ ခု၊ ၉နာရီ မန္တလေးသွား ဝိနယအမြဲ တေစာအုပ်သွားယူ၊ ဈေးချိုထဲလျှောက်သွား ခြောက်သွေ့နေ၏။ မြင်းတောင်ပြေးနိုင်လိမ့်မည်ထင်၏။ ပြည်သူပိုင်သိမ်းသောရက်ပိုင်းခေတ်ဖြစ်၏။ အပြန်ဘုရားဝင်ပြီး ပုတီးစိတ်၏။ နားထဲတွင် အသံတစ်သံ ပီပီသသကြားရ၏။ "ခေတ်ဆိုတာ အာရုံ မရောက်နှင့် မိမိကိုယ် မဆိုးရန် အာရုံပြု" ထိုအသံကြားပြီးနောက် အမွှေးနံ့များရလာ၏။ ပုတီးစိတ်တာ လဲပြီး၍ ထပြန်ခဲ့၏။ ၁၃၂၇ ခု၊ တပို့တွဲလဆန်း ၁ရက် စနေနေ့ မွေးနေ့၊ မွေးလ၊ မွေးရက်ဖြစ်၍ မုန့်ဟင်းခါးကျွေး၏။ သံဃာ ၁၀၈ပါး၊ လူ ၃၀၀ကျော်၊ ဖယောင်းတိုင် ၁၀၈တိုင်၊ ပန်း အောင်သပြေ ၁၀၈ခိုင်၊ ရေချမ်းအိုး ၁၀၈လုံး လှူ၏။ ဘုရားအလောင်းမွေးဖွားစ ကြွေးကြော်သောစကား၃ခွန်းကိုပုတီးစိတ်၏။

၁။ အဂ္ဂေါဟမသ္မိ လောကဿ၊ ၂။ ဇေဋ္ဌောဟမသ္မိ လောကဿ၊ ၃။ သေဋ္ဌောဟမသ္မိ လောကဿ

ဤသုံးခွန်းကို ၁၀၈ ပတ်စိတ်၏။ တစ်ကိုယ်လုံး ဖိန်းဖိန်းနှင့်တုန်လာပြီး တုန်လှုပ်နေ၏။ ပုတီးကို အနိုင်နိုင် တော်တော်ကိုင်ထားရ၏။ အတွေ့တမျိုးဖြစ်၏။ လဆန်း -၁-ရက်မှ လပြည့်အထိအဓိဋ္ဌာန် ပုတီးစိတ်၏။ ပုထိုးတော်ကြီးသွားစိတ်၏။ အာရုဏ်တက်သွားစိတ်၏။တပို့တွဲလပြည့် ပါတိမောက် အခါတော်နေ့ပွဲတော်ပြုလုပ်၏။

သံဃာတော် ၇၂ ပါး၊ လူ ၃၀၀ကျော် မုံ့တီကျွေး၏။ နံနက်၉နာရီမှ ညနေ ၅နာရီထိ ပြုလုပ်၏။ ဆရာကြီး ဦးကျော်ငြိမ်း ဝတ်သင်းက ပရိတ်မေတ္တာများရွတ်ဖတ်သရဇ္ဈာယ်ကြ၏။ သံဃာ တော်များကလဲ ရွတ်ဖတ်ကြ၏။ ကျွန်ုပ်ကတရားဟော၏။ ၁၃၂၇ ခု၊ တပေါင်းလဆန်း ၃-ရက် အင်္ဂါနေ့တွင် တောင်မင်းကြီးပုတီးစိတ်ရာမှ ပုဂ္ဂိုလ်ကြီး တစ်ယောက်က အချစ်တော်ကြီးဆေးနည်းပေး၏။

၁။ သိမ်ဝင်သပိတ်ကွဲ

၂။ မင်းစား၊ ဘုန်းကြီးစား၊ ကြွေပုဂံကွဲ

၃။ တံခိုးရှိသောပုဂ္ဂိုလ်များသုံးသောရေတံမှ ရေညှိ

၎င်းသုံးမျိုး ဆတူထောင်းကြိတ်၊ လပြည့်နေ့တွင် မေတ္တာသုတ်တော် ၁၀၈ ခေါက်မန်း၊ အချုပ် ဂါထာ - ဦ သဗ္ဗက္ကတ္တိ၊ ပုရိသစိတ္တံ၊ ပိယံမမ၊ ၁၀၈အုပ် အတောင့်ပြုထား၊ ရင်သွေး၊ လက်မောင်းသွေး နှင့်ရောခပ်၊ အညွန်းကိုမရေးပြီ။ ၁၃၂၇ ခု၊ တန်ခူးလဆန်း ၁၅ရက်၊ လပြည့်အင်္ဂါနေ့ ရွှေဂူကြီးဘုရား ပုတီးစိတ်ပြီး ခဏမှေး ပြီးအိပ်၊ ဘုန်းကြီးတစ်ပါးကန္နီးပြီး ကျွန်ုပ်ကိုမေး၏။ ကျွန်ုပ်က ဒီမြို့ကဖြစ်ကြောင်း ပြော၏။ သူ့ကိုမေးသော အခါ မန္တလေးကလို့ပြော၏။ ပုတီးစိတ်နည်းကိုမေး၍ ပေးခဲ့၏။ ထိုဘုန်းကြီးက လည်း ကျွန်ုပ်ကို ကြေးသတ်နည်းနှင့်ဆေးဒါန်းသတ်နည်းပေး၏။

**ကြေးသတ်နည်းကား**

လူရိုးနှင့်ကြက်ဟင်းခါးသီးသို့မဟုတ် အရွက် သို့မဟုတ် ပဥ္စင်းပါး အမှုန့်ကြိတ် - ဆတူ၊ ကြေး ဒိ-ဖြစ်လျှင် ဆေးလဲအထက်အောက် ဒိ သား စီထည့်ပြီးမီးပြင်းပြင်းထိုး လုံဘီလူးခေါင်းဖြစ်အောင်ထိုး ဥလုံးထိုး ဖျုပြီး သေ၏။ ရွှေနှင့်မှတ်တိုက်ပြီး ရောမှတ်မရော့သ၍ရောလေ -

**ဆေးဒါန်းသတ်နည်း ,**

ဆေးဒါန်းတစ်ဆ၊ သဇင်ဥနှစ်ဆရောကြိတ်၊ ၇ရက်မီးဖုတ်ရွှေလိုဥ၍ သေ၏။ မသေသေးက ဤကဲ့သို့ ၃ခါလုပ် သေ၏။ အပြော့ဆိုက်အောင် သေသောဆေးဒါန်းကို လုံဘီလူးခေါင်းဖြစ်အောင် ၃ခါလောက်ထိုး အပြော့ဆိုက် ဉာဏ်ရှိသလိုသုံးပါ။

၁၃၂၇ ခု၊ တန်ခူးလဆုတ်၁၂ရက်၊ တနင်္ဂနွေနေ့ နှစ်ဆန်း၁ရက်ဖြစ်၍ မင်္ဂလာအခါတော်နေ့ ကျင့်ပ၏။ သံဃာတော် ၈၁ပါးဆွမ်းကျွေး၏။ လူ၃၀၀ကျော်မုန့်ဟင်းခါးတိုက်၏။ နံနက်၉နာရီမှ ၅နာရီအထိ ဦးကျော်ငြိမ်း ဝတ်သင်းကပရိတ်ရွတ်ကြ၏။ သံဃာတော်များကလဲရွတ်၏။ နှစ်ဆန်း၁ ရက်နေ့မှ နှစ်ဆန်း၉ရက်၊ ကဆုန်လဆန်း ၆ရက်နေ့တိုင်တိုင် မဟာမြတ်မုနိဘုရားကို အရုဏ်အချိန် တိုင်း ပုတီးအဓိဋ္ဌာန်သွားစိတ်၏။ နေ့စဉ် ၁၀၈ပတ်စိတ်ခဲ့၏။ ၉ရက်ပြည့်နေ့တွင် ဦးပညာသာမိ ဆိုသော ဘုန်းကြီးတစ်ပါးနှင့်တွေ၏။ ထိုပုဂ္ဂိုလ်က အရှင်ဘုရားကို ပဌမံအင်းတော်နှင့် စောရကာကွယ်အင်းကို ပေးပါမည်အရှင်ဘုရား စီရင်ပါလော့၊ ကောင်းပါပြီ ဘုရား၊ စီရင်ပါမယ် ပဌမံအင်းလဲချပြီး အသုံးပြု ပါမယ်ဘုရား။ ကောင်းပြီကောင်းပြီ ကဲ ရေးရေး အရှင်ဘုရား။

| | |
|---|---|
| ၂ | ၇ |
| ချ | ချ |

ဤလေးတွက်အင်းကို သိမ်ဝင်သပိတ်ကွဲတွင်ချ ကျောင်းမှာ၊ အိမ်မှာထား၊ စောရမဝင်နိုင်ဘူး၊ စောရစောင့်အင်းဖြစ်တယ်၊ မြင့်ရာအရပ်မှာထားရတယ်။ ကောင်းပါပြီဘုရား။

| | | | | | |
|---|---|---|---|---|---|
| | ဗ | စ | န္တ | သော | |
| ဗြူ | စိ | နာ | ဟူ | မ | ယံ့ |
| မာ | သာ | ဟိ | တ္တာ | မု | ဒေ |
| အ | နံ | လ | မံ | အာ | ဂ် |
| နူ | ခ် | နိ | မ | ဝါ | တ္တ |
| | ဂ် | မ | က | လာ | |

ဤဗဟူဒေဝါအင်းကို အိုးထိန်းလက်ခတ်မြေနှင့် မီးခွက်လုပ်၍ ကောင်းစွာချ၊ မီးဇကိုးခြေထောက်၌ ထွန်းပါ၊ သူခိုးမနေနိုင်၊ အမယ်လေး၊ အလိုလေး အော်၍လာပါလိမ့်မည်။

| | | | | |
|---|---|---|---|---|
| က | ဏီ | ဋ္ဌီ | ငါ | ဃ |
| ငါ့ | ဃု | ဏ | ဏု | ဋ္ဌီ |
| ဏီ | ဋ္ဌါ | | ဃာ | ကိ |
| ဃိ | ကု | ဏာ | ဋ္ဌု | ငါ |
| ဋ္ဌ | ငါ | ဃိ | ကီ | ဏ |

ဤကြီးလေးလုံးငါဖုံးအင်းတော်၏ အင်းဆံကား - ကကာ ကိကီကု-ဃဃာဃိဃီဃု-ဏဏာဏိဏီဏု-ငငါငိငီငု-ပဋ္ဌဗုဒ္ဓါပတိဋ္ဌတု-ဉ္စဘဂဝါ-ဗုဒ္ဓေါ-သတ္တာဒေဝ မနုဿာနံ-အနုတ္တရောပုရိသ ဓမ္မသာရထိ-လောကဝိဒူ- သုဂတော-ဝိဇ္ဇာစရဏသမ္ပန္နော-သမ္မာ့သမ္ဗုဒ္ဓေါ-အရဟံ-သွားဟ။

ဤဂုဏ်တော်များ ၎င်းအင်းကို ၁၀၈ အုပ်မန်း-အကျိုးကား- ကြေးနီပြား၊ ငွေပြားတွင်ချ၊ အလယ်ကွက်တွင် ကြွေးရှင်နံ့ထည့် စိမ့်စမ်းရေထွက်သော ကမ်းပါးတွင်မြုပ်၊ ကြွေးရှင်မတောင်းလာ၊ ရှရှိလိုလျှင် နေပူမြှုပ်၊ ကျောက်ခဲတွင်ချလိုသူနံ့ထည့် သူမရှိသောနေရာချထား၊ အမှုအခင်းဟူသမျှ အောင်၏။

သံဃိကအုပ်ကြွပ်တွင်ချလိုသူနံ့ထည့်၊ တန်ခိုးကြီးနတ်စင်အောက်မြှုပ်၊ ပီယသျှိဖြစ်၏။ မှိုင်းခံတွင်ချ ကစားလိုသောနံ့ထည့် ကိုယ်မှာဆောင် (ကြီးလေးကောင်အောင်စေ)ဟု စိတ်တွင်းကရွတ်ကစား နိုင်၏။ အသုံးကျယ်ဝန်း၏။ ဉာဏ်ရှိတိုင်းသုံးပါကိုယ်တော်။

ဤပ-လေးထောင့် ပဌဂံအင်းတော် အကျိုးကား - သူပြု၊ စုန်း၊ နတ်ပယောဂ အပေါင်း မပြုနိုင်၊ သေနတ်မီး ပေါက်လွဲ၍ ကာယသိဒ္ဓိမြောက်၏။ အိမ်လေးဒေါင့်မှာ မြှုပ်၊ ရန်သူများမကြံစီနိုင်၊ ရန်အပေါင်း လွတ်ငြိမ်း၏။ သမ္မာဒေဝနတ်အပေါင်း စောင့်ရှောက်၏။ ဉာဏ်ရှိတိုင်း သုံးပါကိုယ်တော်။

| | | | | | | |
|---|---|---|---|---|---|---|
| ပ | သ | က္ခ | ဒု | မေ | တော | ပ |
| လ | နိ | ဋ္ဌ | သ | ဒံ | ဝိ | ဿ |
| မံ | နာ | က | ဏ | န | က | ဒု |
| သ | မေ | မ | နံ | တိ | ဒ | ဘ |
| နိ | တော | ဝိ | က | သ | ဒ | ယါ |
| နိ | နု | ဋ္ဌ | နိ | ဒိ | ဇေ | နိ |
| ပ | ဒု | မ | မ | ဿ | မာ | ပ |

ပဌမံ (ပ)လေးထောင့်သေအင်းဇံဂါထာကား -

ပဌမံ သကလက္ခဏ မေကပဒံ၊
ဒုတိယာဒိပဒဿနိဒဿနတော။
သမနိ-ဒုနိမာ၊ သမဒူ-သနိဒူ။
ဝိဘဇေကမတော-ပဌမေနဝိနာ။
ဤဂါထာကို ၁၀၈ ခေါက်မန်း၊ ၁၀၈ အင်းသောက်၊ စေပိုင်၏။ အကြားအမြင်ရ၏။

ဤပဥ္စမံဂဏန်းအင်းနှင့် ပလေးထောင့်သေအင်း ၂ခု၏အကျိုးကား -

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | ၂ | ၃၁ | ၂၀ | ၁၃ | ၁၀ | ၂၉ |
| ၃၂ | ၂၁ | ၄ | ၇ | ၃၀ | ၁၉ | ၁၂ |
| ၃ | ၆ | ၁ | ၁၄ | ၁၁ | ၂၈ | ၉ |
| ၄၄ | ၃၃ | ၂၂ | နံ | ၈ | ၁၅ | ၁၈ |
| ၂၃ | ၃၆ | ၄၃ | ၄၈ | ၁၇ | ၄၀ | ၂၇ |
| ၃၄ | ၄၅ | ၃၆ | ၂၅ | ၄၂ | ၄၇ | ၁၆ |
| ၃၇ | ၂၄ | ၃၅ | ၄၆ | ၃၉ | ၂၆ | ၄၁ |

၁။ အနှောင်အဖွဲ့များလွတ်၏
၂။ ရန်သူမမြင်နိုင်
၃။ ရှိန်းပြီး၏
၄။ ၇ရက်သားချစ်၏
၅။ ဘုန်းတန်ခိုးကြီး၏
၆။ ဩဇာကြီး၏
၇။ ရေ၌ကျသော်မနစ်
၈။ စင်ထက်ထားသော်စင်ကျိုး၏
၉။ စင်အောက်ထားသော်စင်ခိုင်၏
၁၀။ ကျောက်တွင်ရေခန်းသော်အိုင်ပက်မြှုပ်ရေထွက်၏
၁၁။ မှောက်လျှက်မြှုပ် ရေခန်း၏။
၁၂။ ရွာ၊ မြို့၊ လယ် မြှုပ် နတ်စင်တွင် မြှုပ် နတ်ရဲ၏။
၁၃။ ရေညာမြှုပ် ရေချိုးသူများယား၏။
၁၄။ နတ်ကနားမြှုပ် နတ်မဝင်ဝံ့
၁၅။ သိမ်ဝင်သပိတ်ကွဲချ၊ ကျောင်းအိမ်လေးထောင့်မှာမြှုပ် ဘေးကင်း၏။
၁၆။ လယ်ယာလေးထောင့်မှာမြှုပ် ကျွဲနွားစသည်မဝင်နိုင်။
၁၇။ ရွှေငွေပေစက္ကူတွင်ချ ရှိသေစွာဆောင် စီးပွားရေးကောင်း၏။
၂၀။ ဘုရားစေတီ၊ ရုပ်ပွားများတွင် ဌာပနာမူ တန်ခိုးကြီး၏။ အရှည်ခိုင်ခန့်၏။ ပူဇော်သက္ကာရများ၏။
၂၁။ စည်ခေါင်းလောင်း ကြေးမောင်းများတွင်ချ အသံကြားသော်ရန်သူဟူသမျှပြေ၏။
၂၂။ သေတ္တာထဲထားမူ ရွှေ ငွေ တိုးပွား၏။
၂၃။ ကုန်နှင့်အတူထားသော် ကုန်စွံ၏။
၂၄။ လှေခါးထက်ထားသော် သူခိုးမဝင်နိုင်။
၂၅။ သစ်ကြမ်းဝါးကြမ်းအကြမ်းမျိုးစုံ ရေစိမ်ပက် ပျောက်၏။
၂၆။ ခေါင်းအုံးအောက်တွင်ထား လူပြုမဖြစ်နိုင်။

ပဥ္စမံဂါထာဖြင့် မင်္ဂလာဆုံဖြင့်ကြိတ်သောဆီကို ၁၀၀၀၀စုတ်သောက် အသားအရေ စိုပြေ ထွန်းပ၏။ မြင်သမျှချစ်ခင်၏ အရာရာတွင် ပြုလုပ်ဆောင်ရွက်လေ တပ်ချီသော် အောင်လံတွင်ချ၊ ချီတက်လေ၊ ရန်အပေါင်းပြိုပျက်၍ အမြောက်သေနတ်လွဲ၏။ ၎င်းနှစ်အင်းကို မှော်အဖြစ်သောက်ပါက အထူးကောင်း၏။လှေဦး၊ လှေချထား၊ ရန်ကင်း၏။ ခေါင်းအုံးအောက်တွင်ချ အိပ်မက်မကောင်း ပျောက်၏။ မီးခွက်မှာချ အိမ်လယ်ထွန်း သစ်ကြမ်း ဝါးကြမ်းမကောင်းသောအတိတ်နိမိတ်များပျောက်၏။ ရေလုံအိုးကွဲ၊ နတ်အိုးကွဲ၊ အိုးထိန်းလက်စက်မီးခွက် စသည်ချထွန်းသော် စုန်းပယောဂတို့ကိုယ်တိုင် လာ၍တောင်းပန်ရ၏။

မှတ်ချက် ။ ။ပဌမံအင်းတော်ကိုစီရင်ရန်ကား - လဆုတ်ရက်ဝယ် ခပါဒ်နက္ခတ်ရွေးချယ်၍ စီရင်ရမည်။ ဘုရားရှေ့တော်မှာ ရာဇမတ်ကာရံ၍ ပန်းပေါင်းဂမုန်းပေါင်းတို့နှင့်စီရင်လေ၊ ပွဲစုံလှစေ၊ လက်ဖွဲ့ ထိုးလျှင်လဲ ရေးကူး၏။

၁၃၂၈ ခု၊ ကဆုန်လပြည့်ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓအခါတော်နေ့ပြုလုပ်၏။ သံဃာ ၁၀၈ ပါး၊ မုန့်တီကျွေး၏။ လူ၅၀၀ကျော်လောက်လည်း ကျွေးမွေး၏။ နံနက်၉နာရီမှညနေ၅နာရီထိ ပဌာန်းများမပြတ်ရွတ်ကြ၏။ သံဃာ ၉ပါး၊ တတွဲရွတ်ကြ၏။ ညလုံးပေါက်ဦးကျော်ငြိမ်း ပရိတ်ရွတ်ဝတ်ကြီးတက်၏။ ကဆုန်လပြည့်ကျော်၉ရက်သောကြာနေ့တွင် ဝတ္တရားမပျက် ပရိတ်ရွတ်ပုတီးစိတ်ပြီးနောက် အိပ်ရာဝင်မည်ပြုပြီး အိပ်ရာပေါ် လှဲလိုက်၏။ ကျောင်းထဲမှ ဝုန်းဆိုသောအသံကြီးကြားလိုက်ရ၍ ထကြည့်၏။ ဘုရားမှာပူဇော်ထားသော ဖယောင်းတိုင်မီးကမငြိမ်းသေးပေ။ ဦးပဥ္စင်းတစ်ပါးလဲ အခန်းထဲမှထလာ၏။ ဦးပဥ္စင်းတစ်ပါးနှင့်ကျွန်ုပ် ကျောင်းထဲဟိုဟိုဒီဒီရှာဖွေကြ၏။ အနောက်ဆောင်ထဲတွင်ထားသော ပုရပိုက်စင်က ပုရပိုက်များပြိုကျကြောင်းသိရ၏။ ပုရပိုက်များပြန်စီကြ၏။ ထိုအထဲတွင် ပုရပိုက်တစ်ဆူကထူးဆန်းစွာမျက်နှာဖုံးကစာတွေ့ရ၏။ ထိုစာကား -

"ထွက်လမ်းမှမဂ်လမ်းတက်လမ်းကို ရည်ရွယ်သောပုဂ္ဂိုလ်များအတွက် ဆေးကောင်းအင်းကောင်းများ" ဟုရေးထား၏။ ကျွန်ုပ်လည်း ပုရပိုက်အသာယူပြီး အိပ်ရာထဲတွင်ဖတ်ကြည့်၏။ ထိုအထဲမှ ကောင်းနိုးရာရာအင်းများ ဆေးများဖော်ပြပါအံ့ -

*ပယောဂဒဏ်ပြန်အပင်းကျဆေး*

၁။ မင်းကိုကာတမူး၊ ၂။ ဥပသကာတမူး၊ ၃။ ပြုပ်ကောင်းခုနှစ်စေ့၊ ၄။ ကြက်သွန်ဖြူခုနှစ်မြွှာင့် ၅။ သမ္ဘာရာအနေတော်ထည့်ကြိတ်၊ ကြိတ်နေစဉ်စုတ်မန်းရန်ဂါထာကား -

ဥုံမာစီရင်-မာစိရိုက်သွားဟ

မလာလိလိ၊ လာလိလိ၊ မလိမလာ၊

မချည်တရ၊ အိုင်မှိုင်ထွက်၊ စူရောင်

လိပ်ရောင်ထွက်၊ စူဋ္ဌလိပ်ထွက်ဟဲ့ထွက်၊ ဆေးကိုညက်စွာကြိတ် အတောင့်ပြုထား အရေးကြုံကတံစက်လက်ပြန်ရေနှင့်တိုက်။

**ဆရာဆောင်တိုးဘီလူးဆေး**

သချိုင်းမီးသင်္ဂြိုလ်ရာမှ အောက်ပါဆေးလေးပါးကိုတောင်းယူပါ။

၁။ အရှေ့အရပ်သို့လှည့်၍မီးသွေးကိုတောင်းယူ။ ၂။ တောင်အရပ်သို့လှည့်၍ အရိုးကိုတောင်းယူ။ ၃။ အနောက်အရပ်သို့လှည့်၍ပြာကိုတောင်းယူ။ ၄။ မြောက်အရပ်သို့လှည့်၍ မြေကိုတောင်းယူ။

ပြီးလျှင် လေးညှင်းပွင့်ရှစ်ပဲ၊ ဇာဒိပ္ဖိုလ်သီး ရှစ်ပဲ၊ ရှိန်းခို ရှစ်ပဲ၊ ဆိတ်ဖလူးပွင့် ရှစ်ပဲ၊ ဆိတ်ဖူး ရှစ်ပဲ၊ လင်းနေ ရှစ်ပဲ၊ စမုံမျိုးငါးပါး ရှစ်ပဲ၊ ဆေးဒါန်း ရှစ်ပဲ၊ ကန့် ရှစ်ပဲ၊ ကြက်သွန်နီ ရှစ်ပဲ၊ မုန်ညင်းစေ့ ရှစ်ပဲ၊ နနွင်းစိမ်း ရှစ်ပဲ၊ ကြောင်ပန်းရွက်လက်တဆုပ်၊ ပြုပ်ကောင်း ခုနှစ်စေ့တို့နှင့်ရောပြီးကြိတ်၊ တိုးဘီလူးရုပ်လုပ်၍ဆောင်ပါလေ။ ဥာဏ်ရှိတိုင်းသုံး။

**ဆရာဆောင်ရန်လုံဆေး**

၁။ ရေလုံအိုးကွဲ ၂။ တစပုဆိုး ၃။ ကျိုးသတ္တဝါချေ ၄။ ဖြုပ်ကောင်း ၅။ ပိတ်ချင်း (စုတ်ရန်ဂါထာ) ဥုံ နင်တိုကြဲစည် ငါစီမလာ နင်တို့သာသွားဟ - ၃၇ အုပ်စုတ်။

ဤငါးမယ်ကို နံ့သာငါးပါးရေနှင့်ကြိတ်၊ သုံးလုံးလုံးပြီး ခါးတွင်ဆောင် သူတထူးကြဲစီခဲရသော် တလုံးပျောက်၏။ ပျောက်သော် ကြဲစည်သူသေ၏။ သေသော်ရင်းဆေးလုံးပြန်လာ၏။

**နတ်ကြီးငါးပါးဆေး**

၁။ နံ့သာငါးပါး ၂။ ကံ့ဘလူဥ ၃။ ပန်းဥ ၄။ နတ်ပန်သည့်ပန်း ၅။ နတ်တင်သည့်ပန်း ၆။ ရွှေနွယ်ပန်း ၇။ သဇ်ဥ ၈။ ဆတ်သဖူး ၉။ ပုဏ္ဏာရိပ်မြစ် ၁၀။ ဆိတ်ဖူးပွင့်

အားလုံးအမျှစီစု၍ နံ့သာငါးပါးရေနှင့်ကြိတ်၊ အတောင့်ပြုထား စုတ်ရမည့်ဂါထာကား ဥုံပဉ္စဒေဝါ၊ မဟာပဉ္စဒေဝါ၊ မဟာဣန္ဒိပဉ္စဒေဝါ၊ ကပ်ဆရာကပ်၊ ခြင်းဆရာခြင်း ၃၇ ခေါက်မန်း၊ သင့်တော်သလို သုံးပါ။

**နတ်ချစ်ဆေး**

၁။ နံ့သာငါးပါး ၂။ ဒန့်ဒကူးနီဖြူ ၃။ ဥပသကာ ၄။ ရိုးထုံ ၅။ ပန်းဥ ၆။ ပန်းနု ၇။ ပန်းမ ၈။ ပန်းရင်း ၉။ ပန်းညို ၁၀။ ကန့်ဘလူ ၁၁။ ပဲနံ့သာစေ့ ၁၂။ ဆေးပဲစိမ်းနီ

ဤဆေး ၁၂ ပါးအမျှကြိတ်၊ အောက်ပါမန္တာန်နှင့်ဘုရားရှေ့တော် နတ်ရဲသစ်ပင်၊ ဤ၂၅ဒါန ပွဲစုံတင်၊ လဘက်၄ထုတ်၊ ကွမ်း ၄ယာ၊ တံခွန်၄တိုင်၊ ပန်း၄မျိုး၊ တင်၍တစ်ထောင်စုတ်၊ စုတ်ရမည့်မန္တာန်ကား -

ဩြောင်း ရာဇသဗ္ဗဒါန် ပိယံမမ၊
သကလ၊ သုတိနံ၊ ပိယံမမ
သကလ၊ မဟာနေ၊ သတ္တ မနုဿနံပိယံမမ
သဗ္ဗဒေဝိနံ၊ ပိယံမမ သဗ္ဗသတ္တရု
ဝိနာသန္တု အသေသတော။
ဩြောင် မေတ္တာစပထဝိနာဂါ၊ သာဂရော
မဏိမေခလာနံ၊ ပိယံမမ၊ ဘုမ္မာဒေဝါနံ၊
ရုက္ခာဒေဝါနံ၊ အာကာသဒေဝါနံ၊ အရက္ခဒေဝါနံ၊ ပိယံမမ ။

အကျိုးကား - စုန်း၊ နတ်၊ မြေဘုတ်ပရောဂမှန်သမျှ နဖူးမှာမှန်ကူလေ ပြေး၏။ ဉာဏ်ရှိသလိုသုံးပါ။

**နတ်လှန့်ဆေး**

၁။ ဣဿရမူလီမြစ် ၂။ ကြက်ဆူရိုးနီမြစ် ၃။ ပုဏ္ဏာရိပ်မြစ် ၄။ ဇလပ်ရစ်မြစ် ၅။ ကေရစ်မြစ်

ဤငါးပါး အမျှကြိတ်ပြီး၊ သမ္ဗုဒ္ဓေ၁၀၀၀၊ ဂုဏ်တော်ကိုးပါး၊ ၉ထောင်စုတ် သိဒ္ဓိတင်ပြီး ထိုးပေးလေ။ နတ်ဟူသမျှထွက်သွား၏။ မချဉ်းကပ်ဝံ့။

**ဝိဇ္ဇာလေးပါးနတ်ဆေး**

၁။ နံ့သာငါးပါး ၂။ ပန်းဥ ၃။ ပန်းနု ၄။ ပန်းမ ၅။ ကန့်ဘလူ ၆။ သစ်ကျပိုး ၇။ မြေဇာဖြူ-၇ညွန့် ၈။ ပန်းညို-၇ညွန့် ၉။ ပဲ နံ့သာစေ့ ၁၀။ ၁၂-ရာသီပန်းပေါင်း

ဤဆယ်မယ်အမျှကြိတ်၊ အောက်ပါမန္တာန်နှင့်စုတ်

ဦ - နေလ၊ သိကြား မင်းလေးပါး ရင်သား ရင်သွေးငါကမေးလျှင် ငါသိချင်၏။ နတ်တွင် ၃၇မင်း ထင်ရှားလာ၍ပြဆရာပြ၊ ကျဆရာကျ ၃၇ အုပ်စုတ်။ အပူမကျ ခက်ခဲနေလျှင် ဆေးကို ဖျော်၍ တောက် ပူလာ၏။

၎င်းဆေးကို မှော်ထိုးသည့်အခါ ပွဲလေးပွဲ၊ ဓါးလေးလက်၊ မီးလေးတိုင်၊ ပန်းလေးပွင့်၊ ငွေလေးကျပ်၊ ကျနစွာပြင်၍ သစ္စာခံ လက်မောင်းနှစ်ဖက် ဝိဇ္ဇာနှစ်ရုပ်စီ နှုတ်ခမ်းအထက်အောက် သုည သုံးလုံးစီ၊ နားထင်နှစ်ဘက် (သုဇ်ပမဂေါ်)ထိုး မေးရိုးနှစ်ဘက်မှာ သုညထိုး -အမိန့်တော်ကို လေးခေါက်ပြန် ဝတ်ဖြူစင်ကြယ်ဝတ် ဥပုဒ် ၉ရက်စောင့် အမိန့်တော်နှင့် နံ့သာရေကို ၉ရက်မန်းပြီးသောက်ပါ။

**အမိန့်တော်မန္တာန်**

အစိန္တေယျ တူမမျှသည့် ထွန်းပဝင်းရှိန်၊ ဝရဇိန်သို့၊ အရှိန်တော်ပြင်း၊ ခြောက်ရောင်လင်းသည့် ရှင်ရင်း ဘုရား၊ ထွင့်ချထားကို ပန်ထွာညွှတ်ခ၊ ဦးနှိမ်ချ၍ဆောင်က အောင်စေကုန်သတည်း။ လေးပါး မည်ရှိ သမာဓိနှင့်ဘုန်းရှိ ထွင့်ထားမြတ်ဘုရား၏ တရားတော် ဓမ္မခန္ဓာ၊ ရှစ်သောင်းသောသံဃာကို ကြည်ညိုဆုတောင်း အောင်ဆုလောင်း၍ မကောင်းသမျှ ကိုယ်ပကိုယ်တွင်း စွဲခြင်းရောဂါ ဘေးများစွာနှင့် နတ်ပါဖုံးမှုတ် အပင်းသွပ်မျိုး၊ အပြုမျိုးနှင့် မိုက်မျိုးအကုန် အလုံးစုံကို နိုင်စေလို၍ မင်းမျိုးလေးပါး ငါတကား ဟု ဘုရားတပည့် မည်ရှိအာဏာ၊ ရန်တကာကို ပါယ်ခွါနိုင်စေကုန်သတည်း။

ဝိဇ္ဇာဓိုရ်အတတ်၊ ဒဿဂီရိ ဘုန်းရှိထွင့်ခေါင် မင်းညီနောင်တို့၊ ရန်ပေါင်းကိုချိုး၊ မင်းလေးမျိုးလျှင်၊ ကြီးနှင့်ကြိမ်ပိုင်၊ တုတ်၊ ဓါး၊ ကိုင်၍ မြိုင်လှသည့်မင်း ရန်ပုံခွင်း၊ ချက်ခြင်းအောင်စေရမည်တည်း။ သမားတကာ၊ မိုးခိုရာဝယ်၊ မိစ္ဆာအားကို အတတ်မျိုးဟု၊ သိမ်း၍ယူ၊ ခုမူဖြတ်ပိုင်းနိုင်စေသတည်း။ ခုနှစ်ရက်သားသမီး စွဲငြားရောဂါ ဘေးတကာကို ကင်းကွာပယ်ထုတ်နိုင်စေကုန်သတည်း။ သင်တို့ကမော်၊ တို့ကိုသော်လျှင်၊ ထော်လော်ကန့်လန့် မကောင်းတဖန် အဆိုးကြံလျှင်၊ အမြန်ခုံသတ်၊ သံလျှက်ဓါးနှင့် သွား၍ဖြတ်၊ မတ်တပ်အလိုသေလေစေ၊ ကြိုးနှင့်ကားနှိမ်၊ ကြိမ်နှင့်ကားနှုတ်၊ သင်းကလိုလျှင် ချိုးဖဲ့ဖျက်၊ ချက်ခြင်းသေအောင်ပြုကြလေ။မကောင်းမိစ္ဆာ နတ်တကာတို့၊ ခွာကာဖြတ်၊ ထက်ပိုင်း လတ်လက် ကျိုးလေစေ၊ ဩြောင် ဒေဝယက္ခ၊ မနုဿ၊ ဗုဒ္ဓလေးဆူ မကောင်းဟူသမျှဒါဏ် ထွက်ဆရာထွက်၊ သတ်ဆရာသတ်။

**ဒေဝစက္ခုဆေး**

၁။ နံ့သာငါးပါး၊ ၂။ ကတိုး၊ ၃။ ဖုန်းမသိမ်၊ ၄။ ပရုပ်၊ ၅။ ပိတောက်မှို၊ ၆။ ကြာပုဏ္ဏရိပ် ၇။ ဣသရမူလိ ၈။ ပန်းဥ၊ ၉။ စပါးကြီးသည်းခြေ ၁၀။ ၎င်းချက်၊ ၁၁။ ၎င်းညို ၁၂။ ကျားလျှာ၊ ၁၃။ သံလိုက် ၁၄။ ဇလပ်နီ။

ဤဆယ့်လေးမယ်အမျှစု၊ နေ့ကောင်းရက်မြတ်ဝင် နက္ခတ်စုတ်ကြိုက်ကိုရွေးချယ်ပြီး ကန်တော့ပွဲစုံပြင်၍ သိကြား၊ ဗြဟ္မာ၊ နတ်မင်းကြီးများပင့်၍ စီရင်ရမည်။

**ဆေးကြိတ်သောအခါ စုတ်ရန်ဂါထာ**

ဦးသဗ္ဗဘိက္ခူ စိတ္တံ ပီယံမှိုင်းမှိုင်းသွားဟယျကပ်၊ သဗ္ဗပုရိသစိတ္တံပိယံမှိုင်းမှိုင်းသွားဟယျကပ်၊ သဗ္ဗက္ကစိတ္တံ ပီယံမှိုင်းမှိုင်းသွားဟယျကပ်။ ဤဂါထာဖြင့် ဆေးမညက်မခြင်းကြိတ်၊ ပွဲသိမ်းထိအောင် ကြိတ်လေ။

**အကျိုးကား** - စုန်းဖမ်းသော် မဟာဂီရိရေတွင်ဆေးသန်းခေါင်ခန့်ထိတိုက်၊ နဖူးတွင်ကွင်း၊ အနီးအနားတွင် လူနေစေနှင့် စုန်းပြု၊ နတ်ပြု၊ ရုပ်ထားနံထားအတိုက်များအတွေပြောလိမ့်မည်။ ပြောလျှင် နံ့သာ၂ပါး ရေနှင့်သူ့နား နဖူးတွင်ကွင်းထားသည်ကိုဆေး၍ပစ်လေ။

သူငယ်ငိုသော် အမိနို့ကိုသုတ်၊ တရုပ်တရွာဝယ်၊ နှလုံးညိုးနွမ်းသော်ဆေးကို ရေသန့်စင်စွာနှင့် သွေး၍ နှာသီးဖျားတွင်သုတ်၊ မိဘနှင့်တူသူလာ၍မစလိမ့်မည်။ ခရီးဝေးသွားလိုသော် မျက်စိနှင့် နှာခေါင်းမှာသုတ်၊ ကောက်နှင့်ရေခပ်ကြည့် သူကောင်းကိုထမ်းလျှက် မြင်သော် ခရီးမထွက်နှင့် ထမင်းအိုး ဟင်းအိုးမြင်လျှင် ထိုခရီးလာဘ်ရမည်။ အိမ်ရာကျောင်းရာရွေ့သော် ဆေးကိုနား မျက်စိတွင်သုတ် လူခြေတိတ်လျှင်မြေကြီးကိုကပ်၍ နားထောင် ငိုသံကြားလျှင်မနေနှင့် ဆိုင်းသံမောင်းသံကြားလျှင် ဆင်းရဲသားနေရာ၊ ကြေးစည်ခေါင်းလောင်းသံကြား လျှင် မင်းတို့နေရာမှတ်၊ နား၊ မျက်စိကိုသုတ်သော် ကောင်းကျိုးမကောင်းကျိုးကိုကြားရ၏။ တရုပ်တရွာ ဝယ်မွေ့လျော်စေလိုသော် အဖျား ဥပါးတွင်သုတ်၊ အဆွေခင်ပွန်းကောင်းတွေ့ရ၏။ ဣတ္ထိလိုသော် ချက်သုတ်၊ ကြံသမျှအောင်၏။ အမြဲရှိသေစွာ ဆောင်အိပ်သော် အိပ်မက်ကောင်းမက်၏။ ခုနှစ်ရက်သား တို့ချစ်မြတ်နိုး၏။ စီးပွားဥစ္စာတိုးတက်၏။ သဗ္ဗသျှိကောင်း၏။ ဂုဏ်သစ္စာရှိပါစေ။

***ကာယသိဒ္ဓိဆေး***

၁။ ပိလောခါး ၂။ ပိတ်ချင်း ၃။ နနွင်းခါး ၄။ ငရုပ်ကောင်း

ဤဆေးလေးပါးအမျှကြိတ် ရွှေးကြီးခန့်လုံးထား

***နှံးရန်ဂါထာကား***

ဦးမျက်လုံးတော်ကပုလဲ၊ သွားတော်ကား ဝရဇိန်၊ လည်တော်ကားသံခဲ၊ ညှပ်ရိုးတော်က ဟောခိညောင် တော်တည်း၊ ဩောင် အရပ်ခံဆရာခံ၊ ထုံဆရာထုံ၊ နင်ကား ပထဝီမြေပေါ်ဖြစ်သော ငါကား ဘုရားကောဏ္ဍသံ ဩောင်အရပ် ခံဆရာခံ ထုံဆရာထုံ။

ဤမန္တာန်ဖြင့် ဘုရားတန်ခိုးကြီးရွှေတော်ပူဇော်ဖွယ်များဖြင့် တစ်ထောင်စုတ်ပြီး တစ်နေ့တစ်လုံးစား နက္ခတ်ခပါတ်ကိုက်ညီလျှင် ကိုယ်ပင်ပျောက်တတ်၏။ ကံငါးပါးကိုရှောင်ပါ။

***ဒုတ်-ဒါး သဘောရှိခံဆေး (ကာယသိဒ္ဓိ)***

၁။ ရှားရွက် ၂။ ကွမ်းရွက် ၃။ ပြဒါး

ဤသုံးပါး အမျှစုံ၊ ဣတိပိသော ၁၀၈ အုပ်၊ သမ္ဗုဒ္ဓေ ၁၀၈ အုပ်၊ သီရသ္မိ ၁၀၈ အုပ်စုတ်၊ အရေး ရှိလျှင် ပြုပ်ကောင်းစေ့လောက် သုံးလုံးလုံး၍ တစ်လုံးကို ဦးသဗ္ဗာနုဘာဝေန၊ သဒါသုခီဘဝန္တုမေ၊ တစ်လုံးကို ဦးသဗ္ဗဓမ္မနုဘာဝေန သဒါသုခီဘဝန္တုမေ၊ တစ်လုံးကို ဦးသဗ္ဗသံဃာနုဘာဝေန၊ သဒါသုခီ ဘဝန္တုမေ ၇အုပ်စီမန်း၍ အာမထိ၊ လျှာမထိမျိုချပါ လူတစ်ကိုယ်သုံးလုံးအသင့်ဆောင်ထားပါ။

*ဂါထာမန္တာန်မစုတ်ရသော ဓါးပြီးဆေး*

၁။ ဆေးခြောက်တကျပ် ၂။ ပြုပ်ကောင်းစေ့ တကျပ် ၃။ တန့်ခပ်နီ တကျပ် ၄။ အုံနှဲမြစ် တကျပ် ၅။ ပိလောရိုင်း တကျပ်

ဤငါးပါးညက်စွာကြိတ်၊ ည၊ နံနက် ဇီးကင်းခန့်စားပါ။ ခုနှစ်ရက် ခုနှစ်လီစား လေဓါးပြီး၏။

*နာနာရုပ်ဆေး*

အိမ်မြှောင်ဥ၊ စနေမီးသွေး၊ သက်ကယ်မြိတ် ဤသုံးပါးပေါင်းကြိတ် အတောင့်လုပ်ထား။ အလို ရှိသော အခါ လက်ညိုးကိုလူး၍ မကျည်းရွက်ကိုသုတ်သော် ပိတုန်းဖြစ်၏။ ခေါင်းပေါင်းကို သုတ်သော် မြွေဖြစ်၏။ လူထိုင်သောနေရာသုတ် ဖင်ကပ်နေ၏။ အဖြေကား ဆေးကိုရေဆေးပြစ်။

*ဇမ္ဗူသင်းကျစ်ဆေး*

၁။ ကြာမျိုးငါးပါး ၂။ ခရားပွင့် ၃။ စပါယ်ပွင့် ၄။ စွယ်တော်ပွင့် ၅။ ကံ့ကော်ပွင့် ၆။ မြလေးပွင့် ၇။ ပိတောက်ပွင့် ၈။ သရဖီပွင့်

**ဤပန်းရှစ်မျိုးအမှုကြိတ်၊ စုတ်ရန်ဂါထာကား**

ဦးနမောတဿဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ၊ အရဟံသိဒ္ဓိ။

ဤဂါထာနှင့် ၁၀၀၀စုတ်၊ ဆောင်၊ တစ်ကိုယ်လုံးလိမ်းလျှင် ရန်သူမမြင်နိုင်။ ခုနှစ်ရက်သားသမီး ချစ်ခင်၏။ ခွေးလည်းမဟောင်နိုင်၊ သူလည်းမပြုစားနိုင်။

**ရန်သူဝိုင်းသော်လွတ်သောရန်လွတ်ဆေး**

၁။ မိကျောင်းသည်းခြေ ၂။ လင်းဒ သည်းခြေ

ဤနှစ်ပါးကို ပေါင်း၍ကြိတ်ထား အရေးရှိက တစ်ကိုယ်လုံးလိမ်းသော် ရန်သူဝိုင်းရှာသော်လည်း မတွေ့နိုင်။

**သာသနာငါးထောင်ဆေးတော်ကြီး**

၁။ နှစ်ကျိပ်ရှစ်ဆူဗောဓိပင်ပေါင်း ၃၀
၂။ သိမ်၊ ကျောင်း၊ ဇရပ်၊ တံတား၊ ဘုရား ပန္နက်ခြောက်ပါး။
၃။ သိမ်ဝင်ဆန်၊ ပရိတ်ဆန်၊ ဘုရားဆန်

၁၆။ ပုဏ္ဏရိပ်
၁၇။ ကျားလျှာ
၁၈။ ပန်းတောက်မှို

၄။ ပရိတ်ပန်း၊ ဘုရားပန်း
၅။ ကန့်ကူဆံနက်
၆။ မိုးတုံ
၇။ ချောင်းချား
၈။ လင်းလေပွင့်
၉။ မြလေးပွင့်
၁၀။ နံ့သာမျိုးငါးပါး
၁၁။ ဒန့်ဒကူးနီ
၁၂။ သီလာစန္ဒန
၁၃။ ကတုံကနက်
၁၄။ ဇလပ်နီ
၁၅။ ဣသရမူလီ
၁၉။ ပဥ္စင်းလောင်း၊ ရှင်လောင်းပန်သည့်ပန်း
၂၀။ မင်္ဂလာစုံပန်သည့်ပန်း
၂၁။ နတ်ကြီးငါးပါးပူဇော်သည့်ပန်း
၂၂။ မဟာပိန္နဲပန်း
၂၃။ ဦးတိဏ္ဍနတ်ပန်း
၂၄။ ရှင်ဘုရင်ပန်း
၂၅။ မိဖုရား ကွမ်း-၇ရွက်၊ ကွမ်းသီးမြွာ(ဝါ) ကွမ်းသီးစိတ် ၇-ခု
၂၆။ ကြွေနက်
၂၇။ သန္တာနက်
၂၈။ ဂုံဂမံ
၂၉။ ကြာမျိုးငါးပါးဝတ်ဆံ
၃၀။ ပဒုမာဝတ်ဆံ

ဤဆေးပေါင်း ၁၀၈ ပါးကို ခုနှစ်ရွှေဖြစ်စေ၊ ခုနှစ်ပဲဖြစ်စေ၊ ခုနှစ်ကျပ်သားဖြစ်စေ၊ မှန်ကန်အောင်စု၊ ဂမုန်းပေါင်းရေနှင့်ကြိတ်၊ နေ့သွေ့လျှင် နံ့သာဆီနှင့်ကြိတ်၊ ၃၇ တောင့်လုပ်၊ ခြောက်လျှင် မော်ဂါထာနှင့် နတ်စင်ရှေ့မှာ ၁၀၀၀စုတ်၊ ခြေတော်ထွက်၊ ခြေတော်ဝင်ဂါထာနှင့် သိမ်မှာ ၁၀၀၀ စုတ်၊ အာဋာနာဋိယသုတ်နှင့်လမ်းလေးခွမှာ ၁၀၀၀စုတ်၊ စေတီ၉ပါးဂါထာနှင့် ၁၀၀၀စုတ်၊ ၃၇ မင်းဂါထာနှင့် ပွဲမှာ ၁၀၀၀စုတ်။

ဆေးကြိတ်သောအခါ ကျောက်ပြင်မှာ သိကြားကျောက်စာတစ်တိုင်၊ အင်းကိုချ ကျောက်လုံးမှာ မြခနောက်အင်းကိုချ၊ ထိုအင်းများ ချရမည်ဆေးကား၊ မဟာမြိုင်ဆေး၊ အာဏာတည်ဆေး၊ ဒေဝဩသဓဆေး၊ မဟာထုံသင်းကြီးဆေး၊ သူရဿတီဆေး၊ ၃၇ မင်းဆေး၊ ၎င်းဆေးများကို ဟင်းသာပြဒါးနှင့်ဖျော်၍ အင်းချ၊ ပွဲလေးပွဲ၊ ဖျင်ဖြူ ဖျင်နီနီးခေါက်သင်းဖြူးခင်း၊ ၎င်းပေါ် ဖျင်ဖြူခင်း ၎င်းပေါ် ဖျင်နီခင်း၊ ၎င်းပေါ် ကျောက်ပြင်တင် ဆီမီးလေးတိုင်ထွန်း၊ ဝင်းပန်းတိုင်ကာ၊ ပိတ်ဖြူဝတ်၍ သီလခံယူပြီးလျှင်ဆေးကိုကြိတ်လေ။

**အသုံးမှာ ။** ။ မော် ၉ဂါထာကို တအင်းစီချ၍ ၎င်းဆေးနှင့်သောက် အကျိုးအနန္တ ကြံ၍သုံးပါလေ။

**သာသနာငါးထောင်ဆေးတော် ၁၀၈ပါး ရေတွက်နည်း**

| | |
|---|---|
| တောမိပင်ပေါင်း | ၃၀ |
| ပန္နက်တော် | ၆ |
| ဆန်မျိုး | ၃ |
| ပန်းတော် | ၂ |
| ကံ့ကူဆန်နက် | ၁ |

| | |
|---|---|
| ရိုးချောင်း၊ လင်းမြ | ၄ |
| နံ့သာမျိုး | ၅ |
| နီ၊ နူ၊ နက်၊ နှ၊ လိ | ၅ |
| ရိပ်၊ လျှာ၊ မှို | ၃ |
| ရှင်ပန်း ၂ မျိုး | ၂ |
| ပန်း (၉)မျိုး | ၉ |
| | ၇၀ |

| | |
|---|---|
| ကွမ်းရွက်သီး | ၂ |
| နက် ၂ မျိုး | ၂ |
| မံ-ဆံ-ဆံ | ၇ |
| | ၁၁ |
| | ၇၀ |
| | ၈၁ |

| | |
|---|---|
| ကျောင်းဥရုတိုင်ပန်း | ၁ |
| အိမ်ဥရုတိုင်ပန်း | ၁ |
| အလျှုမဏ္ဍပ်အခါတိုင်ပန်း | ၁ |
| မင်္ဂလာအခါမဏ္ဍပ်တိုင်ပန်း | ၁ |
| ဇရပ်အခါတိုင်ပန်း | ၁ |
| တံတားအခါတိုင်ပန်း | ၁ |
| သိမ်အခါတိုင်ပန်း | ၁ |
| နေထွက်သိမ်တင်သောပန်း | ၁ |
| မွန်းတည့်သိမ်တင်သောပန်း | ၁ |
| နေဝင်သိမ်တင်သောပန်း | ၁ |

မဟာမြတ်မုနိ၊ သကျာသီဟ၊ အိမ်တော်ရာ၊ ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ ကျိုက်ခေါက်၊ ကျိုက်ထီးရိုး၊ ကျိုက်ခမီ၊ မန်းစက်တော်၊ ပုဂံရွှေစည်းခုံ၊ ကောင်းမှုတော်၊ အင်းလေးဖောင်တော်ဦး၊ အညာသီဟတော၊ သီဟိုဠ်ရှင်၊ ပခန်းစီသူရှင်၊ အမရပူရကြေးငါးကြီးဘုရားများပန်း၊ ပေါင်း - ၁၇

| | |
|---|---|
| | ၁၀ |
| | ၈၁ |
| | ၁၀၈ |

မှတ်ချက် - နှစ်ကျိပ်ရှစ်ဆူဘုရားများပန်း ထည့်နိုင်က ပိုမို၍သာလွန်ကောင်းမြတ်၏။ စေတီးဥပါး ဂါထာမှာအမျိုးမျိုးရှိသော်လည်း (အာ-ယော-မာ-ဝ)အစရှိသော နှစ်ကျိပ်ရှစ်ဆူဂါထာများဖြင့် ၁၀၈ အုပ် စီမန်းလျှင် အထူးကောင်းမြတ်လှပေ၏။

ဤသာသနာငါးထောင်ထဲပါသော ဂမုန်းပေါင်း၊ မော်ဂါထာ၊ ခြေတော်ထွက်၊ ခြေတော်ဝင်၊ ဂါထာ၊ အာဋာနာဋိယသုတ်၊ စေတီဥပါးဂါထာ၊ ၃၇ မင်းဂါထာ၊ သိကြားကျောက်စာတိုင်အင်း၊ မြခနောက်အင်း၊ မဟာမြိုင်ဆေး၊ အာဏာတည်ဆေး၊ ဒေဝဩသထဆေး၊ မဟာထုံသင်းကြီးဆေး၊ သုရဿတီဆေး၊ ၃၇ မင်းဆေး၊ ပေါင်း၁၄မယ်၊ တစ်ဆယ့်လေးမျိုးတို့သည် နောက်လူများ သိရှိရာ မလွယ်ကူသောကြောင့် ကျွန်ုပ်သည် အထူးမေတ္တာထားကာ ဖော်ပြပါအံ့ ။

၁။ ဂမုန်းပေါင်းဆိုသည်ကား

၁။ ဂမုန်းဆူရောင်
၂။ ဂမုန်းအင်း
၃။ ဂမုန်းသဇင်
၄။ ဂမုန်းရွှေရောင်
၅။ ဂမုန်းဇီဝလီ
၆။ ဂမုန်းသော်တာပန်း
၇။ ဂမုန်းမြင်းနား
၈။ ဂမုန်းဆင်နား
၉။ ဂမုန်းအင်ကြောင်း
၁၀။ ဂမုန်းလက်ဆက်
၁၁။ ဂမုန်းဆင်စွယ်
၁၂။ ဂမုန်းဖယောင်းပန်း

ဤ ၁၂မျိုးကိုမတည်၍ ၃၀ ရအောင်ပေါင်း၊ အနည်းဆုံး ၃၀၊ ဒါထက်များနိုင်လေပိုကောင်း လေဖြစ်၏။ ရာထောင်သောင်းရလျှင်ပိုပြီးစွမ်းထက်၏။

၂။ မေ့ာ်ဂါထာဆိုသည်ကား (မေ့ာ် ၉ ဂါထာကိုဆိုလိုသည်)

၁။ ဗုဒ္ဓါဗိ ရတနတ္တယံ၊ ဝန္ဒိတွာသာဒရံပဍ္ဍ
သီလာနိပရိပုရေတွာ၊ စတုအာရယောဂတော ॥ ॥
၂။ အဆဋ္ဌဘဗ္ဗကာယောမှိ၊ သဗ္ဗဝုတောပရိတ္တကော
ဣမိနာညံပရေနာပိ၊ သမဏ္ဍောကရိတုံဣမံ ॥ ॥
၃။ သဗ္ဗဗန္ဓန ဆိန္ဒော့မှိ၊ အန္တောဗဟိဗဟန္တံဝါ။
အနန္တဗလဝါဟောမှိ၊ နသတ္တောဂဏှိတုံသဒါ ॥ ॥
၄။ ဆာယာမဏ္ဍမှိ နာဒိဋ္ဌေ၊ နသုတောသဒ္ဒမတ္တကံ။
ခုဒ္ဒကံမဟန္တံဝါပိ၊ မဟန္တံ မပွက်ံနေမေ ॥ ॥
၅။ ဥဒကာ၊ ကာသစာရိနော၊ မဟိနိမုဋ္ဌကောဘဝေ။
သုဝဏ္ဏရဇတာဒိနိ၊ ယထိစ္ဆိတ ကရောသဒါ ॥ ॥
၆။ ကောဋ္ဌဂါရိဒိကံသံဗ္ဗံ၊ ပုမိတ္တိပိယသံယုတ္တံ။
သတယုစိန္တညဏော၊ ဒူရံပိ သမိပံဘဝေ။ ॥
၇။ ဝိဇ္ဇာဓရော တာဒိသဗ္ဗေ၊ ပဿန္တေသုတမတ္တကာ။
ပကါသေတွာ အတ္တသိပံ၊ မမံဒက္ခန္တုတောသဒါ ॥ ॥
၈။ ပရိဝါရေတွာ နိသိန္နေ၊ အာဒိပ္ပေါဟံဝဟန္တုတော။
မမတ္တံဂရုကရောန္တော၊ သဗ္ဗဝိဇ္ဇာပယောဇနေ ॥ ॥
၉။ ယထာဝုတ္တာနိဖာနိ၊ သမိဇ္ဈတုယထိစ္ဆိတံ။
စတုမါတုပသိဒ္ဓေန၊ မဟန္တာအတ္တဒဿိနာ။

**၃။ ခြေတော်ထွက်၊ ခြေတော်ဝင်ဂါထာတို့အစား ဥဒေါင်းပရိတ်**

ဥဒေတယံဂါထာနှင့် အပေတယံဂါထာကိုရွတ်နိုင်သည်။

**၄။ အာဋာနာဋိယသုတ်က (၂)မျိုးရှိ၏။**

ဆယ်စောင်တွဲမှာပါသောအာဋာနာဋိယသုတ်၊ ပါဠိတော်မှာလာသော အာဋာနာဋိယသုတ်ဟူ၍ နှစ်မျိုးရှိ၏။ ကြိုက်နှစ်သက်ရာပြုလုပ်နိုင်၏။

**၅။ စေတီ(၉)ပါးဂါထာတို့ကား**

ပုဂံဘုရားသမိုင်းလာ စေတီ၉ဆူရှိခိုးသောဂါထာ။ မဟာမြတ်မုနိ၊ ရွှေတိဂုံစသောစေတီများ ဂါထာဖွဲ့၍ ရှိခိုးသောဂါထာများ။ သတ္တဋ္ဌာန၊ ၇ ဂါထာနှင့် ဓါတ်တော်ဂါထာများ။ အနေကဇာ ကိုးဂါထာ။ ဤလေးမျိုးကို ကြိုက်နှစ်သက်ရာတစ်မျိုးပြုလုပ်နိုင်၏။

**၆။ ၃၇ မင်းဂါထာဆိုသည်ကား စိန္တာမုနိမန္တာန်တော်ကြီးကိုပြုလုပ်နိုင်၏။**

**၇။ မဟာမြိုင်ဆေးဆိုသည်ကား**

၁။ ရိုးတုံ နှစ်မတ် ၄။ နံ့သာနီ ၅ပဲ ၇။ သရဖီ ဝတ်ဆံ ၅မတ်
၂။ ပဲနံ့သာ နှစ်မတ် ၅။ နံ့သာဖြူ ၅ပဲ ၈။ ကန့်ဘလူဥ ၅ကျပ်
၃။ ဥပသကာ နှစ်မတ် ၆။ ဂန့်ဂေါ်ဝတ်ဆံ တမတ်။ ၉။ ကတိုးစစ်ရသမျှထည့်

၎င်းဆေး၉ပါးကို သာသနာ ၅ ထောင်၊ ပဌမဆေးလည်းဖြစ်၊ မဟာမြိုင်ဆေးလို့လဲခေါ်၏။

ပထမဆေးရင်းဟုမှတ်-

၁။ ၎င်းပဌမဆေးရင်းလေးခွေ ၅။ သရဖီပွင့် တကျပ်
၂။ ဆိတ်ဖူး ငါးကျပ် ၆။ ကန့်ဘလူဥ ၁မတ်
၃။ လင်းနေ ငါးကျပ် ၇။ ဆေးဒါန်းကိုထိုက်သလောက်ထည့်၊
၄။ ဂန့်ဂေါ်ဝတ်ဆံ ၁မတ် ၈။ ကတိုးတတ်နိုင်သမျှထည့်ကြိတ် ဒေဝဩသထဆေးဖြစ်၏။

**ဤ ၁၁ ပါးကား သူရဿတီဆေးဖြစ်၏။သူရဿတီဂါထာနှင့် ၁၀၀၀ စုတ်စီရင်။**

၁။ ဆိတ်ဖူး ငါးကျပ် ၇။ ဩလဲ တမတ်
၂။ လင်းနေ ငါးကျပ် ၈။ ကံ့ကော်ဝတ်ဆံ တမတ်
၃။ နံ့သာဖြူ တကျပ် ၉။ ပဲနံ့သာစေ့ တကျပ်
၄။ နံ့သာနီ တကျပ် ၁၀။ ကန့်ဘလူဥ ငါးကျပ်
၅။ ဥပသကာ တကျပ် ၁၁။ ကတိုးရသမျှ
၆။ သစ်ဂျပိုး တကျပ်

ဇော်ဂျီပထမဆေး

၁။ ဗရိ တကျပ် ၄။ သစ်ဂျပိုး တကျပ် ၇။ ၎င်းအဖြူ တကျပ်
၂။ ကတိုး တကျပ် ၅။ ပဲနံ့သာစေ့ တကျပ် ၈။ သရဖီပွင့် တကျပ်
၃။ ဥပသကာ တကျပ် ၆။ နံ့သာနီ တကျပ် ၉။ ကံ့ကော်ဝတ်ဆံငါးမူးထည်ကြိတ်။

ဇော်ဂျီ ဒုတိယဆေး

၁။ ဆိတ်ဖူး တကျပ် ၅။ နံ့သာနီ တကျပ် ၈။ ပဲနံ့သာစေ့ တကျပ်
၂။ လင်းနေ တကျပ် ၆။ နံ့သာဖြူ တကျပ် ၉။ ဆေးဒါန်းကြည့်ထည့်
၃။ ကံ့ကော်ဝတ်ဆံတကျပ် ၇။ ကန့်ဘလူဥ တကျပ် ၁၀။ ကတိုးရသမျှ
၄။ သရဖီပွင့် တကျပ်

*အာဏာတည်ဆေးကား*

၁။ သာသနာငါးထောင်ဆေး ၃။ နေစကြာဆေး ၅။ မဟာမြိုင်ဆေး
၂။ ဒေဝဩသထဆေး ၄။ လစကြာဆေး ၆။ လောကုတ္တရာဆေး

ဤဆေးခြောက်ပါးကြိတ်ပါ။ အာဏာတည်ဆေးတည်း။ ပါသောဆေးနည်းများကိုပြပေအံ့။

*က။ လောကုတ္တရာဆေးဟူသည်ကား*

၁။ နတ်မျက်လုံး ၄။ နတ်ကာဠုကန္တီ ၇။ ဂမုန်းပေါင်း
၂။ နတ်လက်ညိုး ၅။ ပန်းပေါင်း ၈။ မြင်းသိလာ
၃။ ဗုဒ္ဓသူယောင် ၆။ မင်းပေါင်း ၉။ ဂမုန်းသူယောင်

ဤဆေး၉ပါးကြိတ်သောအခါ မေတ္တာသုတ် ဧဝံအစိန္တိယာဂါထာရွတ်ပြီး ကြိတ်သောအခါ ပွဲစုံခင်း၍ မေတ္တာသုတ် ၁၀၀၀ စုတ်ပါလေ။ ၎င်းဆေး၉ပါးကို အမျှစု ပွဲစုံစွာဖြင့်ကြိတ် -

လောကုတ္တရာဆေးထဲတွင်ပါသော ပန်းပေါင်းဟူသည်ကား

၁။ အပျိုစစ်ပန်သော ၇ရက်သမီးပန်သောပန်း ၆။ နတ်ဝင်သည်ပန်သောပန်း
၂။ လူပျိုစစ်ပန်သော ၇-ရက်သားပန်း ၇။ ၁၂ ရာသီပန်း ၁၂ မျိုး
၃။ မင်္ဂလာဆောင်သောသတို့သားပန်သောပန်း ၈။ မောင်ရင်လောင်းပန်သောပန်း
၄။ မင်္ဂလာဆောင်သော သတို့သမီးပန်သောပန်း ၉။ နားပေါက်သည်ပန်သောပန်း။
၅။ မဟာပိန္နဲစသောနတ်ပန်း

ဤ ၉မျိုး ဇယန္တောဂါထာနှင့်ရွတ်ကြိတ်ပြီး (ပထဝီဗလသုန္ဒရီ) ဂါထာ ၁၀၀၀ စုတ်၊

မှတ်ချက် ။ ။ အရှုးပန်သောပန်း၊ ကိုယ်ဝန်ဆောင်ပန်သောပန်း၊ ပြည့်တန်ဆာပန်သောပန်း၊ လူသေပန်း၊ ရောဂါစွဲကပ်သူပန်သောပန်း ဤပန်းများကိုမထည့်ရ။

မင်းပေါင်းဟူသည်ကား -

| | |
|---|---|
| ၁။ ဗြဟ္မာမင်း | ၆။ မအိုမင်း |
| ၂။ သိကြားမင်း | ၇။ လမင်း |
| ၃။ မသေမင်း | ၈။ နေမင်း |
| ၄။ မနာမင်း | ၉။ ကြောင်မင်း |
| ၅။ မဖျားမင်း | ၁၀။ ကျားမင်း |

ဤမင်း ၁၀ ပါးတည်း၊ ဤမင်း ၁၀ပါးတွင် အသိခက်ရာကို ဖော်ပြပေအံ့။ ဗြဟ္မာမင်းဆိုသည်ကား တောနန္ဒင်းဥကိုခေါ်၏။ သိကြားမင်းဆိုသည်ကား ဆေးတလုံးဥကိုခေါ်၏။ မသေမင်းဆိုသည်ကား ဆင်တမန္တယ်-ဆင်တုံးမန္တယ်ကိုခေါ်၏။ မနာမင်းဆိုသည်ကား အုန်းနှဲ၊ မဖျားမင်းဆိုသည်ကား ငုရွှေ၊ မအိုမင်းဆိုသည်ကား သပွတ်ကြီးမင်းကိုခေါ်၏။ လမင်းဆိုသည်ကား ပတဲကောကိုခေါ်၏။ နေမင်းဆိုသည်ကား လင်းလေကိုခေါ်၏။ ကြောင်မင်းဆိုသည်ကား ကြောင်လျှာကြီးကိုခေါ်၏။ ကျားမင်းဆိုသည်ကား နွားလျှာကြီးကိုခေါ်၏။ ဤဆေးမင်းဆယ်ပါးထည်း၍ထပ်လောင်းအံ့သောဆေးကား။

၁။ တနင်္ဂနွေနေ့မှာ အုန်းပင်၌မင်းမူ၏။ အုန်းမြစ်ကိုယူ
၂။ တနင်္လာနေ့မှာ မကျည်းပင်၌မင်းမူ၏။ မကျည်းမြစ်ကိုယူ
၃။ အင်္ဂါနေ့၌ ဇီးပင်၌မင်းမူ၏။ ဇီးမြစ်ကိုယူ
၄။ ဗုဒ္ဓဟူးနေ့၌ ဝါးပင်၌မင်းမူ၏။ ဝါးမြစ်ကိုယူ
၅။ ကြာသပတေးနေ့၌ သီးပင်၌မင်းမူ၏။ သီးမြစ်ကိုယူ
၆။ သောကြာနေ့၌ ထိန်ပင်၌မင်းမူ၏ ထိန်မြစ်ကိုယူ ၎င်းဆေး ၇ပါးနှင့် မင်းဆယ်မင်းနှင့် ပေါင်းကြိတ်သော် မင်းပေါင်းဖြစ်၏။

### နေစကြာ၊ လစကြာဆေးဆိုသည်တို့ကား

| | |
|---|---|
| ၁။ ကတိုး | ၇။ ခွါညိုပန်း |
| ၂။ ကန့်ဘလူ | ၈။ ပိတောက်မှို |
| ၃။ နံ့သာငါးပါး | ၉။ ကညာ၇-ယောက်ပန်သောပန်း |
| ၄။ စန္ဒကူးနီဖြူ | ၁၀။ သိမ်ဝင်ပန်း |
| ၅။ ပဲနံ့သာ | ၁၁။ သိမ်ဝင်ဆန် |
| ၆။ တောဇလပ်ပန်း | ၁၂။ ဘုရားတန်ခိုးကြီး မျက်နှာသစ်တော်ရေ |

ဤဆေး၁၂ပါးကို အညီအမျှစု၍ အဝင်နက္ခတ် စရေခာတ်ပေါ်သောအခါ တဖုံကြိတ်၊ နောက်တဖုံ ၎င်းဆေးစုကို ခါးပတ်နက္ခတ်အန္တောခာတ်ပေါ်သောအခါတဖုံကြိတ်၊ စရေခါတ် လစကြာ ဆေးကြိတ်နေသောအခါ (အပေတယံဂါထာ)ရွတ်၊ (အန္တောခါတ်) နေစကြာဆေးကြိတ်နေသောအခါ ဥဒေတယံ ဂါထာ ရွတ်ပါ၊ နေရိပ်တွင်သွေ့အောင်လှမ်းပြီးလျှင် နေစကြာဆေးကို စုတ်ရန်ဂါထာကား (ဥုံ မဟာသူရိယ သိန္နေဟံ အာဂစ္ဆာမိ၊ ဇေဟိဇေဟိ) ၃၇ အုပ်စုတ်၏။ လစကြာဆေးကို (ဥုံ မဟာစန္ဒာသိန္နေဟံ အာဂစ္ဆာမိ၊

ပေါ်ပေါ်) ၃၇ အုပ်စုတ်၊ ၎င်းနောက် ဥုံမဟာသူရိယာ၊ မဟာစန္ဒာ၊ ကုန္ဒာ ဖြဟ္မာစက္က ပေါ် ပေါ် ပီယံမမ ၁၀၀၀ စုတ်။

## (၃၇)မင်းဆေးကား

၁။ ဆေးဝါးကြီး တမူး ၂။ ဆေးဒါန်း ငါးမူး ၃။ ကန့် ငါးမူး ၄။ဆိပ်ဖူး ငါးမူး
၅။ လင်းနေ ငါးမူး ၆။ စစ်တုံ ငါးမူ ၇။ဇလပ်နီ ငါးမူး

ဤဆေး ၇ ပါးကိုပေါင်းကြိတ် မိန်းမ မကိုင်နှင့်။

ဤဆေးအကျိုးကား နတ်ဖမ်း၊ စုန်းဖမ်း၊ ငိုရယ်၊ ကခုန်လျှင် ဆေးကိုဝါးထွေး၊ ရပ်ရွာတွင်သူတပါးတိုကား ပုဏ္ဏားကကဲ့သို့ပစ်စေသော် ဓါးသွားကိုဆေးသုတ်၍ ဆရာကတရွေးခန့်စား၍ ဓါးထမ်းပြီးလျှင် ရွာတွင်ကိုးကွယ်သည့် မြင်းဖြူရှင်နတ်ကို သုံးပတ်လှည့်၍ နတ်ကြီးများဘယ့်ကြောင့်မို့ မကြည့်မရှုနေသနည်း။ မကြည့်မရှုနေခဲ့လျှင် နော်ရထာစော ကွပ်ညှပ်ဆုံးမသကဲ့သို ဆုံးမရမည်ဟူ၍ ဆိုပြီးဓါးကိုထမ်း၍ပြ ၎င်းပြင်လိုဥဏ်ရှင်သုံးပါ (ထို၃၇- မင်းဆေးမန်းရန်ဂါထာကား)

ဥုံနောရဋ္ဌတိ-ရဋ္ဌာနော၊ နာနော၊နာနော-ဥတ္တမော။နာနော နာနော-ဘုမ္မိရာဇာနော။ နာနော နာနော-နမော၊ ဣတိပိသောဘဂဝါဝုတ္တာ၊ ဣတိမန္တာသုခဝဟာ၊ ဣတိဗုဒ္ဓဟိသရဏံ၊ သဗ္ဗေဒေဝါယံမမ၊ ဣတိဓမ္မဟိသရဏံ၊ အန္တရာယါဝိနာသန္တု၊ ဣတိသံဃဟိသရဏံစတုရာဇာပိယံမမ၊ သဗ္ဗဟိပိယံမမ။

## ဤသာသနာငါးထောင်ဆေးတော် စုတ်မန်းရန် စိန္တာမုနိ-မန္တရား

၁။ ဩောင်နမော-အနန္တ-ကောတိကပ္ပေါ၊
သဗ္ဗညုတဉာဏံ၊စိန္တာတိစိန္တော။

၂။ သဗ္ဗဒေဝါယ၊သင်္ဂမော၊သောမနသော
မနောဟရော၊စိန္တေ စိန္တာနံ စိန္တာတိစိန္တော။

၃။ ဘုမ္မိပဒေသော၊ စိန္တာတိစိန္တော၊ တြိဘုမ္မိရတိ၊ စိန္တာတိစိန္တော၊ သတ္တလောကံ
စိန္တာတိစိန္တော၊ ဩကါသလောကံ စိန္တောတိစိန္တော၊ သင်္ခါရလောကံစိန္တာတိ
စိန္တော၊ နာမရူပံစိန္တာတိစိန္တော။

၄။ ကုသလံ အကုသလံ အဗျာကကံ စိန္တာတိစိန္တော၊ သုခံဒုက္ခံ၊ အဒုက္ခံမသုခံ စိန္တာတိ
စိန္တော၊ စိတ္တံစေတသိကံ၊ ရူပံနိဗ္ဗာနံ စိန္တာတိ စိန္တောတိ စိန္တော၊မဂ္ဂပုဂ္ဂလဖလံ
စိန္တာတိစိန္တော၊ ဈာနံ ဈာနင်္ဂစိန္တာ တိစိန္တော၊ အရဟတ္တံ၊ အရဟတ္တမဂ္ဂ
စိန္တာတိစိန္တော၊ နိရောဓံ၊ နိရောဓသမ္မာပန္နံ စိန္တာတိစိန္တော၊ သတ္တဗောဇ္ဈာနံ၊
စိန္တာတိစိန္တော၊ အရဿံ အဋ္ဌင်္ဂီတံ မဂ္ဂံစိန္တာတိစိန္တော၊ စတုရောဓမ္မံ
စတ္တာရိ - ဣဒ္ဓိပါဒါနိစိန္တာတိစိန္တော၊ စတ္တာရိ - ပဋိသမ္ဘိဒါမဂ္ဂါနိ၊ စိန္တာတိစိန္တော၊
စတ္တာရိ အရိယာသစ္စာနိစိန္တာတိစိန္တော၊ အဝိဇ္ဇာသု အဝိဇ္ဇာဘာဂိ ယေသုစိန္တာတိစိန္တော
ဝိမုတ္တိဉာ ဏေသုစိန္တာတိစိန္တော၊ ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု အာသဝက္ခယညာဏေသု
စိန္တာတိစိန္တော၊ လောကိယ လောကုတ္တဉာ ဏေသုစိန္တာတိစိန္တော။

ကဗလီကာရာဟာ ရေသုစိန္တာတိစိန္တော၊ အတ္တဓမ္မပရမတ္တ ဓမ္မေသု၊ စိန္တာတိစိန္တော။
ကတ္တိဘာဓ - ပုံဘာဝေသုစိန္တာတိစိန္တော။ ပဋ္ဌကာမဂုဘောသုစိန္တာတိစိန္တော၊ အပ္ပက
ဗဟုတေသုစိန္တာတိစိန္တော။ အတိဟာနာဂတ ပစ္စုပ္ပန္နေသုစိန္တာတိစိန္တော။
သဗ္ဗဇနစိတ္တေသု၊ စိန္တာတိစိန္တော။ ဧတေန မနောဟရေန၊ ရဟာတံ - ဝိယ။
သဗ္ဗကာ မပူရနော။ ဂရုဂါရဝါဒိဟိ။ သဇ္ဈာယန္တာနံ ပဝရော၊ သမ္မာသမ္ဗုဒ္ဓေန
ဒေသိသော၊ အယံမန္တော၊ စိန္တန တေနစိန္တာ မဏိယောနာမာတိ၊ ဣစ္ဆေတံ၊ အာသန်
တိဌတုတိဌတု၊ ဒိပါယ ဒိပါယ၊ ဝသာယ - ဝသာယ၊ ဒ ဒါတု ဒ ဒါတု၊ စိန္တာမဏိရတနံ
မံ ပါလေတု ၊ ဟုလုဟုလုသွားဟ ယ သွား ဟုံဟုံ။

## (စိန္တာမုနိ အမဂါထာပြီး၏)

၁။ ဩနမော အနန္တကောဋိက ပွေါ၊ သဗ္ဗညုတ ဉာဏော၊ သဗ္ဗဒေဝဂဏော၊ စိန္တောတိ စိန္တော။
၂။ စိန္တာမဏိယောနမော၊ မယဂ္ဂိလ်တော၊ အတုလျှ၊ ပဝရဂုဏ ဓမ္မော။
၃။ သဗ္ဗကါမ ရောစိနော၊ ပုရဏော၊ စိန္တာမဏိ၊ ဖြဟ္မသိဒ္ဓေါ၊ ပဝရော။
၄။ ကြိဘု၊ နဝ၊ သွာရော၊ သုဂတော၊ သဗ္ဗဝေရီနံ၊ နိဝါရဏော။
၅။ အကာလမရဏ၊ နိဝါရဏော၊ မတုဓဋ္ဌနာဒီဃာယုကော၊ သိဒ္ဓိ၊ ကမယံ
ပုညဝန္တောမဟာတေဇော၊ မဟာယသော၊ ဘဂဝန္တော၊ ဒိဌဓမ္မ ဝေဒနိယဘူတော။
၆။ အရိယဖလဝရဓမ္မော၊ အနန္တသမ္မာသမ္ဗုဒ္ဓေါ၊ ဝိသုဒ္ဓိဒေဝေါ၊ နရာသဘော။
၇။ ပရမေသွာရော၊ မဟာဒေဝေါ၊ ပဏပတ္တော၊ဣန္ဒော ဖြဟ္မာ - မဟေသွာရော။
၈။ ဘူမိဝသုန္ဓရော၊ ရုက္ခဒေဝေါ၊ နာဂေါသုပဏ္ဏော၊ ဂန္ဓဗ္ဗော။
၁၀။ စတုလောကပါလာသရိယေါ၊ စန္ဒိမာ၊ နက္ခတ္တရော၊ ဟိမဝန္တော၊ သိနေရုပဗ္ဗတော၊ စက္ကဝါဠ
သိလုစ္စယော။
၁၀။ သက္ကပဗ္ဗတော၊ ဂင်္ဂါယမုနာ၊ အစီရဝတီ၊ မဟီ - သရဘူ - ဇမ္ဗူရုက္ခော။
၁၂။ ကဒမ္ဗော၊ ကပ္ပရုက္ခော၊ သိရိယော၊ ပါတလီ၊ သိပ္ပလိ၊ ပေါရိဆတ္တကာ။
၁၃။ ဆဒ္ဒန္တော၊ ရောဝဏ္ဏော၊ ဥသဘော သိရိဒေါ ၊ ဝေပုလ္လပဗ္ဗတ - ပသော၊ မနောဟရော။
၁၄။ မဏိရတနံ၊ ဝိဟ၊ သဗ္ဗကာမ၊ ပူရနော ဂုရုဂါရဝါဒီ၊ သဇ္ဈာယန္တာနံ ပဝရော
၁၅။ သမ္မာသမ္ဗုဒ္ဓေန၊ ဒေသိတော၊ အယံမန္တော၊ စိန္တနတ္တေန၊ စိန္တာမဏိယော၊ နာမာတိ။
၁၆။ ဣစ္စေတံ အာသနံ၊ တိဌတု၊ တိဌတု ဒိပါယ၊ ဒိပါယ၊ ဝသာယ၊ ဝသာယ၊ ဒဒါတု ဒဒါတု။
၁၇။ စိန္တာမဏိရတနံ၊ ပါလေတု၊ဟုလုဟုလု၊ သွာယယ - သွာဟုံဟုံ။

## (စိန္တာမုနိအဖို ဂါထာပြီး၏။ )

## မဟာထုံသင်းကြီးဆေး

| | | | | | |
|---|---|---|---|---|---|
| ၁။ ကတိုးရရာ | ၁ ကျပ် | ၂။ ပရုပ် | ၂ ကျပ် | ၃။ အုတ်ရစ်ပွင့် | ၃ ကျပ် |
| ၄။ ဇာဒိပ္ဖိုလ် | ၄ ကျပ် | ၅။ လေးညှင်း | ၄ ကျပ် | ၆။ သင်းဝင်ပေါက်ဖြူ | ၅ ကျပ် |
| ၇။ ထင်းရှူးဆီ | ၆ ကျပ် | ၈။ ပန်းဥ | ၇ ကျပ် | ၉။ ဂမုန်းပေါင်း | ၈ ကျပ် |
| ၁၀။ ဖာလာ | ၉ ကျပ် | ၁၁။ အကျော် | ၁၀ကျပ် | ၁၂။ ဒန့်သကူး | ၁၁ကျပ် |
| ၁၃။ နွားမြေရင်း | ၁၂ကျပ် | ၁၄။ ပန်းညို | ၁၃ကျပ် | ၁၅။ ပစ္စည်းပန်း | ၁၄ကျပ် |

ဤဆေး ၁၅မယ်ကိုပေါင်းကြိတ် စုတ်ရန်မန္တာန်ကား -

ဉုံ ကိဿ၊ တိဿရာဇာ။ ဉုံဆေး စုပုပ္ပတ္တသွားဟဲယျ ၇အုပ်

ဤကဲ့သို့ စီရင်ပြီးလျှင် ဂီရိမဂ်လာ - သီရိမင်္ဂလာ၊ထုံသင်းကြီးဆေးဖြစ်၏။ ဤသီရိမင်္ဂလာထုံသင်းဆေးနှင့် သာသနာငါးထောင်ဆေးနှင့် ရောပါက၊မဟာထုံသင်းကြီးဆေးဖြစ်၏။ ဤမဟာထုံသင်းကြီးကို ထုံရသောသူကား လူတကာတို့ပူဇော်ရာဖြစ်၏။ အမှုခပ်သိမ်းအောင်၏။ လူခပ်သိမ်းချစ်ခင်၏။ မိမိအလိုရှိရာဆန္ဒနှင့်ပြည့်စုံ၏။ ဘုန်းတော်ကြီး၏။ သက်တော်ရှည်၏၊ ဘေးအန္တရာယ်ကင်း၏၊ မြင်မြင်သမျှနတ်လူအပေါင်း ချစ်မြတ်နိုး၏။

ဤဆေးတော်ကို ထုံပြီးပါက ကာမေသုမိစ္ဆာ၊ သူ့ရမေရိယနှစ်ပါးနှင့် ကျန်နှစ်ပါး မိမိကြိုက်နှစ်သက်ရာရှောင်ပါ၊ ပေါင်းကာ ၄ပါးရှောင်ပါ၊ မရှောင်က ရှူးတတ်၏။ ရှောင်လျှင် ဘိုးတော်များ အရှင်မြတ်များ၊ သိကြား၊ စတုလောကပါလနတ်များတို့နှင့် တွေ့နိုင်၏။ သို့သော် သားကြီးငါးကြီး ရှောင်၍ တနေ့ဂုဏ်တော်တသိန်းပွားမှ ၃လ - ၃နှစ်၊ ၃၀နှစ်တွင် တွေ့နိုင်ပါ၏။

၁၃၂၈ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ညတွင် တွေ့ရသော ပုရပိုက်ထဲပါသော ထွက်ရပေါက်လိုက်စား ပုဂ္ဂိုလ်များ၏ ဘေးရန်အန္တရာယ်အသွယ်တို့ မထိမရောက်အပြီးတိုင်ပေါက် ရောက်စေရန် ကာကွယ်ထားရှိရန်၊ ဆေးများပြဆိုသောအခန်းသည်ဤမျှဖြင့် ရပ်လိုက်ပါ၏။

ဤမှတ်တမ်းပြသောအခါ၌ အထက်ဆေး သက်သက်ကိုသာ ရေးကူးပါသည်။

၁။ အထက်နှင့်အောက်နှင့်ရောသောဆေး

၂။ အောက်သက်သက်ဖော်စပ်သောဆေးများကို မရေးကူးပါ။

ထိုပုရပိုက်ထဲပါသည့်အတိုင်း ပြုရလျှင် ဆေးမျိုးပေါင်း ၃၀၀ကျော်ပါသည်။ ထို ၃၀၀ကျော်သောဆေးမျိုးပေါင်းတို့တွင် အချုပ်ဖြစ်သော အထွက်ဆေးများကို သာမှတ်တမ်းပြုလိုက်ရပေ၏။နောက်အကြောင်းတိုက်ဆိုင်ပါက ပဋ္ဌမံရုပ်ထွက်နည်း၊ တြိဟိဟောရုပ်ထွက်နည်းတို့ကို ထိုပုရပိုက် မူအတိုင်းရေးသား၍ ပြပါအုံးမည်၊ ယခုကူးမှတ်ရတာကိုပင် ၇ရက်တိတိကူးယူမှတ်ရပါသည်။ အားလုံး ကူးပါလျှင် ၆လလောက်ကူးရမည်ထင်၏။ ဤမျှဖြင့် ပုတီးသမားတို့အားရ ကျေနပ်လောက်မည် ထင်ပါသည်။

## သတိ - သတိ - သတိ

၁။ ဗဟုသုတကြွယ်မှ ရှိုင်းဆပြုနိုင်ပါသည်။
၂။ ဒေသန္တရသွားလာမှ ဝေါဟာရကြွယ်နိုင်မည်။
၃။ ဂန္ထန္တရ - ကျမ်းစုံမှ၊ ယူဆလိမ်မာသည်။
၄။ ဂါထာမန္တာန်ရွတ်ဆိုပြန် အမှန်ထံလိုသည်။
၅။ ပရိတ်မေတ္တာပွားများခါ၊ မေတ္တာရှေ့ထားရမည်။
၆။ အနက်မြန်မာ သိအောင်သာ စိတ်မှာ နှစ်လုံးသွင်းရသည်။
၇။ သားစားငါးစားရှောင်ကျဉ်က စူးရှလွန်ထက်သည်။

---

၁။ အချိန်ရှိခိုက် လုံ့လစိုက်၊ ပွားလိုက်ဂုဏ်တော်ရည်။
၂။ ပွားများမည့်အခါ ပန်းရေသာ လှူခါပြုရသည်။
၃။ အနည်း ဥပတ်စိတ်ထားတတ်၊ မလပ်ပွားရသည်။
၄။ ပွားပြီးခါသော် - မေတ္တာနော် - ထူးသော်ပြုရသည်။
၅။ မေတ္တာပြီးမှ - မျှဝေကြ၊ ဆုသကောင်းရသည်။
၆။ ဆုတောင်းသောအခါ - လမ်းကြီးသာမှန်စွာရည်ရသည်။
၇။ လမ်းကြီးဆုယူထိုသသူ ကျင့်မှု ကောင်းရသည်။
၈။ အကျင့်ကိုပျက် လမ်းကြီးခက် တတ်ရန်မလွဲပြီ။
၉။ မိန်းမအာရုံ - တွေ့ကြိုက်ကုန် ရှောင်တုံလွတ်ကင်းစွာ။
၁၀။ လွတ်ကင်းပါမှ - ဘေးမခ - အေးမြရေသီတာ။
၁၁။ မိန်းမနှိုက်မှု - လမ်းကြီးယူ ကျားမှုလွန်ရှောင်ရာ။
၁၂။ ကျား - မရှောင်က - လမ်းပျက်ကျ တက်ရလွန်ခဲစွာ။
၁၃။ ကျား - မ၊ ရှောင်ပြန်မှုသာကံ၊ အမှန်မပြုရာ။
၁၄။ မှုသားသဘော၊ ပြော၍ပေ၊ အပေ၊ ဒုက္ခပါ။
၁၅။ အပေ၊ ဒုက္ခ၊ ဆိုသည်က ဒါက်သားဖြစ်မည်သာ။ -
၁၆။ ဒါက်သားဖြစ်ခါ၊ ရှုံးသွတ်ရှာ ၊ ပါယ်ရွာလာမည်သာ။
၁၇။ ဤသည့်စာများ မှတ်၍ထား၊ မမှားတတ်မည်သာ။
၁၈။ ဤတွင်အဆုံးကပါတ်ဖုံး ပြီးဆုံး နိဋ္ဌိတာ။

---

၁၃၂၈ခု၊ ကဆုန်လကွယ်၊အဘိတ်နေ့ညတွင် ပုတီး စိတ်ရာ၌ ပီပြင်ပြတ်သားစွာ အသံတသံ ကြားရသည်မှာ -

"သစ္စာဂတိ၊ မရှိလူများ၊ ဆက်ဆံမှားက - စိတ်မချမ်းသာရှိတုံရာ၏"

"သစ္စာမရှိ ဂတိမတည်သောလူထက်၊ ခွေးတိရိစ္ဆာန်က မြတ်တုံသေး၏"

၁၃၂၈ခု၊ နယုန်လဆန်း ၈ရက်နေ့တွင် ထွက်ရလမ်းလိုက်နေသော ရသေ့ကြီး ဦးလှဘော်ကို ကိုရင်ကြီးဝတ်ပေးလိုက်၏။ ထိုနေ့၌ ဘုန်းကြီးတစ်ပါးက ရွှေလမ်းနည်းပေး၏၊ ထိုနည်းကား (ကြက်တူရွေး) ဤဟာကို ကောက်ယူထိုးဟုပြော၏။

နောက်တနည်းကား - လက်ပန်ရိုးရိုးနှင့် ဖြစ်စေအခါနှင့်ဖြစ်စေ၊ ပေါက်ပန်းနီခေါက်နှင့် သမစီပြု၍ထိုး ကြေးသေ၏။

နယုန်လပြည့် မဟာသမယအခါတော်နေ့ပြုလုပ်၏။ အထူးစည်ကား၏။ သံဃာ ၉၊ လူ ၅၀၀ ကျော်ကြွဖတိုက်၏၊ နံနက် ၉ မှ၊ ညနေ ငါးနာရီပြီး၊ နယုန်လပြည့်ကျော် ၁၃ရက်နေ့ လေးစုရပ်တကာများ လေးစုဝတ္တကမြေအကြောင်းလာပြီးလျှောက်ကြသည်။ ဖြစ်ရပ်မှန်များမေးပြီးမှ စည်းဝေးကြတာပေါ့ဟု ပြောလွှတ်လိုက်၏။ နယုန်လဆုတ် ၁၄ရက် အနောက်မျက်နှာတံတိုင်းများပြုလုပ်၊ အုဋ်တိုက်ခိုင်း၏၊ ညတွင်မဟာသက္ကျာသာမိဘုရား ရှေ့တော်တွင် ပုတီး ၁၀၈ ပတ်စိပ်သည်။ လေးစုမြေကိစ္စအတွက် ဆောင်ရွက်သင့်မသင့်ကြောင်း အဓိဋ္ဌာန်သည်။ ပုတီးစိပ်နေရာတွင် အပတ် ၅၀လောက်ရတော့ သာသနာပြုတာဖြစ်၍ ဆောင်ရွက်သင့်ကြောင်း ပြောသောအသံနားထဲ ကြားလာရ၍၊ ပုတီးကိုင်ပြီးတော့ ဘုရားရှေ့တော်တွင် မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ပါမည်ဘုရားရှေ့တော်တွင် အဓိဋ္ဌာန်ပြုလိုက်၏။

၁၃၂၈ခု၊ ပဌမဝါဆိုလဆန်း ၅ရက်နေ့မှ အစည်းဝေးကြမည်ဖြစ်သည်။ ကျွန်ုပ်သည် အရင်က ဆရာတော်ကြီးပြောဘူးသောစကားအရ လိုက်လံပြီး လေးစုမြေကိစ္စကိုစုံစမ်းသည်၊ တော်တော်လေး တိတိကျကျရရှိ၏၊ မြေပိုင်ရှင်ဦးမြို့သား ဦးတင်မောင်ထံမှရင်း၊ စာတိုက်ဗိုလ်ဦးအုန်းဖေထံမှရင်း၊ခြောက်သွေးသောက်ဦးမိုးထံမှရင်း၊ ကျောင်းအုပ်ကြီး ဦးကိုကြီးထံမှရင်း ခိုင်လုံစွာအထောက်အထားများနှင့်ရရှိ၍ မှတ်တမ်းရေးထားလိုက်၏။

၁၃၂၈ခု၊ ပထမဝါဆိုလဆန်း ၅ရက်၊ ဗုဒ္ဓဟူးနေ့နံနက် ၇နာရီနှင့် ၄၅မိနစ် အချိန်လေးစုဇရပ် ဆွမ်းစားသွား၏။ ဆွမ်းစားပြီးနောက် အစည်းအဝေးပွဲစ၏၊ နေရှင်နယ်ဘက်က ကျောင်းအုပ်ဦး ဘိုကြီးနှင့် ဦးတင်အေးတို့ပါ၏။ အုပ်ချုပ်ရေးဘက်က ရဲဝန်ထောက်၊ ပါတီအတွင်းရေးမှူးဦးလှစိုး၊ နလက ဗိုလ်တို့ ပါဝင်ကြ၏။ လေးစုဘက်က ရွာလူကြီးများနှင့် တစ်အိမ်တစ်ယောက်တက်ရောက်ကြ၏၊ သံဃာတော်ဘက်က မြို့ပေါ်ရှိ တိုက်သံဃာများ စုံစုံလင်လင်ကြွလာကြ၏၊ မြို့နယ်သံဃာဆန္ဒအရ ဤလေးစု သာသနာ့ ဝတ္တကမြေအတွက် တာဝန်ယူဆောင်ရွက်ရန် သံဃာကိုယ်စား -

၁။ ကျွန်ုပ်၊ ၂။ ပဲ့ပါဆရာတော်၊ ၃။ တောင်လေးလုံးတိုက်အုပ်ဆရာတော် ဦးဇာဂရ၊ ၄။မင်္ဂလာတိုက် ဦးသာဂရ ဤလေးပါးတာဝန်ယူကြရ၏။ နံနက် ၁၀နာရီတွင် ပြီးစီး၏။

ပထမဝါဆိုလဆန်း ၆ရက်၊ ကြာသပတေးနေ့တွင် ဦးကုက္ကကကျောင်းရွှေ့ရန်၊ ဦးစံတင့်မြေကွက် တစိတ်တဒေသကို အစိုးရကိုယ်စား ဗိုလ်သိန်းဟံ၊ မြို့အုပ်ဝန်ထောက်၊ ရလကများတို့က ၁၀၀နှင့်ဝယ်ပြီး စာချုပ်မြေပုံပြုလုပ်ကြကြောင်းသိရ၏။ ၎င်းပြင် တလင်းမြေအတွက် ၇၅ကျပ် - မခွေးမြေအတွက် ၁၂၅ကျပ် လျော်ကြေးပေးကြောင်းသိရ၏။

၁၃၂၈ခု၊ ပထမဝါဆိုလဆုတ် ၁၀ရက်၊ လေးစုရပ်ရွာလူကြီးများနှင့် ကျောင်းအုပ်၊ ကျောင်း

ဆရာများ၊ ပါတီခေါင်းဆောင်များ စည်းဝေးဆွေးနွေးကြကြောင်းသိရ၏၊ မြေကိစ္စအတွက်ဖြစ်သည်၊ ပြေငြိမ်းသယောင်ယောင် အခြေအနေဖြစ်သွား၏။ မဟာသက္ကျာသာမိ မြတ်စွာဘုရားမြောက်ဘက် ဆင်ခုံစလုပ်သည်၊ ဆင်အရပ်၊ ၅တောင် ၂၅၀ကျပ် နှင့် တကောင်လုပ်ပေးရန်ကိုဉာဏ်နှင့်တဲ့၍လုပ်သည်။ ဆင်ခုံပြီးသွား၍ ဒုတိယဝါဆိုလဆန်း ၃ရက်နေ့ မြောက်ဘက်က ဆင်ခြေထောက်များစပြီးလုပ်သည်။ ဒုတိယဝါဆိုလဆန်း ၁၄ရက်နေ့တွင် မြောက်ဘက်က ဆင်ကြီးပြီးသွား၏၊ လက်ခ ၂၅၀၊ ဆေးခြယ်ခ ၂၅ကျပ်၊ ပေးလိုက်၏။

၁၃၂၈ခု၊ ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ကျင်းပ၏။ လူစည်ကား၏၊ သံဃာ ၉၀၊ လူ ၅၀၀ကျော်၏၊ မုန့်ဟင်းခါးတိုက်၏၊ ညနေ ၅နာရီမှပြီး၏၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ရက်၊ ဘော်လုံးကွင်း (ဝါ) ကစားကွင်းဖွင့်ပွဲ ဆွမ်းစားသွား၏။ ဒုတိယဝါဆိုလဆန်း ၅ရက်၊ စနေနေ့ မဟာသက္ကျာသာမိ မြတ်စွာဘုရားမုခ်ဦး တောင်ဘက်ဆင်ခုံပန္နက်ချ၏။ ဝါခေါင်လဆန်း ၁ရက်နေ့ တောင်ဘက်ကဆင်ကြီးပြီးသွား၏၊ ငါခေါင်လဆန်း ၂ရက်နေ့ တွင် ဆင်ဖွင့်ပွဲဘိသိက်ခံ၏။ ဝါခေါင်လပြည့်နေ့ သံဃာယနာအခါတော်နေ့နှင့် မေတ္တာအခါတော်နေ့ ကျင်းပသည်၊ လူစည်ကားသည်၊ ညနေ ၄နာရီ ခွဲမှာပြီး၏။ မုန့်တီကျွေး၏။ သံဃာ ၉၀ပင့်၏။

၁၃၂၈ခု၊ တော်သလင်းလဆန်း ၅ရက်၊ လေးစုမြေကိစ္စနေရှင်နယ်ကျောင်းဘက်က စာတင်ကြောင်းကြားသိရ၏၊ တော်သလင်းလဆန်း ၈ရက်နေ့တွင် ကိုလှမြ၊ ကိုထွန်းမောင်၊ ကိုယသ၊ကိုဆယ်တို့ မြေကိစ္စနှင့်ပတ်သက်၍ လျှောက်ထားတာလာကြ၏၊ သီတင်းကျွတ်လဆန်း ၄ရက်နေ့တွင် ဗားကရာ၊ မြသိန်းတန်ဆရာတော်တပည့် ဦးပဍ္ဍင်းတပါးလာ၍ ဆင်ဖြူတောင် ဦးသာသနာအကြောင်းလျှောက်ထားသွားသည်။ အခြေအနေကိုကြည့်ပြီး လုပ်ကြတာပေါ့လို့ ပြောလိုက်၏။

သီတင်းကျွတ်လဆန်း ၆ရက်နေ့တွင် မယ်တော်ကိုရည်စူး၍ သံဃာတော်များ မုန့်ဟင်းခါးတိုက်သည်။ ထိုနေ့က အထူးတလည်ပုတီးစိတ်၍ အမျှဝေ၏၊ သံဃာ ၃၅ပါးကျွေး၏၊ လပြည့် အဘိဓမ္မာအခါတော်နေ့ကျင်းပ၏။ သံဃာ ၁၀၈ပါး လူ ၅၀၀ကျော် ဆွမ်းကျွေးပဋ္ဌာန်း နာရီ ၉ပါတ်တိတိ ရွတ်ဖတ်၏။ ၁၃၂၈ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁ရက် အာရုဏ်တက်မှစ၍ သတ္တဋ္ဌာနဘုရားများ ရှေ့တော်တွင် ၂ကျိပ်ရှစ်ဆူဘုရား၊ ရှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ရှေ့တော်တွင် အာရုဏ်တက်အချိန် ၉ရက် တိတိ ပုတီးအပါတ် ၉၀ အဓိဋ္ဌာန်ဝင်စိပ်၏။

နောက်ဆုံးရက်ဖြစ်သော သီတင်းကျွတ်လဆုတ် ၉ရက်နေ့တွင် ပုတီးစိပ်အပြီး၌ ဦးနာဂိသ်ရခေါ် သော ဘုန်းတော်ကြီးက ကြေးပုရပိုက်ပေးလာ၏၊ ထိုအရှင်မြတ်ကြီးပေးသော ကြေးပုရပိုက်မှာ ထိပ်ဆုံးနားအလည်လောက်က တမတ်ပေါက်လောက် အပေါက်ဖေါက်ထားပြီး ကြေးကွင်းဖြင့်သီထား၏၊ အားလုံးအချပ် ၄၀ပါ၏၊ အနံ ၅လက်မ၊ အလျား ၁၀လက်မလောက်ရှိ၊ ကြေးပြားများမှာ တူဖြင့်ရိုက်၍အပြားခပ်ထားသော တော်တော်ရှေးကျသော ကြေးပုရပိုက်ဟုခန့်မှန်းရ၏၊ ထိုပုရပိုက်ထဲမှ ပါသော ဆေးဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဓါတ်ဝိဇ္ဇာနည်းလမ်းလေးချိုးတို့တွင် အင်းဝိဇ္ဇာနည်းမှာ ၄ - သ - ည - က အင်းရှင်နည်းလမ်းဖြစ်၍ ပုံရိုက်စာအုပ်နှင့်တိုက်ကြည့်ရာ အနည်းငယ်သာ ကွဲလွဲမှုရှိပြီး ကျန်အချက်များတူညီနေသောကြောင့် မကူးယူပါ၊ ဓါတ်ဝိဇ္ဇာနည်းမှာလည်း ကျားရှာခြုံဆရာကြီး၏ နည်းဖြစ်၍

ပုံရိုက်ပြီးသား ရှိနေသောကြောင့် မကူးယူချေ၊ ဆေးဝိဇ္ဇာနည်းလမ်းနှင့်မန္တာန်ဝိဇ္ဇာနည်းလမ်းကိုသာ ကျွန်ုပ်ရေးမှတ်၍ ကူးယူလိုက်၏။ ဆေးဝိဇ္ဇာနည်းမှာ အောက်ပါအတိုင်းဖြစ်၏။

## မူရင်းအတိုင်းနိဒါန်း

မဂ်လမ်းမသွားနိုင်သူ ရှင်လူများတို့အတွက် ထွက်လမ်းသွားနိုင်စေခြင်းအကျိုးငှာရင်း၊ ဘုရားသာသနာမည်သည့်အခါမျှ မကွယ်ပျောက်စေရန်အလို့ငှာရင်း၊ သတ္တဝါများကို ရင်ဝယ်သားသို့ အမှတ်ထားပြီး၍ဆေးဝိဇ္ဇာနည်းလမ်းကျမ်းကြီးကို ငါရေးသား၏။ ထိုက်သူယုံယုံကြည်ကြည်ဖြစ်၍ ကျင့်ကြံအားထုတ်နိုင်ကြစေ၏၊ မထိုက်သူ စိတ်ကောင်းမရှိသူများနှင့် လုံးဝမတန်ရာပေ - ဤလမ်းစဉ်ကိုကျင့်လိုက စိတ်ကောင်းအလျှင်မွေးမြူပေအုံးတော့ - အို - တကာ - တကာမအပေါင်း -

## ကျမ်း၏ပဏာမ

ရတနာတြိ နမာမိ - ဇိဝှဂ္ဂေ မေ မံဒါရေတု သူရဿတိ။

ငါသည် ဆေးဝိဇ္ဇာလမ်းကြီးကို ကြေးပုရပိုက်မူအရ ရေးသားပေအံ့၊ သာသနာ၊ ဘာသာရေးကြီးပွားတိုးတက်အောင်လုပ်မည့် သူတို့အောင်မြင်စေသတည်း၊ ပြုလုပ်စီရင်ရန် ဆေးကား -

၁။ အန္တောဓါတ် ၂။ ဂမ္ဘောဓါတ် ၃။ စရေဓါတ် ၄။ ဝံသေဓါတ်

ဤဓါတ်လေးပါး နံပင်များကို ဖေါ်စပ်ရပေမည်၊ ဤဓါတ်လေးပါးနံပင်များကား -

၁။ အန္တော - အုံတုံ - အုံနှံ
၂။ ဂမ္ဘော - ကင်ပွန်း - ကြောင်ပန်း - ဂင်ပုတ်
၃။ စရေ - ဇလပ် - စရို
၄။ ဝံသေ - လောက်သေ - လေသိုက်

ဤဆေးပင်များကို ဂြိုလ်သက်အတိုင်း ကျပ်ချိန်ဖော်စပ်ရာ၏၊

ဥပမာ - အန် - တနင်္ဂနွေ၊ ဂြိုလ်သက် ၆ကျပ်သား၊ တော - စနေ - ဂြိုလ်သက် - ၁၀ကျပ်သား ၁၀၈ နဝင်းဖြစ်အောင် ကောက်ယူပြီး ဖော်စပ်လေ -

ဆေးပင် ခုတ်ယူရန် အစီအရင်ကား - ၎င်းဆေးကို ဖော်စပ်စား၊ သုံးလိုသော သူကိုယ်တိုင်အခါရွေး၍ (အခါမှာ ကိုယ်တိုင်မရွေးတတ်က တတ်သောသူကိုခိုင်းရာ၏)ခုတ်ယူရာ၏ - ရွေးချယ်ရမည့်အခါမှာ - ဤအင်္ဂါလက္ခဏာများနှင့်ညီစေရမည်။

(က) ဆေးစားမည့်နေ့သား၏အထွန်း၊ သိုက်၊ အဓိပတိ၊ မိတ်၊ ဓါတ်၊ နေ့တို့ဖြစ်စေရမည်။
(ခ) မကောင်းသောရက်၊ လ၊ နေ့ လွတ်စေရမည်၊ နက္ခတ်မှ ခါးပတ်နက္ခတ်နှင့် ကြုံစေရမည်။
(ဂ) ဆေးပင်ခုတ်ယူသောအခါ ခြေ၊ လက်၊ မျက်စိ၊ ကိုယ်၊ အင်္ဂါ၊ မစုံသူ၊ ပိုလွန်းသူ၊ ပြန်သူ၊ ပျက်သူ၊ မခေါ်ရ၊ မပါရ၊ ရန်ဘက်မှ၊ ဥဒါသိန်ဘက်၊ အပုတ်၊ မရဏ၊ ဘင်္ဂ၊ နေ့သားများလွတ်စေရမည်။
(ဃ) ခုတ်ယူမည့်ဓါးဖြစ်စေ၊ ချိတ်ဖြစ်စေ၊ အပဲ့အရွဲ့၊ အလိန်၊ အကောက်၊ အနာအဆာမပါ၍၊ မင်္ဂလာရှိသော သစ်လွင်သော သန့်ရှင်းသောသံဖြစ်စေရမည်။

(င) လှည်းသံ၊ သုသာန်မှသံ၊ လမ်းမှသံ၊ နေရာတကာပစ်ထားသော သံ၊ လူခုတ်ထိုးလှီးပြီးသောဓါး၊ ခွေးစသောသတ္တဝါများခုတ်ရိုက်ပြီးသောဓါးများကို ရှောင်ကြဉ်စေရမည်။

(စ) အသန့်ရှင်းဆုံးမှာ သယ်ဇာတတောင်မှထွက်သောသံကိုယူ၍ သန့်ပြန့်သောပန်းပဲဖိုတွင် ဖြစ်စေ၊ ကိုယ်တိုင်ပင်ဖြစ်စေ၊ နေ့ကောင်းရက်သာရွေးပြီး အထွက်နက္ခတ်နှင့်ကြုံသောနေ့တွင် ၎င်းသံကို ဓါး၊ ချိပ်ပြုလုပ်ပြီး ဆေးပင်ခုတ်ယူရာ၏။

(ဆ) ဆေးပင်ကိုမခုတ်ယူမီ ရှေ့အဘို့၌ ၎င်းမင်္ဂလာဓါးကို ပရိတ်များ ဇယန္တောဂါထာများ၊ ပထဝီဇယ မန္တာန်များရွတ်ဘတ်၍ နံ့သာအမွှေးအကြိုင်တို့ဖြင့် ဆေးကြောပက်ဖြန်းခြင်းကိုပြုပြီးမှ မင်္ဂလာဓါးကို ယာပုခုံးပေါ်ထမ်း၍ သန့်ပြန့်သောအဝတ်နှင့်ထုတ်ယူ၍ ယာပုခုံးပေါ်ထမ်း၍သော်၎င်း ပြုလုပ်ရာ၏။ မင်္ဂလာဓါးကို မည်သည့်အခါမျှ ဦးပိုင်းအောက်စိုက်၍၎င်း၊ ချိုင်းကြားညှပ်၍သော်၎င်း၊ ပုဆိုးနှင့်သုတ်၍၎င်း မသန့်မပြန့်ပြုလုပ်၍ မင်္ဂလာဓါးကိုမယူရ။ ဆေးပင်မခုတ်ခင် မြေကြီးပေါ်ထား၍၎င်းအလျှင်းမပြုရပေ။ ဤသည်ကား ဆေးပင်ခုတ်ယူမည့်ဓါးချိတ်တို့အစီအရင်တည်း။ ထိုကဲ့သို့ ဓါးချိပ်တို့ကိုစီရင်ပြီးသော် ဆေးပင်ရှိရာသို့ကိုယ့်နေရာမှသွားသောအခါ သွားမည့်နေ့ ကိုယ်၏ဂြဟာဇာ-ပွင့်ရာမျက်နှာမူ၍ ကိုယ်၏သီရိအရပ်ကသော်၎င်း၊ တေဇအရပ်ကသော်၎င်း ထွက်သွားရာ၏။ လမ်းတလျှောက်လုံးပရိတ်တော်ဂါထာမန္တာန်များရွတ်ဖတ်၍သွားရမည်။

ခုတ်ယူရမည့်နေရာဆေးပင်သို့ရောက်သောအခါ ကိုယ်၏အာယုအရပ်ကဝင်၍ ဆေးပင်ကို မျက်နှာပြုပြီးလျှင် ယခင်ပြဆိုခဲ့သောပရိတ်ဂါထာများ၊ ဝိဇ္ဇာဓရ-ဥဂါထာ၊ ဝိဇ္ဇာမယလေးဂါထာ၊ စိန္တာမုနိ ဂါထာများတို့ကို ရွတ်မန်းပြီး ဝိဇ္ဇာ၊ ဇော်ဂျီ၊ ပေါက်ပုဂ္ဂိုလ်များ အရှင်မြတ်များ အမျှတန်းဝေ၊ မေတ္တာပို့ တိုင်တည်အဓိဋ္ဌာန်ပြုပြီးလျှင် တေဇအရပ်ကိုမျက်နှာပြု၍ ၎င်းဆေးပင်ကိုယာလက်ဖြင့် ခုတ်ယူရာ၏။

ခုတ်သောအခါ မည်သည့်အခါမျှ လက်ပြန်မခုတ်ရ။ (ခုတ်ယူနေတုန်းမှာပင် ပရိတ်တော်များ ဂါထာများ မန္တာန်များ ရွတ်ဖတ်နေရ၏။)

**ဆေးပင်ကိုမယူအပ်သည့်နေရာများ**

၁။ သုသာန်သချိုင်း
၂။ ကျင်ကြီး ကျင်ငယ်စွန့်သောနေရာ
၃။ နတ်ကြမ်းသော၊ လူကြမ်းသောနေရာ
၄။ မြေဘုတ်တစ္ဆေပေါသောနေရာ
၅။ လူတိရိစ္ဆာန်တို့၏ သားမွေးခြင်း၊ သံဝါသပြုခြင်းရှိသောနေရာများကို ရှောင်ကျဉ်နိုင်ရန် စုံစမ်း၍ ခုတ်ယူရာ၏။

**ဆေးပင်ရှိသောဒေသများ**

လေသိုက်သည် ရှမ်းပြည်မှာ၎င်း၊ အထက်အောက်ဒေသများသော်၎င်း၊ ရှိသောကြောင့် စု၍ ရသော ပစ္စည်းဖြစ်၍ ယူမည့်နေ့ဦးကိုသာမင်္ဂလာယူအပ်၏။လေသိုက်မှာ ၅မျိုးရှိ၏။
၁။ အနီမျိုး၊ ၂။ အဝါမျိုး၊ ၃။ အစိမ်းမျိုး၊ ၄။ အနက်မျိုး၊ ၅။ အဖြူမျိုး

ဤငါးမျိုးတွင် အဖြူအနက်မရမှ သည့်ပြင်ဟာယူလေ -

အုန်းနဲ့၊ ကြောင်ပန်း၊ စရို၊ ဇလပ်၊ ဂင်ဘုတ်၊ အုန်းတုံ၊ လောက်သေတို့မှာ မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရ၊ ရန်ကုန်စသောမြို့များ ရရှိနိုင်၍မခဲယဉ်းပြီ။ အခါယူသည့်နေ့မှာပင် ကျပ်ချိန်ပြည့် ယူရပေမည်။ ဆေးများ၊ ဆေးပင်များကို မသိုမသန့်သောနေရာမထားရ၊ ဆေးဖော်ပြီးလျှင် ပရိတ်ဂါထာ များ၊ မန္တာန်များရွတ်ပြီးသိဒ္ဓိတင်ပါ။ အသန့်ရှင်းဆုံးအကောင်းဆုံးနေရာမှာထားပါ။

**ချွင်းချက်** - သန့်ပြန့်သောနေရာဖြစ်သော်လည်း မိမိ၏ဘုမ္မိအရပ်ကိုရှောင်ကျဉ်ရာ၏။ သန့်လည်း သန့်ရှင်း၊ သိရိအရပ်၊ တေဇအရပ်၊ အာယုအရပ်ဖြစ်ခြင်း၊ ဤအချက်များနှင့်ညီလျှင် အထူးကောင်းမွန် ပေ၏။ ဤကဲ့သို့ အန္တော၊ ဂမ္ဘော၊ စရေ၊ ဝံသေဓါတ်ဆေးလေးမျိုးကို ၁၀၈ ကျပ်သားရအောင် ဖော်စပ် ပြီး သော်အမှုန့်ပြု၍ ဆိုအပ်ခဲ့ပြီးသော ပရိတ်ဂါထာမန္တာန်များမန်း၍ နက္ခတ်ကြံသည့်နေ့ကစ၍ စားသုံး ရာ၏။

**အထူးမှာ** - ဝတ်ဖြူစင်ကြယ်ဖြစ်စေ၊ သန့်ပြန့်သစ်လွင်သောအဝတ်အစားဖြစ်စေဝတ်၍ အပြဟွစရိယ- မဖြတ်သောအကျင့်ကို အနည်းဆုံးခုနှစ်ရက် ကင်းကွာစေပြီး နဝင်္ဂသီလဆောက်တည်၍ အရာရာမှာပြု လုပ်ပါလေ။ ဆေးပင်ခုတ်ယူသည့်အခါ စားသုံးမည့်အချိန်အခါများတွင် သက်သတ်လွတ်စားရာ၏။ ဆေးစားသောနေ့ကစ၍ နဝင်္ဂသီလ ၃လတိတိဆောက်တည်ပြီး မေတ္တာပွားများလျက် သာသနာ ကျိုးကို သာ ရွေရှုလျက်စားသုံးရာ၏။ ၃လလွန်သော် နဝင်္ဂသီလမဆောက်ပဲ သက်သတ်လွတ် သာစားရာ၏။

**ဆေးစားသောအခါ** - ဆေးစားနေသောအခါ ဒေါသမဖြစ်ရ၊ ကာမဂုဏ်မခံစားရ၊ အငြင်းစကား၊ အဖွင်းစကားများလုံးဝရှောင်ကျဉ်ရာ၏။ ပုတီးစိတ်ပါ။ အစားအသောက်မှာ ခါးလွန်း၊ ချဉ်လွန်း၊ စပ်လွန်း၊ ငန်လွန်း၊ အေးလွန်း၊ ပူလွန်းသောအစာများကို အထူးရှောင်ကျဉ်ပါလေ။ဤကဲ့သို့ရှောင်ကျဉ်ရန် လက္ခဏာ အင်္ဂါရပ်များနှင့် ပြီးပြည့်စုံသောသူသည် တရာ့ရှစ်ကျပ်သားကို ပျားရည်သုံးပိဿာဖြင့်စားသုံးပြီးပါက ဆေးဝိဇ္ဇာဖြစ်ပါ၏။ ဆေးဝိဇ္ဇာအဖြစ်ကိုအောင်မြင်စွာရရှိပါ၏။ အသက်တစ်ထောင်နေရ၏။ ထိုနည်း အတိုင်း ဆက်ခါဆက်ခါဖော်စပ်ပြီးစားသုံးသွားပါက အသက် အသင်္ချေနေနိုင်ပါ၏။ စားသောအခါ တစ်ဇွန်းမှ သုံးဇွန်းတိုင်အောင်စားသုံးနိုင်၏။ ထို့ထက်မပိုရ၊ အကောင်းဆုံးစားသုံးမှုက တစ်ဇွန်းဖြစ်၏။

**မှတ်ချက်** ။ ။ ပုတီးစိတ်သော် ဂုဏ်တော်၉ပါးကို အစဉ်အတိုင်း တစ်ဂုဏ်တော်ကို ၁၀၈လုံး ပုတီးတရာ့ရှစ်ပတ်တနေ့ရအောင်စိတ်ပါလေ။

### ဤကောင်းမှု ပု-ဒိ-အာနှင့်ပြည့်စုံရပါလို၏။

**အထူးမှတ်ချက်** ။ ။ မန္တာန်ဝိဇ္ဇာပုတီးစိတ်သောအခါမှာဖြစ်စေ၊ ဆေးဝိဇ္ဇာဖြစ်ရန် စားသုံးသော အခါမှာဖြစ်စေ၊ ၎င်းဆေးကိုထားသောအခါမှာဖြစ်စေ၊ ပုတီအရပ်၊ မရဏအရပ်၊ ဘင်္ဂအရပ်၊ ဘုမ္မိအရပ် များကို မည်သည့်အခါမျှ ပုတီးမစိတ်ရ၊ မစားသုံးရ၊ ဆေးပစ္စည်းစသည်မထားရ။

"လောကီကလည်း ကီနိုင်ပါမှ၊ လောကုတ်ကလည်း ကုတ်နိုင်ပါမှ၊ အားလုံးပြီးစီးအောင်မြင်နိုင်ပါ၏။"

"ကြံဒ်မေပုည် တေဓိဉာဏာဿ ပစ္စယောဟောတု"

**စောဘုရားပင့် ကြေးပုရပိုက်မူရင်း မန္တာန်ဝိဇ္ဇာလမ်းကြီးကို ရေးသားပေအံ့။**

နမောဗုဒ္ဓဿ၊ နမောဓမ္မဿ၊ နမောသံဃဿ၊ ဤဂါထာမန္တာန် ဝိဇ္ဇာလမ်းကြီးကို သရဏဂုံ မြဲသောသူ၊ ငါးပါးသီလမြဲသောသူ၊ သားစားငါးစားရှောင်ကျဉ်သူ၊ ဘုရားသာသနာတော်ကြီးကို စည်ပင်ပြန့်ပွားတိုးတက်အောင် ပြုလုပ်မည့်သူတို့တွေ့၍ကျင့်ကြံအားထုတ် ပေါက်မြောက်နိုင်ကြပါစေ သတည်း။

လက်မွန်မဆွ ရှေးဦးအစရတနာသုံးပါး ဆရာသမားတို့ကို သုတဝဏ္ဏာ ဘုရားရှိခိုးကြီးဖြင့်၎င်း၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့် နမက္ကာယဘုရားရှိခိုးတို့ဖြင့်၎င်း၊ ဆရာ့ဆရာများ ရေးသားပြုစုကြသော ဝတ်ရွတ်စဉ်တို့ဖြင့်၎င်း၊ ပရိတ်တော် ဂါထာတော်တို့ဖြင့်၎င်း၊ ရှိခိုးပြီး ၅၂၈သွယ် မေတ္တာပို့၍အမျှဝေ၊ မေတ္တာခံယူပြီးလျှင် ပရိကံပြု၍၊ မန္တာန်ကိုစိတ်ရမည်။ဘုရားရှိခိုးမေတ္တာပို့ ပရိကံမပြုမီ ကန်တော့ပွဲ၊ ဆီမီး၊ပန်းမာလ်၊ အမွှေးအကြိုင်၊ ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့် ပူဇော်လှူဒါန်းထားပါ-

**ကန်တော့ပွဲထိုးရန်မှာ -**

၁။ ဘုရား၊တရား၊သံဃာ၊ရတနာသုံးပါးအတွက် ငါးဖီးဆိုင် ကန်တော့ပွဲတပွဲ

၂။ မိဘ၊ ဆရာများအတွက် သုံးဖီးဆိုင်တပွဲ

၃။ သိကြားတပွဲ သုံးဖီးဆိုင်

၄။ ဗြဟ္မာတပွဲ သုံးဖီးဆိုင်

၅။ သာသနာတော်စောင့် နတ်မင်းကြီးလေးပါးတပွဲ သုံးဖီးဆိုင်

၆။ အရှင်မြတ်တို့ပွဲ သုံးဖီးဆိုင်

၇။ ဘိုးတော်တို့တပွဲ သုံးဖီးဆိုင်

၈။ သူရဿတီမယ်တော်တပွဲ သုံးဖီးဆိုင်

၉။ အလောင်းတော်နတ်သားတပွဲ သုံးဖီးဆိုင်

မီးခြစ်ထုပ်၊ ဖရောင်းတိုင်၊ ကွမ်း၊ ကွမ်းသီး ထုံး ရှားဆေး စမုံမျိုးငါးပါးထည့်၍ထိုးထားပါ။

ဘုရားကန်တော့ပွဲကိုထီးဖြူ ၁၊ တံခွန် ၅၊ တုက္ကား ၅၊ ပန်းငါးမျိုး ၉ညွန့်စီထိုးစိုက်လှူပါ။ ကျန်ပွဲများမှာ တံခွန်ကုက္ကားများ သုံးခုစီထိုးထားပါလေ တပွဲတပွဲငွေ ကိုးမတ်ကိုးကျပ်ကိုးရာ စသည် ထည့်ထားပါ၊ အမွှေးတိုင်ခေါ် နံ့သာတိုင်များလဲ လှူဒါန်းထားရမည်။

ဤကဲ့သို့ တင်လှူပူဇော်ပြီး အောက်ပါဂါထာ သုံးပုဒ်တို့တွင် မိမိနှစ်သက်ရာ တဂါထာကိုဖြစ်စေ သုံးဂါထာလုံးကိုဖြစ်စေ ပုတီးစိတ်နိုင်၏။ စိတ်သောအခါ ကိုယ့်အရွယ်လောက် ဗုဒ္ဓရုပ်ပွားတော်ကို ရှေ့ကထား (သို့မဟုတ်) ဗုဒ္ဓရုပ်ပုံတော်စားကို ရှေ့ကထားပါ ပန်း၊ မီး၊ ရေတို့ဖြင့် နေ့စဉ်တင်လှူပြီး အောက်ပါနည်းအတိုင်း စိတ်ပွားပါ။

၁။ သုဂတော နိဗ္ဗါနံယာတိ၊

သုဂတော လောကနာယကော။

သုဂတော လှေ့အကသာဘိကျော

သုဂတော မာရဝိဇ္ဇာယော။ (သုဂတော ၉ ချက်ဂါထာ)
သုဂတော သုဂတဌာနံ
သုဂတော သုန္ဒရံပိစ၊
သုဂတော နိဗ္ဗာနံယါတိ၊
သုဂတောတေ နမော၊ နမာ။
၂။ သုဂတော သုဂတဌာနံ (သုဂတော ၅ ချက်ဂါထာ)
သုဂတော သုန္ဒရံပိစ။
သုဂတော နိဗ္ဗာနံ ယာတိ၊
သုဂတော တေ-နမောနမော။
၃။ သုဂတော သုဂတဌာနံ
သုဂတော သုန္ဒရဝစော၊ (သုဂတော ၅ ချက်ဂါထာ)
သုဂတော နိက္ခမံဂန္တွာ
သုဂတော တံနမာမဟံ။

ဤသုဂတော ၉ချက်ဂါထာ၊ ၅ချက်ဂါထာများကို ကြိုက်နှစ်သက်ရာ တစ်ဂါထာကို ပုတီး စိတ်ပါ၊ တဂါထာဆုံးမှတလုံးချပါ၊ ၁၀၈လုံး ပုတီးတပတ်ရလျှင် သုဂတောကိုးချက် ဂါထာဖြစ်က ၉၇၂ရ၏။ ငါးချက်ဂါထာဖြစ်က ၅၄၀ရ၏။

ပဉ္စမအဆင့်အနေနှင့် ဓမ္မာခန္ဓာပေါင်း (၈၄၀၀၀) ကိုရည်စူး၍ ပုတီးပတ်၁၅၆ပတ်စိတ်၊ ပြီးလျှင် ရှေးနည်းအတိုင်း ကန်တော့ပွဲ-ဆွမ်းပန်း၊ အမွှေးတိုင်၊ ရွှေတိုင်တို့ဖြင့် ပူဇော်လှူဒါန်း၍ ပုတီးပတ်ပေါင်း ၅၅၀ရအောင်စိတ်ပါ။ ရှေးနည်းအတူ ပူဇော်လှူဒါန်းပြီး တတိယအဆင့်တက်ပါ၊ ရည်ညွှန်းချက်ကား သိဒ္ဓိကို ရည်ညွှန်း၍ အောက်ပါအတိုင်း သိဒ္ဓိတက်ပြီးစိတ်ပါ။

၁။ (၁) နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ(တလုံးချ)
(၂) ကာယသိဒ္ဓိ(တလုံးချ)
(၃) ဟေတုပစ္စယော(လ) အဝိဂတပစ္စယော (တလုံးချ) ဤသုံးပါး သုံးလုံးတစုံတပတ်စိတ်ပါ။
၂ ထို့အတူ - နမောသဿ(လ) သမ္မာသမ္ဗုဒ္ဓဿ (တလုံး) အနန္တကာယသိဒ္ဓိ (တလုံးချ)
ဟေတုပစ္စယော(လ) အဝိဂတောပစ္စယော(တလုံး) ဤသုံးလုံး တစ်စုံ တစ်ပါတ်စိတ်။
၃။ နမောတဿ(လ) သမ္မာသမ္ဗုဒ္ဓဿ(တလုံး)
ဝိသုဒ္ဓိကာယသိဒ္ဓိ (တလုံး)
ဟေတုပစ္စယော (လ) အဝိဂတပစ္စယော တလုံး ဤသုံးလုံး တစ်စုံ တစ်ပါတ်စိတ်၏။
၄။ နမောတဿ(လ) သမ္မာသမ္ဗုဒ္ဓဿ (တလုံး)
အနန္တ ဝိသုဒ္ဓိကာယသိဒ္ဓိ (တလုံး)
ဟေတုပစ္စယော(လ) အဝိဂတောပစ္စယော (တလုံး) ဤသုံးလုံး တစ်စုံ တစ်ပါတ်စိတ် -
ဤလေးပါးစိတ်ပြီးက၊ တဝါရ - ရ၏မှတ်၊ ထို့အတူ ဤနည်းအတိုင်း သိဒ္ဓိသုံးဆယ်ကို ပွားများ

ပါ။ သိဒ္ဓိသုံးဆယ်ဖြစ်၍ ဝါရ-သုံးဆယ်ရ၏။ ဝါရသုံးဆယ်ရလျှင် တဗန္ဓပြီးမြောက်၏မှတ်။ ထိုဗန္ဓပေါင်း တစ်ထောင်ပြီးလျှင် တစ်ဆင့်အောင်ပြီမှတ်ပါ။ ဤနည်းအတိုင်း အစကပြန်၍ ဗန္ဓပေါင်း ကိုးထောင် ပြီးမြောက်လျှင် မန္တာန်ဝိဇ္ဇာဖြစ်တော့၏။ ပြောသမျှဟုတ်၊ လုပ်သမျှမှန်ကန်၊ ကြံသမျှအောင်မြင်ပြီး မန္တာန် ဝိဇ္ဇာသိဒ္ဓိရှင်ကြီးဖြစ်တော့၏။

သိဒ္ဓိသုံးဆယ်တို့ကား -

| | | | |
|---|---|---|---|
| ၁။ | ကာယသိဒ္ဓိ | ၁၆။ | သဗ္ဗသာတရဏဒါတုသိဒ္ဓိ |
| ၂။ | မနသိဒ္ဓိ | ၁၇။ | တိပိဋကရေသိဒ္ဓိ |
| ၃။ | ပီယသိဒ္ဓိ | ၁၈။ | ဗေဒဝိဇ္ဇာရေသိဒ္ဓိ |
| ၄။ | အဟာရသိဒ္ဓိ | ၁၉။ | ဣဒ္ဓိဝိဓသိဒ္ဓိ |
| ၅။ | အာယုသိဒ္ဓိ | ၂၀။ | ဒိဗ္ဗစက္ခုသိဒ္ဓိ |
| ၆။ | ပထဝီသိဒ္ဓိ | ၂၁။ | ဒိဗ္ဗသောတသိဒ္ဓိ |
| ၇။ | ဥဒကသိဒ္ဓိ | ၂၂။ | စေတောပရိယသိဒ္ဓိ |
| ၈။ | တေဇောသိဒ္ဓိ | ၂၃။ | ပုဗ္ဗေနိဝါသနုဿတိသိဒ္ဓိ |
| ၉။ | ဝါယောသိဒ္ဓိ | ၂၄။ | ပရစိတ္တဝိဇ္ဇာနနသိဒ္ဓိ |
| ၁၀။ | အာကာသသိဒ္ဓိ | ၂၅။ | အနာဂတံသသိဒ္ဓိ |
| ၁၁။ | အနုလောမသိဒ္ဓိ | ၂၆။ | ယထာကမ္မုပဂသိဒ္ဓိ |
| ၁၂။ | ပဋိလောမသိဒ္ဓိ | ၂၇။ | အာသဝက္ခယသိဒ္ဓိ |
| ၁၃။ | မနောမယသိဒ္ဓိ | ၂၈။ | မဟာဝိဇ္ဇာဉာဏသိဒ္ဓိ |
| ၁၄။ | ဣစ္ဆာသယသိဒ္ဓိ | ၂၉။ | အပဋိဟတဉာဏသိဒ္ဓိ |
| ၁၅။ | စိန္တာမယသိဒ္ဓိ | ၃၀။ | သဗ္ဗညုတဉာဏသိဒ္ဓိ |

ဤသိဒ္ဓိကြီးသုံးဆယ်ကို တစ်ပါးတစ်ပါးလျှင် လေးမျိုးပွားရခြင်းကြောင့် သိဒ္ဓိမျိုးတရာ့နှစ်ဆယ် ဖြစ်လာ၏။ ဤကဲ့သို့ သုဂတောဂါထာများ စိတ်ပွားသကဲ့သို့ ဂုဏ်တော်၉ပါးဂါထာများ စိတ်ပွားပါက သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်ကြီးမဖြစ်ပဲ အဘယ်မှာရှိပါအံ့နည်း။

၁။ သစ္စာလေးပါးအဟုတ်သိမှ ဘုရားစစ်မှန်၏။
၂။ ပရမတ္ထသဘာဝကိုတကယ်သိမှ တရားစစ်မှန်၏။
၃။ မွေ့အမွေခံရဟန်းဖြစ်မှ လူစစ်မှန်၏။
၄။ သမ္မာဒိဋ္ဌိဉာဏ်တကယ်ရမှ အယူစစ်မှန်၏။
၅။ ကလျာဏပုထုဇဉ်အနည်းဆုံးဖြစ်မှ လူစစ်မှန်၏။
၆။ ကလျာဏပုထုဇဉ်ဖြစ်မှ ဤသိဒ္ဓိသုံးဆယ်ကို ပွားများနိုင်၏။
၇။ သိဒ္ဓိသုံးပါး ပွားများနိုင်မှ သိဒ္ဓိရှင်ဖြစ်၏။
၈။ ဂုဏ်တော်ကိုးပါးဂါထာများကို ပွားများနိုင်မှ မဟိဒ္ဓိရှင်ဖြစ်၏။

၉။ မဟိဒ္ဓိရှင်ဖြစ်မှ ဘာ-ဘုရားသာသနာတော်ကြီးကို ပြုနိုင်သော သာသနာပြု မဟိဒ္ဓိရှင်ကြီးဖြစ်၏ ဟုမှတ် -

**ဤကျောင်းမှ ပုံ-ဗိ-အား နှင့်ပြည့်စုံရပါလို၏။**

----------------------

၁၃၂၈ ခု၊ နယုန်လဆန်း ၁၅ရက်၊ နယုန်လပြည့်၊ မဟာသမယ အခါတော်နေ့ပြုလုပ်၏။ သံဃာ ၄၅ပါး၊ လူ ၃၀၀ကျော် လဖက်ရည်ချို ကိတ်၃မျိုး၊ စမူဆာတို့ဖြင့် လဖက်ရည်တိုက်၏။ သံဃာတော်များ ဖရောင်းတိုင်တစ်ထုပ်စီလှူ၏။ နံနက်၉နာရီမှ ညနေ၃နာရီမှာ ပြီးစီးအောင်မြင် သွား၏။

နယုန်လပြည့်ကျော် ၁ရက်၊ စနေနေ့တွင် ပဲခူးဒေါ်စာရီတို့အဖွဲ့ကို အင်းဝဘက်ဘုရားဖူး လိုက်ပို့၏။ ဘုန်းကြီးတစ်ပါးနှင့်မင်္ဂလာစေတီမှာတွေ့ကြ၏။ စကားလက်ဆုံကြ၍ ၂နာရီလောက် စကား ထိုင်ပြောကြ၏။ ဘုရားဖူးများကို ဘီလပ်ရည်ဆိုင်သွားသောက်ဖို့ပြောပြီး၊ ကျွန်ုပ်က စကားပြောနေရစ် ခဲ့ခြင်းဖြစ်၏။ ပြောဆိုနေကြသည်မှာ ကိုယ်တော်က အမရပူရကမဟုတ်လား၊ ဟုတ်ပါတယ်ဘုရား၊ ကျော်အောင်စံထားတိုက်မှာ သီတင်းသုံးတယ်ထင်တယ်။ မှန်ပါဘုရား၊ ဩကိုယ်တော်ဘွဲ့က ဦးဝါယမ လား။ မှန်ပါဘုရား ဝါယမာလို့ခေါ်ပါတယ်၊ ဒီလိုဆိုပေါ့ တပည့်တော်ရေးသော ဂုဏ်တော်ကွန်ချာကို ၉ထောင်ပြည့်စေတီတည်နေတဲ့ ဦးဝါယမာပေါ့။ ဟုတ်ပါတယ်ဘုရား။ ယခုဘယ်ဂုဏ်တော်ရောက် နေပြီလဲ၊ (အဝိသုနုသာနုတိ)ရောက်နေပါပြီဘုရား။ အလို ပြီးခါတောင်နီးပါပကော။ ပတ်ရေ ၄ ထောင် လောက်လိုပါတော့တယ်ဘုရား၊ ဒီဂုဏ်တော်ကွန်ချာက အရှင်ဘုရားရေးတယ်ဆိုတော့ အရှင် ဘုရားက ဝါးချက်မင်းကျောင်းဆရာတော်ပါလားဘုရား။ အေး အေးဟုတ်တယ်၊ ကိုယ်တော်ဆရာ မောင်အဂ္ဂဝံသ က-တပည့်တော်ရဲ့တပည့်ပဲ။ မှန်ပါဘုရား၊ ဆယ်နှစ်ဆယ်မိုး အရှင်ဘုရားထံတော်မှာ နေခဲ့ကြောင်း တပည့်တော်တို့ကို အမိန့်ရှိပါတယ်ဘုရား၊ ယခုအရှင်ဘုရားက ဘယ်မှာသီတင်းသုံးပါ သလဲဘုရား။ မဟာမြိုင်က နဂါးရစ်တောင်မှာနေတယ်ကိုယ်တော်။

ဘာကိစ္စနှင့်ဒီကိုကြွတော်မူလာပါလဲဘုရား။ တစ်ခါတစ်ခါတော့ ကိုယ်နေခဲ့သော နေရာဌာနက ဘုရားပုထိုးစေတီများဖူးမျှော်လိုတဲ့ဆန္ဒရှိတာနဲ့ လာလာပြီးဖူးတာပဲ။ ယခုလည်း ဘုရားဖူးလာရင်း ကိုယ်တော်နဲ့တွေ့ရတာပဲ။ ဆရာတော်ဘုရားအသုံးပြုတော်မူသော အင်းကောင်း၊ ဂါထာကောင်းများ ရှိလျှင်ချီးမြှင့်တော်မူပါဘုရား။ ကိုယ်တော်ကိုချီးမြှင့်စရာမလိုပါဘူး၊ ဂုဏ်တော်ဂါထာများနှင့် ဂုဏ်တော် စိတ်နေတာပဲဥစ္စာ။

“ရတနာသုံးပါး မပါလျှင် ဘယ်ဂါထာမှမကျက်နဲ့ကိုယ်တော်”

“ရတနာသုံးပါး မပါလျှင် ဘယ်မန္တာန်မှ မရွတ်ပွားနဲ့ကိုယ်တော်” ဂုဏ်တော်ထက်ကောင်းတာ ဘယ်ဂါထာ၊ ဘယ်မန္တာန်မှမရှိဘူးကိုယ်တော်။ အင်းမှာလဲ သရဏဂုဏ်အင်း၊ ဂုဏ်တော်အင်း၊ သမ္ဗုဒ္ဓေ အင်း၊ ဖုဋ္ဌသအင်း၊ ကရဏီယအင်း၊ ဤအင်းများထက်ကောင်းတာမတွေ့ပါဘူး၊ မရှိပါဘူးကိုယ်တော်၊ ကိုယ်တော်ကိုအထူးတိုက်တွန်းလိုတာက မီးရှစ်သောင်းလေးထောင်၊ ပန်းရှစ်သောင်းလေးထောင်၊ ရေ ရှစ်သောင်းလေးထောင်၊ ဘုရား ၁၀၈ဆူ၊ ပရိတ်တော် ၁၁သုတ်၊ တစ်သုတ်လျှင် ၁၀၈ခေါက်၊ ဤကဲ့သို့ ရွတ်ဖတ်ပွားများ၊ လှူဒါန်းပူဇော်ပါလျှင် သိဒ္ဓိဆယ်မျိုးအစိုးရသောပုဂ္ဂိုလ်ဖြစ်တယ်ကိုယ်တော်။

"ယောက်ျားဝိရိယ ဇနက္ကသို့"ဆိုတဲ့အတိုင်းမလျှော့သောဖွဲ့နှင့်လုပ်ပါကိုယ်တော်၊ ကိုယ်တော်ဖြစ်နေပါပြီ၊ ကိုယ်တော်ကြီးပွားတဲ့အခါ သာသနာတော်ကြီးကိုပြုစုပါကိုယ်တော်။ ကောင်းပါပြီဘုရား ပြုစုပါ့မယ်ဘုရား၊ သာသနာပြုမယ်ဆိုပေမဲ့ ကိုယ်တော် ကိုယ့်ဂိုဏ်းဂဏကြီးပွားအောင်ဆိုတဲ့ သဘောမျိုးနဲ့မလုပ်နဲ့ကိုယ်တော်။ လူ နတ်၊ ဗြဟ္မာသတ္တဝါတို့အတွက် ကျေးဇူးများမည့်ဟာမျိုးပြုလုပ်ပါ ကိုယ်တော်။ ဆိုလိုတာကတော့ ကိုယ်တော်၊ သာသနာပြုမင်းများမရှိတော့တဲ့နောက် ဆရာနဲ့ဒါယကာသာရှိတော့တယ်။ အဲ့သည်တော့ ဆရာတကာကို အညမညသဘောတရားမျိုးနဲ့ စောင့်ရှောက်ပေးပါ သို့မှသာ တကာက ကတညုတ ကတဝေဒီသဘောသက်ဝင်လာမယ်ကိုယ်တော်။ ထိုအခါမှ လူတယောက်နဲ့ ဝိုင်းလို့မရတဲ့အရာဝတ္ထုကြီးကို အများနဲ့ဝိုင်းတော့လွယ်တယ်ဆိုတာမျိုးဖြစ်လာတယ်ကိုယ်တော် -

တစ်ယောက်ထက်တစ်ရာကို အရေးပေးကိုယ်တော်။ တစ်ရာထက်တစ်ထောင်ကိုအရေးပေးကိုယ်တော်၊ တစ်ထောင် ထက်တသိန်း၊ တသိန်းထက်တစ်သန်းဆိုတာမျိုးကို အရေးပေးပြုလုပ်သွားရတယ်ကိုယ်တော်၊ "လာဘ်သတ်ပကာ" ဆိုတာမျိုးမဖြစ်စေနဲ့ကိုယ်တော် -

ရှင်းပြပါဦးဘုရား၊ လာဘ်ပူဇော်သကာရလျှင် ထိုထဲပြောပြီးအသတ်ခံရတာပဲ၊ လာဘ်သတ်ခံရတယ်လို့ဆိုတာပေါ့ကိုယ်တော်၊ လာဘ်သတ်တော့သေ၊ သေတော့ ပကါဆိုတဲ့ ပျဉ်ချပ်ခေါင်းထဲရောက်တာပေါ့ကိုယ်တော်။ အဲဒါကြောင့် "လာဘ်သတ်ပကါ" မဖြစ်စေနဲ့လို့မှာရတာကိုယ်တော်။ ကောင်းလှပါပြီဘုရား။ နောက်ပြီးတော့ကိုယ်တော် "မိန်းမကိုလည်းကပ္ပိယမထားနဲ့၊ တောထွက်ကိုလည်းဘဏ္ဍာစိုးမထားနဲ့၊ ထားမိရင်ခွေးရူးမွေးရတာထက် ကြောက်စရာကောင်းတယ်ကိုယ်တော်" တပည့်တော်တို့ စိကုံးထားတဲ့ ဂါထာလေးတစ်ပုဒ်ရှိတယ်ကိုယ်တော်။ ဒွိသံကထံကပ္ပိယဥ္စ၊ မယ်သီလဥ္စ စေဝဖိုးသူတော်၊ နိက္ခမ်ပရိဝဠေယျ၊ သုခကာမသဘိက္ခုနော၊

အဲဒီဂါထာအရဆိုလျှင် - ဒွိသံကထ၊ ကျောင်း၊ ကပ္ပိယ၊ မယ်သီလ၊ ဖိုးသူတော်၊ တောထွက်၊ သမဏသုခ ရလိုက၊ ထိုခြောက်ပါးကို ရှောင်တဲ့ကိုယ်တော်။ မှန်လှပါဘုရား၊ ကဲကဲ ကိုယ်တော်ရော့ မျိုလိုက်၊ မျိုလိုက် ဒီအင်းလေး၊ ကျွန်ုပ်လဲမျိုချလိုက်၏။ တစ်ကိုယ်လုံးထုံတက်သွား၏။ ဩထူးဆန်းပါကလား။ ထိုအခိုက်သီလရှင်ကြီးက ပြန်ရန်လာခေါ်နေ၏။ ကျွန်ုပ်လည်း ဆရာတော်ကြီးကိုဝတ်ချပြီး ဆရာတော်ဒီကနေ့ဘယ်ကြွမှာလဲဘုရား။ ပင်းယစွေစည်းဂုဏ်ဘုရားသွားဦးမယ်ကိုယ်တော်။ ဘုရား တပည့်တော် ဖယောင်းတိုင်ထုပ်လှူပါရစေ ဘုရား၊ သာဓု-သာဓု-သာဓု။ ဆရာတော်ကြီးလဲ တောင်ဘက်စောင်းတန်းကဆင်းသွား၏။ ကျွန်ုပ်က အရှေ့ဘက်စောင်းတန်းကဆင်းလာ၏။ မြင်းလှည်းစီး၍ပြန် ဒုဋ္ဌဝတီကူးပြီးကားနှင့် ကျောင်းပြန်လာ၏။ ကျောင်း ၆နာရီလောက်ရောက်၏။

၁၃၂၈ ခု၊ နယုန်လပြည့်ကျော် ၃ရက်နေ့တွင် အောင်မြင်မှန်ကင်းဘုရားဂူထဲ ပုတီးစိပ်နေ၏။ ည ၉နာရီမှစစိတ်၏။ ၁၁နာရီလောက်မှာပြီး၏။ ပြီးခါနီးတွင်ကျောနောက်က လက်နှိပ်ဓာတ်မီးနှင့်ထိုးသောအရောင်ပေါ်လာ၏။ တော်တော်လင်း၏။ ကျွန်ုပ်ပြီးသွား၏ မျက်စိဖွင့်၍ကြည့်သောအခါဓါတ်မီးက ဟိုထိုးဒီထိုးနှင့်လျှောက်ထိုးနေ၏။ ကျွန်ုပ်လဲသူတို့ဘာရှာနေကြတာလဲဟုအောင့်မေ့လိုက်၏။ မေတ္တာပို့အမျှဝေနေ၏။ ပြီးလို့ဂူပေါက်လဲထွက်မည်ပြုလိုက်ရော -ဘုန်းကြီးတစ်ပါးနှင့်လူတစ်ယောက်ရောက်လာပြီး တပည့်တော်တို့က အရှင်ဘုရားကိုစောင့်နေကြတာ။ ဘာကိစ္စများလဲဘုရား -

ကိစ္စကတော့ ဟိုကျမှသိမှာပေါ့ဘုရား၊ တပည့်တော်တို့နှင့်လိုက်ခဲ့ပါ။ တင်ပါ တင်ပါဆိုပြီး လိုက်သွာ၏။ ဘုရားကုန်းကအရှေ့ဘက်ဆင်းလိုက်၏။ တောင်သမန်အင်း မတွေ့ပဲနှင့် ထီးမပါသော ချွန်နေသောအရောင်မျိုးစုံယှက်နေသော စေတီကြီးတစ်ဆူတွေ့မြင်ရ၏။ မီးများလဲထွန်းညှိထား၏။ စေတီကြီးပတ်လည်စေတီလေးများ ရွှေတိဂုံကဲ့သို့တည်ထား၏။ ပုံများကတော့တစ်မျိုးဖြစ်နေ၏။ ယိုးဒယားဘုရားများလိုဖြစ်နေ၏။ ဘုရားရင်ပြင်တော်ရောက်သွားသောအခါ သံဃာတော်တစ်ထောင်ကျော်လောက်ကိုတွေ့ရ၏။ အဘိုးကြီးအရွယ်၊ လူလတ်ပိုင်းအရွယ်၊ ဝတ်ဖြူများ လောဘက်တင်၍ ဝတ်ဖြူစုံဝတ်ဆင်ထားသော ပုဂ္ဂိုလ်များ တထောင်ငါးရာလောက်ရှိ၏။ မိန်းမယောဂီ ၂၀-၄၀အရွယ်များ ၂၀၀၀ ခန့်တွေ့ရ၏။

ဘုရားအတွင်းတံတိုင်း ရင်ပြင်တော်ကြီးမှာ ၁၄ ဧကလုံလောက်ရှိမည်ဟု ခန့်မှန်း ရ၏။ ဘုရားမှာလည်း ရွှေရောင်ပြောင်ပြောင်နှင့်ဆိုတော့ ယခုတွေ့မြင်ရသောပရိတ်သတ်နှင့် ပဏာရ လှ၏။ ပရိတ်သတ်နေရာအစီအစဉ်များကြည့်လိုက်သောအခါ သံဃာတော်များသီတင်းသုံးနေကြသော နေရာတော်အခင်းမှာ ကတ္တီပါအနီရောင်များခင်းထား၏။ လူပုဂ္ဂိုလ်များထိုင်ကြသောနေရာများမှာ အပြာရင့်ရောင်နှင့် အစိမ်းရင့်ရောင်များဖြစ်၏။ သံဃာစဉ်သွားရန် ပရိတ်သတ်အလယ်မှာ ၃ တောင်လောက် ကျယ်ပြန့်သောအနီရောင်ခင်းထားသော မင်းလမ်းကတော်တော်ရှည်လျား၏။ ခြေလှမ်းဖြင့် ကျွန်ုပ်မှတ်ပြီးလျှောက်သွားရာ တရာ့ငါးဆယ်လောက်ရှိ၏။ မင်းလမ်းဝဲယာတွင် အလံဝါ၊ အလံဖြူ သာသနာ့အလံများ၊ ကုက္ကားများ၊ တံခွန်များ၊ ထီးဖြူများစိုက်ထူထား၏။

အစီအစဉ်အရ မှတ်မိသလောက် ရေးရလျှင် ၅ တောင်လျှင် ထီးဖြူတစ်လက်စိုက်ထား၏။ ထီးဖြူများကြားမှ အလံပြီးလျှင် တံခွန်၊ တံခွန် ပြီးလျှင် အလံ၊ အလံပြီးလျှင် ကုက္ကား၊ ဤကဲ့သို့ အစီအရီစိုက်ထား၏။ ဘုရားစေတီကြီးပတ်လည် မီးတိုင်ကြီးများကလဲ ၉တောင်လောက်ရှိသည်လို့ ကျွန်ုပ်ကိုခေါ်လာသောပုဂ္ဂိုလ်များကပြော၏။ ဘုရား ပတ်လည်မီးရှူးတိုင်ပေါင်း ၉၀၊ မီးပွင့်ပေါင်း ၉၀ ဟု ထိုပုဂ္ဂိုလ်ကပြော၏။ မီးပွင့်များမှာ စိမ်း၊ နီ၊ ပြာ၊ ဝါ၊ အဖြူရောင်များထွက်နေကြ၏။ မီးတိုင်များ၊ မီးရှူးတိုင်များက အဝါရောင်ချည်းဖြစ်၏။

ကျွန်ုပ်တသက် တာမှာတော့ ဒီလိုနေရာမျိုး ဒီတစ်ခါ ပထမဦးစွာရောက်ဖူးခြင်း၊ မြင်ရခြင်းဖြစ်၏။ သပြေ၊ ဒေါန၊ ထန်း၊ အုန်းလက်၊ အုန်းသီးခိုင်၊ ငှက်ပျောခိုင်၊ ငှက်ပျောပင်၊ ကြံပင် စသောပန်းမျိုး၊ စပါယ်၊ ခွာန်၊ ဂန့်ဂေါ်၊ ရွှေပန်း ငွေပန်းစသော ပန်းများကလည်း သူ့နေရာနှင့်သူ အစီအရီတန်ဆာဆင်ထားကြ၏။ သံဃာတော်ဘက်က ထေရာသနနေရာမှာ ပုဂ္ဂိုလ်ကြီး၉ပါး သီတင်းသုံးတော်မူ နေကြ၏။ လူပုဂ္ဂိုလ်ကြီးဘက်ကလဲ ပုဂ္ဂိုလ်ကြီး ၉ယောက် လူပရိသတ်ထိပ်အမြင့်နေရာက သံဃာတော်များဘက် ဦးညွှတ်လျက် ဒူးတုပ်ထိုင်နေကြ၏။ လူပရိတ်သတ်ကြီးကလည်း ယာဘက်ကကျား၊ ဝဲဘက်ကမ၊ ပုဂ္ဂိုလ်များကလည်း သံဃာတော်များဘက် ဦးညွှတ်ဒူးတုပ်ထိုင်နေကြ၏။ ကျွန်ုပ်ဖြင့်ရင်သပ်ရှုမော အလွန်အံ့သြစွာကြည့်နေ၏။

ကျွန်ုပ်ကိုခေါ်လာကြသော ဘုန်းတော်ကြီးတပါးက ကျွန်ုပ်၏ရှေ့ကလမ်းပြခေါ်ဆောင်သွား၏။ ကျွန်ုပ်နောက်ကကျွန်ုပ်ကိုခေါ်လာသောလူပုဂ္ဂိုလ်ကြီးက စင်မြင့်ပေါ်တက်၍ သံဃာတော်များဦးချပြီး

ဒူးတုပ်၍ထိုင်နေခဲ့၏။ ရှေ့ဆောင်ပုဂ္ဂိုလ်မြတ်ကြီးကလည်း ကျွန်ုပ်ကို ထေရာသနပလ္လင်ရှေ့ပြင်ထားသော နေရာမှာနေဖို့ရာညွှန်ပြ၍ ကျွန်ုပ်ကမထေရ်ကြီးများ၊ သံဃာတော်များကိုဝတ်ချပြီး ဒူးတုပ်ထိုင်နေ၏။ ကျွန်ုပ်ကိုခေါ်လာသောအရှင်မြတ်ကြီးက ထေရာသနပလ္လင်ယာဘက်ဘေးမှနေရာလပ်တွင်ဝင်ပြီး မထေရ်ကြီးများ ဝတ်ချပြီး ဒူးတုပ်ထိုင်နေ၏။ ရှင်လူပရိတ်သတ်ကြီးမှာ အလွန်များပြားသော်လည်း ချောင်းဆိုးသံမျှမကြားရပေ။ တိတ်ဆိတ်နေပုံက အပ်ကျတာတောင်ကြားရလိမ့်မည်ထင်၏။

ကျွန်ုပ်တို့ထိုင်မိကြသောအခါ ထေရာသနပလ္လင်မှ အလယ်က မထေရ်ကြီးသည် သံဝါကြီးဖြင့် ကြည်လင်ပြတ်သားစွာ မိန့်ခွန်းတော်ပြောကြားသည်မှာ -အခုကြွရောက်လာကြသော မဟိဒ္ဓိပုဂ္ဂိုလ်များ အစည်းအဝေးညီလာခံကြီးတွင် ငါတို့ထေရာသန ပလ္လင်ရှေ့ထိုင်နေသောပုဂ္ဂိုလ်က ကျော်အောင်စံထား ဆရာတော် ရှင်ဝါယမာဘိဝံသဖြစ်တယ်။ ထိုပုဂ္ဂိုလ် နှင့်တကွ အဖွဲ့ ၉ ဖွဲ့ဖွဲ့ပြီးတိုင်းနိုင်ငံအရပ်ရပ်မှာ သာသနာပြုလွှတ်မည်။ မဟာအဖွဲ့ကြီးများဖွဲ့ပြီး သာသနာ ပြုလွှတ်ပြီးတာဝန်ပေးရတဲ့အကြောင်းများကို ရှင်းလင်းဟောကြားပါဦးမည်။

ယခုခေတ်အခါမှာ တိုင်းပြည်တွင်အုပ်ချုပ်ပြီးနေကြတဲ့သူများမှာ လက်ရုံးရည်ကိုသာပဓါနထားပြီး ပြုလုပ်နေကြရတဲ့အတွက် စီးပွားရေးကိုသာအဓိကထားနေကြရတဲ့ စီးပွားရေးခိုင်လုံမှ လက်ရုံးရည် ဖြိုင်နိုင်မယ်လို့သဘောပေါက်ကြပြီး စီးပွားရေးကိုသာဦးစားပေးနေကြတဲ့ ခေတ်ကြီးဖြစ်တယ်။အဲ့ဒါကြောင့် အနိုင်နိုင်ငံမှာ ဘာသာရေးများကျဆုံးနေချိန်ဖြစ်တယ်။ ဘာသာရေးကို အဓိကထားကြသောနိုင်ငံများမှာ ၁၅နိုင်ငံလောက်ပဲရှိကြတယ်။ သို့ဖြစ်၍ ဘာသာရေးအဆောက်အဦများ အသစ်ဆိုတာထားပါတော့၊ အဟောင်းများကိုတောင် ထပ်မံပြင်ဆင်ဖို့အခက်ကြုံနေကြရတယ်။ ဤကဲ့သို့လို အချိန်အခါမျိုးမှာ မဟိဒ္ဓိပုဂ္ဂိုလ်များ၊ ဗုဒ္ဓဘာသာအယူရှိသူတိုင်းသားပြည်သူတို့ကို ဟောပြောပြီး သာသနာ့မဏ္ဍိုင်ဖြစ်တဲ့ စေတီပုထိုး ဂူကျောင်းများကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ပြုစုစောင့်ရှောက်သွားကြ ရမယ်။ စီးပွားရေးကောင်းပြီး နေလျှင် ရှေးဦးစွာကာမဂုဏ်ခံစားမှုတွေများလာပြီး ဒုတိယကိုယ်ခံစားနေရသော ကာမဂုဏ်ကို ကာကွယ်ဖို့ နည်းအမျိုးမျိုးတွေနဲ့ လက်နက်အမျိုးမျိုးတွေနဲ့ပြုလုပ်ပြီး ကာကွယ်တဲ့အဆင့်မျိုး ရောက်လာကြတယ်။

ထိုကဲ့သို့ကာမဂုဏ်စည်ပင်ပျံ့ပွားလာခြင်းကြောင့် ဘာသာရေးကိုင်းရှိုင်းမှု၊ ကျင့်ကြံအားထုတ်မှုများတရာတစ်ယောက်တောင်မရှိတော့ဘူး။ ထိုကဲ့သို့အယူသီလပျက်ပြားတဲ့အချိန်အခါမှာ ရောဂန္တရကပ်၊ သတ္တန္တရကပ်၊ ဒုဗ္ဘိက္ခန္တကပ်၊ ကပ်သုံးပါးက အတိုင်းတိုင်းအပြည်ပြည်မှာ အနည်းနဲ့အများဆိုသလို တိုက်နေခြင်းကိုခံရရှာတယ်။ သတ္တဝါများအလွန်သနားဖို့ကောင်းတယ်။ သာသနာရေး ဘာသာရေးကို အုပ်ချုပ်သူများက မျက်စိဖွင့်ပေးဖို့ခက်နေတဲ့အချိန်အခါမျိုးမှာ တို့မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်များက၊ ဘ-ဘုရား သာသနာကိုပြုသောအနေအားဖြင့် ဘာသာရေးမျက်စိပွင့်လင်းအောင်ပြုလုပ်ပေးကြရမယ်။ ရှေးမင်းများ အစားတို့က အစားထိုးကြရမယ်။ ကုလားဖြူခေတ်ကဗမာပြည်မှာ မောင်ခန္တီ တရုတ်ပြည်မှာ မောင်ဆံချည် တို့ကအားပေးစောင့်ရှောက်ခဲ့ကြသလို ယခုဖွဲ့စည်းမည့် အဖွဲ့ (၉) ဖွဲ့ ကိုလည်းတို့ မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်များက ဝိုင်းဝန်းကူညီစောင့်ရှောက်ကြရမယ်။ ထိုကဲ့သို့စောင့်ရှောက်ကြလို့ သာသနာပွင့်လင်းလာမှ သတ္တဝါများ သီတာရေချမ်းသွန်းခါဖြန်းသလို အေးချမ်းပြီးကောင်းမွန်လာကြမယ်။

အဲဒါကြောင့် အောက်ပါအဖွဲ့ကိုးဖွဲ့ကို ငါတို့ နာယကမဟိဒ္ဓိဆရာတော်ကြီး(၉)ပါးကရွေးချယ်ထားတယ်။

ပဌမအဖွဲ့

၁။ ရှင်နာဂိဿရ-မဟိဒ္ဓိဆရာတော်၊နွားနို့တော်စု။
၂။ ရှင်ကောဏ္ဍည-ဆံရှေ၊ စစ်ကိုင်း၊ မဟိဒ္ဓိဆရာတော်။
၃။ ရှင်ဝါယမာဘိဝံသ- မဟိဒ္ဓိဆရာတော်၊ကျော်အောင်စံထား။
၄။ မဟိဒ္ဓိပုဂ္ဂိုလ်-ဘိုးဘိုးအောင်-စစ်ကိုင်း။
၅။ မဟိဒ္ဓိပုဂ္ဂိုလ်-ကျားလျှာခြံဘိုးဘိုး- အမရပူရ။
၆။ ဘိုးမင်းခေါင်- မဟိဒ္ဓိပုဂ္ဂိုလ်- မုံရွာမြို့နယ်။
၇။ မဟိဒ္ဓိပုဂ္ဂိုလ်- စကြာမင်းကလေး- အမရပူရ။
၈။ ဘိုးတော်ဘိုး- မဟိဒ္ဓိပုဂ္ဂိုလ်-စစ်ကိုင်း။
၉။ ဘိုးတော်စိန်ဝင်း- မဟိဒ္ဓိပုဂ္ဂိုလ်- မန္တလေး။

ဒုတိယအဖွဲ့

၁။ ယက္ကန်းစင်တော်ဦးသြဘာသမဟိဒ္ဓိဂိုဏ်းချုပ်၊ မတ္တရာမြို့။
၂။ ဘိုးတော်ဝါယမ- မဟိဒ္ဓိဆရာတော်ပုပ္ပါး။
၃။ မဟိဒ္ဓိဆရာတော် အရှင်ဝဏ္ဏ- မင်းဘူး။
၄။ ဘိုးတော်ဝင်း- သိဒ္ဓိရှင်- မန္တလေး။
၅။ ဘိုးတော်မင်း- သိဒ္ဓိရှင်- ၎င်း။
၆။ ဘိုးတော်တင်- သိဒ္ဓိရှင်- ၎င်း။
၇။ ဘိုးတော်ခင်- သိဒ္ဓိရှင်- ၎င်း။
၈။ ဘိုးတော်အောင်သာ- သိဒ္ဓိရှင်- ၎င်း။
၉။ ဘိုးသူတော်- သိဒ္ဓိရှင်- ၎င်း။

တတိယအဖွဲ့

၁။ ရေတိမ်ဆရာတော်- မဟိဒ္ဓိပုဂ္ဂိုလ်- သထုံ။
၂။ အရှင်ကောသလ္လ- မဟိဒ္ဓိဆရာတော်- သထုံ။
၃။ အရှင်စန္ဒာဇောတိ- မဟိဒ္ဓိဆရာတော်- ၎င်း။
၄။ ဘိုးတော်စီ- သိဒ္ဓိရှင်- ခမောက်တောင်။
၅။ ဘိုးထွန်းအောင်- သိဒ္ဓိရှင်- ရန်ကုန်မြို့နယ်။
၆။ ဘိုးတော်ပြုး- သိဒ္ဓိရှင်- ၎င်း။

၇။ ဘိုးတော်ပွင့်- သိဒ္ဓိရှင်- ၄င်း။
၈။ ဘိုးတော်အေး- သိဒ္ဓိရှင်- ၄င်း။
၉။ ဘိုးတေဇ- သိဒ္ဓိရှင်- ၄င်း။

စတုတ္ထအဖွဲ့

၁။ အရှင်ခန္တီ - မဟိဒ္ဓိဆရာတော်၊ မန္တလေး။
၂။ အရှင်ခေမိန္ဒရ - မဟိဒ္ဓိဆရာတော်၊ ၄င်း။
၃။ အရှင်အဗ္ဗုဂေါန - မဟိဒ္ဓိဆရာတော၊ ပုဂံ။
၄။ ဘိုးချမ်းသာ - သိဒ္ဓိရှင်။
၅။ ပြည်မောင်အောင် - သိဒ္ဓိရှင်၊ ပြည်မြို့။
၆။ ဘိုးမဲခေါင် - သိဒ္ဓိရှင်၊ ပြည်မြို့နယ်။
၇။ ဘိုးပြည့် - သိဒ္ဓိရှင်၊ ဟံသာဝတီ။
၈။ ဘိုးပြည့်ဝ - သိဒ္ဓိရှင်၊ သထုံနယ်။
၉။ ဘိုးဇေယျ - သိဒ္ဓိရှင်၊ ၎င်း။

ပဥ္စမအဖွဲ့

၁။ ဗားမဲ့ဆရာတော် - မဟိဒ္ဓိ၊ အင်းဝ။
၂။ ဗားတမော့ဆရာတော် - မဟိဒ္ဓိ၊ အင်းဝ။
၃။ ဗားမြိုက်ဆရာတော် - မဟိဒ္ဓိ၊ အင်းဝ။
၄။ ဘိုးတော်အောင်စကြာ၊ အင်းဝ။
၅။ ဘိုးတော်မင်း၊ စစ်ကိုင်း။
၆။ ဘိုးတော်အောင်လေး၊ သိဒ္ဓိရှင်၊ ၎င်း။
၇။ ဘိုးတော်ခင် - သိဒ္ဓိရှင်၊ ၎င်း။
၈။ ဘိုးတော်မြင့် - သိဒ္ဓိရှင်၊ ၎င်း။
၉။ ဘိုးတော်ဉာဏ် - သိဒ္ဓိရှင်၊ ၎င်း။

ဆဋ္ဌမအဖွဲ့

၁။ မဟိဒ္ဓိဆရာတော် - အရှင်ကိတ္တိ - ယာကျော် - ၄င်း။
၂။ မဟိဒ္ဓိဆရာတော် - အရှင်အာစရ - ရန်ကုန်မြို့နယ်။
၃။ မဟိဒ္ဓိဆရာတော် - အရှင်သောမ - ၄င်း။
၄။ ဘိုးတော်ထွန့်ခေါင်သိဒ္ဓိရှင် - ဓနုဖြူ၊ ပျဉ်းမနား။
၅။ ဘိုးတော် - နေလ - သိဒ္ဓိရှင် - ၄င်း။
၆။ ဘိုးတော်မြင့်အောင် - သိဒ္ဓိရှင် - ၄င်း။

၇။ ဘိုးတော်ဝင်းအောင် - သိဒ္ဓိရှင် - ၄င်း။
၈။ ဘိုးတော်မင်းအောင် - တောင်တွင်းကြီး။
၉။ ဘိုးတော်သိဒ္ဓိ - တောင်ငူသိဒ္ဓိရှင်။

သတ္တမအဖွဲ့.

၁။ မဟိဒ္ဓိဆရာတော် ရှင်ဝိနု - ပဲခူး။
၂။ မဟိဒ္ဓိဆရာတော် အရှင်ဇယာသေန - ဗိုက်ဦး။
၃။ မဟိဒ္ဓိဆရာတော်အရှင်နန္ဒိယ - ဆင်ဖြူကျွန်း။
၄။ ဘိုးတော် - အောင်အောင် - သိဒ္ဓိရှင် - နတ်တလင်း။
၅။ ဘိုးတော် - ကျော်အောင် - အုဋ်ကဲ။
၆။ ဘိုးတော် - ဉာဏ်အောင် - သုံးဆယ်။
၇။ ဘိုးတော်လင်း - သိဒ္ဓိရှင် - ပုသိမ်။
၈။ ဘိုးတော်ဟံ - သိဒ္ဓိရှင် - ရေငံပိုင်။
၉။ ဘိုးတော်စံ - သိဒ္ဓိရှင် - ၎င်း။

အဋ္ဌမအဖွဲ့.

၁။ မဟိဒ္ဓိဆရာတော် - အရှင်နန္ဒိယ - မန္တလေး။
၂။ မဟိဒ္ဓိဆရာတော် - အရှင်နာဂိယ - မိတ္ထီလာ။
၃။ မဟိဒ္ဓိဆရာတော် အရှင်သုပညာ - တောင်ကြီးနယ်။
၄။ ဘိုးတော် ခွန်နောင် - သိဒ္ဓိရှင် - ရှမ်းပြည်။
၅။ ဘိုးတော် စပ်အောင် - သိဒ္ဓိရှင် - တောင်ပိုင်း။
၆။ ဘိုးတော် အောင်ပန်း - သိဒ္ဓိရှင် - ၎င်း။
၇။ ဘိုးတော်မောက် - သိဒ္ဓိရှင် - မိုင်းလုံ။
၈။ ဘိုးတော်ရွှေလူ - သိဒ္ဓိရှင် - သိန္နီမြို့နယ်။
၉။ ဘိုးတော်ခိုင် - သိဒ္ဓိရှင် - လားရှိုးမြို့နယ်။

နဝမအဖွဲ့.

၁။ မဟိဒ္ဓိဆရာတော် အရှင်ဝိဇယ။
၂။ မဟိဒ္ဓိဆရာတော် အရှင်ဉာဏိဿရ။
၃။ မဟိဒ္ဓိဆရာတော် အရှင်ကေတု။
၄။ မဟိဒ္ဓိဆရာတော် အရှင်ကြီး။
၅။ မဟိဒ္ဓိဆရာတော် အရှင်ငယ်။
၆။ ဘိုးတော်ကြိုင် - သိဒ္ဓိရှင်။

၇။ ဘိုးတော်ထွန်းအောင် - သိဒ္ဓိရှင်။
၈။ ဘိုးတော်အောင်ဝင်း - သိဒ္ဓိရှင်။
၉။ ဘိုးတော်အောင်လင်း - သိဒ္ဓိရှင်။

ဤအဖွဲ့ (၉) ဖွဲ့ကို၊ နာယကဆရာတော်ကြီးကြေငြာချက်အရ ရေးခဲ့ပါသည်။ အထူးသတိထားမိသည်မှာ နောက်ဆုံးအဖွဲ့ဖြစ်သော ၉ နံပါတ်အဖွဲ့ကို နေရပ်မြို့နယ်များဟောပြောမသွားပါ၊ ဤကဲ့သို့ ပြောကြားပြီးနောက် နယ်အသီးသီးချမှတ်ပေးပြန်ပါသည်။

၁။ နံပါတ်အဖွဲ့က - ဘုရား ၉ဆူနယ်မြေကို တာဝန်ယူရမည်။

၁။ ရွှေတိဂုံ
၂။ မဟာမြတ်မုနိ
၃။ ကောင်းမှုတော်
၄။ ပုဂံရွှေစည်းခုံ
၅။ ရွှေစက်တော်
၆။ ကျိုက်ထီးရိုး
၇။ မင်္ဂလာစေတီ
၈။ ရွှေမော်ဓော
၉။ ပုထိုးကော်ကြီး

ဤဘုရား တန်ခိုးကြီးများ ကိုးမြို့နယ်တို့ကို တာဝန်ယူ၍ အခွင့်အခါသင့်သလို ညှိနှိုင်းကြပြီး အန္တရာယ်များကို တားဆီးပေးကြရမည်။

၂။ (က) ဂန့်ဂေါ်မြစည်းခုံ၊ စွယ်တော်ရှင် - မှစ၍ ချင်းတိုင်းကို တာဝန်ယူကြရမည်။
၃။ (က) ရှမ်းပြည်မြောက်ပိုင်း
၄။ (က) ရှမ်းပြည်တောင်ပိုင်း
၅။ (က) သထုံမော်လမြိုင်မြို့နယ်
၆။ (က) ဗန်းမော် - တကောင်းမြို့နယ်
၇။ (က) မိုးကုတ် - မိုးမိတ်မြို့နယ်
၈။ (က) မြေလတ်ပိုင်းဒေသများ
၉။ (က) ရေငံပိုင်မြို့နယ်များ တာဝန်ယူကြ၍ အသီးသီးတာဝန်ယူဆောင်ရွက်ကြမည်။

ထို ၉ဖွဲ့ကြီးမှာ ပါဝင်ကြသော မဟိဒ္ဓိရှင်၊သိဒ္ဓိရှင် ဆရာတော်သံဃာတော်များနှင့် ပုဂ္ဂိုလ်များတို့ အောက်ပါတရားဓမ္မများကို အဓိကထား၍ ဟောပြောပြီး ကျောင်းကန်စေတီပုထိုးများပြင်၍ သာသနာပြုကြရမည်။

(၁ - အချက်) ၅ပါးသီလကို အဓိကထားပြီး အထိန်းခိုင်းပါ၊ ၅ပါးမနိုင်လျှင် အနည်းဆုံး ၂ပါး နိုင်အောင်ထိန်းခိုင်းပါ၊ ဥပုဒ်နေ့အခါကြီးရက်ကြီးများမှာ ၈ပါး၊ ၉ပါး သီလများ သတ်သတ်လွတ်စားစေပြီး အစောင့်ခိုင်းပါ၊ ကျန်အများစု အမဲ၊ ကျွဲများ အရှောင်ခိုင်းပါ။

**(၂ - အချက်)** မေတ္တာပို့ပြီး ပုတီးစိတ်ခိုင်းပါ။ အနည်းဆုံး ဥပုသ်နေ့စဉ် အဓိဋ္ဌာန်နှင့်ရအောင် အစိတ်ခိုင်းပါ။ အခါတော်နေ့များကို ပေါ်လွင်လာအောင်လုပ်ပါ။

**(၃ - အချက်)** ၆၂ပါးသောလမိုင်းအတတ်ပညာများနှင့် လမိုင်းနတ်များကို ခိုင်းပြီး၊ သိမ်းမသွင်းပါနှင့် လမိုင်းနတ်များနှင့် မာရ်နတ်၏အသင်းအပင်းနတ်များကို မျက်ခြေမပြတ်တန်းကြည့်ပြီး ဖယ်ရှားပေး၍ လူရှင်များကို ဗုဒ္ဓလမ်းစဉ်အရ မဖျမပင်္ဒိပဒါကျအောင် ဟောပြောပါ။

ဤ ၃ချက်နှင့်အညီ ရဟန်းရှင်လူများကို ဟောပြောပါ၊ ဤကဲ့သို့ ပြုလုပ်ခြင်းဟာ ဗုဒ္ဓသာသနာတော်ပြုခြင်းမည်ပါတယ်၊ ဤကဲ့သို့ သာသနာပြုပေးကြပါမှ သာသနာ့အသိစိတ်များဝင်ပြီး သီလလုံခြုံကာ မေတ္တာထားလာကြပါလိမ့်မယ်၊ ဘေးရန်ကင်းရှင်းပါမှ တိုးတက်စီပင်လာကြပါလိမ့်မယ် - ရှေ့လာမည့် ၁၅နှစ်လောက်အတွင်းမှာ တတိယကမ္ဘာစစ်ကြီးဖြစ်ပြီး အလွန်ဆိုးသွမ်းသော ငရဲပုံးများ၊ ငရဲမီးများကဲ့သို့သော လက်နက်များနှင့် တိုက်ခိုက်ကြပါလိမ့်မယ်၊ ထိုဆန်းကျယ်သောလက်နက်များ အန္တရာယ်ကို ဘုရားရှင်ဂုဏ်တော်မှလွဲလို့ မည်သည့်အရာမှ မကာကွယ်နိုင်ပါ၊ ထိုဘုရားရှင်၏ ဂုဏ်တော်မှရရှိသော သောက်ရှုးကြယ်ရောင်ဟုဆိုအပ်သော သမာဓိ - ယင်းသမာဓိကို အခြေခံသော မေတ္တာနှင့် သစ္စာကို ရင်ဝယ်ပိုက်ထားသူတိုင်းမှာ ထိုလက်နက်ဆိုးများဘေးအန္တရာယ်မှ လွတ်ကြမည်ဖြစ်ပါသည်။ အဲဒါကြောင့် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်အပေါင်းတို့ -

**" သီလ – သမာဓိ – ပညာ – မေတ္တာ – ဂတိ – သစ္စာ – ခန္တီ "**

ဤခုနစ်ပါးတို့ကို ရင်ဝယ်ပိုက်ပြီး ဘ- ဘုရား သာသနာတော်မြတ်ကြီးကို ပြုစုအားထုတ်နိုင်ကြပါစေဆိုတာ မဟာနိဂုံးချုပ်အနေနှင့် ဟောပြောလိုက်ရပေသတည်း။

**သာဓု - သာဓု - သာဓု - အောင်စေ - အောင်စေ - အောင်စေ - ညီလာခံရှင်များ ကောင်းချီးမင်္ဂလာပြု၍ အောင်မြင်စွာ သိမ်းလိုက်ကြပေ၏။**

ဤကဲ့သို့ညီလာခံအောင်ပွဲကြီးပြီးသောအခါကျွန်ုပ်ကိုဤညီလာခံကြီးကို ခေါ်ဆောင်လာကြသော အရှင်မြတ်တို့နှင့် ဘိုးတော်တို့က ဂိုဏ်းချုပ်ဆရာတော်ကြီးများ ဂိုဏ်းချုပ်ပုဂ္ဂိုလ်ကြီးနှင့် သားတပည့်အဖြစ်ခံယူစေပြီး လိုက်ပို့ကြပါသည်။ လိုက်ပို့သည့် ပုဂ္ဂိုလ်များမေးကြည့်တော့ တပါးက အရှင်နာဂိယ၊ ပုဂ္ဂိုလ်ကြီးကဘိုးဘိုးအောင် ဖြစ်နေပါသည်။ ယခုစည်းဝေးပြီးခဲ့သောနေရာကို မေးကြည့်ပြန်တော့လည်း ဟိမဝန္တာမှာရှိသော ရန်ပြေမာန်ပြေကပ်ကျော် ဇမ္ဗူလုံးချမ်းသာဘုရားလို့ပြောပါသည်။

ဘာကြောင့်ထီးများ မရှိတာလဲလို့မေးကြည့်တော့ ရှိပါတယ်တဲ့ အချွန်ထိပ်စိမ်း၊ နီ ၊ ပြာ၊ ဝါ၊ မီးရောင်ကဲ့သို့ ဖြစ်နေတာတွေဟာ ထီး၏ရတနာ ၇ပါး အရောင်များလို့ပြောပါသည်။ သို့နှင့်မေးမြန်းရင်း လာလိုက်ကြတာ ကျွန်ုပ်ကျောင်းတိုက် အရှေ့ဘက်ဘုရားကုန်းသို့ ရောက်လာကြပါသည်၊ ကဲ ကိုယ်တော် တပည့်တော်တို့ သွားအုံးမယ်ဟုနှုတ်ဆက်ပြီး ရှင်နာဂိယနှင့် ဘိုးဘိုးအောင်တို့ ပျောက်ကွယ်သွားကြပါသည်။ အောင်မြင်မှန်ကင်းဘုရားရှေ့ ရောက်သောအခါ တောင်လေးလုံးတိုက်က တုံးကြီးခေါက်သံကြားရပါတော့သည်။ ထိုအခါ ကျွန်ုပ်လည်း ကျွန်ုပ်စေ့ထားခဲ့သော မြောက်ဘက်တံခါးပေါက်ကြီးကို ဖွင့်၍ဝင်ပြီးကိုရင်များကို ရေနွေးတည်ရန်နိုးပြီး ကျွန်ုပ်ကထူးဆန်းသော မှတ်တမ်းကြီးကို

ရေးလိုက်ပါတော့သည်။ ကိုးဖွဲ့တို့၏စာရင်းကို ဘိုးဘိုးအောင်ထံမှ ကူးယူရပါသည်။

(သတိ) မယုံသူ- ပြုတ်၊ ယုံသူလုပ်၊ ယုံလျှင်ရ-မယုံလျှင်-ပ၊ ယုံလျှင်ကြည့် မယုံလျှင်မကြည့်-ထုံးတန္တိကို ပဝေသဏီသတ်မှတ် ကဝိမြတ်တို့နည်း မှတ်စေရာ၊ အကျဉ်းဖြာသည်၊ မှန်စွာသိအောင်ရှာ ကြံဆောင်လော။

၁၃၂၈ခု နယုန်လဆုပ် ၁၁ရက် အင်္ဂါနေ့တွင်နံနက်ပိုင်း တောင်မင်းကြီးဘုရား သမ္ဗုဒ္ဓေဘုရား၊ သတ္တဌာနဘုရား၊ အောင်ခြင်းရှစ်ပါးဘုရားများဖူး၊ ပုတီးစိတ်ပြီးမုံတောတိုက် လျှောက်သွား၏။ ဦးစံတင်နှင့် တွေ့၍ ကိုယ်တော်နှင့်တွေ့ရတာ အဆင်သင့်ပဲ တပည့်တော်က မပြီးမပြတ်ဖြစ်နေတဲ့မြေကို ကိုယ်တော် လှူပါမယ်၊ ကောင်းပြီ၊ တကာကြီးလာလာ-ဆုတောင်းပြည့်သွားရအောင် ကျွန်ုပ်တို့ဆုတောင်းပြည့် ကျောင်းရောက်ကြ၏၊ ကဲတကာကြီး လှူလိုတဲ့အကြောင်း လျှောက်ထားပြီးလှူပါ-

တပည့်တော်စံတင်က ဆုတောင်းပြည့် ဘုန်းကြီးသက်သေထားပြီး၍ မုံတောတိုက်မြောက်ထိပ် ရာဟုထောင့်ကမြေကို ကျောင်းမြေဖြစ်ဖြစ် တပည့်တော်မြေဖြစ်ဖြစ် တပည့်တော်က ကျော်အောင်စံထား ဘုန်းကြီးဦးဝါယမကို လှူပါတယ်ဘုရား- ကျွန်ုပ်နှစ်ပါးကသာခုခေါ် ကြ၏။ ဤကဲ့သို့လှူပြီးနောက် နယ်သတ်မှတ်တိုင်ကို ဆုတောင်းပြည့်ဘုန်းကြီး၊ တောင်လေးလုံး ဆရာတော်ဦးဇာဂရ လေးစုသူကြီး ဦးပဥ္စင်းထွန်းရင်၊ ဒုလ္လဘမုံတောဘုန်းကြီး ဦးနာရဒနှင့် ကျွန်ုပ်တို့ ဦးစံတင်သား ကိုယ်တိုင်မြေတူးခိုင်းပြီး နယ်သတ်မှတ်တိုင်စိုက်လိုက်ကြ၏-

၁၃၂၈ခု နယုန်လဆုတ် ၁၁ရက် အင်္ဂါနေ့ဖြစ်၏။ မှားသောသူကို အမြင်မှန်ပေါ်လာစေခြင်းသည် ပုတီး၏အစွမ်းပေတည်း- ၁၃၂၈ခု ပထမဝါဆိုလဆန်း ၅ရက် ဗုဒ္ဓဟူးနေ့ နံနက် ၆နာရီ လေးစုအရပ် ဆွမ်းစားသွား၏ လေးစုနှင့်နေရှင်နယ် မြေကိစ္စတရားသဖြင့် ဖြစ်ရန်သံဃာများ ဘက်ကမြို့နယ် သံဃာ့ဆန္ဒအရ - ၁။ ပဲ့ပါးဆရာတော်ဦးပဏ္ဍာ၊ ၂။ တောင်လေးလုံး တိုက်အုပ်ဆရာတော် ဦးဇာဂရ၊ ၃။မင်္ဂလာ ဆရာ တော် ဦးသာဂရ၊ ၄။ကျော်အောင်စံထား ဆရာတော် (သံဃာ့ဆန္ဒအရ)၊ ဤလေးပါး ရွေးချယ်ခြင်းကို ကျွန်ုပ်တို့လက်ခံ လိုက်ကြ၏။

ကျွန်ုပ်တို့လေ့လာရမည့်အချက်များ - ၁။ ဝတ္တကမြေဟုတ်မဟုတ်၊ ၂။ မည်သူထံမှ မည်သူက ဝယ်၍၊ ဝတ္တကမြေအဖြစ်လှူဒါန်ခဲ့ကြောင်း၊ ၃။ မည်သည့်နှစ် မည်သည့်အချိန်ကစ၍ ဤဝတ္တကမြေကို ထိမ်းသိမ်း လာကြောင်း၊ ၄။ ဤအမျိုးသားကျောင်း မည်သည့်နှစ်ကစ၍ ပေါ်ပေါက်လာကြောင်း၊ ၅။ မည်သူတွေ ဦးဆောင်၍ မည်သူ့ထံမှဝယ်ကာ မည်ကဲ့သို့နယ်သတ်မှတ်ထားကြောင်း၊ ၆။ နှစ်ဦးနှစ်ဘက် စာချုပ်ရှိမရှိ စာချုပ်မရှိကအထောက်အထားများ ခိုင်ခိုင်လုံလုံရှိ-မရှိ။ဤခြောက်ချက်ကို ကျွန်ုပ်တို့က လေ့လာပြီး ဝတ္တကမြေဖြစ်လျှင် မည်ကဲ့သို့ဆောင်ရွက်ရန် စသည် ဖြင့်ဆွေးနွေးကြပြီး ထိုနေ့က အစည်း အဝေးပြီးလိုက်ကြပါသည်၊ အစည်းဝေးတက်ကြသော ပုဂ္ဂိုလ်များ သံဃာတော်ဘက်က ၃၂ပါး ၃၂တိုက်မှ လေးစုရွာနယ်၊ လူတရာကျော်၊ ရဲဝန်တောက်၊ ပါတီအတွင်းရေးမှူး ကျောင်းအုပ်ကြီး၊ ကျောင်းအတွင်း ရေးမှူး ကျောင်းဆရာသုံးယောက်။

၁၃၂၈ခု ပဌမဝါဆိုလဆန်း ၆ရက် ယခုဣန္ဒြိယာမကျောင်းတိုက် နေရာကိုပန်းပဲရပ် တောင်ဘက် တောင်လေးလုံးပိုင် မြေနေရာမှ ဆေးရုံဆောက်ရန်အတွက် ဗိုလ်သိန်းဟန်တို့က ရွေးရန် ဦးစံတင့်မြေကို

ဝယ်ပြီး မြေပုံနှင့်တကွလုပ်ပေးကာ ရွှေပေးကြောင်း ပန်းပဲတန်းမခွေးအိမ်လဲ ရွှေပေးရ၏။ ဘလင်းအိမ်လည်းရွှေပေးရ၏။ ကရုဏာကြေးပေး၍ရွှေပေး၏။ ပဌမဝါဆိုလဆန်း ၁၅ရက် ဝါဆိုလပြည့် စနေနေ့ မဟာသတ္တသမိဘုရားမုခ်ဦး ဆင်ဖြူတော် ပြုလုပ်ရန် ပန်းရန်ဆရာကိုဉာဏ်နှင့်စာချုပ်၍ တစ်ကောင် ၅၀ကျပ်နှုန်း ဒုတိယဝါဆိုလပြည့် အလုပ်ဝင်ရန်။

၁၃၂၈ ခု၊ ပဌမဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် ပုထိုးတော်ကြီးဘုရားနံနက်ပိုင်း ပုတီးစိတ်နေရာတွင် ဘုန်းကြီးတစ်ပါးရောက်လာပြီး ကျွန်ုပ်ဘေးတထိုင်၍ ရှိခိုးနေ၏။ ကျွန်ုပ်ပြီးမှ သူလဲ ရှိခိုးတာပြီး၏။ ကိုယ်တော် ဖိုဝါသနာပါရဲ့လား၊ ပါတယ်လို့တော့မဟုတ်ပါဘူး။ ထိုးတော့အနည်းငယ်ထိုးပါတယ်။ ဒီလိုဆိုရင်ကိုယ်တော့်ကို ဆေးဒါန်းစားလမ်းပေးရဦးမယ်။ သာသနာပြုရအောင်ကိုယ်တော်။ ကောင်းပါတယ်၊ ယူတာပေါ့ဘုရား။ ရေးကိုယ်တော်။ တပည့်တော်နည်းပြောမယ်။

*ဆေးဒါန်းစားလမ်း*

ဆေးဒါန်း ၂၅ကျပ်သားနှင့် ဆတူမြေပဲဆန်လပ်လပ်ဆတ်ဆတ် အမှုံပြုရောနယ်၊ သင့်တော်သောမြေအိုး သစ်ကလေးထဲထည့်ကပ်၊ အရိပ်ထဲသွေ့စေ၊ နေရှိန်လည်းရစေ၊ ပြီးလျှင် အစွယ်တူအိုးတစ်လုံးကို ရေ ထည့်၍ မှုက်နှာခြင်းအပ်၊ ဇော်ကောင်းကောင်းမံ၊ သန့်ပြန့်သောနေရာ ထင်းမီးအနေတော်ထည့်၍ဖုတ်၊ ရေအိုးကိုမြေမြှုပ်၊ ဆေးကပ်အိုးကမြေပေါ်ပေါ်စေ။

ပြီးလျှင်ရသော ပြဒါးကို သမ္ဘာရာရေ၊ စိန်တန်စိန်၊ ဆေးဒါန်းမြင်းသီလာကိုလည်းယူ ပြဒါးကို ၃-၄ ရက်စိမ်ပြီးသောအခါ လုံထဲ အောက်ဆုံးကထည့်၊ ၎င်းထက်မြင်းသီလာထည့်၊ ၎င်းထက် စတုပညာသခြော်ထည့်၊ ဇော်မံ၍ လေဖိုတွင် ၃-၄ရက်တင်ပြီးလျှင် မီး ၃-၄လုံးထိုးမှတ်ကြည့်၊ ငရဲမီး မစားကပြီး၏။ စားသေး ထပ်ထိုး။ အရည်လိုနေက တကျပ်ကိုတပဲဖြည့်၊ စတုပညာသ ချော်မှာချက်ပြီး အမှုံပြုပြီးသုံးပါလေ။ ဉာဏ်ရှင်ပါ။ ၁၃၂၈ ခု၊ ပထမဝါဆိုလဆုတ် ၁၅ ရက်၊ လကွယ်နေ့ ဆင်ခုံစလုပ်သည်။ မြောက်ဆင်ကြီး ပြီးသွား၏။ ၁၃၂၈ ခု၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်နေ့ ကုန်ကျစရိတ်ပေါင်း ၅၅၀ကျပ်ကုန်၏။

ဒုတိယဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့ကျင်းပသည်။ သံဃာတော် ၁၀၈ပါး၊ ဧည့် ၉၀၀ ကျော် ကြာဇံတိုက်၏။ အထူးစည်ကား၏။ နံနက် ၉နာရီမှ ညနေ ၃နာရီပြီး။ ညနေ ၅နာရီလောက် အားလုံးသိမ်းဆည်းပြီး ပရိတ်သတ်လည်း ဝင်လာမစဲဖြစ်နေ၏။ ၅နာရီ ခွဲလောက်မှာ ပရိတ်သတ် စဲသွား၍ ကျွန်ုပ်လည်း ညမအိပ်ချင်အောင် ညနေကစ၍အိပ်၏။ ည ၁၀ နာရီတိတိနိုးလာ၏။ ဦးပဥ္စင်း၊ ကိုရင်များလည်း အိပ်နေကြ၏။ ကျွန်ုပ်လည်း ဝါဆိုဖယောင်းတိုင်များ ဓမ္မစကြာအခန်း ၂တိုင်၊ တောင်ဘက်ဘုရားဆောင် ၂တိုင်၊ ရှင်ဥပဂုတ် ၁တိုင်ထွန်းညှိပြီး ဓါတ်ခန်းထဲ တွင်တစ်တိုင်ထွန်း၍ ဓမ္မစကြာဘုရားရှေ့ပုတီးစိတ်၏။ လိပ်ပြာအဖြူ ၂ကောင်လာ၏။ အမွှေးနံ့များလည်းရ၏။ ကျွန်ုပ်က ထိလိုက်၏။ တောင်ဘက်ဆောင်ကသလွန်တော်ပေါ်တင်ထားသော အောင်သိဒ္ဓိ ဘုရားရှေ့တွင် ၂၇ ပတ်စိတ်၏။ ကျောနောက်ကခြေသံများကြားလာ၏။ ၁၁နာရီထိုးလောက် ပုတီးစိတ်ပြီးသွား၏။ လမ်းလျှောက်၍ မေတ္တာပို့အမျှဝေ၏။


သာဓုခေါ် သံများကြားရ၏။ ၁၁နာရီ ၄၅မိနစ်လောက်တွင် ခါတ်ခန်းထဲပုတီးစိတ်၏။ တံခါးကလန့်ထိုး၍ ပုတီးစိတ်နေ၏။ ၂၇ပတ်အဓိဋ္ဌာန်စိတ်၏။ ၂၀ပတ်လောက်အရတွင် အလွန်ကြောက်လာ၏။ အတော်လေးမဲတင်း၍စိတ်ရ၏။ ၂၅ပတ်လောက်ရမှ အကြောက်ပြေသွား၏။ အကြောက်ပြေသွားသောအခါ နားထဲတွင် ပုတီးပတ်ပြီးအောင်မစိတ်နဲ့ စိတ်လျှင် ဘီလူးလာလိမ့်မယ်ဟု ခဏခဏ နားနားတွင်ပြောနေ၏။ ကျွန်ုပ်သည်ဆက်၍မပြီးပြီးအောင်ဇွတ်ကြိတ်စိတ်၏။ ၂၇ပတ်နောက်ဆုံးပတ်စိတ်နေသောအခါ လက် ၂ချောင်းရှေ့တည့်တည့်ကပေါ် လာ၏။ လက်များက ၆လက်မပိုက်လုံးလောက်ရှိ၏။ ကျွန်ုပ်သည်အတော်တုန်လှုပ်သွား၏။ သေသေဆိုပြီး ဇွတ်မှိတ်ပြီးစိတ်၏။ ၂၇ ပတ် စိတ်ပြီးမှာ ပုတီးလုံး ၂၀ လောက်အလို ပုတီးပြတ်သွား၏။ ပြတ်သောနေရာကဆက်ပြီး ကျန်လုံးရေ ကိုဆက်ပြီး စိတ်၏။ အားလုံးပြီးတော့မှ ပုတီးလုံးများကောက်ပြီးသိ၍ မေတ္တာပို့အမျှဝေလိုက်၏။

ထိုအခါ မဟာမြတ်မုနိဘုရားကြီးနောက်က အဝတ်ဖြူကြီးနှင့် လူပုဂ္ဂိုလ်တစ်ယောက်ထွက်လာ၏။ ထိုပုဂ္ဂိုလ်ကြီးက ဒီလိုဇွဲမျိုးမှသဘောကျတာ ကိုယ်တော်လေးရဲ့ ကိုယ်တော်လေးအနားမှာ လမိုင်းနတ်မိစ္ဆာကောင်တွေဝင်ရှုတ်နေလို့ တပည့်တော်မရောက်လာရင် ကိုယ်တော်လေးကို ဘယ်လောက်နှောက်ယှက်နေဦးမှာလဲမပြောတတ်ဘူး။ နောက်ဒီလမိုင်းနတ်မိစ္ဆာကောင်တွေ မနှောက်ယှက်နိုင်အောင် မိဋ္ဌာန်ပြုပုတီးစိတ်ကိုယ်တော်၊ **အဓိဋ္ဌာန်ပြုနည်းကား** - ဘုရားတပည့်တော် ယခုဓိဋ္ဌာန်ပြုထားသော ပုတီးပတ်အတွင်း လမိုင်းများနှင့်တကွ မည်သို့သောသူ၊ မည်သို့သောအန္တရာယ်မှ ဘုရားတန်ခိုး၊ တရားတန်ခိုး၊ သံဃာ့တန်ခိုး၊ ဗြဟ္မာနတ်ဒေဝါနှင့် အရှင်မြတ်တို့၊ ဘိုးတော်တို့တန်ခိုးကြောင့် မနှောက်ယှက်မဖျက်ဆီးနိုင်ကြပါစေသတည်း။

ထို့ပြင်ဘုရားတပည့်တော်သည် မည်သည့်အချိန်အခါမှစ၍ ယနေ့တိုင်အောင်ပြုလုပ်ခဲ့သောဒါန၊ ဆောက်တည်ခဲ့သောသီလ၊ ပွားများခဲ့သော ဗုဒ္ဓနုဿတိဘာဝနာကုသိုလ်ကံကြောင့် လမိုင်းနတ်မှစ၍ မည်သို့သောသူ မည်သို့သောအန္တရာယ်မှ မနှောက်ယှက်၊ မဖျက်ဆီးနိုင်ပါစေသတည်း ဟု ပုတီးထိုင်တိုင်း ကိုယ်တော်လေး အဓိဋ္ဌာန်ပြုပြီး ထိုင်ပါ။ ဤကဲ့သို့ပြုလုပ်လျှင် သူတို့ မနှောက်ယှက်နိုင်တော့ပါဘူးဘုရား။ တပည့်တော်တို့ကလည်း အခြေအနေအရ သာသနာရေးအတွက် ကိစ္စကြီးငယ်ရှိနေသေးတော့ နေရာတကာလိုက်ပါစောင့်ရှောက်နိုင်တာမဟုတ်ဘူး။ ဒါကြောင့် ဒီနည်းဟာ အကောင်းဆုံးပဲကိုယ်တော်။ **ကောင်းပါပြီ - ဘိုးဘိုး ။**

ဘိုးဘိုးနာမည်ကဘယ်သူပါလဲ။ ဘိုးတော်စိန်ဝင်းလို့ခေါ် ပါတယ်။ ဘုရားတပည့်တော်တို့လောက ကတော့ ဘိုးတော်စိန်လို့ခေါ် ကြပါတယ်။ ဘိုတော်စိန်ဆိုတော့မန္တလေးကပေါ့။ ဟုတ်ပါတယ်တပည့်တော်ရဲ့နာမည်အပြည့်အစုံကတော့ မောင်မောင်စိန်လို့ခေါ် ပါတယ်။ မင်းတုန်းမင်းတရားကြီးရဲ့တူအရင်းပါဘုရား၊ တပည့်တော်ရဲ့ခမည်းတော်က မြင်းကွန်း၊ မြင်းခုံတိုင်တို့ နန်းတွင်းလုပ်ကြံမှုကြီး တိုက်ပွဲတွင်ကျဆုံးသွားပါတယ်ဘုရား။ မင်းတရားကြီးက လက်ရုံးတစ်ဆူကိုးကွယ်တော်မူပါတယ်။ ဘဒွေးတော်ကနောင်မင်းသားလုပ်ကြံပြီး မြေနန်းတော်စမုတ်လှေခါးတက်လာကြတော့ တံခါးမှူးနန်းစမုဒ်လှေခါးစောင့်များနှင့်အပြင်းအထန်တိုက်ပွဲဖြစ်ကြရပါတယ်။

ဘာခမည်းတော်က စမုဒ်လှေခါးစောင့်ဗိုလ်မှူးများ ကိုအုပ်ချုပ်ရပါတယ်။ မြင်းကွန်း၊ မြင်းခုံတိုင်တို့ တပ်များဟာ စမုဒ်လှေခါးကို ထိုးဖောက်မတက်နိုင်ဘဲ အကျအဆုံးများစွာနှင့် ဆုတ်ပြေးကြပါတယ်။ အိမ်ရှေ့မင်းတပ်ကူများကလည်း ရောက်လာတော့ သူတို့တတွေ ခွေးပြေးဝက်ပြေး ပြေးထွက်သွားရတာပါဘဲ ထိုပွဲတွင် တပည့်တော်ရဲ့ခမည်းတော် ရန်သူဓါးထိပြီး ကျဆုံးသွားပါတယ်။ တပည့်တော်လဲ အဲဒီထဲကတရားရပြီး ရသေ့ဝတ်ခါမင်းကွန်း ရွှေမြင်တင် တောင်ပေါ်မှာ ပုတီးစိတ်နေတော့တာပါဘဲ။ တပည့်တော် မရှိသည့်နောက် တပည့်တော်ရဲ့တူ- ဘိုးသက်ရှည် ဆိုတာ အဲဒီတောင်ပေါ်နေတာပါဘဲ ကိုယ်တော်၊ အရှင်ဘုရား ကိုစောင့်ရှောက်ဖို့ တပည့်တော်ကို ဘိုးဘိုးအောင်က လွှတ်ထားတာဖြစ်ပါတယ်။ သာဓုပါ လိုတာရှိပါလျှင်လဲ ဆိုဆုံးမညွှန်ကြားပါ လိုက်နာကျင့်သုံးပါမယ်ဘိုးဘိုး။ မလိုပါဘူး ကိုယ်တော် ဒီအတိုင်း သာဆက်လက်အားထုတ်သွားပါ လပြည့်လကွယ်မှာဝင်စမ - ထွက် စမတို့ကို ကိုးလုံးစီချ ဂုဏ်တော်တထောင်စုတ်ပြီး သောက်ကိုယ်တော်။လပြည့်ကိုဝင်စမချ၊ လကွယ်ကို ထွက်စမချကိုယ်တော် ။ စမချမည့်စက္ကူများကို သိမ်ဝင် အနည်းဆုံး သုံးခေါက်လောက်ဝင် ပရိတ်တော်များ ရွတ် ဘုန်တော်ကြီးခြောက်ပါးဝိုင်းပြီး အလယ်ခေါင် ထိုစက္ကူထားပြီးရွတ် ခဲတန်တို့ ဟင်းသပြဒါးတို့လဲထားရွတ် အနည်းဆုံးငါးခါထက် မနည်းရွတ်ပါ ကိုယ်ပါဘုရား၊ ရေးနည်းချနည်းက ဒီလိုပါဘုရား



ဝင်စမ ထွက်စမ

အထက်၁ က ၁-နေ့ဂြိုလ်နေဖြစ်တယ် အောက်ဆုံး၂က တနင်္လာ ဂြိုလ်လ-ဖြစ်တယ်ကိုယ်တော်၊ ဝဲယာကြက်ခြေနှစ်ခုက အပေါင်းလက္ခဏာများဖြစ်ကြတယ်၊ ဆိုလိုရင်းကတော့ နေလဓါတ်ရမှ ပေါက်မြောက်ကြောင်း အဓိပ္ပါယ်ပေါ့ ကိုယ်တော်ဘုရား၊ သို့ပေမဲ့ ကိုယ်တော်သူ့အဆင့်ရောက်မှ သူ့ကို သောက်ခြင်းအားဖြင့် ဖြစ်ပါတယ်၊ စ- ခ- ဗ- ဝ ဝင်စမ၊ ထွက်စမတို့လည်း ဤအတိုင်း မှတ်ယူရပါတယ်ဘုရား။ ဝင်စမရှင်၊ ထွက်စမရှင်ဆိုတာရှိပါသေးတယ် နောက်အဆင့်ကြမှဘဲ တပည့်တော်ပေးပါမယ်ဘုရား-

ကောင်းပါပြီဘိုးဘိုး အထူးကျေးဇူးတင်လို့မဆုံးနိုင်ပါဘူးဘိုးဘိုး။ ဤကဲ့သို့ဘိုးဘိုးစိန်သည်ပြောဆိုပြီး ပျောက်ကွယ်သွားပါတော့သည်။ အချိန်ကိုကြည့်လိုက်သောအခါ ၂ ချက်ထိုးနေလေပြီ။ ကျွန်ုပ်လည်း ဆက်လက်၍ ၂၇ ပတ်စိတ်ပြန်၏ ဘိုးတော်စိန်ဝင်းပြောသည့်အတိုင်း အဓိဋ္ဌာန်ပြုစိတ်၏ ပုတီး ၂၇ ပတ်စိတ်ပြီးသွားသောအခါ အေးမြကြည်လင်သော ခံစားမှုသည် ဟဒယဝတ္ထုရုပ် နှစ်လုံးအိမ်၌ ခံစားရ၏။ ထိုခံစားမှုကိုပြီးဆုံးသည့်တိုင်အောင် ဆက်ပြီးခံစားနေ၏ တုံးကြီးခေါက်သံကြားရတော့မှ ခံစားမှုသည်ပျောက်၍ ဟာလာဟင်းလင်းကြီးဖြစ်ပြီး တကိုယ်လုံးမှာပေါ့ပါး၍ ဗလာနယ်ကဲ့သို့ဖြစ်နေ၏ ကြမ်းပေါ်မှာခင်းထားသောဖျာနှင့် ကျွန်ုပ်ကိုယ်ထိတွေ့ခြင်းမှလွတ်၍ ဟင်းလင်းပြင်ကြီးကဲ့သို့ ဖြစ်နေ၏။ အလွန်ထူးသောခံစားချက်ဖြစ်၏။ နံနက်ငါးနာရီထိုးမှ ထိုခံစားရမှုသည် ပျောက်ကင်းသွား၏။ ကျွန်ုပ်လည်း ထိုခါကြမှ ဆုတောင်းမေတ္တာပို့ အမျှဝေပြီး ဤမှတ်တမ်းကိုရေးလိုက်၏။

၁၃၂၈ခု ဒုတိယဝါဆိုလပြည့်ကျော် ၂ရက်နေ့၌ ဝါဆိုလပွဲပြုလုပ်၍ ဝါဆိုသံဃာ ၁၃ပါး ဝါဆိုကြ၏ နယ်သူနယ်သားများနှင့် ညေ့်ပရိသတ်မြိုင်မြိုင်ဆိုင်ဆိုင် ကျွေးကြမွေးကြနှင့် အလွန်သာစု ခေါ်စရာ ကောင်း၏ ကျွန်ုပ်ညနေဝါဆိုချိန် ညနေ ၇နာရီကြေးစည်ရိုက်ပြီး သံဃာများပင့်လိုက်၏။ ကြွလာကြ၏။ အဖျော်ယမကာများဆက်ကပ်ကြ၏ ပြီးလျှင်ဝါဆိုကြ၏ ပရိတ်တော်ငါးသုတ်ရွတ် မေတ္တာပို့ အမျှဝေကြ၏ ပြီးလျှင်ကြွရောက်လာကြသော ညေ့်ပရိသတ်တို့အား ကျွန်ုပ်က သီလပေးတရားဟော၏။ ည ၈နာရီခွဲ လောက်မှ ပြီးစီးအောင်မြင်သွား၏။ ဒုတိယဝါဆိုလဆုတ် ၅ရက် တောင်ဘက်ဆင် အုတ်မြစ်တွင်းတူး ပန္နက်ချ၏။ ဒုတိယဝါဆို ၆ရက်နေ့တွင်လည်း ကျောင်းတိုက်မြောက်မုဒ်ဦး ပန္နက်ချ အုဋ်မြစ်တွင်းတူး ထိုနေ့ကစပြီးမုဒ် ဦးလုပ်၏။

ဒု-ဝါဆိုလဆုပ်၈ရက်နေ့ဘော်လုံးကွင်းဖွင့်ပွဲအနေဖြင့်ဓါတ်ရှင်ပြ ဒုဝါဆိုလပြည့်ကျော် ၁ရက်နေ့ က ထောင့်လေးထောင့်က ကမ္မဝါဖတ်၍ အန္တရာယ်ကင်းပြုလုပ်ကြ၏။ သံဃာ၁၀ပါး ဆွမ်းကျွေး၏ ကျွန်ုပ်လည်းပါ၍ ဤမှတ်တမ်းရေးလိုက်၏။ ဒုတိယဝါဆိုလကွယ်နေ့ သံဃာ၃ပုဒ်ပြုကြ၏။ ၁၃၂၈ခု ဝါခေါင်လဆန်း ၁ရက်နေ့ တောင်ဘက်ဆင်ကြီးပြီး၏။ ဝါခေါင်လဆန်း ၇ရက် အင်္ဂါနေ့ညတွင် ဆင်ဖွင့်ပွဲ ဘိသိတ်သွန်းပွဲပြုလုပ်သည် လူစည်၏။ ဝါခေါင်လဆန်း ၁၁ ရက်နေ့စ၍ ရေတိုးကြမ်းလာ၏။ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့နှင့် သင်္ဂါယနာအခါတော်နေ့ ကျင်းပ၏။ သံဃာ ၉၀၊ လူ၃၀၀ကျော် မုန့်တီကျွေး၏။ နံနက် ၁၀နာရီမှ ညနေ ၃ နာရီခွဲမှပြီး၏။

ဝါခေါင်လဆုပ် ၄ ရက်နေ့ထိတိုး၏ ပဋ္ဌာမာဝန်ရတျောင်းလှေခါးရောက်၏ ၅ ရက်နေ့ရေရပ်၏ ၄င်းနေ့မဟာသကျာသာမိဘုရားနောက်တော်က တံကဲကိုစလုပ်၏။ ဝါခေါင်လဆန်း ၇ ရက်နေ့ကစ၍ ရေရော့၏။ ၁၃၂၈ခု တော်တလင်လဆန်း ၇ရက် ဗုဒ္ဓဟူးနေ့ မဟာသကျာသာမိဘုရား တံကဲတော် ပြီးစီး အောင်မြင်သွား၏။ တော်သလင်းလဆန်း ၁၀ရက် စနေနေ့ မဟာသကျာသာမိဘုရား ပလ္လင်မှန်စစီ၏။ ကျောင်းတိုက်မုဒ်ကြီးတော်သလင်းလဆုပ်၁၃ရက်နေ့ပြီး၏။ ဘုရားတံကဲက တော်သလင်း လကွယ် နေ့ပြီး၏။

၁၃၂၈ခု အဘိဓမ္မာအခါတော်နေ့ သီတင်းကျွတ်လပြည့်နေ့တွင်ကျင်းပ၏ သံဃာ၁၀၈ပါး လူ၅၀၀ကျော် မုန့်ဟင်းခါးကျွေး၏ ပဋ္ဌာန်းကိုးနာရီရွတ်၏ နံနက်ကိုးနာရီမှညနေ၃နှစ်နာရီ ပြီးစီးအောင်မြင် သွား၏ သံဃာများ တဆိုင်းလျှင်ကိုးပါးတွဲပြီး ဆယ့်ဆိုင်းရွတ်၍။

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

**ဤသည်လျှင် ပုဂ္ဂိုလ်ကြီးစိပ်ကိုယ်တွေ့ မှတ်တမ်း**

**အတွဲ (၁) ပြီးပါပြီ။**

“နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ”

## ကျမ်းပလ္လင်

ဤလက်တွေ့မှတ်တမ်း ကျမ်းမြတ်ကြီးရေးရာ၌ စကားချောအောင်၊ အဆက်အစပ်မိအောင်၊ ဖတ်လို့ကောင်းအောင်၊ ဖတ်ချင်လာအောင်ရည်ရွယ်ပြီး၊ ဝေဝေဆာဆာဖြင့် ရေးသည်မဟုတ်ပေ။ ဖြစ်ရပ်မှန် လက်တွေ့သဘောတရားများကိုသာ ရေးသွားမည်ဖြစ်၏။ အပိုမပါစေရ။ ပိုသည်ဟုထင်ကြလျှင် တကယ့်ကိုယ်တွေ့ တရားသဘောက ပိုခြင်းသာ၊ လိုသည်ဟုထင်လျှင် တကယ့်ကိုယ်တွေ့ခံစားချက်ကသာ လိုသည်ဟု ယူဆဖို့ရာရှိပေမည်။ လူပြောသူပြောမဟုတ်ဘဲ ကိုယ်တွေ့သဘောတရားများသာ ရေးသွားမည်ဖြစ်၍ ကွက်တိချည်းသာဖြစ်ပေမည်။ ထို့ကြောင့် မန္တာန်ဝိဇ္ဇာ၊ ထွက်ရပ်လမ်းလိုက်စားကြသော သူတော်စင်အပေါင်းတို့အား အထောက်အကူရကြစေရန် သေသေချာချာ ဖတ်ရှုမှတ်သားကြ၍ ငါ၏အတွေ့အကြုံဖြစ်သော ဤသိဒ္ဓိ၊ မဟိဒ္ဓိ၊ မန္တာန်ဝိဇ္ဇာထွက်လမ်း လက်တွေ့ကျမ်းမြတ်ကြီးကိုမှတ်စုဒိုင်ယာရီများထဲမှ သိဒ္ဓိ၊ မဟိဒ္ဓိလမ်းနှင့်သက်ဆိုင်သော အချက်အလက်များကိုသာ ထုတ်နုတ်၍ ရေးသားပေအံ့သတည်း။

## “ဆုတောင်းပတ္ထနာ”

ဤသို့ပြုရသော ကုသိုလ်ကောင်းမှု အဘို့ဘာဂတို့ကြောင့် ပြောသမျှဟုတ်၊ လုပ်သမျှမှန်ကန်ကြသမျှ အောင်မြင်ပြီး သိဒ္ဓိရှင်တစ်ယောက် ဖြစ်သည်ထက်ဖြစ်မြောက်၍ ဘုရားသခင်၏သာသနာတော်မြတ်ကြီးကို အလိုရှိတိုင်း ပြုစုနိုင်သည့်ကိုယ်၊ ပေးကမ်းနိုင်သည့်ကိုယ်၊ လှူဒါန်းနိုင်သည့်ကိုယ် ဖြစ်ရ၍ နိဗ္ဗာန်မဂ်ဖိုလ်ကို ရရပါလို၏။ နိဗ္ဗာန်မရမီ သံသရာဘဝသို့ ကျင်လည်ရသည်ရှိသော် ဤကောင်းမှုကံစေတနာတို့ကြောင့် မိဆိုး၊ ဘဆိုး၊ သားဆိုး၊ သမီးဆိုး၊ လင်ဆိုး၊ မယားဆိုး၊ ဆွေဆိုး၊ မျိုးဆိုး၊ ရေ-မီး-မင်း-ခိုးသူ-မချစ်မနှစ်သက်သောသူ စသော အဆိုးမျိုးအပေါင်းတို့မှ ကင်းလွတ်ရပါလို၏။ ဘုရားတပည့်တော်၏ ဒါန၊ သီလ၊ ဘာဝနာစသော ကုသိုလ်ကံစေတနာတို့ကြောင့် မည်သို့သော သတ္တဝါတို့မှ၊ မည်သူတစ်ဦးတစ်ယောက်ကမျှ တုနိုင်၊ ယှဉ်နိုင်၊ ပြိုင်နိုင်၊ နှောက်ယှက်ဖျက်ဆီးနိုင်သည့် ကိုယ် မဖြစ်ရပါလို၏ အရှင်ဘုရား။ ပု-ဒိ-အာ နှင့်လည်း ပြည့်စုံရပါလို၏။

ကျော်အောင်စံထား၏မေတ္တာစေတနာ

ဤသိဒ္ဓိ၊ မဟိဒ္ဓိ၊ မန္တာန်ဝိဇ္ဇာထွက်လမ်း လက်တွေ့ကျမ်းမြတ်ကြီးကို-

ဒေါ်ရီရီသိန်း - ရွှေဆင်မင်းမိသားစု

ဒေါ်ခင်ညွန့်ဝေ - ပဒေသာမိသားစု

မချောငယ် - ရွှေငွေမိသားစု တို့ကဓမ္မဒါနပြုကြပါသည်။

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်နေ့

2004 - May - 3rd

# ညှို့သောတရားကြီး၌ ဥပ္ပါဒိသဋ္ဌဝါဒေသည်

လူခြင်းတူသော်လည်း ဉာဏ်ခြင်းမတူ - ဉာဏ်ခြင်းတူသော်လည်း ပါရမီခြင်းမတူ

ပါရမီခြင်းတူသော်လည်း ဝီရိယခြင်းမတူ - ဝီရိယခြင်းတူသော်လည်း သတိခြင်းမတူ

သတိခြင်းတူသော်လည်း သမာဓိခြင်းမတူ - သမာဓိခြင်းတူသော်လည်း ပဋ္ဌာန်းဆက်ခြင်းမတူ

ပဋ္ဌာန်းဆက်ခြင်းတူသော်လည်း ဆုတောင်းခြင်းမတူ - ဆုတောင်းခြင်းတူသော်လည်း အကျိုးပေးဘုန်းကံခြင်းမတူ

ထို့ကြောင့် အကျိုးပေးဘုန်းကံ ကြီးမြင့်လာစေရန် ဆုတ်မနစ်သော ပေးလှူမှု သဒ္ဓါ

မကျိုးမပေါက်သော စောင့်ထိန်းမှုသီလ ရှိရာ၏။

သီလရှိလျှင် သမာဓိကိုနိုင်၏။ သမာဓိကိုနိုင်လျှင် စိတ်ကိုပိုင်၏။ စိတ်ကိုပိုင်လျှင် နတ်ကိုနိုင်၏။

နတ်ကိုနိုင်လျှင် မိတ်ကိုပိုင်၏။ မိတ်ကိုပိုင်မှ မနောပေါက်၏။ မနောပေါက်မှ ပညာရောက်၏။

ပညာရောက်မှ ဝိဇ္ဇာဖြစ်သည်။

ဝိဇ္ဇာဖြစ်ရန် သိဒ္ဓိ-ကာမစိဒ္ဓိ ပြည့်စုံရန်လို၏။ ယင်းနှစ်ပါးပြည့်စုံရန် ဣဒ္ဓိပါဒ်လေးပါး နေ့စဉ်ပွားပါ။

**မကောင်းမှုရှောင် ကောင်းမှုဆောင် စင်အောင်စိတ်ကိုထား**

**ဗုဒ္ဓတိုင်းသာ မိန့်ခဲ့တာ သုံးကြိမ်ကျော်စကား**

**ခန္တီမူလ၊ မာနကိုချ၊ ဒေါသကိုယ်ပယ်၊ မေတ္တာလွှယ်**

ကြီးပွားခြင်း၏ သဘောတရားသည် သည်းခံခြင်းရှိပြီး ဖွဲမလျှော့တဲ့

အချိန်မှန်မှန်ပြုလုပ်နေမှုရှိခြင်းသာလျှင် ပဓာန၊

အလှူတို့၏ သဘောသည် မွန်မြတ်သော စေတနာသာလျှင် ပဓာန၊

## ဉာဏ်သေဆာကြီးနှင့် ငွေချိုက်သဗ္ဗဓါတုသည်

လှူခြင်းတူသော်လည်း ဥာဏ်ခြင်းမတူ - ဥာဏ်ခြင်းတူသော်လည်း ဝါရမီခြင်းမတူ

ဝါရမီခြင်းတူသော်လည်း ဝီရိယခြင်း[illegible]ခြင်းတူသော်လည်း သတိခြင်းမတူ

သတိခြင်းတူသော်လည်း သမာဓိခြင်းမတူ - သမာဓိခြင်းတူသော်လည်း ပဋ္ဌာန်းဆက်ခြင်းမတူ

ပဋ္ဌာန်းဆက်ခြင်းတူသော်လည်း ဆုတောင်းခြင်းမတူ - ဆုတောင်းခြင်းတူသော်လည်း အကျိုးပေးဘုန်းကံခြင်းမတူ

ထို့ကြောင့် အကျိုးပေးဘုန်းကံ ကြီးမြင့်လာစေရန် မဆုတ်မနစ်သော ပေးလှူမှု သဒ္ဓါ၊

မကျိုးမပေါက်သော စောင့်ထိန်းမှုသီလ ရှိရာ၏။

သီလရှိလျှင် သမာဓိကိုနိုင်၏။ သမာဓိကိုနိုင်လျှင် စိတ်ကိုပိုင်၏။ စိတ်ကိုပိုင်လျှင် နတ်ကိုနိုင်၏။

နတ်ကိုနိုင်လျှင် ဓါတ်ကိုပိုင်၏။ ဓါတ်ကိုပိုင်မှ မနောပေါက်၏။ မနောပေါက်မှ ပညာရောက်၏။

ပညာရောက်မှ ဝိဇ္ဇာဖြစ်သည်။

ဝိဇ္ဇာဖြစ်ရန် သိဒ္ဓိ-ကမ္မဋ္ဌိ ပြည့်စုံရန်လို၏။ ယင်းနှစ်ပါးပြည့်စုံရန် ဣဒ္ဓိပါဒ်လေးပါး နေ့စဉ်ပွားပါ။

စီစဉ်သူ

ခင်ညွန့်ဝေ + ငွေးငွေးကြူ

2004. May 3 ၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်နေ့